
www.burmeseclassic.com



# My Memoirs

O.G U Soe Myint .

# အိုဂျီဦးစိုးမြင့်၏ ဘဝမှတ်တမ်း

ဒေါက်တာ ကျော်မြင့်
( ဓာတ်မှန် )

ဆရာကြီးကိုယ်တိုင်ရေး
My Memoirs အား
မြန်မာဘာသာသို့
ပြန်ဆိုရေးသားသည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်ပုံနှိပ်ခြင်း ၂၀၀၇ ခုနှစ် စက်တင်ဘာလ

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၇၆၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၄၀၀၁၃၉၀၂၀၇

မျက်နှာဖုံးဒီဇိုင်း
ဇော်မောင်

မျက်နှာဖုံးပုံနှိပ်
ကာလာဖုံ

ဖလင်
ဦးထွန်းဆိုင်

အတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်
အမှတ်၁၅၂ ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏ။ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃) မဂ်လာဒုံ၊ ရန်ကုန်မြို့။

အုပ်ရေ
၅၀၀

တန်ဖိုး
၂၈၀၀

# မာတိကာ

ပါမောက္ခဒေါ်မြင့်မြင့်ခင်၏အမှာ ၃
သားဖွားမီးယပ်ပညာပါမောက္ခဒေါက်တာဦးစိုးအောင်၏အမှာ ၆
ထုတ်ဝေသူ ကျွန်ုပ်၏ကျေးဇူးတင်လွှာ ၁၀
ဤစာအုပ်ဖြစ်ပေါ်လာပုံ ၁၂

ဥယျာဉ်လည် ၁၅
အခန်း(၁) ကိုလိုနီခေတ် ၁၇
ကျွန်ုပ်၏မွေးရာဇာတိ ၁၈
အခန်း(၂) ကျွန်ုပ်တို့နေအိမ် ၂၇
မိသားစုဝင်များ ၂၉
အခန်း(၃) ကျွန်ုပ်၏ဖခင် ၃၈
ကျွန်ုပ်၏မိခင် ၅၂
အခန်း(၄) စိုးမြင့် (ခ) စံမြင့် (ခ)စံ ၆၅
ကျောင်းနေခြင်း ၆၉
စစ်တွင်းကာလ ၈၃
ယောင်ခြောက်ဆယ်ဘဝ ၈၉
အခန်း(၅) စီးပွားရေးလောကထဲ ဝင်ရောက်ခဲ့ဖူးခြင်း ၉၆
မြေအောက်လှုပ်ရှားမှုနှင့် ဂျပန်တော်လှန်ရေး ၁၀၁
ကံကြမ္မာအလှည့်အပြောင်း ၁၁၅
အခန်း(၆) တက္ကသိုလ်ပညာရေး ၁၂၁
ဆေးကျောင်းတက်သောနှစ်ကာလများ ၁၃၃
အခန်း(၇) ဆရာဝန်ဖြစ်ပြီ၊ ရည်မှန်းချက်ပေါက်မြောက်ပြီ ၁၄၉
RDH တွင် အလုပ်သင်ဆရာဝန်ဘဝ ၁၅၀
အခန်း(၈) အစိုးရအမှုထမ်းအဖြစ် စတင်ခန့်အပ်ခံရခြင်း ၁၆၀
ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့သို့ ပြောင်းရွှေ့ရခြင်း ၁၆၄

www.burmeseclassic.com

www.burmeseclassic.com


အခန်း (၉) ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံကိန်း ၁၆၉
ဖူးစာဖက်နှင့် တွေ့ဆုံခြင်း ၁၇၇
ဒေသအတွင်းလှည့်လည်စစ်ဆေးခြင်း ၁၈၂
အခန်း(၁၀) ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ကျခြင်း ၁၉၄
အခန်း(၁၁) ပညာတော်သင်ခေါ်ခြင်း ၂၀၈
စေ့စပ်ပွဲ၊ လက်ထပ်ပွဲ၊ ကြင်စဦးဘဝ ၂၁၁
RDH တွင် လက်တွေ့သင်တန်းဆင်းခြင်း ၂၁၈
အခန်း(၁၂) UK ပညာတော်သင်ဘဝ ၂၂၉
အခန်း(၁၃) MRCOGအောင်ပြီး မြန်မာနိုင်ငံတွင်
ပြန်လည်အမှုထမ်းခြင်း ၂၅၄
အခန်း(၁၄) မန္တလေးသို့ ရာထူးတိုးမြင့်ပြောင်းရွှေ့ရခြင်း ၂၆၄
အခန်း(၁၅) သင်ကြားရေးနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များ ၂၇၇
အခန်း(၁၆) နိုင်ငံရပ်ခြား ဆေးပညာသင်ကြားမှုလေ့လာရေးခရီးစဉ် ၂၈၉
ကျူမာကလင်းနစ် ၂၉၃
မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ Biswas ၂၉၅
ရန်ကုန်သို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခြင်း ၂၉၈
အခန်း(၁၇)ဖြောက်ဥက္ကလာပဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၂)တွင်
တာဝန်ထမ်းဆောင်ခြင်း ၃၀၀
နိဂုံး ၃၂၃
နောက်ဆက်တွဲ ၃၂၄
ထိတ်လန့်ကြောက်မက်ဖွယ်အရေးပေါ် (သို့)
ကျွန်ုပ်လှူခဲ့သော ဇီဝိတဒါန ၃၂၅
ခန္ဓာကိုယ်တွင်း ချဉ်းနင်းဝင်ရောက်သော ပြင်ပပစ္စည်းများ ၃၃၁


ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်၏အမှာစာ

## ဆရာကြီးဦးစိုးမြင့်

ကျွန်မ ဆရာကြီးဦးစိုးမြင့်ကို ဆရာမန္တလေးဆေးကျောင်းကို ပါမောက္
သားဖွားမီးယပ်ဌာနမှူးအဖြစ် ၁၉၆၄ခုနှစ် စရောက်လာတော့ အကျွမ်းတဝင်
သိခဲ့တာပါ။ ကျွန်မက မန္တလေးကို ရောက်နှင့်နေပြီ၊ ကိုစိုးမြင့်ကို ဆေးကျောင်
သားဘဝတုန်းကလည်း မှတ်မိပါတယ်။ အဲဒီခေတ်ဆေးကျောင်းက ကျောင်းသာ
သိပ်မှမရှိတာ၊ ကျောင်းသားအားလုံးကို ကျောင်းသားအားလုံးက သိနေကြတာ
ကိုစိုးမြင့်တို့ ကျောင်းဝင်တဲ့နှစ်က စစ်ပြီး ရန်ကုန်ဆေးကျောင်းမှာ ကျောင်းသာ
အများဆုံးဝင်လာတဲ့နှစ်၊ ကျောင်းသားတစ်ရာကျော်ရှိတယ်။ အထက်တန်းတွေ
မှာ (၁၅-၂၅)လောက်ရှိတာ။ ဒီအုပ်စုမှလည်း လူတော်တွေ အများကြီးထွက်ခဲ့
ပါတယ်။ နောင်ခေတ်ဆေးလောကမှာ ဦးဆောင်ဦးရွက် လုပ်ကြတဲ့လူတွေပါ
ကိုစိုးမြင့်ကိုတော့ စာတော်တယ် ဘောလုံးကစားတယ်လို့ သိထားလိုက်တယ်

ကိုစိုးမြင့်က ကျွန်မထက် အသက် နှစ်အနည်းငယ် ငယ်ပေမည့်
ကျွန်မတို့ဟာ ခေတ်ပြိုင်ထဲက လူတွေပါ။ ကျွန်မတို့မျိုးဆက်ဟာ သာမန်လို့မဆ
သာပဲ တမူထူးခြား သီးသန့်ဖြစ်တဲ့ နှိုင်းယှဉ်စရာရှားတဲ့ မျိုးဆက်လို့ ဆိုနိုင်မယ
ထင်ပါတယ်။ ကျွန်မတို့ ဖြတ်သန်းလာရတဲ့ ခေတ်အဆက်ဆက်ကိုက ထူးခြာ
ကွဲပြားတဲ့ မြန်မာပြည်ရဲ့ ခေတ်သစ်သမိုင်းမှာ မကြုံဖူးခဲ့တဲ့ ရှားတဲ့ ခေတ်တွေ
ဖြစ်နေတာပဲ။

ကိုလိုနီခေတ်ကို အသက်(၁၆)နှစ်အရွယ်လောက်အထိ နေခဲ့ရတယ်
အဲဒီအရွယ်က လူမှန်းတကယ်စသိတဲ့အချိန်၊ ဘဝရှေ့ရေးအတွက် မျှော်မှန်းချက်
တွေ စတင်ထားစပြုတဲ့ကာလ၊ ပတ်ဝန်းကျင်ကို မျက်စိဖွင့် နားစွင့်ပြီး ကြ
ကျယ်ပြန့်ပြန့် ရှုတတ်မြင်တတ်စပြုပြီ။ အဲဒီအထိတော့ တည်ငြိမ်တဲ့ကာလလ
ကိုယ့်စိတ်ထဲထင်ခဲ့မိတယ်။ ရှေ့ရေးဆိုတာ ကိုယ်စီစဉ်သလို ဖြစ်လာက်မယ
ပေါ့။ ကမ္ဘာကြီးမှာ စစ်ငွေ့တွေသန်းနေပြီဖြစ်ပေမည့် ကိုယ့်ဆီတော့ မရောက
လောက်ပေဘူးလို့ ခပ်အေးအေး ခပ်ဝေးဝေးပဲ သဘောထားခဲ့တယ်။ သိကြတ

www.burmeseclassic.com

www.burmeseclassic.com


အခန်း (၉) ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံကိန်း ၁၆၉
ဖူးစာဖက်နှင့် တွေ့ဆုံခြင်း ၁၇၇
ဒေသအတွင်းလှည့်လည်စစ်ဆေးခြင်း ၁၈၂
အခန်း(၁၀) ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ကျခြင်း ၁၉၄
အခန်း(၁၁) ပညာတော်သင်ခေါ်ခြင်း ၂၀၈
စေ့စပ်ပွဲ၊ လက်ထပ်ပွဲ၊ ကြင်စဦးဘဝ ၂၁၁
RDH တွင် လက်တွေ့သင်တန်းဆင်းခြင်း ၂၁၈
အခန်း(၁၂) UK ပညာတော်သင်ဘဝ ၂၂၉
အခန်း(၁၃) MRCOGဘွဲ့ရပြီး မြန်မာနိုင်ငံတွင်
ပြန်လည်အမှုထမ်းခြင်း ၂၃၄
အခန်း(၁၄) မန္တလေးသို့ ရာထူးတိုးမြင့်ပြောင်းရွှေ့ရခြင်း ၂၆၄
အခန်း(၁၅) သင်ကြားရေးနှင့်စပ်လျဉ်းသော ဆောင်ရွက်ချက်များ ၂၇၇
အခန်း(၁၆) နိုင်ငံရပ်ခြား ဆေးပညာသင်ကြားမှုလေ့လာရေးခရီးစဉ် ၂၈၉
ကျူမာကလင်းနစ် ၂၉၃
မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ Biswas ၂၉၅
ရန်ကုန်သို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခြင်း ၂၉၈
အခန်း(၁၇)မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၂)တွင်
တာဝန်ထမ်းဆောင်ခြင်း ၃၀၀
နိဂုံး ၃၂၃
နောက်ဆက်တွဲ ၃၂၄
ထိတ်လန့်ကြောက်မက်ဖွယ်အရေးပေါ် (သို့ )
ကျွန်ုပ်လှူခဲ့သော ဇီဝိတဒါန ၃၂၅
ခန္ဓာကိုယ်တွင်း ချဉ်းနင်းဝင်ရောက်သော ပြင်ပပစ္စည်းများ ၃၃၁


ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်၏အမှာစာ

ဆရာကြီးဦးစိုးမြင့်

ကျွန်မ ဆရာကြီးဦးစိုးမြင့်ကို ဆရာမန္တလေးဆေးကျောင်းကို ပါမောက္ခ သားဖွားမီးယပ်ဌာနမှူးအဖြစ် ၁၉၆၄ခုနှစ် စရောက်လာတော့ အကျွမ်းတဝင် သိခဲ့တာပါ။ ကျွန်မက မန္တလေးကို ရောက်နှင့်နေပြီ၊ ကိုစိုးမြင့်ကို ဆေးကျောင်း သားဘဝတုန်းကလည်း မှတ်မိပါတယ်။ အဲဒီခေတ်ဆေးကျောင်းက ကျောင်းသား သိပ်မှမရှိတာ။ ကျောင်းသားအားလုံးကို ကျောင်းသားအားလုံးက သိနေကြတာ။ ကိုစိုးမြင့်တို့ ကျောင်းဝင်တဲ့နှစ်က စစ်ပြီး ရန်ကုန်ဆေးကျောင်းမှာ ကျောင်းသား အများဆုံးဝင်လာတဲ့နှစ်၊ ကျောင်းသားတစ်ရာကျော်ရှိတယ်။ အထက်တန်းတွေ မှာ (၁၅-၂၅)လောက်ရှိတာ။ ဒီအုပ်စုမှလည်း လူတော်တွေ အများကြီးထွက်ခဲ့ ပါတယ်။ နောင်ခေတ်ဆေးလောကမှာ ဦးဆောင်ဦးရွက် လုပ်ကြတဲ့လူတွေပါ။ ကိုစိုးမြင့်ကိုတော့ စာတော်တယ် ဘောလုံးကစားတယ်လို့ သိထားလိုက်တယ်။

ကိုစိုးမြင့်က ကျွန်မထက် အသက် နှစ်အနည်းငယ် ငယ်ပေမည့် ကျွန်မတို့ဟာ ခေတ်ပြိုင်ထဲက လူတွေပါ။ ကျွန်မတို့မျိုးဆက်ဟာ သာမန်လို့မဆို သာပဲ တမူထူးခြား သီးသန့်ဖြစ်တဲ့ နှိုင်းယှဉ်စရာရှားတဲ့ မျိုးဆက်လို့ ဆိုနိုင်မယ် ထင်ပါတယ်။ ကျွန်မတို့ ဖြတ်သန်းလာရတဲ့ ခေတ်အဆက်ဆက်ကိုက ထူးခြား ကွဲပြားတဲ့ မြန်မာပြည်ရဲ့ ခေတ်သစ်သမိုင်းမှာ မကြုံဖူးခဲ့တဲ့ ရှားတဲ့ ခေတ်တွေ ဖြစ်နေတာပဲ။

ကိုလိုနီခေတ်ကို အသက်(၁၆)နှစ်အရွယ်လောက်အထိ နေခဲ့ရတယ်။ အဲဒီအရွယ်က လူမှန်းတကယ်စသိတဲ့အချိန်၊ ဘဝရှေ့ရေးအတွက် မျှော်မှန်းချက် တွေ စတင်ထားစပြုတဲ့ကာလ၊ ပတ်ဝန်းကျင်ကို မျက်စိဖွင့် နားစွင့်ပြီး ကျယ် ကျယ်ပြန့်ပြန့် ရှုတတ်မြင်တတ်စပြုပြီ။ အဲဒီအထိတော့ တည်ငြိမ်တဲ့ကာလလို့ ကိုယ့်စိတ်ထဲထင်ခဲ့မိတယ်။ ရှေ့ရေးဆိုတာ ကိုယ်စီစဉ်သလို ဖြစ်လောက်မယ် ပေါ့။ ကမ္ဘာကြီးမှာ စစ်ငွေ့တွေသန်းနေပြီဖြစ်ပေမည့် ကိုယ့်ဆီတော့ မရောက် လောက်ပေဘူးလို့ ခပ်အေးအေး ခပ်ဝေးဝေးပဲ သဘောထားခဲ့တယ်။ သိကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တကယ်တော့ ဒီဖြစ်ရပ်ဟာ ကမ္ဘာသမိုင်းမှာ အကြီးမားဆုံး အကျယ်ပြန့်ဆုံးနဲ့ ကြောက်မက်ဖွယ်အကောင်းဆုံး အဖြစ်ကြီးပါ။ သူ့ရဲ့ရိုက်ချက်နဲ့ ထိပါးမှုဟာ နောင်ဆက်လာမည့် သမိုင်းကို ဘယ်လိုသူမှတူအောင် မထင်မှတ်တဲ့ နည်းတွေနဲ့ ပြောင်းလဲစေခဲ့မယ်ဆိုတာ မရိပ်စားမိခဲ့ကြပါ။ ဒါကတော့ သမိုင်းတွင်တဲ့ တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းလှတဲ့ ဒုတိယကမ္ဘာစစ်ကြီး။

စစ်ကြီးပြီးသွားပြန်တော့ ပြာပုံထဲက သက်ရှင်ထကြွပျံတက်သွားတဲ့ Phoenixငှက်လို ဖြစ်လာခဲ့ကြတယ်။ တိုင်းပြည်လွတ်လပ်ရေးရတော့ တိုင်းပြည်ကို ပြန်လည်ပြုစု ပျိုးထောင်ရာမှာ ဆေးကျောင်းတွေထောင်၊ ဆရာဝန်တွေမွေးပေးရတဲ့အလုပ်ထဲ ကျွန်မတို့ ရောက်သွားခဲ့တယ်။ ကိုစိုးမြင့်ဟာ ကျွန်မရဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကောင်းအဖြစ် နှစ်(၂၀)နီးနီး မန္တလေးမှာ ရှိနေခဲ့ပါတယ်။ ကျွန်မတို့ဟာ သဘောထားခံယူချက်၊ ရည်မှန်းချက်တွေမှာ စိတ်ချင်းနီးစပ်သူလို့ ဆိုလျှင် ရမယ်ထင်ပါတယ်။ ကျွန်မတို့ (၂)ယောက်လုံးဟာ သင်ကြားရေးကို တိုးတက် ကောင်းမွန်အောင် လုပ်ဖို့ အထူး အာသီသရှိကြတယ်။ ၁၉၇၄ခုဘန်ကောက် ချူလာလောင်ကောင်တက္ကသိုလ်ဒေသဆိုင်ရာ ဆရာများလေ့ကျင့်ပေးရေးစင်တာ (Regional Teacher Training Center) မှာ လုပ်တဲ့ Educational Science and Technology သင်တန်းကို ကျွန်မတို့ (၂) ယောက် တက်ခွင့်ရခဲ့ကြတယ်။ ပြန်လာတော့ သင်ကြားမှုကောင်းမွန်တိုးတက်ရေးကို အားသွန် ခွန်စိုက်လုပ်ခဲ့ကြတယ်။ ဒီလိုပါပဲ ကျောင်းနဲ့ကျောင်းသားတွေရဲ့ ပညာရည်အဆင့်ကို မြှင့်တင်ဖို့လည်း တတ်နိုင်သလောက် ကြိုးစားခဲ့ကြတယ်။ ဘွဲ့လွန်သင်တန်း စဖွင့်စဉ်ကလည်း ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို စဉ်းစားတိုင်ပင်ကြပြီး တတ်နိုင်သလောက် ဖြည့်ဆည်းဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မက ပြဿနာကို ချဉ်းကပ်နည်း၊ မေးခွန်းတွေ ဖြေပုံဖြေနည်း၊ သုတေသနစာတန်း ပြုစုနည်းတွေကို ရှင်းပြီး ပို့ချပေးတယ်။ ကိုစိုးမြင့်ကတော့ သုတေသနလုပ်ရာမှာ အရေးပါလှတဲ့ (Statistics) ကိန်းဂဏန်းဗေဒ အခြေခံကို သင်ကြားပေးပါတယ်။ ဒီလိုပဲ စိတ်တူသဘောတူနဲ့ နှစ်ပေါင်းများစွာ လုပ်လာခဲ့ကြလို့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းရောင်းရင်းတွေ ဖြစ်ခဲ့ရပါတယ်။ ကိုစိုးမြင့်တွင် မကပါဘူး၊ သူ့ရဲ့ဇနီး (အငြိမ်းစားသမိုင်းပါမောက္ခ)နဲ့ သားသမီးတွေနဲ့ပါ တရင်းတနှီး ရှိပါတယ်။

မန္တလေးဆေးကျောင်းရဲ့သာရည်တစ်ခုကတော့ ဌာနဆိုင်ရာဆရာကြီးများနဲ့ အခြားအဆင့်ဆင့်ဆရာများအားလုံး ရင်းနှီးပြီး ချစ်ချစ်ခင်ခင်ရှိကြတယ်။



တစ်ယောက်ကိုတစ်ယောက် နားလည်တယ်။ ကူညီပံ့ပိုးတယ်။ ဆရာနဲ့ကျောင်းသား ဆက်ဆံပုံမှာလည်း သံယောဇဉ်ကြီးမားလှပါတယ်။ ကျောင်းကငယ်ပြီး ကျောင်းသား/ဆရာအချိုး (Student: Teacher ratio) ကောင်းလို့ထင်ပါရဲ့။ မန္တလေးဆေးကျောင်းရဲ့ "ရွှေခေတ်" လို့ ခေါ်စမှတ်ပြုတယ်လို့ ကြားသိခဲ့ရပါတယ်။ အဲဒီရွှေခေတ်ထဲက 'စံ'အဖြစ် ညွှန်းနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ ဆရာကြီးဦးစိုးမြင့်ပါပဲ။

ဒီလိုထူးချွန်ပြီး ပြည်တွင်းအနှံ့၊ ကမ္ဘာအနှံ့ရှိ အောင်မြင်နေတဲ့ တပည့်အပေါင်းရဲ့ အထူးကြည်ညိုလေးစားခြင်းခံရတဲ့ ဆရာကြီးတစ်ဦးရဲ့ ထွေလာများပြား လှတဲ့ အတွေ့အကြုံ၊ မှတ်လောက် သားလောက်ရှိတဲ့ သင်ခန်းစာများ၊ သူ ဖြတ်သန်းလာခဲ့ရတဲ့ ဝိသေသထူးတဲ့ခေတ်အမျိုးမျိုးနဲ့ ဘဝဇာတ်ခုံ၊ သူ့ရဲ့ ထက်မြက်တဲ့ ဥာဏ်သတ္တိနဲ့ စစ်မှန်တဲ့စေတနာ၊ ဖြောင့်မတ်တည်ကြည်ခြင်းဆိုတဲ့ ဂုဏ်သိက္ခာတွေကို သိခွင့်ရလိုက်တဲ့လူနာအပေါင်း (သူ့ကိုသိခဲ့သူဖြစ်စေ၊ မသိသူဖြစ်စေ) တို့မှာ ထူးခြားတဲ့ဗဟုသုတတွေမှ ပေးလိုက်တဲ့သင်ခန်းစာတွေနဲ့ အကျိုးကျေးဇူးတွေရရှိမှာ သေချာပါတယ်။ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပါတယ်။ ကိုစိုးမြင့်ရဲ့မူရင်းအင်္ဂလိပ်စာမူမှ ကြိုးစားပမ်းစား မြန်မာသို့ပြန်ပေးတဲ့ ဒေါက်တာဦးကျော်မြင့်ကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

ကိုစိုးမြင့်ဟာ အင်္ဂလိပ်စာကို ပိုင်နိုင်စွာနဲ့ ဆွဲဆောင်မှုရှိအောင် ရေးနိုင်သူဖြစ်လို့ သူ့ရဲ့ မူရင်းအင်္ဂလိပ်ဘာသာနဲ့ရေးတာကို ဖတ်ရလျှင်လည်းသိပ်ကောင်းမှာပဲလို့ အောက်မေ့မိတယ်။ ကျွန်မတို့ မြန်မာစာပေနယ်ပယ်မှာ အထုပ္ပတ္တိ (Biography)နဲ့ ကိုယ်ရေးအထုပ္ပတ္တိ (Autobiography) တို့ဟာ သိပ်ပြီး အရေးမများလှတဲ့ကဏ္ဍ ဖြစ်နေတယ်။ ဒီအကြောင်းကလည်း ဒီစာအုပ်ကို ကြိုဆိုတိုက်တဲ့ အခြားအကြောင်းတစ်ခုဖြစ်နေပါတယ်။

မြင့်မြင့်ခင်
(၈-၁၁-၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တကယ်တော့ ဒီဖြစ်ရပ်ဟာ ကမ္ဘာသမိုင်းမှာ အကြီးမားဆုံး အကျယ်ပြန့်ဆုံးနဲ့ ကြောက်မက်ဖွယ်အကောင်းဆုံး အဖြစ်ကြီးပါ။ သူ့ရဲ့ရိုက်ချက်နဲ့ ထိပါးမှုဟာ နောင်ဆက်လာမည့် သမိုင်းကို ဘယ်လိုသူမတူအောင် မထင်မှတ်တဲ့နည်းတွေနဲ့ ပြောင်းလဲစေခဲ့မယ်ဆိုတာ မရိပ်စားမိခဲ့ကြပါ။ ဒါကတော့ သမိုင်းတွင်တဲ့ တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းလှတဲ့ ဒုတိယကမ္ဘာစစ်ကြီး။

စစ်ကြီးပြီးသွားပြန်တော့ ပြာပုံထဲက သက်ရှင်ထကြွပျံတက်သွားတဲ့ Phoenixငှက်လို ဖြစ်လာခဲ့ကြတယ်။ တိုင်းပြည်လွတ်လပ်ရေးရတော့ တိုင်းပြည်ကို ပြန်လည်ပြုစု ပျိုးထောင်ရာမှာ ဆေးကျောင်းတွေထောင်၊ ဆရာဝန်တွေမွေးပေးရတဲ့အလုပ်ထဲ ကျွန်မတို့ ရောက်သွားခဲ့တယ်။ ကိုစိုးမြင့်ဟာ ကျွန်မရဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကောင်းအဖြစ် နှစ်(၂၀)နီးနီး မန္တလေးမှာ ရှိနေခဲ့ပါတယ်။ ကျွန်မတို့ဟာ သဘောထားခံယူချက်၊ ရည်မှန်းချက်တွေမှာ စိတ်ချင်းနီးစပ်သူလို့ ဆိုလျှင် ရမယ်ထင်ပါတယ်။ ကျွန်မတို့ (၂)ယောက်လုံးဟာ သင်ကြားရေးကို တိုးတက် ကောင်းမွန်အောင် လုပ်ဖို့ အထူး အာသီသရှိကြတယ်။ ၁၉၇၄ခု ဘန်ကောက် ချူလာလောင်ကောင်တက္ကသိုလ်ဒေသဆိုင်ရာ ဆရာများလေ့ကျင့်ပေးရေးစင်တာ (Regional Teacher Training Center) မှာ လုပ်တဲ့ Educational Science and Technology သင်တန်းကို ကျွန်မတို့ (၂)ယောက် တက်ခွင့်ရခဲ့ကြတယ်။ ပြန်လာတော့ သင်ကြားမှုကောင်းမွန်တိုးတက်ရေးကို အားသွန် ခွန်စိုက်လုပ်ခဲ့ကြတယ်။ ဒီလိုပါပဲ ကျောင်းနဲ့ကျောင်းသားတွေရဲ့ ပညာရည်အဆင့်ကို မြှင့်တင်ဖို့လည်း တတ်နိုင်သလောက် ကြိုးစားခဲ့ကြတယ်။ ဘွဲ့လွန်သင်တန်း စဖွင့်စဉ်ကလည်း၊ ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို စဉ်းစားတိုင်ပင်ကြပြီး တတ်နိုင်သလောက် ဖြည့်ဆည်းဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မက ပြဿနာကို ချဉ်းကပ်နည်း၊ မေးခွန်းတွေ ဖြေပုံဖြေနည်း၊ သုတေသနစာတန်း ပြုစုနည်းတွေကို ရှင်းပြီး ပို့ချပေးတယ်။ ကိုစိုးမြင့်ကတော့ သုတေသနလုပ်ရာမှာ အရေးပါလှတဲ့ (Statistics) ကိန်းဂဏန်းဗေဒ အခြေခံကို သင်ကြားပေးပါတယ်။ ဒီလိုပဲ စိတ်တူသဘောတူနဲ့ နှစ်ပေါင်းများစွာ လုပ်လာခဲ့ကြလို့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းရောင်းရင်းတွေ ဖြစ်ခဲ့ရပါတယ်။ ကိုစိုးမြင့်တွင် မကပါဘူး၊ သူ့ရဲ့ဇနီး (အငြိမ်းစားသမိုင်းပါမောက္ခ)နဲ့ သားသမီးတွေနဲ့ပါ တရင်းတနှီး ရှိပါတယ်။

မန္တလေးဆေးကျောင်းရဲ့သာရည်တစ်ခုကတော့ ဌာနဆိုင်ရာဆရာကြီးများနဲ့ အခြားအဆင့်ဆင့်ဆရာများအားလုံး ရင်းနှီးပြီး ချစ်ချစ်ခင်ခင်ရှိကြတယ်။



တစ်ယောက်ကိုတစ်ယောက် နားလည်တယ်။ ကူညီပံ့ပိုးတယ်။ ဆရာနဲ့ ကျောင်းသား ဆက်ဆံပုံမှာလည်း သံယောဇဉ်ကြီးမားလှပါတယ်။ ကျောင်းကငယ်ပြီး ကျောင်းသား/ဆရာအချိုး (Student: Teacher ratio) ကောင်းလို့ ထင်ပါရဲ့။ မန္တလေးဆေးကျောင်းရဲ့ "ရွှေခေတ်" လို့ ခေါ်စမှတ်ပြုတယ်လို့ ကြားသိခဲ့ရပါတယ်။ အဲဒီရွှေခေတ်ထဲက 'စံ'အဖြစ် ညွှန်းနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ ဆရာကြီးဦးစိုးမြင့်ပါပဲ။

ဒီလိုထူးချွန်ပြီး ပြည်တွင်းအနှံ့၊ ကမ္ဘာအနှံ့ရှိ အောင်မြင်နေတဲ့ တပည့်အပေါင်းရဲ့ အထူးကြည်ညိုလေးစားခြင်းခံရတဲ့ ဆရာကြီးတစ်ဦးရဲ့ ထွေလာများပြား လှတဲ့ အတွေ့အကြုံ၊ မှတ်လောက် သားလောက်ရှိတဲ့ သင်ခန်းစာများ၊ သူ ဖြတ်သန်းလာခဲ့ရတဲ့ ဝိသေသထူးတဲ့ခေတ်အမျိုးမျိုးနဲ့ ဘဝဇာတ်ခုံ၊ သူ့ရဲ့ ထက်မြက်တဲ့ ဥာဏ်သတ္တိနဲ့ စစ်မှန်တဲ့စေတနာ၊ ဖြောင့်မတ်တည်ကြည်ခြင်းဆိုတဲ့ ဂုဏ်သိက္ခာတွေကို သိခွင့်ရလိုက်တဲ့လူနာအပေါင်း (သူ့ကိုသိခဲ့သူဖြစ်စေ၊ မသိသူဖြစ်စေ) တို့မှာ ထူးခြားတဲ့ဗဟုသုတတွေမှ ပေးလိုက်တဲ့သင်ခန်းစာတွေနဲ့ အကျိုးကျေးဇူးတွေရရှိမှာ သေချာပါတယ်။ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပါတယ်။ ကိုစိုးမြင့်ရဲ့မူရင်းအင်္ဂလိပ်စာမူမှ ကြိုးစားပမ်းစား မြန်မာသို့ပြန်ပေးတဲ့ ဒေါက်တာဦးကျော်မြင့်ကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

ကိုစိုးမြင့်ဟာ အင်္ဂလိပ်စာကို ပိုင်နိုင်စွာနဲ့ ဆွဲဆောင်မှုရှိအောင် ရေးနိုင်သူဖြစ်လို့ သူ့ရဲ့ မူရင်းအင်္ဂလိပ်ဘာသာနဲ့ရေးတာကို ဖတ်ရလျှင်လည်းသိပ်ကောင်းမှာပဲလို့ အောက်မေ့မိတယ်။ ကျွန်မတို့ မြန်မာစာပေနယ်ပယ်မှာ အထုပ္ပတ္တိ (Biography)နဲ့ ကိုယ်ရေးအထုပ္ပတ္တိ (Autobiography) တို့ဟာ သိပ်ပြီး အရေးမများလှတဲ့ကဏ္ဍ ဖြစ်နေတယ်။ ဒီအကြောင်းကလည်း ဒီစာအုပ်ကို ကြိုဆိုထိုက်တဲ့ အခြားအကြောင်းတစ်ခုဖြစ်နေပါတယ်။

မြင့်မြင့်ခင်
(၈-၁၁-၂၀၀၆)

www.burmeseclassic.com

www.burmeseclassic.com

## သားဖွားမီးယပ်ပညာပါမောက္ခ ဒေါက်တာဦးစိုးအောင်၏အမှာ

သူငယ်ချင်းဖြစ်သူ ဓါတ်မှန်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်က OG ဦးစိုးမြင့်၏ 'ဘဝမှတ်တမ်း' စာအုပ်တွင် အမှာစာရေးပေးဖို့ ကျွန်တော့်ထံ လာရောက်ပြောဆိုရာ မိမိထက်ဝါစဉ်ကြီးသော ဆရာကြီး၏တပည့်များရှိနေသည့်အတွက် မိမိအနေဖြင့် လက်တွန့်နေမိပါသည်။ ဒေါက်တာကျော်မြင့်က မိမိသည်လည်း ဆရာကြီးဦးစိုးမြင့်၏ အန္တေဝါသိကတပည့်ရင်း တစ်ဦးဖြစ်သောကြောင့် မဖြစ်မနေ ရေးသားပေးပါရန် မေတ္တာရပ်ခံရာ ကျွန်တော့်မှာ မငြင်းသာတော့ပေ။

ဆရာကြီးဦးစိုးမြင့်သည် သားဖွားမီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်မှုတွင် သူမတူအောင် ထူးချွန်သော သားဖွားမီးယပ်ပညာရှင်တစ်ဦးဖြစ်ရုံသာမက ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ရှေးယခင်က မပြုလုပ်နိုင်ခဲ့သော ခွဲစိတ်မှုကြီးများကို ဦးစွာ တီထွင် ဆောင်ရွက်ခဲ့သူဖြစ်ပေသည်။ ဥပမာဆိုရလျှင် မီးယပ်ကင်ဆာရောဂါခွဲစိတ်မှုများတွင် ခက်ခဲနက်နဲသော ခွဲစိတ်မှုများဖြစ်သည့် Wertheime's Hysterectomy, Exenteration Operation, Radical Vulvectomy ဆီးယိုရောဂါခွဲစိတ်မှုများဖြစ်သော Vesico-Vaginal Fistula Repair, Stress Incontinence Operation စသည့် ခွဲစိတ်မှုကြီးများကို မြန်မာနိုင်ငံတွင် ပထမဆုံး အောင်မြင်စွာ ခွဲစိတ်ခဲ့သူ ဖြစ်ရုံသာမက ထိုခက်ခဲသိမ်မွေ့သော ခွဲစိတ်မှုအမျိုးမျိုးကို အရေအတွက်အားဖြင့်လည်း အများဆုံးဆောင်ရွက်ခဲ့သူ ဖြစ်သည်။ Vaginal Hysterectomy ကိုလည်း မြန်မာနိုင်ငံ၌ ပထမဆုံးလုပ်ဆောင်ခဲ့သူဖြစ်သည်။ သားဖွားပညာနှင့် စပ်လျဉ်း၍ ဆရာကြီး ညှပ်ဆွဲမွေးဖွားသည်ကို ကြည့်ရသည်မှာ သူမတူအောင် သေသပ်လှပပေသည်။ ဆရာကြီးသည် Kielland's Forceps ဖြင့် ညှပ်ဆွဲ မွေးဖွားသော နည်းပညာအား ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားသူဖြစ်သည့်အလျောက် တပည့်များကို အနီးကပ် ကြီးကြပ်သင်ပြပေးပြီး ပညာအမွေ လက်ဆင့်ကမ်းပေးခဲ့သူ ဖြစ်ပါသည်။

မီးယပ်ကင်ဆာရောဂါဖြစ်သူအများစုနှင့် ဆီးယိုရောဂါသည်အများစုမှာ ငွေကြေးချို့တဲ့သော မရှိဆင်းရဲသားများ ဖြစ်ကြသည်။ ထိုလူနာတို့ကို ခွဲစိတ်



ကုသပေးခြင်းဖြင့် ခွဲစိတ်သူဆရာဝန်အဖို့ စီးပွားရေးအမြတ်ထွက်ရန် အကြောင်းမရှိပေ။ ထို့ပြင်အဆိုပါ ခွဲစိတ်မှုအမျိုးအစားတို့မှာ ခက်ခဲနက်နဲသိမ်မွေ့လှသောကြောင့် အချိန်ကုန် လူပန်း စိတ်ပန်း ဖြစ်ရသည့်အလုပ်မျိုးဖြစ်သည်။ သမားကောင်းတို့၏စိတ်ဓာတ်နှင့်ပြည့်စုံသော ဆရာကြီးသည် သနားဖွယ်ကောင်းလှသော ထိုလူနာတို့အား ကယ်တင်လိုသည့် မေတ္တာစေတနာ ကရုဏာကြောင့် ငွေကြေးမရသည်ကိုလည်း အလေးမထား၊ အချိန်ကုန်လူပန်းမည်ကိုလည်း မမှုဘဲ မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ခဲရာခဲဆစ် ခွဲစိတ်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ချီးကျူးဂုဏ်ပြုအတုယူဖွယ် ကောင်းလှပါတော့သည်။ Radical Surgery များ ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ ခွဲစိတ်ပညာရပ်တွင် သူ၏လက်ဦးဆရာများဖြစ်သော ပါမောက္ခဆရာကြီးဦးဘသန်း၊ ဆီးရောဂါ ခွဲစိတ်ဆရာဝန်ကြီး ဦးကျော်သန်းတို့၏ ဂုဏ်ကျေးဇူးများကို တဖွဖွထုတ်ဖော် ပြောဆိုလေ့ရှိပါသည်။ ထိုနည်းတူ ဒဖ်ဖရင်ဆေးရုံ (ဗဟိုအမျိုးသမီး ဆေးရုံကြီး) သို့ ရောက်ရှိပြီး သားဖွားမီးယပ်ပညာစတင်လိုက်စားခဲ့စဉ်က ခွဲစိတ်မှုအမျိုးမျိုးအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်ခွင့်ပြုခဲ့သော သဘောထားပြည့်ဝလှသည့် ပါမောက္ခဒေါ်ခင်စီနှင့် သစ်လွင်ဆရာဝန်ဘဝ မန္တလေးဆေးရုံကြီး၌ အမှုထမ်းစဉ် မေ့ဆေးပညာအခြေခံများကို သင်ပြပေးခဲ့ရုံသာမက သားဖွားမီးယပ်ပညာပါမောက္ခဌာနမှူးဖြစ်ပြန်တော့လည်း ခက်ခဲ၍ အချိန်ကြာမြင့်သည့် ခွဲစိတ်မှုကြီးများ အောင်မြင်စွာပြုလုပ်နိုင်ရန် အချိန်မရွေး မညည်းမညူ ကူညီခဲ့သူ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ Biswas တို့၏ ကျေးဇူးတရားများကိုလည်း တသသ ပြောလေ့ရှိပါသည်။

ဆရာကြီးသည် တပည့်များကို သားဖွားမီးယပ်ပညာကိုသာမက သမားကျင့်ဝတ်၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ လူမှုဆက်ဆံရေးပါမကျန် အလျဉ်းသင့်သလို သွန်သင်ဆုံးမပေးလေ့ရှိပါသည်။ စည်းကမ်းရှိဖို့၊ အချိန်တိကျဖို့ကိုလည်း အမြဲဆော်ဩတတ်ပါသည်။ ဆရာကြီးသည် စာသင်သည့်အလုပ်ကို စိတ်ဝင်စား၍ စာသင်သောအခါ မမောနိုင်မပန်းနိုင် သင်ပြလေ့ရှိသည်။ စာမသင်ခင်မှာလည်း စေတနာထား၍ အပင်ပန်းခံပြီးပြင်ဆင်ကာ စာသင်တတ်သောဆရာတစ်ဦးဖြစ်သည်။

ဆရာကြီးသည် စီမံကိန်းချရာတွင်လည်းကောင်း၊ ကြီးကြပ်ကွပ်ကဲ စီမံရာတွင်လည်းကောင်း၊ လေ့ကျင့်သင်ကြားရာတွင်လည်းကောင်း အဆင့်အသီးသီး၌ အမျှော်အမြင်ကြီးမားစွာ စနစ်တကျ ပီပီပြင်ပြင် ကိုယ်ဖိရင်ဖိ

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်တတ်သူဖြစ်သည်။ တပည့်များအား အရည်အချင်းအလိုက် တာဝန်ခွဲဝေပေးတတ်ပြီး တစ်ဦးချင်း၏တိုးတက်လာသော အရည်အချင်းအရ ထပ်ဆင့်တာဝန်တိုးပေးမှုများ ပြုလုပ်နိုင်ရန် စဉ်ဆက်မပြတ် အကဲခပ်ကြီးကြပ်လေ့ရှိသည်။ ဤကဲ့သို့(Planning, Management and Training, Supervision and Monitoring) စသော ကဏ္ဍတိုင်း သူမတူအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဆရာကြီး အမှုထမ်းစဉ်ကာလအတွင်း ရလဒ် (Result) ကောင်းများ ရရှိခဲ့ခြင်း ဖြစ်ပါသတည်း။

ဆရာကြီးသည် တပည့်များကို လေ့ကျင့်သင်ကြားပေးရာတွင် စဉ်းစားတွေးခေါ်မှုအပိုင်းကို လေးပေးတတ်သည်။ လူနာ၏ရောဂါရာဇဝင်၊ လက္ခဏာ၊ စမ်းသပ်တွေ့ရှိချက်စသည့် အခြေခံသဘောတရားကို ချိန်ထိုးလျက် ပြဿနာဖော်ထုတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း ပြုနိုင်အောင် လေ့ကျင့်ပေးလေ့ရှိပါသည်။ ဆရာကြီးသည် တပည့်များက ပြန်လည်မေးမြန်းခြင်း၊ စောဒကတက်ခြင်း၊ ငြင်းချက်ထုတ်ဆွေးနွေးခြင်းတို့ကို အမြဲပင် လက်ခံကြိုဆိုလေ့ရှိသည်။ ဆရာကြီးပြောလေ့ပြောထရှိသော စကားတစ်ခွန်းမှာ 'ငါ့တပည့် ငါ့ထက်သာရမယ်' ဟူ၏။

ဆရာကြီးသည် သူ၏လုပ်ဖော်ကိုင်ဖက်နှင့် တပည့်တပန်းတို့အား မည်သည့်အခါမျှ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုဆက်ဆံဖူးခြင်းမရှိဘဲ လူကြီးလူကောင်းအသွင်ဖြင့်သာ ဆက်ဆံလေ့ရှိသည်။ သူ ချမှတ်ထားသော မူဘောင်အတွင်း အလုပ်လုပ်ရင်း ပြဿနာတစ်စုံတရာဖြစ်ခဲ့သော် တပည့်ရှေ့မှ မားမားမတ်မတ်ရပ်တည်ပေးသော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည်။ လုပ်ငန်းချိန်ပြင်ပ၌ တပည့်များသာမက မိသားစုများကိုလည်း ခင်မင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိသည်။

ဆရာကြီးဦးစိုးမြင့်၏အရည်အချင်းနှင့် ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ရေးသားမည်ဆိုလျှင် မိမိ၏အမှာစာကပင် စာအုပ်တစ်အုပ်စာမျှ ဖြစ်ဖွယ်ရှိပါသည်။ ဆရာကြီးကား သားဖွားမီးယပ်ဝေဒနာရှင်များ ဝေဒနာပျောက်ကင်းချမ်းသာရေးကို ဦးတည်လျက် အမျှော်အမြင်ကြီးစွာဖြင့် သားဖွားမီးယပ်ပညာ
...ဂန ဖွံ့ဖြိုးတိုးတက်ဖို့ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သူဖြစ်သည်။ ထူးချွန်သော
...မီးယပ်ဆရာဝန်များ ထွက်ပေါ်ရေးအတွက် ဘွဲ့ကြို၊ ဘွဲ့လွန်၊ စာတွေ့၊
...ကြားရေးတာဝန်များကို မနားမနေ ထမ်းဆောင်ခဲ့သူဖြစ်သည်။
...း စံပြုအပ်သော သားဖွားမီးယပ်ပညာ ပါမောက္ခ
...က စာဖတ်ပရိသတ်များ အထူးသဖြင့် လူငယ်



များအတွက် အားကျအတုယူဖွယ်များ ပြည့်နှက်နေမည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။ ဤစာအုပ်သည် မြန်မာနိုင်ငံ၏သားဖွားမီးယပ်ပညာရှင်သမိုင်းတွင် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါကြောင်း။

ဒေါက်တာ ဦးစိုးအောင်
ပါမောက္ခ(အငြိမ်းစား)
၈၈(က) သစ်တောလမ်း
အလုံမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်တတ်သူဖြစ်သည်။ တပည့်များအား အရည်အချင်းအလိုက် တာဝန်ခွဲဝေပေးတတ်ပြီး တစ်ဦးချင်း၏တိုးတက်လာသော အရည်အချင်းအရ ထပ်ဆင့်တာဝန်တိုးပေးမှုများ ပြုလုပ်နိုင်ရန် စဉ်ဆက်မပြတ် အကဲခပ်ကြီးကြပ်လေ့ရှိသည်။ ဤကဲ့သို့(Planning, Management and Training, Supervision and Monitoring) စသော ကဏ္ဍတိုင်း သူမတူအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဆရာကြီး အမှုထမ်းစဉ်ကာလအတွင်း ရလဒ် (Result) ကောင်းများ ရရှိခဲ့ခြင်း ဖြစ်ပါသတည်း။

ဆရာကြီးသည် တပည့်များကို လေ့ကျင့်သင်ကြားပေးရာတွင် စဉ်းစားတွေးခေါ်မှုအပိုင်းကို လေးပေးတတ်သည်။ လူနာ၏ရောဂါရာဇဝင်၊ လက္ခဏာ၊ စမ်းသပ်တွေ့ရှိချက်စသည့် အခြေခံသဘောတရားကို ချိန်ထိုးလျက် ပြဿနာဖော်ထုတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်း ပြုနိုင်အောင် လေ့ကျင့်ပေးလေ့ရှိပါသည်။ ဆရာကြီးသည် တပည့်များက ပြန်လည်မေးမြန်းခြင်း၊ စောဒကတက်ခြင်း၊ ငြင်းချက်ထုတ်ဆွေးနွေးခြင်းတို့ကို အမြဲပင် လက်ခံကြိုဆိုလေ့ရှိသည်။ ဆရာကြီးပြောလေ့ပြောထရှိသော စကားတစ်ခွန်းမှာ 'ငါ့တပည့် ငါ့ထက်သာရမယ်' ဟူ၏။

ဆရာကြီးသည် သူ၏လုပ်ဖော်ကိုင်ဖက်နှင့် တပည့်တပန်းတို့အား မည်သည့်အခါမျှ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုဆက်ဆံဖူးခြင်းမရှိဘဲ လူကြီးလူကောင်းအသွင်ဖြင့်သာ ဆက်ဆံလေ့ရှိသည်။ သူ ချမှတ်ထားသော မူဘောင်အတွင်း အလုပ်လုပ်ရင်း ပြဿနာတစ်စုံတရာဖြစ်ခဲ့သော် တပည့်ရှေ့မှ မားမားမတ်မတ်ရပ်တည်ပေးသော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည်။ လုပ်ငန်းချိန်ပြင်ပ၌ တပည့်များသာမက မိသားစုများကိုလည်း ခင်မင်ရင်းနှီးစွာ ဆက်ဆံလေ့ရှိသည်။

ဆရာကြီးဦးစိုးမြင့်၏အရည်အချင်းနှင့် ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ရေးသားမည်ဆိုလျှင် မိမိ၏အမှာစာကပင် စာအုပ်တစ်အုပ်စာမျှ ဖြစ်ဖွယ်ရှိပါသည်။ ဆရာကြီးကား သားဖွားမီးယပ်ဝေဒနာရှင်များ ဝေဒနာပျောက်ကင်းချမ်းသာရေးကို ဦးတည်လျက် အမျှော်အမြင်ကြီးစွာဖြင့် သားဖွားမီးယပ်ပညာဌာန ဖွံ့ဖြိုးတိုးတက်ဖို့ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သူဖြစ်သည်။ ထူးချွန်သော သားဖွားမီးယပ်ဆရာဝန်များ ထွက်ပေါ်ရေးအတွက် ဘွဲ့ကြို၊ ဘွဲ့လွန်၊ စာတွေ့၊ လက်တွေ့ သင်ကြားရေးတာဝန်များကို မနားမနေ ထမ်းဆောင်ခဲ့သူဖြစ်သည်။ သမားဂုဏ်နှင့် ပြည့်စုံပြီး စံပြုအပ်သော သားဖွားမီးယပ်ပညာ ပါမောက္ခ ဒေါက်တာဦးစိုးမြင့်၏ဘဝဖြစ်စဉ်မှာ စာဖတ်ပရိသတ်များ အထူးသဖြင့် လူငယ်



များအတွက် အားကျအတုယူဖွယ်များ ပြည့်နှက်နေမည်မှာ ကေန်မုချပင်ဖြစ်ပေသည်။ ဤစာအုပ်သည် မြန်မာနိုင်ငံ၏သားဖွားမီးယပ်ပညာရှင်သမိုင်းတွင် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါကြောင်း။

ဒေါက်တာ ဦးစိုးအောင်
ပါမောက္ခ(အငြိမ်းစား)
၈၈(က) သစ်တောလမ်း
အလုံမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ ဂျူး ၏ ကျေးဇူးတင်လွှာ

"သားဖွားမီးယပ်အထူးကုဆရာဝန်ဆိုတာ တခြားဆရာဝန်တွေလို တစ်ကြိမ်မှာအသက်တစ်ချောင်းပဲ ကယ်ခွင့်ရတာမျိုးမဟုတ်ဘူး။ တစ်ပြိုင်တည်း အသက်နှစ်ချောင်းကို ကယ်ခွင့်ရတာ။ မိခင်ရော ကလေးရော။ စဉ်းစား ကြည့်စမ်း။ ဘယ်လောက်များကုသိုလ်ရလိုက်မလဲ။ အိုဂျီအထူးကုဆရာဝန်ဖြစ်အောင် ကြိုးစားစမ်းပါ"

ထိုစကားကို အခွင့်အခါသင့်တိုင်း ပြောပြလေ့ရှိသော ဆရာကြီး အိုဂျီ ဦးစိုးမြင့်၏ သားဖွားမီးယပ်ပညာဟောပြောပို့ချချက်များကို ကျွန်မ မန္တလေး ဆေးတက္ကသိုလ်ကျောင်းသူဘဝမှာ မပျက်မကွက် တက်ရောက်နာယူခဲ့ပါသည်။ ဆေးပညာကတစ်ဖက်၊ စာပေအနုပညာကတစ်ဖက် ရည်မှန်းချက်နှစ်ခုနှင့် စိတ်နှစ်ခွ ဗျာများနေသော ကျွန်မလို မအူမလည်ကျောင်းသူကိုပင်လျှင် နားလည်သဘောပေါက်စွာ စွဲမှတ်သွားအောင် စာသင်ကောင်းလှသော ဆရာကြီးကို ကျွန်မတို့အားလုံး ချစ်ခင်လေးစားကြသည်။ ဆရာကြီးက တိကျ ပြတ်သားသူ ဖြစ်သောကြောင့် ချစ်ခင်မှုပေါ်တွင် လေးစားရိုသေမှုပါ ထပ်ဆင့် ကြည်ညို ကြပါသည်။

ဆရာကြီးဖြစ်စေလိုသော အိုဂျီ (သားဖွားမီးယပ်အထူးကု) ဆရာဝန်ဘဝနှင့် ကျွန်မ နည်းနည်းလေးမျှပင် မနီးစပ်ခဲ့ပါ။ ထို့ပြင် ဆေးပညာအတတ်ကို ခုနစ်နှစ်ရှစ်နှစ်မျှသာ လက်တွေ့ဆောင်ရွက်ကုသပေးခဲ့ပြီးနောက် အဆက်ပြတ်လျက် အချိန်ပြည့် စာရေးဆရာဘဝသို့ရောက်ခဲ့ရသည့်ကျွန်မသည် ဆရာကြီးတွေ ဆရာမကြီးတွေနှင့် ဆုံတွေ့ခွင့်ရတိုင်း မလုံမလဲအားငယ်ခဲ့မိသည်။ ကျွန်မ ရေးနေသည့် စာတွေကို ဆရာကြီးတို့ ဆရာမကြီးတို့ ဖတ်မိလေမလားဟု စိတ်ကူးယဉ်ဖို့တော့ ဝေးပါသေးသည်။

သို့သော် ဆရာကြီးဦးစိုးမြင့်အိမ်သို့ ကျွန်မသွားရောက်ခွင့်ရခိုက် ဆရာကြီးက ကျွန်မကို သူ့တပည့်အဖြစ် အမှတ်ထင်ထင် ရှိနေရုံမျှမက ကျွန်မ စာတို့ကိုလည်းဖတ်နေခဲ့ကြောင်း ပြောပြသည့်အခါ ကျွန်မ လှိုက်လှဲစွာ ဝမ်းသာကြည်နူးမိပါသည်။



ယခုအခါ ဆရာကြီး အငြိမ်းစားယူပြီးပါပြီ။ သို့သော် သူ့တပည့် ကျွန်မအား မေတ္တာ ကရုဏာဖြင့် သင်ခန်းစာများ ပို့ချပေးဖို့ စိတ်အားထက်သန်နေဆဲဖြစ်သည်။ ဆေးပညာ၊ သားဖွားမီးယပ်ပညာတွေတော့မဟုတ်။ ကျွန်မ လေ့လာဖို့ ဆရာကြီးက ပေးလိုက်သောစာအုပ်များမှာ လယ်တီဆရာတော်ဘုရားကြီး၏ 'ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ'နှင့် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ 'ရတနာ့ဂုဏ်ရည်'တို့ဖြစ်သည်။ ကျွန်မ ဖတ်ပြီးသည့်အခါ ယိုတရားတို့ကို ဆရာကြီးက ကျွန်မအား ဆွေးနွေးပြောပြမည်။

ကျွန်မတို့ ငယ်ရွယ်စဉ်ကတည်းက သားဖွားမီးယပ်ပညာသာမက ဆရာဝန်တို့စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာတို့ကိုပါ ထည့်သွင်းလျက် သင်ကြားပေးခဲ့သော ဆရာကြီးသည် ယခုအခါ တပည့်တို့အား ဗုဒ္ဓအဘိဓမ္မာဖြင့် ဘဝနေနည်း နည်းလမ်းမှန်တို့ကို တတ်မြောက်အောင်၊ မမေ့လျော့အောင် သင်ကြားပို့ချနေဆဲဖြစ်သဖြင့် ကျေးဇူးကြီးမြတ်လှပါသည်။

ဆရာကြီးကိုယ်တိုင်ရေးသော 'ဘဝမှတ်တမ်း'ကို ကျွန်မ၏ ဂျူးစာပေမှ ထုတ်ဝေခွင့်ရသည့်အတွက် ဆရာကြီးကို ကျေးဇူးအထူးတင်ရှိလျက် ရိုသေလေးစားစွာ ကန်တော့ပါသည်။

ဆရာကြီး၏အင်္ဂလိပ်မူမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ရုံမျှမက စာအုပ်ဖြစ်မြောက်ရေးအတွက် ငွေကြေး၊ စိတ်အားထက်သန်မှု၊ ဝမ်းသာပီတိစသည်ဖြင့် အဖက်ဖက်မှ ကူညီခဲ့သော ဆရာ ဒေါက်တာဦးကျော်မြင့်ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ဆရာကြီး၏'ဘဝမှတ်တမ်း'သည် ကျွန်မတို့အတွက် (အထူးသဖြင့် ဆရာဝန်အားလုံးအတွက်) စိတ်ခွန်အား၊ ဆေးပညာ၊ ကျင့်ဝတ်သိက္ခာတို့ပြင် ဗြဟ္မစိုရ်တရားလေးပါးကိုပါ သင်ကြားပေးသည့် စိတ်ဝင်စားစရာ နှစ်သက်စရာ ပြဋ္ဌာန်းစာအုပ်တစ်အုပ်ဖြစ်ပါသည်။

ဂျူး (ဒေါက်တာတင်တင်ဝင်း)

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်ဖြစ်ပေါ်လာပုံ

ကျွန်တော်သည် ၁၉၇၀ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူဖြစ်သည့်အလျောက် ဆရာကြီး OGဦးစိုးမြင့်၏တပည့်ဟောင်း တစ်ယောက်ဖြစ်သော်လည်း ထိုစဉ်အခါက ဆရာကြီးနှင့် နီးနီးကပ်ကပ်မနေခဲ့ဖူးပေ။ ကျောင်းသားဘဝတစ်လျှောက် တပည့်အများစုနည်းတူ ဆရာကြီးအား ချစ်ကြောက် ရိုသေစိတ်ဖြင့်သာ ဆက်ဆံခဲ့ပါသည်။ ကျွန်တော်သည် ဘွဲ့ရပြီးနောက်ပြင်ဦးလွင် အမှတ်(၁) အခြေချစစ်ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းခဲ့ရသည်။ အစိုးရအလုပ်ထဲရောက်ပြန်တော့လည်း မိမိကို မွေးထုတ်ပေးလိုက်သည့် မန္တလေးဆေးတက္ကသိုလ်နှင့် မန္တလေးဆေးရုံကြီးတို့၌ ပြန်လည်အမှုထမ်းခွင့်မရခဲ့သဖြင့် ဆရာကြီးဦးစိုးမြင့်နှင့် နှစ်အတော်ကြာ ကင်းကွာနေခဲ့ပါသည်။

၂၀၀၁ခုနှစ် ဧပြီလထုတ် MJCMP တွင် Episode ကဏ္ဍ၌ ဆရာကြီးရေးသားသည့် Dire Emergency စာတမ်းကို ဖတ်ရှုရပြီးနောက် ကျွန်တော့်အနေဖြင့် ဆရာကြီးအား လူကိုယ်တိုင် သွားရောက်ပူဇော်ကန်တော့လိုသည့် စိတ်ဆန္ဒများ တားမနိုင်ဆီးမရအောင် ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီး၏လိပ်စာကို မရမနေ ရှာဖွေစုံစမ်း မေးမြန်းပြီး သွားရောက်ခဲ့ရာမှ ဆရာတပည့် ပြန်လည် ဆက်သွယ်မိကြခြင်း ဖြစ်ပါ၏။

ကျွန်တော်က ဆရာကြီး၏ Dire Emergency နှင့် Foreign Body ကိုယ်တွေ့ဇာတ်လမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားရာ မြန်မာတိုင်း(မ်)ဂျာနယ်တွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရသည်။ ကျွန်တော်သည် ဆရာကြီးထံသို့ မကြာခဏသွားရောက်လည်ပတ်ရင်း ဆရာကြီးပြောပြသည့် ရှေးဟောင်းနှောင်းဖြစ်တို့ကို နားထောင်ခဲ့ရပါသည်။ ဆရာကြီး၏ ဘဝအတွေ့အကြုံတို့မှာ အထူးပင် စိတ်ဝင်စားဖွယ်ကောင်းလှသောကြောင့် Autobiography အဖြစ်ရေးသားရန် ဆရာကြီးအား ပန်ကြားမိပါသည်။ အမှန်အားဖြင့် ထိုအချိန်ကတည်းက ဆရာကြီးသည် သူ၏ဒိုင်ယာရီများကို အခြေခံလျက် My Memoirs ကို စတင်ရေးသားနေပြီ ဖြစ်ပါသည်။ မိမိ၏အောင်မြင်မှုများကို



ဖွင့်ဟပြောဆိုလေ့မရှိဘဲ သိုသိုသိပ်သိပ်နေလေ့ရှိသောဆရာကြီးက သူ့မိသားစု ဖတ်ရှုရန်သာ ရည်ရွယ်ရေးသားသည့် My Memoirs စာမူအား မိမိကို မိသားစုဝင်တစ်ယောက်သဖွယ် အသိအမှတ်ပြုလျက် ဖတ်ရှုခွင့် ပြုခဲ့ပါသည်။

ကျွန်တော်သည် ဆရာကြီး၏ ကိုယ်တိုင်ရေးအထုပ္ပတ္တိဖြစ်သော My Memoirs အင်္ဂလိပ်စာမူကို ဖတ်ရှုပြီး အချိန်ရလျှင် ရသလို ကြိုးစား၍ ဘာသာပြန်ဆိုကြည့်ပါသည်။ ဆရာကြီး၏ ဘဝဖြစ်စဉ်မှာ ထင်မှတ်သည်ထက် စိတ်ဝင်စားဖွယ်ကောင်းလှသောကြောင့် ဆရာကြီးအား ပြီးဆုံးအောင် ဆက်လက်ရေးသားဖို့ မိမိကပင် တိုက်တွန်းခဲ့ရပါသည်။ ကျွန်တော်ကလည်း ဆေးရုံတာဝန်၊ ဆေးခန်းတာဝန်၊ မိသားစုတာဝန်များကြားမှ အချိန်ယူ၍ ကြိုးကြိုးစားစား ဘာသာပြန်ဆိုနေခဲ့ပါသည်။ ဆရာကြီး၏အထုပ္ပတ္တိတွင် မှတ်သားဖွယ်၊ အတုယူဖွယ်၊ သင်ခန်းစာယူဖွယ် ဖြစ်ရပ်များစွာ ပါရှိသည့်အပြင် ဆရာကြီး၏ ကိုယ်ပိုင်အယူအဆ အတွေးအခေါ်များကိုလည်း ထည့်သွင်းရေးသားထားသောကြောင့် မျက်မှောက်ခေတ် ဆေးကျောင်းသူဆေးကျောင်းသားများနှင့် ဆရာဝန် လူငယ်များ ဖတ်ရှုရလျှင် မုချအကျိုးရှိမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်မိပါသည်။ ဆရာကြီးကမူ သူ၏ဘဝဇာတ်လမ်းကို စာဖွဲ့လောက်သည်ဟု မယူဆဘဲ စာတတန် ပေတတန်ရေးသား ထုတ်ဝေဖို့ အတော်ပင် ဝန်လေးနေခဲ့ပါသည်။ ကျွန်တော်က ကာလအတန်ကြာအချိန်ယူပြီး အမျိုးမျိုးအဖုံဖုံရှင်းပြကာ မေတ္တာရပ်ခံမှ ဆရာကြီးက လိုက်လျောခွင့်ပြုခဲ့ခြင်း ဖြစ်ပါ၏။

ဤစာအုပ်တွင် ဆရာကြီး၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်ကို ဘာသာပြန်ဆိုရာ၌ အဓိပ္ပါယ်ကောက်လွဲမှားခြင်း၊ စကားလုံးရွေးချယ်မှုနှင့် ရေးသားတင်ပြပုံ အားနည်းခြင်း စသော အပြစ်အနာအဆာတို့ကို တွေ့ရှိပါက ဘာသာပြန်ဆိုရေးသားသူ၏ တာဝန်သာဖြစ်ကြောင်း ကြိုတင်ဝန်ခံပါရစေ။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဓိက အကျဆုံးကဏ္ဍမှ အားပေးကူညီပံ့ပိုးပေးသူမှာ ဆရာကြီး၏ ပါရမီဖြည့်ဘက် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဒေါ်အုံးကြည်ပင် ဖြစ်ပါ၏။ ဤစာအုပ်အား အစမှ အဆုံးတိုင် စိတ်ရှည် လက်ရှည် ကွန်ပျူတာ စာစီစာရိုက် တာဝန်ယူပေးခဲ့သော ဦးထွန်းကျော် (လမ်း-၃၀)ဆေးခန်းကိုလည်း ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာကျော်မြင့်

www.burmeseclassic.com

www.burmeseclassic.com

# အိုဂျီဦးစိုးမြင့်၏ ဘဝမှတ်တမ်း

## ဥယျောဇဉ်

ယေဘုယျအားဖြင့် အထုပ္ပတ္တိဟူသည် လူတစ်ဦး၏ ဘဝခရီးတစ်လျှောက် ကြုံတွေ့ခဲ့သော ဖြစ်စဉ်များကို ပြန်ပြောင်းစဉ်းစားကာ ရေးသားခြင်းပင်ဖြစ်၏။ ဘဝဖြစ်စဉ်ကို မှတ်တမ်းတင်ရာ၌ ထိုစဉ် ထိုအခါက ကျင်လည်ကျက်စားခဲ့သည့် နေရာဒေသများနှင့် ကြုံဆုံခဲ့သည့် လူပုဂ္ဂိုလ်တို့၏ အကြောင်းခြင်းရာများကို ခြွင်းချန်၍ မရနိုင်ကောင်းပေ။ ဤစာစုကို ရေးသားသည့်အချိန်တွင် ကျွန်ုပ်၏အသက်မှာ (၈၀)နီးနီး ရှိနေပြီ။ အထင်ကရ အဖြစ်အပျက်များစွာကို ကျော်လွှားဖြတ်သန်းခဲ့သည့် မိမိ၏ဘဝခရီးစဉ်အား အရှိုးခံအတိုင်း တင်ပြရန် ရည်ရွယ်ပါ၏။

ခြုံငုံကြည့်လျှင် ထူးခြားစုံလင်လှသော ကျွန်ုပ်၏ဘဝဇာတ်ကြောင်းဝယ် ရုံဖန်ရံခါ ဇာတ်ပို့ဇာတ်ရံသဖွယ် ပါဝင်ကပြခဲ့ရပြီး ရံဖန်ရံခါ၌မူ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့ရသည်။ ပွဲကြည့်ပရိသတ်အလား ဖြစ်ပွားသမျှကို စောင့်စားကြည့်ရှု၍သာ နေခဲ့ရသည်မှာလည်း ကြိမ်ဖန်များစွာပင်။ မိမိ၏ဘဝခရီးတွင် ကြမ်းတမ်းခက်ထရော်ပြီး မုန်တိုင်းထန်သော ကာလအပိုင်းအခြားများစွာ အကျုံးဝင်လင့်ကစား ကိုယ်ရေးအထုပ္ပတ္တိကိုသာ ဦးတည်ရေးသားခြင်းဖြစ်သည့်အလျောက် နောက်ခံပန်းချီကားနှင့်အလားတူသည့် ခေတ်စနစ် အခြေအနေများကိုမူ အသေးစိတ် ခြယ်မှုန်း ရေးသားနိုင်မည် မဟုတ်ချေ။ ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ တော်လှန်ရေးကာလ၊ ဗြိတိသျှပြန်ဝင်ချိန်၊ လွတ်လပ်ရေးကာလ၊ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် မျက်မှောက်ခေတ် တိုင်အောင် ခေတ်အမျိုးမျိုး စနစ်အထွေထွေကို ဖြတ်သန်းခဲ့စဉ် ကြုံတွေ့သမျှကို ပကတိအတိုင်း ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ကြစေရန် အတတ်နိုင်ဆုံး သမာသမတ်ကျကျ ရေးသားတင်ပြပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အထုပ္ပတ္တိရေးသားရာတွင် မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ထိခိုက်နစ်နာစေလိုသည့်စိတ်စေတနာမျိုးမများရှိဘဲ ပုဂ္ဂလိကခံစားချက်ကင်းအောင်အထူးအားထုတ်၍ ဓမ္မဓိဋ္ဌာန်ကျကျရေးသားခြင်းဖြစ်သည့်အားလျော်စွာ စာရှုသူများကသာလျှင် ဝေဖန်သုံးသပ် ဆုံးဖြတ်ကြရန်ဖြစ်ပါကြောင်း နိဝါတတရားရှေ့ထားလျက် ပန်ကြား မေတ္တာရပ်ခံလိုက်ရပေသတည်း။

အခန်း (၁)

## ကိုလိုနီခေတ်

ဗြိတိသျှအစိုးရသည် ကျွန်ုပ်တို့မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်စိုးထားနိုင်သော်လည်း ရဟန်းရှင်လူပြည်သူအများက ၎င်းတို့အား မနှစ်မြို့ကြချေ။ 'သခင်အားရ ကျွန်ဝမ်းဝ' ဟုဆိုအပ်သော လက်ပါးစေအမှုထမ်း အရာထမ်းအချို့မှအပ ပြည်သူလူထုအများစုကမူကား အခွင့်သာလျှင် သာသည့်အလျောက်ဗြိတိသျှအစိုးရအား မလိုလားကြောင်း ထုတ်ဖော်ဆန္ဒပြခဲ့ကြရာတွင် လူငယ်ကျောင်းသားထု၏အသံမှာ အကျယ်လောင်ဆုံးဖြစ်ပေ၏။ ပညာတတ်များ ဖြစ်သည့်အလျောက် ကျောင်းသူ၊ ကျောင်းသားများသည် ကျူးကျော်သိမ်းပိုက်ခံရသော ပြည်ထောင်စုသားအပေါင်း၏ခံစားချက်များကို တင်ပြခွင့်ရရှိရေး အနည်းနည်းအဖုံဖုံ ကြိုးပမ်းခဲ့ကြ၏။ ဗြိတိသျှအုပ်ချုပ်သူတို့ကမူ ပြည်သူလူထု၏ခံစားချက်များကို ခပ်မဆိတ် နေခဲ့ကြ၏။ ပြည်သူတို့အနေနှင့် သူတို့အား အံတုနိုင်လိမ့်မည်ဟု စိုးစဉ်းမျှပင် သံသယမဝင်သောကြောင့် အရေးတယူ အလေးမမူခဲ့ကြခြင်းဖြစ်ပေမည်။

ကိုလိုနီခေတ်တွင် မြို့ပြကျေးရွာများမှာ ငြိမ်းငြိမ်းချမ်းချမ်းရှိစမြဲ ဖြစ်သည်။ အိမ်တံခါးကိုဟင်းလင်းဖွင့်ပြီး အိပ်နိုင်သည်ဟု ပြောစမှတ်ပြုကြ၏။ ညအချိန်မတော်လည်း ခရီးသွားနိုင်သည်။ ညဘက် ခရီးသွားလျှင် လမ်းဘေးတွင် ပုပင်ကြောင့်ကြကင်းစွာ အိပ်နေသူများကိုပင် တွေ့ရလေ့ရှိသည်ဟု ပြောဆိုကြပါ၏။

အစိုးရဝန်ထမ်းများ၏လစာကလည်း မယုံကြည်နိုင်ဖွယ် နည်းပါးလှပါ၏။ ရဲသားတစ်ယောက်လစာက ၁၈ကျပ်ခန့်ဖြစ်ပြီး အလုပ်သင်စာရေး တစ်ယောက်၏လစာမှာ ၄၈ကျပ်မျှသာ ရှိသည်။ ဒု-လက်ထောက်ဆရာဝန် LMP

www.burmeseclassic.com

www.burmeseclassic.com



က တစ်လလျှင် ၂၅၀ ကျပ်ရပြီး လက်ထောက် ဆရာဝန် MBBS က တစ်လလျှင် ၃၅၀ကျပ်ရသည်။ အထက်တန်းပြကျောင်းဆရာတစ်ဦး၏ လစာငွေမှာ ၂၀၀ ကျပ်မျှသာ။

## • ကျွန်ုပ်၏မွေးရာဇာတိ

### နောက်ခံသမိုင်းကြောင်း

ကျွန်ုပ်၏မွေးရပ်ဇာတိကား မြန်မာနိုင်ငံအရှေ့တောင်ဘက် ကမ်းမြောင်ဒေသရှိ တနင်္သာရီတိုင်း၊ ထားဝယ်မြို့ဖြစ်သည်။ ရှေးခေတ်က မြန်မာဘုရင်နှင့်ယိုးဒယားဘုရင်တို့ စစ်ခင်း၍စားကျက်လုရာအရပ် ဖြစ်သည်ဟု အဆိုရှိ၏။ ထားဝယ်ခရိုင်အရှေ့ဘက်ခြမ်းတွင် ယိုးဒယားသွားရန် အတိုဆုံးဖြတ်လမ်းရှိသည်။ ထားဝယ်သည် မြန်မာမင်းများလက်ထက်က ယိုးဒယားသို့ စစ်ချီလျှင် စစ်သည်များကွန်းထောက်ရာစခန်း ဖြစ်ခဲ့ဖူးယ်ရှိသည်။ ယိုးဒယားတို့ကလည်း ထားဝယ်ကို အကြိမ်ကြိမ် ထိုးဖောက်ဝင်ရောက် တိုက်ခိုက်ကြပြီး အခြေမလှသည့်အခါ ပြန်လည် ဆုတ်ခွာမြဲဖြစ်သည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် ဗြိတိသျှတို့က ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့ကို သိမ်းပိုက်ခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့ ဒေသများသည် ဗြိတိသျှတို့၏ဩဇာသက်ရောက်မှုကို အစောဆုံး တွေ့ကြုံခဲ့ကြသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ပြီးလျှင် ထားဝယ်သည် မြန်မာနိုင်ငံ၏ ပဉ္စမအကြီးဆုံးမြို့ ဖြစ်၏။ မှတ်သားဖွယ်ကောင်းသည်မှာ ထိုစဉ်အခါက ထားဝယ်သည် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအရ ကျိုက်ခမိတိုင်း၏ လက်အောက်တွင် ကျရောက်ပြီး တိုင်းမင်းကြီးကလည်း ကျိုက်ခမိမှာ ရုံးစိုက်ခြင်းဖြစ်၏။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တနင်္သာရီတိုင်း၏မြို့တော်မှာ မော်လမြိုင်ဖြစ်၍ မွန်ပြည်နယ်ဟုသီးခြား သတ်မှတ်သည့်အခါမှသာ ထားဝယ်မြို့သည် တနင်္သာရီတိုင်း၏မြို့တော် ဖြစ်လာပါတော့သည်။

### ပထဝီသွင်ပြင်လက္ခဏာများ

ထားဝယ်မြို့သည် အနောက်ကိုလားသော်ဘင်္ဂလားပင်လယ်အော်၊ အရှေ့ကိုလားသော် ထိုင်းနိုင်ငံ၊ ဤနယ်နိမိတ်နှစ်ခုအကြား ကျဉ်းမြောင်းသော တနင်္သာရီကမ်းမြောင်တွင်တည်ရှိ၍ အရှေ့မှ အနောက်သို့ အကျယ်အားဖြင့် ၄၈မိုင်ခန့်ရှိ၏။ တောင်စဉ်တောင်တန်းများက ပင်လယ်ကမ်းရိုးတန်းနှင့်အပြိုင် မြောက်မှတောင်သို့သွယ်တန်း နေရာယူထားသဖြင့် စိုက်နိုင်ပျိုးနိုင်သောပြန့်ပြန့်ပြူးပြူးမြေနေရာ များစွာမရှိပေ။ အမှန်စင်စစ် မြို့ပတ်ပတ်လည် တောင်တွေဝိုင်းနေ၏။ ထားဝယ်မြစ်သည် တောင်စဉ် တောင်တန်းများပေါ်မှ ရွှံ့နွံထုထပ်သော ရေများကိုသယ်ဆောင်ပြီး မြို့အနောက်ဘက်ခြမ်းကိုဖြတ်၍ ပင်လယ်ထဲသို့ စီးဝင်သည်။ ထားဝယ်၏အနောက်ဘက် ပင်လယ်ကမ်းရိုးတွင်ကား ရောက်ဖူးသူတိုင်း ရင်သပ်ရှုမော အံ့ဩမဆုံးအောင် သာယာလှပသည့် ၆မိုင်ခန့် ရှည်လျားသော နာမည်ကျော် မောင်းမကန်ကမ်းခြေ ဖြစ်ပါသတည်း။

### လမ်းပန်းဆက်သွယ်ရေး

ထားဝယ်မြို့၏မြောက်ဘက် မိုင်၁၀၀ ခန့်တွင် တည်ရှိသော ရေးမြို့သို့သွားသည့်လမ်းမှာ 'မလွဲ'တောင်ကြောတစ်လျှောက် ကွေ့ပတ်ပြီး ဖောက်လုပ်ထားသောလမ်းဖြစ်၍ ဆယ့်နှစ်ရာသီ အန္တရာယ်များပါဘိ။ 'ရေး'မရောက်မီ ၄၈မိုင်ခရီးမျှသာ မြေပြန့်ရှိသည်။ ကျန်ခရီးတစ်လျှောက်လုံး မြင့်မားသော တောင်စဉ်တောင်တန်းများကိုကွေ့ပတ်၍ မတ်စောက်သော အန္တရာယ် ချောက်ကမ်းပါးများကို ကျော်ဖြတ်သွားရခြင်းဖြစ်ရကား ငုံ့ကြည့်မိလျှင် ခေါင်းပင် မူးနိုင်သည်။ ယခုအခါ ရေးမြစ်ကိုဖြတ်၍ တံတားဆောက်ထားပြီး ဖြစ်သော်လည်း ထိုစဉ်ကမူ ကူးတို့လှေဖြင့် ကူးရသည်။ ရေးမြို့ကား မြန်မာ့မီးရထားလမ်း စတင်ရာဖြစ်ပါ၏။

ထားဝယ်၏တောင်ဘက် မိုင် ၁၅၀ ခန့်တွင် မြိတ်မြို့ တည်ရှိသည်။ ထားဝယ်-မြိတ်ကားလမ်းမှာ တစ်စိတ်တစ်ဒေသမျှလောက်သာ ချောမွေ့သော ကျောက်ခင်းလမ်းဖြစ်၍ ကျန်သောလမ်းခရီးတလျှောက် ဖုထစ်ချိုင့်ခွက်များရှိသောကြောင့် ကားစီးရသည်မှာ လှိုင်းစီးရသကဲ့သို့ပင်၊ ရေစီးသန်သော မြစ်ချောင်း(၅)ခုခန့်ကို ဖြတ်ကျော်ရာ ခရီးသည်တင်ကားကို ဖောင်ပေါ်တင်၍ ကူးရခြင်းဖြစ်၏။ တောင်ဘက်ဆုံးတွင် နောက်ဆုံးအကြိမ် ကူးတို့လှေစီးပြီးမှ မြိတ်သို့ရောက်သည်။ ယနေ့မူ အဆိုပါ မြစ်ချောင်းအားလုံးကို တံတားများ ဆောက်လုပ် ဆက်သွယ်ထားပြီး ဖြစ်နေပါပြီ။

ထားဝယ်မြစ်ကမ်းတွင်တည်ရှိသော ထားဝယ်မြို့ကို ပင်လယ် ရေကြောင်းမှ ရောက်နိုင်သည်ဆိုသော်ငြားလည်း ထိုစဉ်က ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ပီနန်နှင့် စင်္ကာပူအထိ ပြေးဆွဲသော ဗြိတိသျှအိန္ဒိယ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှ ကမ်းရိုးတန်းသွားသင်္ဘောများမှာမူ ဆိုက်ကပ်နိုင်ခြင်းမရှိချေ။ မည်သို့ပင်ဆိုစေကာမူ ကမ်းရိုးတန်းသွားသင်္ဘောများသည် တစ်ပတ်လျှင် ၃ ရက် ပုံမှန်ခရီးစဉ်ရှိပါသည်။

**ပညာရေး**

သာသနာပြုကျောင်း နှစ်ကျောင်းရှိသည့်အနက် အထက်တန်းကျောင်း မှာ ကရင်လူမျိုးများအတွက် အဓိကဖြစ်ပြီး အလယ်တန်းကျောင်းမှာကား အမေရိကန်သာသနာပြုအဖွဲ့က မိဘမဲ့ကလေးများအတွက် ဖွင့်လှစ်ထားခြင်းဖြစ်၏။ ဤကျောင်းများကို အာဏာပိုင်များနှင့် ခရစ်ယာန် သာသနာပြုအဖွဲ့တို့က ကမကထ ပြုလုပ်၍ ဗြိတိသျှ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်စေဖို့ ရှေးရှုတည်ထောင်ကြခြင်း ဖြစ်ဟန်ရှိပါသည်။

မြို့နေလူထုအတွက် အင်္ဂလိပ်မြန်မာအစိုးရ အထက်တန်းကျောင်း တစ်ကျောင်းရှိရာ (၃)တန်းမှ (၁၀)တန်းအထိ ပညာသင်ကြားနိုင်သည်။ ကျောင်းသူကျောင်းသားများမှာ ထားဝယ်မြို့နယ် အနီးပတ်ဝန်းကျင်မှ ပညာရှာမှီးလိုသူများပင်ဖြစ်၏။ ဒေသခံလူများစုမှာကား ဘုန်းတော်ကြီးကျောင်းများတွင် အခြေခံ အရေးအဖတ် အတွက်အချက် သင်ယူကြခြင်းဖြစ်ပေ၏။

ကိုလိုနီပညာရေးစနစ်ကို ကန့်ကွက်သော သမိုင်းဝင် ထင်ရှားကျော်ကြားလှသည့် အထွေထွေကျောင်းသားသပိတ်ကြီးအပြီးတွင် နိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားကျောင်းများ ထွန်းကား ပေါ်ပေါက်လာခဲ့သည်။ အကျိုးဆက်အားဖြင့် ထားဝယ်တွင်လည်း ခုနစ်တန်းအထိ သင်ပေးနိုင်သော အမျိုးသားအလယ်တန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ရာ ယောကျ်ားလေးကျောင်း တစ်ကျောင်း၊ မိန်းကလေးကျောင်း တစ်ကျောင်းဖြစ်ပါသည်။

ကိုလိုနီပညာရေးစနစ်သည် အထက်တန်းပညာပေးရန် ရည်မျှော်ခြင်းမရှိသည့်အားလျော်စွာ အထက်တန်းစာမေးပွဲအောင်သော ကျောင်းသူ၊ ကျောင်းသားအများစုသည် မိသားစုဝမ်းရေး စိတ်အေးရစေရန် ဝင်ငွေဖူလုံသည့် အစိုးရအမှုထမ်း ဝင်လုပ်လိုက်ခြင်းဖြင့် ပညာရေး လမ်းဆုံးသွားကြလေ့ရှိသည်။ ဆယ်တန်းအောင်ချက်ကလည်း နည်းလွန်းလှသဖြင့် ဘွဲ့ရဆိုသည်မှာ ရှားလှပါဘိတောင်း။



**သတ္တုတူးဖော်ရေးလုပ်ငန်း**

ထိုစဉ်ထိုအခါက ထားဝယ်မြို့သည် အဖြိုက်နက်နှင့် ခဲမဖြူ ထွက်၍ လူသိများ ကျော်ကြားခဲ့သည်။ ကွန်ပ်မှတ်မိသမျှ Consolidation Tin Mines of Burma, Tavoy Tin Dredging, High Speed Co: စသည်ဖြင့် ဥရောပကုမ္ပဏီအများအပြားရှိသည်။ အဖြိုက်နက်နှင့် ခဲမဖြူတို့ကို တောင်ကြောများမှ စက်မှုနည်းပညာဖြင့် ထုတ်ယူကြခြင်းဖြစ်၏။ ထားဝယ်ရှိ ခဲမဖြူအရိုင်း ထုတ်ယူသောစက်ကြီးတစ်ခုမှာ မလေးရှားနိုင်ငံရှိ စက်များထက်ပင် ပိုကြီးရုံသာမက အရှေ့တောင်အာရှ၌ အကြီးဆုံး ခဲမဖြူ တူးဖော်ထုတ်ယူသောစက် ဖြစ်ကြောင်း သိရပါသည်။

ထားဝယ်မြို့ပေါ်တွင် ဥရောပတိုက်သား အများအပြားကို တွေ့မြင်ရလေ့ရှိသည်။ အချို့မှာ သတ္တုတွင်းတူး အလုပ်သမားများဖြစ်၍ အချို့မှာ အုပ်ချုပ်ရေးဝန်ထမ်းများ ဖြစ်ကြသည်။ Mr and Mrs Lee ဟုခေါ်ကြသော ဇနီးမောင်နှံနှစ်ဦးတို့သည် မောင်းမကန်တွင် နေကြပြီး ထားဝယ်ကို နေ့စဉ်ခေါက်တုံ့ခေါက်ပြန် ကူးသည်။ ထိုစဉ်က မောင်းမကန်ရောက်ရန် ထားဝယ်မြစ်ကို ကူးတို့ဖြင့် ကူးရပါ၏။

ဒေသခံ သတ္တုတွင်းပိုင်ရှင်အချို့ကို အသေးစားသတ္တုတူးဖော် ထုတ်ယူခွင့်ပေးထားပြီး၊ ဥရောပကုမ္ပဏီကြီးများသို့ ပြန်လည် ရောင်းချစေသည်။ ဒေသခံ သတ္တုတူးဖော်ရေးလုပ်ငန်းရှင်အချို့ကလည်း သတ္တုရိုင်းများကို စင်္ကာပူသို့ တိုက်ရိုက် တင်ပို့ရောင်းချကြ၏။

**စိုက်ပျိုးရေးလုပ်ငန်း**

ရော်ဘာ

ထားဝယ်ခရိုင်အတွင်း ရော်ဘာပင် အမြောက်အမြား စိုက်ပျိုးကြသည်။ ကားလမ်းဝဲယာ၌ ရော်ဘာပင်များ စီတန်း၍ စိုက်ထားသည်မှာ တစ်မျှော်တခေါ်ပင်။ နံနက်ဆိုလျှင် လုပ်သားများက ရော်ဘာပင်၏ပင်စည်ကို ဓါးနှင့်ထစ်ပြီး ရော်ဘာစေး ခံကြသည်။ ရော်ဘာစေးကို မြေအိုးဖြင့်ခံပြီး စုဆောင်းရရှိသော ရော်ဘာစေးများကို ရော်ဘာအပြားကြီးဖြစ်အောင် ခါတုဗေဒနည်းဖြင့် ဗိမ်ရသည်။ ၎င်းရော်ဘာများကို စင်္ကာပူမှတဆင့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆီထွက်အုန်း

ဥရောပစိုက်ပျိုးရေးလုပ်ငန်းရှင်များသည် ရေး-ထားဝယ် ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ဆီထွက်အုန်းပင်များ စတင် စိုက်ပျိုးခဲ့ကြသည်။ အဓိကရည်ရွယ်ချက်မှာ ဆပ်ပြာချက်ရန် ဖြစ်၏။ နာမည်ကျော် Palmolive သည် ဆီထွက်အုန်းမှ ထုတ်လုပ်သော ဆပ်ပြာဖြစ်သည်။ ၄င်းဆီကို ချောဆီထုတ်လုပ်ရန်လည်း အသုံးပြုနိုင်သည် ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ ၄င်းဆီကို စားသုံးရန်အတွက် ထုတ်လုပ်ခြင်းမဟုတ်ရကား စားသုံးဆီအဖြစ် လုံးဝ အသုံးမပြုခဲ့ကြချေ။

## ကုန်သည်အသိုင်းအဝိုင်း

ထားဝယ်၌ ချမ်းသာကြွယ်ဝသော သတ္တုတွင်းပိုင်ရှင်များ၊ ကုန်သည်ကြီးများသာမက ကုန်တိုက်ပိုင်ရှင်များပါ နေထိုင်ကြသည့်အားလျော်စွာ စားသုံးကုန်အမျိုးမျိုး၊ ယမကာအမျိုးမျိုး၊ စီးကရက်၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အဝတ်အထည်များပါမကျန် အစုံအလင် ရောင်းချသည့် ကုန်တိုက်ကြီးများကို တွေ့မြင်နိုင်သည်။ ထိုစဉ်က ထားဝယ်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သောမြို့ဖြစ်ရကား ရိုးကုမ္ပဏီကဲ့သို့ အကျော်ဇေယျကုန်တိုက်ကြီးများတွင် ခေတ်ပေါ်ပစ္စည်းအမျိုးစုံကို လက်ငင်းဝယ်လို့လည်းရသည်။ အကြွေးစနစ်ဖြင့် ဝယ်လို့လည်းရသည်ဟု ထားဝယ် မြို့သူမြို့သားများက ဂုဏ်ယူ ပြောဆိုလေ့ရှိခဲ့ကြပါသည်။

## စီးပွားရေး

စီးပွားရေးသမား ကုန်သည်အများစုမှာကား တရုတ်၊ ကုလား များပင်ဖြစ်ကြ၏။ ကုလားလူမျိုး စိန်ကုန်သည် ရွှေကုန်သည်များနှင့် တရုတ်လူမျိုးကုန်သည်များကို နေရာတကာ ဥဒဟို တွေ့မြင်ကြရပြီး သူတို့ကပင် စီးပွားရေးလောကကို စိုးမိုးချယ်လှယ် နေကြခြင်းဖြစ်၏။ မြို့လယ်ခေါင်ရှိ ယိုးဒယားလမ်းမကြီးမှာ အရောင်းအဝယ် အစည်ကားဆုံးနေရာ ဖြစ်၏။ လမ်းဘေး တစ်ဖက်တစ်ချက်မှာ လက်ဖက်ရည်ဆိုင်များ စားသောက်ဆိုင်များ၊ ကုန်တိုက်များ တန်းစီနေသည်။ စင်စစ် ထားဝယ်သည် စီးပွားရေးဖွံ့ဖြိုးသော မြို့တစ်မြို့ဖြစ်ခဲ့ပါ၏။



စစ်မက်ဖြစ်ပွားသည့်အခါတိုင်း အဖြိုက်နက်ဈေး ထိုးတက်သဖြင့် ဒေသခံများ စီးပွားရေး အဆင်ပြေကြခြင်းဖြစ်၏။ ပထမကမ္ဘာစစ် ဖြစ်ပွားစဉ်ကလည်း ထားဝယ်မြို့ စီးပွားရေးတက်ခဲ့သည်။ ကိုးရီးယားစစ်ဖြစ်စဉ်က အဖြိုက်နက်ဈေး မတန်တဆ ထိုးတက်သွားပုံကို ကျွန်ုပ် ကိုယ်တိုင် ဒိဋ္ဌကြုံခဲ့ဖူးသည်။ ထိုစဉ်က ထားဝယ်တစ်မြို့လုံး ရွှေပန်းတိမ်ဆိုင်များ မှိုလိုပေါက်လာခဲ့ပြီး မသိနားမလည်သည့် သတ္တုတွင်းလုပ်သားတို့ကို ကလိန်ကျခဲ့ကြသည်။ အလုပ်သမားများသည် မစစ်မှန်သော ရွှေထည်ပစ္စည်းများကို ဝယ်ယူစုဆောင်းကာ စစ်ပြီး၍ ငြိမ်းချမ်းရေး ရသည့်အချိန်တွင် ပြန်လည်ထုခွဲ ရောင်းချကြသောအခါ 'မိဘေးနှစ်ခါနာ' အဖြစ် ကြုံခဲ့ကြရရှာ၏။

## ထားဝယ်မြူနီစီပယ်ဈေးကြီး

မြူနီစီပယ်ဈေးကြီးကို ဈေးဆိုင်အမျိုးမျိုး ခင်းကျင်း ရောင်းချနိုင်အောင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရွှေးကောက် တင်မြှောက်ခံရသည့် ဒေသန္တရအစိုးရဝန်ထမ်းများက ဈေးနှင့် ရပ်ကွက်များမှ အမှိုက်သိမ်းသော အလုပ်ကို တာဝန်ယူလုပ်ဆောင်ကြ၏။ ရောင်းမကုန်၍ စုပုံထားသော ငါးမုန့်များကို မြူနီစီပယ်အလုပ်သမားတို့ စွန့်ပစ်ရန် လှည်းဖြင့်သယ်သွားကြသည်ကို မကြာခဏ တွေ့မြင်ရ၏။ နေ့စဉ် ညနေ ၄နာရီ ခန့်တွင် မြူနီစီပယ် ရေကားရောက်လာပြီး လမ်းများ ဖုန်မထစေရန် ရေဖျန်းပေးသည်။ မိုးကျသောအခါ မြောင်းများရေမလျှံစေရန် နှစ်စဉ်နှစ်တိုင်း မတ်လရောက်လျှင် လူနေရပ်ကွက်များရှိ ရေမြောင်းများကို ဖော်ရသည်။ စုပေါင်း သန့်ရှင်းရေး လုပ်ကြသည်။

## တဆောက်အဦများ

တိုက်တာနှင့်နေနိုင်သော လူချမ်းသာများမှအပ လူများစုကမူ ရေနံချေး ဝအောင်သုတ်ထားသော ပျဉ်ထောင်အိမ်များမှာ နေထိုင်ကြ၏။ ယိုးဒယားလမ်းအပါအဝင် မြို့လယ်ခေါင်ကို ဖြတ်သွားသည့် လမ်းမကြီးနှစ်ခုသာလျှင် အရှေ့မှအနောက် ဖြောင့်ဖြောင့်တန်းတန်း ရှိသည်။ အခြားလမ်းငယ်လေးများမှု စနစ်တကျမဟုတ်ဘဲ ဖြစ်သလို ဖောက်လုပ်ထားခြင်းသာဖြစ်၏။ ရပ်ကွက်အတွင်းရှိ လမ်းကျဉ်းကလေးများမှာမူ ကိုယ်ပိုင်ခြံဝန်းများကို ကွင်းရှောင်၍ ကွေ့ကွေ့ကောက်ကောက် ဖောက်ထားရသောကြောင့် ဖြောင့်ဖြောင့်တန်းတန်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ လမ်းများကို ကျောက်စရစ်ခင်းထားပြီး မြူနီစီပယ်က နှစ်စဉ်ပြုပြင် ထိန်းသိမ်းပေးပါသည်။

## လျှပ်စစ်မီး ၊ ရေပေးဝေခြင်း နှင့် မိလ္လာသိမ်းစံနစ်

ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ညနေ၆နာရီမှ နံနက်၆နာရီထိ လျှပ်စစ်မီး ပေးပါသည်။ မီးတစ်ပွင့်လျှင် ပုံသေ ၅ ကျပ်နှုန်း ကောက်သည်။ လမ်းဘေး မီးတိုင်များမှာ သစ်သားတိုင်များ ဖြစ်သည်။ ညအခါ လမ်းပေါ်တွင် ပိုးစုန်းကြူ အလင်းရောင်မျှတော့ ရပါ၏။

အများပြည်သူကို ရေပေးဝေသည့်စနစ် မရှိပါ။ အိမ်တိုင်း အိမ်တိုင်း တွင် ၁၅ပေ၊ ပေ၂၀ခန့် နက်သော ရေတွင်းများ တူးထားကြသည်။ အိမ်သာ များကမူ ပုံးအိမ်သာစနစ်ဖြစ်သောကြောင့် ပုံးထဲတွင် မိလ္လာများ လျှံလျှင် အနီး အနားရှိ ရေတွင်းထဲသို့ စိမ့်ဝင်နိုင်သည်။ ကာလဝမ်းနှင့် အူရောင်ငန်းဖျား ရောဂါများ ကပ်ရောဂါအသွင် ကူးစက်ခြင်းကို ကာကွယ်ရန် နှစ်စဉ်နှစ်တိုင်း မိုးမကျမီ ရေတွင်းများကို ကလိုရင်းဆေးမှုန့် ဖျန်းပေးလေ့ရှိသည်။ မိုးတွင်း၌ ပတ်ဝန်းကျင်ရေများ စိမ့်ဝင်ခြင်းကြောင့် ရေတွင်းများတွင် ရေခပ်သောအခါ တိမ်တိမ်လေးသာ ခပ်ရပါတော့၏။

မြူနီစီပယ်က မိလ္လာသိမ်းရန် ကုလားအလုပ်သမားများ ခန့်ထား၏။ ည(၁၀)နာရီခန့်ဆိုလျှင် မီးရောင်ဖြိုးဖြိုးဖြောက်ဖြောက်အောက်ဝယ် နွားလှည်း ဖြင့် တိတ်တဆိတ် မိလ္လာသယ်နေကြသည်ကို တွေ့မြင်နိုင်သည်။ လူအများ ကမူ မိလ္လာအနံ့ဆိုးရလျှင် ခပ်လှမ်းလှမ်းမှ ရှောင်ကွင်းသွားကြမြဲဖြစ်၏။ မိလ္လာ ကုလားများသည် လူ မမှတ်မိစေရန်နှင့် မစင်နံ့သက်သာစေရန် မျက်နှာကို စည်းထားကြပြီး မပေကျံစေရန် သူတို့၏ခန္ဓာကိုယ်မှာလည်း အဝတ်များ ခြုံထား လေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ဝတ္တရားမပျက် ညစဉ် လုပ်ကိုင်ပေးကြသည့် မိလ္လာကုလားများကို ကျေးဇူးတင်ဖွယ် ကောင်းပေစွ။ မြို့သူမြို့သားအချို့ကမူ မိလ္လာကုလားများကို ဝမ်းနည်းဖွယ်ရာ လူချင်းမတူ သူချင်းမမျှ နှိမ့်ချ ဆက်ဆံ တတ်ကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ထိုသူများသာ မရှိခဲ့သော် မိလ္လာကိစ္စသည် ဧရာမ ပြဿနာကြီးဖြစ်မှာ မလွဲဧကန်ပင်။



## လူမှုရေးရာအဖြာဖြာ

ရတ်ချည်းကြည့်ပါက ထားဝယ်မြို့ကို အလွန်ရှေးကျပြီး တောဆန် သည်ဟု သတ်မှတ်ကောင်း သတ်မှတ်ကြပေမည်။ သို့ရာတွင် ထားဝယ်လမ်းများ ပေါ်၌ မောရစ်၊ အော်စတင်၊ ချက်ဗလက်၊ ဖို့ဒ် စသည့်ကိုယ်ပိုင် ကားများကို တွေ့မြင်နိုင်ပါ၏။ ယုံကြည်စိတ်ချရသောပုဂ္ဂိုလ်များဆိုလျှင် အကြွေးစနစ်ဖြင့် ထားဝယ်နိုင်သည်။ ကုန်တိုက်ကြီးများကလည်း ထိုပုဂ္ဂိုလ်များကို အကြွေးစနစ် ဖြင့် ရောင်းချပေးလေ့ရှိ၏။ လူတန်းစားဆက်ဆံရေးမှာမူ စည်းကမ်း ကလနား တင်းကြပ်လှသည်။ ပညာတတ်များကို အထူးအရေးပေးကြ၏။ ငွေကြေးချမ်း သာသူများကိုပင် ပညာတတ်များနှင့် တန်းတူ သဘောမထားကြချေ။

ဆယ်တန်းစာမေးပွဲကား အမှန်ပင်ကြီးမားသော အဟန့်အတား ဖြစ် ၏။ အောင်ရန် ခက်ခဲလှ၏။ အောင်ချက်ကလည်း ဆယ်ရာခိုင်နှုန်းအောက်မှာ သာရှိသည်။ ၁၀တန်းကို (A)အဆင့်နှင့်အောင်မှသာ တက္ကသိုလ်တက်ခွင့်ရ၏။ (B) အဆင့်နှင့် အောင်သူများမှာ အစိုးရအမှုထမ်း ဝင်လုပ်နိုင်သော်လည်း၊ တက္ကသိုလ်တက်ခွင့်မရ။ အစိုးရအမှုထမ်း ဝင်လုပ်ပါက တစ်ဆင့်ပြီးတစ်ဆင့် ရာထူးတိုးတက်နိုင်သော အခွင့်အလမ်းတော့ရှိသည်။ တက္ကသိုလ်ဘွဲ့ရများ ရှားပါးလှသောကြောင့် မိန်းမပျိုလေးများနှင့် သမီးရှင်များကြားဝယ် အထူး စန်း ပွင့်ကြသည်။ မည်သည့်အခါမျှ ငွေကြေးဥစ္စာကို ပညာနှင့်တန်းတူ မသတ်မှတ် ကြပေ။ ဘွဲ့ရသူများကလည်း အမှုထမ်းလောကဝင်ရန် BCS ရဖို့ လုံးပန်းကြ ရပြန်သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် BCS ရဖို့ကလည်း အလွန် ခက်ခဲရကား ဘွဲ့ရအလုပ်လက်မဲ့များ ထွက်ပေါ်လာပြန်၏။ ဤအချက်သည် ပင် ဗြိတိသျှကိုဆန့်ကျင်ရာ၌ ပညာတတ်များ ဦးဆောင်ပါဝင်လာရသည့် အကြောင်းရင်းတစ်ခု ဖြစ်ကောင်းဖြစ်ဖွယ် ရှိပါ၏။

## ထားဝယ်စကား

လူအများစုက ထားဝယ်စကားသည် မြန်မာစကားနှင့်မတူဟု ယူဆ ကြသော်လည်း ကျွန်ုပ်ကမူ ဤကဲ့သို့မယူဆပါ။ တနင်္သာရီ ကမ်းမြောင်တွင် တည်ရှိသော ကျွန်ုပ်၏မွေးရပ်မြေမှာ ရှေးခေတ် မြန်မာစစ်သည်တို့ ယိုးဒယား သို့စစ်ချီလျှင် စခန်းချရာအရပ်ဖြစ်ရကား စစ်ပြီးသောအခါ ဤဒေသတစ်ဝိုက် တွင် မြန်မာစစ်သည်အများအပြား ကျန်ရစ်ခဲ့ဖွယ်ရှိသည်။ ထားဝယ်သူထားဝယ် သားတို့၏ နေ့စဉ်ပြောစကားသည် ပုဂံကျောက်စာတွင် ရေးထိုးထားသည့် အသုံး

www.burmeseclassic.com

www.burmeseclassic.com



အနှုန်းများနှင့် တစ်ထပ်တည်းလိုလို ဖြစ်နေခြင်းသည်ပင်လျှင် ကျိုးကြောင်း ခိုင်လုံသောသာဓက မဟုတ်ပါလော။ ထားဝယ်ကိုကျော်၍ ရေးမြို့ရောက်လျှင် မြန်မာစကား၊ မွန်စကားတို့ကိုသာ ပြောဆိုကြ၏။ မြိတ်သူမြိတ်သားတို့ကမူ ထားဝယ်စကားနှင့် မြန်မာစကားတို့ ရောပြွန်း၍ သုံးနှုန်း ပြောဆိုနေကြခြင်းဖြစ်၏။

ထားဝယ်၌ ကိုယ်ပိုင်အက္ခရာနှင့် စာပေမရှိသဖြင့် မြန်မာစာကိုသာလျှင် ရေးသားကြပါသတည်း။

အခန်း(၂)

## ကျွန်ုပ်တို့နေအိမ်

### တည်နေရာ

ကလေးဘဝတွင် ကျွန်ုပ် အစောဆုံးမှတ်မိသောအရာမှာ ကျွန်ုပ်၏ မိသားစုနှင့်ကျွန်ုပ်တို့ အတူတကွနေထိုင်ကြီးပြင်းခဲ့ရာ ကျွန်ုပ်တို့၏အိမ်ကြီးပင် ဖြစ်သည်။ မွေးချင်းများသော ကျွန်ုပ်တို့၏မိသားစုသည် ရံဖန်ရံခါ အချင်းချင်း ခွန်းကြီးခွန်းငယ် ငြင်းခုန်စကားများခြင်းမျိုး ရှိတတ်ကြလင့်ကစား တစ်ဦးနှင့်တစ်ဦး အထူးပင် ချစ်ခင်၍ သံယောဇဉ်ကြီးကြပါ၏။

ကျွန်ုပ်တို့၏အိမ်မှာ ထားဝယ်မြို့ဇရစ်ရပ်ကွက်ရှိ ပျဉ်ထောင်အိမ်ကြီးတစ်လုံးဖြစ်၍ ခြံဝန်းက အတော်ကျယ်ပါသည်။ ထိုစဉ်အချိန်က အသက်အားဖြင့်(၈)နှစ်ခန့်ရှိသော ကျွန်ုပ်သည် ဖြစ်ပျက်သမျှကို အတော်အသင့် နားလည်သဘောပေါက် မှတ်မိနိုင်စွမ်းရှိပေသည်။ ဧကဝက်ခန့်ကျယ်သော ကျွန်ုပ်တို့၏ခြံထဲတွင် သရက်ပင်၊ သလဲသီးပင်၊ ပိန္နဲပင် စသည့် နှစ်ရှည်သီးပင်များစွာရှိသည်။ ခြံထောင့်တွင် ရေတွင်းရှိ၏။ ရေတွင်းကို သွတ်မိုးထားပြီး ရေတွင်းပတ်ပတ်လည် သမံတလင်း ခင်းထား၏။

### ရိုးရာနတ် ဘွားဘွားရှင်

ရေတွင်းနားမှာ ကွန်ကရစ်ဖြင့်ဆောက်ထားသော ရိုးရာ နတ်ကွန်းရှိသည်။ တန်ခိုးရှိသော ရိုးရာနတ်ဘွားဘွားရှင်က ပူဇော်ပသရန် ပျက်ကွက်သူများကို 'ခိုက်'အောင် လုပ်နိုင်သည်ဟု အဆိုရှိ၏။ ကျွန်ုပ်တို့ လူလားမြောက်ချိန်၌ သတိပြုမိသည်မှာကား ရုပ်ရှင်ဇာတ်ထုပ်အသစ် တင်သောနေ့၊ နွားဒိုက်ပွဲ လုပ်သောနေ့များတွင် အစစအဆင်ပြေ ချောမွေ့စေရေး လူအများ အားမသိ ရန်မခ

www.burmeseclassic.com

www.burmeseclassic.com



စေရေးအတွက် နတ်ကွန်းသို့လာ၍ ကန်တော့ပွဲပေးကြခြင်းပင်ဖြစ်၏။ ထိုအခါမျိုးတွင် ကန်တော့ပွဲပေးရာ၌ ဦးဆောင်ဦးရွက် လုပ်ပေးရသူကား ကျွန်ုပ်တို့၏ အဘွားပင်တည်း။ နတ်ကွန်း၌ ကန်တော့ပွဲပေးသောနေ့များဆိုလျှင် ကျွန်ုပ်တို့ကလေးတစ်သိုက်သည် ကန်တော့ပွဲကျ အုန်းသီး၊ ငှက်ပျောသီး၊ ကြံ စသည်တို့ အလျှံပယ်စားရသည့်အပြင် ပိုက်ဆံအကြွေများလည်း ရကြသဖြင့် ပျော်ရွှင်မဆုံးတပြုံးပြုံး။ ညအချိန် နတ်ကွန်း၌ ဖယောင်းတိုင်မီး ထွန်းညှိပူဇော်ထားပါက မည်သည့် အမှောင့်ပယောဂ အနှောင့်အယှက်မျှ မဝင်နိုင်ဟု စိတ်ချ ယုံကြည်လျက် အပူအပင်ကင်းစွာ နေနိုင်သည်ဟု ဆိုကြပါ၏။

## အိမ်ပုံစံ

အိမ်မကြီးမှာ နှစ်ထပ်ဖြစ်၍ နောက်ဖေးဘက်ရှိ တစ်ထပ်အဆောက်အဦလေးကို အမိုးအကာပါသောစင်္ကြံန်ဖြင့် ဆက်သွယ်ထား၏။

အိမ်မကြီးအောက်ယပ်ရှေ့မျက်နှာစာ၌ရှိ အခန်းမှာ ဧည့်ခန်းလည်းဖြစ်၊ ကလေးများ၏စာဖတ်ခန်းလည်းဖြစ်၊ အိမ်သူအိမ်သားများစုဝေးရာအခန်းလည်းဖြစ်၏။ မိသားစုအခန်း၏ လက်ဝဲဘက်ထောင့်၌ လှေကားထစ်(၂၀)ခန့် ရှိသောလှေကားရှိ၏။ ဧည့်ခန်းနှင့် စာဖတ်ခန်း၏နောက်တွင် (၁၆)ပေ ပတ်လည်ခန့်ရှိသော အခန်း(၂)ခန်းကို အလယ်အူကြောင်းလှူသွားစင်္ကြံ ၏ တစ်ဖက်တစ်ချက်၌ အခန်းဖွဲ့ထားပါသည်။

အောက်ထပ်မှ လှေခါးအတိုင်းတက်၍ အပေါ်ထပ်ရောက်လျှင် အပေါ်ထပ်မျက်နှာစာ၌ မြင်ကွင်းကောင်းသော ဝရန်တာကို ပက်ပင်း တွေ့ရလိမ့်မည်။ အပေါ်ထပ်ခန်းမကျယ်၏ ညာဘက်ထောင့်တွင် ဘုရားစင်ရှိပြီး ဘယ်ဘက်ထောင့်၌ ကျွန်ုပ်၏အစ်ကို ကိုကြည်စိန်နှင့် ကိုဘသိန်းတင်တို့ နေကြသည်။ သူတို့အတွက် တစ်ယောက်အိပ်ခုတင် (၂)လုံး ရှိသည်။ အပေါ်ထပ်မှာ အခန်း(၂)ခန်း ဖွဲ့ထားရာ ဘယ်ဘက်အခန်းတွင် ကျွန်ုပ်၏အစ်မ ဒေါ်မေကြွေနှင့် ဒေါ်သန်းစုတို့နေကြ၏။ ညာဘက် အခန်းထဲတွင် အစ်ကိုအစ်မများ အသုံးပြုခဲ့ကြသည့် စာအုပ်ဟောင်းများ ကြမ်းပြင်ပေါ်တွင် တောင်လိုပုံနေ၏။ ဤအခန်းကား ကျွန်ုပ်တို့ ဖတ်လိုသည့် စာအုပ်များကို မွှေနှောက်ရှာဖွေရာ စာကြည့်တိုက်ပမာ ဖြစ်ပေသတည်း။

အောက်ထပ် စင်္ကြံ လမ်းအတိုင်း သွားလျှင် ပေ(၃၀)ပတ်လည်ခန့် ကျယ်ဝန်းသော အခန်းကျယ်ကြီးတစ်ခုကိုတွေ့ရမည်။ ထိုအခန်းထဲတွင် ညာ



ဘက်ထောင့်၌ အဘွားဒေါ်ဆိုင်း နေပြီး အဘွား၏ခုတင်ရှေ့ ဘယ်ဘက်ခြမ်း၌ ကျွန်ုပ်တို့ကလေးများ နေသည်။ အဘိုး၏ခုတင်ကြီးတစ်ခုတွင် ကျွန်ုပ်နှင့် ညီမောင်မျိုးအောင်တို့ တိုးဝှေ့ပြီး အိပ်ကြသည်။ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် အခန်း၌ အိမ်ဖော်ကောင်မလေးသုံးယောက်ကို ထားသည်။

ထမင်းစားခန်းနှင့် မီးဖိုဆောင်မှာ တွဲလျက်ဖြစ်သည်။ ကျွန်ုပ်တို့ မွေးချင်းတစ်စုသည် ထမင်းစားပွဲဝိုင်းတွင် လက်ဆုံစားကြသည့်အခါ ရောက်တတ်ရာရာစကားပြောလေ့ရှိ၏။ ထမင်းစားခန်း၏ဘေးရှိ ဝရန်တာ၌ သောက်ရေအိုးစင်ရှိသည်။ ၄င်းဝရန်တာမှ အိမ်အောက်သို့ဆင်းရန် လှေကားရှိ၏။ ကျွန်ုပ်တို့အိပ်ခန်း၏ အောက်တည့်တည့်ရှိ အိမ်အောက်မြေနေရာသည် ကျယ်ကျယ်ဝန်းဝန်း ရှိရုံသာမက အေးအေးလူလူရှိသောကြောင့် ကလေးများ ဆော့ကစားရန် နေရာကောင်းဖြစ်ပါ၏။

အိမ်အောက်တွင် ပေ ၄၀၊ ပေ ၂၀ခန့်ရှိသော သစ်သားခုံကြီးတစ်ခု ပြုလုပ်ထားသည်။ ထိုနေရာတွင် အရောင်အသွေးစုံသော ပိုးချည်ခင် အလိပ်များစွာကို သိမ်းဆည်းထား၏။ အမေသည် ထားဝယ် ပိုးလုံချည်ရက်လုပ်ရန် ရက္ကန်းစင်သို့မပို့မီ ပိုးချည်ခင်များကို ဆေးဆိုးခြင်း၊ ရက်ဖေါက်သွင်းခြင်း၊ အဆင်အသွေး စီစဉ်လျှာထားခြင်း စသော လုပ်ငန်းဆောင်တာများကို ဤနေရာ၌ ပြုလုပ်မြဲဖြစ်၏။

## မိသားစုဝင်များ

ကျွန်ုပ်တို့သည် အိမ်ကြီးတစ်လုံးထဲတွင် စုရုံးနေထိုင်ကြသော မိသားစုကြီးတစ်ခုဖြစ်၏။ မွေးချင်း တစ်ကျိပ်နှစ်ယောက်ရှိရာ ယောက်ျားလေး (၁၀)ယောက် မိန်းကလေး(၂)ယောက် ဖြစ်၏။ အဖေ၊ အမေ၊ ကြီးဒေါ်၊ အဘွားနှင့် အိပ်ဖော်မိန်းကလေး(၃)ယောက်ကိုပါ ထည့်သွင်းရေတွက်ပါက စုစုပေါင်း အိမ်သား (၁၈)ယောက် ရှိသည်။ ညရောက်တိုင်း အိမ်ထဲတွင် လူစုံတက်စုံ ရှိမရှိ ရေတွက်ရခြင်းသည် အမေ၏နိစ္စဓူဝ အလုပ်တစ်ခု။ အိမ်သားအားလုံးစုံစုံစေ့စေ့ရှိမှသာ အမေက အိပ်ရာထဲဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အိမ်၌ မိသားစုရင်းချာများအပြင် ဆွေမျိုးဉာတိနှင့် အလည်အပတ်လာသောမိတ်သင်္ဂဟများ အမြဲမပြတ်ရှိ၏။ ကျွန်ုပ်၏ တစ်ဝမ်းကွဲအစ်ကိုတော်သူ ကိုအောင်ငြိမ်းဆိုလျှင် တစ်အူတုံဆင်း ညီရင်းအစ်ကိုသဖွယ် သတိရအောက်မေ့နေမိပါသည်။ ကျွန်ုပ်၏မိဘများက ကိုအောင်ငြိမ်းအား ပညာသင်ပေးရုံမက သတ္တုတွင်းမှာ အလုပ်ပေး ထားသည်။ အမေသည် စီးပွားရေးချို့ငဲ့သော အစ်ကိုကြီးက မွေးသည့် သူ၏တူကို 'ဉာတကာနဉ္စ သင်္ဂဟော' ဟူသော မင်္ဂလာတရားတော်နှင့်အညီ ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းပင် ဖြစ်ပါတကား။

## ဘွားဘွားဆိုင်း

ကျွန်ုပ်တို့မိသားစုထဲတွင် အသက်အကြီးဆုံးပုဂ္ဂိုလ်မှာ အမေ့ဘက်က တော်သည့် အဘွားဒေါ်ဆိုင်းဖြစ်၏။ ဘွားဘွားဆိုင်းသည် အလွန် ပါးရည်နပ်ရည်ရှိပြီး သူမတူအောင် ထူးခြားထက်မြက်လှသည့် အာဂအမျိုးသမီးကြီး ဖြစ်ပေ၏။ စာတစ်လုံးမျှ မတတ်သော်လည်း ဈေးတွက်တွက်လျှင် အလွန် မြန်သောကြောင့် ကျွန်ုပ်တို့ကျောင်းသားများ သူနှင့်ပြိုင်လျှင် အမြဲရှုံး၏။ အဘွား ဘယ်လိုများ တွက်လိုက်ပါလိမ့် ဟုသာ တအံ့တသြဖြစ်ရမြဲ။ ဘွားဘွားအကြောင်း ပြောမည်ဆိုလျှင် ထူးခြားဖြစ်စဉ် အမြောက်အမြားရှိသည်။ အမေ၏ အဆိုအရ ဘွားဘွားသည် သူ့ခေတ်သူ့အချိန်မှာ မြို့ မျက်နှာဖုံးတစ်ဦးပေတည်း။ ရပ်ရေးရွာရေး၊ စီးပွားရေး၊ သာရေးနာရေး ကိစ္စအဝဝ သူမပါလျှင်မပြီးချေ။ မြို့မိမြို့ဖများကလည်း အကြောင်းကြီးငယ်ပေါ်ပေါက်သည့်အခါတိုင်း အဖွားထံ ချဉ်းကပ်ပြီး အကြံဉာဏ် တောင်းခံကြမြဲ ဖြစ်သည်ဟုဆို၏။

## အဘွား၏လယ်မြေများ

ထားဝယ်မြစ်အနောက်ဘက်ကမ်းတွင် ဘွားဘွားပိုင်သော လယ်မြေ မြောက်မြားစွာရှိ၏။ အငှားချထားသော လယ်သမားအများစုမှာ အဘွား၏ရွာမှ ဆွေမျိုးသားချင်းများပင် ဖြစ်သည်။ သီးစားခ မှန်မှန်မပေးကြ၍ ပိုက်ဆံတောင်းသည့်အခါများတွင် ကျွန်ုပ်သည် မကြာခဏ ဘွားဘွားနှင့် အဖော်အဖြစ် လိုက်ပါရသည်။ မြစ်ကို ဖြတ်ကျော်ပြီးနောက် လယ်ကွင်းများဆီရောက်သည်အထိ လှည်းလမ်းအတိုင်း ခြေလျင် လျှောက်ရခြင်းဖြစ်၏။ တောင်ဝှေးထောက်ကာ ဖြည်းဖြည်းချင်းလျှောက်ရသောအဘွားကို ကျွန်ုပ်က လမ်းတစ်လျှောက်လုံး



ဖေးမလက်တွဲ၍လည်းကောင်း၊ အဘွားက ကျွန်ုပ်၏ပခုံးကိုအားပြု၍လည်းကောင်း၊ စိတ်ရှည်လက်ရှည် အဖော်ပြုရသည်။

လယ်ထဲရောက်သောအခါ ဘွားဘွားနှင့်လယ်လုပ်သူများသည် တုတ်ထိုး အိုးပေါက် အကျိတ်အနယ် အချေအတင် ပြောဆို ညှိနှိုင်းကြမြဲ ဖြစ်၏။ လယ်လုပ်သူများက စပါးအထွက် မကောင်းသဖြင့် လျှော့ယူရန် ပြောကြလျှင် စပါးအထွက်ကောင်းသည့်အခါ တစ်ပြားတစ်ချပ် ပိုပေးကြမည်မဟုတ်ကြောင်း အဘွားက ကြက်ခေါင်းဆိတ်မခံ ချက်ချင်း ပြန်ပြောသည်။ နောက်ဆုံးကျတော့လည်း အဘွားသည် သူရသင့်ရထိုက်သမျှကို ရရှိမြဲပင်ဖြစ်ပါ၏။

## အဘွားကို ကျီစားမိခြင်း

အဘွားနှင့်ပတ်သက်၍ မမေ့နိုင်သောအဖြစ်အပျက်တစ်ခု ရှိသည်။ အဘွားသည် အစားအသောက်ကို မြန်မာဗိန္ဒောဆရာကြီး ညွှန်းသော ဓါတ်စာအတိုင်း စားသောက်လေ့ရှိ၏။ ရာသီတစ်ခုအတွက် သင့်လျော်မည့် ဓါတ်စာအညွှန်းကို သူ့အိမ်ရှိ ကျောက်သင်ပုန်းတွင် ရေးသားထားသည်ကို သွားဖတ်ရန် ကျွန်ုပ်အား မကြာခဏ စေခိုင်းလေ့ရှိသည်။

တစ်နေ့သ၌ ဓါတ်စာအညွှန်းသွားကြည့်ရန် အဘွားက ကျွန်ုပ်ကို စေလွှတ်ရာ ညီဖြစ်သူ မောင်မျိုးအောင်က အဖော်လိုက်လာလေသည်။ လမ်းခုလတ်၌ ကျွန်ုပ်၏ညီက အကြံရပြီး 'ဓါတ်စာအညွှန်းကြည့်ဖို့ ဝေးဝေးလံလံ သွားနေစရာ မလိုပါဘူးဗျာ၊ ကျွန်တော်တို့ တစ်ခုခု ပြောလိုက်လျှင်ပြီးတာဘဲ၊ အဘွားလည်းသိမှာ မဟုတ်ပါဘူး' ဟုအဆိုပြုသည်။ ကျွန်ုပ်ကလည်း ထိုအကြံကိုသဘောကျ၍ တစ်မုဟုတ်ချင်း သဘောတူလိုက်သည်။ နောက်ကြောင်း ပြန်လှည့်ပြီး အိမ်ကိုရောက်သောအခါ အဘွားအား စိတ်ကူးတည့်ရာဓါတ်စာ တစ်မျိုးပြောလိုက်ကြ၏။ ကျွန်ုပ်တို့ ညီအစ်ကို နှစ်ယောက်မှာ မိမိတို့ပိပိရိရိ လိမ်သည်ကို ပေါ်နိုင်မည်ဟုမထင်ဘဲ ဝမ်းသာကျေနပ်လျက် မေ့မေ့ပျောက်ပျောက် နေလိုက်ကြ၏။

ရက်အနည်းငယ်အကြာတွင် အဘွား၏အသိမိတ်ဆွေ တစ်ယောက် အဘွားထံရောက်လာပြီး စကားစမြည် ပြောကြရင်း ဓါတ်စာအကြောင်း ဆွေးနွေးမိကြလေသည်။ ထိုအခါအဘွားလည်း သူမှီဝဲနေသောဓါတ်စာ မှားယွင်းနေကြောင်းသိသွားလေ၏။ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်၏ လက်ချက်မှန်း ရိပ်စားမိရကား အဘွားက အမေ့ကို ချက်ချင်းတိုင်သည်။ ကျွန်ုပ်တို့ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် တစ်ယောက်လျှင် ၄၊ ၅၊ ၁၀ ချက်စီခန့် ကြိမ်လုံးဖြင့် အရိုက်ခံကြရသည်။ ထိုဖြစ်ရပ်ကြောင့် ကျွန်ုပ်တို့သည် ကျီစယ်နောက်ပြောင်သော အလုပ်မျိုးကို နောက်နောင် မလုပ်ရဲတော့ချေ။

အဘွား၏ အမှတ်အသားကောင်းပုံကလည်း စံတင်ထိုက်ပါ၏။ အဘွား၏ခုတင်ထက်ရှိ သစ်သားတန်းတွင် အနက်ရောင်ထီးပိတ်စဖြင့် သေသေသပ်သပ်ထုပ်ထားသော ထမင်းချိုင့်များကို သူ့အမှတ်အသားနှင့်သူ ချိတ်ဆွဲ၍ သိမ်းဆည်းထားတတ်သည်။ ရံဖန်ရံခါ အမေသည် မမျှော်လင့်ဘဲ ဧည့်သည်ရောက်သဖြင့် ထမင်းဟင်းဝယ်ရန် အဘွား၏ချိုင့်ကို အသိပေးချိန်မရဘဲ အရေးပေါ် ယူသုံးမိတတ်သည်။ ထိုအခါမျိုးမှာ အဘွားက သူ့ပစ္စည်းကို သူ စစ်ဆေး၍ တစ်ခုခုလျော့မှန်း သိသွားပါမူ မိုး မီးလောင်လေတော့၏။

## အဘွား၏ဩဝါဒစကားများ

အဘွားက ကျွန်ုပ်တို့အား လူရှေ့သူရှေ့တွင် နေထိုင်ပြောဆိုတတ်စေဖို့ ဆုံးမသွန်သင်လေ့ရှိ၏။ ရှင်ပြုအလှူမင်္ဂလာပွဲများကို အဘွား၏ကိုယ်စား ကျွန်ုပ်အား စေလွှတ်လေ့ရှိသည်။ ထိုစဉ်က အသက်(၉)နှစ်ခန့်သာ ရှိသေးသော ကျွန်ုပ်မှာ လူစိမ်းများနှင့်တွေ့လျှင် အမြဲပင် ရှက်ကိုးရှက်ကန်း ရှိုးတိုး ရှန့်တန့် ဖြစ်နေတတ်၏။ အလှူ မင်္ဂလာပွဲလာသူများကို အလှူရှင်က ပန်းကန် ခွက်ယောက်စသော လက်ဆောင်ပစ္စည်းများ ကမ်းလေ့ရှိသည်။ လက်ဆောင်ပစ္စည်းကမ်းသောအလှူမဏ္ဍပ်ရှေ့၌ ပရိသတ်များတန်းစီ၍လက်ခံရယူကြခြင်းဖြစ်၏။

တစ်ခါတွင်မူ အလှူပွဲတစ်ခု၌ လက်ဆောင်ပစ္စည်းကမ်းသူက အရေးပါအရာရောက်သူများကို ဦးစားပေးနေရသဖြင့် ကလေးအရွယ်ဖြစ်သော မိမိအား သတိမထားမိဘဲ ကျော်သွားရာ ကျွန်ုပ်လည်း ရှက်ရှက်နှင့် လက်ချည်းသက်သက် ပြန်လာခဲ့ရဖူး၏။ အိမ်ပြန်ရောက်သောအခါ အဘွားက 'ဘာပစ္စည်းကမ်းသလဲ' ဟု မေးရာ ကျွန်ုပ်လည်း ဖြစ်ကြောင်းကုန်စင် ပြန်ပြောရသည်။ ဤတွင် အဘွားက တစ်ခေါက်ပြန်သွားပြီး ကိုယ် ရရမည့် လက်ဆောင်ပစ္စည်း ရအောင်ယူခဲ့ဖို့ အတင်းအကြပ် ပြန်လွှတ်လေသည်။ ကျွန်ုပ်လည်း ရှက်ရှက်ကြောက်ကြောက်ဖြင့် အလှူ မဏ္ဍပ်ကို မသွားချင်သွားချင် နောက်တစ်ခေါက် ပြန်သွားပြီး အကျိုးသင့် အကြောင်းသင့် ပြောပြသောအခါ အလှူရှင်များက လှိုက်လှဲဝမ်းမြောက်စွာပေးသည့် လက်ဆောင်ပစ္စည်းကို ရရှိခဲ့ပါ၏။



ဤအဖြစ်အပျက်ကြောင့် ကျွန်ုပ်အနေဖြင့် ရိပ်စားနားလည် သဘောပေါက်မိသည်မှာကား 'လူတို့သည် ရံဖန်ရံခါ၌ ပတ်ဝန်းကျင်က အလျင်းမသိဘဲ မိမိ၏အတွင်းစိတ်နှင့် မိမိကိုယ်တိုင် ဝိရောဓိ ဖြစ်နေတတ်ကြသည်' ဟူသော အချက်ပင်။

အဘွားဖြစ်သူက ကျွန်ုပ်တို့အား အခါအခွင့်သင့်တိုင်း သွန်သင် ဆုံးမဩဝါဒပေးလေ့ရှိသော်လည်း ကျွန်ုပ်တို့ကလေးများကမူ စာမတတ် ပေမတတ် အဘွားအိုကြီးတစ်ယောက်၏ 'ဝါယောတရား' ဟု သဘောထားလျက် တလေးတစား အရေးမထားခဲ့ကြချေ။ ကျွန်ုပ်တစ်သက်တာ မမေ့နိုင်သော အဘွား၏ စကားနှစ်ခွန်းမှာကား

၁။ 'လူလေး ရဟန်းခံ ရှင်ပြုပွဲတို့ မင်္ဂလာဆောင်ဧည့်ခံပွဲတို့ သွားလျှင် ဘယ်တော့မှ အဝနားမှာ မထိုင်နဲ့။ ရှေ့ဆုံးရောက်အောင်သွားပြီးထိုင်'

၂။ 'လူလေး သူများနှင့်စကားပြောသည့်အခါ သူ့ကို တည့်တည့်ကြည့်ပြီးပြော။ စကားပြောတုန်း မျက်နှာမလွှဲနဲ့။ ဖြစ်နိုင်လျှင် မျက်တောင်တောင် မခတ်နဲ့' တဲ့။

နှစ်ကာလ အတန်ကြာမြင့်၍ အသက်ရလာမှသာ ကျွန်ုပ်သည် အဘွား၏ဩဝါဒစကားများ ဧကန်မှန်ကြောင်း လက်တွေ့ သဘောပေါက်လာခဲ့သည်။ အလှူမင်္ဂလာပွဲသာမက မည်သည့်လူစုလူဝေး၊ အခမ်းအနားများတွင်မဆို နောက်တန်းမှာထိုင်နေလျှင် မိမိ လာရောက်မှန်းကိုပင် မည်သူမျှ သိလိုက်ကြမည်မဟုတ်ပေ။ လူများနှင့် စကားပြောဆိုကြသည့်အခါမှာလည်း ဖြောင့်မှန်သည့် ပုဂ္ဂိုလ်များသာ စေ့စေ့ကြည့်ခြင်းကို ခံနိုင်ရည်ရှိသည်။ လူလိမ်လူညာများမှာမူ စေ့စေ့ကြည့်သည်ကို မခံနိုင်သဖြင့် မျက်လွှာချနေတတ်ကြသည် မဟုတ်ပါလော။

## အဘွား၏နေဝင်ချိန်

အဘွားအား ကျွန်ုပ် အနီးကပ်ကြည့်ရှုခဲ့ရသည့် ၁၉၄၁ ခုနှစ်ခန့်တွင် သူမသည် အိုမင်းမစွမ်းဖြစ်ကာ ယဲ့ယဲ့လေးမျှသာရှိတော့၏။ မျက်စိအလွန်မှုန်သောကြောင့် လူမမြင်ရသော်လည်း သူ့အနားကိုလူလာ၍ ကြမ်း နဲနဲလှုပ်သည်နှင့်တစ်ပြိုင်နက် 'ဟေ့ဘယ်သူလဲ' ဟု အော်ပြီး မေးလေ့ရှိသည်။ အနီးသို့ လူရောက်လျှင် မျက်လုံးကို ညာဘက်လက်ကလေးနှင့်အုပ်ပြီး အနီးကပ်၍ ကြိုးစားပမ်းစား ခက်ခက်ခဲခဲကြည့်သည်။ ထိုအခါ အကြည့်ခံရသူက မိမိအမည်ကို

www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကျယ်ဖြင့် အော်ပြီး ပြောရသည်။ မည်သူမည်တာမှန်း သိသောအခါမှ အလ္လာပ သလ္လာပ စကားပြောလေ၏။

အဘွား၏အသက် နှစ်တစ်ရာအတွင်း ချဉ်းနင်းဝင်ရောက်လာသော အခါတွင် တစ်စတစ်စ ကျန်းမာရေးချို့ယွင်းလာရာမှ လုံးလုံးလျားလျားပင် အပြုစုခံဘဝသို့ ရောက်သွားလေသည်။ ဇရာထောင်း၍ ဆံဖြူ သွားကျိုး မျက်စိ မှိုင်းနားထိုင်းနှင့် ခါးလည်းကိုင်းနေပြီ။ စားသောက်ဖွယ်ရာများကို ပျော့ပျော့ ပျောင်းပျောင်း ချက်ပြုတ်ပေးရသည်။ နွားနို့နှင့်ငါးမှာ မရိုးနိုင်သော အဘွား၏ ပင်တိုင်အာဟာရပင်။ ကွမ်း အလွန်ကြိုက်သော အဘွားအတွက် ကွမ်းသီးကို ညက်အောင် ထောင်းပေးရသည်။ တစ်ရေးနိုးချိန်မှာပင် ထပြီး ကွမ်းမြုံ့နေတတ် သော အဘွား၏ပုံသဏ္ဌာန်ကို ယခုတိုင် မြင်ယောင်နေမိပါ၏။

ညဘက်ရောက်လျှင် အဘွားအနေဖြင့် မြင်ရမည်မဟုတ်သော်ငြား လည်း ရေနံဆီမီးအိမ် အမြဲထွန်းပေးထားရသည်။ ဂျပန်စစ်တွင်းကာလ ဖြစ် ရကား မဟာမိတ်လေယာဉ်များ ဗုံးလာကြဲလျှင် မီးညှိမ်းရန် ဂျပန်တို့က အမိန့် ထုတ်ထားသည်။ မီး မငြိမ်းမိလျှင် ကြီးလေးသောအပြစ် ပေးခံရနိုင်သည်။ တစ်ညသောအခါ လေယာဉ်ပျံတို့၏ တဝီဝီအသံများ တဖြည်းဖြည်း နီးလာ သဖြင့် အဘွား၏အခန်းရှိ ရေနံဆီမီးအိမ်ကို ညှိမ်းလိုက်ရာ အဘွားက 'ဟဲ့--- ငါ့မီးကို ဘယ်သူ ငြိမ်းလိုက်တာလဲ' ဟု ချက်ချင်းအော်ပြီး မေးပါတော့သည်။ ထိုအခါ မည်သူမျှပြန်မဖြေဘဲ တိတ်တိတ်လေးနေကြရပါ၏။

အပြင်းအထန်ဗုံးကြဲသော နေ့များဆိုလျှင် မြေကြီးပင်တုန်ခါနေပြီး ဗုံးကွဲသံများ ပဲ့တင်ထပ်နေတော့၏။ ထိုအခါ အိမ်ရှိဗုံးခိုကျင်းထဲ ပြေးဝင် ပုန်း ခိုကြရသည်။ ကျွေးသမျှစားပြီး ကွမ်းလေးမြုံ့ကာ အိပ်ယာထဲတွင် ပက်လက် ဖြစ်နေရှာသော အဘွားမှာမူ အုန်းအုန်းကျွက်ကျွက် ကမ္ဘာပျက်သည့်ပမာ စစ် ကြီးဖြစ်ပွားနေခြင်းကိုပင် အလျှင်းသိဟန်မတူ။ တစ်ကြိမ်၌ ကျွန်ုပ်သည် အဘွား အား ဗုံးခိုကျင်းထဲသို့ ပွေ့ချီ သယ်ဆောင်မိသည်။ အဘွား၏ တစ်ကိုယ်လုံးမှာ တောင့်တင်းနေပြီး မခံနိုင်အောင် နာသောကြောင့် တကျွတ်ကျွတ် စုတ်သပ် ငြီးတွားလျက် 'ငါ့ကိုမချီနဲ့ အောက်ပြန်ချ၊ အောက်ပြန်ချ' ဟု ဟစ်အော်ရှာ သည်။ ကျွန်ုပ်လည်း ဆူပူကြိမ်းမောင်းရန်းကန်နေသည့်ကြားမှ အဘွားကို ဗုံးခို ကျင်းထဲ မရောက်ရောက်အောင် ချီသွားခဲ့သည်။ ထို့နောက်တွင်ကား ဗုံးများ သဲမဲပြင်းထန်စွာ ကြဲချစေကာမူ အဘွားကို ဗုံးခိုကျင်းဆီသို့ မခေါ်ရဲတော့ပေ။



အသက်(၉၆)နှစ်အရွယ်တွင် အဘွားသည် လူကြီးရောဂါဖြင့် အိပ်နေရင်း ညင်ညင်သာသာ ဘဝတစ်ပါး ပြောင်းသွားခဲ့ပါသတည်း။

**အဘွားဒွေး**

အမေ့တွင် အဒေါ်တစ်ယောက်ရှိ၏။ ဘွားဘွားဆိုင်း၏ ညီမအငယ် ဆုံး ဖြစ်ပြီး အဘွားဒွေး ဟုခေါ်သည်။ အဘွားဒွေးသည် ဘွားဘွားဆိုင်းနှင့်မတူ တစ်မူထူးသူဖြစ်၏။ အလွန် ပျော်ပျော်နေတတ်သည်။ ဘွားဒွေးက ရယ်ရွှင်ဖွယ် ရာ ပုံတိုပတ်စများ ပြောလေ့ရှိသည်။ ထိုအခါမျိုး၌ ကျွန်ုပ်တို့ မောင်နှမတသိုက် ဘွားဒွေးအနားမှာ စုပြုံဝိုင်းအုံကာ သူ၏ ဟာဒယရွှင်ဆေးများကို နားထောင်ရင်း တဟီးဟီးတဟားဟား ဖြစ်နေကြလေတော့၏။ ရယ်သံမောသံ ကျွက်ကျွက်ညံ၍ နားမခံသာသည့်အခါ ဘွားဘွားဆိုင်းက သူညီမကို ပြစ်တင်ကြိမ်းမောင်းလေ၏။

ဘွားဒွေး၏ဇာတ်လမ်းတပုဒ်မှာ နိုင်ငံကျော်ဇာတ်မင်းသားကြီး ဂရိတ် ဦးဖိုးစိန် ထားဝယ်လာစဉ်က ကိုယ်တွေ့ဇာတ်လမ်းဖြစ်၏။ ဖိုးစိန်ကြီး၏ ဗလာ ဇာတ်ကို တစ်မြို့လုံးတစ်ရွာလုံး ကျိတ်ကျိတ်တိုး ကြည့်ရှု အားပေးကြသည်။ ပွဲကြိုက်သောဘွားဒွေးသည် ဖိုးစိန်ကြီး၏အဆိုအကတွင် နစ်မျောနေသည့် အတွက် ဘေးပတ်ဝန်းကျင်ကို လုံးလုံး သတိမပြုမိတော့ချေ။ ပွဲပြီးသောအခါမှ သူ့ပခုံးကိုတံတောင်ဖြင့်မှီကာ ဟန်ကျပန်ကျဇိမ်ယူနေသည့် လူစိမ်း သူကောင် သားတစ်ဦးကို သတိပြုမိတော့သည်။ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သော အဘွားဒွေးသည် ထိုသူကို အတင်းတွန်းထိုးပစ်ခဲ့ပြီး ပွဲခင်းမှ ရှူးရှူးရှားရှားဖြစ် ကာ ပြန်လာခဲ့ရသည်ဟု ဆို၏။ ကျွန်ုပ်၏ ရေးသားတင်ပြချက်မှာ ဟာသရသ မမြောက်သည့်အပြင် စာဖတ်သူများ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့ကလေးဘဝကမူ ဘွားဒွေး အပြောကောင်းလှသောကြောင့် ပါးစပ်အဟောင်းသားနှင့် စိတ်ဝင်တစားနားထောင်၍ မရိုးနိုင်မအီနိုင် ဖြစ်ခဲ့ကြ ရပေသည်။

အခြားအဖြစ်အပျက်တစ်ခုမှာလည်း ဇာတ်ပွဲကြည့်စဉ် အတွေ့အကြုံ ပင်ဖြစ်၏။ ထိုနေ့က ဘွားဒွေးသည် ဇာတ်ရုံနောက်ပိုင်းမှ ပွဲကြည့်ရသည်ဟု ဆို၏။ အားလပ်ချိန်ရောက်သောအခါ ပရိသတ်များ တိုးဝှေ့ပြီး အပြင်ထွက် ကြသည်။ ဘွားဒွေးလည်း လူအုပ်ထဲတွင် တရွေ့ရွေ့ချင်း တိုးပြီး ထွက်ခဲ့ခိုက် အထုပ်လေးတစ်ထုပ် ကျကျန်နေသည်ကို ဖျတ်ခနဲ သတိပြုလိုက်မိသည်။ မီး ရောင်မှိန်မှိန်အောက်ဝယ် ဘွားဒွေးသည် ၎င်းအထုပ်အား မန့်ယုပ်ထင်၍ ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် ငုံ့ကောက်လိုက်ရာ အထင်နှင့်အမြင် ပါစင်အောင် လွဲလေတော့၏။ လက်ထဲတွင် ကပ်စေးကပ်စေးနှင့် ကလေးမစင်ထုပ်ဖြစ်နေကြောင်း တွေ့ရသည်။ ကလေးမစင်မှာ နံလွန်းလှသဖြင့် အနံ့ပျောက်အောင် လက်ကို အထပ်ထပ်ဆေးရကြောင်း ဘွားဒွေးက ရှုံ့ကာမဲ့ကာ ဟန်ပန်မူယာနှင့် ပြောပြသည်တွင် တစ်အိမ်လုံး ဝက်ဝက်ကွဲမျှ ပွဲကျသွားလေတော့၏။ ကျွက်ကျွက်ညံသော ရီသံမောသံများကြောင့် ဘွားဘွားဆိုင်းက သူညီမကို ဆူပူကျိန်းမောင်းသည့်အခါမှသာ ကျွန်ုပ်တို့ကလေးတသိုက် တိုးတိုးတိတ်တိတ် လူစုခွဲကြပါတော့သည်။

ကျွန်ုပ်တို့ မွေးချင်းအားလုံးက ဘွားဒွေးကို ချစ်ကြပါသည်။ ဆင်းရဲသောဘွားဒွေး၏အိမ်ကို ကျွန်ုပ်တို့ မကြာခဏ သွားရောက် လည်ပတ်ကြသည်။ ကန်တော့ကြသည်။ ဘွားဒွေးလိုအပ်သမျှကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းပံ့ပိုး အကူအညီပေးကြပါသည်။

## ကြီးဒေါ်မယ်နှင်း

ညာဘက်ခန်းတွင်နေသော ကြီးဒေါ်၏အမည်မှာ ဒေါ်သာမြ ဖြစ်၍ ကျွန်ုပ်တို့ကမူ 'မယ်နှင်း'ဟု ချစ်စနိုး ခေါ်ကြပါသည်။ ကြီးဒေါ်သည် အာရုံကြောများ ရောင်ရမ်းချိနဲ့သဖြင့် ဒုက္ခိတသဖွယ် 'ချိ' နေရှာသူဖြစ်၏။ လမ်းမလျှောက်နိုင် ဖင်တရွတ်တိုက် သွားရသည်။ ခန္ဓာကိုယ် မသန်စွမ်းသော်လည်း မိသားစုထဲတွင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူတစ်ဦးဖြစ်၏။ မယ်နှင်းသည် သူမ၏အခန်းတံခါးဝ၌ ခေါင်းအုံးလေးတစ်လုံးပေါ်တွင်လှဲလျောင်း နေရင်း မျက်စိဖွင့်နားစွင့်၍ နေသည်မှာ လုံခြုံရေးအစောင့်တစ်ဦးသဖွယ်။ တစ်အိမ်လုံးတွင်ဖြစ်ပျက်သမျှအပ်ကျသည်ကအစ ထိုနေရာတွင် ထိုင်ရာကမထဘဲ အားလုံးသိနေသည်။

မယ်နှင်း၏အခန်းတွင် အတူနေသူများမှာ ကျွန်ုပ်၏အစ်ကို ကိုစောညွန့်နှင့် ကိုဖေသက်တို့ဖြစ်ကြ၏။ ကိုစောညွန့်မှာ ကြီးဒေါ်၏အချစ်ဆုံးတူ ဖြစ်သည်။ ကိုစောညွန့်ဆုံးပြီးမှသာ ကျွန်ုပ်အား မယ်နှင်း၏အခန်းတွင် နေခွင့်ပြုခြင်းဖြစ်၏။ မယ်နှင်းနှင့် အတူနေရခြင်းမှာ အခွင့်ထူးတစ်ရပ်ပင်ဖြစ်သည်။

မယ်နှင်းသည် ကြင်နာသနားတတ်သော်လည်း စိတ်ရှည် သည်းခံတတ်သူတော့ မဟုတ်ချေ။ မည်သည့်အကြောင်းကြောင့်ဟု မပြောတတ်ပါ။ ကျွန်ုပ်တို့ မွေးချင်းများအနက် မယ်နှင်းသည် ကိုဖေညွန့်နှင့် မောင်မျိုးအောင်



တို့နှစ်ယောက်အပေါ်တွင် ဟက်ဟက်ပက်ပက် မရှိလှပါ။ မယ်နှင်းသည် ကျွန်ုပ်တို့မိသားစုအားလုံး စစ်ပြေးကြစဉ်အချိန်အတွင်း အနိစ္စရောက်သွားခဲ့ရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## ကျွန်ုပ်၏ဖခင်

အဖေ၏အမည်မှာ ဦးဘအိုဖြစ်သည်။ သူ့ဖခင်က တရုတ်စစ်စစ်၊ သူ၏မိခင်က ထားဝယ်သူ၊ မြန်မာစစ်စစ်ဖြစ်ပြီး ကျွန်ုပ်၏အဖေသည် ဆင်းရဲသောမိဘနှစ်ပါးမှ ပေါက်ဖွားလာခဲ့သူဖြစ်၏။ အဖေ့ဘက်မှတော်သော ကျွန်ုပ်၏အဘိုးမှာ ပြည်ကြီးပေါက်ဖြစ်၏။ ရိုးသားကြိုးစားသည့် ထိုတရုတ်အမျိုးသားလူငယ်လေးသည် အလွန် ချောမောလှပသော ကျွန်ုပ်တို့၏ဘွားအေဖြစ်လာမည့် မြန်မာမိန်းမပျိုနှင့် ဖူးစာဆုံခဲ့ကြပြီး သားသမီးလေးယောက် ထွန်းကားသည်။ အဘိုးအဘွားနှစ်ဦးလုံးမှာ ကျွန်ုပ်တို့ လူလားမမြောက်မီကပင် ကွယ်လွန်ခဲ့ကြခြင်းဖြစ်၍ သူတို့အား မမြင်ဖူးချေ။ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ ဖြစ်ခဲ့ရသော ကျွန်ုပ်၏အဖေသည် အလွန်ချောချောလှသဖြင့် သူ၏အစ်ကိုကြီးက ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့ရသည်ဟု ဆို၏။ အဖေကလည်း သူ့ အစ်ကိုကြီး၏ကျေးဇူးကို ဘဝတစ်လျှောက်လုံး မမေ့ခဲ့ပေ။

### ဖခင်၏ကံညာဏ်ဝိရိယ

အဖေသည် ကိုယ့်ဒူးကိုယ်ချွန်သူဖြစ်၏။ အတန်းပညာ (၇) တန်းအထိသာ သင်ယူခဲ့ရသော်လည်း ပညာပါရမီထူးလှသည်။ အဖေ၏ အင်္ဂလိပ်စကား ပြောဆိုသုံးနှုန်းပုံ ကောင်းလွန်းလှသဖြင့် အံ့ချီး မဆုံးနိုင်ပေ။ သစ်တောဌာနတွင်စာရေးလေးအဖြစ် အလုပ်စတင်ဝင်ခဲ့ပြီးနောက် မိမိ၏စီးပွားရေးတိုးတက်ရာတိုးတက်ကြောင်းကို အမြော်အမြင်ရှိရှိ လုပ်ကိုင်နိုင်ခဲ့သူဖြစ်၏။ အဖေ ကောင်းစားစဉ်အချိန်က ကိုယ်ပိုင် ဆင် (၁၂) ကောင်မျှ ရှိရုံသာမက ပြေးဆွဲနေသော မော်တော်ဘုတ်များ၊ ရော်ဘာခြံများ၊ ခဲမဖြူနှင့်အဖြိုက်နက်



သတ္တုတွင်းများလည်း ပိုင်ဆိုင်ခဲ့သည်။ ငွေကြေးချမ်းသာသည့်အလျောက် သူ့ဘေးမှာ လူများဝိုင်းဝိုင်းလည်နေခဲ့သည်။ အမေ၏အဆိုအရ ကရင် ဆင်ဦးစီးများသည် အိမ်တံခါးဝအထိပင် ဆင်များကို ခေါ် ဆောင်လာတတ်၏။ ကျွန်ုပ်အနေနှင့်မူ အစ်မများ ဆင်မြီးလက်စွပ် ဝတ်ကြသည်ကို ခပ်ရေးရေး မှတ်မိနေပါ၏။ ထိုစဉ်က ဆင်မြီးလက်စွပ် ခေတ်စားခဲ့ဖူးပါသည်။

ကံကြမ္မာအလှည့်အပြောင်းတွင် ဖခင်ကြီး၏ပထမအိမ်ထောင် ဒေါ်အေးခင်သည် မီးဖွားရင်း အနိစ္စရောက်၏။ မိသားစုထဲတွင် ဩဇာတိက္ကမ ကြီးသော ဖွားဖွားဆိုင်းကပင် အဖေ့အား ကျွန်ုပ်တို့၏မိခင်ဖြစ်လာမည့် (ဒေါ်အေးခင်၏ ညီမအရင်း) ဒေါ်စောခင်နှင့် လက်ဆက်စေခဲ့ပါသည်။ ပထမအိမ်ထောင်နှင့် ကလေး(၄)ယောက်၊ ဒုတိယအိမ်ထောင်နှင့် ကလေး (၈)ယောက် ထွန်းကားသည်။ ကျွန်ုပ်တို့ မွေးချင်းမောင်နှမ အားလုံးသည် တစ်မိတည်းပေါက် မဟုတ်ဟူသော အတွေးအခေါ် ခံယူချက်မျိုး စိုးစဉ်းမျှမရှိဘဲ သွေးစည်း ချစ်ခင်ကြသည်။ ဤသို့ သွေးစည်း ချစ်ခင်ကြခြင်းသည်ပင် ကျွန်ုပ်တို့ မွေးချင်းတစ်စု၏ ကြီးမားသော အောင်မြင်မှုဖြစ်သကဲ့သို့ အောင်မြင်မှုအပေါင်း၏ အကြောင်းရင်းခံလည်း ဖြစ်ပါပေ၏။

### အကုသိုလ်ကံဝင်ခြင်း

အဖေသည် ကျွန်ုပ်တို့မိသားစုပိုင်စီးပွားဥစ္စာအားလုံးကို ဖြုန်းတီးပစ်ခဲ့သည်ဟု ပြောကြ၏။ အဖေသည် လောင်းကစားကို အထူးခုံမင်လာသောကြောင့် လောင်းကစားသည် သူ၏အားနည်းချက် ဖြစ်လာလေတော့၏။ လောင်းကစားရှုံး၍ အကြွေးတင်လာလျှင် ရော်ဘာခြံများကို ခွဲစိတ် ရောင်းချပစ်သည်။ သဘောကောင်းလွန်းသော ကျွန်ုပ်တို့အမေသည် အဖေလုပ်သမျှကို ကန့်ကွက်ခြင်း အလျှင်းမရှိဘဲ ခေါင်းငုံ့ ခံရှာသည်။ လောင်းကစားလောကမှ ပရိုးသားသောသူများကလည်း အဖေ့အားဝိုင်းပြီးလိမ်ကြရာ ဆင်များ၊ မော်တော်များနှင့် ရာဘာခြံများအပြင် မြို့လယ်ကောင် အကွက်အကွင်းကျသော နေရာရှိ တိုက်သစ်တစ်လုံးပါမကျန် အားလုံး ဆုံးရှုံးကုန်လေတော့၏။

အဖေသည် လောင်းကစားအပြင် အပျော်အပါးဘက်ပါ လွန်လာခဲ့သည်။ ရော်ဘာခြံထဲတွင် အမြှောင်ထားသော မိန်းမတစ်ယောက်ကို သူ သွား၍ ရန်တွေ့ရာ အဖေထွက်လာပြီး ဖြန်ဖြေရကြောင်း အမေက ကျွန်ုပ်တို့အား ပြောခဲ့ ရယ်သလိုမောသလို ပြောပြခဲ့ဖူးသည်။ အဖေသည် လုံးဝ အိမ်

www.burmeseclassic.com

www.burmeseclassic.com



မကပ်ဘဲ အပျော်အပါးနှင့် လောင်းကစားမှာသာ မွေ့လျော်နေခဲ့သည်။ တစ်ပြား တစ်ချပ်မျှမကျန်အောင် ချွတ်ချုံကျသည့်အခါမှသာ အမေ့ထံ တိတ်တဆိတ် ပြန်ရောက်လာခြင်းဖြစ်၏။ အမှန်စင်စစ် ဤအကြောင်းများကို အမေက ကျွန်ုပ် တို့အား အသိမပေးခဲ့ချေ။ ဟိုလူဒီလူပြောရ၍ သိရခြင်းဖြစ်၏။ သူတို့ပြောသမျှ လည်း အမှားမရှိ ပကတိ အမှန်များပင်။

**ဖခင်၏ဥပဓိရုပ်နှင့်စိတ်နေစိတ်ထား**

ကျွန်ုပ်မှတ်မိသရွေ့ အဖေသည် ပိန်ပိန်ပါးပါးဖြစ်၏။ ဆံပင်တိုတိုညှပ် ထားပြီး မုတ်ဆိတ် ရှိသည်။ နဖူးကျယ်သည်။ သူ့အကြည့်က စူးစူးရှရှရှိသည်။ စိတ်မြန်ကိုယ်မြန်ရှိတတ်လင့်ကစား နှစ်လိုဖွယ်ကောင်းသော အရည်အချင်း တစ်ရပ်မှာ ဖခင်ဝတ္တရားကျေပွန်ခြင်းဖြစ်သည်ဟု ရဲရဲပြောဝံ့ပါသည်။ ဝိတိုရိယ ခေတ်တွင်ကြီးပြင်းလာသူပီပီ စည်းကမ်းအလွန်ကြီးသည်။ စည်းကမ်း ချိုးဖောက် လျှင် မည်သူ့ကိုမဆို မည်သည့်အခါမျှ မသက်ညှာပေ။ ကျွန်ုပ်အစ်ကို တစ် ယောက်အား တံမြက်စည်းကျိုးအောင် ရိုက်ပြီးဆုံးမသည်ကို မျက်ဝါးထင်ထင် တွေ့ဖူးသည်။ ကျွန်ုပ်တို့အားလုံးသည် အဖေ့ကိုချစ်ကြသော်လည်း စည်းစနစ် ကြီးလွန်းလှသဖြင့် ချစ်ကြောက်ရှိသေစိတ်ဖြင့်သာ နေခဲ့ကြရပေသည်။

**အဖေနှင့်အမေ**

အမေသည် အဖေ၏မုတ်ဆိတ်မွေးကို ကပ်ကြေးဖြင့်ညှိပေးရလေ့ရှိ၏။ ထိုအချိန်အခါမျိုး၌ အဖေက အမေ့အား တယုတယ စကားပြောဆိုနေသည်ကို တွေ့ရလျှင် ကျွန်ုပ်တို့ကလေးများလည်း ကြည်နူးဝမ်းသာရသည်။ မတော်တဆ ကပ်ကြေးချော်သွားလျှင်ကား အမေ့မှာ မျက်နှာကောင်းမရတော့ဘဲ အအော် အငေါက်ခံရမြဲ ဖြစ်၏။ ညဘက်တွင် အမေက ကျွန်ုပ်တို့အိပ်ယာ မှာလာပြီး အိပ်ပါသည်။ နံနက်လင်းသောအခါ အမေ့ကို အိပ်ရာထဲမှာ မတွေ့သောကြောင့် လိုက်ရှာကြလျှင် အဖေ၏ခုတင်ပေါ်တွင် နှစ်ဦးသား တွေ့ရတတ်သည်။ ထိုအခါ အဖေနှင့်အမေက ကျွန်ုပ်တို့အား သူတို့အိပ်ရာပေါ်ခေါ်၍ ချော့မြှူ ကျီစယ်ရင်း ပျော်ရွှင် ရယ်မောကြမြဲ ဖြစ်သည်။ အိမ်တွင် အဖေနှင့်အမေ အတူရှိနေပါက ကျွန်ုပ်တို့သားသမီးများအားလုံး ဝမ်းသာကြည်နူးနေကြပါ၏။



**ဖခင်၏ကျန်းမာရေး**

အဖေက အဆုတ်မကောင်းပါ။ ညဆိုလျှင် သလိပ်ထွေးရန်ထွေးခံကြီး တစ်ခု ထားပေးရသည်။ ချောင်းဆိုးသည့်အခါ လည်ချောင်းကွဲမတတ် ဆိုးရပြီး သလိပ်တွေအများကြီးထွက်၏။ ရံဖန်ရံခါ၌ အဆက်မပြတ်ချောင်းဆိုးပြီး ပင်ပန်း နွမ်းနယ်သွားလေ့ရှိ၏။ သူ၏သလိပ်က အမြှုပ်များသော ချွဲသလိပ် မျိုးဖြစ်ကာ အနံ့ဆိုး ရှိတတ်သည်။ နံနက်တိုင်း ထွေးခံသွန်ပြီး ဆေးကြောသန့်ရှင်းသော အလုပ်ကို ကျွန်ုပ်၏အစ်မ မမသန်းက ပြုလုပ်ပေးရ၏။ အဖေသည် သိုးမွေး ထူထဲသောအထည်များကို အမြဲခံပြီး ဝတ်လေ့ရှိ၏။ အဖေ့ကို စမ်းသပ်စစ်ဆေးပေး သော ခရိုင်ဆရာဝန်ကြီးက အဖေ၏အဆုပ်များမှာ ဇကာပေါက်ကဲ့သို့ ဖြစ်နေ ကြောင်းပြောပြရာ ယခုအခါ၌မူ ဖခင်ကြီး၏ရောဂါမှာ ပြင်းထန်သော "Chronic Bronchitis and Bronchiectasis" ဖြစ်တန်ရာသည်ဟု ယူဆပါ၏။

ထို့အပြင် အဖေသည် ဘယ်ဘက်ခြေထောက်မသန်၍ လမ်းလျှောက် သောအခါ ထော့နင်းထော့နင်း ဖြစ်နေသည်။ သို့သော် အဖေက လုံးဝ အရေး မထားဘဲ အလျှင်လိုလျှင်လိုသလို ခပ်သွက်သွက် လမ်းလျှောက်လေ့ရှိပါသည်။

**လခထုတ်သောနေ့**

အဖေ၏အလုပ်မှာ ဒီစကြိတ်ကောင်စီရုံး၌ အတွင်းရေးမှူးဖြစ်သည်၊ ဝင်ငွေကောင်းပါ၏။ တနိုင်ငံလုံးတွင် ဒေသန္တရအုပ်ချုပ်ရေးအကောင်းဆုံးဆု ရရှိသဖြင့် ထူးချွန်မှုအတွက် အပိုဆု ချီးမြှင့်ခြင်းခံရသည်။ အဖေ၏လစာမှာ ကျပ်(၄၀၀)ကျော်ကျော် ဖြစ်၏။ BCS ဘွဲ့ရ နယ်ပိုင်တစ်ဦးပင် တစ်လကို (၃၅၀) ကျပ်မျှသာရသည်။ ထိုခေတ် ထိုအချိန်က အဖေ၏ဝင်ငွေမှာ အလွန် ကောင်းသည်ဟု ဆိုရပါမည်။ အဖေ၏ရုံးဆင်းချိန်မှာ ညနေ(၄)နာရီဖြစ်သည်။ အဖေပြန်လာချိန်နီးလျှင် မမသန်းအပါအဝင် ကျွန်ုပ်တို့ ကလေးတသိုက် စောင့် ဆိုင်းနေကြမြဲဖြစ်၏။ အဖေအိမ်နားရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့ ကလေးတွေ ပြေးထွက်ပြီး သံပြိုင်အော်ဟစ်ကာ ဆီးကြို ကြလေ့ရှိသည်။ လက်ကို ဆွဲသူကဆွဲ၊ အင်္ကျီစ ဆွဲသူက ဆွဲ၊ လုံချည်စ ဆွဲသူက ဆွဲပြီး အဖေ့အား တပျော် တပါး အိမ်ထဲသို့ခေါ်လာကြသည်။ ထိုအခါ အဖေက 'စောခင် နှင့် ကလေးတွေ ကြည့်စမ်းပါအုန်း'ဟု အမေ့ကို လှမ်းပြောတတ်သည်။ လခထုတ်သောနေ့၌ အဖေဆွဲလာသော ပိုက်ဆံအိတ်ထဲတွင် ငွေ (၃၀၀-၄၀၀)ကျပ်ခန့် ပါရှိရာ ဒင်္ဂါး

www.burmeseclassic.com

www.burmeseclassic.com



ဇာ့များဖြစ်သောကြောင့် အတော်အတန် လေးပါသည်။ စင်စစ်မူ အဖေသည် အလွန်ချစ်တတ်သူဖြစ်ပါ၏။ ရုံးဆင်း၍အိမ်ပြန်ချိန်တွင် ကလေးတစ်အုပ်ကြီးက ဝိုင်းပြီး အော်ဟစ်ကြိုဆိုသည့်အခါ စိတ်ဆိုးသောလေသံဖြင့် အမေ့ကို အော်ပြောလေ့ရှိသော်လည်း ကျေနပ်ဝမ်းသာ ပီတိဖြာ၍နေသည်မှာ သူ့မျက်နှာတွင် အတိုင်းသား ပေါ်လွင်နေပါ၏။ အမေ့ကိုလည်း 'ဟင့်မိန်းမ မစောခင် ကလေးက တစ်ဒါဇင်'ဟု နဘေထပ်ဖြင့် မကြာခဏ ချစ်စနိုးခေါ်လေ့ရှိသည်။

## သတ္တုတွင်းပိုင်ရှင်

အဖေသည် သတ္တုရှာဖွေတူးဖော်သော လုပ်ငန်းကို အလွန် စိတ်ဝင်စားသည်။ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ခွင့် "Certificate of Approval" (CA)ကို တိုင်းမင်းကြီးထံ လျှောက်ထားသည့်အခါ အာမခံရန် လုံလောက်သော မိမိပိုင်အိမ်ခြံမြေနှင့် ပစ္စည်းများကို တင်ပြရသည်။ ထို့အပြင် လျှောက်ထားသူသည် သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိသူ၊ အသိပညာ အတတ်ပညာရှိသူ ဖြစ်ရန်လည်း လိုအပ်သည်။ ပါးနပ်သော ဗြိတိသျှအစိုးရသည် တနင်္သာရီရိုးမတစ်ခုလုံး၌ သတ္တုရှာဖွေတူးဖော်ခြင်း၊ သန့်စင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းဆောင်တာ အားလုံးကို သူတို့ချည်း သက်သက် လုပ်၍မဖြစ်နိုင်ကြောင်း ကောင်းစွာသိနားလည်ကြသည့်အလျောက် ဒေသခံများအား အခွင့်အရေး အထိုက်အလျောက်ပေးကာ အသုံးချကြခြင်းဖြစ်သည်။ နောက်ဆုံးတွင်မူ ဗြိတိသျှတို့သည် အပင်ပန်းခံစရာမလိုဘဲ သန့်စင်ပြီး သတ္တုရိုင်းများဝယ်၍ စက်ာပူမှတဆင့် UK အထိတင်ပို့ကြခြင်းပင် ဖြစ်သည်။

သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရပြီးလျှင် ရှာဖွေတူးဖော်ခွင့်အတွက် မြေစာရင်းနှင့် ကြေးတိုင်ရုံးမှာ လျှောက်ရသည်။ တစ်မိုင်ကို (၄)ပဲနှုန်းဖြင့် မြေတိုင်းများက မိုင် ၅၀၊ ၁၀၀ စသည့်ဖြင့် တိုင်းတာသတ်မှတ်ပေးသည်။ ဟိုနေရာမှာအထွက်ကောင်းနိုးနိုး၊ ဒီနေရာမှာအထွက်ကောင်းနိုးနိုး အမျိုးမျိုး ပြောတတ်သော ဒေသခံတို့၏ မစားရ ဝခမန်း စကားများကိုမူ ချင့်ချိန်ပြီးမှသာ ယုံရပေ၏။ ဒေသခံအလုပ်သမားများကို ကျွန်ုပ်၏အမေက လာတိုင်း ကျွေးမွေးပေးကမ်းသော်လည်း မယ်နှင်းကမူ ၎င်းတို့အား သံသယမျက်လုံးဖြင့်သာ အမြဲ ကြည့်တတ်ပါသည်။ စင်စစ်အားဖြင့် သတ္တုရိုင်းရရှိရေးအတွက် သတ္တုတွင်းလုပ်သားများသည် သက်စွန့်ဆံဖျား ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရပါသည်။ သက်စွန့်ဆံ



ဖျားဟု ဆိုရသည်မှာကား တွင်းပြိုသည့်အခါ အလုပ်သမားများ အသေအပျောက် ရှိတတ်သောကြောင့်ဖြစ်၏။

## သတ္တုရိုင်းရောင်းဝယ်ရေးပွဲစား

ဒီစကြိတ်ကောင်စီရုံးမှ အနားယူပြီးသောအခါ အဖေသည် အဖြိုက်နက်နှင့် ခဲမဖြူအရိုင်းများ ရောင်းဝယ်ခြင်းကို ပွဲခစား ဆောင်ရွက်ပါသည်။ ဥရောပကုမ္ပဏီများအပါအဝင် သတ္တုတွင်းပိုင်ရှင်အများစုက အဖေနှင့် ရင်းနှီးကျွမ်းဝင်သောကြောင့် နိုင်ငံခြားကုမ္ပဏီနှင့် ဒေသခံ လုပ်ငန်းရှင်တို့ကို ပွဲစားလုပ်ပေးရသည်မှာ လက်မလည်အောင်ပင်။ (၁)တန်လျှင် ပွဲခ (၁၅)ကျပ်နှုန်းရသောကြောင့် အဖေ၏နေ့စဉ်ဝင်ငွေမှာ အတော်ကောင်းပါ၏။

## အသနားခံစာရေးသားခြင်းအလုပ်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သတ္တုတွင်း လုပ်သားများသည် လုပ်ငန်းခွင်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများ ရံဖန်ရံခါ ဖြစ်ပွားတတ်သည်။ ထိုကဲ့သို့ဖြစ်လျှင် သတ္တုတွင်းပိုင်ရှင်က သက်ဆိုင်ရာအလုပ်သမားကို ထိုက်သင့်သလို လျော်ကြေးပေးရသည်။ ထောက်ပံ့ရသည်။ ပြီးမှ သတ္တုတွင်းပိုင်ရှင် အနေဖြင့် တိုင်းမင်းကြီးထံ အသနားခံစာ တင်ပြရသည်။ အဖေသည် အသနားခံစာ ရေးသည့်အခါ ပြည့်ပြည့်စုံစုံ အချက်အလက်ကျကျ ရေးသားနိုင်သည့်အပြင် အင်္ဂလိပ်စာအသုံးအနှုန်း အရေးအသားကလည်း အလွန်ကောင်းသောကြောင့် ရှေ့နေရှေ့ရပ်များပင် သူ့ကိုမယှဉ်နိုင်။ အဖေ၏ အသနားခံစာအများစုမှာ အောင်မြင်သောကြောင့် ဂုဏ်သတင်း ကျော်ကြားပြီး ဥပဒေဘွဲ့ရသူတစ်ဦးပင် အဖေ့ထံ၌ အသနားခံစာ ရေးပုံရေးနည်းကို တပည့်ခံ၍ သင်ယူခဲ့ဖူးသည်။ အဖေက အင်္ဂလိပ်လို နှုတ်တိုက်ရွတ်ပေးသည်ကို အစ်ကိုဖြစ်သူ ကိုဘသိန်းတင် လိုက်ပြီးရေးသားစဉ် အဖေက သူ့အား ငေါက်ငန်းနေသည်ကို ကြုံဖူးပါသည်။ အမှန်အားဖြင့် ကိုဘသိန်းတင်မှာ အင်္ဂလိပ်စာ အလွန်တော်သူ ဖြစ်ပါ၏။

## ဖခင်ကြီး၏ဂုဏ်ထူးဆောင်တံဆိပ်များ

ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အတွက် အတွင်းရေးမှူး ရွေးချယ်သော စာမေးပွဲတွင် အဖေသည် မြန်မာတစ်နိုင်ငံလုံး ပထမရသောကြောင့် လစာ

www.burmeseclassic.com

www.burmeseclassic.com



အပြင် ဂုဏ်ပြုအပိုဆုကြေး ရခြင်းဖြစ်ကြောင်း အစ်မများ၏ ပြောပြချက်အရ သိရပါသည်။

အမှုထမ်းသက် တစ်လျှောက်လုံး ချီးကျူးဂုဏ်ပြုထိုက်သော လုပ်ရည်ကိုင်ရည်နှင့် ဆောင်ရွက်ချက်များကြောင့် ဘုရင်ခံက အဖေ့အား TPS ခေါ် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ အပ်နှင်းခဲ့သည်။ ထိုစဉ်က ကျွန်ုပ်မှာ ငယ်ရွယ်လှသေးသဖြင့် ၎င်းဘွဲ့တံဆိပ်၏ ခမ်းနားကြီးကျယ်မှုကို နားမလည်လှသော်လည်း ဘွဲ့တံဆိပ် သွားရောက် လက်ခံရခြင်းမှာ ထူးထူးခြားခြား မှတ်သားဖွယ်ကောင်းလှပေသည်။ အဖေသည် မြို့တော်ရန်ကုန်သို့သွားပြီး အစိုးရအိမ်တော်၌ ဘုရင်ခံကိုယ်တိုင် ချီးမြှင့်ခြင်းကို တက်ရောက် လက်ခံယူရခြင်းဖြစ်၏။ အမေ့ဘက်မှ ဦးလေးများက သင်္ဘောပေါ်မှဆင်းချိန်တွင် အဖေ့ကို ပွေ့ချီချခဲ့ကြသည်။ အဖေကမူ TPS ဘွဲ့ရခြင်းနှင့် ပတ်သက်၍ ကြွားဝါဂုဏ်ယူခြင်း အလျဉ်းမရှိဘဲ သူ၏တစ်သက်လုံး ရိုးရိုးကုပ်ကုပ်သာ နေသွားခဲ့ပါသည်။ TPS ဘွဲ့တံဆိပ်သည် ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထား၍ အလေးချိန်(၆)ကျပ်သားခန့် ရှိသည်။ တံဆိပ်ပေါ်တွင် ဘွဲ့ရရှိသူ၏ အမည်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ အမျိုးအစားကို ရေးထွင်းထားသည်။ ရှားရှားပါးပါး ချီးမြှင့်ခံရသော ဘွဲ့တံဆိပ်ဖြစ်သောကြောင့် ဘွဲ့ရ ပုဂ္ဂိုလ်သည် ပြည်သူတို့အကြားတွင် အလွန် ထင်ရှားကျော်ကြားပါ၏။ ယခုအခါ ကျွန်ုပ်၏ညီ မောင်မြင့်အောင်ထံတွင် ၎င်း ဘွဲ့တံဆိပ်ကို ရှိသေစွာ သိမ်းဆည်းထားပါသည်။

## ဆောင်ပုဒ်များ

အဖေသည် ဧည့်ခန်းနံရံပေါ်တွင် ဆောင်ပုဒ်များရေးဆွဲပြီး ချိတ်ထားလေ့ရှိသည်။ ၎င်းဆောင်ပုဒ်များအနက် 'လူမိုက်နှင့် ငွေ အတူ မနေ' ဟူသော ဆောင်ပုဒ်တစ်ခုကိုမူ အစ်မများ ပြောပြသည့် အဖြစ်အပျက်တစ်ခုကြောင့် ကောင်းကောင်းမှတ်မိနေပါ၏။ ဤဆောင်ပုဒ်သည် ရှိသမျှစည်းစိမ် ပြုတ်သည်အထိ ဟော့ဟော့ရမ်းရမ်း ဖြုန်းတီးခဲ့ခြင်းအတွက် သူ့ကိုယ်သူ သတိပေး ဆုံးမရန် ရေးဆွဲထားခြင်းဖြစ်နိုင်သည်။

'တယ်လူဖေ'ဟု အမည်ရသည့် နေ့ချင်းညချင်းစီးပွားဖြစ်လာသော သူဌေးတစ်ဦးသည် သူ၏သတ္တုတွင်း၌ အလုပ်သမားများ တွင်းပြိုပြီး သေဆုံးခြင်းအတွက် အဖေ့ထံလာ၍ အသနားခံစာရေးပေးဖို့ အကူအညီတောင်းသည်။ ထိုပုဂ္ဂိုလ်သည် သူ၏ကိစ္စအတွက် ကျွန်ုပ်တို့အိမ်ကိုရောက်စဉ် အိမ်နံရံတွင် ချိတ်ဆွဲထားသော 'လူမိုက်နှင့် ငွေအတူမနေ' ဟူသော ဆောင်ပုဒ်ကို တွေ့ရှိလျှင် 'ဦးဘအိုဆိုတဲ့လူ ဒါတွေလည်း သိလျက်သားနဲ့ ဘယ်လိုဖြစ်လို့ ရှိသမျှစည်းစိမ်ကုန်တဲ့အထိ ဖြစ်ရသလဲဗျာ' ဟု မှတ်ချက်ချလေသည်။ ထိုမှတ်ချက်စကား အဖေ့နားသို့ ရောက်သောအခါ 'လူဖေ---ဆိုတဲ့ကောင် ငါ့ကို ဒီလိုပြောရဲတယ်၊ အတင့်ရဲလိုက်လေကွာ' ဟု အောင့်သက်သက်နှင့် ရေရွတ် ပြောဆိုလေသည်။

## မောင်းမကန်ကမ်းခြေနှင့်ဘန်ဂလို

အဖေသည် သားသမီးများကို ပျော်ပျော်ရွှင်ရွှင် ထားလိုသူ ဖြစ်၏။ မောင်းမကန်ဟူသည် ပျော်ပွဲစားထွက်သူများသာမက ရပ်ဝေးရပ်နီးမှ အပျော်ခရီးသွားသူတိုင်း နှစ်ခြိုက် သဘောကျသော ဂုဏ်သတင်းကျော်ကြားသည့် ပင်လယ်ဆိပ်ကမ်း အပန်းဖြေစခန်းဖြစ်၏။ ထားဝယ်ရှိ အစိုးရဝန်ထမ်း သို့မဟုတ် ကုမ္ပဏီတွင်လုပ်ကိုင်ကြသူ ဥရောပတိုက်သားများသည် မောင်းမကန်တွင်နေပြီး ထားဝယ်ကို ခေါက်တုံ့ခေါက်ပြန် ကူး၍အလုပ်လုပ်ကြသည်။

အဖေသည် မောင်းမကန်ကမ်းခြေတွင် မြေ(၂)ဧကခန့်ကို အစိုးရထံမှ ချေးငှားဝယ်ယူ လိုက်သည်။ ၎င်းမြေထဲတွင် ပေ(၂၀၀)ခန့် အထိ မြင့်မားသော ပင်လယ်ကဗွီးပင်များ ပေါက်ရောက်လျက် ရှိသည်။ ပင်လယ်ကဗွီးပင်များ၏ အရွက်ချွန်ချွန်လေးများကြား တိုးဝှေ့တိုက်ခတ်လာသောအသံနှင့် ကမ်းစပ်မှ လှိုင်းပုတ်သံတို့သည် အပန်းဖြေ လာသူများကို သာယာညင်းပျောင်းစွာ ချော့၍ သိပ်ပေးနေဘိသကဲ့သို့။ ဖြူဖွေးလှပသော သဲမွမွသောင်ပြင်ပေါ်ဝယ် ဖိနပ်မပါဘဲ လမ်းလျှောက်ရသည်မှာလည်း ထူးခြားသော အရသာတစ်ခုပင်။

အဖေ၏ဘန်ဂလိုသည် မြေပြင်မှ(၈)ပေခန့်မြင့်သော ခြေတံရှည်အိမ်လေးဖြစ်၏။ အိပ်ခန်း (၂)ခန်း နှင့်ခန်းမကျယ်ကြီးအပြင် မီးဖိုဆောင်လည်း ပူးလျက်ပါရှိသည်၊ မီးဖိုဆောင်သို့သွားရန် စင်္ကြန်လမ်းကို ထမင်းစားခန်းသဖွယ် အသုံးပြုရသည်။ အိမ်ပတ်ပတ်လည်ရှိ ပင်လယ်ကဗွီးပင်များ၏ သစ်ရွက်ချွန်ချွန်လေးများကို လေပြေလေညင်း တဖြူးဖြူးတိုက်ခတ်သဖြင့် တိုးညင်းစွာ ထွက်ပေါ်လာသောအသံကို တိတ်ဆိတ်သည့် ညအချိန်တွင် ကြားရသည်မှာလည်း နားဝင်ပီယံ ဖြစ်ရပြန်သေးတော့၏။ ဘန်ဂလိုဖွင့်ပွဲနေ့က အဖေသည် မိသားစုအပြင် အိမ်နီးပါးချင်း မိတ်ဆွေများကိုပါ ဖိတ်ကြားထားသောကြောင့် လူ (၄၀) ကျော် (၅၀)ခန့် အုပ်စုဖွဲ့၍ သွားခဲ့ကြခြင်းဖြစ်၏။ ဘန်ဂလို၌အိပ်ရန် နေရာ



www.burmeseclassic.com

www.burmeseclassic.com



မရသူများ သောင်ပြင်ပေါ်မှာ အိပ်ခဲ့ကြရသည်။ အနီးရှိ မောင်းမကန်ရွာလေးတွင် လတ်ဆတ်၍ အရသာ ထူးကဲသော စားသောက်ဖွယ်ရာများကို ချိုချိုခြိမ်းခြိမ်း ဝယ်ယူရရှိနိုင်သည်။

မောင်းမကန်ကမ်းခြေသည် ပျံ့ပျူးကျယ်ဝန်းသည့်အပြင် (၆)မိုင်ခန့် ရှည်လျားပြီး ပင်လယ်ရေကလည်း ကြည်လင်သောကြောင့် နာမည် ကျော်ကြားခြင်းဖြစ်၏။ ပင်လယ်အောက်ခြေကြမ်းပြင်သည် မတ်စောက်ခြင်းမရှိဘဲ ပင်လယ်ဘက်သို့ တစစ မသိမသာ နိမ့်လျှောသွားခြင်းဖြစ်ရာ ရေနစ် သေဆုံးခြင်း ဖြစ်ခဲလှသည်။ ငါးဖမ်းရန် ပိုက်ကွန်များ ငှားရမ်းရရှိနိုင်သည်။ လူတစ်ယောက်က ပိုက်ကွန်၏တစ်ဖက်ကိုကိုင်၍ ကမ်းစပ်မှ ကိုက်(၂၀)ခန့်အထိ ရေကူးသွားပြီး ပိုက်ကွန် အစွန်းနှစ်ဖက်ကို သောင်ပြင်ပေါ်ရောက်အောင် ဆွဲလာလျှင် ပိုက်ထဲတွင် ပုစွန်၊ ကဏန်းနှင့် ငါးအမျိုးမျိုး ခပ်သေးသေးအရွယ်မှ တော်တော်လတ်လတ်ရွယ်အထိ ပါလာလေသည်။

ဖြူဖွေးသောသဲသောင်ပြင်ကြီးတွင် ပင်လယ်ကဗွီးပင်များဖြင့် အလှဆင်ထားရာ ခပ်လှမ်းလှမ်းမှ ကြည့်ပါက ဘန်ဂလိုများကို ကောင်းစွာ မမြင်နိုင်ချေ။ အဖေက ဒီရေတက်ချိန်မှာ ဒိုင်ဗင်ထိုးနိုင်ရန် (၁၂)ပေကျော်ခန့် မြင့်သော မျှော်စင်တစ်ခုလည်း ဆောက်လုပ်ထားသည်။ ကျွန်ုပ်တို့မိသားစုသည် မောင်းမကန်တွင် တစ်ပတ်ခန့် နေခဲ့ပါသည်။ ကျွန်ုပ်တို့ မိသားစုအားလုံး စုံစုံညီညီ မောင်းမကန်ကမ်းခြေတွင် အပန်းဖြေ လာရောက်နိုင်သည်မှာ ထိုအကြိမ်သည် ပထမဆုံးနှင့် နောက်ဆုံးအကြိမ်ပင် ဖြစ်ပါတော့၏။

ကျွန်ုပ်၏အစ်ကိုများသည် မောင်းမကန်ဘန်ဂလို၏ နောက်၌ရှိသော တောအုပ်ထဲသို့ ငှက်ပစ်သွားလေ့ရှိသည်။ သူတို့သွားလျှင် နှစ်လုံးပြူး သေနတ်(၂)လက် သယ်ဆောင်သွားလေ့ရှိသည်။ လိုင်စင်ရသေနတ် ကိုင်ဆောင်ရလျှင် အလွန် ဂုဏ်ရှိသောကြောင့် မောင်းမကန် ရွာသူရွာသားများသည် အစ်ကို၏ နှစ်လုံးပြူးသေနတ်များကို တွေ့ရလျှင် အထင်ကြီးကြောက်လန့်ကြပြီး ကိုင်ကြည့်ခွင့်ရသူများမှာမူ သွေးနားထင် ရောက်ကြလေတော့၏။

## သေကံမရောက် သက်မပျောက်

တနေ့သ၌ ကျွန်ုပ်၏အစ်ကို ကိုဖေညွန့် ငှက်ပစ်သွားရာ ကျွန်ုပ်က အဖော်လိုက်သွားသည်။ မောင်းဝှက်နှစ်လုံးပြူး သေနတ်တစ်လက်ကို ယူဆောင်လာခဲ့သည်။ ပြောင်းနှစ်ခုလုံး ကျည်ပြည့်အောင်ထည့်ပြီး မောင်းထိန်းခလုတ်ကို ပိတ်ထားသည်။ အစ်ကိုက တစ်ချက်ပစ်ပြီး လျှိုထဲမှာ ငှက် သွားကောက်ရန် လွှတ်လိုက်သည်။ ငှက်ကောက်ရန် ကျွန်ုပ် ချုံထဲဆင်းလိုက်သည့်အချိန်တွင် နောက်မှသေနတ်သံကြားရပြီး ခေါင်းပေါ်မှ ကျည်ဆံများ ဝှီးခနဲဖြတ်သွားသည်ကို အလန့်တကြား တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ငှက်မကောက်နိုင်တော့ဘဲ အူယားဖါးယား နောက်ကြောင်းကို ပြန်ပြေးခဲ့ရသည်၊ ကျွန်ုပ်ရောက်လာသောအခါ အစ်ကို ကိုဖေညွန့်မှာလည်း ထိတ်လန့် တုန်လှုပ်ပြီး စကားသံ မထွက်နိုင်အောင်ပင် မှင်သက်မိနေလေ၏။ အစ်ကိုသည် မောင်းထိန်းခလုတ်ကို မစစ်ဆေးဘဲ အမှတ်တမဲ့ မောင်းကို ဆွဲလိုက်မိသောကြောင့် ကျည်ထွက်သွားခြင်းပင်ဖြစ်၏။ ကျွန်ုပ်မှာ ကုသိုလ်ကံ ထောက်မသဖြင့် သေကံမရောက် သက်မပျောက်ဘဲ အသက်ဘေးမှ သီသီလေး လွတ်မြောက်ခဲ့ခြင်းပေတကား။ ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်သည် စကားတစ်လုံးမျှ မပြောနိုင်တော့ဘဲ ဘန်ဂလိုသို့ ပြန်လာခဲ့ကြ၏။ ကျွန်ုပ်တို့သည် ထိုအကြောင်းကို မည်သူ့မျှ ပြန်မပြောဘဲ ရင်ထဲနှုတ်ပိတ် နေခဲ့ကြပါသည်။



## ဥပုသ်နေ့များ

အဖေသည် ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသွား၍ သီလ ယူလေ့ရှိသည်။ ထိုအခါများတွင် ကျွန်ုပ်သည် မကြာခဏ အဖေါ်လိုက်ခွင့်ရ၏။ ဘုန်းကြီးကျောင်းတွင် သံဃာတော်များနှင့်လည်းကောင်း၊ ဥပုသ်စောင့်လာသော မိတ်ဆွေများနှင့်လည်းကောင်း၊ တွေ့ဆုံပြီး ဘုရားကြောင်း၊ တရားကြောင်း ပြောဆို ဆွေးနွေး ငြင်းခုန်လေ့ရှိသည်။ ထိုသို့ ဆွေးနွေးကြစဉ် တစ်ခါတစ်ရံ စိတ်အားအလွန်ထက်သန်ပြီး အော်ကြီးဟစ်ကျယ် ပြောကြသည့်အခါမျိုး၊ စိတ်ဆိုးဟန်ဆိုးငြင်းခုန်ကြသည့် အခါမျိုးတွင် ကြောက်ဖွယ်လန့်ဖွယ်ပင် ကောင်းပါသေးတော့၏။ ကျွန်ုပ်မှာ ကလေးအရွယ်ဖြစ်၍ ထိုဆွေးနွေးပွဲကို စိတ်လည်း မဝင်စား၊ နားလည်းမလည်၊ မည်သည့်အခါမျှ အနားမကပ်ဘဲ ဝေးစွာ ရှောင်ကြဉ်မြဲ ဖြစ်ပါ၏။

## ရိုးရာ သချိုင်းကန်တော့ခြင်း

အဖေသည် ဘုန်းကြီးကျောင်းမှအပြန် မြင်းလှည်းဖြင့် တရုတ်သချိုင်းသို့ ဆက်သွားလေ့ရှိ၏။ သချိုင်းသည် အတော် ကျယ်ကျယ်ဝန်းဝန်းရှိပြီး အရိပ်ရသော သီဟိုဠ်ပင်များကို ဘေးတစ်ဖက်တစ်ချက် တန်းစီ၍ စိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘဘိုးဘွားများခေါင်းချရာ သင်္ချိုင်းသို့ မှန်မှန်လာရောက် ကန်တော့၍ အုတ်ဂူများကို ကြည့်ရှုထိန်းသိမ်းရန်မှာ သားသမီးတို့ မပျက်မကွက်ပြုလုပ်အပ်သည့် ဝတ္တရားဖြစ်ကြောင်း အဖေက ရှင်းပြသည်။ အုတ်ဂူဝန်းကျင်ကို သန့်ရှင်းရေး ပြုလုပ်ပေးကြပြီးနောက် ဆီမီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ခြင်းများ လုပ်ဆောင်ကာ အိမ်ပြန်ကြပါသည်။

## ဗြိတိသျှဆန့်ကျင်ရေးကို အားပေးထောက်ခံခြင်း

အဖေသည် နိုင်ငံရေးကို အထူးစိတ်ဝင်စား၏။ ၁၉၃၆ ခုတွင် ပေါ်ပေါက်ခဲ့သော ကျောင်းသားသမဂ္ဂသပိတ်ကြီးကို ငွေကြေးဖြင့်သာမက နည်းအမျိုးမျိုးဖြင့် အားပေးထောက်ခံခဲ့သည်။ သပိတ်ကာလအတွင်း ရုပ်ရှင်ရုံ တစ်ရုံတွင် မမသန်းစု တရားဟောရန် အဖေကိုယ်တိုင် အစအဆုံး ပြင်ဆင်ကူညီပေးခဲ့သည်။ တစစနှင့် အတွေတွေကျောင်းသား သပိတ်ကြီး၏ အရှိန်အဟုန်မြင့်မားလာကာ ကျွန်ုပ်တို့ သပိတ်မှောက်ကျောင်းသားများသည် မြို့မှ ၃ မိုင်ခန့်ဝေးသည့် စုရပ်ဖြစ်သော ရွှေကျောင်းတော်မူဘုရားကြီးဆီသို့ စုဝေး ချီတက်ခဲ့ကြသည်။ ကျွန်ုပ်အနေနှင့် အသက်ငယ်လွန်းသေး၍ သပိတ်တိုက်ပွဲ၏ အရေးပါပုံကို နားလည် သဘောပေါက်ခြင်း မရှိခဲ့ချေ။ စားချိန်တန်စား၊ သောက်ချိန်တန် သောက်ကာ ကျောင်းမတက်ရ၊ စာမကျက်ရဘဲ ဗြိတိသျှဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေသည်ကိုပင် ပျော်ပွဲရွှင်ပွဲပမာ မှတ်ထင်ခဲ့ပါ၏။

## ကိုဘသိန်းတင်အား အမွေဖြတ်ခြင်း

ကျွန်ုပ်၏အစ်ကို ကိုဘသိန်းတင်သည် သခင်အဖြစ် ခံယူပြီးနောက် ထားဝယ်မြို့ ဒို့ဗမာအစည်းအရုံး၏အတွင်းရေးမှူး ဖြစ်လာခဲ့သည်။ သားသမီးများ ချိန်တန်ရွယ်ရောက်လူလားမြောက်သောအခါ အဖေသည် သူတို့၏ဆုံးဖြတ်ချက်များကို မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုချေ။ အင်္ဂလိပ်လူမျိုးအရေးပိုင်မင်းက အဖေ့အား ခေါ်ယူ၍ သားဖြစ်သူအား နိုင်ငံရေး မလုပ်ရန် နားချဖျောင်းဖျနိုင်းသည်။ မရလျှင် သတ္တုတွင်းလုပ်ငန်း ပြန်သိမ်းမည်ဟု ခြိမ်းခြောက်သည်။ သတ္တုတွင်းပိုင်ရှင်တစ်ယောက်အတွက် ယင်းလိုင်စင်သည် အလွန် အရေးပါ၏။ လိုင်စင်မရှိက သတ္တုတွင်းလုပ်ငန်း လုပ်ခွင့် မရှိ။ သို့သော် အဖေသည် သားဖြစ်သူ၏ယုံကြည်ချက်ကိုလည်း ထောက်ခံ အားပေးလိုစိတ်ရှိသည်။ ထို့ကြောင့် ကိုဘသိန်းတင်အား သူ စိတ်ဓါတ် ပြင်းပြနေသော နိုင်ငံရေး



လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နိုင်စေရန် နည်းလမ်းရှာရသည်။ ဤနည်းအားဖြင့် အဖေသည် ကိုဘသိန်းတင်ကို သားအဖြစ်မှ စွန့်လွှတ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ အမွေပြတ်ကြော်ငြာ ထည့်ရသည်။ အဖေသည် ဗြိတိသျှဆန့်ကျင်ရေးကို အပြည့်အဝထောက်ခံရန် သန္နိဋ္ဌာန်ဖြင့် ဤကဲ့သို့ ပြုလုပ်ခဲ့ခြင်း ဖြစ်ဖွယ်ရှိသည်။ ထိုနောက်တွင်ကား ကိုဘသိန်းတင်သည် ကျွန်ုပ်တို့နှင့်အတူ အိမ်တွင်မနေရတော့ဘဲ ဒို့ဗမာအစည်းအရုံးတွင်သာ နေထိုင်၏။ တစ်လတစ်ကြိမ်ခန့်သာ ညအချိန်များမှာ အိမ်သို့ ခိုးကြောင်ခိုးဝှက် ရောက်လာပြီး မိသားစုနှင့် တိတ်တဆိတ် တွေ့ဆုံရပါတော့၏။

အဖေသည် သားသမီးများအပေါ် ငါတကော ကောပြီး တစ်သွေးတစ်သံတစ်မိန့်ဖြင့် အုပ်ချုပ်လေ့မရှိပါ။ အမြဲတမ်း ကျိုးကြောင်းဆင်ခြင်တတ်သူဖြစ်၏။ သားသမီးများအား သူဖြစ်စေချင်သည်ကို ဇွတ်အတင်းလုပ်ခိုင်းလေ့မရှိ။ ငယ်စဉ်တောင်ကျေး ကလေးဘဝတွင် မကောင်းမြစ်တား ကောင်းရာညွှန်ပြသောအခါ တင်းတင်းကြပ်ကြပ် ဆိုဆုံးမခဲ့သော်လည်း သားသမီးတို့ အရွယ်ရောက်သည့်အခါတွင်မူကား နေရာတကာ မျက်စေ့ ဒေါက်ထောက်ကြည့်၍ အစစအရာရာ ပါဝင် စွက်ဖက်ခြင်းမျိုး မလုပ်တော့ချေ။ မိမိလျှောက်ရမည့် ဘဝခရီးလမ်းကို မိမိတို့ကိုယ်တိုင်သာ ရွေးချယ် လျှောက်လှမ်းတတ်စေရန်သာ အားပေးအားမြှောက် ပြုလေ့ရှိပါ၏။

## ကလေးချစ်သောအဖေ

အဖေသည် ကျွန်ုပ်တို့ သားသမီးများကို သရေစာဖိုးပေးရန် မူးစေ့ ပတ်စေ့ စသည့်ပိုက်ဆံအကြွေများကို နံရံရှိ ကြွက်လျှောက်ပေါ်တွင် စီပြီး ထပ်ထားလေ့ရှိ၏။ အကြီးများကို မတ်စေ့ ၅မူးစေ့ စသည်တို့ယူစေပြီး အငယ်များကမူ မူးစေ့ပဲစေ့များသာ ယူရ၏။ တစ်ပတ် နှစ်ပတ်ကြာ၍ ပိုက်ဆံအကြွေများ လျှော့သွားလျှင် ထပ်ပြီး ဖြည့်ထားပေးသည်။

ကလေးချစ်သောအဖေသည် မိမိ၏ သားသမီးများအတွက် သာမက ရပ်ကွက်ထဲရှိ အိမ်နီးချင်း ကလေးများအတွက်ပင် ပျော်ပွဲရွှင်ပွဲ လုပ်ပေးတတ်သည်။ ငှက်ပျောပင်ကြီးတစ်ပင်ကိုနှုတ်၍ ကျွန်ုပ်တို့ဝိုင်းထဲတွင် ကျင်းတူးပြီး စိုက်ထူထားသည်။ အဖေသည် ၅မူးစေ့ လေးငါး ဆယ်စေ့ခန့်ကို ငှက်ပျောပင် ၏ပင်စည်တွင် ခါးရာပေး၍ မြှုပ်ပြီး ဝှက်ထားသည်။ အဖေက အချက်ပေး သောအခါ ကလေးများ ငှက်ပျောပင်ဆီသို့ သူထက်ငါ ဦးအောင်ပြေး၍ ပိုက်ဆံ

www.burmeseclassic.com



အကြွေများကို အလုအယက် ရှာဖွေရယူကြရသည်။ အဖေသည် ကလေးများ ပျော်ရွှင်မြူးတူးနေကြသည်ကို တစ်ချိန်လုံးပြုံး၍ ကြည့်နေလေ့ရှိ၏။ ဘာမှုမရ၍ ငိုယိုနေသော ကလေးအငယ်များကို အဖေကအမြဲတမ်း နှစ်သိမ့်ဆုပေးပါသေးသည်။

ကလေးများကို ဖျော်ဖြေရန် မြွေအလမ္ပါယ်ဆရာများကို အိမ်ဝိုင်းထဲ အထိခေါ်ပြီး မြွေအလမ္ပါယ်ပြပွဲလည်း လုပ်ပေးဖူးသေးသည်။ ကုလား အလမ္ပါယ် ဆရာများသည် မြွေဟောက်နှင့် အခြား အမျိုးအမည်မသိသောမြွေကြီးများ ကို ကျွမ်းကျင်စွာ ကိုင်တွယ်ကစားကြပုံမှာ ကြောက်ဖွယ်လည်းကောင်း၏။ အသည်းယားဖွယ်လည်းကောင်း၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ကလေးများ အားလုံး သဘောကျ နှစ်ခြိုက်ကြသည်။ အလမ္ပါယ်ဆရာ၏ ပြွေသံကြားလျှင် မြွေဟောက်ကြီးက ခြင်းထဲမှ ရှုးကနဲထွက်လာပြီး ပါးပျဉ်း ထောင်ကာ ဟိုဘက် သည်ဘက် ယိမ်းနေသည်ကိုမြင်ရလျှင် ပရိသတ်အားလုံး သည်းလှိုက် ရင်ဖို ဖြစ်ကြရသည်။ ရံဖန်ရံခါ၌ မြွေကြီးသည် လွတ်ထွက်တော့မည်ကဲ့သို့ ထင်မှတ် ရစဉ် အလမ္ပါယ်ဆရာက အမြီးကို လျှင်မြန်စွာဖမ်းလိုက်ရာ အဆိပ်ရှိသော မြွေကြီးမှာ အလမ္ပါယ်ဆရာပြုသမျှ နုရလေတော့သည်။ အံ့မခန်းနိုင်ဘွယ် အလမ္ပါယ်ပြပွဲမှာ အလွန်ပင် ကြည့်ကောင်းလှပါသည်။

ဤကဲ့သို့ သားသမီးများနှင့်တကွ ကလေးများကို သနားကြင်နာ ရုံမျှမက ပျော်ရွှင်မှုရရှိကြစေရန် စဉ်းစားစီစဉ်ပေးတတ်သော အဖေ၏ စေတနာ မေတ္တာကို အထူးပင်တန်ဖိုးထားမိပါသတည်း။

## အဖေ၏မိတ်ဆွေအပေါင်းအသင်းများ

အဖေ့မှာ မိတ်ဆွေအပေါင်းအသင်း များများစားစားမရှိပါ။ အဖေ သည် ညဘက်၌ ဘီဘီစီမှရေဒီယိုသတင်းများ နားထောင်ပြီးလျှင် အရေးပိုင် ရုံးမှ စာရေးကြီးဦးဘချစ်၏အိမ်သို့ အမြဲသွားပြီး စကားစမြည် ပြောလေ့ရှိသည်။ ဟိုနား သည်နားသွားပြီး ညဘက် အဖေပြန်လာလျှင် ဆူဆူညံညံ ခွေးဟောင် သံများ ကြားရ၏။ လမ်းပေါ်၌ရှိ ခွေးလေခွေးလွင့်များသည် ညအခါ၌ တွေ့မြင် သမျှကို ဟောင်တတ်ကြသည် မဟုတ်ပါလော။ ခွေးဟောင်လျှင် အဖေက ပြန်ပြီး ဝူးဝူးဝုတ်ဝုတ် စသော ခွေးဟောင်သံမျိုးဖြင့် အသံပြု တုံ့ပြန်တတ်သည်။ အဖေက ဤကဲ့သို့လုပ်လျှင် ခွေးများက ပို၍ဒေါပွပြီး သဲကြီးမဲကြီး ဟောင်ကြ ပြန်၏။ ဤကဲ့သို့ အဖေ၏ကလေးဆန်ဆန်လုပ်ရပ်ကို အမေက သဘောမတွေ့



သော်လည်း မည်သည့်အခါမျှ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခြင်းမရှိဘဲ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်းသာ ပြောလေ့ရှိပါ၏။

အချို့သော ညများတွင်ကား သူနှင့်ရင်းနှီးသော တစ်ရပ်ကွက်ထဲနေ သတ္တုတွင်းသူဌေး ဦးဖိုးသီးထံသွား၍ အကျိုးတူ စီးပွားရေးကိစ္စများကိုလည်း ကောင်း၊ ရပ်ရေးရွာရေး နိုင်ငံရေးများကိုလည်းကောင်း၊ ပြောဆို ဆွေးနွေး လေ့ရှိသည်။ စကားကောင်းသောနေ့များတွင် သန်းခေါင် သန်းလွဲပင် ပြန်မလာ၍ အစ်ကိုကြီးတစ်ယောက်ကိုသွားပြီး အကြိုခိုင်းရတတ်၏။

## ရောဂါဝေဒနာဖိစီးခြင်း

အဖေ့တွင် နာတာရှည်လေပြွန်ယောင်ရောဂါနှင့် လေပြွန်ငယ်များ ကျယ်ကာပျက်စီးသောရောဂါ ( Bronchiectasis ) ရှိ၍ အဆက်မပြတ် ချောင်းဆိုးပြီး သလိပ်အမြောက်အမြားထွက်သည်။ နံနက်တိုင်း အဖေ၏ ထွေးခံ ထဲမှ သလိပ်များက အလွှာ ၃ လွှာ ဖြစ်နေခြင်းသည်ပင် Bronchiectasisခေါ် လေပြွန်ငယ်များ ပျက်စီးသော ရောဂါဖြစ်ကြောင်း အထင်အရှား သိနိုင်ပါသည်။ ခွဲစိတ်ဆရာဝန်ကြီး Dr. Secluna (FRCS) က အဖေ့ကို စမ်းသပ်ပြီးလျှင် 'အတိုမင့်အဆုပ်တွေက ဇကာပေါက်ဖြစ်နေပြီ 'ဟု ပြောလေ့ ရှိသည်။ ဝေဒနာ သက်သာရန် ချောင်းဆိုးပျောက်ဆေးနှင့်အားဆေးများ ပေးသည်။ ရင်ဘတ် ပေါ်တွင် လိမ်းရသောဆေးများလည်း ပါရှိသည်။ အဖေသည် ရောဂါ၏ဒဏ်ကို ကြာရှည်ကြာမျှော မခံရဘဲ အသက် ၆၀ ကျော်တွင် ကွယ်လွန်ခဲ့ရှာပါသည်။

## အဖေ၏ဈာပန

အဖေဆုံးသောအခါ ကျွန်ုပ်၏အသက် ၁၀ နှစ်ခန့်သာ ရှိဦးမည်၊ ကျွန်ုပ်တို့ကလေးများကို အဖေ အသည်းအသန်ဖြစ်ချိန်မှစ၍ အသုဘချသော နေ့တိုင်အောင် အဒေါ်တစ်ဦး၏အိမ်သို့ ပို့ထားသည်။ အသုဘချသောနေ့တွင် ကလေးလူကြီးမကျန် ကျွန်ုပ်တို့မိသားစုအားလုံး၊ ဆွေမျိုးမိတ်သင်္ဂဟများ နှင့်အတူ သင်္ချိုင်းရောက်သည်အထိ လိုက်ပါပို့ဆောင်ကြသည်။ သင်္ချိုင်းတွင် ဗုဒ္ဓဘာသာ မြန်မာထုံးတမ်းစဉ်လာနှင့်အညီ သရဏဂုံတင်ခြင်း မေတ္တာပို့ အမျှ ဝေခြင်းစသည့် လုပ်ဆောင်ဖွယ်ရာများ ပြုလုပ်ကြပြီးလျှင် အဖေ၏ ရုပ်အ လောင်းအား မြေမြှုပ်သင်္ဂြိုဟ်ကာ အပြီးတိုင် လမ်းခွဲခဲ့ကြရလေသည်။ ချစ်ခင် ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေပြီ။ အမေက သစ်ပင်

www.burmeseclassic.com

ကြီးတော့ လဲသွားပြီဟု ဝမ်းနည်းပက်လက် ငိုယိုခဲ့ရာ အကို ကိုဘသိန်းတင်က သစ်ပင်ကြီးလဲပေမဲ့၊ သစ်ပင်ငယ်တွေအများကြီးကျန်ခဲ့ပါသေးတယ်ဟု နှစ်သိမ့်ခဲ့၏။ အဖေမရှိတော့သည့်နောက်တွင်မူ အဖေ သက်ရှိထင်ရှားရှိစဉ်က ဘဝမျိုးပြန်၍ မရနိုင်တော့သည်ကိုတစစ ပိုမိုနားလည်သဘောပေါက်လာခဲ့ပါတော့၏၊ အဖေ၏အကြင်နာမေတ္တာနှင့် ကရုဏာတရားတို့ကိုလည်း အကြောင်းတိုက်ဆိုင်သည့်အခါတိုင်း လွမ်းဆွတ်တသနေမိကြသည်။ အဖေသည် ပုထုဇဉ်တို့ဘာဝ ချောက်ပြစ်ကင်းသဲလဲစင် မဟုတ်သော်ငြားလည်း အဖေ၏ ကျေးဇူးဂုဏ်များမှာ အနန္တောအနန္တ ကြီးမားပါပေစွ။

## ကျွန်ုပ်မိခင်

အမေ၏အမည်မှာ ဒေါ်စောခင်ဖြစ်သည်။ ထားဝယ်ချက်မြုပ် ဖြစ်သော မြန်မာစစ်စစ်အဖိုး ဦးဗျိုးနှင့် အဖွားဒေါ်ဆိုင်းတို့၏ ရင်နှစ်သည်းချာ သမီးကလျာဖြစ်သည်။ အလွန်ရိုးသားဖြူစင်သူဖြစ်၏။ မူလတန်းပညာမျှသာ သင်ယူခဲ့ရသောကြောင့် အရေးအသားအတွက်အချက် ကောင်းစွာမရချေ။ အမေသည် ပုပုဝဝဖြစ်ပြီး တကုပ်ကုပ်နှင့် အလုပ် အလွန်လုပ်သည်။ စိတ်ထားနူးညံ့ပျော့ပျောင်း၍ လူတဖက်သား စိတ်မချမ်းမြေ့မည့် အလုပ်မျိုး မည်သည့်အခါမျှမလုပ်။ ရင့်ရင့်သည်းသည်း စကားမျိုးကိုလည်း မည်သည့်အခါမျှ မပြော။ သူ့ဘဝတစ်ခုလုံးအား သားသမီးများကို ကျွေးမွေးပြုစုစောင့်ရှောက်သည့် တာဝန်ဝတ္တရားထဲတွင်သာ လုံးဝမြုပ်နှံထားသူ ဖြစ်ပေ၏။

### အမေ၏နေ့စဉ် တာဟိရများ

အမေသည် နံနက်တိုင်း အိပ်ရာမှ စောစောထ၍ အိမ်ဖော် ကလေးမများကို သင့်လျော်ရာအိမ်မှုကိစ္စများ ခွဲခြားလုပ်ကိုင်စေပြီးနောက် စျေးသွားလေ့ရှိ၏။ အိမ်သူအိမ်သား (၁၈)ယောက်အတွက် ဟင်းချက်စရာဝယ်ရသည့် နေ့စဉ်အလုပ်မှာ ပင်ပန်း မသေးလှချေ။ 'ဘယ်သူ ဘာကြိုက်တယ်၊ ဘယ်သူ



ဘာမကြိုက်ဘူး' စသည့် တစ်ဦးချင်းစီ၏ စိတ်ကြိုက်များကိုလည်း ထည့်သွင်းစဉ်းစားရသည်။ အဖွားအတွက်ဆိုလျှင် ငါးရံ့နှင့်နွားနို့ကို မမေ့အောင် ဝယ်ရသည်။ သားယောကျ်ားလေး အချို့က အစားအသောက် ဇီဇာကြောင်ကြ၏။ အချို့က ဆီပြန်ဟင်းမှ ကြိုက်သည်။ စားပွဲပေါ်မှာ ပြင်ဆင်ထားသော ဟင်းကို စိတ်တိုင်းမကျလျှင် ချာခနဲ လှည့်ထွက်သွားတတ်ကြသည်။ ထိုနေ့မျိုးတွင် အမေ့ခမျာ စိတ်မကောင်းဖြစ်ပြီး လူမသိအောင် မျက်ရည်ကျနေတတ်သည်။ ကျွန်ုပ်ကမူ အမေစိတ်ဆင်းရဲအောင်လုပ်သော အစ်ကိုများကို ဒေါသဖြစ်နေမိပါ၏။

ကျွန်ုပ်တို့အိမ်တွင် ပင်လယ်ငါး၊ ကြက်သားဟင်းနှင့် ဝက်သားတို့ကိုသာ စားသည်။ အမဲနှင့်ဆိတ် မစားပါ။ ရေချိုငါးဆိုလျှင် ခေါ်တောကုလားသဘော်သားအလုပ်သမားများသာစားသည့် ငါးမျိုးဟု ထင်မှတ်ခဲ့မိသည်။ ကျွန်ုပ်ဆိုလျှင် နှစ်လများစွာကြာမှသာ ငှင်းသားငါးများကို စားတတ်လာခြင်း ဖြစ်၏။

အမေ၏လက်ရာမြောက်သော ဟင်းတစ်ခွက်မှာ 'ငါးပိသုပ်' ပင်။ အမေက ဟင်းချက်လျှင် ရှောက်သီး၊ သံပုရာသီး စသော အချဉ်သီးတစ်မျိုးမျိုးကိုသုံး၍ ခံတွင်းမြိန်အောင် စီမံလေ့ရှိ၏။ အိမ်သူအိမ်သားအားလုံး ကိုယ်စီကိုယ်ငှ လျှာရင်းမျက်ကြစေရန် ဖွယ်ဖွယ်ရာရာချက်ပြုတ်ကျွေးလှော်ကာ အမြပင် အလုပ်ရှုတ်နေသော်ငြားလည်း အမေသည် မီးဖိုချောင်တာဟိရကို ပင်ပန်းသည်ဟု သဘောမထားချေ။ ငြီးငြူသံလည်း တစ်ရံတစ်ခါမျှ မကြားရဘူးချေ။ ထမင်းပွဲအဆင်သင့်ဖြစ်မှ အိမ်သူအိမ်သားများကိုခေါ်ပြီး ကျွေးသည်။ အားလုံး မြိန်ရေရှက်ရေ စားသောက်နေကြလျှင် အမေ့ခမျာ ပီတိ ဖြစ်နေရှာတော့သည်။ စားမမြိန်ကြပါမူ အိုးသူကြီးဖြစ်သော အမေ့မျက်နှာ မကောင်းတော့ပေ။

ထမင်းဝိုင်းပြင်သောအခါ လူကြီးဝိုင်း၊ ကလေးဝိုင်း(၂)ဝိုင်း ပြင်ရသည်။ မြင့်မောင်၊ မြင့်အောင်၊ မျိုးအောင်နှင့်ကျွန်ုပ်အပါအဝင် အငယ်များသည် ကလေးဝိုင်းမှာဝင်ရ၏။ ကျွန်ုပ်တို့သည် လူကြီးဝိုင်းမှာ ဘယ်ဟင်းပိုသလဲ၊ ဒီဝိုင်းမှာ ဘာဟင်းလျော့သလဲ၊ အမြဲ စူးစမ်းလိုကြ၍ တစ်ဖက်ထမင်းစားပွဲကို စောင်းကြည့်တတ်ကြသည်။ လူကြီးဝိုင်းထဲ ဝင်ခွင့်ရလျှင်မူကား အထူး အခွင့်အရေးပင်ဖြစ်၏။ အမေကမူ သားသမီးတွေအားလုံးပြီးမှ စားလေ့ရှိသည်။ မိသားစု လူစုံတက်စုံ ဝိုင်းဖွဲ့၍စားကြသော စနေ၊ တနင်္ဂနွေနေ့များနှင့်အထူး ပွဲစားပွဲရှိသောနေ့များတွင် အမေ့မှာတာဝန်ပိုပြီး ပိုမို ပင်ပန်း ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ စားရေးသောက်ရေးကိစ္စများ ပြီးစီးမှ အမေသည် အေးအေးလူလူ ရှိသောနေရာတွင် ဖျာလေးခင်း၍ နားလေ့ ရှိပါသည်။

**ဒေါ်ဒေါ်ဟုခေါ်ရခြင်း**

ကျွန်ုပ်တို့သည် အစ်ကိုကြီးအစ်မကြီးများ ခေါ်ကြသကဲ့သို့ အမေ့အား 'ဒေါ်ဒေါ်'ဟု ခေါ်ခဲ့ကြသည်။ ကျွန်ုပ်ငယ်စဉ်ကမူ 'ငါ့မွေးတဲ့အမေကို ဘာဖြစ်လို့ အမေမခေါ်ဘဲ၊ ဒေါ်ဒေါ် ခေါ်ရပါလိမ့်' ဟု စဉ်းစားကာ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ အမေ၏အစ်မကြီး ဒေါ်အေးခင်သည် အငယ်ဆုံးကလေးမီးဖွားစဉ် လူကြီးရောဂကလေးပါ တိမ်းပါးသွားခြင်းဖြစ်၏။ ထိုခေတ် ထိုအချိန်က ကလေးမီးဖွားရခြင်းမှာ 'ယောကျ်ား ပေါင်စီး မိန်းမမီးနေ' ဟူသော ဆိုရိုးစကားနှင့်အညီ အသက်အန္တရာယ် ရှိလှပေ၏။ အဖွားဒေါ်ဆိုင်းသည် အဖေ့အား ခယ်မဖြစ်သူ ကျွန်ုပ်၏မိခင် ဒေါ်စောခင်နှင့်လက်ဆက်စေခဲ့သည်။ ထို့ကြောင့် ကွယ်လွန်သူ ပထမဇနီးဒေါ်အေးခင်ကမွေးသည့် ကျွန်ုပ်၏ အစ်ကိုအစ်မများက အမေ့ကို ဒေါ်ဒေါ်ဟု ရှိသေသမှုဖြင့်ခေါ်ကြခြင်းဖြစ်သည်။ ကိုဖေသက်ကစ၍ ကျွန်ုပ်အပါအဝင် အမေကမွေးသော သားသမီးများသည် အစ်ကိုကြီး အစ်မကြီးတို့ခေါ်သကဲ့သို့ပင်သံယောင်လိုက်ပြီး အမေ့အား ဒေါ်ဒေါ် ဟု ခေါ်ကြရာ နှုတ်ကျိုးသွားကြလေတော့သည်။ ကျွန်ုပ်တို့ညီအစ်ကို မောင်နှမအားလုံးကလည်း နှစ်မိပေါက် ဖြစ်လင့်ကစား တစ်မိပေါက်ကဲ့သို့ပင် ခံယူထားကြသည့်အတွက် အဖေတူအမေကွဲဟု အပြောခံရလျှင်ပင် စိတ်ဆိုးမာန်ဆိုးဒေါသအိုး ပေါက်ကွဲတတ်သည်။ ကျွန်ုပ်တို့ မိသားစုနှင့် ရင်းနှီးကျွမ်းဝင်သော ပုဂ္ဂိုလ်များကမူ ကျွန်ုပ်တို့ မွေးချင်းတစ်စု၏ အချင်းချင်း သွေးစည်း ချစ်ခင်သံယောဇဉ်ကြီးပုံကို သိနားလည်ကြသည့်အားလျော်စွာ အမြဲ ထာဝစဉ်လေးလေး စားစားဆက်ဆံကြပါ၏။

**အမေ၏လက်မှုပညာများ**

အမေသည် ထိုခေတ်ကရေပန်းစားသော ထားဝယ် ပိုးလုံချည်များကို အဆင်ဖော်ရာ၌ ကျွမ်းကျင်လိမ်မာသူဖြစ်၏။ တရုတ်ပြည်မှ လာသော ပိုးချည်ခင်များကို ဈေးတွင်ဝယ်ရသည်။ ၎င်းပိုးချည်ခင်များကို အရောင်အသွေးအမျိုးမျိုးရအောင် စည်များတွင် ဆေးစိမ်ကာ ဆေးဆိုးရသည်။ ဆိုးဆေးများက အမျိုးအစားကောင်းသော ဆေးရောင်ခံဆေးများဖြစ်သဖြင့် အမေ၏လက်



တွင် ရက်ပေါင်းများစွာစွဲပြီး ကျန်နေတတ်သည်။ ဆေးဆိုးထားသော ပိုးချည်ခင်များကို ဝါးလုံးတန်းများတွင် ချိတ်ဆွဲ၍ အခြောက်လှန်းထားရသည်။ ထို့နောက် ပိုးချည်ခင်များကို 'ချား'တွင် အခွေလိုက်စွပ်ထည့်ပြီး 'ချား'ကို လက်ဖြင့်ရစ်ကာ ပိုးချည်ခင်အား ရက်ဖေါက်ထဲသို့ သွင်းရခြင်းဖြစ်သည်။ ပင်ပန်းခက်ခဲသော လက်မှုလုပ်ငန်းဖြစ်ပါ၏။ ရံဖန်ရံခါ ကျွန်ုပ်သည် အမေ့ကို ဝင်ကူရန်ကြိုးစားသော်လည်း အမေကလက်မခံချေ။ မည်သူ့ကိုမျှ မျက်နှာလွှဲ၍မရသဖြင့် တစ်ဦးတည်းဒိုင်ခံလုပ်ရခြင်းဖြစ်ရာ အမေ့မှာ လွန်စွာပင်ပန်းလှပေသည်။

ပိုးချည်တို့၏အရောင်အသွေးများက အလွန်ပင် များပြား စုံလင်လှသည်။ အမေသည် သူလိုချင်သောအဆင်ကို စိတ်ကူးထဲတွင် ပုံဖေါ်၍ အတိုင်အဖေါက်သွားရမည့် အရောင်အသွေးများကို စီစဉ် ရွေးချယ်ရသည်။ ထိုအခါမျိုးတွင် အမေသည် ပါးစပ်က တတွတ်တွတ် ရွတ်ဆိုရင်း ရက်ဖေါက်လုံးများကို ရွေး၍ အစီအစဉ်ချနေခြင်း ဖြစ်သောကြောင့် သူအလုပ်လုပ်စဉ် နှောက်ယှက်၍မဖြစ်ပေ။ ရက္ကန်းရက်သူများသည် အမေအစီအစဉ်ချပေးလိုက်သည့် အတိုင်းအရောင်အသွေးများကို အတိုင်အဖေါက်တိတိကျကျရက်ကြရခြင်းဖြစ်ပေသည်။

**ပိုးလုံချည်ရောင်းချခြင်း**

ရက္ကန်းမှထွက်သော ပိုးလုံချည်များကို ကျွန်ုပ်တို့အိမ်၌ ခင်းကျင်းရောင်းချပါသည်။ ယောကျ်ားဝတ် ပိုးလုံချည်တစ်ထည်ကို (၆) ကျပ် (၇) ကျပ်ဖြင့်ရောင်းရသည်။ မိန်းမဝတ် တစ်ထည်၏ဈေးမှာ (၅)ကျပ်မျှသာ ဖြစ်၏။ ထားဝယ်လုံချည်များကို အပြိုင်အဆိုင်ရောင်းရာ ကျွန်ုပ်တို့ လမ်းထဲမှာပင် (၂)ဆိုင် (၃)ဆိုင်ခန့်ရှိသည်။ ထို့ကြောင့် ဈေးဝယ်တစ်ယောက်ဝင်လာလျှင် လက်လွှတ်မခံလိုကြပေ။ အမေသည် မရမက ဈေးနှိမ်၍ ဆစ်သောသူမျိုးကိုဝင် ပြန်လှည့်မထွက်မီ နားဝင်အောင် အမျိုးမျိုးဖျောင်းဖျပြောဆို၍ ရောင်းရတတ်သည်။ မဝယ်ဘဲ ပြန်ထွက်သွားသူကိုလည်း ရအောင်ပြန်ခေါ်၍ ရောင်းရတတ်သည်။ ရံဖန်ရံခါ၌ အခြားဆိုင်များက အမေ၏ ဖေါက်သည်တို့ကို လုသွားသဖြင့် လက် လွှတ်ပြီးမရောင်းရသည့် အခါမျိုးလည်းရှိသည်။ အမေ၏ပိုးလုံချည် တံဆိပ်မှာ 'ရွှေဘဲ' ဖြစ်သည်။ ကျွန်ုပ်၏ညီအငယ်ဆုံးသည် အမေနှင့်စကားပြောလျှင် 'ရွှေဘဲ မစောခင်' ဟု ကျီစားခေါ်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ငါးမုန့်လုပ်ခြင်း

အမေ၏အခြားလုပ်ငန်းတစ်ခုမှာ ငါးမုန့်များ ကိုယ်တိုင် ပြုလုပ်ရောင်းချခြင်းဖြစ်သည်။ ပင်လယ်ငါးများကို ပြုတ်၍ အသားများထုတ်ပြီး ညက်အောင်ထောင်းရသည်။ ထောင်းထားသော ငါးအသားများကို ဂျုံမှုန့်နှင့် သမအောင် နယ်ရသည်။ မုန့်လုပ်ဆော်ဒါမှုန့် အနည်းငယ်ထည့်ရ၏၊ ရရှိလာသော အနှစ်များကို အထပ်ထပ် အခါခါလိုမ့်ပြီး ရေနွေးငွေ့ဖြင့် ပေါင်းရသည်။ အသားများ ကျက်သောအခါ အတုံးသေးသေး ပါးပါးလေးများ ရအောင်လှီးပြီး နေလှန်းရသည်။ ငါးမုန့် များကို အိတ်လေးများတွင်ထည့်ကာ ကျွန်ုပ်တို့အိမ်၌ ရောင်းချပါသည်။ အမေ၏ လက်ရာမွန်များဖြစ်သော ပိုးလုံချည်နှင့်ငါးမုန့်မှာ အလွန် လူကြိုက်များပါ၏။

## အမေ၏စိတ်နေစိတ်ထား

အမေသည် အလွန်ရိုးစင်းသူဖြစ်၏။ 'ရိုးလွန်းတော့ အ' ဟူ သောဆိုရိုးစကားနှင့်အညီ အချို့သော ညီအစ်မအရင်းနှင့် ဝမ်းကွဲများ အပါအဝင် ဆွေမျိုးနီးစပ်များသည် အမေ၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ အနိုင်ကျင့်ဗိုလ်ကျတတ်သည်။ ဤကဲ့သို့ အမေ့အပေါ် မမျှမတ မတရားသဖြင့် ပြုသော အကြောင်းကိစ္စများ ပေါ်ပေါက်ခဲ့သော် ကျွန်ုပ်၏အစ်မဒေါ်မေကြွက အမေ့ဘက်မှနေ၍ မဟုတ်မခံ ကက်ကက်လန်အောင် ဗိုင်ခဲ၍ရန်တွေ့ ချေပပြောဆိုပေးရလေ့ရှိသည်။

ကျွန်ုပ်တို့၏အဖွားကလည်း စိတ်နှလုံးကောင်းသော အမေ၏အကြောင်း ကို ကောင်းကောင်းသိသဖြင့် တစ်အူတုံဆင်းမွေးချင်းများကပင် အနိုင်မကျင့်နိုင်ကြစေရန် အကာအကွယ်ပေးလေ့ရှိသည်။ မပြောမပြီး မတီးမမြည် ဆိုသကဲ့သို့ ရိုးလွန်းအလွန်းသော အမေ့အား အဖွားက ရံဖန်ရံခါ ဆူပူကြိမ်းမောင်းလျှင်လည်း အမေသည် တစ်ခွန်းတစ်ပါဒမျှ ပြန်ပြောခြင်းမရှိဘဲ ချုံးမဲ့ချ၍သာ ငိုကြွေးလေ့ရှိ၏။ အဖွားက ရိုးအေးပြီး ကလေးသဖွယ် ဖြစ်နေသော အမေ့ကို အမြဲပင်အရိပ်တကြည့်ကြည့် ကြည့်နေရှာသည်။ 'စောခင်နှင့်မှာ ကလေးတွေတစ်ပုံတစ်ပင်နဲ့နော်'ဟု သမီးဖြစ်သူကို စိတ်ပူသည့် လေသံဖြင့် ကရုဏာစကားရေရွတ်ပြောဆိုလေ့ရှိ၏။

ကျွန်ုပ်တို့ငယ်စဉ်က အမေ့ခမျာ အလွန်ပင်ပန်းခဲ့ပေမည်။ ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှသည် လူလားမြောက်သည့်တိုင် အောက်ခြေ



သိမ်းမှအစ ဂရုတစိုက် ပြုစုယုယလျက် ကျွေးမွေး စောင့်ရှောက်ဆုံးမ ပဲ့ပြင်ပေးခဲ့သည်။ အမေသည် သူတစ်ပါးအကြောင်း နဲနဲမျှ စိတ်မဝင်စား၊ သူတစ်ပါးကိစ္စကို နဲနဲမျှပါဝင် စွက်ဖက်ခြင်းမပြု။ အမေသည် သားသမီးများအတွက်သာ အသက်ရှင်ရပ်တည်နေသူဟုပင် ဆိုနိုင်ပါ၏။ သားသမီးအားလုံး စုန်းပြုံးတစ်ချော်မျှမပါဘဲ ပညာရေး၊ စီးပွားရေး အစခပ်သိမ်း တင့်တောင့် တင့်တယ်ဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက် ခဲ့သောအမေ၏ကျေးဇူးဂုဏ်များကို ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမအားလုံး အသက်ကြီးလာသည်နှင့်အမျှ ပိုမို နားလည် သဘောပေါက်လာကြပေသည်။ မျက်မှောက်ခေတ်တွင်မူကား ဘာပဲဖြစ်ဖြစ် သားသမီးအပြစ် မဟုတ်၊ မိဘအပြစ်ဟုသာ တစ်ဖက်သတ် ပုတ်ခတ်စွပ်စွဲလက်ညှိုးထိုးနေကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းပေစွ။

## ကလေးဘဝဆိုးပေ၍ အမေ၏အရိုက်ခံရခြင်း

ကလေးဘဝက ကျွန်ုပ်တို့သည် လူကြီးများမသိအောင် အိမ်မှ လစ်ထွက်ပြီး ဒီရေတက်ချိန်မှာ ထားဝယ်မြစ်ထဲတွင် ရေသွားကူးလေ့ ရှိကြသည်။ ဒီရေတက်သောအခါ ဒီရေလှိုင်းလုံးကြီးများသည် ဝုန်းခနဲ အမြင့်ကြီး တက်လာသည်။ ကျွန်ုပ်တို့ကစားဖော် ၉ ယောက်၊ ၁၀ ယောက်ခန့်သည် မြင့်တက်လာသော ဒီရေလှိုင်းလုံးကြီးများကို စီးရန် ဆိပ်ခံတံတားပေါ်မှ အတင့်ရဲစွာ မြစ်ထဲကို ဒိုင်ဗင်ထိုးကြသည်။ ရံဖန်ရံခါ၌ ကျွန်ုပ်တို့သည် ဒီလှိုင်းနှင့်အတူ တော်တော်ဝေးဝေးအထိ မျောပါသွားတတ်သည်။ ဤကဲ့သို့ ဆော့ကစားနေသည်ကိုတွေ့သော အဖေအမေတို့၏အသိမိတ်ဆွေများသည် ကျွန်ုပ်တို့၏အသက်အန္တရာယ်ကိုစိုးရိမ်၍ အိမ်ကိုအသိပေးတိုင်ကြားကြလျှင် ကျွန်ုပ်တို့အား အမြန်ချင်းပြန်လာခဲ့ရန် အခေါ်ခံရပါတော့သည်။ ကျွန်ုပ်တို့လည်း မြစ်ဆိပ်သွားရန် တားမြစ်ထားသောစည်းကမ်းကို ချိုးဖောက်မိသောကြောင့် အရိုက်ခံရမည်ကိုသိ၍ နှေးကွေးတုံ့ဆိုင်း ကြောက်ရွံ့စွာဖြင့် အိမ်ပြန်လာခဲ့ကြသည်။ အမေက အိမ်ရှေ့မှာ ထွက်စောင့်နေပြီး 'လာခဲ့ကြစမ်း၊ ကြိုက်တဲ့တုတ် ကောက်ပြီး လာခဲ့ကြစမ်း' ဟု ဒေါသတကြီး အော်ဟစ်ကြိုဆိုပါလေတော့သည်။ ကျွန်ုပ်တို့ ကောက်ပေးသော ဝါးခြမ်းပြားကိုယူကာ 'မြစ်ဆိပ်ကို နောက် သွားဦးမလား၊ နောက်တစ်ခါ ရေသွားကူးဦးမလား' စသည်ဖြင့် မေးမေးပြီး မှတ်လောက်သားလောက်အောင် ဆင့်ကာဆင့်ကာ ရိုက်နှက်ဆုံးမပါသည်။ ကျွန်ုပ်တို့လည်း ကိုယ့်အပြစ်ကိုယ်သိသဖြင့် အသံလည်း မထွက်ရဲ၊ ငိုလည်းမငိုရဲ၊ အံကြိတ်၍ ခံကြရ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အမေ၏ ကရုဏာဒေါသကိုလည်း အရိုက်ခံရသော ကျွန်ုပ်တို့အားလုံး ကောင်းစွာသဘောပေါက် နားလည်ကြပါသည်။

### နောက်ဆုံးကလေးမွေးဖွားခြင်း

အမေသည် မြင့်မောင်ကိုမွေးစဉ်က နောက်ထပ်ကလေးရတော့မည် ဟုမထင်၍ အငယ်ဆုံးအမှတ်ဖြင့် 'ထွေး'ဟု အမည်ပေးခဲ့သည်။ မထင်မှတ်ဘဲ မြင့်မောင်အောက်တွင် နောက်တစ်ယောက် ထပ်မွေးသောအခါ မည်ကဲ့သို့ နာမည်ပေးရမည်ကို ကြံရာမရတော့သည့်အဆုံး 'ဂျွန်နီ' ဟု ကင်ပွန်း တပ်လိုက်ကြလေတော့သည်။ ထိုအငယ်ဆုံးကလေး မီးဖွားစဉ်က အမေ ဒုက္ခဝေဒနာ ခံစားရပုံများကို ကျွန်ုပ်အနေနှင့် ဝိုးတဝါး မှတ်မိနေပါသေးတော့သည်။ ထိုခေတ်က ကလေးမီးဖွားလျှင် ဆေးရုံ ဆေးခန်းသို့ မသွားကြဘဲ အများအားဖြင့် အိမ်မှာပင် မွေးကြခြင်းဖြစ်သည်။ ယခုကိုယ်ဝန်မှာ (၈)ယောက်မြောက်ဖြစ်ပြီး အမေကလည်း အသက်အရွယ် အတော်ရနေပြီ။ ကလေး ထွက်ပြီးသည်နှင့် သွေးများ ဒလဟောဆင်းရာ အမေသည် တစ်မုဟုတ်ချင်းပင် မြူးမွေးသွားခဲ့လေသည်။ သူကိုယ်သူ သေမည်ဟုထင်သော အမေသည် ကျွန်ုပ်၏အစ်မအား တတွတ်တွတ်ပြောဆို မှာကြားနေလေတော့သည်။ အစ်မဖြစ်သူမှာလည်း မျက်ရည်မထိန်းနိုင်၍ အဆက်မပြတ်ငိုနေရာမှပင် အမေ့အား သူတတ်သမျှ မှတ်သမျှ အားပေးစကား ပြောရှာပါ၏။

အခြေအနေမဟန်တော့သည့်အဆုံး အဖေလည်း Dr. Menon ဆိုသူ အပြင်ဆေးခန်းထိုင်သော ဆရာဝန်တစ်ယောက်ကို မရမက သွားပင့်လေ၏။ သွေးအိုင်ထဲတွင် မျော့မျော့လေးဖြစ်နေသော အမေ့ကိုတွေ့လျှင် ဆရာဝန်ကြီးက သူ့အားစောစော မခေါ်ရကောင်းလားဟု အဖေ့ကို ပြစ်တင် ကျိန်းမောင်းလေသည်။ ထို့နောက် Ergometrine ဖြစ်ဖွယ်ရှိသော ဆေးတစ်လုံး ထိုးပေးလိုက်ရာ မိနစ်အနည်းငယ်အတွင်း သွေးဆင်းရပ်သွားပြီး အမေလည်း တဖြည်းဖြည်း နလံထူလာခဲ့ပါသည်။ ကျွန်ုပ်တို့ မိသားစုမှာ ကံကောင်း ထောက်မ၍သာ အမေ့အား လက်လွှတ် မဆုံးရှုံး ခဲ့ကြခြင်းဖြစ်၏။ ၃-၄ ပတ်အတွင်း ထူထူထောင်ထောင်ဖြစ်လာသော အမေသည် မည်သူ့မျှတားမရတော့ဘဲ သူ၏ နိစ္စဒူဝအိမ်မှုကိစ္စများကို ပုံမှန် လုပ်ကိုင်နေလေတော့သည်။



### ကိုဖေသက်၏အိမ်တွင်အမေနေထိုင်ခြင်း

၁၉၅၀-၅၁ခန့်တွင် အမေနှင့်တကွ အစ်မများအားလုံး ရန်ကုန် သို့ ပြောင်းရွှေ့လာခဲ့ ကြသည်။ ရန်ကုန်ရောက်ရောက်ချင်း ဘဒ်လမ်းရှိ အစ်ကို ကိုဖေသက်၏အိမ်တွင် အချိန်အတန်ကြာ တည်းခိုနေထိုင်ခဲ့ကြသည်။ သို့ရာတွင် ကိုဖေသက်၏အိမ်၌ သူ၏ယောက္ခမများလည်း အတူ နေကြသောကြောင့် အိမ်ထဲတွင် လူများပြည့်ကြပ်နေသည်။ ကိုညွန့်လှိုင်၊ မယ်မယ်နှင့် ညီငယ်လေးများမှာ နောက်ဖေးတန်းလျားတွင် နေကြရရှာ၏။

ထို့နောက် အလုံလမ်းရှိ ကိုဖေသက်၏နေအိမ်သို့ ပြောင်းရွှေ့ကြပြန်သည်။ ထိုအိမ်တွင် တင်းနစ်ကွင်းပါရှိသဖြင့် ကျွန်ုပ် ဆေးကျောင်းတက်စဉ်က ကျွန်ုပ်တို့ညီအစ်ကိုများနှင့် ဆေးကျောင်းမှ သူငယ်ချင်းများ တင်းနစ်ကစားကြလေ့ရှိပါသည်။ ထိုအိမ်မှာ အလွန်ကြီးသောအိမ်ကြီးတစ်လုံးဖြစ်သည်။ ကျွန်ုပ်တို့မိသားစုသည် ထိုအိမ်၌ ကိုဖေသက်၏အလုပ် မရွှေ့ပြောင်းမချင်း နှစ်အတော်ကြာ နေထိုင်ခဲ့ကြ၏။

ထို့နောက် အမေနှင့်ကျန်သားသမီးများသည် မြေနီကုန်းရှိ စိန့် ဖလိုမ်နာကျောင်းမှ ဆရာတစ်ဦးပိုင်သောအိမ်ကို ငှားရမ်း နေထိုင်ကြပြန်သည်။ ၎င်းအိမ်နေရာမှာ ချွက်ထူ၍စိုစွတ်သောကြောင့် ကင်းလိပ်ရှောကြီးများ အိမ်ထဲ ကြမ်းပြင်အထိတက်လာလျှင် အမေနှင့်အစ်မများမှာ သည်းခြေပျက်မျှ ကြောက်လန့်ကြလေ၏။ ၎င်းအိမ်တွင် (၃)လမျှသာ နေထိုင်ပြီးနောက် စမ်းချောင်း၊ မင်္ဂလာလမ်း၊ အမှတ် (ရ၀)ရှိအိမ်ကို ဝယ်ယူ၍ ပြောင်းရွှေ့နေထိုင် ကြပြန်၏။ မင်္ဂလာလမ်းအိမ်မှာ မိသားစုသေးသူများအတွက် အလွန် ကျယ်ကျယ် ဝန်းဝန်းရှိပါ၏။ မိသားစုများသော ကျွန်ုပ်တို့ကမူ ပျဉ်ထောင် နှစ်ထပ်အိမ်အဖြစ် ပုံပြောင်းလိုက်ကြသည်။ အမေသည် ထိုအိမ်မှာ အသက်ထက်ဆုံး နေထိုင်သွားခဲ့ပါသတည်း။

### နမ္မတီးနှင့်မန္တလေးသို့ အမေလာရောက်လည်ပတ်ခြင်း

တစ်ခါသော် အမေသည် နမ္မတီး၌ တာဝန်ကျသော အငယ်ဆုံး သားဒေါက်တာမျိုးမြင့်ထံ အလည်အပတ်သွားရင်း လမ်းခုလတ်ဖြစ်သော မန္တလေးရှိကျွန်ုပ်ထံ ဝင်ရောက်သည်။ အမေနှင့်အတူ သူ၏ခမည်း ခမက်များအပြင် ဒေါက်တာမျိုးမြင့်၏ ဇနီးလည်းပါသည်။ ကျွန်ုပ်က အမေ့ကိုကျီစားလိုသဖြင့် 'အမေက ကျွန်တော့်ဆိုလျှင် တခြားသားတွေလို စိတ်ပူဖော်မရဘူး၊ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့လောက်မချစ်ဘူးမဟုတ်လား' ဟုမေးရာ 'ငါ့တစ်သက်လုံး မင်းအတွက် တစ်ခါမျှ မပူခဲ့ရပါဘူးကွယ်'ဟု ပြန်ဖြေပါသည်။ မှန်ပါ၏။ အဖေ ဆုံးပြီးနောက် ဒုက္ခသုက္ခ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသောအမေ့အား မိမိအတွက်ကြောင့် မည်သည့်အခါမျှ စိတ်မဆင်းရဲစေရဟု မိမိဘာသာကျိတ်ပြီး သန္နိဋ္ဌာန် ချခဲ့ဖူးပါ၏။

ကျွန်ုပ်သည် အမေ မန္တလေးမှာရှိစဉ် ကြိုးစား၍ကိုယ်စိတ် ချမ်းသာအောင်ထားကာ အမေမရောက်ဖူးသောနေရာများကို လိုက်ပို့ပါသည်။ ငါးရုံမင်းတောင်တက်စဉ်က တောင်က မတ်စောက်သဖြင့် တောင်ပေါ်ရောက်အောင် ပွေ့ချီပြီးခေါ်ရသည်။ အမေဖြစ်သူအား ပွေ့ချီနေသည်ကို လူအများ ဝိုင်းကြည့်ကြသောအခါ အမေကရှက်၍ အကြောက်အကန် ငြင်းဆန်ပါသေးသည်။ ညအချိန်တွင် အိမ်ရှေ့ရှိ အေးမြသော မန်ကျည်းပင်အောက်၌ မိသားစုအားလုံး အမေ့အနားတွင် ဝိုင်းဖွဲ့ထိုင်ကာ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်၏ဇနီးဖြစ်သူ 'အုံး'ကလည်း အမေ့ကို အထူး ဂရုစိုက်ပြီး လိုလေသေးမရှိအောင် ကြည့်ရှုလုပ်ကိုင်ပေးခဲ့ပါ၏။

**အမေဖြစ်ဖူးသမျှရောဂါဘယ**

တစ်ကြိမ်သောအခါက အမေဆီးသွားရာ သွေးပါခဲ့ဖူးသည်။ ကျွန်ုပ်လည်း အမေ့ကို ဆရာကြီးဖြစ်သူဒေါက်တာဦးဘသန်းထံ ပြသပေးရသည်။ ဆရာကြီးက ကျကျနနစမ်းသပ်ကြည့်ပြီး ဝမ်းဗိုက်ကို ဓါတ်မှန် ရိုက်စေပါသည်။ ဓါတ်မှန်ကြည့်ပြီးနောက် ဆရာကြီးက အသက် ၇၃နှစ် ရှိပြီဖြစ်သောအမေ့ကို ဘာမျှလုပ်ရန်မလိုကြောင်း ရှင်းလင်း ပြောပြမှသာ ကျွန်ုပ်တို့လည်း စိတ်သက်သာရာ ရခဲ့ကြပါ၏။ နောက်ပိုင်းတွင်လည်း အလိုအလျောက်ကောင်းသွားပြီး မည်သည့်အခါမျှ ဆီးထဲတွင် သွေးမပါတော့ချေ။

အမေ၏ မျက်စိအတွင်းတိမ်ကို မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးကိုကြီးနှင့် ပြသပေးပါသည်။ ဆရာကြီးက မခွဲစေချင်ပါ။ 'ခွဲလျှင်လည်း အမြင်အာရုံ ပိုကောင်းမှာမဟုတ်ဘူး'ဟု ပြတ်သားစွာ ပြောကြားသည့် ဆရာကြီး၏စကားများကို ယနေ့တိုင် မှတ်မိနေပါသေးတော့သည်။ ထိုအချိန်အခါက အတွင်းတိမ်ခွဲစိတ်သည့် နည်းပညာကလည်း ယနေ့ခေတ်လောက် မတိုးတက်သေးသည့်အတွက်လည်း ဖြစ်နိုင်ဖွယ်ရှိပါ၏။ အမေ့အား အမြင်အာရုံ ပိုကောင်းအောင်လုပ်ဆောင်မပေးနိုင်သဖြင့် ကျွန်ုပ်အနေနှင့် စိတ်မကောင်းကြီးစွာ



ဖြစ်မိပါသည်။ ထို့နောက်တွင်ကား တစ်စတစ်စ အိုမင်းမစွမ်းဖြစ်လာကာ မျက်စိကလည်း အလွန်မှုန်သောကြောင့် ထသွားထလာ မလုပ်နိုင်တော့ဘဲ အိပ်ရာထဲတွင်သာ နေသွားရရှာလေတော့၏။

မင်္ဂလာလမ်းအိမ်၌ အိမ်သာအတက် ညာဘက် ဇောင်းလျက်သားလဲကျပြီး နံရိုးကျိုးခဲ့ဖူးသည်။ အရိုးအထူးကုဆရာဝန် ဒေါက်တာ ခင်မောင်ထူးကို အိမ်သို့ခေါ်၍ကြည့်စေရာ အိမ်တိုင်ယာရောက် ဓါတ်မှန်ရိုက် စစ်ဆေးပြီး ကုသပေးခဲ့ပါသည်။ တစ်လခန့်ကြာသော် ပုံမှန် ပြန်ဖြစ်သွားခဲ့ပါသည်။

**ရန်ကုန်ရှိအမေ့ထံသို့သွားရောက်လည်ပတ်ခြင်း**

ကျွန်ုပ် မန္တလေးဆေးရုံကြီးတွင် အမှုထမ်းစဉ်ကာလအတွင်း ကျွန်ုပ်သည် ရန်ကုန်ရှိအမေ့ထံသို့ သားသမီးများနှင့်အတူ နှစ်စဉ် သွားရောက် လည်ပတ်ပါသည်။ အမေ့ထံရောက်လျှင် အမေက ကျွန်ုပ်၏သားသမီးများကို တစ်ယောက်ချင်း ကိုင်တွယ်စမ်းသပ်ကြည့်ပြီး 'အမယ်လေး ထွားလိုက်တာတော်'ဟု အာမေဋိတ်စကား အမြဲ ပြောလေ့ရှိ၏။ မြေးများက အဖွားကို ကန်တော့လျှင် ၅ ကျပ် သို့မဟုတ် ၁၀ ကျပ်စီ ဆုချလေ့ရှိ၏။ ကုန်ဈေးနှုန်းတွေ မိုး ထိုးအောင်တက်နေသည်ကို မသိရှာသောအမေ့အတွက် ၅ ကျပ်၁၀ ကျပ်ကို ရှေးယခင်က ကန်ဖိုးအတိုင်းပင် မှတ်ထင်နေဆဲဖြစ်ပေ၏။ မျက်စိက လုံးလုံး မမြင်ရသော်လည်း အိပ်ယာထဲတွင်ပုတီးစိပ်နေရင်း နဲနဲလှုပ်သွားသည်နှင့် အနီးမှာ လူရောက်နေမှန်းသိပြီး 'ဘယ်သူလဲ'ဟု အမြဲ မေးလေ့ရှိပုံမှာ ကွယ်လွန်သူ ဘွားဘွားဆိုင်းကို ပြန်ပြောင်းအောက်မေ့ဖွယ် ကောင်းလှပါတော့သည်။

အိမ်ဖော်တို့၏ပြောပြချက်အရ အမေသည် ကျွန်ုပ်၏အမ မမသန်း အလုပ်သွားပြီလား၊ မသွားသေးဘူးလား မေးမြန်းစုံစမ်းတတ်၏။ အကြောင်းမှာ မမသန်း အိမ်ကထွက်သွားသည်နှင့်တစ်ပြိုင်နက် အမေက အချုပ်အလုပ်စသော တောက်တိုမယ်ရ အလုပ်များကို လုပ်လေတော့၏။ မမသန်းက သူမရှိလျှင် ဘာမျှ မလုပ်ရန် တားမြစ်သော်လည်း အမေက နားမထောင်ချေ။

အမေသည် အသက်ကြီးလာသည်နှင့်အမျှ ခုတင်အောက် ဆင်း၍ ဟိုနားဒီနားပင် မသွားတော့ဘဲ အိပ်ရာထဲတွင်သာ အမြဲနေလေတော့သည်။ အမေနှင့်မမသန်းတို့နေသော အခန်းထောင့်၌သာ ခွေနေလေ့ရှိပြီး အိပ်ရာထဲမှာ ငုတ်တုပ်ထိုင်နေသည်ကိုပင် တွေ့ရခဲ၏။ မျက်စိကလည်းမှုန် နားကလည်း ထိုင်း၍ အမေ့နားကိုချဉ်းကပ်လျှင် အထူး သတိထားရသည်။ အမေက ကျွန်ုပ်၏

www.burmeseclassic.com

www.burmeseclassic.com



ဇနီး 'အုံး'ကို အထူးပင် ချစ်ခင်၍ သံယောဇဉ်ရှိသောကြောင့် ကျွန်ုပ်တို့ မိသားစု သည် အမေ့ထံ မကြာခဏလာတွေ့ရပါ၏။ အိပ်ရာတွင် အမြဲ ပုတီး စိပ်နေသူမို့ သမာဓိအား ကောင်းဟန်တူသည်။ နိုးကြားသတိ အမြဲရှိ၏။ လူတိုင်းအပေါ် မေတ္တာတရားကြီးမားသူပီပီ စကားပြောလျှင်လည်း နူးညံ့ ညင်သာ ပျော့ပြောင်း၍ ပီယဝါစာ ချစ်ဖွယ်သောစကားကိုသာ ပြောဆိုလေ့ရှိ၏။ ကိုဖေသက်ဆုံးသည့် အကြောင်းကိုမူ ကျွန်ုပ်တို့အားလုံးက အမေ့အား အသိမပေးကြတော့ပေ။ ရံဖန် ရံခါ၌ မောင်မျိုးအောင်က သဏ္ဍာန်လုပ်သရုပ်တူအောင် ကိုဖေသက်၏ အသံ မျိုး လုပ်၍ စကားပြောရသည်။

## မိခင်ကြီးကွယ်လွန်ခြင်း

သက်ကြီးရွယ်အိုအများစုနည်းတူပင် အမေသည် ရောဂါဒဏ်ကို ကြာကြာမခံစားရပါ။ ၃ ရက်မျှ အစားမဝင်ဖြစ်ပြီး အဖျားဝင်လာခဲ့သည်။ ရင်ခေါင်းပိုင်းဆိုင်ရာ သမားတော်ကြီး ဒေါက်တာကျော်မြင့် (ယခု ကျန်းမာရေး ဝန်ကြီးဌာန၊ ဝန်ကြီး)ကို ခေါ်ယူ၍ပြသရာ ပဋိဇီဝဆေးများ ညွှန်ပေးသည့်အပြင် အောက်ဆီဂျင်လည်း ရှူခိုင်းပါ၏။ သက်ကြီးရွယ်အိုတို့တွင် အဖြစ်များသော (Bronchopneumonia) ရောဂါဖြင့်ပင် အနိစ္စရောက်ခြင်းဖြစ်ပါသတည်း။ ကျွန်ုပ်တို့ သားသမီးများနှင့်တကွ မြေးများပါမကျန် အားလုံးပင် မချိတင်ကဲ ကြေကွဲဝမ်းနည်းမဆုံး ဖြစ်ခဲ့ကြပါသည်။ သို့သော် တရားနှင့်ဖြေမည် ဆိုလျှင် ဖြေသာပါ၏။ အမေသည် သီလတန်ခိုးဖြင့် လူ့ဘဝတွင် သက်တမ်းစေ့နေခဲ့ရုံ မျှမက ကျန်ရစ်သူသားသမီးများအတွက်လည်း ဝိတက်ဝိစာရ သောက ဗျာပါဒ စသည့် အကုသိုလ်စိတ်များ တစိုးတစေ့မျှ မဖြစ်ပွားရဘဲ ကျေကျေနပ်နပ်ဖြင့် ပင် မရဏတရားကို တည်ငြိမ်စွာ ရင်ဆိုင်သွားခဲ့သောကြောင့် ဘဝကူး ကောင်း မည်မှာ ဧကံမုချပင်။

ကွယ်လွန်ချိန်မှာ အမေ၏အသက် (၉၄) နှစ်ရှိပြီ။ နှလုံးရောဂါ မရှိ၊ သွေးတိုးမရှိ၊ အဆုပ်ရောင်ရောဂါဝင်၍ ၃ပတ်မျှ ဝေဒနာခံစားရပြီး ကွယ်လွန် သွားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့လည်း အမေ ခံစားရသော ကာယိကဒုက္ခများ သက်သာတန်သရွေ့ သက်သာစေရန် အစွမ်းကုန် ကြိုးပမ်း ကုသပေးကြသဖြင့် ညင်သာစွာပင် အသက်ပျောက်သွားခဲ့ခြင်း ဖြစ်၏။ အမေဆုံးခါနီးတွင် ရပ်ဝေး ရပ်နီး ဆွေမျိုး ညာတကာ အားလုံး အမေ့အနားမှာ ရှိနေခဲ့ကြသည်။ ကြဲတော



သုသာန်၌ မီးသင်္ဂြိုဟ်ရာတွင် အသိမိတ်ဆွေ အမြောက်အမြား လာရောက်ကြ သဖြင့် အမေ၏ အသုဘမှာ အလွန်စည်ပါ၏။

## ကျွန်ုပ်၏ခံစားချက်

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိဘနှစ်ပါး၏ သားသမီးများအတွက် အနစ် နာခံကြပုံများမှာ အာကာကို လှာပုံပြု၍ မေယုကို စုတ်တံ ချီသော်လည်း ရေးဖွဲ့ ၍ မှီနိုင်မည်မဟုတ်ချေ။ အဖေသည် သားသမီးများကို တင်းတင်း ကျပ်ကျပ် ဆက်ဆံကောင်း ဆက်ဆံခဲ့မည်ဖြစ်သော်လည်း အရင်းခံမေတ္တာ စေတနာကမူ ကျွန်ုပ်တို့ တတ်သိ လိမ္မာကြစေရန်သာ ဖြစ်၏။ သူကိုယ်တိုင်က စည်းကမ်းကြီး သူဖြစ်သည့်အလျောက် မိသားစုကိုလည်း စည်းကမ်းဖြင့် အုပ်ချုပ်ခဲ့ခြင်း ဖြစ် တန်ရာ၏။ သူ မရှိပါက ညီအစ်ကိုမောင်နှမများသည် ကြီးစဉ်ငယ်လိုက် အဆင့် ဆင့်တာဝန်ယူရမည်ဟု ကျွန်ုပ်တို့ကို အမြဲပင် ဆုံးမဩဝါဒ ပေးလေ့ရှိသည်။ ကျွန်ုပ်တို့၏ အမေမှာကား ကိုးလလွယ်ဆယ်လမွေးပြီး ကျွန်ုပ်တို့ လူလားမြောက် သည့်တိုင်အောင် ကျွေးမွေးသုတ်သင်ခဲ့ရရှာပေသည်။ တစ်ကျိပ်နှစ်ယောက် သော သားသမီးများအားလုံးကို ပညာသင်ကြားပေးရုံမျှမက အနီးကပ် ဆုံးမ သွန်သင် ပဲ့ပြင်ခဲ့သည့် အမေ၏ကျေးဇူးကြောင့် ကျွန်ုပ်တို့ညီအစ်ကို မောင်နှမ ထဲတွင် ဆိုးသွမ်းပေ့ာရမ်းသူ တစ်စုံတစ်ယောက်မျှ မပါရှိချေ။ ကျွန်ုပ်တို့ အငယ် များအား အမေနှင့်အတူတကွ ဝိုင်းဝန်းကြည့်ရှု စောင့်ရှောက်ခဲ့ကြသော အစ်မ ကြီးတို့၏ကျေးဇူးတရားကလည်း ကြီးမားလှပါပေသည်။

အမေသည် သားသမီးများကို ကျွေးမွေးစောင့်ရှောက်ရေး အတွက် သူ့ဘဝတစ်ခုလုံးအား မြှုပ်နှံ၍ အစစ အနစ်နာခံသော်ငြားလည်း ကျွန်ုပ်တို့ထံမှ အတုံ့အလှည့်ပြန်ရရန် မျှော်ကိုးသည့်စိတ်မျိုး တစိုးတစေ့မျှ မရှိချေ။ ကျွန်ုပ်တို့ လူလားမြောက်သောအချိန်တွင် ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ ပြဿနာ များကို ပါဝင်စွက်ဖက်ခြင်း မရှိသကဲ့သို့ ဝေဖန်ခြင်းလည်း မပြုချေ။ အမှားအမှန် အကြောင်းအကျိုး အကောင်း အဆိုးတို့ကို ဆုံးဖြတ်ရမည့်သူမှာ ကာယကံရှင် ကိုယ်တိုင်သာဖြစ်သည်ဟု အမေက ယူဆဟန်ရှိ၏။ အမေသည် မည်သူ့ကိုမျှ ...သာမစ္ဆရိယစိတ်မျိုး မထားရှိ။ အထူးသဖြင့် ကျွန်ုပ်တို့ ငယ်စဉ်အခါက ဆို လျှင် အမေရှိနေပါက မေတ္တာအဟုန်ဖြင့် နွေးထွေးလုံခြုံမှုကို အပြည့်အဝ ခံစား ရသည်ဟု ထင်မှတ်ယုံကြည်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သားသမီးများအနေဖြင့် အမေ့ကျေးဇူးကို အပြည့်အဝ ပြန်ဆပ်ဖူးကြပြီလားဟု အမေးရှိခဲ့သော် အမေ၏ကျေးဇူးက မြင့်မိုရ်တောင်ပမာဖြစ်၍ ကျွန်ုပ်တို့ တုံ့ပြန်နိုင်သည်မှာ ဆီးစေ့ပမာသာ ဖြစ်ပေချိမ့်။ မေတ္တာဓါတ်ခံကြီးမားသောအမေသည် ကျွန်ုပ်တို့အား သူတစ်ပါးအပေါ် မနာလိုတိုရှည် ကင်းလျက် ချစ်ခြင်းမေတ္တာသာ ထားကြဖို့ အမြဲ ဆိုဆုံးမလေ့ရှိသည်။

အပေးသာရှိပြီး အယူမရှိသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အမေအား လက်အုပ်ချီမိုး၍ ရိုကျိုးစွာ ကန်တော့လိုက်ရပါသတည်း။

အခန်း(၄)

## စိုးမြင့် (ခေါ်) စံမြင့် (ခေါ်) စံ

ကျွန်ုပ်အား အဘိုးအဘွားများက 'စံမြင့်' ဟု အမည်ပေး ကင်ပွန်းတပ်ခဲ့ခြင်းဖြစ်ရာ အမျိုးသားကျောင်းတွင် ကျောင်းမအပ်မီအထိ ကျွန်ုပ်ကို 'စံမြင့်' ဟုသာ ခေါ်ခဲ့ကြပါသည်။ ကျောင်းအပ်သောအခါကျမှ အဖေက ကျောင်းအမည်ကို 'စိုးမြင့်' ဟု ပေးလိုက်ခြင်းဖြစ်၏။ အိမ်သူအိမ်သားများနှင့် ဆွေမျိုးနီးစပ်များကမူ ကျွန်ုပ်အား 'စံ' ဟု ခေါ်ကြလေ့ရှိ၏။

အမှန်အတိုင်းဝန်ခံရပါမူ ကျွန်ုပ်၏ မွေးနေ့မွေးရက်ကို အတိအကျမသိပါ။ ထိုစဉ်အခါက ကျွန်ုပ်တို့ကဲ့သို့ မွေးချင်းများသော အိမ်ထောင်စုကြီးများတွင် တစ်ဦးချင်းစီ၏မွေးရက်များကို ရောထွေး ယှက်တင်ဖြစ်ကာ မှတ်မှတ်သားသား ရှိခဲလှ၏။ အဘိုးဖြစ်သူက မြေးတစ်ယောက် မွေးတိုင်း၊ မွေးတိုင်း၊ မှတ်စုစာအုပ်တွင် ရေးသား၍ ဘုရားစင်၌ သိမ်းထားသည်ကို မှတ်မိနေသော်လည်း မိမိ၏မွေးသက္ကရာဇ်ကို မိမိကိုယ်တိုင် မှတ်သားမထားမိခြင်းမှာ မိမိ၏ အပြစ်ပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့ ညီအစ်ကိုထဲတွင် အချို့လည်း ကျွန်ုပ်ကဲ့သို့ပင် မွေးနေ့မွေးရက် အတိအကျ မသိကြပေ။ ထို့ကြောင့် 'တောင်ယာခုတ်တဲ့နှစ်ကငါ့ကို မွေးတာပဲ ပေး' ဟု ကရင်များ ပြောသကဲ့သို့ ကျွန်ုပ်တို့ အချင်းချင်း ရယ်စရာအဖြစ် ပြောရသေးသည်။ တောင်ယာဆိုသည်မှာ နှစ်စဉ် ခုတ်ထွင်ရသည့်အလုပ် မဟုတ်ပါလော။

ထိုခေတ် ထိုအခါက ကလေးဘဝမှာ ကရိကထ မများလှပါ။ ကလေးတစ်ယောက်အတွက် လိုအပ်ချက်ကလည်း ရိုးရိုးရှင်းရှင်းသာ ဖြစ်ပြီး ကုန်ကျစရိတ်လည်း မများလှပေ။ ဝင်ငွေ မဆိုစလောက် ရလျှင်ပင် မိသားစုတစ်စုကောင်းစွာရပ်တည်နိုင်သည်။ ၁၉၃၆ ဝန်းကျင်ခန့်တွင် ကျွန်ုပ်သည် ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်အကြောင်းကိုလည်းကောင်း၊ မိမိတို့ မိသားစုနှင့်သက်ဆိုင်သော အကြောင်းများကိုလည်းကောင်း၊ သတိပြု နားလည်နိုင်သော အသက်အရွယ်သို့ ရောက်ခဲ့ပေပြီ။

**အရာရာကိုစူးစမ်းလိုခြင်း**

ကျွန်ုပ်၏ ဝါသနာတို့မှာ များပြားစုံလင်လှပေသည်။

စူးစမ်းလိုသောစိတ်သည် ကျွန်ုပ်၏ဘဝကို လှုံ့ဆော်ပေးသည့် တွန်းအားနှင့်တူပေ၏။ ကျွန်ုပ်မှာ မသိသေး မတတ်သေးသော အကြောင်းအရာ အသစ်အဆန်းတစ်ခုကို လေ့လာသင်ယူ တတ်မြောက်လိုသည့် ဆန္ဒကြီးစွာ ရှိသည်။ ဤသို့ လေ့လာသင်ယူစဉ် ပြဿနာ၏ သဘောသဘာဝများကို ခြေခြေမြစ်မြစ် အတွင်းကျကျ ရိပ်စားနားလည် သဘောပေါက်သွားပြီး မိမိ၏ ဘဝ ရည်မှန်းချက်ကို အကျိုးပြုမည့် အလုပ်မျိုးမဟုတ်လျှင် ဆက်လက်၍ စူးစမ်းလေ့လာခြင်း မပြုတော့ဘဲ စွန့်လွှတ်လိုက်ပါသည်။

**စာဖတ်ခြင်း**

ကျွန်ုပ်မှတ်မိသရွေ့ ငယ်စဉ်ကပင် ကျွန်ုပ်သည် မိမိကိုယ်မိမိ တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားလိုသော စိတ်ဆန္ဒပြင်းပြခဲ့သူ ဖြစ်၏။ ပီမိုးနင်း၏ အိတ်ဆောင်ကျမ်းများ၊ နေ့စဉ်ထုတ်သတင်းစာတွင်ပါသော ရန်အောင်၏ အညာသားအခန်းဆက်၊ ကြီးပွားရေးဦးလှ၏ စာအုပ်များ၊ ဒေးလ်ကာနယ်ဂျီ၏ မူရင်းကို ဘာသာပြန်ဆို ထားသော စာအုပ်များအပြင် ဗဟုသုတ ဖြစ်စေမည့် စာအုပ်ပေါင်းစုံ ကို သဲသဲမဲမဲ ဖတ်ရှုမှတ်သားခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် လူတို့၏ ဖွံ့ဖြိုးကြီးပွား တိုးတက်ရေးနှင့် သက်ဆိုင်သော ကဏ္ဍများကို အထူး စိတ်ဝင်စားလာခဲ့ပါသည်။

ကျွန်ုပ်သည် ငယ်စဉ်အခါပင် တက်ကျမ်းများစွာဖတ်ရှုထားသူ ပီပီ 'ဘဝမှာတိုးတက်အောင်မြင်ဖို့အတွက် ကြီးမားတဲ့အနာဂတ် ရည်မှန်းချက်ထားပြီး အခုအချိန်ကတည်းက လှုံ့လဝီရိယစိုက်ထုတ်ရမယ်၊ အနာခံမှ အသာစံနိုင်မယ်'ဟူ၍ သန္နိဋ္ဌာန်ချခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် မတ်လ စာမေးပွဲကြီးပြီးလျှင်လည်း မည်သည့်ပျော်ပွဲရွှင်ပွဲကိုမျှ ပါဝင်ဆင်နွှဲခြင်းမပြုရန် အကြောင်း နှစ်ချက်ကို အခြေခံ၍ စိတ်ဆုံးဖြတ်ခဲ့၏။ ပထမအကြောင်းကား 'ငါ့မှာ အဖေမရှိတော့ဘူး၊ သူများတွေနဲ့ပြိုင်ပြီး ပိုက်ဆံအကုန်ခံလို့ မဖြစ်ဘူး' ဒုတိယအကြောင်းကား 'အပျော်အပါးကိစ္စတွေဟာ အလဟဿ အချိန်ဖြုန်းတာပဲ' ကျွန်ုပ်၏ခံယူချက်မှာ တစ်ထောင်တွင်တစ်ယောက် ထွန်းပေါက်သော ယောက်ျားကောင်းတစ်ယောက် ဖြစ်လို၏။ ကျန် ၉၉၉ ယောက်ကဲ့သို့ အုတ်ရောရောရော ကျောက် ရောရော မဖြစ်လိုပေ။



**ပိုက်ဆံစုခြင်း**

ကျွန်ုပ် (၇)တန်း ရောက်သည့်အချိန်ထိ နေ့စဉ်မုန့်ဘိုး တစ်ပဲ (၄ပြား) သာ ရခဲ့သည်။ ထိုစဉ်က ပိုက်ဆံ (၃)ပြားရှိလျှင် လက်ဘက်ရည် တစ်ခွက်နှင့် စီးကရက်တစ်လိပ် ရသည်။ နေ့စဉ် မုန့်ဖိုးများကို စု၍ (၁) ကျပ် ပြည့်သောအခါ စာတိုက်တွင် ငွေစုစာအုပ်ဖွင့်၍ ဆက်လက်စုဆောင်းသည်။ (၆)လခန့်ကြာသော် (၁၅) ကျပ်မျှ အထိ စုဆောင်းမိသဖြင့် ကျွန်ုပ်မှာ ဝမ်းသာမဆုံး ဖြစ်ရုံမက 'ငါတကယ်လုပ်လျှင် တကယ်ဖြစ်ပါတယ်'ဟု အတွေးပေါက်လာခဲ့သည်။

ကျွန်ုပ်သည် စုဆောင်းရရှိငွေမှ (၅)ကျပ်တန် ကင်မရာ တစ်လုံးကို စာတိုက်ဖြင့် မှာကြား ဝယ်ယူခဲ့သည်။ ကျွန်ုပ်အဖို့မူ (၅)ကျပ် ဆိုသောငွေမှာ တနင့်တပိုး များလှပါ၏။ ကင်မရာရသောအခါ ကျွန်ုပ်လည်း လက်တည့်စမ်းရင်း ဟိုရိုက်ဒီရိုက် ဓါတ်ပုံများစွာ ရိုက်ခဲ့သည်။ ဓါတ်ပုံရိုက်သည့်ဝါသနာမှာ ဖလင်ဝယ်ရ ဓါတ်ပုံကူးရနှင့် ငွေကုန် ကြေးကျများလှပါဘိ။ ကင်မရာကလည်း အထပ်သားဖြင့် အိမ်ဖွဲ့ထားသော ဘူးကင်မရာအမျိုးအစား ဖြစ်သောကြောင့် ရေရှည်မခံပါ။ ခဏလေးနှင့် ပျက်သွားလေသည်။ ကျွန်ုပ်လည်း ဓါတ်ပုံဆရာလုပ်ချင်သော ဝါသနာကို စွန့်လွှတ်လိုက်ရပါတော့သည်။

**လက်ရေးတိုသင်တန်း**

ထိုစဉ်အခါက မြန်မာလက်ရေးတိုသင်တန်းများ ရေပန်းစားခဲ့သည်။ လက်ရေးတိုဟူသည် အလုပ် အလွန်များသူနှင့် အတွင်းရေးမှူး တာဝန် ထမ်းဆောင်သူများအတွက် အသုံးဝင်သော အတတ်ပညာ ဖြစ်၏။ သတင်းစာထဲမှ ကြော်ငြာ၏ဆွဲဆောင်မှုကြောင့် ကျွန်ုပ်သည် စာတိုက်မှတစ်ဆင့် စာပေးစာယူဖြင့် လက်ရေးတိုသင်တန်း တက်လိုက်သေးသည်။ လက်ရေးတိုကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံး အတော်အသင့် သင်ကြားလိုက်ရသဖြင့် အခြေခံသဘောတရားများကို နားလည်သဘောပေါက်ရုံမက အသုံးဝင်ပုံများကိုလည်း လက်တွေ့ သိရှိခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆေးလိပ်သောက်တတ်လာခြင်း

ရုပ်ရှင်ထဲတွင် မင်းသမီး မင်းသားများ စီးကရက်သောက်ကြသည်ကို လည်းကောင်း၊ ကျွန်ုပ်၏အစ်ကိုများ စီးကရက်သောက်ကြသည်ကိုလည်း ကောင်း၊ တွေ့မြင်ရသောအခါ ကျွန်ုပ်သည် စတိုင်ကျသည်ထင်မှတ်၍ အတု မြင် အတတ်သင်ခဲ့မိသည်။ လူကြီးများက ကလေးများနှင့်လူငယ်များအား စီးကရက်အဝယ်ခိုင်းခြင်း၊ ဆေးလိပ်မီးညှိခိုင်းခြင်း စသည်တို့မှာ အလွန် မလို လားအပ်သော အကျင့်ဆိုးကြီး ဖြစ်ပါ၏။ ထိုခေတ် ထိုအခါက ကြီးကြီး ငယ် ငယ်၊ ကျားမမရွေး၊ ဆင်းရဲချမ်းသာမဟူ လူတိုင်းလိုလို ဆေးလိပ်သောက်ကြ သည်။ ဤနည်းအားဖြင့် ကျွန်ုပ်လည်း စတိုင်ထုတ်ရန် စီးကရက်စ၍ သောက် မိရာမှ တစ်စစနှင့် စွဲသည့်အဆင့်အထိ ရောက်လာ၍ ကြိုးစားပြီး ဖြတ်ပစ်ခဲ့ ရပါသည်။

## အစ်မ၏အပေါ်များ

ကျွန်ုပ်ကလေးဘဝက ကျွန်ုပ်၏အစ်မ 'မယ်မယ်'နှင့်အတူ သူ့ သူ ငယ်ချင်းများအိမ်သို့ သွားရောက် လည်ပတ်ခဲ့ဖူးပုံများကို မှတ်မိနေသည်။ အစ်မသည် အထက်တန်းကျောင်းတွင် အတူနေသော သူငယ်ချင်းများအနက် မခင်စိန်နှင့်မနှင်းရီတို့နှစ်ယောက်မှာ အရင်းနှီးဆုံး ဖြစ်ကြ၏။ သူတို့အိမ်ကို သွားလျှင် သူတို့ကလည်း ဝတ်ကောင်းစားလှ ဝတ်၍ ကြိုတတ်သည်။ သူတို့က အရုပ်တော်တော်ရှည်ကြပါသည်။ သူတို့က 'နင်ကြီးလျှင် ငါတို့နှစ်ယောက် ထဲက ဘယ်သူ့ကိုယူမှာလဲ'ဟု ကျီစားပြီး မေးတတ်သည်။ ကျွန်ုပ်က 'မမနှင်းရီကို ယူမယ်ဗျာ'ဟု ပြန်ဖြေလျှင် အားလုံးသဘောကျပြီး ဝါးလုံးကွဲ ရယ်ကြလေ တော့၏။ အပြစ်ကင်းစင်သော ကလေးဘဝက မလိမ်မိုး မလိမ္မာနှင့် ပြောခဲ့ ဆိုခဲ့ပုံများကို ကျွန်ုပ်တို့ လူကြီးဖြစ်ပြီးနောက် တစ်ဦးနှင့်တစ်ဦး ပြန်လည်တွေ့ ဆုံကြသောအခါ ပြန်ပြောပြီး ရယ်သွမ်းသွေးကြရပါသတည်း။



# ကျောင်းနေခြင်း

## အခြေခံမူလတန်းပညာရေး

ဦးပြုံးရင်၏ မြန်မာစာသင်ကျောင်းတွင် ကျောင်းအုပ်ဆရာကြီးသည် အမြဲတန်း တိုက်ပုံနှင့် ခေါင်းပေါင်း ဝတ်ဆင်ထားပါသည်။ မည်သည့်အခါမျှ သူ့လက်ထဲကကြိမ်လုံးကို မချသော စည်းကမ်းကြီးသည့်ဆရာကြီးကို တွေ့လျှင် ကျွန်ုပ်တို့အားလုံး ကြောက်ဒူးတုန်၍ နေခဲ့ကြရ၏။ မြန်မာစာ အရေးအဖတ် အပြင် ဂဏန်းသင်္ချာလည်း သင်ရသည်။ အလီဆိုလျှင် (၁၂) အလီအထိ နှုတ် တက်ရွရွ ကြေညက်အောင် နေ့စဉ်နေ့တိုင်း ရွတ်ဆိုရသည်။ ထိုကျောင်းမှာ နေစဉ်က ကျွန်ုပ်သည် ထူးထူးချွန်ချွန် မဟုတ်ခဲ့ပါ။ ဆရာများ၏ ဆူပူကြိမ်း မောင်းခြင်း မခံရရုံတမယ် အလယ်အလတ်တန်းမျှသာ ရှိပါ၏။

တစ်နေ့သော် အမေက ကျွန်ုပ်အား ညီဖြစ်သူ မောင်မျိုးအောင်ကို ကျောင်းသို့ အပျော်သဘော ခေါ်သွားခိုင်းသည်။ ကျွန်ုပ်၏ညီကလည်း တက် ဟက်ကြွကြွနှင့် စိတ်အားထက်သန်စွာ ကျောင်းသို့ လိုက်လာသည်။ မိမိအား အကြီးတစ်ယောက်အဖြစ် ညီကိုထိန်းဖို့ တာဝန်ပေးခံရသဖြင့် ကျွန်ုပ် ကိုယ်တိုင် လည်း ဝမ်းမြောက်ဂုဏ်ယူစိတ် ဖြစ်နေမိသည်။ ကျောင်းတွင် သူငယ်ချင်းများကို 'ဒါ ငါ့ညီကွ၊ မောင်မျိုးအောင်တဲ့'ဟု မိတ်ဆက်ပေးပြီးနောက် စာသင်ချိန် ရောက်သောအခါ ကျွန်ုပ်တို့က စာသင်နေရသည်။ ထိုစဉ် မောင်မျိုးအောင်က ရှူးရှူးပေါက်ချင်ကြောင်း ပြော၍ ကျောင်းစောင့်အား အိမ်သာလိုက်ပို့ ပေးရန် အကူအညီ တောင်းရသည်။ အိမ်သာမှ ပြန်ရောက်သောအခါ မောင်မျိုးအောင် က ကုန္ဓြေမပျက်ချေ။ ခဏကြာသော် ကျောင်းသန့်ရှင်းရေး အလုပ်သမားက 'စိုးမြင့် နှင့်ညီ ကြမ်းပေါ်မှာ နောက်ဖေးတွေ သွားထားတယ်၊ လာလုပ်ဦး'ဟု ကျွန်ုပ်အား အော်၍ပြောရာ ကျွန်ုပ်မှာ မနေသာဘဲ သန့်ရှင်းရေး လုပ်အားပေး ခဲ့ရပါ၏။ ထို့နောက်တွင်မူ မောင်မျိုးအောင်တစ်ယောက် ကျွန်ုပ်နှင့်အတူ ကျောင်းသို့ မလိုက်တော့ပေ။

## အမျိုးသားအလယ်တန်းကျောင်း

ဦးပြုံးရင်၏ မြန်မာစာ မူလတန်းကျောင်းပြီးဆုံးသောအခါ ကျွန်ုပ် သည် အမျိုးသား အလယ်တန်းကျောင်းတွင် တတိယတန်းမှ စ၍ တက်ရသည်။ အတန်းပိုင်ဆရာမက ခပ်ဝဝကရင်မကြီးဖြစ်ပြီး Emmaဟုခေါ်သည်။ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



စာများကို ကျောင်းချိန်အတွင်းပြီးအောင် လုပ်နိုင်းလေ့ရှိသည်။ ကျောင်းသားများကို စိတ်တိုင်းမကျလျှင် နည်းမျိုးစုံသုံးပြီးအပြစ်ပေးတတ်သည်။ အပြစ်အကြီး အသေးအလိုက် ထိုင်ခုံပေါ်မှာ မတ်တတ်ရပ်နိုင်းခြင်း၊ ကျောင်းဆင်းချိန်ပြန်မလွှတ်ဘဲ အတန်းထဲမှာနေရခြင်း၊ လက်ထိပ်ကို ပေတံစောင်းနှင့်ရိုက်ခြင်း၊ ဗိုက်ခေါက်ကိုဆွဲလိမ်ခြင်း စသည် စသည်ဖြင့်။ ဆရာမလက်သည်းများက ရှည်သောကြောင့် ဗိုက်ခေါက်ဆွဲလိမ်ခံရလျှင်မသက်သာပေ။ ၆လတစ်ကြိမ် အတန်းတင်စာမေးပွဲပြုလုပ်ရာ ကျွန်ုပ်သည် နှစ်နှစ်အတွင်း(၅)တန်းအောင်ခဲ့သည်။

## အခြားဆရာနှစ်ဦး

စတုတ္ထတန်းအတန်းပိုင်ဆရာမှာ Mrs. Fischerဆိုသူ အင်္ဂလိပ်နှင့် အိန္ဒိယသွေးနှောသော ဗိုလ်ကပြားမ တစ်ဦးဖြစ်၏။ ထိုဆရာမသည် စည်းကမ်းအလွန်ကြီး၍ စိတ်တိုတတ်သူဖြစ်၏။ ကျွန်ုပ်တို့သည် ဘာသာရပ်အားလုံးကို အင်္ဂလိပ်လို သင်ယူရခြင်းဖြစ်သည်။ ကျောင်းက အမျိုးသားကျောင်း ဖြစ်ပါလျက် ဆရာမသည် ကျွန်ုပ်တို့ အချင်းချင်း မြန်မာလို ပြောသည်ကိုပင် သဘောမကျ၊ အင်္ဂလိပ်လိုသာ ပြောစေချင်သည်။

ထိုဆရာမ၏အစ်မဖြစ်သော Miss Doyle မှာ သူ့ညီမနှင့် လုံးလုံးမတူချေ။ စကားပြောလျှင် ချိုချိုသာသာ ပြောဆိုတတ်ပြီး ကြင်နာသနားတတ်သူဖြစ်၏။ ဆရာမသည် ကဗျာအကြောင်းသင်လျှင် ကာရန်၊ စည်းချက်၊ဝါးချက်နှင့် ဖြတ်တောက်ပုံများကို သဘောပေါက်အောင် ရှင်းလင်းပြောပြလေ့ရှိသည်။ ဆရာမ၏ စာသင်ပုံစာသင်နည်းကို ကျွန်ုပ်တို့အားလုံး နှစ်ခြိုက်ကြပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်စာရေးနည်းဖတ်နည်းများနှင့် စပ်လျဉ်း၍ ထိုဆရာမနှစ်ဦးထံမှ နည်းနိဿယများစွာ သင်ယူတတ်မြောက်ခဲ့ခြင်း ဖြစ်ပါ၏။

## အင်္ဂလိပ်-မြန်မာအထက်တန်းကျောင်း

(၅)တန်းအောင်ပြီးသောအခါ ကျွန်ုပ်သည် အစ်မ မမသန်း၊ အစ်ကိုကိုဖေညွန့်တို့နှင့်အတူ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျွန်ုပ်တို့ ညီအစ်ကိုအားလုံး ထိုကျောင်းမှာ တက်ခဲ့ကြသည်။ ဖေဖေရှိစဉ်က ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ဝင်၍ လုပ်ခဲ့ဖူးပါ၏။

ကျွန်ုပ်ကို (၆)တန်း (က)တွင် တက်ခွင့်ပေးသည်။ အတန်းပိုင် ဆရာမ Ms. Bratherzal သည် အင်္ဂလိပ်နှင့် ပေါ်တူဂီ သွေးနှောသော ဗိုလ်ကပြားမ



တစ်ဦးဖြစ်ပြီး အနောက်တိုင်းဝတ်စုံကိုသာ ဝတ်ဆင်လေ့ရှိသည်။ ရုပ်ရည် ချောမောလှပရုံသာမက ကြင်နာသနားတတ်သူဖြစ်သည်။ စကားပြောလည်း ချိုသည်။ ဆရာမစိတ်ဆိုးသည်ကို တစ်ရံတစ်ခါမျှ မကြုံဖူးပါ။ ကျောင်းသူ ကျောင်းသားများအား အပြစ်ဒဏ်ပေးသည့်စနစ်ကို နှစ်မြို့ဟန်မတူပေ။ (ခ)တန်း၏ အတန်းပိုင်ဆရာက ကရင်လူမျိုးဖြစ်၏။ ထိုဆရာကမူ ဒေါသကြီး တတ်သောကြောင့် တပည့်များက အလွန်ကြောက်ရပါသည်။ ပြောလွယ် ဆိုလွယ်ရှိမည့် ကျောင်းသားများကို Ms. Bratherzal အခန်းတွင်ထားပြီး၊ ပြောရဆိုရခက်မည့် ကျောင်းသားများကို ကရင်ဆရာကြီး၏အခန်းသို့ တမင်ပို့လေသလားဟုပင် တွေးတောမိပါသည်။ ထိုနှစ်မှာ အလွန်ပျော်စရာကောင်း၍ အချိန် ကုန်မှန်းမသိ ကုန်သွားခဲ့ပါသတည်း။

ကျောင်းဆရာကြီး၏အမည်မှာ ဂျွန်မောင်ခင်ဖြစ်သည်။ ဆရာကြီးသည် သင်ကြားပြသရာတွင် အလွန်ထူးချွန်သည့်အတွက် နာမည် ကျော်ကြားပြီး လူအများ၏ လေးစားခန့်ညားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်၏။ ဘာသာစုံသင်ပြနိုင်စွမ်းရှိပြီး တစ်မြို့လုံးက ဆရာကြီးကို ချစ်ခင် ကြည်ညို ကြသည်။ ဆရာကြီးသည် အထက်အညာဇာတိ ဖြစ်သော်လည်း ထားဝယ်သို့ ရောက်ရှိပြီးနောက် အရပ်ဒေသကိုလည်းကောင်း၊ ဒေသခံတို့၏ စိတ်နေစိတ်ထားနှင့် ဆက်ဆံရေးကိုလည်းကောင်း၊ နှစ်ခြိုက်သဖြင့် ထားဝယ်တွင်အခြေချရန် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း သိရပါသည်။

## ကင်းထောက်

သင်ခန်းစာပြင်ပ ဆောင်ရွက်လှုပ်ရှားမှုများအနက် ကင်းထောက်လုပ်ခဲ့ရခြင်းကို အထူးနှစ်သက် ပျော်ရွှင်ခဲ့ပါသည်။ ကင်းထောက်ဘဝတွင် သင်ယူခဲ့ရသော ကျင့်စဉ်၊ ဆောင်ပုဒ်များနှင့် လုပ်ငန်းကျင့်ဝတ်များသည် ကျွန်ုပ်အတွက် ဘဝရှေ့ဆောင်မီးရှူးရောင်သဖွယ် များစွာ အထောက်အကူပြုခဲ့သည်။ ကျွန်ုပ်တို့ကျောင်း၏ ကင်းထောက်တပ်ဖွဲ့ခေါင်းဆောင်မှာ နောင်တွင် နိုင်ငံရေးလောကထဲသို့ ရောက်ရှိလာသည့် ဦးဘဏ်လှိုင် ဖြစ်၏။

ကင်းထောက်တပ်ဖွဲ့သို့ စတင်ဝင်ရောက်သော တပ်သားသစ်ကို "Tenderfoot" ဟုခေါ်သည်။ ကင်းထောက်တူညီဝတ်စုံသည် အလွန်ပင် ထူးခြား ထင်ရှားလှပါသည်။ ကာကီအင်္ကျီလက်တို၊ အပြာရောင် ဘောင်းဘီတို၊ လည်ရှည်ခြေအိတ်၊ ဖိနပ်၊ လည်စည်းပဝါ အားလုံး အပြာရောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရာတပ်ထားသော ကြိုးကို လည်တွင်ချိတ်၍ ခရာကို အင်္ကျီအိတ်ထောင်တွင် ထည့်ထားရသည်။ ဦးထုပ်မှာ လေးထောင့်ပုံသဏ္ဌာန် သက္ကလပ်ဦးထုပ် ဖြစ်၏။

ကင်းထောက်တပ်ဖွဲ့တွင်၊ မြင်းတပ်စိတ်၊ ခြင်္သေ့တပ်စိတ်၊ မိကျောင်းတပ်စိတ်၊ လင်းယုန်တပ်စိတ် စသည်ဖြင့် တိရစ္ဆာန်အမည်များ ပေးထားသော တပ်စိတ်များ ခွဲထားသည်။ ပခုံးတွင် မိမိ၏တပ်စိတ်ကိုယ်စားပြု ဝါ၊ ပြာ၊ နီ၊စိမ်း ဖဲပြားဒေါက်များကို တပ်ဆင်ရ၏။ တပ်စိတ်တိုင်းတွင် တပ်စိတ်မှူးနှင့် လက်ထောက်တပ်စိတ်မှူးတို့ကို ကျန်ကင်းထောက်တပ်သားများက ရွေးချယ် တင်မြှောက်ရခြင်းဖြစ်ပါ၏။

Tenderfoot ခေါ် ကင်းထောက်တပ်သားသစ်များအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတစ်ခုတွင် အရေးပိုင် Mr. Fishwick ကြွရောက် ချီးမြှင့်ခဲ့ပုံကို မှတ်မိနေဆဲဖြစ်ပါသည်။ အရေးပိုင်မင်းကိုယ်တိုင် ကင်းထောက်ဝတ်စုံ ဝတ်ဆင်ထားပြီး တပ်ဖွဲ့အလံကို ချသည်။ ထို့နောက် သူက ကင်းထောက်အဓိဋ္ဌာန်ကို ရှေ့မှတိုင်ပေးရာ ကျွန်ုပ်တို့က နောက်မှလိုက်ဆိုရသည်။ ကျွန်ုပ်မှတ်မိသမျှမှာကား 'ကျွန်ုပ်သည် ဘုရင်မင်းမြတ်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း၊ ဘုရားသခင်အတွက်လည်းကောင်း၊ ထမ်းဆောင်ရန်ရှိသော တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါ၏'။ အမှန်အားဖြင့် ကျွန်ုပ်သည် ထိုစဉ်အခါက မည်သူက ဘုရင်မင်းမြတ်မှန်းလည်းမသိ၊ မည်သည့်ဘုရားသခင်ကို ဆိုလိုမှန်းလည်းမသိ၊ နှုတ်မှရွတ်ဆိုနေကျအတိုင်း ရွတ်ဆိုခဲ့ခြင်းမျှသာ ဖြစ်ပါ၏။

## ကင်းထောက်စည်းကမ်း(၁၀)ချက်

ကျွန်ုပ်တို့ ကင်းထောက်များသည် ကင်းထောက်စည်းကမ်း (၁၀) ချက်ကို သင်ကြား လိုက်နာရသည်။ ယခုမူ အနည်းငယ်မျှကိုသာ မှတ်မိပါတော့၏။

၁။ ကင်းထောက်ဟူသည် ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်ရစေကာမူ အပြုံးမပျက်ရ။

၂။ ကင်းထောက်ဟူသည် အားနည်းသူနှင့် အကူအညီ လိုအပ်သူများကို အမြဲထာဝစဉ် ကူညီရမည်။

ကင်းထောက်စည်းမျဉ်းစည်းကမ်းအားလုံးမှာ အတိုင်းထက် အလွန်မွန်မြတ်လှပေ၏။ ယင်းတို့ကို တသွေမတိမ်း လိုက်နာကျင့်သုံးကြပါမူ လူ့သိက္ခာ၊



လူ့တန်ဖိုးကို မြှင့်တင်နိုင်ကြမည်မှာ ဧကန် မလွဲပေ။ ထို့ပြင် ကျွန်ုပ်တို့သည် ကင်းထောက်များ၏ အတတ်ပညာတို့ကိုလည်း လေ့ကျင့်သင်ယူရပါ၏။

## လေ့လာရေးခရီးထွက်ခြင်းနှင့်ရတနာသိုက်ရှာဖွေခြင်း

ကျွန်ုပ်တို့ ကင်းထောက်တပ်ဖွဲ့သည် နှစ်စဉ်နွေရာသီ ကျောင်းပိတ်ရက်၌ မောင်းမကန်သို့ လေ့လာရေးခရီးထွက်ကြသည်။ မောင်းမကန်ရှိ ဘန်ဂလိုတစ်ခုတွင် စခန်းချပြီး တပ်ဖွဲ့ဝင်များသည် ကမ်းခြေအတိုင်း (၁၀)မိုင်မျှ ခြေလျင်ချီတက်၍ ထိုနေရာတွင် တစ်ပတ်ခန့် နေထိုင်ကြခြင်းဖြစ်၏။ ခရီးသွားလျှင် (၅)ပေမျှ ရှည်သော သစ်သားတုတ် တစ်ချောင်းအမြဲ ယူဆောင်ရသည်။

ရတနာသိုက်ရှာဖွေခြင်းမှာ ကျွန်ုပ်တို့၏စွမ်းရည်ကို စမ်းသပ်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်၏။ မြေပုံညွှန်းနှင့်လမ်းညွှန်ချက်များကို နေရာ အများအပြားတွင် ပုံစံအမျိုးမျိုးဖြင့် ဝှက်ထားသည်။ အညွှန်းဝှက်ထားသော နေရာတစ်ခုတွေ့လျှင် နောက်တစ်နေရာကို ထပ်သွားဖို့ ညွှန်းပြန်သည်။ လမ်းညွှန်ဝှက်သော နေရာများကလည်း စုံလှ၏။ သစ်ပင်ကြီးတစ်ပင်၏ အမြစ်အောက်တွင်လည်းကောင်း၊ တံငါလှေ၏ ပဲ့ပိုင်းရှိ ပျဉ်ပြားအောက်တွင်လည်းကောင်း၊ နေရာ အမျိုးမျိုး ဖြစ်နိုင်သည်။ ရတနာသိုက်မရောက်မီ နောက်ဆုံးရရှိသော အညွှန်းတွင် 'သင်တို့ လေ့လာရေးခရီးထွက်တိုင်း အမြဲသယ်ဆောင်ရသောပစ္စည်း၏အောက်တွင် ရတနာသိုက်ရှိသည်' ဟုရေးထားပုံကို ယခုတိုင် သတိရနေမိပါသည်။ ဤတွင် ကျွန်ုပ်တို့လည်း ကနဦးစခန်းချရာ ဘန်ဂလိုသို့ ပြန်လာကြပြီး အနီးတစ်ဝိုက်မှာ သဲသဲမဲမဲရှာဖွေကြရင်း ဘန်ဂလိုရှေ့တွင် လွှင့်ထူထားသော အလံကို သတိပြုမိကြပါတော့သည်။ အလံတိုင်အောက်တွင် တူးဆွကြသောအခါ ဘိစကစ် မုန့်တစ်ပုံးကိုတွေ့ရလျှင် ကျွန်ုပ်တို့မှာ အနည်းငယ်မျှ စိတ်ပျက်လက်ပျက်ဖြစ်သွားကြပါ၏။ ကျွန်ုပ်တို့အားလုံးကမူ 'ရတနာသိုက်' ဟူသည် ထိုမျှမက တန်ဖိုးကြီးသောပစ္စည်းမျိုးဖြစ်လေမလားဟု မျှော်လင့်ခဲ့မိသောကြောင့်ပင်တည်း။

## ဒုတိယအဆင့်

ကင်းထောက်သင်တန်းတွင် နှစ်ကာလအလိုက် အဆင့်များ ခွဲခြား သတ်မှတ်ပေးရာ ကျွန်ုပ်သည် ဒုတိယဆင့်တံဆိပ်ရသည်အထိ ပါဝင်ခဲ့ပါ၏။ ထိုအဆင့်တံဆိပ်ရရန် စက်ဘီး၊ သစ်ပင်ခုတ်လှဲခြင်း၊ အချက်ပြခြင်း၊ ရေကူးခြင်းနှင့် ရှေးဦးသူနာပြုလုပ်ငန်း(၅)ရပ်ကို လက်တွေ့စွမ်းရည်ပြ စစ်ဆေးခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနှင့်ပတ်သက်၍ အစစ်ဆေးခံရလျှင် စက်ဘီး၏အစိတ်အပိုင်းအားလုံးကို သိရှိမှုမက စက်ဘီးကိုတစ်စစီဖြစ်အောင် ဖြုတ်နိုင်ရမည်။ ပြန်လည်တပ်ဆင်နိုင်ရမည်။ ထိုစမ်းသပ်မှုကို ကရင် အထက်တန်းကျောင်းသို့ သွားရောက်ဖြေဆိုရသည်။ ကင်းထောက်ဆရာ ဖိုးကေသည် အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဖြုတ်ထားသောစက်ဘီးအား အင်္ဂါအစုံအလင် အကောင်းပကတိနှင့်စီး၍ရသည်အထိ ပြန်လည် တပ်ဆင်ခိုင်းသည်။ လေ့ကျင့်ထားသော ကျွန်ုပ်တို့သည် သတ်မှတ်ထားသောအချိန်အတွင်း အခက်အခဲမရှိဘဲ လုပ်ဆောင်နိုင်ကြပါ၏။ ကျွန်ုပ်၏ရှပ်အင်္ကျီလက်တွင် စပုတ်တံဘီးပုံပါသော တံဆိပ်ပြား တပ်ဆင်ခွင့် ရခဲ့ပါသည်။

သစ်ပင်ခုတ် လက်တွေ့စွမ်းရည်စစ်ဆေးခံရန် မောင်းမကန်သို့သွားရသည်။ ကင်းထောက်ဆရာက ကျွန်ုပ်တို့အား ပင်လယ်ကမ်းခြေ နောက်ဘက်ရှိ တောအုပ်ထဲသို့ခေါ်သွားပြီး သင့်တော်မည့် အပင်တစ်ပင် ရွေးချယ်ပေးသည်။ ထို့နောက် ဆရာကကွန်ပါ စက်ဝိုင်းခြမ်းကိုသုံး၍ မည်သည့်နေရာ၊ မည်သည့်ဘက်သို့ ခုတ်လှဲ ရမည်ကို တိုင်းထွာတွက်ချက် မှတ်သားပေးသည်။ ကျွန်ုပ်တို့ကင်းထောက်လူငယ် (၂) ယောက်အား ပုဆိန်တစ်လက်ပေး၍ ခုတ်လှဲစေရာ ကျွန်ုပ်တို့သည် ညွှန်ကြားသည့်အတိုင်း လုပ်ဆောင် နိုင်၍ အောင်မြင်ခဲ့ကြပြန်ပါသည်။

အချက်ပြဆက်သွယ်ရေးအတွက် ကျွန်ုပ်တို့သည် Semaphore အချက်ပြစံနစ်အတိုင်း အနီတစ်ခြမ်း၊ အဝါတစ်ခြမ်း အလံများကို အသုံးပြု၍ သတင်းပို့ သတင်းယူခြင်းများကို လေ့ကျင့်သင်ကြားထားပြီးဖြစ်သည်။ AမှZ အထိ အင်္ဂလိပ်အက္ခရာ အားလုံး ပါဝင်သည့် "A quick brown fox jumps over the lazy dog" ဟူသောဝါကျကို ကြေညက်အောင် လုပ်ထား ရသည်။ အချက်ပြဆက်သွယ်မှုစစ်ဆေးမှုကို (၃)မိုင် အကွာအဝေးခန့်တွင်ရှိသော တောင်ရိုးပေါ်တွင် ပြုလုပ်ရသည်။ သတင်းပေးခြင်း၊ သတင်းယူခြင်း ပြုလုပ်ရန် ကင်းထောက် (၂) ဦးသည် တစ်ယောက်ကိုတစ်ယောက် ကျောပေး၍ ရပ်နေရသည်။ (၂)ဦးသား နားလည်မှုရှိစွာ ပူးတွဲလုပ်ဆောင်နိုင်လျှင် သတင်းပေး၊ သတင်းယူ ကောင်းစွာ ပြုလုပ်၍ရပါသည်။ တစ်ဖက်မှ အချက်ပြသည်ကို တစ်ယောက်က အဝေးကြည့်မှန်ပြောင်းဖြင့်ဖတ်ရပြီး ကျန်တစ်ဦးက ချရေးရခြင်း ဖြစ်ပါ၏။



ရေကူးစွမ်းရည်စစ်ဆေးခြင်းကို မောင်းမကန်ကမ်းခြေတွင် ပြုလုပ်ပါသည်။ ကိုက် (၅၀) ရေကူးပြိုင်ပွဲ ဖြစ်၏။ ထိုစဉ်က အရပ် အလွန်ရှည်သော ကုလားလေးတစ်ယောက်သည် အခြားသူများ ရေကူးနေကြစဉ် သူက ပင်လယ်ကြမ်းပြင်ပေါ်မှာ လမ်းလျှောက်ပြီး ရေကူးဟန် ဆောင်နေသည်ကို တက္ကသိုလ်ရေကူးချန်ပီယံဖြစ်သော ဆရာတစ်ဦးက တွေ့ရှိသဖြင့် အပယ်ခံရသည်ကို မှတ်မိနေပါသေး၏။

ရှေးဦးသူနာပြုတံဆိပ်ရရန် ရှေးဦးသူနာပြုစုနည်းများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးတွင် ပတ်တီးစည်းပုံစည်းနည်းများကို လက်တွေ့ လုပ်ဆောင်ပြရသည်။ ပတ်တီးစည်းပုံစည်းနည်း အခေါ်အဝေါ်များကို ကျက်မှတ်ရသကဲ့သို့ နေရာမျိုးစုံကိုလည်း စနစ်တကျ လက်တွေ့ စည်းပြရသည်။ စမ်းသပ်မှုအောင်မြင်သောအခါ အင်္ကျီလက်တွင် ကြက်ခြေနီတံဆိပ်တစ်ခု ထပ်တိုး၍ ဂုဏ်ယူဝံ့ကြွားနေမိပါတော့သည်။

ကင်းထောက်ဒုတိယအဆင့်ပြီးစီးလျှင် အထက်ဖော်ပြပါ လက်ပတ်တံဆိပ်များအပြင် ကင်းထောက်ဒုတိယဆင့်လက်ပတ်ကို ပါဝတ်ဆင်ခွင့်ရသည်။

ဒုတိယအဆင့်ပြီးသောအခါ ဘသက်ငယ်သေးသောမိမိအား တပ်စိတ်မှူးအစား လ/ထတပ်စိတ်မှူးအဆင့်ကို တိုးမြှင့်ပေးရပါသည်။ အင်္ကျီ လက်မောင်းတွင် လက်ပတ်တံဆိပ်များ စီတန်းပြီးတပ်ဆင်ထားသော ကျွန်ုပ်ကို အခြားလူငယ်ချင်းများက မျက်စိ စပါးမွေးစူးကြပေလိမ့်မည်။ ဒုတိယအဆင့်ပြီးလျှင် လုပ်ငန်းစွမ်းရည်တံဆိပ်လက်ပတ်များ ထပ်မံရရှိပါက ပထမအဆင့်သို့ တိုးတက်သွားမည်ဖြစ်ပြီး ဘုရင့်ကင်းထောက်ဖြစ်သည်အထိ ကြိုးစားနိုင်ပါသည်။

## ကင်းထောက်နှင့်ကျွန်ုပ်၏ထင်မြင်ချက်

နောက်ကြောင်းပြန်၍ ဝေဖန်ဆန်းစစ်သည့်အခါ ကင်းထောက် လုပ်ခဲ့ခြင်းကြောင့် လူငယ်လေးများအဖို့ အင်္ဂလိပ်စာ ပိုကောင်းခြင်း၊ နေ့စဉ် လုပ်ငန်းဆောင်တာများကို ဦးဆောင် ဦးရွက်ပြုလုပ်နိုင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး၍ ကိုယ်ထူကိုယ်ထ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ သူတစ်ပါးကို အကောင်းဖက်မှ ရှု၍ကြည့်မြင်တတ်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ကျွန်ုပ်အဖို့မူ ကင်းထောက်ဘဝက သင်ကြားလေ့ကျင့်ခဲ့သော ပတ်တီးစည်းနည်းများကို ဆရာဝန်ဘဝတစ်လျှောက်လုံး အသုံးပြုရခြင်းဖြစ်သောကြောင့် အပင်ပန်းခံရကျိုး နပ်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## (၇)တန်းနှစ်

(၇)တန်းနှစ်တွင် ဆရာဉာဏ်လှိုင်၏ တပည့်ဖြစ်ခဲ့ရခြင်းသည်လည်း ကျွန်ုပ်၏ဘဝတွင် ထူးခြားသောမှတ်တိုင်တစ်ခု ဖြစ်ပေ၏။ အလွန် စည်းကမ်းကြီးသောဆရာသည် မျက်နှာ ကြီးငယ် မရွေး မည်သူ့ကိုမျှ မထောက်ညှာချေ။ ဆရာက အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ အပါအဝင် ဘာသာစုံသင်ပြသည်။ အတန်းထဲတွင် စာပြရုံသာမက ကင်းထောက်ဆရာလည်းဖြစ်၊ အားကစားနည်းပြလည်းဖြစ်သောကြောင့် ဆရာသည် တပည့်များ၏ကျောင်းစာ အရည်အသွေးကိုလည်းကောင်း၊ အားကစားစွမ်းရည်ကိုလည်းကောင်း အကဲဖြတ်နိုင်စွမ်းရှိသည်။ သူ၏လက်စွဲ ဩဝါဒ စကားမှာ 'ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဟူ၏။ 'ငါ အရက်သောက်တာတွေ့လို့ မင်းတို့ကလိုက်ပြီး အရက်မသောက်ကြနဲ့' ဟုလည်း ကျွန်ုပ်တို့ကို ပြောလေ့ရှိသည်။ ကျွန်ုပ်တို့ ကျောင်းသားများက ဆရာ့အား အရိုက်ကြမ်းသည့် စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ လူကြမ်းကြီးအဖြစ် ထင်မြင်ခဲ့ကြသည်။ ထို့ကြောင့် ဆရာကို အားလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ကြ၏။ ဆရာ၏ သင်ကြားလေ့ကျင့်ပေးမှုကြောင့် ကျွန်ုပ်သည် အရာကိစ္စတိုင်း၌ အများသူငါကြည့်လေ့မရှိသော ရှုထောင့်မှ ကြည့်တတ်မြင်တတ်လာခဲ့သည်။ ကျွန်ုပ်တို့တပည့် များအား 'အတ္တာဟိ အတ္တနော နာထော' ဘုရားဟောနှင့်အညီ မိမိကိုယ်သာ မိမိအားကိုးသောစိတ်ဓါတ်မျိုး မွေးမြူကြစေလိုခြင်းမှာ ဆရာ၏မွန်မြတ်လှသော စိတ်ရင်းစေတနာပင် ဖြစ်ပေတကား။

ကျွန်ုပ်၏အစ်ကို ကိုဖေညွန့်၏မှတ်တမ်းထဲတွင် ဆရာ ဦးဉာဏ်လှိုင်နှင့် သူ ထိပ်တိုက်တွေ့ခဲ့ပုံကို ဤကဲ့သို့ ရေးသားထားသည်။ ဆရာသည် တပည့်များအား အနောက်တိုင်းလက်ဝှေ့ပညာ လက်တွေ့ပြသမည်ဟု ဆိုကာ ကိုဖေညွန့်အား အတန်းရှေ့သို့လာခိုင်းသည်။ ထို့နောက် ကိုဖေညွန့်အား သူ့ကို စိတ်ကြိုက် လက်သီးဖြင့် ထိုးရန်ပြောသည်။ ကိုဖေညွန့်က အကြိမ်ကြိမ် ငြင်းဆန်သော်လည်း ဆရာက ဇွတ်အတင်း ထိုးခိုင်းသဖြင့် ဘယ်ဝိုက်လက်သီးတစ်လုံး ထိုးလိုက်ရာ ဆရာလည်း ရှောင်ချိန်မရဘဲ ထိသွားလေ၏။ ထိုအခါ ဆရာ ဦးဉာဏ်လှိုင်က 'လူကြီးရှက်တော့ ရယ်'ဟူသော စကားနှင့်အညီ 'ဖေညွန့် ဘယ်သန်မှန်း ငါမသိလိုက်ဘူးကွာ' ဟု ရယ်ကျဲကျဲ နှင့်ပြောသတတ်။ ကျွန်ုပ်တို့အသက်ကြီးမှ ဆရာနှင့်တွေ့သောအခါ ဆရာသည် အလွန် နူးညံ့ပျော့ပျောင်းနေသည်ကို တွေ့ရပြီး ငယ်စဉ်က အကြောင်းများကိုမူ ပြန်ပြောင်းမပြောဆိုမိကြတော့ပါ။ ဆရာသည် လက်တွေ့ဘဝတွင် ကြုံတွေ့ရမည့် ပြဿနာပေါင်းစုံကို



ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိစေရန် ကျွန်ုပ်တို့အား စိတ်ဓါတ်ရေးရာကြံ့ခိုင်အောင် လေ့ကျင့်ပုံသွင်းပေးခဲ့သူ ဖြစ်ပေ၏။ ဆရာ၏ကျေးဇူးဂုဏ်မှာ ကြီးမားပေစွ။

## အထက်တန်းကျောင်းနှင့်ကျွန်ုပ်၏ဆရာများ

ကျောင်းအုပ်ကြီးကား ထင်ရှားကျော်ကြား၍ လူအများ၏ လေးစားခြင်းခံရသော ဆရာကြီးဂျွန်မောင်ခင်ဖြစ်သည်။ သူသည် ဘာသာရပ်ပေါင်းစုံကျွမ်းကျင်၍ မည်သည့်ဘာသာရပ်ကိုမဆို လိုလျှင် လိုသလို သင်ပြနိုင်သောစွမ်းရည်ရှိသည်။ ဆရာ့အား ကျောင်းသူကျောင်းသားများသာမက မြို့လူထုကလည်း ချစ်ခင် ကြည်ညိုကြသည်။ ဆရာသည် ထားဝယ်ဇာတိမဟုတ်ဘဲ ထားဝယ်မြို့တွင်အခြေချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ညီအစ်ကိုအားလုံး ဆရာ့တပည့် များဖြစ်ခဲ့ကြ၍ ဆရာက တစ်ဦးချင်းစီ၏ အမည်များကိုကောင်းကောင်း သိပါသည်။

(၇)တန်းအောင်ပြီးသောအခါ ကျွန်ုပ်တို့သည် (၈)တန်းမှ (၁၀)တန်းအထိရှိသော အထက်တန်းသို့ တက်ခွင့်ရကြသည်။ အထက်တန်းကျောင်းသားဖြစ်သော ကျွန်ုပ်တို့ကို ဆရာ၊ ဆရာမများက ကလေးသဖွယ် မဆက်ဆံကြတော့ပေ။ စာသင်ခန်း တစ်ခန်းတွင် ကျောင်းသူကျောင်းသား (၂၅) ယောက်ခန့်သာရှိသည်။ မြန်မာစာမှအပ ဘာသာရပ် အားလုံးကို အင်္ဂလိပ်လို သင်ရသည်။ အင်္ဂလိပ်စာအတွက် အသေးစိတ် ပြဋ္ဌာန်း စာအုပ်တစ်အုပ်နှင့် အထွေထွေပြဋ္ဌာန်းစာအုပ် (၂) အုပ် သို့မဟုတ် (၃) အုပ် သင်ရသည်။ " Coral Island" သင်ခဲ့ရသည်ကို မှတ်မိနေပါ၏။ စာမေးပွဲတွင် ထိုဝတ္ထုထဲမှ စာကြောင်းတစ်ကြောင်း၊ နှစ်ကြောင်းစကို ထုတ်ယူ၍ စကားစပ်နှင့်ဖြေရသဖြင့် ကျွန်ုပ်တို့သည် ဝတ္ထုကိုကောင်းစွာကြေညက်အောင် ဖတ်ထားရသည်။

(၉)တန်း (၁၀)တန်း၏ သင်ရိုးညွှန်းတန်းအရ အင်္ဂလိပ်ဂန္ထဝင်စာပေကို ချဉ်းကပ်လေ့လာနိုင်စေရန်ပြဋ္ဌာန်းထားသော'The Mill on the Floss, She stoops to conquer, The Mutiny on the Bounty 'စသည့် ဂန္ထဝင်ဝတ္ထုများကို မြည်းစမ်းဖတ်ရှု လေ့လာသင်ကြားခွင့် ရရှိခဲ့ပါသည်။ မြန်မာစာကိုလည်း ပြဋ္ဌာန်းစာအုပ်အမျိုးမျိုးဖြင့် သင်ခဲ့ရသော်လည်း ဆရာများရောတပည့်များအားလုံးကပါ ဖိဖိစီးစီးအလေး ဂရုမပြုကြချေ။

'ဝိလျှဟာဝေး'ရေးသားသော မြန်မာ့သမိုင်းကို သင်ရသောအခါ ဗြိတိသျှတို့၏ ဘက်လိုက်ရေးသားချက်အချို့ကို တွေ့ရှိခဲ့ရသည်။ နောက်ပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဘသန်း၏ မြန်မာရာဇဝင်ကို သင်ရပါသည်။ (၉)တန်းနှစ် ရောက်ချိန်တွင် သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒစသော သိပ္ပံဘာသာတွဲယူရန် (၈)တန်းကိုဆင်း၍ သင်မည်ဆိုသော်လည်းခွင့်မပြုပါ။ (၉)တန်းစာမေးပွဲကြီး စစ်ချိန်တွင် ကျွန်ုပ်နေမကောင်းဖြစ်၍ စာမေးပွဲ မဖြေလိုက်ရပါ။ နောက်တစ်နှစ် (၉)တန်းမှာ ပြန်နေရပါသည်။ သင်္ချာသင်သော ဆရာဘနာဂျီးနှင့် ဦးဘရင်၊ မြန်မာစာသင်သော ရခိုင်ဆရာ ဦးလှကျော်ဖြူ၊ အင်္ဂလိပ်စာသင်သော ဗိုလ်ကပြားဆရာတော့ရှ် အစရှိသောဆရာကောင်း၊ သမားကောင်းများကို ကြုံဆုံခဲ့ရပါ၏။ ဆရာဦးဘရင်မှာ ကျွန်ုပ်တို့ကျောင်း ဘောလုံးအသင်း၏ လက်ရွေးစင်ကိုးသမား ဖြစ်ပါသည်။

အကြောင်းမသိကြသေးမီ ဆရာလှကျော်ဖြူအား ကန့်ကရနှင့် မိန်းမဆန်သည်ဟု အထင်မှားခဲ့ကြ၏။ ကျောင်းသားတစ်ယောက်က သူပိုးပန်းနေသော မိန်းကလေးတစ်ယောက်အား ဆရာလှကျော်ဖြူလည်း ချဉ်းကပ်နေသည်ဟု အထင်လွဲနေသည်။ တစ်နေ့တွင် ကျောင်းသားများ လက်ဝှေ့ထိုး လေ့ကျင့်နေကြသည်ကို ဆရာ ကြည့်ရှုနေစဉ် အထင်လွဲသော ထိုကျောင်းသားက ဆရာလှကျော်ဖြူအား 'ဆရာ တစ်ပွဲတလမ်း အကဲစမ်းရအောင်' ဟူ၍ စိန်ခေါ်လေ၏။ ကျောင်းသား၏ မှုမမှန်သော စိတ်ရင်းကို သိသောကြောင့် ဆရာက အတန်တန်ငြင်းရှာသည်။ ငြင်း၍မရသည့်အဆုံး ဆရာလှကျော်ဖြူလည်း ရှေ့သို့ တက်လာပြီး လက်အိတ် ကောက်စွပ်လေ၏။ ပရိတ်သတ်အားလုံးက ဆရာ့အတွက် စိတ်ပူနေကြစဉ် တစ်မုဟုတ်ချင်း ဆင့်ကာဆင့်ကာ ထိုးလိုက်သော ဆရာ၏ လက်သီးချက်များကြောင့် စိန်ခေါ်သူကျောင်းသားခမျာ ဒူးထောက် အရှုံးပေးရသည်ကို ကျောင်းသားအားလုံး တအံ့တသြ မျက်ဝါးထင်ထင် တွေ့လိုက်ကြရပါတော့သည်။

ဆရာကြီးဂျွန်မောင်ခင်သည် ဆရာအင်အားပြည့်အောင် ဒိုင်ခံဖြည့်တင်းပေးနေရသူ ဖြစ်သည်။ ဆရာက ဇဝနဉာဏ် ရွှင်သည်။ ဟာသဓါတ်ခံလည်းရှိသည်။ ဆရာနှင့်စာသင်ရလျှင် တပည့်အားလုံး ကိုယ်စိတ် သက်သောင့်သက်သာဖြင့် သင်ယူနိုင်သည်။ အင်္ဂလိပ်စာ သင်သောအခါ ကျောင်းသား၏ အမှားကို သဘောပေါက်နားလည်သည်အထိ ရှင်းလင်းသင်ပြပြီးမှ အမှားကို ပြင်အမှန်ကိုသင်ပေးတတ်သူဖြစ်သည်။



## ဆရာကြီး၏အရိုက်ခံရခြင်း

သဘောကောင်းသော ဆရာကြီးသည် ပြင်းပြင်းထန်ထန် ဆုံးမရန်လိုအပ်ပါက မည်သူ့မျက်နှာကိုမျှ ထောက်ရှုခြင်းမရှိချေ။ တစ်ခါက ကျွန်ုပ်သည် ကိုယ့်ထက်အတန်းငယ်သောကျောင်းသားများနှင့် စကြိန်လမ်း ခေါင်မိုးသွပ်ပြားများပေါ်တွင် လိုက်တန်းပြေးတန်း ကစားနေသည်ကို ဆရာကြီးက တင်းနစ်ကစားနေရင်း တွေ့သွားသည်။ ဆရာကြီးက သူ၏ရုံးစေအားလွှတ်၍ အခေါ်ခိုင်းရာ ကျွန်ုပ်တို့ ရောက်သောအခါ 'နက်ဖြန် ငါ့ရုံးခန်းကိုလာပြီး သတင်းပို့'ဟု ခပ်ပြတ်ပြတ် အမိန့်ရှိပါသည်။ ကျွန်ုပ်တို့လည်း နောက်နေ့တွင် ဆရာကြီးထံသွားတွေ့ကြရာ ကြောက်လွန်း၍ နားရွက်ပင် မခတ်ရဲပါ။ ဆရာကြီးက ကျွန်ုပ်တို့အား 'အမိုးပေါ်ကလိမ့်ကျရင် ဘာဖြစ်မလဲ'ဟု မျက်စိကို စူးစူးကြည့်ကာ မေးပါလေတော့သည်။ ကျွန်ုပ်တို့လည်း ကျိုးပဲ့ဒဏ်ရာ ရနိုင်ကြောင်း ပြောပြရာ ဆရာကြီးက ကျွန်ုပ်ဘက်ကိုလှည့်၍ 'မင်းက (၈)တန်းဆိုတော့ အထက်တန်းကျောင်းသား ဖြစ်ပြီ၊ ကျန်တဲ့သူတွေက မင်းထက် အသက်လည်း ငယ်တယ်၊ ဒီတော့ မင်းကိုပဲ စံနမူနာပြ ဆုံးမရမယ်'လို့ ပြောပါသည်။ ပြောပြောဆိုဆို ကျွန်ုပ်၏တင်ပါးကို ကြိမ်လုံးဖြင့် (၅)ချက် လွှဲလွှဲပြီး ရိုက်ပါတော့သည်။ ကျွန်ုပ်မှာ အသားနာသည်ထက် စိတ်ထဲ အသည်းထဲတွင် စွဲစွဲမြဲမြဲ နက်နက် ရှိုင်းရှိုင်း ထိခိုက်နာကျင်ခဲ့ရပါသည်။ အထက်တန်း ရောက်သောအခါ ရိုက်နှက် ဆုံးမခြင်း မရှိသလောက်ဖြစ်သော်လည်း ဆရာကြီးက ကျွန်ုပ်၏အပြစ်ကို ကြီးလေးသည်ဟု ယူဆ၍ ဤကဲ့သို့ ဆုံးမခြင်းဖြစ်ဖွယ်ရှိပါ၏။ ကျွန်ုပ်အတွက် ထိုဖြစ်ရပ်ကား ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ရိုက်နှက် ဆုံးမခံရ ခြင်းဖြစ်ပါ သတည်း။

## နိုင်ငံရေးအမြင် ပြောင်းလဲလာခြင်း

ထိုစဉ်ကာလတွင် တိုင်းပြည်တစ်ဝှမ်းလုံး၌ အပြောင်းအလဲများ စတင်ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးအသိစိတ်ဓါတ် နိုးကြားတက်ကြွ လာကြသည့်အားလျော်စွာ အများပြည်သူတို့က ဗြိတိသျှအုပ်ချုပ်ရေးကိုဖီဆန်၍ လွတ်လပ်ရေးရရန် တခဲနက် တောင်းဆိုလာခဲ့ကြသည်။ ကင်းထောက် တပ်ဖွဲ့ဝင်များအား ကိုလိုနီနယ်ချဲ့တို့က အာဏာတည်မြဲရေးအတွက် အသုံးချခံရမည့်အရေးကို မျှော်တွေးမိသောကြောင့် ကျွန်ုပ်တို့အားလုံး ကင်းထောက်တပ်ဖွဲ့မှ ထွက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သံမဏိတပ်

(၇)တန်းအောင်ပြီးသောအခါ ကျွန်ုပ်သည် ကင်းထောက်အဖွဲ့မှ ထွက်ပြီး သံမဏိတပ်ထဲသို့ ဝင်ရောက်ခဲ့သည်။ အမှန်စင်စစ် သံမဏိတပ်သည် ကျောင်းသားသမဂ္ဂ၏ နိုင်ငံရေးအင်အားစု တစ်ခုပင်တည်း။ ကျွန်ုပ်တို့ သံမဏိတပ်ဖွဲ့ဝင်များသည် အစိမ်းရောင်အကျႌနှင့် ဘောင်းဘီတိုများဝတ်ဆင်၍ စစ်ရေးပြလေ့ကျင့်ခန်းများ ပြုလုပ်ရသည်။ ကျောင်းသားထု၏ နိုင်ငံရေးအမြင် တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ကင်းထောက်တပ်ဖွဲ့ကား အလိုလို ချိနဲ့ ပျောက်ကွယ်သွားလေတော့၏။

## ကျောင်းသားသမဂ္ဂ

၁၉၄၁ ခုနှစ်တွင် ကျွန်ုပ်သည် (၁၀)တန်းကျောင်းသား ဖြစ်နေပြီ၊ မြန်မာတစ်နိုင်ငံလုံး မျိုးချစ်စိတ်ဓါတ်များ တဟုန်းဟုန်းတောက် လျက်ရှိရာ ကျွန်ုပ်တို့ ကျောင်းသားများလည်း အများနည်းတူ တက်ကြွစွာ တခဲနက်ပါဝင် လှုပ်ရှားလာခဲ့ကြသည်။ ကျောင်းသားသမဂ္ဂအဖွဲ့ကြီးကိုလည်း တည်ထောင်ပြီး ဖြစ်သည်။ ထိုစဉ်က အသက် (၁၅)နှစ်မျှသာရှိသေးသော ကျွန်ုပ်သည် အတန်းထဲတွင် အငယ်ဆုံး ဖြစ်၏။ ဆံပင်ပုံစံက ကတုံးစတောက်။ ကျွန်ုပ်၏ အစ်မ 'မယ်မယ်'ကလည်း ကျွန်ုပ်ကို ဆံပင်ရှည်ထားခွင့်မပြု။ မျိုးချစ်စိတ်ဓါတ် တက်ကြွနေသည့်အလျောက် ကျောင်းသားသမဂ္ဂအဖွဲ့ထဲကို ဝင်ရောက်ခဲ့ရာ ကျွန်ုပ်သည် မကြာမီအချိန်အတွင်း မြို့နယ်ကျောင်းသားသမဂ္ဂ၏ အလုပ်အမှုဆောင်အဖြစ် တင်မြှောက်ခြင်း ခံရပါသည်။ ဥက္ကဋ္ဌမှာ ကိုရန်ကင်းဖြစ်ပြီး ကျွန်ုပ် မှတ်မိသော အခြားအမှုဆောင်(၂)ဦးမှာ ကိုတင်မောင်နှင့် ကိုဘတိုးတို့ ဖြစ်ကြသည်။ ညပိုင်းတွင် ကျွန်ုပ်တို့သည် သခင်တစ်ဦး ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တွင် မကြာခဏ တွေ့ဆုံကြပြီး ထောက်လှမ်းရေးသတင်း ရယူခြင်း၊ ပေးပို့ခြင်း ပြုလုပ်ကြသည်။ ဂျပန်ဝင်လျှင် ဗြိတိသျှတပ်များ ဆုတ်ပြေးရမည်ကိုလည်း ကျွန်ုပ်တို့ သိနှင့်နေကြသည်။ ကျွန်ုပ်၏အစ်ကိုကြီး ကိုဘသိန်းဟင်သည် ဗြိတိသျှကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ဦးဆောင်နေသော သခင်တစ်ဦးဖြစ်၏။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ကျောင်းသားအများစုကမူ အာဏာပိုင်အဖွဲ့အစည်းကို ဆန့်ကျင်လိုသော စိတ်ဆန္ဒမရှိကြသဖြင့် ကျောင်းသားသမဂ္ဂ၏ လှုပ်ရှားမှုများတွင် တက်ကြွစွာ မပါဝင်ခဲ့ကြပေ။



ဒီဇင်ဘာလတွင် ကျွန်ုပ်တို့သည် (၁၀)တန်းစာမေးပွဲ ဖြေရန်အတွက် စာမေးပွဲဝင်ကြေးငွေများ ပေးသွင်းရသည်။ သို့သော် စစ်ကြီး စတင်ဖြစ်ပွားလာ၍ မြို့နေလူအများသည် အိုးအိမ်များကိုပစ်ကာ စစ်ဘေးစစ်ဒဏ်ကို ရှောင်တိမ်းခဲ့ကြလေသည်။ ဂျပန်ဝင်လာသောအခါ ဆရာကြီးအား ကျောင်းအုပ်ဆရာကြီး အမည်ခံ ရာထူးပေး၍ ကျောင်းပြန် ဖွင့်ခိုင်းသည်။ ဆရာကြီးမှာ ဂျပန်ခေတ် အုပ်ချုပ်ရေးကို လုံးဝနှစ်မြို့ခြင်း မရှိသော်လည်း ပေးအပ်သည့်တာဝန်ကို မဖြစ်မနေ ကျေပွန်အောင် ထမ်းဆောင်ခဲ့ရှာသည်။ ကျွန်ုပ်သည် ဂျပန်ခေတ်က ပြုလုပ်ခဲ့သော (၁၀) တန်းစာမေးပွဲအောင်မြင်ကာ အထက်တန်းပညာရေး ပြီးဆုံးခဲ့သူဖြစ်ပါသတည်း။

# စစ်တွင်းကာလ

## စစ်ကြေညာပြီ

ကြောက်မက်ဖွယ်ကောင်းသောစစ်ကြီးသည် ကောင်းကျိုးတစ်စုံတရာ ပေးနိုင်ခြင်းမရှိဘဲ ကျွန်ုပ်တို့၏ အမိမြေကို ရောက်ရှိ လာခဲ့လေသည်။ အမှန်ခင်စစ် ကိုလိုနီ ဒီမိုကရေစီဝါဒီများနှင့် ဖက်ဆစ်ဝါဒီတို့၏ အားပြိုင်ပွဲသာဖြစ်ပြီး ကျွန်ုပ်တို့နိုင်ငံအား စစ်မြေပြင်အဖြစ် အသုံးပြုခဲ့ကြခြင်းသာဖြစ်၏။ နှစ်ဦးနှစ်ဖက်လုံးကပင် ကျွန်ုပ်တို့အား သူတို့၏ကျေးကျွန်သဖွယ် သဘောထားကြသည်။ ကျွန်ုပ်တို့မှာကား ကျွဲနှစ်ကောင်ကြားမှ မြေစာပင် ဖြစ်ခဲ့ရပါတော့သည်။

စစ်ဘေးစစ်ဒဏ်ကြောင့် မိသားစုအမြောက်အများ ကစဉ့်ကလျားဖြစ်ခဲ့ကြသည်။ တစ်တိုင်းပြည်လုံးလည်း အစိတ်စိတ် အမွှာမွှာ ကြေမွပျက်စီးခဲ့သည်၊ ပစ္စည်းပစ္စယတို့၏တန်ဖိုး၊ ငွေကြေး တန်ဖိုး၊ လူ့ဘဝတန်ဖိုး၊ အစစပြောင်းလွဲကုန်သည်။ အသက်အိုးအိမ်စည်းစိမ်လည်း လုံခြုံမှုမရှိ။ လူတိုင်းလူတိုင်း စိုးရိမ်ကြောင့်ကြစိတ်ဖြင့် နေကြရသောကြောင့် တစ်နေ့တာ ကုန်ဆုံးမှသာ ဒီနေ့တော့ ငါ မသေသေးဘူး၊ အသက်နှင့်ခန္ဓာ အိုးစားမကွဲသေးဘူး'ဟူ၍ စိတ်နှလုံး ဒုံးဒုံးချနိုင်သည့် ခေတ်အခါသမယမျိုး ဖြစ်၏။ နိုင်ငံတစ်ဝှမ်းလုံး၌ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလွဲမှုသာမက အကျင့်စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလွဲမှုများလည်း မမြင်ချင်အဆုံး၊ မကြားချင်အဆုံး တွေ့မြင်၊ ကြားသိနေရသည်။ များစွာသော မိသားစုဘဝရုပ်ပုံလွှာတို့မှာ စစ်၏အနိဋ္ဌာရုံများကြောင့် အကျည်းတန်ခဲ့ကြရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ထားဝယ်မြို့အား ဗုံးကြဲတိုက်ခိုက်ခြင်း

ကျွန်ုပ်တို့သည် ဖြုံးခနဲရောက်ရှိလာသော စစ်မီးလျှံကြောင့် အံ့ဩတုန်လှုပ်ခဲ့ကြရပါ၏။ ၁၉၄၁ ဒီဇင်ဘာလ (၈)ရက်၊ ညနေ (၄) နာရီခန့် ကျွန်ုပ်တို့တတွေ ကျောင်းအားကစားကွင်းထဲတွင် ကာယ လေ့ကျင့်ခန်းများ ပြုလုပ်နေကြစဉ် ခပ်လှမ်းလှမ်းမှ ပေါက်ကွဲသံများကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ကောင်းကင်မှာလည်း မကြုံဘူးသော တဝီဝီအသံများ အဆက်မပြတ်ကြားရ၍ အပြင်ထွက်ပြီး မိုးပေါ် မော့ကြည့်ကြသည်။ လေယာဉ်ပျံဖြူဖြူများ ဝဲပျံနေကြပြီး ကောင်းကင်တစ်ခု လုံးမှာ မီးခိုးလုံးများ ဖုံးလွှမ်းနေလေတော့၏။ ထားဝယ်လေယာဉ်ကွင်းကို ဂျပန်တို့ ဗုံးကြဲနေကြပြီဆိုသော သတင်း ထွက်ပေါ်လာပြီး တောမီးပမာ တမဟုတ်ချင်း ပျံ့နှံ့သွားလေ၏။ ဆရာများက ကျောင်းသူကျောင်းသားများကို ချက်ချင်းအိမ်ပြန်ပို့ ပေးကြသည်။ လမ်းပေါ်တွင် လူများဝရုန်း သုံးကား ပြေးလွှားအော်ဟစ်နေကြသည်မှာ ကမ္ဘာပျက်သည့်နှယ်။ ငြိမ်ဝပ်ပိပြားမှု ဆိတ်သုဉ်းလေပြီ။ လူတိုင်း ကိုယ်စီကိုယ်င မိမိအသက်ကို မိမိလုနေရသည်။ ပြန်ပြောင်းစဉ်းစားကြည့်ရာ ဤကဲ့သို့ တစ်တိုင်းပြည်လုံး အုံးအုံး ကျက်ကျက်နှင့် မင်းမဲ့စရိုက်လွှမ်းမိုးကာ ရဟန်းရှင်လူ ပြည်သူအပေါင်း ကြီးလန့်တကြား အထိတ်ထိတ် အလန့်လန့် နေကြရသည့် အခြေအနေမျိုးသည်ပင် ဖက်ဆစ်ဂျပန်တို့ ဖြစ်စေလိုသော အခြေအနေ ဖြစ်ပေတော့၏။

အမောတကောနှင့် အိမ်ပြန်ရောက်သောအခါ တအိမ်လုံး ခြောင်းဆန်နေတော့သည်။ မိန်းမတွေက ငိုကြယိုကြရင်း လက်ဝတ်လက်စားများကို ရှာဖွေသိမ်းဆည်းနေကြသည်။ မကြာမီ ဒုတိယအကျော့ လေယာဉ်များလာပြီး ဗုံးကြဲဦးမည်ဟူသော ကောလာဟလများလည်း ပျံ့လွင့်နေသည်။ ကျွန်ုပ်တို့မိသားစု အားလုံးလည်း ရှိသည့်ဟင်းနှင့် ဗိုက်ပြည့်အောင် ညစာစားလိုက်ကြပြီး အနီးအနားရပ်ကွက်ရှိ ဝမ်းကွဲအစ်မတစ်ဦး၏အိမ်သို့ ရှေ့ရှု ထွက်ပြေးခဲ့ကြလေ၏။ အိမ်ရှင်များက လိုလိုလားလား မရှိသည့်အပြင် မချေမင် ပြောဆိုဆက်ဆံကြသဖြင့် ထိုအိမ်တွင် ခဏမျှသာ နေခဲ့ပါသည်။ ထို့နောက် အဘွား၏ဇာတိဖြစ်သော မင်းရပ်ရွာကို သွားကြ၍ အမေ၏အစ်ကို ဦးအေးလှိုင်၏အိမ်တွင် ခိုလှုံကြပြန်သည်။ ဘကြီးဦးအေးလှိုင်သည် ကျွန်ုပ်တို့ အတိဒုက္ခ ရောက်သည်ကို နားလည်စာနာသဖြင့် ရောက်စက လှိုက်လှိုက်လှဲလှဲ ဖျူဖျူငှာငှာ ရှိသော်လည်း အချိန်အကန့်အသတ်မရှိ ဆက်လက်နေထိုင်ရမည့် အခြေအနေကို သိရှိသောအခါ စိတ်ပြောင်းသွားပြန်သည်။ အိမ်ရှင်များက ကာယကံ၊ ဝစီကံ



မြောက် သူတို့၏ သဘောထားကို ဖွင့်လှစ်လာကြသည်တွင် ကျွန်ုပ်တို့ ဧည့်သည်များလည်း အလိုက်တသိ တစ်နေရာသို့ ပြောင်းရွှေ့ကြရပြန်လေတော့သည်။

စစ်ပြေးရင်း ကျွန်ုပ်တို့မိသားစု နောက်ဆုံးခိုလှုံခဲ့သော နေရာမှာကား အမေ၏တူတော်သော ဘုန်းတော်ကြီး ကျောင်းထိုင်သည့် ဘုန်းကြီးကျောင်းဖြစ်၏။ ဘုန်းတော်ကြီးကမူ ကျွန်ုပ်တို့မိသားစု နေရေး ထိုင်ရေး သက်သောင့်သက်သာနှင့် အဆင်ပြေစေရန် အစွမ်းကုန် စီစဉ်ပေးသည်။ ကျွန်ုပ်တို့မိသားစုအတွက် ဇရပ်ကြီး(၂)လုံးကို နေရာချ ပေးသည်။ ဆရာတော်က သြဇာတိက္ကမကြီးမားသူဖြစ်သည့်အလျောက် အမေ၏ဆွေမျိုးများအပါအဝင် ရွာသူရွာသားများတွင် ကျွန်ုပ်တို့မိသားစု ဘုန်းကြီးကျောင်း၌ နေထိုင်ကြသည့်ကိစ္စအား ပြဿနာရှာရဲသူ မရှိချေ။ ထိုဘုန်းကြီးကျောင်းမှာ နေထိုင်စဉ်ကာလအတွင်း ကျွန်ုပ်၏ ကြီးဒေါ် 'မယ်နှင်း'သည် သူ၏တင်ပါးမှ ဂဏ်ရာများရင်း၍ အနာဆိပ်တက်ပြီး အသက်ဆုံးရှုံးခဲ့ရှာသည်။ စစ်တွင်းကာလမို့ ဆေးဝါးများ ရှာ၍မရပါ။

## တရားဥပဒေစိုးမိုးရေး

တရားဥပဒေ စိုးမိုးရေး ယိုယွင်းပျက်စီးချေပြီ။ ကျွန်ုပ်တို့သည် လူဆိုးသူခိုးတို့၏ အန္တရာယ်ကို မိမိတို့ဘာသာ ကာကွယ်ကြရသည်။ ဗြိတိသျှလူမျိုးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တို့ ထားဝယ်ကို စွန့်ခွာ ထွက်ပြေးကြပြီ။ ကုန်တိုက်များ၊ ဈေးဆိုင်များနှင့် ဂိုဒေါင်များ ဖေါက်ထွင်း လုယက်ခံကြရသည်။ လုယက်မှုနှင့် ဓါးပြမှုများ အလွန် ထူပြောသည်။ အနီးဝန်းကျင် တောရွာများမှ သိုးသွမ်းသူများ မြို့ထဲဝင်လာကြသည်။ 'တောမီးလောင် တောကြောင် လက်ခမောင်း ခတ်' ကြလေတော့၏။

ကုန်တိုက်များ၊ စတိုးဆိုင်နှင့် ဈေးဆိုင်များမှ အဝတ်အထည်နှင့် ပိုးချည်တို့ကို အလိပ်လိုက်ထမ်းပြီး သယ်သူတွေလည်းရှိ၏။ လှည်းဖြင့်တိုက်၍ သယ်သူများလည်းရှိ၏။ လမ်းမှာဖြတ်ပြီး တောင်းလျှင်လည်း (၁)လိပ် (၂)လိပ် ကန်ချပြီး ပေးခဲ့ကြသည်။ ထိုလူအားလုံးသည် ပေါက်ဆိန်၊ ဓါး၊ လှံစသည့် လက်နက်များ ကိုယ်စီ ကိုင်ဆောင် ထားကြပြီး ဖေါက်ထွင်းလုယက်ထားသော အရက်သေစာအမျိုးမျိုးကို စိတ်တိုင်းကျ သောက်စား မူးယစ် ရမ်းကား နေကြလေတော့၏။ ခပ်လှမ်းလှမ်းမှ ကြည့်လျှင် တမြို့လုံးမှာ မီးတောက်မီးလျှံနှင့် မီးခိုးများဖြင့် ဖုံးအုပ်နေတော့သည်။ သူခိုး၊ ဓါးပြများက မြို့ထဲတွင် ဥဒဟိုသွားလာနေကြပြီး သူတို့အချင်းချင်း ကလဲ့စားချေ လူသတ်ပွဲများလည်း ကြုံကြား

www.burmeseclassic.com

www.burmeseclassic.com



ကြိုကြား ဖြစ်ပွားတတ်သည်။ ထိုစဉ်က မြင်ကွင်းများမှာ သည်းခြေပျက်မှု ကြောက်လန့်ဖွယ် ကောင်းလှပါဘိ။

**တူမီးသေနတ်များ**

မိုးချုပ်လျှင် ရွာနီးချုပ်စပ်မှ သေနတ်သံများ ကြားရသည်။ ထိုအချိန်က လူဆိုးရော လူကောင်းပါ အသုံးပြုကြသော လက်နက်မှာ တူမီးသေနတ်များပင်ဖြစ်၏။ နေရာတကာ စပ်စုတတ်သော ကျွန်ုပ်သည် ရေပိုက်များကိုဖြတ်ပြီး သေနတ်ပြောင်း လုပ်ကြပုံ၊ ဖြစ်ကတတ်ဆန်း ခဲရည်ကျိုပြီး ကျည်ဆံ မြုလုပ်ကြပုံများကို ကွင်းဆင်း၍ လေ့လာကြည့်ရှု ခဲ့ဖူးသည်။ ထို လုပ်သေနတ်များမှာ အန္တရာယ်ကြီးပေစွ။ သေနတ် ပြောင်းပွင့်ပြီး စမ်းသပ်သူ သို့မဟုတ် အသုံးပြုသူတို့ ဒဏ်ရာရရုံသာမက အသက်ဆုံးရှုံးမှုများပင် ရှိသည်။ မျက်နှာနှင့် ခြေလက်တို့တွင် မကြာခဏ ဒဏ်ရာရရှိကြ၏။ ညဘက်ရောက်လျှင် အဖွားဘက်မှ အမျိုးများက လာ၍ အားပေးစကား ပြောကြသည်။ အချို့သူများကလည်း 'ဘယ်နေရာမှာ လုပြန်ပြီ၊ ဘယ်ရွာမှာ အနုကြမ်းဝင်စီးပြန်ပြီ' စသော သည်းခြေပျက်လောက်သည့်သတင်းနှင့် ဇာတ်လမ်းတို့ကို လာ၍ ဖေါက်သည် ချတတ်ကြသည်။ ရွာသူရွာသားများကိုယ်တိုင် ရရာလက်နက်ကိုင်စွဲကာ ညစဉ်ညတိုင်း ကင်းစောင့်ကြရသည်။

**ဂျပန်လေယာဉ်များ ထားဝယ်ကိုထပ်မံဗုံးကြဲခြင်း**

ဂျပန်လေယာဉ်များ ကျွန်ုပ်တို့ထားဝယ်မြို့အား ဒုတိယမ္ပိ ဗုံးကြဲသည်ကို ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းပေါ်မှ အပေါ်စီး မြင်ကွင်းဖြင့် တွေ့မြင်ခဲ့ရသည်။ အစီး(၂၀)ခန့်ရှိမည်ဟု ခန့်မှန်းရသော ဂျပန်ဗုံးကြဲလေယာဉ်များသည် တစ်စီးပြီးတစ်စီး ထိုးဆင်းကာ ဗုံးကြဲ တိုက်ခိုက်ကြသည့်မြင်ကွင်းမှာ သည်းထိတ်ရင်ဖိုဖွယ် ကောင်းလှပါဘိ။ ဗြိတိသျှတို့ဘက်ကမူ လေကြောင်းခုခံမှု မရှိသလောက်ပင်။ အရွယ်အစားအားဖြင့်အလွန်ကြီးသော ဗြိတိသျှ တိုက်လေယာဉ်ကြီးတစ်စီးသာ ရောက်ရှိလာသော်လည်း အလွန် မြန်သော ဂျပန်ဗုံးကြဲ လေယာဉ်များကို မယှဉ်နိုင်သဖြင့် တမဟုတ်ချင်း မြောက်စူးစူးသို့ တရှိန်ထိုး ဆုတ်ခွာပျံပြေးသွားသည်ကို တွေ့ရပါ၏။



**အိုးသစ်အိမ်သစ်ပြန်လည်ထူထောင်ရခြင်း**

ကျွန်ုပ်၏အစ်မ ဒေါ်မေကြွေသည် အပျိုကြီးဖားဖား ဖြစ်နေပြီ။ ဗြိတိသျှတော်လှန်ရေးတွင် ပါဝင်လျက်ရှိသော သခင်ဘသိန်းတင်မှအပ ကျွန်ုပ်တို့ညီအစ်ကိုအားလုံး စစ်ပြေးရာတွင် ပါဝင်ခဲ့ကြသည်။ နောက်မှ အစ်ကို ကိုဖေသက်လည်း BIA ထဲ ဝင်ပြီး မြန်မာပြည်မြောက်ပိုင်းသို့ ထွက်ခွာသွားလေ၏။

ကျွန်ုပ်တို့၏နေအိမ်မှာ ဗုံးဒဏ်ကြောင့် မီးလောင် ပြာကျသွားခဲ့ပြီ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြောင်းပုလဲရပ်ကွက်တွင် အချိန်အတန်ကြာ နေထိုင်ခဲ့ရသည်။ ထိုအချိန်ကမူ အမေသည် ရှေးယခင်ကဲ့သို့ ပင်ပင်ပန်းပန်း အလုပ်မလုပ်ရချေ။ အမေသည် သူ့ရွာမှ ဆွေမျိုး မိတ်သင်္ဂဟများနှင့်အတူ နေခွင့်ရသည့်အတွက်လည်း စိတ်ချမ်းမြေ့ဟန်တူ၏။ မိသားစုအတွက် ထမင်းဟင်းချက်သောအခါ အိမ်မှာကဲ့သို့ အထူးတလည် ဖွယ်ဖွယ်ရာရာ လုပ်ရန်မလို၊ လုပ်ရန်လည်းမရှိ။ သားသမီးများကလည်း အရွယ်ရောက်နေကြပြီဖြစ်၍ အိမ်မှုကိစ္စ တာဝန်ဝတ္တရားများသာမက သားသမီး ဝေယျာဝစ္စများလည်း သိသိသာသာ လျော့နည်းပြီး သက်သောင့်သက်သာနှင့် အထိုက်အလျောက် စိတ်လက်ပေါ့ပါးစွာ နေနိုင်ခဲ့ပါသည်။

**ဂျပန်ခေတ်**

ဂျပန်ခေတ်တွင် ထားဝယ်မြို့ အုပ်ချုပ်ရေးကိစ္စအဝဝကို ကိုဘသိန်းတင်နှင့် သူ၏ရဲဘော်ရဲဖက်များက တာဝန်ယူခဲ့ကြခြင်း ဖြစ်သည်။ ဂျပန်များသည် လူဆိုးဓါးပြများကို လူဘုံအလယ် လှံစွပ်ဖြင့် ထိုးသတ်၍ အပြစ်ပေးကြသည်။ ဂျပန်စစ်သားတို့၏ ရက်စက် ကြမ်းကြုတ်မှုကြောင့် အများပြည်သူတို့သွေးပျက်လုနီးနီး ကြောက်လန့်ကြသော်လည်း ရာဇဝတ်မှုများကမူ သိသိသာသာ လျော့နည်းသွားလေသည်။ ဂျပန်များသည် သူတို့ကိုယ်သူတို့ ဗြိတိသျှအုပ်ချုပ်ရေးမှ ကယ်တင်ပေးသူများဟု အထင်ခံလိုကြ၏။ ဂျပန်တို့သည် မြန်မာပြည်ထဲကိုဝင်ရာ၌ ထားဝယ်မြို့တွင် ပထမဆုံး မြန်မာ့မြေကိုနင်းရခြင်းဖြစ်သည့်အတွက် ထားဝယ်မြို့လူထုကို အထူးပင် ချိုသာပျူငှာစွာ ဆက်ဆံခဲ့ကြသည်။ ဗြိတိသျှတို့ ဆုတ်သည်မှာ ဝေးဝေးလံလံသို့ မရောက်သေးသည်က တစ်ကြောင်း၊ မြန်မာနိုင်ငံ၏ကျန်ဒေသအများစုမှာလည်း ဗြိတိသျှတို့ လက်ထဲတွင် ရှိသေးသည်က တစ်ကြောင်း၊ ထို အကြောင်း(၂)ချက်ကြောင့် ဂျပန်ခေတ် အစောပိုင်းကာလတွင် ဖက်ဆစ်စစ်ဘီလူးအသွင်သဏ္ဍာန် မပေါ်ခဲ့သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဂျပန်ဘာသာသင်ကျောင်း ဖွင့်လှစ်သည်။ ဂျပန်စာသည် ဝါကျဖွဲ့စည်းပုံအရ မြန်မာနှင့်တူညီသောကြောင့် ဂျပန်စာမှာ အတတ်မြန်ပါ၏။ ကျွန်ုပ်သည် အချိန်အနည်းငယ်အတွင်း ဂျပန်စကား ပြောနိုင်ပြီး အသင့်အတင့် ရေးနိုင်၊ ဖတ်နိုင်ဖြစ်လာပါသည်။ ခြုံ၍ပြောရလျှင် ဂျပန်စစ်သားများသည် ရိုင်းစိုင်းကြ၏။ လံကွတ်တီလေးဝတ်ပြီး လူမြင်ကွင်းမှာ ရေချိုးကြခြင်းမှာ သူတို့၏ စက်ဆုပ်ရွံရှာဖွယ် ဓလေ့တစ်ခုဖြစ်၏။ စစ်သားအများစုမှာ ဖိုသီဖတ်သီ ဝတ်စားကြလေ့ရှိ၍ အရာရှိများ၏ဝတ်စုံကမူ ကြည့်ပျော်ရှုပျော်ရှိပါ၏။ ၎င်းတို့အနက် ကင်ပေတိုင်ခေါ် ဂျပန်စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များမှာ အဆိုးဆုံးဖြစ်ပြီး သူတို့ကို ပြည်သူအားလုံးက ကြောက်လန့်ရွံရှာ မုန်းတီးကြပါသည်။ အကျဉ်းသားများကို နည်းမျိုးစုံသုံး၍ နှိပ်စက်ညှဉ်းပမ်းကာ စစ်ဆေး မေးမြန်းတတ်သော အောဒုလုံးနာဖွယ် အဖြစ်အပျက် ဇာတ်လမ်းများစွာကို နိုင်ငံတစ်ဝန်းလုံးတွင် နားမဆန့်အောင် ကြားသိနေရသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)

လူငယ်အမြောက်အမြားသည် ထားဝယ်မြို့တွင် သခင်အဖွဲ့အစည်းက ဦးဆောင်၍ တပ်သားသစ်များ စုဆောင်းလျက်ရှိသော BIA တပ်ဖွဲ့သို့ ဝင်ရောက်ကြလေ၏။ လူငယ် ၇၀၀၀၊ ၈၀၀၀ ခန့် BIA ထဲ ဝင်ခဲ့ကြသည်။ ကျွန်ုပ်မှာ ထိုစဉ်က အသက်မမှီသေးသဖြင့် မဝင်ခဲ့ပါ။ စစ်ရေးလေ့ကျင့်ကွင်းမှာ ကရင်အထက်တန်းကျောင်းဝိုင်းထဲတွင် ဖြစ်သည်။ ရရာလက်နက်ကိုင်စွဲကာ ရှိရာဝတ်စုံကို ဝတ်ဆင်၍ ရဲသွေး ရဲမာန်တက်ကြွစွာ စစ်ရေးလေ့ကျင့်နေကြသော လူငယ်များကို တွေ့မြင်ရသောအခါ မြို့သူမြို့သားအပေါင်းက လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူ အားပေးခဲ့ကြလေသည်။

ဗိုလ်လက်ျာ၊ ဗိုလ်လရောင်နှင့် ဂျပန်စစ်ဘက် အကြံပေးများသည် ယိုးဒယားမှ ထားဝယ်ကိုဖြတ်၍ မြန်မာပြည်တွင်းသို့ ချီတက် သွားခဲ့ကြ၏။ ကျောင်းသားသမဂ္ဂမှ ကျွန်ုပ်၏ သူငယ်ချင်းများဖြစ်သော ရန်ကင်းနှင့် တင်မောင်တို့ (၂) ယောက် စစ်ထဲလိုက်သွားကြသည်။ တင်မောင်က တိုက်ပွဲတွင် ကျဆုံးရှာ၏။ ရန်ကင်းကမူ စစ်ထဲလိုက်သွားပြီး မကြာမီ ထားဝယ်သို့ ပြန်လာကာ စီးပွားရေးလုပ်ရာ အောင်မြင်ကြောင်း ကြားသိရသည်။ ခင်လှိုင်နှင့် အခြားသူငယ်ချင်းတစ်ဦးလည်း BIA ထဲ ဝင်ကြသော်လည်း မကြာမြင့်မီ ထားဝယ်သို့ ပြန်လာခဲ့ကြသည်။



## မြေယာဝေချမ်းရေး

မီးလောင်ပြာကျသော ရပ်ကွက်များကို ပေ (၄၀ X ၆၀) အကွက်များချ၍ မူလပိုင်ရှင်များကို ပြန်လည်ဝေငှပေးပါသည်။ ထို စီမံကိန်းကို ဦးဆောင်ရာတွင် ကျွန်ုပ်၏ယောက်ဖ ကိုညွန့်လှိုင် ပါရှိသည်။ ငြိမ်းချမ်းသော ကာလတွင် မြေယာများကို ခွဲချမ်းစိတ်ဖြာရသော လုပ်ငန်းကြီးမှာ ဟိုလူက ကန့်ကွက်၊ ဒီလူက ကန့်ကွက်နှင့် အကောင်အထည်ဖော်ရန် လွန်စွာ ခက်ခဲပါဘိ။ စစ်အတွင်းက မီးကြီးသင့်၍ ထားဝယ်မြို့၏ အနောက်ခြမ်းနှင့် တောင်ခြမ်းအားလုံး ပြာကျပျက်စီးခဲ့သည်ကို အခွင့်ကောင်းယူ၍ မြို့ပြပြန်လည်ထူထောင်ရေးလုပ်သည့် လူကြီးများက ဩဇာအာဏာသုံး၍ အကောင်အထည်ဖော်ကြခြင်းဖြစ်ရာ ကောင်းကျိုး ဆိုးကျိုးများ ဒွန်တွဲ ဖြစ်ပေါ်ခဲ့လေသည်။

ကျွန်ုပ်တို့ကဲ့သို့ ယခင်က မြေကွက်အကျယ်ကြီး ပိုင်ဆိုင်သူများအဖို့ မတန်တဆလျော့နည်းသွား၍ နစ်နာရသည်။ ကျွန်ုပ်တို့အတွက် ပို၍ဆိုးသည်မှာ ပြန်လည်ရရှိသောမြေကွက်ထဲတွင် ရေတွင်းနှင့် နတ်ကွန်းနေရာများ ပါဝင်သည့်အတွက် အိမ်ဆောက်ရန်နေရာမှာ နည်းနည်းသာ ကျန်ပါတော့၏။ မူလက မြေကွက် သေးသေး၊ အိမ်သေးသေးသာရှိသော အိမ်ပိုင်၊ မြေပိုင်များကမူ မြေပိုရ၍ အမြတ်ထွက်သွား ကြသည်။ အချို့ကလည်း မူလနေရာ ပြန်ရရုံနှင့် မတင်းတိမ်ဘဲ အကွက်သစ်ထပ်ရအောင် တောင်းဆိုကြသည်။ သူပိုင်ကိုယ်ပိုင် ငြင်းခုန်မှုများ၊ တရားစွဲဆိုမှုများ ကာလအတော်ကြာသည့်တိုင် ဖြေရှင်း၍ မရအောင် ဖြစ်ခဲ့လေသည်။

## တိုးတက်ရာတိုးတက်ကြောင်းစာအုပ်ကောင်းများ

ဗုံးဒဏ်ကြောင့် မီးဘေးသင့်ခံရသည့်အထဲမှ စာအုပ်များစွာ ပြန်လည်ရရှိခဲ့သည်။ မော်ပါဆွန်နှင့် ဟိန္ဒီဘောဇက်၏ လက်ရာများ၊ ကမ္ဘာ့စာကြည့်တိုက်၏ အကောင်းဆုံး စာအုပ်များ၊ ဗြိတိသျှစွယ်စုံကျမ်းအစုံလိုက် စသည် စသည်ဖြင့်။ ကိုကြည်စိန်နှင့် ကိုဘသိန်းတင်တို့သည် ပိုက်ဆံနည်းနည်းစုမိလျှင် စာအုပ်ဝယ်ယူစုဆောင်းလေ့ရှိကြသောကြောင့် ဤကဲ့သို့သော စာကောင်းပေမွန်များ ကျွန်ုပ်၏လက်ဝယ် ကျန်ရှိနေခြင်းဖြစ်၏။ ကုသိုလ်ကံ ထူးလေစွ။

www.burmeseclassic.com

www.burmeseclassic.com



### အိမ်သစ်ပြန်ဆောက်ခြင်း

တစ်အိမ်လုံး မီးလောင်ပြာကျခြင်းဖြစ်၍ အိမ်အသစ် ပြန်ဆောက်ရခြင်းဖြစ်ရာ ကြောက်ခမန်းလိလိ အကုန်အကျများလှ၏။ အမေ၏ တစ်ဝမ်းကွဲမောင်တစ်ဦးက သစ်စက်ပိုင်ရှင်ဖြစ်၍ သစ်များကို ချက်ခြင်း ငွေမချေရဘဲ ငွေဆိုင်းစံနစ်ဖြင့် ရောင်းချပေးခဲ့သည်။ စစ်ပြီးစအချိန်ဖြစ်သဖြင့် သံ၊ ပတ္တာစသော အိမ်ဆောက်ပစ္စည်းအချို့ကိုမူ သက်သက်သာသာ ဝယ်၍ရပါသည်။

### ညဘက်တွင် သစ်များကိုစောင့်ရခြင်း

ဆောက်လုပ်ရေးကာလအတွင်း ပုံကျပျက်စီးသွားသော အိမ်ဟောင်းနေရာတွင် ယာယီအဆောက်အဦလေးတစ်ခုဆောက်ပြီး သစ်များဝယ်ယူ၍ စုဆောင်းသိမ်းဆည်းထားရသည်။ ၎င်းသစ်များ အခိုးမခံရစေရန် ကျွန်ုပ်သည် ညစဉ်ထိုနေရာ၌ ပေါက်ဆိန်တစ်လက်ကို အဖော်ပြုပြီးအိပ်ရ၏။ မီးလောင်ပြင်ကြီးက တစ်မျှော်တခေါ်မို့ ညဘက်ဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ခြောက်ခြားဘွယ်ရာ ကောင်းလှပေသည်။

တစ်ယောက်တည်း ဟိုဟိုဒီဒီတွေးတောနေစဉ် ပိုးကောင် မွှားကောင်လေးများ၏ အသံများကို၎င်း၊ ကြွက်သံကို၎င်း အတိုင်းသား ကြားနေရ၏။ ချိုးချိုးချွတ်ချွတ်အသံကြားလျှင် သူခိုးကပ်သည် ထင်၍ ပေါက်ဆိန်ကိုင်ကာ အရဲစွန့်ပြီး လူရိပ်လူခြေ ရှာဖွေကြည့်ရှုရသည်။ ဘာမျှ ရှာမတွေ့သည့်အဆုံး '၎ါစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်' ဟု သဘောပေါက်နားလည်ကာ ပြန်အိပ်ရန်ကြိုးစားသော်လည်း အိပ်မပျော်တော့ချေ။ ခွေးတစ်အုပ် အသံရှည်ကြီးဆွဲပြီး အူကြသောအသံကို ကြားရလျှင် လမ်းပေါ်မှာ တစ္ဆေသရဲတွေ ရောက်နေဘိသကဲ့သို့ လိပ်ပြာလွင့်စင်တော့မတတ် ထိတ်လန့်တုန်လှုပ်မိပါတော့၏။ ထိုးထိုးထောင်ထောင် ဖြစ်နေသော မီးကျွမ်းထားသည့် အိမ်တိုင်များသာရှိသည့် မီးလောင်ပြင် တစ်မျှော်တခေါ်ကြီးမှာ အလွန် ခြောက်ခြားဖွယ် ကောင်းလှသည့် မြင်ကွင်းပင်ဖြစ်ပါ၏။ ကျွန်ုပ်မှာတစ်ယောက်တည်း ဆောက်တည်ရာမရအောင်ဖြစ်နေပြီး နောက်ဆုံး၌ ကိုယ်စိတ်ပင်ပန်းကာ အိပ်မောကျသွားပါလေတော့၏။



### အိမ်သစ်ဆောက်ခြင်း

မနက်လင်းသော် လက်သမားများ ရောက်လာပြီး အိမ်ဆောက်ကြသည်။ ဦးစွာပထမ အိမ်တိုင်များ ထူကြပြီး ထုတ်၊ လျောက်၊ ဒိုင်း၊ မြားတို့ကိုတင်ကာ အမာခံပစ္စည်းများဖြင့် ပုံကြမ်းဖော်ရသည်။ စူးစမ်းလိုစိတ်ရှိသောကျွန်ုပ်က လက်သမား အခြေခံပညာကို တတ်သိလိုသော စိတ်ဖြင့် စပ်စပ်စုစုမေးမြန်းလျှင် လက်သမားခေါင်းဆောင်က နှစ်ခြိုက်ဟန်မတူ။ မည်သည့်အခါမျှစိတ်ရှည်လက်ရှည် ပြောမပြချေ။ သူတို့၏ လက်သမားကိရိယာများကို ယူ၍စမ်းသပ် လုပ်ကိုင်ကြည့်လျှင်လည်း လုံးဝမကြည်ဖြူပေ။

တံခါးနှင့်ကျည်းဘောင်များကို အဆင်သင့်လုပ်ထားပြီးမှ တပ်ဆင်ခြင်းဖြစ်၏။ ကြမ်းပြင်ကို လျှာထိုးခင်း၊ နံရံများကို သစ်ဖြင့်ကာပြီးနောက် အမိုးကို ဓနိဖြင့်မိုးပါသည်။ တစ်လကျော်တစ်လခွဲခန့်အတွင်း အားလုံးပြီးစီးရာ ကျွန်ုပ်တို့လည်း အိမ်သစ်မှာတက်၍နေထိုင်ကြပါသည်။ မြေကွက်အသစ်၊ အိမ်အသစ်တွင် ရေတွင်းသည် အိမ်ရှေ့ရောက်လာပြီး နတ်ကွန်းက ခြံ၏ဘယ်ဘက်ထောင့်တွင် တည်ရှိသည်။ အိမ်ပုံစံမှာ ခြေတံရှည်တစ်ထပ်ပျဉ်ထောင်အိမ် ဖြစ်ပါ၏။

## ယောင်ခြောက်ဆယ်ဘဝ

ထိုအချိန်ကာလအတွင်း ကျွန်ုပ်သည် ဦးတည်ချက်ကင်းမဲ့၊ အလုပ်ကာဝန်ကင်းမဲ့ကာ ယောင်ခြောက်ဆယ်ဘဝဖြင့် နေခဲ့ရပါ၏။ စစ်ကြီး မည်၍မည်မျှ ကြာရှည်ဦးမည်ကို မခန့်မှန်းနိုင်ချေ။ အခြေအနေ အရပ်ရပ်ကို သုံးသပ်ဝေဖန်ကြည့်ပါက ဂျပန်များသည် ကျွန်ုပ်တို့ မြေပေါ်တွင် ကာလအတန်ကြာနေကြဦးမည်ဖြစ်သကဲ့သို့ ဗြိတိသျှတို့လည်း တော်တော်နှင့် ပြန်လာနိုင်မည်မဟုတ်ချေ။ ကျောင်းသားသမဂ္ဂတွင် အတူလုပ်ခဲ့ကြသော ကျောင်းမှ သူငယ်ချင်းအချို့ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ထဲ ဝင်သွားကြ၏။ တင်မောင်တစ်ယောက် တိုက်ပွဲမှာ ကျဆုံးသည်။ BIA ထဲဝင်သော တင်မောင် ဆိုသူအခြားသူငယ်ချင်း တစ်ယောက်ကလည်း တပ်မှထွက်ပြီး ထားဝယ်ကို ပြန်ရောက်လာသည်။ အတိုးကမူ စစ်အတွင်းမှာပင် ဖျားနာ၍ သေဆုံးသည်။ သူငယ်ချင်းများ စုံစုံညီညီ မရှိကြတော့၊ ကစဥ့်ကလျား ဖြစ်ကုန်ကြပြီ။ အစစအရာရာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကိုဘသိန်းတင်နှင့် ကိုကြည်စိန်တို့သည် ထားဝယ် မြို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီနှင့် တွဲဖက်၍ လုပ်ကိုင်ကြသည်။ ထိုကော် မတီသည် ဗဟိုအစိုးရ မအုပ်ချုပ်မီ မြို့တွင်းအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးကို တာဝန်ယူရ၏။ ထိုအချိန်က တနင်္သာရီတိုင်း၏ ကျန်ဒေသ အချို့မှာ စက်ဘပူရှိ ဂျပန်စစ်အုပ်ချုပ်ရေး၏ လက်အောက်တွင် ကျရောက် လျက်ရှိသည်။ တိုင်းသူပြည်သားတို့၏ အသက် အိုးအိမ်စည်းစိမ်တို့မှာ ရေရာ သေချာခြင်းမရှိပေ။ ဗုံးဒဏ်ကြောင့် လူအများ သေကြေပျက်စီးကြောင်းနှင့် ဆေးဝါး၊ စားနပ်ရိက္ခာပြတ်လပ်၍ ဒုက္ခကန္တာရကပ် ဆိုက်ရောက်လျက် ရှိကြောင်း အနိဋ္ဌာရုံသတင်းများကိုသာ နားမဆံ့အောင် ကြားသိနေရပါသည်။ ထိုဖြစ်ရပ် များကို စာရေးဆရာများစွာတို့က ဇာတ်လမ်းဖွဲ့ ရေးသားခဲ့ကြဖူးပေပြီ။

'စစ်ကြီးကတော့ တော်တော်နှင့် ပြီးဦးမှာမဟုတ်သေးဘူး။ ငါ့ လက်ထဲ မှာရှိနေတဲ့ ဒီအဖိုးတန်စာအုပ်တွေကို ဖတ်ပြီး ငါ့ဘာသာငါ အသိပညာ တိုးပွား အောင် လုပ်မှဖြစ်မယ်'ဟု သန္နိဋ္ဌာန်ချကာ ကျွန်ုပ်သည် နေ့စဉ်နှင့်အမျှ စာပေ ရတနာသိုက်ကြီးကို ဖွဲ့နဘဲကြီးစွာဖြင့် ရှာဖွေတူးဖော်ကာ မွေ့လျော်၍ နေခဲ့ ပါလေတော့၏။ စာအုပ်များကို ဖတ်ရှုလေ့ လာသည်နှင့်အမျှ အသိဉာဏ် တိုးပွား၍ အရာရာကို ဘက်ပေါင်းစုံမှ ကြည့်မြင်တတ်လာခဲ့သည်။ PC Wren နှင့် Nesfield တို့၏ အင်္ဂလိပ် သဒ္ဒါစာအုပ်ကိုလည်း ကြိမ်ဖန်ထပ်ထပ် ဖတ်ရှု လေ့လာသည်။ ဤနည်းအားဖြင့် ကျွန်ုပ်၏အင်္ဂလိပ်စာအသုံးအနှုန်းကို ပိုမို တိုးတက်အောင် ပြုလုပ်နိုင်ခဲ့ပါသည်။

**အားကစား**

ကျွန်ုပ်သည် ငယ်စဉ်အခါက ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် ဝါသနာပါခဲ့သည်။ ကျွန်ုပ်သည် ဝိတ်ပြားနှင့် သံချောင်း စသော အလေးမပစ္စည်း ကိရိယာများ ဝယ်ယူ၍ အိမ်အောက်တွင် နေ့စဉ် အလေးမသည်။ စိတ်ပါ လက်ပါနှင့် နေ့စဉ်လေ့ကျင့်ရာ ကြွက်သားများ ဖွံ့ဖြိုးလာခဲ့ပါသည်။ မိန်းမပျို လေးများ လမ်းမှဖြတ်သွားလျှင် အင်္ကျီမရှိသော မိမိ၏ကာယဗလကို မြင်သွား လျှင် နှစ်သက်လိမ့်မည်ဟု ကျွန်ုပ်တို့ ယောက်ျားပျိုလေးများက ထင်မှတ်ကြ၏။ မိန်းကလေးများကမူ ကျွန်ုပ်တို့အား အရူးဟု ထင်ကောင်းထင်ကြပေအံ့။

အိမ်အသစ် ဆောက်ပြီးသောအခါ ကျွန်ုပ်သည် တိုင် လေးချောင်း စိုက် လက်လွှဲဘားတန်းတစ်ခုကို မိမိကိုယ်တိုင် ပြုလုပ်ပြီး လေ့ကျင့်ခန်း ပြုလုပ်



ခဲ့သေးသည်။ သူငယ်ချင်းများနှင့် လမ်းပေါ်တွင် ဘောလုံးကစားခဲ့ကြသဖြင့် လမ်းသွားလမ်းလာများ အလွန် အနှောက်အယှက် ဖြစ်စေခဲ့သည်။

**ရပ်ကွက်ဘောလုံးပြိုင်ပွဲ**

ကျွန်ုပ်သည် ဝမ်းကွဲအစ်ကို ကိုရွှေငန်းခေါ် ဘထွန်းကြည် ဦးဆောင် သော ရပ်ကွက် ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့သည်။ ထိုအစ်ကိုဝမ်းကွဲမှာ လည်း စိတ်ဝင်စားဖွယ်ကောင်းသူဖြစ်ပါ၏။ ကျွန်ုပ်တို့အသင်းသည် အခြား နာမည်ရရပ်ကွက်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ပါသည်။ ကျွန်ုပ်က ဘယ်အ တွင်းလူအဖြစ်ကစား၍ သူက နောက်တန်း ဘယ်နေရာမှ ကစားသည်။ ဘထွန်း ကြည်သည် သူ့ဘက်ကထိုးဖေါက်ဝင်ရောက်သော တစ်ဖက်အသင်းသားများကို သူက ခပ်ကြမ်းကြမ်း ခုခံဖျက်ထုတ်လေ့ရှိသည်။ ကျွန်ုပ်တို့ ရပ်ကွက်ဘောလုံး အသင်းသည် အတော်အသင့် နာမည်ရသော်လည်း သက်ဆိုးမရှည်ခဲ့ပါ။

**ဂီတ**

ကျွန်ုပ်သည် ဂီတလည်း ဝါသနာပါ၏။ ကျွန်ုပ်၏သူငယ်ချင်းများတွင် မယ်ဒလင်၊ ဂီတာ၊ တယော စသည်တို့ကို ကျွမ်းကျင်စွာ တီးခတ်နိုင်သူများ ရှိ၏။ တယောသည် ဂီတတွင်ဘုရင်ဟု ဖတ်ရှုမှတ်သားဖူးသည်က တစ်ကြောင်း၊ သူများတယောထိုးသည်ကို မြင်ပြီး အားကျသည်က တစ်ကြောင်း၊ တယော သံသည် သိင်္ဂီရရသပေးနိုင်စွမ်းသည်ဟုထင်မှတ်သည်က တစ်ကြောင်းတို့ ကြောင့် ကျွန်ုပ်သည် တယောထိုးသင်ရန် ဆုံးဖြတ်ခဲ့ပါ၏။ သို့ရာတွင် တယော ထိုး စသင်သည်နှင့် မိမိ၏လက်ချောင်းများမှာ တိုတိုတုပ်တုပ်နှင့် အချိုးအစား ပျက်သောကြောင့် ဂီတပါရမီနည်းသူဖြစ်ကြောင်း 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ' ခဲ့ပါ၏။ သို့သော် ကျွန်ုပ်သည် ဇွဲနပဲကြီးစွာဖြင့် လေ့ကျင့်သင်ကြားရာ သူငယ်ချင်း များက 'တယောဘဆို'ဟု ကင်းပွန်းတပ်ခြင်းပင် ခံခဲ့ရပါသည်။

အိမ်တွင် ကျွန်ုပ်၏အစ်မ ဒေါ်မေကြွေသည် သူ၏သားလေး 'အတူး' အား ပုခက်လွှဲသိပ်ရင်း သားချော့တေး သီဆိုလျှင် ကျွန်ုပ်က တယောထိုးပေး သည်။ အစ်မကြီးအဖို့ အခြားတူရိယာပစ္စည်းမရှိ၍ ကျွန်ုပ်၏ တယောသံကို သည်းခံနားဆင်ရခြင်းဖြစ်ဟန်တူပါသည်။ လေ့ကျင့်ဖန်များသောအခါ ကျွန်ုပ်၏ တယောလက်သံမှာ တစ်စစတိုးတက်လာ၍ သူငယ်ချင်းများ ညဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်း သီချင်းဆိုသောအခါ တယောလိုက် ထိုးပေးရန်ပင် တောင်းဆိုခြင်း ခံရပါ၏။

## ညဘက်တွင် လမ်းသလားရင်း တီးမှုတ်သီဆိုကြခြင်း

ထိုစဉ်အချိန်ကာလတွင် အလုပ်လုပ်ရန်မရှိသည့်အလျောက် ကျွန်ုပ်တို့ ကာလသားများသည် စုဝေး၍ ဘယ်သွားမည်၊ ဘယ်လာမည် စသည်ဖြင့် ခရီးစဉ် တိုင်ပင်ရေးဆွဲကြခြင်းမှာ ညစဉ်အလုပ်တစ်ခု ဖြစ်ချေ၏။ လသာသော ညများတွင် ကာလသားတို့ အုပ်စုဖွဲ့၍ မြို့ထဲပတ်ကာ လမ်းသလားရင်း သီဆိုကြ၊ တီးမှုတ်ကြသည်။ မယ်ဒလင်၊ ဂီတာ၊ တယော စသည့် တူရိယာပစ္စည်းတို့အား သယ်ဆောင်လာပြီး လူကြိုက်များသောအချစ်သီချင်းများကို ရွေးချယ်၍ သီဆိုဟစ်ကြွေး ကြလေ့ရှိ၏။ ကျွန်ုပ်တို့အုပ်စုလာလျှင် ပြတင်းပေါက်လေးများ ဖွင့်၍စောင့်မျှော်နေကြသော မိန်းမပျိုလေးများကို ယခုတိုင်ပင် မြင်ယောင်နေမိပါသေးတော့သည်။ စင်စစ်မူကား ကျွန်ုပ်တို့သည် သူကိုယ်မသိ၊ ကိုယ့်သူမသိ လျှောက်ပြန့်သံပေးကာ အရိပ်အယောင် မြင်တွေ့ရုံမျှနှင့် ကျေနပ်နေကြသူများသာဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ညစဉ် ညတိုင်း မမောနိုင်၊ မပန်းနိုင် ဝတ္တရားအပျက်မခံဘဲ လမ်းသလားရင်း သီဆို တီးမှုတ်ခဲ့ကြပါသတည်း။

## လက်ဖက်ရည်သောက်ရန် တယောကို အပေါင်ထားခြင်း

တစ်ညသ၌ ကျွန်ုပ်တို့သူငယ်ချင်းတစ်စုသည် ထုံးစံအတိုင်း ရွာရိုးကိုးပေါက် လမ်းလျှောက်ရင်း သီဆိုတီးမှုတ်ပြီး အိမ်အပြန်လမ်းတွင် ဆာလောင်မွတ်သိပ်ကြသောကြောင့် တရုတ်လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ဝင်ကြရာ ငိုအားထက် ရယ်အားသန်ရသော အတွေ့အကြုံတစ်ခု ရရှိခဲ့ပါ၏။ ကျွန်ုပ်တို့အားလုံး၏အိတ်ထဲတွင် ပိုက်ဆံဆို၍ ခြူးတပြားမျှမပါကြဘဲ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် မုန့်များကို ဗိုက်ဆာဆာနှင့် ဝအောင် စားကြ သောက်ကြသည်။ အားလုံးစားသောက်ပြီးမှ ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်ပိုင်ရှင်အား ကျသင့်ငွေအတွက် တယောကိုအပေါင်ထားပြီး မနက်မှ ရွေးပါရစေဟု ညှိနှိုင်းသောအခါ ဆိုင်ပိုင်ရှင်တရုတ်သည် လုံးဝလက်မခံသည့်အပြင် ရှူးရှူးရှားရှားနှင့် ရိုက်မည်ပုတ်မည်ပင် ခြိမ်းခြောက်ပါလေတော့သည်။ ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဆိုင်နှင့် မလှမ်းမကမ်းတွင်နေသော သူငယ်ချင်းတစ်ယောက်ကို အိပ်နေရာမှ ဇွတ်အတင်းနှိုး၍ လက်ဖက်ရည်ဖိုး အရှင်းခိုင်းရ၏။



မောင်မင်းကြီးသားသာ မကယ်လျှင် ထိုညက ကျွန်ုပ်တို့ အိမ်ပြန်ခွင့်ရတော့မည် မဟုတ်ပေ။

## အငြိမ့်ပွဲတွင်လိုက်၍တယောထိုးခြင်း

ကျွန်ုပ်တို့ဘောလုံးအသင်းထဲမှ ကစားသမားတစ်ယောက်က အငြိမ့်ထောင်ထား၏။ သူက ကျွန်ုပ်အား သူတို့အငြိမ့်အဖွဲ့ ရွာများ လှည့်လည် ကပြလျှင် ကျွန်ုပ်ကိုလိုက်ပါ၍ တယောထိုးပေးဘို့ ဖိတ်ခေါ်သည်။ ကျွန်ုပ်လည်း တယောသမားကောင်းဖြစ်လိုလျှင် အဆိုအကနှင့် တွဲဖက်၍ တီးမှုတ်ဖျော်ဖြေနိုင်စွမ်း ရှိရမည်ဟု အဆိုရှိသဖြင့် သူ့အဖွဲ့ နှင့် (၂)ကြိမ် (၃)ကြိမ်ခန့် လိုက်ခဲ့ဖူးပါ၏။ သို့သော် စင်ပေါ်တက်ပြီး မင်းသမီး၏ နောက်တွင် တယောထိုးရန် ကိုအားထက်သန်ခြင်း မရှိသောကြောင့် နောက်ပိုင်းတွင်မူ ထိုအဖွဲ့နှင့် လုံးဝ ကင်းကွာသွားခဲ့ပြီဟုသာ ဆိုရမည်ဖြစ်တော့ပါ။

## ဂျပန်လေယာဉ်များထားရန် ဆောက်လုပ်ခြင်း

ကျွန်ုပ်တို့မြို့နှင့် (၆)မိုင်ခန့်ဝေးသော ရွာတရွာတွင် ဆောက်လုပ်ရေးအလုပ် လုပ်ခဲ့ဖူးသေးသည်။ ကျွန်ုပ်၏အလုပ်ရှင်သည် ဂျပန်များ၏ တကယ်မရှိသော လေယာဉ်များ ထားရန်အတွက် အဆောက်အဦ ဆောက်ပေးဖို့ ကန်ထရိုက်ရသူဖြစ်၏။ ရော်ဘာပင်များကို ခုတ်လှဲပြီး လေယာဉ်များထားရန် U ပုံသဏ္ဍာန် အဆောက်အဦ ဆောက်လုပ်ရသည်။ အမှန်အားဖြင့် လေယာဉ်မရှိဘဲ ရှိသည့်ပုံစံမျိုး အထင်မှားစေရန် ဝါဒဖြန့်ခြင်းသာဖြစ်၏။ လပ်လျားလပ်လျားဖြစ်နေသော ယောင်ခြောက်ဆယ်တို့ အလုပ်ရသွားသည့် အကျိုးကျေးဇူးတော့ရှိပါ၏။

## ရုပ်မဖြောင့်ခြင်း၏ အကျိုးဆက်

လူပျိုကာလသားအရွယ် ရောက်လာသောအခါ ကျွန်ုပ်သည် ရှေ့သွားခေါသဖြင့် အကျည်းတန်နေသော မိမိ၏ဥပဓိရုပ်ကို အနည်းငယ်မျှ စိတ်ပျက်နေမိသည်။ အမှန်စင်စစ် ကျွန်ုပ်၏မေးရိုးက သေးသဖြင့် သွားများ ပြွတ်သိပ်၍ပေါက်ရခြင်းကြောင့် ရှေ့သို့အနည်းငယ် ခေါထွက်လာခြင်းဖြစ်သည်။ ကျွန်ုပ်၏ညီအစ်ကိုမောင်နှမများက ကျွန်ုပ် မခံချင်သည်ကို ကျီစားလိုသောစိတ်ဖြင့် 'ပေါက်ခေါ်' 'ပေါက်ခေါ်'ဟု ခေါ်တတ်ကြသည်။ သူတို့က ကြိုက်သို့ နာမည်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ဖြင့် ခေါ်ဖန်များအသောအခါ ကျွန်ုပ်မှာ 'ထုံ' သွားပြီး စိတ်လည်းမဆိုး၊ ဒေါသလည်း မထွက်တော့ချေ။ ထို့ပြင် "အကျည်းတန် အရုပ်ဆိုးတဲ့သူဖြစ်၍ သူများကို 'ကြော'ဖို့ရာ သူများထက် ၃-၄ဆ ပိုပြီး အလုပ်လုပ်မည်"ဟု မိမိစိတ်ကိုမိမိ ဆုံးမကာ မခံချင်စိတ် မွေးမိသည်။ ဤကဲ့သို့ မခံချင်စိတ်ဖြင့် ကြိုးစားရန် ချမှတ်ခဲ့သော သန္နိဋ္ဌာန်သည် ကျွန်ုပ်၏ နောက်ပိုင်းဘဝတစ်လျှောက်လုံး မပျက်ပြယ်ဘဲ စွဲမြဲ ကျန်ရစ်နေပါတော့၏။

## စိတ်ကစားခြင်း

ကျွန်ုပ်သည် စစ်အတွင်းက ယောင်ခြောက်ဆယ်ဘဝတွင် အချစ်ရေးအချစ်ရာကိစ္စများကို စိတ်ကစားခဲ့ဖူးသေးသည်။ ကျွန်ုပ်သည်လည်း အခြားအခြားသော ဆယ်ကျော်သက်များနည်းတူ အချစ်ဝတ္ထုများဖတ်ရာမှလည်းကောင်း၊ ပတ်ဝန်းကျင်မှစကားများကို နားယောင်မိရာမှလည်းကောင်း၊ အချစ်ရေးကိစ္စကို အရူးအမူး စိတ်ဝင်စားလာခဲ့ခြင်းဖြစ်၏။ သူငယ်ချင်းအချို့ကလည်း သူတို့၏သမီးရည်းစား အတွေ့အကြုံများကို ကြွားလုံးထုတ်တတ်ကြသည်။ ဤသို့နှင့် ကျွန်ုပ်လည်း ရွယ်တူတန်းတူ မိန်းကလေးများကို စိတ်ကူးယဉ်မိသည်။ ထိုစဉ်က ယောကျ်ားပျို၊ မိန်းမပျိုလေးများသည် လက်ပွန်းတတီး ထိတွေ့ဆက်ဆံခြင်းမျိုး လွန်စွာ ရှားလှပေသည်။ အများအားဖြင့် အောင်သွယ်မှ တစ်ဆင့်သာ ဆက်သွယ်ကြ၍ သတ္တိအလွန်ကောင်းသူများသာလျှင် နှုတ်ဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်တွေ့ဆုံပြောဆိုကြပေ၏။

စာရွက်ကိုခေါက်ပြီး ဒင်္ဂါးစေ့ သို့မဟုတ် အကြွေစေ့ ထည့်ကာ မိန်းကလေးထံရောက်အောင် ပစ်၍ ရည်းစားစာပေးသောနည်းမှာလည်း လက်မှန်းတည့်ရန် အလွန်အရေးကြီးသည်။ လိုချင်သည့် နေရာမရောက်ပါက ချောက်ကျနိုင်သည်။ ကာလသားအုပ်ထဲတွင်ကား ချစ်ရေးချစ်ရာကိစ္စများမှာ တစ်ယောက်ကိုတစ်ယောက် ကြွားဝါရန်နှင့် အချင်းချင်းဆွေးနွေး တိုင်ပင်ကြရန်သာ အဓိကဖြစ်၏။ ယောကျ်ားလေးရော မိန်းကလေးပါ တဘဝလုံး အရေးကို အလေးအနက် စဉ်းစား တွေးခေါ်ကြသူ ရှားလှ၏။ အောင်သွယ်မှတစ်ဆင့် အပြန်အလှန် စကားပါးခြင်း၊ စာဆက်သွယ်ခြင်းမျှသာ ပြုလုပ်ကြ၍ တုံ့ပြန်စကား ကြားရသည့်အခါမျိုး၊ တုံ့ပြန်စာရသည့်အခါမျိုးတွင် ပျော်မဆုံး မော်မဆုံး ဖြစ်ကြမြဲ ဓမ္မတာပင်။



ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် အဝေးမှကြည့်၍ မျက်လုံးချင်း စကားပြောကာ ပီတိဖြာနေလေ့ရှိသည်။ မိမိတို့နှစ်ဦးသာလျှင် ရိပ်စားနားလည်နိုင်သည့် သင်္ကေတ တစ်စုံတစ်ခုဖြင့် တုံ့ပြန်မှုရခဲ့သည်ရှိသော် အပေါင်းအသင်းများကို ဝမ်းသာအယ်လဲ အပ်ကြောင်းထပ်အောင် ပြန်ပြော၍ မဆုံးနိုင်တော့ပြီ။ ကျွန်ုပ်ကိုယ်တိုင်လည်း ဤနည်းနှင်နှင် မလုမ်းမကမ်းမှ နေပြီး ရိပ်ဖမ်းသံပေး အဲ့ပုန်းချစ်ဘဝမျိုးတွင် ဝမ်းနည်းတခါ ဝမ်းသာတလှည့် အချိန်ကုန်ခဲ့ဖူးသည်။ ဤမျှလောက်သော စွန့်စားမှုသည်ပင် ထိုစဉ်အခါက ကျွန်ုပ်တို့လူငယ်များ ရင်ခုန်ရသော ချစ်ရေးချစ်ရာဖြစ်ပေ၏။ နှစ်ဦးချင်း လွတ်လပ်စွာ လက်ပွန်းတတီး တွေ့ဆုံနေထိုင်ခြင်းမျိုးကိုမူ စိတ်ပင်မကူးရဲကြချေ။ 'အမျိုးသမီးကောင်းတို့၏ ကာယိန္ဒြေ ပျက်ပြားအောင်မလုပ်ရ' ဟူသော သိက္ခာပုဒ်ကို လူအများစု စောင့်ထိန်းခဲ့ကြပါသည်။

ရှက်ရွံ့စွာ ဝန်ခံရပါမူ ကျွန်ုပ်သည် ဆယ်ကျော်သက်ဘဝတွင် မိန်းကလေးသုံးယောက်ကို စွဲစွဲလန်းလန်းပိုးပန်းခဲ့ဖူးပါ၏။ ငယ်ရွယ်သူများ ဖြစ်ကြသည့်အားလျော်စွာ အပြန်အလှန် စာရေးဆက်သွယ်ကြရုံမျှဖြင့် နှစ်သိမ့်ကြည်နူးစိတ်လှုပ်ရှားခဲ့ကြခြင်းမျှသာဖြစ်ပေသည်။ အိမ်ထောင်ရေးအထိ အလေးအနက်စဉ်းစားခြင်း၊ စည်းမစောင့်ဘဲ မလျော်မကန်ဆက်ဆံခြင်းမျိုး အလျဉ်းမရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### စီးပွားရေးလောကထဲဝင်ရောက်ခဲ့ဖူးခြင်း

ကလေးမဟုတ်တော့သည့်အလျောက် ကျွန်ုပ်အနေဖြင့် နေ့စဉ် အသုံးစရိတ်ကို အစ်မများထံမှ လက်ဖြန့်၍ တောင်းနေမည့်အစား အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုလုပ်ရန် စဉ်းစားရပေပြီ။ မိမိလုပ်သော အလုပ်သည် မိမိ၏ဝမ်းရေးဖူလုံရုံသာမက မိသားစုအတွက်လည်း အကျိုးရှိသော အလုပ်မျိုးကို ရွေးချယ်၍ လုပ်ကိုင်လိုပါသည်။

စစ်အတွင်းကာလဝယ် စီးပွားရေးလောကထဲတွင် ကျွန်ုပ် စွန့်စွန့်စားစား ဝင်ရောက် လုပ်ကိုင်ခဲ့ပုံများကို ဖော်ပြသင့်သည်ဟု ယူဆမိပါ၏။ ထိုခေတ်က လူတိုင်းလိုလို နေ့ချင်းညချင်း သူဌေးဖြစ်သွားနိုင်သည့် အချိန်မျိုး ဖြစ်ဟန်တူသည်။ အညာတက်သူများ အကျိုးအမြတ် အမြောက်အမြား ရရှိကြပုံကို ဒဏ္ဍာရီသဖွယ် မစားရ ဝခမန်း ပြောဆိုလျက်ရှိကြသည်။ ထိုစဉ်က အစ်ကိုအကြီးဆုံးကိုကြည်စိန်သည် ဝါးခယ်မတွင် မမရီနှင့် အိမ်ထောင်ကျနေပြီ။ အစ်မကြီး၏မင်္ဂလာဆောင်တွင် အသုံးပြုသောစောင်များကို လိုချင်သောကြောင့် သူ့ထံပို့ပေးရန် ကိုကြည်စိန်က အကြောင်းကြားရာ အလုပ်မရှိသော မိမိအား တာဝန်ပေးကြပါသည်၊ ဤသို့ဖြင့် ကျွန်ုပ်သည် ကိုကြည်စိန်ထံ စောင်ပို့သွားရင်း ငါးပိကုန်သည်ဘဝ ရောက်ရှိခဲ့ပါသည်။

### ငါးပိကုန်သည်ဘဝ

တစ်ကြိမ်တစ်ခါမျှ ရန်ကုန်မရောက်ဘူးသော ကျွန်ုပ်အား အရောင်းအဝယ်ကိစ္စဖြင့် မော်လမြိုင်မှတဆင့် ရန်ကုန်သို့သွားနေကြသူများနှင့် တည့်



ပေးရန် အဖော်ကောင်းရှာရပါသည်။ မော်လမြိုင်သို့ ကုန်းလမ်းခရီးဖြင့် သွားမည်ဖြစ်ရာ ငါးပိများကို ရေကြောင်းလမ်းမှ တင်ပို့ပြီး မော်လမြိုင်ရောက်မှ ရွေးယူရန် အစ်မကြီးမယ်မယ်က စီစဉ်ထားပါသည်။ ရေးမြို့မှတဆင့် မော်လမြိုင်သို့ ကားဖြင့်သွားကြသည် ကျွန်ုပ်ကို စောင့်ရှောက်ခေါ်ဆောင်သွားရန် အပ်နှံလိုက်သူမှာ ကိုသိန်း ဆိုသူဖြစ်၏။ ကျွန်ုပ်တို့စီးသော ဘတ်စ်ကားမှာ စစ်ကြိုခေတ် ကားဟောင်းကြီးဖြစ်၍ တစ်လမ်းလုံး အကြိမ်ကြိမ် ကားပျက်သော်လည်း နောက်ဆုံးတွင်မူ ပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါ၏။

### အသွင်ပြောင်းသောငါးပိ

ငါးပိတင်လာသောလှေ မော်လမြိုင်သို့ ဆိုက်ကပ်သောအခါ ကျွန်ုပ်တို့သည် နည်းလမ်း ရှာကြံ၍ ငါးပိများကို ဂိုဒေါင်သို့ ရောက်အောင် သယ်ယူရွှေ့ပြောင်းရသည်။ ကျွန်ုပ်တို့၏ ထားဝယ်ငါးပိသည် ပထမတန်းစား ဖြစ်သော်လည်း ဝယ်လက်များက ဈေးကောင်း မပေးကြချေ။ စုံစမ်းလေ့လာကြည့်သောအခါ မော်လမြိုင်၌ ဈေးကောင်း ပေးဝယ်သော ငါးပိမှာ အနီရောင် ဖြစ်ကြောင်း သိလာရသည်။ အမှန်စင်စစ် ထိုအနီရောင်ငါးပိမှာ အမျိုးအစား မကောင်းလှပေ။ ကျွန်ုပ်ကို ဦးဆောင်ဦးရွက်ပြု၍ ခေါ်လာခဲ့သည့် ကိုသိန်းကား အလွန်ပင်ပါးရည် နပ်ရည်ရှိသော ကုန်သည်တစ်ယောက်ပင်တည်း။ သူသည် ရှေးဦးစွာ ဆွဲနှ ပိဿာချိန် (၁၀၀၀)ဝယ်ယူ၍ အလုပ်ကြမ်းသမားများ ငှားရမ်းကာ ဂေါ်ပြားကြီးများဖြင့် ငါးပိနှင့်ဖွဲနုကို သမအောင် ရောနှောစေသည်။ ပြီးမှ ဆိုးဆေးအနီရောင်ဖြန်းလိုက်သောအခါ မော်လမြိုင်ဝယ်လက်များ နှစ်သက်သော ငါးပိအမျိုးအစားနှင့် အသားရောအသွေးရောင်ပါ တထပ်တည်း ဖြစ်သွားပါလေတော့သည်။ ငါးပိ၏အလေးချိန်ကလည်း မူလထက် နှစ်ဆမျှ တိုးပွားသွားသည့်အပြင် ဈေးနှုန်းကလည်း အထက်တန်းဈေးနှုန်းရသဖြင့် မြိုးမြိုးမြက်မြက် အမြတ်ထွက် လိုက်ပါ၏။ ဤတွင် ကျွန်ုပ်သည် စိတ်ကောင်း၊ စေတနာကောင်းထားတိုင်း အရာမထင်ဖြစ်တတ်သော သဘောတရားနှင့် လှည့်စားသည်ကိုယုံလွယ်သော လူ့သဘာဝကို နားလည်ရိပ်စားမိ၍ အံ့အားသင့်ခဲ့မိပါသတည်း။

### ကုန်တွဲရထားအမိုးပေါ်တွင်စီးနင်း၍ခရီးသွားခြင်း

ကုန်းလမ်းပို့ဆောင်ရေးတွင် မီးရထားတစ်မျိုးတည်းသာ ရှိသောကြောင့် ရထားစီးခရီးသည်များမှာ အမြဲပင် တင်းကျပ်း ဖြစ်နေသည်။ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်များမှ စက်သေနတ်ဖြင့် ပစ်ခတ်လေ့ရှိသဖြင့် နေ့ရထားများ မထွက်နိုင်။ ညရထားတစ်မျိုးသာရှိသည်။ ရထားတွဲများတွင် ခြေချစရာပင် မရှိအောင် ခရီးသည်များ ပြည့်သိပ်နေ၍ ကျွန်ုပ်တို့သည် အမိုးပေါ်တက်၍ စီးရသည်။ ကျောက်မီးသွေးမီးထိုးပြီး မောင်းရခြင်းဖြစ်၍ ခေါင်းတိုင်မှ အဆက်မပြတ် ထုတ်လွှတ်သော မီးခိုးလုံးကြီးများသည် ခေါင်မိုးပေါ်ရှိ ကျွန်ုပ်တို့ ခရီးသည်များကို ခရီးတစ်လျှောက်လုံး အမှန်ပင် ဒြိမ်းခြောက်အန္တရာယ်ပြုလေသည်။

## ခရီးသည်တစ်ယောက်သေဆုံးခြင်း

ရထားတွဲအမိုးပေါ်တွင် စီးနင်းလိုက်ပါသော ခရီးသည်တို့သည် မြစ်ချောင်းများကိုဖြတ်သော တံတားများကို ချဉ်းကပ်လျှင် သတိကြီးစွာ ထားကြရန်လိုသည်။ အမိုးပေါ်မှာ ကန့်လန့်အိပ်ကြခြင်းဖြစ်သည်။ ကုန်တွဲအမိုးပေါ်တွင် အိပ်ရသည်မှာ ဘေးအန္တရာယ်များလှသဖြင့် အလွယ်တကူလည်း အိပ်၍ မရနိုင်ပေ။ တံတားတစ်ခုခုကို တွေ့လျှင် ရှေ့ဆုံး တွဲပေါ်မှလူများက နောက်တွဲပေါ်မှ လူများကို အော်ပြီးသတိပေးရသည်။ ထိုအခါ ခရီးသည် အားလုံး ပြားနေအောင်ကပ်ပြီး နေကြရသည်။ ကျိုက်ထိုဘူတာတွင် ကံခေသော ခရီးသည်တစ်ဦးသည် တံတားဘောင်နှင့်ရိုက်မိ၍ ပြုတ်ကျ သေဆုံးသွားခဲ့သည်။ စစ်တောင်းတံတားမှာ ဗုံးဒဏ်ကြောင့် ပျက်စီးနေသောကြောင့် ကျွန်ုပ်တို့သည် စစ်တောင်းမြစ်ကို လှေဖြင့်ဖြတ်ကူးပြီး 'ဘုရားကြီး' ဘူတာသို့ ခရီးဆက်ကြရ၏။ 'ဘုရားကြီး' သည် ဂျပန်များတပ်စွဲ၍ ခုခံရာအရပ်ဖြစ်သဖြင့် မဟာမိတ်တပ်များက တစ်ညလုံး ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ကြသည်ကို တွေ့ကြုံ ခဲ့ရပါ၏။

## ပဲခူးသို့

နောက်နေ့တွင် ပဲခူးသို့ စက်ဘီးဖြင့်သွားရသည်။ စက်ဘီးနောက်တွင် ဖြစ်သလို တပ်ဆင်ထားသော ထိုင်ခုံပေါ်၌ ထိုင်၍လိုက်ရခြင်းဖြစ်၏။ စက်ဘီးတာယာများမှာ အခေါင်းမရှိသော ရော်ဘာလုံးများဖြစ်သည်။ ပဲခူးတွင် ကျွန်ုပ်၏ အစ်ကို ကိုဖေသက်သည် စံပြနေသက်ကျန် ခုခံရေးတပ်ဖွဲ့၌ တာဝန်ကျလျက် ရှိ၏။ သူတို့သည် ပျဉ်ထောင်အိမ်ကြီးတစ်လုံးတွင် နေထိုင်ကြသည်။ ညဉ့်နက်မှ အိမ်ပြန်ရောက်သော ကိုဖေသက်မှာ သိသိသာသာ ပင်ပန်း နွမ်းနယ်လျက် ရှိသည်။ ကိုဖေသက်၏ဇနီး မကြီးညွန့်ကလည်း သားကြီး 'ဘိုထွန်း' မွေးပြီးချိန်



ဖြစ်၏။ သူတို့မိသားစု၏ စားဝတ်နေရေး ကြပ်တည်းဟန်တူသည်။ ကျွန်ုပ်တို့လည်း ပဲခူးတွင် တစ်ညအိပ်၍ ရန်ကုန်သို့ ခရီးဆက်ခဲ့ကြပါ၏။

## အင်းတကော်ရှိ မျိုးအောင်ထံဝင်ရောက်လည်ပတ်ခြင်း

ကျွန်ုပ်၏ညီ မောင်မျိုးအောင်သည် အင်းတကော်ရှိ မြင်းတပ်တွင် အမှုထမ်းလျက်ရှိသည်။ သူတို့၏တပ်သည် ဝါးရုံတောထဲ၌ တည်ရှိ၏။ အရာခံဗိုလ်ကဲ့သို့သော အရာရှိမဟုတ်သည့် ပုဂ္ဂိုလ်များကလည်း ရဲဘော်များကို မဖွယ်မရာ ရိုင်းရိုင်းပျပျ ဆက်ဆံကြသည်။ ဂျပန်မာစတာတို့ သင်ပြခဲ့သော ပါးရိုက်၍ဆုံးမနည်းမှာ ပုံမှန်တွေ့မြင်နေကြဖြစ်၍ မဆန်းတော့ပြီ။ ၄င်းအရာခံဗိုလ်များ ရှေ့တွင် ရဲဘော်လေးများမှာ အမြဲပင် ကြောက်လန့်နေကြရပြီး 'စေသည့်ကျွန် ထွန်သည့် နွား'ပမာ နိုင်းသမျှ လုပ်ကြရရှာသည်။ ပထမဆုံးဖွဲ့သော မြင်းတပ်ဖြစ်သည့် အလျောက် စည်းကမ်း အလွန် တင်းကြပ်သည်။ ရဲဘော်လေးများ ဖြစ်သလို နေထိုင်စားသောက်နေကြရသော်လည်း မြင်းများကိုမူ ကောင်းကောင်းကျွေးပြီး ကောင်းကောင်း စောင့်ရှောက်ထားသည်ကို တွေ့ခဲ့ရသည်။

## စစ်အတွင်းရန်ကုန်

ရန်ကုန်ရောက်သောအခါ ကန်တော်ကလေး၊ ဘိုလိန်းလမ်း၊ အိမ်အမှတ် (၂၈) တွင် တည်းခိုနေထိုင်စဉ် အစ်ကိုကြီး ကိုဘသိန်းတင်၏ မိသားစုနှင့်သာမက ကိုဘဆွေမိသားစုနှင့် အခြားနိုင်ငံရေးသမား အများအပြားကို တွေ့ဆုံခွင့် ရရှိခဲ့သည်။ ထိုစဉ်က ဦးလွန်းဘော်လည်း ထိုအိမ်တွင်ရှိသည်။ ၁၉၄၃ ခု၊ စက်တင်ဘာလအတွင်း တစ်ခုသောညကိုမူ ကျွန်ုပ်၏ ဘဝတစ်သက်လုံး မေ့ပျောက်နိုင်မည် မဟုတ်ချေ။ မဟာမိတ်တို့၏ ဘီ ၂၉ ဗုံးကြဲလေယာဉ်များ တစ်သုတ်ပြီးတစ်သုတ် ရောက်လာ၍ ရန်ကုန်ရှိ ဂျပန်တို့ရုံးစိုက်ရာ နေရာဌာနများကို တစ်ညလုံး ဗုံးကြဲတိုက်ခိုက်ကြလေသည်။ မည်သူမျှ အိပ်၍မရနိုင်။ ရန်ကုန်မြို့ကြီး တစ်မြို့လုံး စီစီညက်ညက် ကြေလောက်ပေပြီ။ ပြိုကျ ပျက်စီးနေသောအဆောက်အဦတို့မှာ လက်ညှိုးထိုး၍ မလွဲနိုင်ချေ။ မဟာမိတ်တို့သည် ထင်ရှားကျော်ကြားသော သာသနိကအဆောက်အဦများကို ရန်ပြုဖျက်ဆီးခြင်း မလုပ်တန်ကောင်းပေ ဟူသော မျှော်လင့်ချက်ဖြင့် ရွှေတိဂုံ တစ်ဝိုက်သို့လူများ ပြောင်းရွှေ့လာကြရာ ထိုနေရာတစ်ဝိုက် ကြက်ပျံမကျ စည်ကားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟန်းရှိရပ်ကွက်များမှာ အများပြည်သူတို့၏ အာရုံစိုက်ရာ ဖြစ်လာခဲ့သည်။ ဗဟန်းရှိ လမ်းများမှာ လမ်းဘေးတစ်လျှောက် ဈေးဆိုင်တန်းများ ပြည့်နှက်၍ လူသွားလူလာများ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ ကန်တော်ကြီး တစ်ဝိုက်တွင် ပြဇာတ်ရုံ(၂)ခုမှာ အထူးပင် လူကြိုက်များ၍ ရေပန်းစားလှသည်။ ဖိုးပါကြီး၊ ကျော်အေး၊ မေမေဝင်းနှင့် မေချစ်တို့သည် ပရိသတ် အသည်းစွဲ သရုပ်ဆောင်များဖြစ်ကြ၏။ ကျွန်ုပ်လည်း ပြဇာတ်အချို့ကို မြည်းစမ်းကြည့်ရှုခဲ့ဖူးရာ နှစ်ခြိုက်သဘောကျခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဗဟန်းဘက်ကို နေ့စဉ်လိုလို လမ်းလျှောက် ထွက်ဖြစ်ပါသည်။ အစားအသောက်များကလည်း ဈေးချိုသည်။ ဒန်ပေါက်တစ်ပွဲကို (၂)ကျပ်ခွဲမျှသာ ပေးရသောကြောင့် ကျွန်ုပ်သည် ကြက်သားဒန်ပေါက်ကို မကြာခဏ စားဖြစ်သည်။ ကိုကြည်စိန်နှင့် တွေ့ပြီးသူ မှာကြားသော စာင်များကိုပေး၍ ထားဝယ်သို့ပြန်ခဲ့ပါတော့၏။

## လက်ထောက်ရဲအင်စပက်တော်

ဤကဲ့သို့ မိမိက စီးပွားရေးလောကထဲ စမ်းသပ် ဝင်ရောက်နေသော အချိန်တွင် ကျွန်ုပ်၏အစ်ကို ကိုဖေညွန့်သည် ရဲတပ်ဖွဲ့၌ လ/ထ အင်စပက်တော်တယောက်ဖြစ်နေပြီ။ ၁၉၄၃ ခုနှစ်အတွင်းက နေ့တစ်နေ့တွင် ကိုဖေညွန့်သည် ခရိုင်ရဲဝန်ထောက်က လ/ထရဲအင်စပက်တော် နောက်တစ်ဦး ခန့်လိုကြောင်း သိရှိရ၍ ကျွန်ုပ်အား လျှောက်လွှာတင်ခိုင်းပါသည်။ အစ်ကို ပြောသည့်အတိုင်း လျှောက်လွှာတင်လိုက်ရာ ချက်ခြင်းပင် အလုပ်ရခဲ့ပါ၏။ သို့ရာတွင် လက်ရှိအမှုထမ်းနေသော လ/ထအင်စပက်တော်ရှိပြီးဖြစ်သဖြင့် ကျွန်ုပ်အနေနှင့် မယ်မယ်ရရ အလုပ်မရှိပါ။ ကျွန်ုပ်သည် ထိုသူ၏ ဘာဟီရအချို့ကို ကူညီလုပ်ကိုင်ရပြီး ခရီးထွက်လျှင် အဖော်အဖြစ် လိုက်ပါရ၏။ အချို့သော အရေးကိစ္စများတွင် ခရိုင်ရဲဝန်ထောက်က နှစ်ကိုယ်ကြားတိုင်ပင်သည့်အခါမျိုးသာလျှင် ကျွန်ုပ်တွင် အလုပ်ရှိသည်ဟု ဆိုနိုင်ပါ၏။

စစ်မဖြစ်မီအချိန်က ခရိုင်ရဲဝန်ထောက် (DSP)ဆိုသည်မှာ အလုပ်သဘောအရ ရှေ့နေတစ်ဦးပင်ဖြစ်သည်။ နိုင်ငံရေးရှုထောင့်အရ ဤကဲ့သို့တာဝန်ပေးခြင်း ဖြစ်ဟန်တူပါ၏။ ကျွန်ုပ်တို့သည် ထားဝယ်ခရိုင်အတွင်းရှိ ရဲဌာနများကို ကြိမ်ဖန်များစွာ သွားရောက်စစ် ဆေးခဲ့ရသည်။ ထိုသို့ သွားရောက်သည့်အခါများတွင် ရဲဌာနရှိ ပထမသတင်းပေး အစီရင်ခံချက်များကို



စစ်ဆေးရသည်။ ပြီးလျှင် လက်နက်များကို စစ် ဆေးရသည်။ ထို့နောက် DSP က ရဲတပ်သားများကို တန်းစီစေပြီး အားပေးစကားပြောလေ့ရှိပါသည်။

## ဂျပန်အစောင့်တပ်စခန်းများကိုစစ်ဆေးခြင်း

ရံဖန်ရံခါ၌ ဂျပန်ကင်ပေတိုင်ရုံးနှင့် အစောင့်တပ်စခန်းများသို့ သွားရောက်၍ ဂျပန်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရသည်။ ကျွန်ုပ်စိတ်ထင် ဂျပန်အရာရှိများကလည်း ကျွန်ုပ်တို့အား ယုံကြည်မှုရှိဟန် မတူပေ။ သို့ရာတွင် ဟန်မပျက် ပန်မပျက် ပုံမှန်ဆက်ဆံနေကြခြင်းသာဖြစ်၏။ တစ်ရက်တွင် ကိုဘသိန်းတင် ထားဝယ်သို့ ရောက်လာသည်။ ဂျပန်တော်လှန်ရေးအတွက် အစီအမံများပြုလုပ်ရန် ဖြစ်ဖွယ်ရှိသည်။ ကျွန်ုပ်တို့သည် ကိုဘသိန်းတင်နှင့်အတူ ဂျပန်မြို့စောင့်တပ်စခန်းသို့ သွား၍ တပ်ရင်းမှူးနှင့် တွေ့ဆုံရသည်။ အစပိုင်းတွင် ဂျပန်စကား အနည်းငယ်တတ်သော ကျွန်ုပ်အား စကားပြန်လုပ်ခိုင်းသည်။ အချိန် ကြာလာသည်နှင့်အမျှ ဆွေးနွေး ပြောဆိုကြသော အကြောင်းအရာများမှာ ခက်ခဲရှုပ်ထွေးလာသောကြောင့် စကားပြန်လုပ်ရသူ ကျွန်ုပ်အတွက် တစ်စတစ်စ အကျပ်ရိုက်လာလေတော့သည်။ ကံကောင်းထောက်မ၍ တရားဝင် ဂျပန်စကားပြန် ဗမာတစ်ဦး ရောက်လာမှသာ သက်သာခွင့် ရပါတော့သည်။ ကယ်တင်ရှင်စကားပြန်သာ ရောက်မလာခဲ့သော် ဂျပန် အရာရှိများက ကျွန်ုပ်တို့အား သက်မကင်းဖြစ်လျှင် ဒုက္ခလှလှ ကျရောက်နိုင်ပါ၏။

## မြေအောက်လှုပ်ရှားမှုနှင့် ဂျပန်တော်လှန်ရေး

ဂျပန်များသည် သူတို့အား ခုခံတော်လှန်မည့် ကြိုးပမ်းချက်များကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက် ရှိကြသည်။ သဲလွန်စ သတင်း တစ်စုံတစ်ရာ ရနိုင်မည့်နေရာဌာနနှင့် လူပုဂ္ဂိုလ်တို့အား ခြေရာခံ၍ စုံစမ်းထောက်လှမ်းသည်။ ဂျပန်ကင်ပေတိုင်တစ်ဦးဆိုလျှင် အငြိမ့်အဖွဲ့သွားလေရာ တကောက်ကောက်လိုက်၍ အငြိမ့်စင်ပေါ်အထိ တက်ကာ ဂျပန်တော်လှန်ရေးသတင်းကို စုဆောင်းခဲ့သည်။ အရှုးဟန်ဆောင်၍ လူစုလူဝေးထဲဝင်ရောပြီး သတင်းယူသောသူလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်ုပ်၏တာဝန်တစ်ခုမှာ ကလာပ်စည်းအဖွဲ့ဝင် တစ်ဦး ညွှန်ကြားသည့်အတိုင်း စာရွက်စာတမ်းများကို ပို့ဆောင်ဖြန့်ဝေပေးရခြင်း ဖြစ်သည်။ ဗမာ့မျိုးချစ်တပ်ဖွဲ့ဝင်များကို ဌာနချုပ်သို့ ပို့ဆောင်ရန်လည်း အစီအစဉ်များ လုပ်ပေးရသည်။ ဂွမ်ရှိန်၊ ခင်မောင်နှင့် လူငယ်အချို့ကို ဤနည်းဖြင့် လှိုင်ဝှက်စခန်းသို့ ပို့ပေးနိုင်ခဲ့သည်။ လ/ထ အင်စပက်တော် အလုပ်မှာကား ဟန်ပြ မျှသာဖြစ်ပါ၏။

## DSP ဦးဖိုးမဲ့အဖမ်းခံရခြင်း

ကျွန်ုပ်သည် ရဲအရာရှိတစ်ဦးဖြစ်သည့်အားလျော်စွာ နှစ်လုံးပြူး ပြောင်းရှည်သေနတ်တစ်လက်နှင့် ဆုံလည်ခြောက်လုံးပြူးတစ်လက် ကိုင်ဆောင်ခွင့်ရသည်။ ကျွန်ုပ်၏ ဝမ်းကွဲအစ်ကို ကိုအောင်ငြိမ်းသည် ဂျပန်တော်လှန်ရေးအတွက် လှိုင်ဝှက်စခန်းသို့သွားရန် အိမ်မှထွက်လာသောအခါ ၎င်းသေနတ်များကို ယူဆောင်လာခဲ့သည်။ ဤကဲ့သို့ ကျွန်ုပ်တို့မထွက်ခွာမီ ကျွန်ုပ်က DSP ဦးဖိုးမဲ့အား 'ဆရာ ကျုပ်တို့ကို ဂျပန်တွေ သင်္ကာမကင်းဖြစ်နေပြီ၊ ကိုယ်ယောင်ဖျောက်တော့မှ ဖြစ်မယ်'ဟု သတိပေးစကားပြောသော်လည်း သူက ပေါ့ပေါ့တန်တန် သဘောထားကာ အရေးမလုပ်ချေ။ နောက်ဆုံး၌ သူ မသွားလျှင်လည်း ကျွန်ုပ်တို့ကမူ တော်လှန်ရေးသမားများနှင့် သွား၍ ပူးပေါင်းမည့်အကြောင်း အတိအလင်းအသိပေးပြီးနောက် ကျွန်ုပ်နှင့်ကိုဖေညွန့်တို့သည် ဌာနချုပ်ရှိရာ မြစ်၏အနောက်ဘက်ကမ်းသို့ ညတွင်းချင်း ကူးသွားခဲ့ကြသည်။ ထိုညမှာပင် ဂျပန်ကင်ပေတိုင်များသည် ဦးဖိုးမဲ့ကို ဖမ်းဆီး၍ မော်လမြိုင်သို့ ခေါ်သွားပြီး ကွပ်မျက်လိုက်ကြလေ၏။

## တော်လှန်ရေးစတင်ခြင်း

ထိုအချိန်၌ နိုင်ငံ၏ဒေသအချို့တွင် ဂျပန်များ၏ မျက်စိအောက်မှာပင် ဂျပန်တော်လှန်ရေးကို အကောင်အထည်ဖော်ရန် လှို့ဝှက်စွာ အစီအစဉ်များ ချမှတ် ဆောင်ရွက်နေကြပြီဖြစ်သည်။ တပ်ဖွဲ့ဝင်များသည် အရပ်ဝတ်များဝတ်ဆင်ကာ လှိုင်ဝှက်စခန်းသို့ တိတ်တဆိတ် ပြောင်းရွှေ့လာကြသည်၊ သူတို့အား ဗမာ့မျိုးချစ်တပ်မတော် (BPF) ဟု ခေါ်ဝေါ်ကြသည်။

ကိုဖေသက်နှင့် မျိုးအောင်တို့သည် အရပ်ဝတ်များဖြင့် ဆင်းလာကြပြီး တစ်ဘက်ကမ်းသို့ တိတ်တဆိတ် ရောက်ရှိသွားကြသည်၊ အခြားသော



အရာရှိစစ်သည်များကိုလည်း တောင်တန်းထူထပ်ရာတွင် နေရာယူထားသော လှိုင်ဝှက်စခန်းသို့ ရောက်အောင်ပို့ဆောင်ပေးရသည်။ ထိုအရာရှိများထဲတွင် နောင်တွင် ဗိုလ်မှူးကြီးများ ဖြစ်လာကြသော ဂွမ်ရှိန်နှင့် ကိုဖေအောင်၊ နောင်တွင် ဒုဗိုလ်မှူးကြီး ဖြစ်လာကြသည့် ကိုကျော်ဝင်း၊ ခင်မောင်၊ ထွန်းရှိန် စသော ပုဂ္ဂိုလ်များအပြင် အဆင့်အတန်းအသီးသီးမှ တော်လှန်ရေးရဲဘော်(၈၀)ခန့် ပါဝင်၏။

ရန်ကုန်မှ ရေကြောင်းခရီးဖြင့် လာကြသူများမှာ ရေးမြို့တွင် ဂျပန်တို့၏ဖမ်းဆီးခြင်းခံရသည်။ အဖမ်းခံရသူများအနက် ဗိုလ်မှူးတင်ထွန်းနှင့် ခင်လှိုင်တို့ နှစ်ဦးသာ လော်ရီကားထဲတွင် သူတို့နှင့်အတူပါလာသော အစောင့် ဂျပန်စစ်သားများကို ပြန်လှန်တိုက်ခိုက်၍ ထွက်ပြေး လွတ်မြောက်လာခဲ့ကြသည်။ ကိုတင်ထွန်းသည် ရေးမြို့မှ မိုင် ၂၀၀ ခန့်ဝေးသော ကျွန်ုပ်တို့၏ လှိုင်ဝှက်စခန်းရောက်သည်အထိ မိုင်(၁၀၀)ခန့် ခြေလျင် လျှောက်လာခဲ့သည်။ စခန်းရောက်သောအခါ ကိုတင်ထွန်း၏ခြေထောက်များ ဖူးရောင်နေပြီး အဖျားဝင်သဖြင့် သူ့ကို (၃)ပတ်ခန့် ပြုစုကုသပေးခဲ့ရပါသည်။

## တိုင်းစစ်ဌာနချုပ်နှင့်တပ်များဖွဲ့စည်းခြင်း

တော်လှန်ရေးတိုင်း အမှတ်(၅)ဖွဲ့စည်းရာတွင် မြစ်အနောက်ဘက်ကမ်းရှိစစ်ကြောင်းကို ကျွန်ုပ်တို့၏ (၇)တန်းဆရာ ဦးဉာဏ်လှိုင်က နိုင်ငံရေးခေါင်းဆောင်အဖြစ် တာဝန်ယူ၍ ကိုဖေသက်က စစ်ရေး ခေါင်းဆောင်အဖြစ် တာဝန်ယူပါသည်။ ကိုဘသိန်းတင်က တနင်္သာရီဒေသတစ်ခုလုံးကို ဦးဆောင်ရသည်။ မြစ်အရှေ့ဘက်ကမ်းရှိ စစ်ကြောင်းတွင် စစ်ရေးခေါင်းဆောင်မှာ ဗိုလ်မှူးတင်ထွန်းဖြစ်ပါ၏။ ကျွန်ုပ်တို့သည် ညအချိန်တွင် ထားဝယ်မြစ်ကို လှေငယ်များဖြင့်ဖြတ်ကူးစဉ် မီးမောင်းကြီးများပါသော ဂျပန်ကင်းလှည့် ရေယာဉ်များနှင့် မတိုးမိအောင် သတိကြီးစွာ ရှောင်ကွင်း၍ သွားကြရပါသည်။ ဗြိတိသျှ လက်ထက်ကပင် နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်ရန် အခိုင်အမာ ခြေကုပ်ယူထားသော အင်းဗြားရွာရှိ ကျွန်ုပ်တို့၏တိုင်းဌာနချုပ်တွင် တစ်လခန့် အခြေခံ စစ်သင်တန်းများ သင်ယူလေ့ကျင့်ရသည်။ ပြီးမှ ကျွန်ုပ်တို့ကို ကျေးရွာအသီးသီးသို့ တာဝန်ခွဲဝေချထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခြေခံစစ်သင်တန်း

လူသစ်များကို အခြေခံစစ်သင်တန်းပေးရာတွင် ရိုင်ဖယ်၊ လက်ပစ်ဗုံးနှင့် စက်ကလေးစသော လက်နက်ငယ်များကို ကိုင်တွယ်အသုံးပြုနိုင်ရန် သင်ကြားပို့ချ လေ့ကျင့်ပေးရသည်။ ဗိုလ်ကြီးလှဖေနှင့် တပ်ကြပ်ကြီးများက ကျွန်ုပ်တို့ကို တပ်စိတ်၊ တပ်ခွဲဖွဲ့၍ စစ်ထိုးပုံများကို သင်ပြပေးသည်။ တောရိုင်းမြေပေါ်တွင် တွားသွားရသောကြောင့် တကောင်ဆစ်မှာ သွေးအလိမ်းလိမ်းဖြစ်နေသော်ငြားလည်း ဇွဲမလျှော့ဘဲ သင်တန်းပြီးဆုံးအောင် တက်ခဲ့ပါသည်။ စစ်သားလုပ်မည့်သူအဖို့ မိမိအသက်ရှည်ဖို့ရာ စစ်တိုက်ပုံတိုက်နည်းများကို သင်ကြားတတ်မြောက်ထားရန် အရေးကြီးသည်မဟုတ်ပါလော။

## လေထီးများဆင်းသက်ခြင်း

ကာလကတ္တားမှလာသော လေယာဉ်များမှ လေထီးဖြင့် ဆင်းသက်ရောက်ရှိလာကြသော ချင်းအမျိုးသားလေး 'စွန်ခါး'နှင့် တပ်မတော်အရာရှိ 'ကိုပါလေး'တို့ကို ဌာနချုပ်မှာရှိစဉ် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့သည်။ သူတို့သည် ဆက်သွယ်ရေးကိရိယာများနှင့် လျှို့ဝှက်သင်္ကေတများကို သယ်ဆောင်လာခဲ့ကြသည်။ စွန်ခါးက ကာလကတ္တားသို့ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့လျှင် ကျွန်ုပ်အပါအဝင် ကျန်သည့်သူများက ဒိုင်နမိုကို အဆက်မပြတ် လက်ဖြင့်လှည့်ပေးနေရသည်။ အလွန်ပင်ပန်းသော အလုပ်ဖြစ်၍ မည်သူမျှ မလုပ်လိုကြပေ။ 'စွန်ခါး'သည် ထိုစဉ်က အသက်အရွယ်အားဖြင့် အတော်ငယ်သေးသူဖြစ်သည့်အလျောက် အစားအသောက်မကောင်းလျှင် အမြဲငြီးငြူတတ်၏။ ထို့ကြောင့် ကျွန်ုပ်တို့က သူ့အား ရိက္ခာများချပေးရန် သူ့လူများကို သတင်းပို့ဘို့ ဝိုင်း၍ ပြော ကြပါသည်။ မကြာမီ 'စွန်ခါး'သည် ရာရှင်ဟုခေါ်သော ချောကလက်၊ ချိစ်နှင့် စီးကရက်စသော အထူးရိက္ခာများကို သယ်ဆောင်လာလေ၏။

## ဆေးလိပ်သောက်ခြင်း

ထိုအချိန်က ကျွန်ုပ်သည် ဆေးလိပ်စွဲနေပြီဖြစ်ရကား ထမင်းစားပြီးလျှင် ဆေးလိပ်တစ်လိပ် မဖွာရလျှင် မနေနိုင်ပေ။ အချို့သစ်ရွက်များကို အခြောက်ခံ၍ ဆေးလိပ်လိပ်ရန် အသုံးပြုရသည်။ ဆေးရွက်ကြီးကို အရိုး၊ အညာနှင့် အကြောများပါမကျန် အပိုင်းအစ သေးသေးလေးများဖြစ်အောင် ဖြတ်တောက်ပြီးနောက် သစ်ရွက်ခြောက်ဖြင့်လိပ်ပြီး သောက်ခြင်း ဖြစ်သည်။ နှောင်



အခါ ကျွန်ုပ်တွင် စွဲကပ်လာသော နာတာရှည်လေပြွန်ရောင်သောရောဂါမှာ၊ ထိုစဉ်က ဆေးလိပ်သောက်ခဲ့သော အကျိုးဆက်ဖြစ်ဟန် တူပါ၏။

## ဌာနချုပ်တွင် လုပ်ရသောတာဝန်များ

ဌာနချုပ်၌ ကျွန်ုပ်တို့ရဲဘော်များသည် နေ့စဉ်ရေသယ်ရသည်။ အနီးရှိ စမ်းချောင်း မှရေကို ဝါးကျည်တောက်ကြီးများဖြင့် သယ်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ရေသယ်ကြသောအခါ ကျွန်ုပ်တို့ကိုယ်ပေါ်တွင် လုံကွင်းတိုမှအပ အခြားအဝတ်အစား တစုံတရာမပါရှိချေ၊ တစ်နေ့တွင် ကျွန်ုပ်နှင့် ဂွမ်ရိုန်တို့ ရေသယ်ပြီးပြန်လာရာ လမ်းခုလတ်တွင် အနီးရှိ ရွာတစ်ရွာမှ မိန်းမပျိုလေး (၂)ယောက်နှင့်ရင်ဆိုင်တိုးခဲ့ကြဖူးသည်။ ကိုယ်လုံးတီးနီးပါး ဖြစ်နေသော လူစိမ်းယောက်ျား (၂) ယောက်ကို ရုတ်ချည်းတွေ့ရသဖြင့် မိန်းမပျိုလေး (၂)ယောက်မှာ ထိတ်လန့်အံ့သြ၍ ကြက်သေသေကာ ချာခနဲလှည့်ပြီး ထွက်ပြေးသွားကြလေသည်။ သူတို့နည်းတူ ကျွန်ုပ်တို့ (၂) ဦးလည်း လန့်ဖျပ်၍ စခန်းသို့ ခြေကုန်သုတ် ပြန်လာခဲ့ကြသည်။ နောက်နောင်တွင်မူ ကျွန်ုပ်တို့သည် ဤကဲ့သို့ အဝတ်အစား လုံလုံခြုံခြုံမဝတ်ဘဲ မသွားလာရဲတော့ပေ။

## ကင်းစောင့်စဉ်တာဝန်ပေါ့ဆခြင်း

ဌာနချုပ် ကင်းတာဝန်ကျစဉ် မထိတ်သာမလန့်သာ ဖြစ်ခဲ့ရသောအတွေ့အကြုံနှင့် စပ်လျဉ်း၍ကျွန်ုပ်ဘဝတစ်လျှောက်လုံး မေ့ပျောက်နိုင်မည်မဟုတ်သည့်ပြင် မိမိကိုယ်မိမိလည်း ခွင့်မလွှတ်နိုင်ပေ။ ထိုနေ့က အလုပ် အလွန်များပြီး ပင်ပန်းသောနေ့တစ်နေ့ဖြစ်ပါ၏။ ကျွန်ုပ်သည် ည(၁၂)နာရီမှ နံက်(၁)နာရီအတွင်း ကင်းစောင့်ရန် တာဝန်ကျသည်။

ကင်းတဲသည် ခေါင်းဆောင်များနှင့်တကွ ရဲဘော်ရဲဘက်အားလုံး အိပ်ဝက်နေကြသောစခန်းနှင့် ကိုက်အနည်းငယ်သာ ကွာဝေးသောကြောင့် ကင်းသမားအနေဖြင့် နိုးနိုးကြားကြား သတိဝီရိယရှိရန် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်သည် မှောင်ထဲတွင် ငြိမ်ငြိမ်လေးထိုင်နေရင်း ပိုးကောင်မွှားကောင်တို့၏ အော်မြည်သံများ၊ တောတိရိစ္ဆာန်အမျိုးမျိုး ချုံထဲသို့ တိုးဝင် လှုပ်ရှားသံများကို နားတွင်ကြားနေရပြီး မျက်စိထဲမှာလည်း ပုံသဏ္ဌာန် အမျိုးမျိုးကို ထင်ယောင်မှင်ယောင် ဖြစ်လျက်ရှိသည်။ တိတ်ဆိတ်လွန်းသော အကာလ ညအချိန် ဖြစ်သည့် အားလျော်စွာ တိုးညင်းလှသော ချွတ်ခနဲအသံကိုပင် ကျယ်လောင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကြားရ၍ ဝိရိယလွန်ကဲကာ သေနတ်ဖြင့် ချိန်ရွယ်မိသည်။ တစ်နေကုန် ပင်ပန်း၍ ကျွန်ုပ်၏တစ်ကိုယ်လုံး ညောင်းညာ ကိုက်ခဲနေသောကြောင့် ခဏတဖြုတ် ကျောခင်းရုံဖြင့် ပြဿနာမဖြစ်တန်ရာဟု တွေးတောပြီး လဲလျောင်း အနားယူလိုက်မိသည်။

ရိုင်ဖယ်ကို ရင်ခွင်ထဲမှာထား၍ မှေးခနဲအိပ်ပျော်သွားစဉ် တစ်စုံတစ်ဦးက 'ကင်းတာဝန် ဘယ်သူလဲ'ဟု မေးသောအသံကို ကြားလိုက်မိသည်။ ကျွန်ုပ်၏တုံ့ပြန်သံကို ချက်ခြင်းမကြားရသဖြင့် ကင်းစစ်သူက ရှေ့သို့တက်၍ စစ်ဆေးရာ ကင်းသမားဖြစ်သောကျွန်ုပ် အိပ်မောကျနေသည်ကို တွေ့ရှိသွားခြင်းဖြစ်သည်။ ဌာနချုပ်ရှိ အဖွဲ့ဝင်အားလုံး၏ရှေ့မှောက်တွင် ကျွန်ုပ်ကို ချက်ချင်း ရုံးတင်၍ စစ်ကြောကြပါသည်။ ကင်းတာဝန် ဟူသည် မည်၍ မည်မျှ အရေးကြီးကြောင်း ကျွန်ုပ်အား မေးမြန်းကြရာ ပေးရန်အဖြေမရှိဘဲ မိမိ၏အပြစ်ကို မိမိသိနားလည်သည့်အလျောက် တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့ရပါသည်။ ကျွန်ုပ်အနေဖြင့် ပေးသည့်အပြစ်ကို ခံယူရန် စိတ်ဆုံးဖြတ်ထားပြီးဖြစ်ပါ၏။ အစ်ကိုကြီး ကိုဘသိန်းတင်မှာ အလွန်အမင်းဒေါသဖြစ်ပြီး ကျွန်ုပ်ကို ပစ်သတ်မည်ဟုပင် ခြိမ်းခြောက်ပြောဆိုပါသည်။ ကျန်သောလူကြီးများက တစ်နေကုန် ပင်ပန်းလွန်း၍ အိပ်ပျော်သွားခြင်းဖြစ်ကြောင်း၊ ဝင်ရောက်ဖျန်ဖြေ တောင်းပန်ကြရသည်။ ထို့ပြင် ပထမဆုံးကျူးလွန်သော ပြစ်မှုဖြစ်ခြင်းကြောင့် ကင်းတာဝန်၏အရေးကြီးပုံကို ရှင်းလင်းပြောဆိုဆုံးမကာ အပြစ်မပေးဘဲ သက်သာခွင့် ရခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်၏အပြစ်မှာ ကြီးလေးလွန်းသောကြောင့် ကျွန်ုပ်ကလည်း ပေးသည့်အပြစ်ဒဏ်ကိုခံယူရန် စိတ်ပိုင်းဖြတ်ထားခဲ့ပါ၏။ မကြာမီ ကျွန်ုပ်အား စခန်းသစ်တစ်ခုသို့ ပြောင်းရွှေ့ လိုက်ပါသည်။

## စခန်းသစ်ဆောက်လုပ်ရခြင်း

အထက်ပါဖြစ်ရပ်မှာ ကျွန်ုပ်အား စခန်းသစ်သို့ ပြောင်းရွှေ့ရခြင်း၏ အကြောင်းရင်း ဖြစ်ဖွယ်ရှိပါသည်။ စခန်းသစ်သည် သင်းကျွန်းရွာအနီး ဥတို ကျေးရွာ၌တည်ရှိ၍ ကျွန်ုပ်ကို သမဂ္ဂခေတ်က ကျောင်းသားခေါင်းဆောင် ဖြစ်ခဲ့သော ကိုအုန်းကြည်၏ လက်အောက်တွင် တာဝန်ချထားပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စခန်းဆောက်ခဲ့ကြရခြင်းဖြစ်၏။ ဝါးလုံးများကို တိုင်ထူ၍ ဝါးခြမ်းပြားများဖြင့် ကြမ်းခင်းသည်။ ဓနိဖြင့် အမိုး မိုးသည်။ ဘေးပတ်လည်အကာအရံ မရှိသော ကြောင့် ညဆိုလျှင် အလွန်ချမ်းအေးလှပါသည်။



မိုးရာသီရောက်လျှင် တနင်္သာရီမုတ်သုန်မိုးကား သဲကြီးမဲကြီး ရွာသွန်းမြဲဖြစ်ပါ၏။

## တောဝက်

ကျွန်ုပ်တို့စခန်းအနီးရှိ ဝါးရုံတောအုပ်ထဲတွင် နေထိုင်သော တောဝက်မိသားစုတစ်စုရှိရာ တောဝက်လေး များက တကွိကွိတကွကွ အသံများ အော်ပြည်ကာ မိခင်တောဝက်ကြီး၏ နောက်မှ ထက်ကြပ်မကွာ လိုက်သာကြပုံကို နေ့စဉ် တွေ့မြင်နေရသည်။ ကျွန်ုပ်တို့စခန်းသည် သူတို့ နေထိုင်ကျက်စားရာ ကစ်ဝိုက်ဖြစ်သောကြောင့် မကြာခဏပင် စခန်းတွင်းသို့ နယ်ကျွံပြီး ရောက်လာတတ်၏။ စခန်း၌ ရိက္ခာပြတ်လပ်သော အချိန်ဖြစ်၍ အဖွဲ့သားတစ်ဦးက ဟင်းစားရရန် ချောင်းမြောင်း ပစ်ခတ်လိုသော်လည်း ကိုအုန်းကြည်က ခွင့်မပြုချေ။

## သန်းများ

ကျွန်ုပ်သည် အဝတ်အစားဆို၍ ဘောလုံးကန်အပြာရောင် ဂျာစီအင်္ကျီတစ်ထည်နှင့် မုဒ့်လုံချည်တစ်ထည်သာ ယူလာခဲ့ခြင်းဖြစ်၏၊ ဆပ်ပြာလည်းမရှိ၊ ကျွန်ုပ်တို့သည် စမ်းချောင်းတွင် ရေချိုးသောအခါ စမ်းချောင်းအောက်ခြေမှ သဲများဖြင့် ကိုယ်ကို ပွတ်တိုက်ရသည်။ ထိုသဲများတွင် ဆိုဒါပြာအနည်းငယ်ပါ၍ အမြုပ်နည်းနည်းထွက်ပါသည်။ တစ်နေ့တွင် ကျွန်ုပ်သည် စမ်းချောင်းတွင်ရှိခိုက် ခန္ဓာကိုယ်၏ ဘေးတစ်ဖက်တစ်ချက် မခံမရပ်နိုင်အောင် ယားယံလှသဖြင့် ဂျာစီအင်္ကျီကို ချွတ်ပြီးကြည့်ရာ ချုပ်ရိုးတစ်လျှောက် ဆူဖြိုးသောသန်းများ 'အုံဖွဲ့နေသည်ကို မသတီဖွယ်ရာ တွေ့ရပါသည်။ ရှုရှုတက်နေသော သန်းများမှာ ကြည့်၍ပင် ကောင်းသော်ငြားလည်း ချမ်းသာပေး၍ မဖြစ်နိုင်ပေ။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ခန္ဓာကိုယ်ပေါ်တွင် သန်းဥ၊ သန်းများကို ရှာဖွေ နှိမ်နင်းရသော အထူးစစ်ဆင်ရေးကို ဆင်နွှဲရပြန်ပါတော့သည်။

## ဖိနပ်မပါခြေပလာ

ကျွန်ုပ်စီးလာခဲ့သော ဖိနပ်လည်းမရှိတော့ပြီ။ ကျွန်ုပ်သည် ဖိနပ်မပါ ခြေဗလာဖြင့်ပင် နေ့စဉ် သွားလာ နေရခြင်းဖြစ်၏။ အစပိုင်းတွင် ကျင့်သား မရသေးသဖြင့် ခြေဖဝါးများ အလွန် နာသည်။ မကြာခဏလည်း ဆူးစူးခံရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ပိုင်းတွင်မူ တဖြည်းဖြည်း အသားမာ တက်လာပြီး မနာမကျင်ဘဲ ကောင်းစွာ လမ်းလျှောက်နိုင်ပါသည်။ နံနက်တိုင်းလုပ်ဆောင်ရသော ကျွန်ုပ်၏ ဝတ္တရားမှာ (၃၀၃)ရိုင်ဖယ်သေနတ်များကို သန့်ရှင်းရေးလုပ်ပြီး ဆီထိုးရခြင်း ဖြစ်သည်။ ကျည်ဆံများကို ဂျပန်သားရေအိတ်သုံးလုံးတွင် ထည့်ထားပြီး လွယ်စွပ် တခုမှာ ခါးပတ်ဖြင့် ချည်နှောင်ထားသည်။ မိုးသည် တရစပ်ပင် သဲသဲမဲမဲ ရွာသွန်းဖြိုးသည်။ မိုးများလှသော ကျွန်ုပ်တို့၏ တနင်္သာရီတိုင်းတွင် နှစ်စဉ် မိုးရေချိန် လက်မ ၃၀၀ ခန့် ရွာလေ့ရှိသည်။ ငှက်ဖျားရောဂါ ထူပြောသည်။ ကျွန်ုပ်သည် အမြဲလိုလို ဘဝတ်အစား ပါးပါးလှပ်လှပ်လေးဖြင့်သာ နေ့တိုင်း အိပ်စက်ခြင်းဖြစ်လင့်ကစား ငှက်ဖျားရောဂါ မစွဲကပ်ခဲ့သည်မှာ အံ့ဩဖွယ် ကောင်းပေစွ။

## ငါးသလောက်ရိက္ခာတွင် လောက်ကျခြင်း

ဌာနချုပ်မှ ကျွန်ုပ်တို့ရရှိသော ရိက္ခာမှာ ဆန်နှင့်ငါးသလောက် ဖြစ်၏။ ငါးသလောက်ကို ဆားသိပ်၍ ကွမ်းသီးပင်မှအရွက်များဖြင့် ထုပ်ထားခြင်း ဖြစ်သည်။ စခန်းတွင် အသက်အငယ်ဆုံးဖြစ်သော ကျွန်ုပ်မှာ အချက်အပြုတ် တာဝန်ယူရသည်။ ဟင်းချက်ရန် ငါးသလောက်အထုပ်များကိုဖြေတိုင်း ငါးတွင် လောက်များ အုံဖွဲ့နေသည်ကို အမြဲလိုလို တွေ့ရသည်။ ကျွန်ုပ်သည် ထို လောက်များကို လက်ဖြင့် ဖယ်ရှားပစ်ပြီးမှ ငါးကို ရေနွေးဆူဆူဖြင့် ပြုတ်ရသည်။ အသားခါတ်ရရန် ငါးဟင်းတစ်မျိုးသာရှိသောကြောင့် ကြိတ်မှိတ်ပြီး နေ့စဉ် စားသုံးရာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်မှ ငါးညှီနံ့ပင် ထွက်သည်ဟု ထင်ရပါ၏။ ကျွန်ုပ်သည် ဗမာ့မျိုးချစ် တပ်မတော်မှ ထွက်ပြီးသည့်နောက်၊ ငါးသလောက် ဟင်းဆိုလျှင် ယောင်၍ပင် မတို့မထိတော့သည်မှာ ယနေ့ထက်တိုင်ပင်။

ရံဖန်ရံခါ၌ ကျွန်ုပ်တို့သည် တောခြုံများရှင်းသောအခါ နာနတ်သီး စိမ်းနှင့် ချဉ်ပေါင်ရွက်များကို ကြုံတောင့် ကြုံခဲရရှိတတ်သည်။ နာနတ်သီး စိမ်းနှင့် ချဉ်ပေါင်ရွက်များရလျှင် ကြက်သားဟင်း၊ ဝက်သားဟင်း အမှတ်ဖြင့် မြိန်ယှက်စွာ လွေးကြရပါသည်။



## ညဘက်ချီတက်ခြင်း

တစ်ညနေတွင် ဆက်သားတစ်ဦးရောက်ရှိလာပြီး ဂျပန်များကို ချောင်း မြောင်း တိုက်ခိုက်ရန်အတွက် သင်ကျွန်းရွာရှိ တောင်ပူစာပေါ်တွင် လျှို့ဝှက် တွေ့ဆုံကြရန် ညွှန်ကြားသည်။ ကျွန်ုပ်တို့သည် ည (၈)နာရီခန့်တွင် ကြယ် ရောင်မှိန်မှိန်လေးသာရှိသော အမှောင်ထုထဲ၌ အသံ မထွက်အောင် ချွတ်နင်း ချီတက်ကြရသည်။ ပခုံးပေါ်တွင် ရိုင်ဖယ်ကိုယ်စီလွယ်၍ လူသွားလမ်းအတိုင်း တစ်ယောက်ချင်း တန်းစီကာ လျှောက်ရသည်။ ဖိနပ်မပါသောကြောင့် ခြေလှမ်း များမှာ အလွန်ပင် အသံလုံပါ၏။ ည(၁၀)နာရီခန့်တွင် ကျွန်ုပ်သည် လမ်း လျှောက်ရင်း ငိုက်မြည်းသွား၍ လူသွားလမ်းလေးထဲမှ ခြေချော်ပြီး ချောက်ထဲကို လျှောကျသွားရာ ခြုံပုတ်များကို တိုးတိုက်မိမှ ဆတ်ခနဲလန့်နိုးသွားပါသည်။ ရဲဘော်ရဲဘက်တို့၏ အကူအညီဖြင့် လူသွားလမ်းပေါ်ရောက်အောင် တွယ် တက်ရသည်။ ကျွန်ုပ်၏ပယောဂကြောင့် ချီတက်မှု နှောင့်နှေးရသဖြင့် အဖွဲ့ ခေါင်းဆောင်က ကျွန်ုပ်ကိုပြစ်တင်ကြိမ်းမောင်းပြီး လျှို့ဝှက်စုရပ်သို့ ဆက်လက် ချီတက်ခဲ့ကြပါသည်။

## လျှို့ဝှက်စုရပ်

ရွေးချယ်ထားသော လျှို့ဝှက်စုရပ်သည် တောင်တက်လမ်းကို အပေါ်စီးမှ တွေ့မြင်ရသော တောင်ပူစာထိပ်ဖြစ်၏။ ရဲဘော် (၅၀)ခန့်ကို မြင် ကွင်းကောင်းသော နေရာတလျှောက်ဖြန့်ပြီး နေရာယူထားစေသည်။ ရန်သူ တက်လာပါက အပေါ်စီးမှနေ၍ တိုက်ခိုက်ရန် အလွန်ကောင်းမွန်သော အနေ အထားဖြစ်သော်လည်း ရန်သူများမှာ ဤမျှလောက် အသိဉာဏ်ကင်းမဲ့ကာ ပိုက်မဲမည်မဟုတ်။ တစ်နည်းတစ်ဖုံ ရွေးလမ်းရှိဦးမည်ဟု ကျွန်ုပ် တွေးနေမိပါ၏။ ကျွန်ုပ်တို့သည် နံနက် (၆)နာရီမှ (၁၀) နာရီခန့်အထိ စောင့်ပါသော်လည်း အချည်းနှီးသာ။ ရန်သူ၏ အရိပ်အယောင်ပင် မတွေ့ရသဖြင့် ကျွန်ုပ်တို့လည်း စခန်းသို့ တပ်ခေါက် ပြန်ခဲ့ကြရပါသည်။

လျှို့ဝှက်စုရပ်မှာရှိစဉ် လူတို့၏သဘောသဘာဝနှင့်စပ်လျဉ်း၍ မှတ် သားသင့်သော အဖြစ်အပျက်တစ်ခုကို တွေ့ကြုံခဲ့ရသေးသည်။ ထိုနေရာ၌ ကျွန်ုပ်၏ အိမ်နီးချင်းတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ရသည်။ ထိုသူသည် ကျွန်ုပ်တို့ ရပ်ကွက်ထဲတွင် လူရမ်းကားများကို ဆုံးမနှိပ်ကွပ်လေ့ရှိပြီး သတ္တိဗျတ္တိ အလွန်ကောင်းသည်ဟု အများက ချီးမွမ်းခံရသူဖြစ်၏။ ယခုတွေ့သောအခါ

www.burmeseclassic.com

www.burmeseclassic.com



တွင်မူ သူ၏စိတ်ဓါတ်အခြေအနေမှာ ရှေးယခင်က သူ၏ စိတ်ဓါတ်နှင့် မြဒါး တစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတော့သည်။ စိတ်ဓါတ်ကျဆင်းနေဟန်တူပြီး ဆောက်တည်ရာမရ ဖြစ်ကာ ဆင်နွှဲရမည့်ရင်ဆိုင်တိုက်ပွဲအကြောင်းကို တစ်စိုးတစ်စေ့မျှ စိတ်ဝင်စားမှုမရှိပေ။ သူနှင့်နှိုင်းစာပါက ကျွန်ုပ်သည် ထိုနေ့ ထိုအချိန်က တိုက်ပွဲဆင်နွှဲရန် အထူးပင် စိတ်ဓါတ်တက်ကြွနေခဲ့ပါ၏။ သူ့ခမျာ စကားပြောလျှင်ပင် တုန်တုန်ရီရီ ဖြစ်နေ၏။ မိမိအပေါ် စီးမှာရှိစဉ်က သတ္တိကောင်းခဲ့သော သူရဲကောင်းကြီးမှာ ယခုအခါ၌ ဣန္ဒြေမဆည်နိုင်အောင် အကြောက်လွန်နေ ခြင်းဖြစ်ကြောင်း ရိပ်စားမိပါတော့သည်။ သူက 'အိမ်ပြန်ချင်ပြီ၊ မိသားစုနှင့် တွေ့ချင်ပြီ'ဟု တဖွဖွပြောနေသည်။ ကျွန်ုပ်ကပင် သူ့ကို အားပေးစကား ပြောခဲ့ရပါသည်။ နောက်ပိုင်းတွင်မူ ထိုသူ့ကို လုံးလုံး မတွေ့ရတော့ချေ။

## နာမည်ဆိုးဖြင့် ကျော်ကြားသော ရဲဘော်ရဲဘက်အချို့

ကျွန်ုပ်တို့စခန်းရှိ လူ(၂)ယောက်၏အကြောင်းကိုလည်း တည့်သွင်းဖော်ပြသင့်သည်ဟု ယူဆပါ၏။ တစ်ယောက်မှာ BDA မှ တပ်ကြပ်ကြီး တစ်ဦးဖြစ်၏။ ကြီးမားတုတ်ခိုင်သော သူ၏ကာယဗလမှာ တွေ့မြင်သူများ ကြောက်ရွံ့လောက်အောင် အဟန့်ကောင်းလှပါ၏။ ကိုယ်ကြမ်းစိတ်ကြမ်းဖြစ်၍ ကြီးနိုင်ငယ်ညှဉ်း လုပ်တတ်သည်။ ရန်ကုန်မြို့၊ စမ်းချောင်းရပ်တွင်နေစဉ် အမျိုးသမီးတစ်ဦးကို ဗလက္ကာရပြုသော ဂျပန်စစ်သားအား ဓါးဖြင့် ခုတ်၍သတ်ခဲ့သောသူ၏သတင်းက လူမရောက်မီ ရှေ့ပြေးရောက်နှင့်နေသည်။ တော်လှန်ရေး မစမချင်း သူ့ကို ဝှက်ထားခဲ့ရသည်။

တစ်ခါသော် ထားဝယ်မြို့တွင် နေထိုင်သော ဂျပန်အလိုတော်ရိသတင်းပေး တစ်ယောက်ကို သတိပေးခြောက်လှန့်ဖို့ သူ့အား စေခိုင်းလိုက်ရာ အမိန့်ကို အလွန်အကျူး သာသာထိုးထိုး အသုံးပြုပြီး အသေသတ်၍ လက်ကို ဖြတ်ပြီး ဌာနချုပ်သို့ ယူဆောင်ခဲ့လေသည်။ သူ၏ လုပ်ရပ်ကို ကျွန်ုပ်တို့ အများစုက စက်ဆုပ်ရွံရှာရုံမက ပြစ်တင်ရှုတ်ချကြပါသည်။ ကျွန်ုပ်တို့၏ မှန်မြတ်သောရည်ရွယ်ချက်မှာ ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ရန်သာဖြစ်၏။ ဤကဲ့သို့ သေးနုပ်သိမ်ဖျင်းသော အပြုအမူများကြောင့် အများပြည်သူတို့၏ ငြိုငြင်ခြင်းခံရမည်ကို မလိုလားကြပေ။ နောင်သောအခါ ထိုသူသည် ပျူစောထီးအဖြစ် ဆောင်ရွက်စဉ် ရင်ဆိုင် တိုက်ပွဲတစ်ခု၌ မရှုမလှ ဘဝအဆုံးသတ်ခဲ့ရကြောင်း ကြားသိရပါ၏။



အခြားသူတစ်ဦးမှာ ကျွန်ုပ်တို့၏ သိဟောင်းကျွမ်းဟောင်းပင် ဖြစ်သည်။ လူတို့သည် ပြဿနာအဖုံဖုံကို တွေ့ကြုံရင်ဆိုင်ရသောအခါ အခြေအနေအကြောင်းအရာအမျိုးမျိုးအပေါ် မူတည်၍ အထွေထွေ အပြားပြား တုံ့ပြန်တတ်ကြသော သဘောသဘာဝရှိပေ၏။ ထိုသူသည် သာမန်အားဖြင့် လူကောင်းတစ်ယောက်ဖြစ်ပြီး BIA စစ်ပြန်တစ်ဦးလည်းဖြစ်သည်။ ဂျပန်တော်လှန်ရေးမှာလည်း ဝင်ရောက်ဆင်နွှဲနေသူ ဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်တို့၏ ခေါင်းဆောင်က သူ့အား အနီးအနားရှိ ကျေးရွာတစ်ခုမှ ဂျပန်သတင်းပေးတစ်ဦး၏အကြောင်းကို သွားရောက် စုံစမ်းရန် စေလွှတ်လိုက်သည်။ သူသည် ရိုက်ဖယ်တလက်ကိုင်စွဲပြီး တည်ငြိမ်စွာပင် ထွက်ခွာ သွားသည်။ နာရီဝက်ခန့်ကြာသော် ကျွန်ုပ်တို့သည် ရွာဘက်မှ သေနတ်သံတချက်ကြားရ၏။ နောက်ထပ်(၁၅)မိနစ်မျှကြာ သောအခါ သူပြန်ရောက်လာပြီး ဂျပန်သတင်းပေးမှာ ပြောဆိုမေးမြန်းရ ခက်သဖြင့် စိတ်မထိန်းနိုင်ဘဲ လက်လွန်သွားကြောင်း ကျွန်ုပ်တို့၏ အဖွဲ့ခေါင်းဆောင်ကို ရှင်းပြသည်။ အဖွဲ့ခေါင်းဆောင်သည် ထိုလုပ်ရပ်အတွက် အကြီးအကျယ် စိတ်ဆိုးပြီး သူ့ကို ပစ်ပစ်နှစ်နှစ်၊ ပယ်ပယ် နယ်နယ်၊ မထောက်မညှာ ရှုတ်ချဝေဖန်ခဲ့ပါ၏။

ကျွန်ုပ်တို့၏ တော်လှန်ရေးလှုပ်ရှားမှုကြီးတွင် ဤကဲ့သို့သော လက်လွန်ခြေလွန်ဖြစ်ရပ်များ မလွဲသာမရှောင်သာ ရှိနေကြောင်း ထိုနေရာ ထိုခဏမှာပင် သတိပြု လိုက်မိပါတော့သည်။ ကျွန်ုပ်တို့ မကြားမသိလိုက်ရသော အကျဉ်းရုံးစီရင် ကွပ်မျက်မှုများလည်း အမြောက်အများ ရှိဦးမည်မှာ ဧကန်မလွဲပေ။

## ပြည်သူလူထုအကြားတွင် နေထိုင်ရခြင်း

ကျွန်ုပ်တို့ တော်လှန်ရေးရဲဘော်များအား ကျေးရွာများရှိ အိမ် အသီးသီးတွင် ဖြန့်ပြီး နေထိုင်ကြစေပါသည်။ ကျွန်ုပ်နေရသောအိမ်မှာ ကိုဖေသန်းဆိုသူ တော်လှန်ရေးတပ်သားတစ်ဦး၏အိမ်ဖြစ်ပါသည်။ ဆံပင်မညှပ်ရသည်မှာ (၄)လခန့် ရှိပြီ။ အဝတ်အစားကလည်း ဂျာစီ အကျီအပြာနှင့် ပေါက်ပြဲနေသော မုဒ့်လုံချည်ပင်ဖြစ်ပါသည်။ ကျွန်ုပ်၏ပုံပန်းသဏ္ဌာန်မှာ အလွန်ပင်အကြည့်ရ ဆိုးပေလိမ့်မည်။ ကိုဖေသန်းတွင် 'မနီ' ဟုခေါ်သော နှမလေး တစ်ယောက်ရှိ၏။ မနီသည် အလွန်ချစ်စရာကောင်း၍ ထိုရွာတွင် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မိန်းမချောလေးဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပုလိပ်အင်စပက်တော်ဘဝ၌ DSP နှင့် သရက်ချောင်း ရဲဌာနကို လာရောက်စစ်ဆေးခဲ့စဉ်က ထိုမိန်းကလေးကို ဘုန်းတော်ကြီး ကျောင်းတွင် တွေ့မြင်ခဲ့ဖူးသည်။ မနီကလည်း ကျွန်ုပ်ကို မှတ်မိသည်။ သူတို့ တစ်အိမ်သားလုံးက ကျွန်ုပ်အပေါ် မေတ္တာစေတနာ အပြည့်အဝ ထားရှိကြ သည်။ ကျွန်ုပ်ကလည်း ထင်းခွဲ၊ ရေခပ် နွားကျောင်း စသော မိသားစု၏ လုပ်ငန်းများတွင် တတ်နိုင်သ၍ ကူညီ လုပ်ကိုင်ပေးခဲ့ပါသည်။ ထိုအိမ်တွင် ခေတ္တ ခဏမျှသာ နေရပြီး သရက်ချောင်း ဘုန်းတော်ကြီးကျောင်း၌ စခန်းချ ထားသော ဌာနချုပ်သို့ အမိန့်အရ ပြန်ခဲ့ရပါသည်။

## စစ်ကြီးပြီးဆုံးခြင်း

ကျွန်ုပ်တို့သည် စစ်ကြီး၏အခြေအနေနှင့်စပ်လျဉ်း၍ ဗမာ့စစ်မျက်နှာ နှင့် နိုင်ငံတကာမြင်ကွင်းများကို မျက်ခြေမပြတ်စောင့်ကြည့် အကဲခတ် လေ့လာ နေခဲ့ကြသည်။ All India ရေဒီယိုက နေ့စဉ် စစ်သတင်းများကို အသေးစိတ် ကြေငြာပေးရာ 'ကိုဟီမ'တိုက်ပွဲသတင်း၊ တပ်တော်(၁၄) ဧရာဝတီမြစ်ကို ဖြတ် ကူးသောသတင်း၊ မိတ္ထီလာတိုက်ပွဲသတင်း၊ စသည်တို့ကို ကြားသိနေရသည်။ ဗြိတိသျှတပ်များ ရန်ကုန်ကို ပြန်သိမ်းသောသတင်း ကြေငြာပြီးနောက် အုပ်စု များ ပြန်လည်ဖွဲ့စည်းရန် စီစဉ်နေကြောင်းများကိုလည်း ကြားရသည်။

ဗိုလ်ကြီးလှဖေက ကျွန်ုပ်ကို သရက်ချောင်း ဘုန်းတော်ကြီး ကျောင်းရှိ ဌာနချုပ်ကို ပြန်ခေါ်၍ လက်နက် ခဲယမ်းမီးကျောက်များကို စာရင်းပြုစုရန် ခိုင်းသည်။ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းမည်ဟူသော သတင်းများလည်း ပျံ့နှံ့လျက်ရှိသည်။ ဂန္ဒီသဘောတူညီချက်တွင်လည်း လိုအပ်သော ပညာ အရည်အချင်းရှိသူများကိုသာ ဗြိတိသျှအစိုးရ... ဧကရာဇ်မင်းမြတ်၏ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်မည့် အကြောင်းနှင့် အခြားအဆင့်များကိုလည်း စနစ်တကျ ရွေးချယ် မည်ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားသည်။ ဗမာ့မျိုးချစ်တပ်မတော် အဖွဲ့ သားများမှာ စိတ်ဓါတ်ကျဆင်းနေကြ၏။ ဗိုလ်ကြီးလှဖေ၏ မေတ္တာရပ်ခံချက် အရ ကျွန်ုပ်သည် သူ့ကို အင်္ဂလိပ်စာ သင်ပေးခဲ့ရပါသည်။



## ရဲဘော်တို့၏စိတ်ဓါတ်

ဂျပန်ကိုတော်လှန်ရာတွင် ကျွန်ုပ်တို့ ရဲဘော်များသည် အထူးပင် စည်းလုံးညီညွတ် ခဲ့ကြသည်။ 'ရဲဘော် ဟူသည် တိုင်းပြည်အတွက်သော်လည်း ကောင်း၊ တိုက်ဖော်တိုက်ဖက် သွေးသောက်ညီနောင်များအတွက်သော်လည်း ကောင်း၊ မိမိ အသက်ကိုစွန့်လွှတ်ရန် နောက် မတွန့်သူများဖြစ်သည်'။ ယခုမူ တော်လှန်ရေးရဲဘော်တို့၏ စိတ်ဓါတ်များမှာ သိသိသာသာ ကျဆင်းလျက်ရှိ၏။ မိမိတို့၏ ရှေ့ရေးကို စဉ်းစားတိုင်ပင် ပြောဆိုလျက်ရှိကြသည်။ ရဲဘော်အချို့ ကမူ နေရပ်ပြန်၍ လယ်ထွန်မည်၊ ရရာအလုပ် လုပ်မည် စသည်ဖြင့် ပြောဆို နေကြ၏။ မျှော်လင့်ချက်ကင်းမဲ့၍ ဦးတည်ချက် ပျောက်ဆုံးနေသော ဘဝမျိုး ဟုဆိုရပေလိမ့်မည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်များကလည်း နောက်လိုက် ငယ် သားတို့၏ ရှေ့ရေးကို အာမခံချက် မပေးနိုင်၊ နှစ်သိမ့်မှုလည်း မပေးနိုင်ကြချေ။

## လေထီးစအတွက် ခိုက်ရန်ဖြစ်ကြခြင်း

ရိက္ခာများကို လေထီးဖြင့် ချပေးခြင်းဖြစ်သည်။ အစိမ်းရောင် လေထီး နိုင်လွန်စကို အမျိုးသမီးများက ဖက်ရှင်အဖြစ်ဝတ်ဆင်ကြသဖြင့် အလုအယက် များဖွေ့ဝယ်ယူကြသည်။ အချို့ရဲဘော်များသည် သူတို့၏ ရည်းစားများကို လက် ဆောင်ပေးရန် လေထီးစလုရင်း ခိုက်ရန်ဖြစ်ပွားကြ၏။ ရန်ပွဲများ မကြာခဏ ဖြစ်လွန်း၍ ဗိုလ်ကြီးလှဖေက ဥပုသ်နေ့တစ်နေ့တွင် ကျွန်ုပ်တို့ အားလုံးကို ဘုန်းကြီးကျောင်းရှေ့တွင် လူစု ခိုင်းသည်။ ဘုန်းကြီးကျောင်းသို့ ဥပုသ်ယူရန် လာသော ပရိတ်သတ်များမျက်မှောက်တွင် ကျွန်ုပ်တို့ရဲဘော်များကို အပြစ် ပေးသည့်အနေနှင့် ကျောင်း (၃)ပတ် အပြေးခိုင်းပါသည်။ ကျွန်ုပ်တို့ရဲဘော် များလည်း လေထီးစအတွက် ခိုက်ရန်ဖြစ်ခဲ့ကြသည်ကို နောင်တရပြီး စိတ်မ ကောင်းကြီးစွာ ဖြစ်ခဲ့ကြပါ၏။

## ရဲဘော်တစ်ဦးသေဆုံးခြင်း

ကျွန်ုပ်တို့ ရဲဘော်များသည် ဘုရားဖူးလာသူများနှင့် ဥပုသ်သည် များအတွက် ဆောက်လုပ်ထားသော ဇရပ်များတွင် နေထိုင်ကြ ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ နံနက်တိုင်းပြုလုပ်ရသောဝတ္တရားမှာ မိမိ၏ရိုင်ဖယ်သေနတ်ကို မိမိ ကိုယ်တိုင် သန့်ရှင်းရေး လုပ်၍သိမ်းဆည်းရခြင်းဖြစ်သည်။ တစ်မနက်တွင် ရဲဘော်တစ်ဦးသည် သူ၏ရိုင်ဖယ်ကို သန့်ရှင်းရေးပြုလုပ်စဉ် မောင်းကို ဆွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



မိရာ ဒိုင်းခနဲကျည်ဆံထွက်သွား၍ ကျွန်ုပ်အနီးရှိ ရဲဘော်တစ်ဦး ရင်ဘတ်တွင် ထိမှန်ကာ ပွဲချင်းပြီး သေဆုံးသွားခဲ့လေသည်။ ကျွန်ုပ်တို့အားလုံး တဒင်္ဂမျှ ထိုင်သည့်နေရာမှာပင် မှင်သက်မိနေခဲ့ကြသည်။ အရုပ်ဆိုး အကျည်းတန်လှသော ထိုဖြစ်ရပ်ကို မည်သည့်နည်းနှင့်မျှ အကြောင်းပြ ဖြေရှင်းချက် ထုတ်၍ မရနိုင် ကောင်းပေ။ စုံစမ်းစစ်ဆေးမှု အနည်းငယ်မျှ ပြုလုပ်ပြီး မတော်တဆ ဟူ၍ သတ်မှတ်လိုက်ကြသော်လည်း လက်ခံယုံကြည်မည့်သူ မရှိသလောက်ပင်။ မနာလို ဝန်တိုစိတ်ကြောင့် ဖြစ်သည်ဟု တီးတိုးပြောဆိုသံများလည်း ကြားရသည်။ မတော်တဆ ကျည်ထွက်သည့် ထိုရဲဘော်မှာလည်း သူပုန်စီးသော အချိန်အတွင်း အသေဆိုးနှင့် သေသွားကြောင်း နောက်ပိုင်းတွင် သတင်းစကား ကြားရပါသည်။

## စစ်တွင်းကာလ မိသားစုဘဝ

ကျွန်ုပ်တို့အိမ်သစ်မှာ ကျွန်ုပ်တို့ငယ်စဉ်က နေထိုင်ခဲ့သောအိမ်ကြီးနှင့် လုံးလုံးလျားလျား မတူတော့သဖြင့် 'အသစ် ဘယ်လိုကောင်းသော်လည်း အဟောင်းကိုတော့ တလည်လည်'ဟူသော ရှေး စကားအတိုင်း ရှေးယခင်က အိမ်ကြီးကို လွမ်းတသသ ဖြစ်နေကြပါတော့သည်။ အိမ်သူအိမ်သားများမှာလည်း စစ်ဘေးစစ်ဒဏ်ကို အတူတကွ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ကြရပေသည်။ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အဓိကလိုအပ်ချက်များ အစစအရာရာ ရှားပါး ပြတ်တောက်လျက်ရှိသော စစ်အတွင်းကာလတွင် အသက်ရှင် ရပ်တည်နိုင်ရေးမှာ အထူးပင်ခက်ခဲပါဘိတောင်း။ အမေ့ခမျာလည်း ခေတ်စနစ်နှင့် အလိုက်သင့် အလျားသင့်ပင် နေထိုင်ခဲ့ရရှာပေ၏။

ကျွန်ုပ်၏အစ်မကြီး ဒေါ်မေကြွေ(မယ်မယ်)သည် စစ်အတွင်းကာလမှာပင် ကိုညွန့်လှိုင်နှင့် အိမ်ထောင်ကျသည်။ ထို့ကြောင့် အမေ့တွင် အနည်းငယ်တာဝန် ပေါ့သွားဟန်တူသည်။ နိစ္စဓူဝဟင်းရွက်ဟာဗီရများနှင့် စပ်လျဉ်း၍ မိန်းကလေးများကို စီမံကွပ်ကဲပြီးနောက် နေ့လည်နေ့ခင်းဆိုလျှင် ဖျာပေါ်မှာ လဲလျောင်းကာ ရေနွေးကြမ်းသောက်နေလေ့ရှိသော အမေ၏ဟန်ပန်ကို မြင်ယောင်နေမိပါတော့သည်။ ကျွန်ုပ်၏ အထက်က ကပ်လျက် အစ်မ ဒေါ်သန်းစုသည် မိသားစုကို ထောက်ပံ့နိုင်ရန် ဈေးထဲတွင် ဆိုင်လေးတစ်ဆိုင်ဖွင့်၍ ဈေးရောင်းနေရသည်။ ဂျပန်ခေတ်တစ်လျှောက်လုံး ကျွန်ုပ်တို့၏အိမ်မှာ အနီးကပ်စောင့်ကြည့်ခံရရုံသာမက လူတစ်ဦးတစ်ယောက်မျှ မရှိသည့်တိုင် အိမ်ပတ်ဝန်း



ကျင်ကို အစောင့်အကြပ်များ ချထားလေ့ရှိသည်။ ဂျပန်ဆုတ်ပြီး နောက်ပိုင်းမှာပင် သင်္ကာမကင်းသူများကို မျက်စိဒေါက်ထောက်ကြည့်နေသည့် သဘောဖြင့် အစောင့်အကြပ်ချထားသေးသည်ကို တွေ့ရပါ၏။

အစ်ကိုကြီး ကိုဘသိန်းတင်သည် ဂျပန်တော်လှန်ရေးတွင် တိုင်း စစ်ရေးတာဝန်ခံအဖြစ် တက်ကြွစွာဦးဆောင်ခဲ့သူဖြစ်ရကား ဂျပန်စုံထောက်များက ကျွန်ုပ်တို့ အိမ်သူအိမ်သားများကို အမြဲတန်း မျက်ချည်မပြတ် စောင့်ကြည့်နေခဲ့ကြသည်။ အရွယ်ရောက်သော သားယောက်ျားလေးအားလုံး တော်လှန်ရေးထဲ ဝင်ကုန်ကြသဖြင့် အမေနှင့်တကွ အစ်မများနှင့် ကလေးငယ်များအားလုံးကို မင်းရပ်ရွာသို့ ပို့ထားရသည်။ သူတို့သည် ထိုနေရာတွင် စစ်ကြီးပြီးဆုံးသည်အထိ သိုသိုသိပ်သိပ် နေထိုင်ခဲ့ကြပါသည်။ အမေသည် သူ တွေ့ကြုံခံစားရသော အခက်အခဲ အကြပ်အတည်းများကို ငြီးငြူခြင်း လုံးဝမရှိဘဲ လောကဓံလှိုင်းတံပိုး ပုတ်ခတ်သမျှ အံကြိတ်ကာ ခါးစည်း၍ ခံခဲ့ရှာသည်။ ကျွန်ုပ်တို့ အိမ်သစ်ကို ပြောင်းရွှေ့နေထိုင်ကြသောအခါ အစစအရာရာ ပြောင်းလဲနေပြီး အိမ်ခြေအလွန်စိတ်ပါသည်။ လမ်းများက ဖြောင့်ဖြောင့်တန်းတန်း ဖြစ်လာသည်။ တစ်အိမ်နှင့်တစ်အိမ် ကပ်လွန်းသဖြင့် ရှေးယခင်ကကဲ့သို့ လွတ်လွတ်လပ်လပ် နေထိုင်၍မရတော့ပေ။

## ကံကြမ္မာအလှည့်အပြောင်း

ကျွန်ုပ်တို့ သရက်ချောင်းမှာရှိစဉ် 'ဗြိတိသျှ အရပ်ဘက်အုပ်ချုပ်ရေး အဖွဲ့က (၁၀)တန်း စာမေးပွဲ လုပ်ပေးမယ်လို့ ပြောတယ်။ ငါ့မောင် စာမေးပွဲ ဝင်ဖြေရအောင် BPF ကထွက်ပြီး ပြန်လာခဲ့ပါ' ဟု မမ ဒေါ်သန်းစုထံမှ အကြောင်းကြားစာ ရောက်လာသည်။ BPF တပ်ဖွဲ့ဝင်များကို ရန်ကုန်သို့ လာကြရန် အမိန့်ထုတ်ထားပြီဖြစ်၍ အခြားတပ်ဖွဲ့ဝင်များနှင့်အတူ ရန်ကုန် လိုက်သွားရမည်လား၊ တပ်မှထွက်ရမည်လား၊ ကျွန်ုပ်အနေဖြင့် ရုတ်တရက် မဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံ ဖြစ်နေမိသည်။ စစ်ပညာသင်ပြီး အမိန့်ကိုနာခံရသည့်စစ်သားဘဝကို တစ်သက်လုံးလုပ်နိုင်ပါမည်လောဟူ၍ မိမိကိုယ်မိမိ စောကြောမိသည်။ အမှန်အတိုင်းဝန်ခံရလျှင် ယခုအခါဒုတပ်ကြပ်အဆင့် ရောက်ရှိနေသော ကျွန်ုပ်သည် အခြေအနေ အရပ်ရပ်က တွန်းပို့လိုက်သောကြောင့်သာ စစ်သားဘဝကို

www.burmeseclassic.com



ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။ ကျွန်ုပ်၏ရင်ထဲတွင်ကား ဆရာဝန်ဖြစ်အောင် စာဆက်သင်လိုသောဆန္ဒ ကိန်းအောင်းလျက်ရှိသည်။ ထိုရည်ရွယ်ချက်ဆန္ဒကို အကောင်အထည်ဖော်ရန်အတွက် နှစ်ရှည်လများ စွန့်လွှတ်အနစ်နာခံ၍ ပညာဆည်းပူးရမည်ဖြစ်ရကား ရှေ့ဆက်ရမည့်ခရီးလမ်းမှာ ပန်းခင်းသောလမ်းကဲ့သို့ သက်သောင့်သက်သာ ချောချောမွေ့မွေ့ ဖြစ်နိုင်မည် မဟုတ်ချေ။

## ကျွန်ုပ်၏ဘဝ ရည်မှန်းချက်

ကျွန်ုပ်၏ပြင်းပြသောဘဝရည်မှန်းချက်ကား ဝေဒနာရှင်များကို ပြုစုကုသပေးနိုင်သည့် မွန်မြတ်သော သမ္မာအာဇီဝလုပ်ငန်းဖြစ်သည့် ဆရာဝန်လုပ်ရန် ဖြစ်ပါသည်။ ထိုစဉ်က မြန်မာလူမျိုးဆရာဝန်ဆို၍ လက်ချိုးရေတွက်၍ရနိုင်လောက်အောင် နည်းပါးလှပေသည်။ ဆရာဝန်အများစုမှာ စစ်တွင်းကာလမြန်မာပြည်မှ စွန့်ခွာပြီး အိန္ဒိယသို့ ပြန်သွားကြသော ကုလားလူမျိုးများ ဖြစ်ကြသည်။ ဆရာဝန်ရှားသကဲ့သို့ ဆေးဝါးလည်း ရှားပါးသောကြောင့် စစ်အတွင်းကာလတွင် ရောဂါဘယ ဆိုက်ရောက်ပြီး လူတို့၏အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ မမသန်းက (၁၀)တန်းစာမေးပွဲပြန်ဖြေရန် ကျွန်ုပ်အား အကြိမ်ကြိမ် စာရေးအကြောင်းကြားသဖြင့် နောက်ဆုံးတွင် ကျွန်ုပ်လည်း ရဲဘော်ရဲဘက်များကို နှုတ်ဆက်ပြီး ထားဝယ်သို့ ပြန်ခဲ့ပါ၏။

'မနီ'ကိုမူ ထားဝယ်ပြန်၍ပညာသင်မည့်အကြောင်း၊ နောက်ထပ် ပြန်ဆုံကြဖို့ မလွယ်သည့်အကြောင်း၊ နှုတ်ဆက်စကား အနည်းငယ်မှအပ အခြားသောစကား တခွန်းတပါဒမျှ ပြောမထွက်ပေ။ ထားဝယ်လုံချည် အနီရောင်လေးကို ဝတ်ဆင်ထားပြီး ဟန်လုပ်ကာ ပြုံး၍နေရှာသော သူမ၏မျက်နှာကို ယခုတိုင်မြင်ယောင်နေမိပါ၏။ စင်စစ်မူ ကျွန်ုပ်သည် သူ့ကို ချစ်ကြောင်း ကြိုက်ကြောင်းဖွင့်ဟ၍မပြောခဲ့ဖူးသကဲ့သို့ သူမကိုယ်တိုင်လည်း အုံ့ပုန်းချစ်ဘဝနှင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရကြောင်း ကျွန်ုပ်လည်း ရိပ်စားမိပါ၏။ ထိုစဉ် ထိုအချိန်က ကျွန်ုပ်တို့မှာ မိမိတို့၏ဝမ်းရေးကိုပင် ဖူလုံအောင် လုပ်နိုင်စွမ်းမရှိသည့်အလျောက် ဤအဆင့်ထက်ကျော်လွန်၍ အိမ်ယာထူထောင်ရန် စိတ်ကူးမယဉ်နိုင်ချေ။ စိတ်ကူးမယဉ်ရဲချေ။ ၁၉၄၇ခုနှစ်အတွင်းက ကျွန်ုပ်သည် မနီထံသို့ အဝတ်စများ ပို့ပေးခဲ့ဖူးသော်လည်း ထိုပစ္စည်းများကို သူမ ရကြောင်း မရကြောင်းပင် မသိရပါ။ နောက်မှ ကျွန်ုပ်ကြားသိရသည်မှာ လူဆိုးတစ်ယောက်က မနီကို အတင်းအဓမ္မဆင်ပေါ်တင်ပြီး ခိုးပြေးသွားသည် ဟူ၏။



## (၁၀)တန်းစာမေးပွဲ

ကျွန်ုပ်သည် (၁၀)တန်းစာမေးပွဲဖြေရန် အိမ်ပြန်လာခဲ့သည်။ ကျွန်ုပ်သည် ဂျပန်ခေတ်က (၁၀)တန်း စာမေးပွဲအောင်ခဲ့သဖြင့် ယခုအခါ အင်္ဂလိပ်စာတစ်ဘာသာတည်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ပြဌာန်းစာအုပ်ထဲမှစာများအားလုံးကို အခေါက်ခေါက် အခါခါ ကျက်မှတ်ထားခဲ့ဖူးသောကြောင့် စစ်ကြီးအတွင်းမှာလည်း ထိုစာများကိုမမေ့ဘဲ ခေါင်းထဲတွင် စွဲမြဲကျန်ရစ်နေခဲ့လေသည်။ ရှေးယခင်က နှစ်ရှည်လများ စာပေလေ့လာကျက်မှတ်ခဲ့ခြင်းမှာ အကျိုးထူးလှ ပေ၏။ မိမိဖတ်ရှုလေ့လာခဲ့သော စာအုပ်စာတမ်းများကို ဝယ်ယူစုဆောင်းခဲ့သည့် ကိုကြည်စိန်နှင့် ကိုဘသိန်းတင်တို့၏ကျေးဇူးမှာ ကြီးမားပေစွ။ ကျွန်ုပ်သည်(၁၀)တန်းစာမေးပွဲကို အခက်အခဲမရှိဘဲအောင်မြင်ကာ တက္ကသိုလ်တက်ရန် အခွင့်အရေးကို ရရှိခဲ့ပါသတည်း။

## ဒုတိယအကြိမ်စီးပွားရေးလုပ်ကြည့်ခဲ့ခြင်း

အင်္ဂလိပ်ပြန်ဝင်ချိန်၌ စားဝတ်နေရေး မလွယ်ကူလှပေ။ ဈေးထဲတွင်အထည်ဆိုင်ဖွင့်ထားသော မမသန်းက ကျွန်ုပ်ကို ရန်ကုန်သို့ အထည်များဝယ်ရန် စေလွှတ်သည်။ အစ်မကြီးသည် သူ၏ စိန်နားကပ်လေးကို ထုခွဲပြီး စီးပွားရေးလုပ်ရန် ကျွန်ုပ်အား ပုံအပ်လိုက်ခြင်း ဖြစ်သည်။ ဖါလာစေ့များသည် ရန်ကုန်တွင် ဈေးကောင်းရသည်ဟု ပြောကြသောကြောင့် ဖါလာစေ့ပိဿာချိန် (၈၀၀-၁၀၀၀) ခန့်ဝယ်ပြီး အစ်ကို၏မိတ်ဆွေများ ပိုင်သော ရွက်လှေကြီးဖြင့် စီးပွားရေးခရီး ထွက်ခဲ့ပါသည်။

လှေသည် အလျား ပေ ၂၀၊ အနံ ၇ပေခန့်ရှိ၍ အလယ်တွင် ရွက်တိုင်ကြီးတစ်ခုရှိသည်။ လှေ၏ပဲ့ပိုင်း တစ်ဝက်ခန့်ကို သက်ကယ်မိုးထားသည်။ ကျွန်ုပ်တို့သည် ထိုအမိုးအောက်မှာပင် စားသောက်နားနေ အိပ်စက်ကြရ၏။ ကုန်များတင်ပြီးနောက် ထားဝယ်ဆိပ်ကမ်းမှခွာပြီးလျှင် ပင်လယ်ဝကို ရောက်သည်။ ထို့နောက် ရေမြို့ကို ဦးတည်လျက်ရှိသော ရှင်မော် အငူကို ပတ်၍ သွားရသည်။

ရွက်လွှင့်ပြီး ခရီးနှင်ခိုက် ကံမကောင်း အကြောင်းမလှသဖြင့် ရွက်ကြိုးသည် အလယ် တည့်တည့်တွင် ဒေါင်လိုက် (၂) ခြမ်း ကွဲပြီး စုတ်ပြဲသွားလေ၏။ ရွက်ကို ပြန်ချပြီး လက်ချုပ်ချုပ်၍ ရွက်ကို ပြန်တင်ကြသည်။ သို့သော် ရွက်မှာဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သောကြောင့် ချုပ်ပြီးပြန်စုတ်လေသည်။ သို့နှင့် ကျွန်ုပ်တို့သည် ရွက်ကိုပြန်ချပြီး ချုပ်လိုက်၊ ရွက်ပြန်လွှင့်၍ ပြန်စုတ်လျှင် ချုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ဖန်တစ်ရာတေအောင် ချုပ်လုပ်ဖာထေးရသဖြင့် ရွက်တစ်ခုလုံး ဖာရာထေးရာ ဗရပျစ် ဖြစ်နေတော့သည်။

ကျွန်ုပ်တို့သည် ပင်လယ်ထဲတွင် (၁၀)ရက်မျှကြာသော်လည်း ရေးမြို့ကိုပင် မရောက်သေးချေ။ ပင်လယ်ခရီးမှာ သက်သောင့် သက်သာ မရှိပေ။ ရွက်မလွှင့်နိုင်သောအခါများတွင် ပင်လယ်ရေသည် ဖန်သားပြင်ကဲ့သို့ ငြိမ်သက်နေ၏။ ကျွန်ုပ်တို့ လှေနားကိုဖြတ်၍သွားသော လင်းရှူးအုပ်ကြီးများမှာ ကြည့်၍ ပင်ကောင်းလှ၏။ ငါးပျံများကလည်း ရေမျက်နှာပြင်ပေါ် တက်လာ၍ ပျံသည်ဆိုရုံမျှ ပျံပြီး ရေထဲငုပ်ဆင်းသွားကြသည်။

ညရောက်လျှင် လေကြောင်းပြောင်းသွားသည်။ လှေသူကြီးက ကျွန်ုပ်တို့ကို အော်ပြီး သတိပေးလျှင် ကျွန်ုပ်တို့သည် ခပ်မြန်မြန်ထပြီး ခြေရင်း ခေါင်းရင်းပြောင်း၍ အိပ်ကြရ၏။ လေကြောင်းပြောင်းသည့်အခါတိုင်း ဤကဲ့သို့ ခြေရင်းခေါင်းရင်းပြောင်းရသဖြင့် တစ်ညထဲမှာပင် အကြိမ်ကြိမ်ပြောင်းရသည်။ သို့မဟုတ်ပါက လှေတိမ်းစောင်းသွားနိုင်သည်ဟုဆို၏။

ကျွန်ုပ်တို့ထမင်းစားသောအခါ ဟင်းခွက်များမဖိတ်စေရန် တစ်ဝက်မျှသာ ထည့်ရသည်။ ဆောင့်ကြောင့်ထိုင် စားရင်း လှိုင်းပုတ်သည်နှင့် ဆိုင်းချက်ညီညီ ခန္ဓာကိုယ်ကို ယိမ်း၍ ပေးရသည်။ အိမ်သာသွားသည့်အခါ စိတ်မချမ်းသာဖွယ် ကောင်းလှပါသည်။ အိမ်သာမပါရှိသောကြောင့် ကျွန်ုပ်တို့သည် မစင်စွန့်လိုလျှင် လှေဦးသို့သွားရသည်။ လှေဦး၌ လှေဘက်ကို မျက်နှာမူလျက် ထိုင်ရင်း ကြိုးများကို အားပြု၍ ကိုင်ထားလျက် ကျင်ကြီးကျင်ငယ် စွန့်ရခြင်းဖြစ်ရာ ပင်လယ်ရေက မိမိတင်ပါးကို တဝုန်းဝုန်းလာ၍ ပုတ်ခတ်နေသည်မှာ အသည်းထိတ်ဖွယ် ကောင်းလှသည်။ ရံဖန်ရံခါ၌ ကျီစယ်တတ်သော ပုံနင်းက တစ်ယောက်ယောက် အိမ်သာထိုင်နေစဉ် လှေကို တလိမ့်လိမ့်တက်လာသော လှိုင်းလုံးကြီးများနှင့် ကန့်လန့်ခံ ပေးလိုက်လျှင် အိမ်သာထိုင်နေသူမှာ တင်ပါးသာမက တကိုယ်လုံး ရွှဲရွှဲစိုသွားလေတော့သည်။

## ရွက်သစ်ထူ၍ အရှေ့လေအတိုင်းရွက်လွှင့်ခြင်း

ပင်လယ်ခရီး (၁၂)ရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့အားလုံး၏ မေတ္တာရပ်ခံချက်အရ လှေပိုင်ရှင်သည် ရေးမြို့သို့သွား၍ ရွက်အသစ် ဝယ်ယူပြုလုပ်ရန် ကတိပြုပါသည်။ ကျွန်ုပ်တို့သည် ရွက်အသစ် ချုပ်နေစဉ် ရေးမြို့၌



ခေတ္တနားနေပြီး ထိုနေ့ နေ့လည်ပိုင်းမှာပင် ရွက်ပြန် တင်နိုင်ခဲ့သည်။ ရေးမြို့ ပင်လယ်ဝမှ ညနေ (၆)နာရီခန့်တွင် ထွက်ခွာခဲ့ကြသည်။

ပင်လယ်ပြင်ထဲရောက်သည်နှင့်တစ်ပြိုင်နက် အရှေ့လေပြင်းနှင့် တိုးပြန်ပါတော့သည်။ ကျွန်ုပ်တို့၏ လှေသည် စက်လှေကဲ့သို့ တဝှီးဝှီး အသံမြည်ကာ လှိုင်းလုံးများကို ဖြတ်ကျော်သွားလေ၏။ လေပြင်းလျှင် လှေမမှောက်စေရန် ရွက်၏သုံးပုံတစ်ပုံခန့်သာ လွှင့်ထူရသည်။ လေပြင်းတိုက်နေသောကြောင့် ကျွန်ုပ်တို့သည် ညဘက်ဆိုလျှင် ကောင်းကောင်း မအိပ်နိုင်ကြတော့ဘဲ နိုးနိုးကြားကြားနေကြရပါသည်။ နောက်နေ့ မနက်လင်းချိန်တွင် ကျွန်ုပ်တို့သည် ရန်ကုန်မြစ်ဝသို့ ရောက်ရှိလာခဲ့ကြ၏။ ထိုအခါ လေငြိမ်နေပြီဖြစ်၍ မြစ်မထဲသို့ လွယ်လင့်တကူ လျှောဝင်လာခဲ့ကြပါသည်။ ပင်လယ်ကူးသင်္ဘောကြီးများက ကျွန်ုပ်တို့ကို လက်များ ဝှေ့ရမ်းကာ နှုတ်ဆက်ကြိုဆိုကြပြီး ကျွန်ုပ်တို့ကလည်း သူတို့ကို အပြန်အလှန် လက်ဝှေ့ရမ်း နှုတ်ဆက်ကြသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အနန္တောအနန္တ (၅)ပါး၏ ဂုဏ်ကျေးဇူးဖြင့် ရန်ကုန်သို့ ချောမောစွာ ရောက်ခဲ့ကြပါတော့၏။

## ရန်ကုန်တွင် ဖါလာစေ့များရောင်းချခြင်း

ကျွန်ုပ်သည် ကြည့်မြင်တိုင်တွင် တည်းခိုရာ သယ်ယူလာခဲ့သော ဖာလာစေ့များကို ရောင်းချရေးအတွက် အခက်ကြုံနေရ၏။ ကျွန်ုပ်သည် ကိုဘသိန်းတင် နေထိုင်သော ဘိုလိန်းလမ်းကိုသွားသည်။ ကိုကြည်စိန်လည်း ထိုနေရာသို့ မကြာခဏလာပါသည်။ ကျွန်ုပ်မှာ စီးပွားရေးလောက ဝဲသြယထဲတွင် နစ်မြုပ်ရပြန်ပေပြီ။ ကျွန်ုပ်ဝယ်လာခဲ့သည့် ဖာလာစေ့များမှာ ရန်ကုန်တွင် လတ်တလော အဝယ်လိုက်သော ပစ္စည်းမဟုတ်ချေ။ ကာလ အတန်ကြာမှ ယင်းတို့ကို ပေါက်ဈေးဖြင့် ရောင်းချပြီး အကျိုး အမြတ်ရမည့် မည်သည့် ကုန်ပစ္စည်းမျိုး ဝယ်ရမည်ကို အကြံထုတ်ရပြန်ပါသည်။

## အရွေးမှားပြန်ခြင်း

ကျွန်ုပ်တို့မိသားစု၏ မိတ်ဟောင်းဆွေဟောင်းတစ်ဦးဖြစ်သော မကြီးမညွှန့်၏ဦးလေးတစ်ယောက်က ကျွန်ုပ်အား 'စစ်ပြီးတော့ အိမ်တွေ ပြန်ဆောက်တဲ့အခါ သစ်တွေကို ရေနံချေးသုတ်ရမည်ဆိုတော့ ရေနံချေးဝယ်ရင် မမှားဘူးကွ။ မန်ကျည်းလည်း ထားဝယ်မှာ ဈေးကောင်း ရနိုင်တယ်ကွ'ဟု အကြံ

www.burmeseclassic.com

www.burmeseclassic.com



ပေးသဖြင့် ကျွန်ုပ်သည် မမသန်းမှာလိုက်သောအထည်အချို့ကို ဝယ်ပြီး ရေနံချေးနှင့် မန်ကျည်းသီး တော်တော်များများ ဝယ်လိုက်သည်။ ကိုယ်တိုင်နားမလည်ဘဲ သူများစကားကို နားယောင်ပြီး ကုန်ဝယ်မှားသဖြင့် ငါးပါးမှောက်ခဲ့ရသည်။ ရန်ကုန်မှပြန်သောအခါ အခြားလှေတစ်စင်းဖြင့် ပြန်ခဲ့ရာ လမ်းခရီးတွင် အထစ်အငေါ့ မရှိခဲ့ပါ။

ထားဝယ်ရောက်သော် အစ်မကြီးများက ' ဘာကုန်ဝယ်ခဲ့သလဲ' ဟု မေးရာ ကျွန်ုပ်၏ အဖြေကြောင့် သူတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ကြရာသည်။ ရေနံချေးမှာ ဝယ်သူမရှိ၍ လက်လီရောင်းသူတစ်ဦးထံ အပ်နှံလိုက်ရာ ရသင့်သောတန်ရာတန်ကြေးကိုပင် ပြန်မရချေ။ မန်ကျည်းသီးကိုလည်း စိမ်ပြေနပြေ ကုန်အောင် ရောင်းရခြင်းဖြစ်သဖြင့် အကျိုးအမြတ် အရာမထင်လှပေ။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏အမေနှင့်အစ်မကြီးများက 'မောင်စိုးမြင့် စီးပွားရေးလုပ်လိုက်တာ သူ့အစ်မရဲ့စိန်နားကပ်တစ်ရံ ဆုံးပါရောလား' ဟု မကြာခဏ ကျီစယ် ပြက်ရယ်စကား ပြောကြပါ၏။ အမှန်အားဖြင့် ကျွန်ုပ်သည် ကုန်ရောင်းကုန်ဝယ်ကို တတ်ကျွမ်းနားလည်သူ မဟုတ်ချေ။ နဖူးတွေ့ဒူးတွေ့လုပ်ရသောအခါ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်း မရှိခြင်းကြောင့် မရှုံးသင့်ဘဲ ရှုံးရခြင်းဖြစ်ပါသတည်း။

## အခန်း (၆)

## တက္ကသိုလ် ပညာရေး

ကျွန်ုပ်၏ဘဝရှေ့ရေးမှာ မရေမရာမသေမချာဖြစ်နေပြီ။ ကျွန်ုပ်အနေဖြင့် ဆရာဝန်ဖြစ်ရန် အာသီသ ပြင်းပြသော်ငြားလည်း လျှောက်လှမ်းရမည့်ခရီးလမ်းက ရှည်လျားလှ၏။ ကျောင်းစရိတ်ကို မည်သူက ထောက်ပံ့မည်နည်း။ (၁၀)တန်းအောင်ပြီးနောက် တက္ကသိုလ်ဆက်တက်လျှင် ငွေကုန်ကြေးကျ များဦးမည်ဖြစ်ရာ ကျွန်ုပ်၏မိခင် မုဆိုးမကာမူ ထောက်ပံ့နိုင်မည် မဟုတ်ပေ။ မောင်နှမရင်းချာထဲတွင်လည်း ကူညီ ဖြေရှင်းနိုင်မည့်သူလည်း မမြင်ပါ။

### ကယ်တင်ရှင် အစ်ကိုနှင့်မရီး

တက္ကသိုလ်ဆက်တက်ရေးအတွက် ထိုကဲ့သို့အခက်ကြုံနေသောအချိန်တွင် ကျွန်ုပ်၏အစ်ကိုကိုကြည်စိန်က 'မင့်ပညာရေးအတွက် ငါတို့ လင်မယားက တာဝန်ယူမည်'ဟု အကြောင်းကြားလာပါသည်။ ကိုကြည်စိန်သည် ပထမဇနီးဒေါ်ရီရီ ကွယ်လွန်သွားပြီး ဒေါ်ရီရီ၏အစ်မ ဒေါ်ကြည်ကြည်နှင့် လက်ဆက်ထားသည်။ သူတို့ဇနီးမောင်နှံက ကျွန်ုပ်အား တက္ကသိုလ်တက်ဖို့ ရန်ကုန်လာရန်ခေါ်ပါသည်။ ထိုသတင်းကား သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က ဘုန်းကန်ခိုးအာနုဘော်ဖြင့် ဆောင်ကြဉ်းသယ်ယူလာဘိသကဲ့သို့ ကျွန်ုပ်အား အတိုင်းပသိ ကြည်နူးဝမ်းသာ ဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်သည် ရေယာဉ်လှေဖြင့် ရန်ကုန်သို့အမြန်ဆုံးထွက်လာခဲ့သည်။ ရန်ကုန်ရောက်လျှင်ရောက်ချင်း အမှတ် (၁၈)ကိုလိန်းလမ်းရှိ ကျွန်ုပ်၏အစ်ကိုထံ သွားရောက်တွေ့ဆုံပါသည်။ အစ်ကိုကြီးကသူတို့ဇနီးမောင်နှံအနေဖြင့် ကျွန်ုပ်အား ဆရာဝန်ဖြစ်သည်အထိ ငွေကြေးထောက်ပံ့မည့်အကြောင်း၊ ကျွန်ုပ်အနေဖြင့်လည်း အပြန်အလှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏စီးပွားရေးလုပ်ငန်းတွင် တစ်ဖက်တစ်လမ်းမှ ကူညီ လုပ်ကိုင်ပေးရမည့် အကြောင်း ရှင်းလင်းပြောပြပါသည်။

## အစ်ကိုကြည်စိန်၏စီးပွားရေး

ကိုကြည်စိန်၏ယောက္ခမသည် ဝါးခယ်မမြို့တွင် BOC ရေနံ ကိုယ်စားလှယ်အဖြစ် လက်လီလက္ကား ရောင်းချ ဖြန့်ဖြူးသူဖြစ်၏။ ထို့ကြောင့် သူတို့အဖို့ Monkey Point ရှိ ရေနံသိုလှောင်ရုံမှ ဝါးခယ်မသို့ ရေနံများ မပြတ်လပ်အောင် တင်ပို့ပေးရန် အလွန်အရေးကြီးသည်။ ထို့ပြင် သူတို့သည် မြန်မာနိုင်ငံတွင် ချည်ခင်နှင့် စီးကရက်များ ဖြန့်ဖြူးသော စတီးဘရားသားကုမ္ပဏီကြီး၏ ကိုယ်စားလှယ်လည်း ဖြစ်သည်။ အင်္ဂလန်နှင့် အခြားဒေသများ မှလာသော ချည်ခင်များကို ရောင်းချခြင်းသည် အလွန် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းဖြစ်သည့်အလျောက် သဲ့ယူသကဲ့သို့ ငွေဝင်သောအချိန်အခါ ဖြစ်သည်။ သူတို့သည် ဝါးခယ်မတွင် ကုန်မျိုးစုံရောင်းချသော ဆိုင်ကြီးတစ်ဆိုင် ရှိရာ ဒေသခံတို့အသုံးလိုသော ကုန်ပစ္စည်းများကိုလည်း သိုလှောင်ရပါသည်။

များမကြာမီ ကိုကြည်စိန်တို့မိသားစုသည် ဘိုလိန်းလမ်းတွင် တိုက်ခန်းတစ်ခန်းဝယ်ပြီး ပြောင်းရွှေ့နေထိုင်ကြသည်။ ကိုကြည်စိန်၏ဇနီးမှာ ထိုအချိန်က ကိုယ်လေးလက်ဝန် ဖြစ်နေပြီ။ သူတို့၏မိသားစုတွင် ယောက္ခမ 'ဒေါ်ရင်ကြိန်'နှင့် ယောက်ဖ 'အိမ်ထိုင်' တို့ပါရှိသည်။ ကျွန်ုပ်လည်း သူတို့နှင့်အတူ လာရောက်နေထိုင်၍ ခါတ်ဆီ၊ ရေနံဆီ၊ စီးကရက်နှင့် အခြားကုန်များကို ရန်ကုန်တွင် ဝယ်ယူစုဆောင်းပြီး ဝါးခယ်မသို့တင်ပို့ခြင်းစသော အစ်ကို၏လုပ်ငန်းများအား ကူညီ လုပ်ကိုင်ပေးခဲ့ပါသည်။ ထိုအလုပ်မှာ တစ်ခါတစ်ရံ၌ အလွန်ခက်ခဲပင်ပန်းပါ၏။ ကျွန်ုပ်နှင့်အိမ်ထိုင်တို့သည် နံနက်စောစောထပြီး Monkey Point ရှိ BOC ရုံးသို့သွား၍ စာရွက်စာတမ်းများကို လက်မှတ်ထိုးရသည်။ ထို့နောက် ခါတ်ဆီ၊ ရေနံဆီပီပါများကို ဝါးခယ်မသွားမည့် သမ္ဗာန်ကြီးများပေါ်သို့ တင်ပေးရသည်။ နေ့လည် (၂) နာရီ (၃) နာရီခန့် အိမ်ပြန်ရောက်မှ ထမင်းစားရသည်။ ကျွန်ုပ်တို့သည် စတီးဘရားသားကုမ္ပဏီမှာလည်း ချည်ခင်နှင့် စီးကရက်များ စုဆောင်းထုတ်ယူရသည်။ ဇိမ်ခံပစ္စည်းများရှားပါးသောအချိန် ဖြစ်သောကြောင့် ချည်ခင်နှင့် စီးကရက်ရောင်းသောအလုပ်မှာ အကျိုးအမြတ် အလွန်ရရှိပါသည်။



## တက္ကသိုလ်သို့ရောက်ရှိခြင်း

ကျွန်ုပ်၏အစ်ကို ကိုကြည်စိန်သည် ကျွန်ုပ်ကို သူ၏ဂျစ်ကားဖြင့် တက္ကသိုလ်ပရဝုဏ်အတွင်း နေရာအနှံ့ လိုက်ပြပြီးလျှင် ဘွဲ့နှင်းသဘင်ခန်းမသို့ သွား၍ သိပ္ပံပထမနှစ်တက်ရန်အတွက် မှတ်ပုံတင်ပေးပါသည်။ အစ်ကိုက စစ်မဖြစ်မီကတည်းက သူနှင့်သိကျွမ်းထားသော စာရေးကြီးဦးအောင်ဘုံကိုလည်း မိတ်ဆက်ပေးပါသည်။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် မိမိ၏ မွေးသက္ကရာဇ်ကို အတိအကျမသိချေ။ မှတ်ပုံတင်ရန်သွားသောနေ့က မတ်လအတွင်း ဖြစ်သည်။ ပြက္ခဒိန်တွင်ကြည့်ရာ ဧပြီလ(၅)ရက်သည် အင်္ဂါနေ့ ဖြစ်ကြောင်း တွေ့ရသဖြင့် ကျွန်ုပ်၏မွေးနေ့ကို ၅-၄-၁၉၂၇ ဟူ၍ မိမိ၏လျှောက်လွှာတွင် ဖြည့်စွက် ရေးသားလိုက်ပါသည်။ ဤကား ကျွန်ုပ်၏ မွေးသက္ကရာဇ်ရရှိပုံပင်ဖြစ်၏။

၁၉၄၆ ခုနှစ်၊ ဇွန်လလယ်လောက်တွင် တက္ကသိုလ်စ၍ ဖွင့်သောအခါ ကျွန်ုပ်သည် ပင်းယဆောင်အောက်ထပ်တွင် နေရပါသည်။ ကျွန်ုပ်အား ကိုကြည်စိန်ကပင် အဆောင်သို့ လိုက်ပို့ပေးပြီး အဆောင်နည်းပြ ဦးစိန်ဝင်းနှင့် မိတ်ဆက်ပေးခဲ့ပါသည်။ အဆောင်မှူးမှာ ဦးနက် ဖြစ်ပါ၏။

ကျွန်ုပ်သည် သတ္တဗေဒဘာသာတွဲကိုလျှောက်ထားသော်လည်း ကျွန်ုပ်၏အင်္ဂလိပ်စာအမှတ်မှာ (၅၈)ရာနှုန်းသာဖြစ်၍ Pure Science ဘာသာတွဲသာ ရပါသည်။ ထိုစဉ်က အင်္ဂလိပ်စာအမှတ်ပေးစည်းကမ်းကလည်း အလွန်ကြီးသောကြောင့် အင်္ဂလိပ်စာအမှတ်များများရရန် မလွယ်ပါ။ Pure Science ဘာသာတွဲတွင် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ ဘာသာရပ်များ သင်ရသည်။ ကျွန်ုပ်ကဲ့သို့ပင် သတ္တဗေဒဘာသာတွဲယူလိုသော ကျောင်းသား အမြောက်အမြားရှိသော်လည်း ထိုဘာသာရပ်ကို သင်ပြနိုင်မည့် ဆရာများ အလုံအလောက်မရှိသဖြင့် အပယ်ခံကြရပါသည်။ ထို့ကြောင့် ကျောင်းသားယုထဲတွင် မကြေနပ်မှုများ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ကျောင်းသား ကျောင်းသူများက တိုင်းပြည်တွင် ဆရာဝန်ရှားပါး၍ မသေသင့်ဘဲ သေရသည့် သာဓကများကို တင်ပြဆွေးနွေးကြသည်။ လက်ရှိသတ္တဗေဒဌာနမှူး ဦးဝင်းရှိန်နှင့် နောက်တက်မည့် ဒေါက်တာဦးလှကျော်တို့ (၂)ဦးကြားတွင်လည်း ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်မှု ပြဿနာ ရှိဟန်တူပါ၏။ ဒေါက်တာ ဦးလှကျော်သည် စစ်အတွင်းက ပညာတော်သင်အဖြစ် ဗြိတိန်နိုင်ငံတွင် ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်၏မိတ်သင်္ဂဟများ

စစ်ကြီးကြောင့် ကျောင်းများပိတ်ခဲ့ရသဖြင့် သစ်လွင်တက္ကသိုလ်ကျောင်းသားတို့မှာ အတော်လေး အသက်ရနေကြပြီ။ အချို့ကျောင်းသားများသည် ကျွန်ုပ်ကဲ့သို့ပင် စစ်ပြန်ရဲဘော်ဟောင်းများ ဖြစ်ဟန်တူ၏။ စစ်ဘေး စစ်ဒဏ်ကို မိဋ္ဌမမ္မ ကြုံတွေ့ခံစားခဲ့သူများ ဖြစ်ကြသည့်အလျောက် သူတို့၏ ခံစားချက်များကို ကုစား၍ ရနိုင်မည်မဟုတ်ပေ။ နောင်တွင် ညောင်လေးပင်မြို့ အထက်တန်းကျောင်းအုပ်ကြီးဖြစ်လာမည့် ကိုအုန်းကျော်နှင့် ကိုသောင်းတို့သည် ကျွန်ုပ်နှင့် အခန်းချင်းကပ်လျက်ဖြစ်သည်။ နောင်တွင် ခွဲစိတ်ပညာပါမောက္ခဖြစ်လာမည့် ကိုဘိုနီနှင့် မာဒေကား ကိုစိုးမြင့်တို့လည်း အခန်းနီးချင်းများ ဖြစ်ကြပါသည်။ ကိုဝင်းမောင်(မင်းယုဝေ) နှင့်သူ၏အစ်ကို ကိုကျော်မြင့်တို့က ဒေါင့်အခန်းတွင်နေသည်။ ပထမနှစ်တွင် ကျွန်ုပ်နှင့် တစ်ခန်းတည်း အတူနေသူမှာ ထားဝယ်မှ ကိုဖေအောင်ဖြစ်၏။ တစ်ခန်းနှင့်တစ်ခန်းကို ဝါးကပ်များဖြင့် ကန့်ထားခြင်းဖြစ်သည်။ ည(၁၁)နာရီ မီးပိတ်သောအခါ တစ်ခန်းနှင့်တစ်ခန်း အပြန်အလှန် စကားပြောကြရာ ဆရာများအကြောင်းလည်းပါ၏။ ကျောင်းသူများ အကြောင်းလည်းပါ၏။ မအိပ်မချင်း စုံစီနဖါ ပြောဆိုဆွေးနွေးကြမြဲ ဖြစ်ပါ၏။

## တက္ကသိုလ်၏အစဉ်အလာယဉ်ကျေးမှု

ထမင်းစားခန်းတွင် စစ်ကြိုခေတ်က ချမှတ်ခဲ့သော စည်းကမ်းများကို ထိန်းသိမ်းထားဆဲဖြစ်သည်။ အဖြူရောင် တူညီဝတ်စုံဝတ်ထားသော လူငယ်လေးများက စားပွဲထိုးကြသည်။ စစ်ကြီးသည် အများသိပြီးဖြစ်သော အနိဋ္ဌာရုံများသာမက စည်းပျက်ကမ်းပျက် လူများကိုလည်း မွေးထုတ်ခဲ့ဟန်တူသည်။ ထမင်းစားခန်း မဖွင့်မီ စည်းကမ်းတကျ တန်းမစီဘဲ ထမင်းစားခန်းဖွင့်ဖို့ ဆူကြပူကြ အော်ဟစ်ကြ၏။ ဖွင့်ပြန်တော့လည်း သူ့ထက်ငါ တိုးဝှေ့ ဝင်ရောက်ပြီး စားပွဲပေါ်တွင် တွေ့သမျှ မြင်သမျှကို လက်မြန်ခြေမြန် ဆွဲယူကြ၏။ စစ်ကြိုခေတ်ကဆိုလျှင် တက္ကသိုလ်ကျောင်းသားများသည် ထမင်းစားခန်းဝင်သောအခါ တိုက်ပုံအင်္ကျီ သို့မဟုတ် ကုတ်အင်္ကျီဝတ်ဆင်ပြီး သိက္ခာရှိရှိ စားသုံးကြကြောင်း ကြားသိဖူးသဖြင့် ကျွန်ုပ်တို့သည် မိမိတို့ မျက်မှောက်ခေတ်ကျောင်းသားများ၏ စည်းပျက်ကမ်းပျက်ဖြစ်ပုံကို မချင့်မရဲ ဖြစ်ခဲ့မိပါသတည်း။



ကျွန်ုပ် တက္ကသိုလ်သို့ရောက်ချိန်တွင် ကျွန်ုပ်၏အစ်ကို ကိုဖေသက် သည် ပဲခူးမြို့တွင် တာဝန်ကျလျက် ရှိသည်။ သူက ကျွန်ုပ်အား စောင် ခြင်ထောင်၊ အိပ်ယာခင်းစသော ပစ္စည်းများ ပို့ပေးသည်။ အစ်ကို၏ကျေးဇူး ကြောင့် ကျွန်ုပ်မှာ အဝတ်အထည် ပြည့်ပြည့်စုံစုံ ရှိသည်။ ကျွန်ုပ်သည် ကာကီ အင်္ကျီနှင့် ဘောင်းဘီရှည်များကို ဝတ်ဆင်လေ့ရှိပါသည်။

## ဘာသာတွဲကိစ္စ

ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်တို့သူငယ်ချင်းတစ်စုသည် သတ္တဗေဒ သင်တန်းများ တက်လိုကြသည်။ အခြေအနေအရ မလွဲသာသဖြင့် ကိုဘိုနီက စီးပွားရေးဘာသာရပ်များ သင်နေရသည်။ ပဲခူးဆောင်မှ ကိုမြင့်အောင်လည်း ကျွန်ုပ်ကဲ့သို့ပင် သိပ္ပံတွဲတက်ရသည်။ ကိုငွေကိုင် တစ်ယောက်သာ သတ္တဗေဒ တက်ခွင့်ရသည်။ ဆရာဝန်ဖြစ်လိုသော ကျွန်ုပ်တို့ သူငယ်ချင်းတစ်စုသည် ထိုပြဿနာကို ကျောင်းသားသမဂ္ဂသို့ တင်ပြလိုက်သောအခါ ပြဿနာက ပို၍ ကြီးထွားလာသည်။ ဗဟိုဆောင်များတွင် နေထိုင်သော ကျွန်ုပ်တို့သည် BOC ကောလိပ်သို့ နေ့စဉ် ကျောင်းသွား တက်ကြရပါသည်။

## ပါမောက္ခလှကျော်

တစ်နေ့တွင် သတ္တဗေဒဘာသာတွဲမရဘဲ အပယ်ခံရသော ကျောင်း သားများစုရုံး၍ သတ္တဗေဒဌာနတွင် ပါမောက္ခဒေါက်တာလှကျော်အား ချောင် ပိတ်ပြီး ကျွန်ုပ်တို့၏ ခံစားချက်များကို ရင်ဖွင့် ပြောဆိုကြသည်။ သို့သော် ဒေါက်တာလှကျော်က သင်ပြရန် ဆရာ အလုံအလောက်မရှိ သိပ္ပံပစ္စည်း အလုံ အလောက်မရှိဟုအကြောင်းပြကာ ကျွန်ုပ်တို့အား မလိုက်လျောနိုင်ကြောင်း ယတိပြတ်ပြောလေသည်။ ကျွန်ုပ်တို့လည်း သူ့အား ဝိုင်းရံပြီး 'ဆရာကိုယ်တိုင် လည်း ဗမာလူမျိုးဖြစ်လျက်နဲ့ ကျွန်တော်တို့နိုင်ငံမှာ စစ်အတွင်းက ဆရာဝန် ရှားပါးလို့ တိုင်းသူ ပြည်သားတွေ ဒုက္ခရောက်ခဲ့ကြတာ မသိဘူးလား' အစရှိ သော မခံချင်ဖွယ် စကားများဖြင့် တစ်ယောက်တစ်ခွန်း ပြောကြသည်။

ဒေါက်တာလှကျော်သည် ကျွန်ုပ်တို့ ကျောင်းသားများကို ရင်မဆိုင် လို၍ ပြတင်းပေါက်မှ ထွက်ပြေးရန်ပင် ကြိုးစားသော်လည်း ဝိုင်းဆွဲကြသဖြင့် မအောင်မြင်ဘဲ ကျွန်ုပ်တို့၏ အကြံပြုချက်ကို ခေါင်းငြိမ့် လက်ခံလိုက်ရလေ သည်။ ဒေါက်တာလှကျော်သည် ကျွန်ုပ်တို့ အပယ်ခံ ကျောင်းသားများအား

www.burmeseclassic.com

www.burmeseclassic.com



အာဏာပိုင်တို့က ခွင့်ပြုဖို့ဆုံးဖြတ်လျှင် ပြန်လည်လက်ခံပါမည်ဟု စိတ်မပါ တပါနှင့် လိုက်လျောပြောဆိုသောအခါ ကျွန်ုပ်တို့အားလုံး ဝမ်းပန်းတသာ ခုန်ပေါက်အော်ဟစ်၍ သတ္တဗေဒဌာနမှ ပြန်လာခဲ့ကြပါသည်။ တက္ကသိုလ်များကောင်စီတွင် ကျွန်ုပ်တို့၏အဆိုကို ဆက်လက်တင်ပြသောအခါ ကျွန်ုပ်တို့အားမူလလက်ခံပြီး ကျောင်းသားများနှင့် ကွဲပြားခြားနားစေရန် 'အပယ်ခံကျောင်းသားများ'ဟု ခေါင်းစဉ်တပ်၍ သတ္တဗေဒအတန်းများကို တက်ခွင့်ပြုလိုက်ပါ သည်။

## သတ္တဗေဒသင်ကြားပို့ချချက်များ

ပါမောက္ခဒေါက်တာလှကျော်သည် နောက်မှတက်ရသော ကျွန်ုပ်တို့အုပ်စုအား ရှေ့လူများနှင့် အမှီလိုက်နိုင်ရန်အလို့ငှာ သူ၏ သင်ကြားပို့ချချက်များကို တက်သုတ်နှင်လေသည်။ ကျွန်ုပ်တို့အတွက် အစိမ်းသက်သက် ဘာသာရပ်အသစ်များ ဖြစ်သဖြင့် နားလည်သဘောပေါက်ရန် အလွန်ခဲယဉ်းပါဘိ။ ကျွန်ုပ်သည် ဘော်ရာဒေး(Boradaille)၏ သတ္တဗေဒပြဋ္ဌာန်းစာအုပ်နှင့် ရုက္ခဗေဒစာအုပ်တစ်အုပ်ကို မရမက ရှာဖွေဝယ်ယူပြီး ညစဉ်ညတိုင်း သန်းခေါင်ကျော်သည်အထိ တစ်ရွက်ချင်း ကျက်မှတ်လေ့လာခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် အင်္ဂလိပ်စာကို နှစ်လ ရှည်ကြာ လေ့လာဆည်းပူးခဲ့သော အကျိုးကျေးဇူးကြောင့် ပြဋ္ဌာန်း စာအုပ်များကို ဖတ်ရှုရာတွင် ကောင်းမွန်စွာ သဘောပေါက်လွယ်ခဲ့ပါသည်။

(၃)ပတ်ခန့်ကြာသော် စာမေးပွဲဖြေကြရ၏။ Multiple Choice မေးခွန်းအမျိုးအစားဖြစ်၍ မှန်လျှင် (၁)မှတ်ရပြီး မှားလျှင် (၂)မှတ် အနှုတ်ခံရပါသည်။ ၃၀%ရလျှင် အမှတ်ကောင်းဟု ဆိုရမည်။ အောင်မှတ်များ ထွက်သောအခါ ကျွန်ုပ်တို့အပယ်ခံကျောင်းသားများက ထိပ်ပိုင်းတွင် ရောက်နေသောကြောင့် မူလလက်ခံပြီး ကျောင်းသားအချို့သည် စိတ်ပျက်လက်ပျက်ဖြစ်ကာ ဘာသာတွဲပြောင်းကြသည်ကို တွေ့ရပါ၏။ ကျွန်ုပ် ကိုယ်တိုင်လည်း ဇွဲနပဲကောင်းစွာ အပတ်တကုတ် ကြိုးစား အားထုတ်ခဲ့ရပါသည်။ ကျောင်းစာမြင်ပလုပ်ငန်းဟူသ၍ ဖြတ်တောက်ပစ်ရသည်။ အားကစားဝါသနာပါသော်လည်း အချိန်မပေးနိုင်တော့ချေ။ ရုပ်ရှင်ပြဇာတ်စသော အပျော်အပါးများကိုလည်း 'ဝေရာမဏီ' ဝေးစွာရှောင်ကျဉ်ရ၏။ ထိုစဉ်ကာလကမူ မိမိ၏ဘဝကို ကျောင်း



စာထဲတွင်သာ လုံးလုံးလျားလျား နှစ်မြှုပ်ထားခဲ့ရပါသည်။ သတ္တဗေဒဘာသာ လက်တွေ့သင်ခန်းစာအဖြစ် ဖားနှင့်ပိုးဟပ်တို့ကို ခွဲစိတ်ကြရသည်။

## ရူပဗေဒ

ကျွန်ုပ်တို့၏ရူပဗေဒပါမောက္ခမှာ ဒေါက်တာမောင်မောင်ခ ဖြစ်သည်။ ဆရာသည် မိန်းကလေးများရှေ့တွင်လည်းကောင်း၊ လူစုလူဝေးရှေ့တွင်လည်းကောင်း၊ ရှက်ကြောက်တတ်သဖြင့် ရှံဖန်ရံခါ မျက်နှာတစ်ခုလုံး နီရဲသွားသည်ကို တွေ့ရတတ်သည်။ ဂိုက်ဆိုက်မထုတ်ဘဲ ရိုးရိုးကုပ်ကုပ်သာ နေတတ်ပြီး ကျောင်းသူကျောင်းသားများကို အမြဲတန်း အကူအညီပေးတတ်သောဆရာ့အား ကျွန်ုပ်တို့အားလုံးက ချစ်ခင်ကြည်ညိုလေးစားကြပါ၏။ ဆရာအငြိမ်းစားယူပြီး ယာဉ်လမ်းတွင်နေထိုင်စဉ် ကျွန်ုပ်သည် ဇနီးဖြစ်သူ'အုံး'နှင့်အတူ သွားရောက် ဂါရဝပြုခဲ့ကြဖူးပါသည်။

ကထိကဆရာ'ဆူခေး'သည် အမြဲတန်း အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ပါသည်။ သင်တန်းပို့ချသော စာသင်ခန်းများမှာ BOC ကောလိပ်ရှိ တဲများဖြစ်၏။ ဆရာက စာသင်လျှင် အသင့်ပြင်ဆင်ပြီး ယူဆောင်လာသော မှတ်စုများကို ကြည့်၍ ဖတ်လေသည်။ ဆရာဆူခေးသည် အနောက်တိုင်းဝတ်စုံကို အမြဲဝတ်ဆင်လေ့ရှိပြီး ဦးခေါင်းတွင် ပေါင်းထုပ်ပေါင်းထားသည်။ နှုတ်ခမ်းမွှေးကျင်စွယ်ကားကားနှင့် ကုလားလူမျိုးတစ်ဦးဖြစ်ပြီး မြန်မာစကား တတ်သော်လည်း မြန်မာလို ပြောခဲသည်၊ နောင်တွင် ဆရာဆူခေး၏ သားတစ်ယောက်သည် ကျွန်ုပ်၏ အလုပ်သင်ဆရာဝန် ဖြစ်လာခဲ့သည်။

## ဓါတုဗေဒ

ဓါတုဗေဒပါမောက္ခဆရာကြီး ဦးဖိုးသာသည် အရပ်အမောင်း ကောင်း၏။ လက်တိုအကျႌ အမြဲဝတ်သည်။ ကျောင်းသူ ကျောင်းသားများ ရှင်းရှင်းလင်းလင်း နားလည်ကြစေရန် စကားကို ဖြည်းဖြည်းချင်း ပြောလေ့ရှိသည်။ စာသင်သောအခါ သွားပေါ်အောင် အမြဲပြုံးနေတတ်သည်။ သင်တန်းပေးခါစက ဆရာသည် ကျွန်ုပ်တို့အား အလူမီနီယံကို မီးရှို့ပြရာ ထွက်ပေါ်လာသော အလင်းရောင်က အလွန်စူးသောကြောင့် ကျွန်ုပ်တို့ ရင်သပ်ရှုမော ဖြစ်ခဲ့ရသည်။ ဆိုဒီယမ်တုံးကို ရေနံဆီထဲမှထုတ်လျှင် အလိုအလျောက် မီးလောင်ကျွမ်းပုံ အစရှိသော ထူးခြားဆန်းကျယ်သည့် ဓါတုဗေဒ ဖြစ်စဉ်များကို လက်တွေ့လုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



တတ်သောကြောင့် ကျွန်ုပ်တို့က 'မျက်လှည့်ဆရာကြီး' ဟု အော်ဟစ်ကာ ကင်ပွန်းတပ်ခဲ့ကြသည်။ ကျောင်းသားများသည် ဆရာကြီးကို အရိုသေတန်၍ မဟုတ်။ လှုင်ယ်ဘာဝ အပြောင်အပြက်သဘော ပြောဆိုကြခြင်းမျှသာဖြစ်ပါ၏။

ကျွန်ုပ်တို့၏ ဓါတုဗေဒဘာသာကထိက 'ဆရာပေါ်'သည် စကား ပြောလျှင် အားပါးတရ ပြောလေ့ရှိပြီး Inorganic Chemistry သင်ပြရာတွင်လည်း နုနယ်သိမ်မွေ့သောသဘောတရားများနှင့် မှားတတ်သော အချက်များကို စိတ်ရှည်လက်ရှည် အပင်ပန်းခံကာ ရှင်းလင်း သင်ပြပေးပါသည်။ တစ်နေ့တွင် ဆရာသည် ပါးစပ်မှတံတွေးများပင်စင်ထွက်သည့်အထိ သူ၏ထုံးစံအတိုင်း အားကြိုးမာန်တက် သင်ပြပြောဆိုနေစဉ် အနီးရှိ ကျောင်းသားတစ်ဦးကို 'ဆရာ ပြောတာ ရှင်းရဲ့လား၊ သဘောပေါက်ရဲ့လား'ဟု မေးပါသည်။ ထို ကျောင်းသားက နားမလည်ကြောင်း ခေါင်းရမ်း၍ပြသောအခါ ဆရာပေါ်သည် 'ကျုပ်မှာတော့ ဖတ်ဖတ်ကို မောနေပြီ'ဟု စိတ်ပျက်လက်ပျက်နှင့် မြန်မာလို ညည်းညူ လိုက် လေ၏။

နောင်တွင် မန္တလေးတက္ကသိုလ်၏ ဒုအဓိပတိဖြစ်လာသူ ဆရာဦးကိုလေးနှင့် ဆရာသာတို့နှစ်ဦးမှာ အသံကြဲဇာနှင့် ပြည့်စုံသော နည်းပြဆရာများ ဖြစ်ကြပါ၏။

## ရုက္ခဗေဒ

အမေရိကန်နိုင်ငံသား ရုက္ခဗေဒပါမောက္ခ Dr. Dickenson သည် သင်ကြားရေးအတတ်ပညာကို နားလည်ကျွမ်းကျင်သော ဆရာကောင်း တစ်ယောက် ဖြစ်ပါသည်။ သူသည် စာတွေ့လက်တွေ့များကို အထူးဝိရိယစိုက်၍ သင်ပြရာ ရုံဖန်ရံခါ၌ ဓါတ်ခွဲခန်းသာမက ပြင်ပလောကရှိ သစ်ပင်၊ ပန်းပင်များ ကိုပင် လက်တွေ့သရုပ်ပြ သင်ကြားပေးတတ်ပါသည်။ နည်းပြဆရာ(၂)ဦးမှာ ဦးလှတင်နှင့် ဦးသန်းထွန်းဆိုသူ ထားဝယ်သားများဖြစ်ကြ၏။ ဦးသန်းထွန်း သည် နောင်သော် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဖြစ်လာခဲ့ပါသည်။

## အင်္ဂလိပ်စာ

အင်္ဂလိပ်စာသင်သောအခါ ကျွန်ုပ်တို့သည် ဆရာဦးမျိုးမင်း၏ အခန်း တွင်သင်ရမည် ဖြစ်သော်လည်း ဒေါက်တာထင်အောင် သင်သောအခန်းတွင် စုပြုံ၍ တိုးနေခဲ့ကြပါသည်။ ဆရာ 'ဂျဘူနာသန်' သည်လည်း အသင်အပြ



ကောင်းသော ဆရာဖြစ်သောကြောင့် သူ့အချိန်ဆိုလျှင် ကျောင်းမလစ်ကြပါ။ ကျွန်ုပ်၏အင်္ဂလိပ်စာနည်းပြမှာ ဆရာဦးတင်ထွတ်ဖြစ်သည်။ သူသည် အမြဲတမ်း ကျော့ကျော့မော့မော့ သပ်သပ်ယပ်ယပ် ဝတ်ဆင်လေ့ရှိပြီး ကျွန်ုပ်၏အစ်ကို ကိုကြည်စိန်နှင့် ရုပ်ချင်းဆင်သည်။ သူတို့နှစ်ဦးသည် အလွန်ရင်းချာသော သူငယ်ချင်းများ ဖြစ်ကြောင်း နောက်မှ သိရပါသည်။ ဆရာဦးတင်ထွတ်၏ ကျူတိုရီယယ်ဆိုလျှင် ကျွန်ုပ်သည် ၇/၁၀၊ ၈/၁၀ စသည်ဖြင့် အမြဲတမ်း အမှတ်ကောင်းရသည်။ သာသနာပြုကျောင်းမှလာသော ကြူပိုအမည်ရှိ ကျွန်ုပ်၏သူငယ်ချင်းတစ်ဦးသည် အင်္ဂလိပ်စာကျူတိုရီယယ်တွင် ကျွန်ုပ်ကို မည်သည့် အခါမျှ မကျော်နိုင်ချေ။ တခါတွင် သူက ကျွန်ုပ်အား 'ကျူတိုရီယယ် ဆိုလျှင် မင်းက ဘယ်လိုလုပ်ပြီး အမှတ်တွေ ရနေတာလဲ၊ မင်းကို ဘယ်တော့မှ မမီဘူး' ဟု ပြောရာ ကျွန်ုပ်လည်း 'ငါက ဘယ်လိုလုပ်သိမလဲကွ၊ မင်းဘာသာ ဆရာ့ကို သွားပြီး မေးကြည့်ပါလား'ဟု ဘုတောပြီး ပြန်ဖြေလိုက်မိသည်။ အမှန်မှာ စစ် အတွင်းကာလ၌ အင်္ဂလိပ်စာတိုးတက်အောင် ကျွန်ုပ် မည်ကဲ့သို့ ကြိုးပမ်းခဲ့ သည်ကိုကား ထိုသူငယ်ချင်းအနေဖြင့် သိနိုင်မည်မဟုတ်ပါချေ။

## ဥပစာတန်းတက်စဉ် မိမိ၏အခန်းဖော်များ

ကျွန်ုပ်သည် ဆေးကျောင်းတက်နိုင်ရန် ရည်မှန်းချက်ထား၍ ဥပစာ သိပ္ပံတန်း(၂)နှစ်လုံးလုံး အတတ်နိုင်ဆုံး အပတ်တကုတ် ကြိုးစား အားထုတ်ခဲ့ပါ၏။ ကျွန်ုပ်၏အခန်းဖော်ဖေအောင်ကမူ ပထမနှစ် တက်ပြီးနောက် ပေါ်မလာ တော့ချေ။ ထို့ကြောင့် ကျွန်ုပ်သည် ဥတ္တရ ဆောင်သို့ပြောင်း၍ ထားဝယ်သား 'ငွေကိုင်'နှင့် တခန်းတည်း အတူနေပါသည်။ 'ငွေကိုင်'သည် အလေးမ ထူးချွန် ၍ နောင်သော် အလေးမ ချန်ပီယံဖြစ်လာခဲ့ပါသည်။ အစကမူ ကျွန်ုပ်နှင့် ငွေကိုင် အတူတွဲ၍ စာကျက်နိုင်မည်၊ စာဆွေးနွေးနိုင်မည်ဟု ထင်ခဲ့မိသည်။ 'ရွှေအကြောင်း ဖယောင်းမှသိ လူအကြောင်း ပေါင်းမှသိ'ဟူသော စကားနှင့် အညီ လက်တွေ့အတူတကွ ပေါင်းသင်းနေထိုင်ကြမှသာ ငွေကိုင်သည် လွန်စွာ စိတ်ကူးယဉ်တတ်သူဖြစ်ကြောင်း သိလာရသည်။ သူသည် စာဖတ်သည်ဟူ၍ မရှိဘဲ အိပ်ရာတွင် လဲလျောင်း၍ နံရံကို ခြေတစ်ဖက်ဖြင့်ကန်ကာ ဆေးလိပ် တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း စကားပြောနေလေ့ရှိသည်။

ထို့နောက် ကျွန်ုပ်လည်း ပင်းယဆောင်သို့ ရွှေ့ပြောင်းနေထိုင်၍ ကိုကြူပိုနှင့်အတူနေပြီး စာဖတ်ရန် ဆုံးဖြတ်လိုက်ရပါတော့သည်။ ကြူပိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ငွေကိုင်သည် မိန်းကလေးတစ်ယောက်ကို တစ်ပြိုင်နက် ချစ်ရေးဆိုနေကြသူများ ဖြစ်သည့်အလျောက် မကြာခဏ အချင်းပွားတတ်ကြ၏။ ကျွန်ုပ်သည် သူတို့(၂)ယောက် ဤကဲ့သို့ အချင်းများနေကြသည်ကို မြင်ပြင်းကတ်၍ 'ဒီမိန်းကလေးအတွက် မင်းတို့(၂)ယောက်ကတော့ အမြဲတမ်း သတ်မောင်း ပုတ်မောင်း လုပ်နေကြတာပဲ။ ဟိုကဖြင့် ဘာမှတောင် သိရှာမှာ မဟုတ်ဘူး၊ ရှက်စရာကောင်းပါဘိဗျာ'ဟု ပြောဆို ဝေဖန်မိပါသည်။

## ဝါးခယ်မသို့သွားရောက်ခြင်း

ဥပစာပထမနှစ် ပြီးဆုံးချေပြီ။ ကိုကြည်စိန်တို့ဖနီးမောင်နှံကလည်း ကျွန်ုပ်အား သူတို့၏ဈေးဆိုင်နှင့် ခါတ်ဆီဆိုင်ကို လာရောက် ကူညီ လုပ်ကိုင်ပေးဖို့ ဝါးခယ်မသို့ ခေါ်သည်။ ကျွန်ုပ်သည် ဝါးခယ်မသို့ ဦးဟန်ဘနှင့်အတူ သွားကြသည်။ ဦးဟန်ဘသည် ကိုကြည်စိန်ကို ငယ်ငယ်လေးကတည်းက ကြည့်ရှုစောင့်ရှောက်ခဲ့သူဖြစ်၏။ ဈေးဆိုင်နှင့် ခါတ်ဆီဆိုင်(၂) ဆိုင်လုံးသည် လူနေစည်ကားရာ ရပ်ကွက်တွင် တည်ရှိပြီး ကုန်ပစ္စည်းများလည်း သိုလှောင်ထား ရှိသည်။ ကျွန်ုပ်တို့သည် ကုန်မျိုးစုံ ပစ္စည်းများကို သူတို့သတ်မှတ်သော ဈေးနှုန်းအတိုင်း ရောင်းချပြီး ရောင်းချသမျှကို ကုန်ပစ္စည်းအဝင်/အထွက်၊ ငွေအဝင်/အထွက်စာရင်း လုပ်ပေးရသည်။ အလုပ်ချိန်မှာ မိုးလင်းမှ မိုးချုပ်သည်အထိဖြစ်၍ ကိုယ်စိတ်ပင်ပန်းသော်လည်း ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်ခဲ့ကြပါ၏။

တစ်နေ့တွင် ကျွန်ုပ်သည် မိမိ၏နေ့စဉ်ဝတ္တရားအတိုင်း လုံချည်ခါးတောင်းကျိုက်၍ တိုင်ကီထဲမှရေနံဆီကို ဘုံဘိုင်ဖြင့်ထိုးပြီး စုပ်နေစဉ် ကျွန်ုပ်နှင့် ဥပစာသိပ္ပံပထမနှစ် အတူတက်သော သူငယ်ချင်း ထွန်းအောင်ကျော်က ကျွန်ုပ်ရှိနေမှန်းသိ၍ လာရောက်လည်ပတ်ပါသည်။ ကိုထွန်းအောင်ကျော်ကမူ ထိုခေတ်က တက္ကသိုလ် ကျောင်းသားများ၏ ထုံးစံအတိုင်း သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားရာ ခါးတောင်းကျိုက်နှင့် ပေပေရေရေဖြစ်နေသော ကျွန်ုပ်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပါသည်။ ကျွန်ုပ်က အစ်ကိုဖြစ်သူ၏အလုပ်ကို ကူညီပေးနေကြောင်းပြောပြကာ အချိန်အတန်ကြာမျှ အလ္လာပ သလ္လာပ ပြောဆိုကြပြီးနောက် ကိုထွန်းအောင်ကျော်လည်း တုံ့ဆိုင်းသော ခြေလှမ်းများဖြင့် ပြန်သွားခဲ့လေ၏။



ကိုကြည်စိန်၏ယောက်ဖ ကိုအိမ်ထိုင်သည် ချည်ခင်များရောင်းရန် ကိစ္စဖြင့် ပုသိမ်သို့ စက်လှေဖြင့် သွားရမည်ဖြစ်ရာ ကျွန်ုပ်လည်း အဖော်အဖြစ် လိုက်ရပါသည်။ ကျွန်ုပ်တို့သည် လူသွားလူလာမရှိဘဲ လူခြေတိတ်ပြီး အေးစက်ခြောက်သွေ့သည့် နံနက်လင်းအားကြီးအချိန်တွင် စက်လှေဖြင့် အရှိန်ကောင်းကောင်း ခုတ်မောင်းကာ ထွက်ခွာလာခဲ့ကြသည်။ စက်လှေပန်ကာကြောင့် ဖြစ်ပေါ်လာသော လှိုင်းလုံးကြီးများကြောင့် ဘေးနားမှ ဖြတ်သွားသော လှေကလေးများ မြောက် မြောက်သွားသည်မှာ ကြောက်ဖို့ပင် ကောင်းသည်။ ထိုနည်းတူစွာ (၂)ထပ် သင်္ဘောကြီးများဖြတ်သွားလျှင် ကျွန်ုပ်တို့ စက်လှေသည်လည်း လှိုင်းဒဏ်ဖြင့် မြောက်ပြီးလူးသွားသည်မှာ ရင်ဖိုဖွယ်ပင်။

(၂)နာရီမျှကြာလျှင် ပုသိမ်သို့ရောက်သည်။ ကျွန်ုပ်တို့ သယ်ဆောင်လာသော ချည်ထုပ်များကို ရောင်းချပြီး ပြန်မည်လုပ်ရာ ကျွန်ုပ်တို့၏ စက်လှေမှာ ပျက်နေသဖြင့် စက်နှိုး၍ မရတော့ပေ။ ညနေစောင်းသောအခါ ကျွန်ုပ်တို့သည် မြစ်ကမ်းပါးရှိ ရွာလေးသို့ရောက်အောင် လှော်ခတ်သွားကြပြီး တဲတစ်လုံးတွင် ညအိပ်တည်းခိုခွင့် တောင်းရသည်။ ထိုတဲလေးမှာ အရက်ဆိုင် ဖြစ်နေသောကြောင့် ကျွန်ုပ်တို့လည်း ဘဲဥပြုတ်နှင့်ညစာ စားကြသည်။ အချမ်းပြေစေတာ အရက်အနည်းငယ် သောက်သုံးကြည့်ရာ လည်ချောင်းတလျှောက် ပူဆင်းသွားလေသည်။ မီးတောက်အရက် ဖြစ်ဖွယ်ရှိပါ၏။ ထိုညက မြစ်ကမ်းပတ်ဝန်းကျင်မှာ မြူဆိုင်းနေသည်။ အမိုးအကာမရှိသော လှေထဲမှာ အိပ်ကြရာ လှုယက်ခံရမည်ကိုကြောက်၍ တစ်ရေးမျှ ကောင်းစွာ မအိပ်ခဲ့ရပေ။

မနက်လင်းသောအခါ ကျွန်ုပ်တို့သည် မော်တော်တစ်စင်းကို မိမိတို့၏ စက်လှေအားဆွဲပြီး ဝါးခယ်မသို့ ပို့ပေးရန် ဈေးနှုန်းညှိနှိုင်း၍ ငှားရမ်းကြရသည်။ ထို့နောက် ကျွန်ုပ်တို့သည် လှေကို မြစ်လယ်ရောက်အောင် လှော်ခတ်သွားခဲ့ကြသည်။ ကျွန်ုပ်သည် ဘောင်းဘီရှည်နှင့်ရှူးဘိနပ်များ ဝတ်ဆင်ထားပြီး လှေဦးတွင် ထိုင်နေကာ မော်တော်ပေါ်မှလှမ်း၍ ပစ်ပေးလိုက်သောကြိုးကို ဖမ်းရန်ကြိုးစားလိုက်သည်။ မိုက်မဲပါဘိ။ ကျွန်ုပ်သည် ပစ်ပေးလိုက်သော ကြိုးကို ဖမ်းမိသော်လည်း လှေဦး၌ ခြေကန်ထားရန် နေရာမရှိသောကြောင့် လက်ထဲတွင် ဖမ်းမိထားသော ကြိုးက ရှန်းဆွဲလိုက်သလိုဖြစ်ကာ ရေထဲကို ဝုန်းခနဲ ကျသွားပါတော့သည်။ ရေထဲရောက်သွားသည်နှင့် ကျွန်ုပ်သည် မိမိ၏အမှားကိုသိပြီး ကြိုးကို လွှတ်လိုက်ပါသည်။ ကျွန်ုပ်သည် မော်တော်နှင့်လည်းမနီး စက်လှေနှင့်လည်း မနီးသော ခပ်လှမ်းလှမ်းနေရာသို့ ရောက်သွားသဖြင့် မော်တော်မှ

www.burmeseclassic.com

www.burmeseclassic.com



လူများအားလုံးဝိုင်း၍ အော်ဟစ်နေကြသည်။ မြစ်ငယ်လေးမှားဆုံရာ အရပ်ဖြစ်၍ ရေစီး သန်လှသည်။ ခေါင်းဖော်၍ ကြည့်သောအခါ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကိုသာ တွေ့ရသောကြောင့် ကြောက်ရွံ့စိုးရိမ်စိတ် ဖြစ်ခဲ့မိပါသည်။

ဖြစ်စဉ်တခုလုံးကို ပကတိအခြေအနေအတိုင်း သုံးသပ်ကြည့်ပါက စက်လှေပေါ်မှပြုတ်ကျသော ကျွန်ုပ်သည် အချိန်မီ မကယ်ဆယ်နိုင်လျှင် ရေနစ်၍ သေမည်ကေန်။ ဘိနပ်များမှာ ရေဝင်နေ၍ လေးလံနေပြီ။ ကျွန်ုပ်သည် ပက်လက်လှန်၍ကိုယ်ဖော့ထားပြီး ပါးစပ်နှင့် အသက်ရှူရသည်။ ထိုစဉ် မော်တော်သည် ကျွန်ုပ်အားဆယ်ရန် ကွေ့ပြီး ပြန်လှည့်လာသည်။ အနီး ရောက်သောအခါ မော်တော်ပေါ်မှလူများက ကျွန်ုပ်ကိုလှမ်း၍ ဆွဲတင်ကြသည်။ ကျွန်ုပ်မှာ အားအင်ကုန်ခမ်း၍ ကုန်းပတ်ပေါ်တွင် မြော့မြော့လေး ပက်လက်လန်နေပါတော့သည်။ ကျွန်ုပ် အတွက်မူ ဒုတိယမွီ အသက်အန္တရာယ်မှ သီသီလေး လွတ်မြောက်ခဲ့ခြင်းဖြစ်ရာ အလွန်ပင် တုန်လှုပ် ခြောက်ခြားနေခဲ့မိပါသည်။ 'သေကံမရောက် သက်မပျောက်'အောင် စောင်မခဲ့သော မိမိ၏ကံဇာတာကိုလည်း အားထားယုံကြည်မိသည်။ နောက်ကြောင်းပြန် ဝေဖန်ရပါမူ ကျွန်ုပ်သည် ဤကိစ္စဖြစ်ပွားစဉ်အချိန်က (၁) ရေ မကူးတတ်ခဲ့သော် (၂) ရေကူးတတ်သော်လည်း ဆောက်တည်ရာမရအောင် အကြောက်လွန်ခဲ့သော် (၃)အထက်ပါ နှစ်ချက်လုံးပြည့်စုံသည့်တိုင် မော်တော်က အချိန်မီ လာရောက်မကယ်နိုင်ခဲ့သော် ကျွန်ုပ်၏ကံကြမ္မာမှာ မတွေးဝံ့ပြီ။ အဘက်ဘက်မှ စဉ်းစားကြည့်လျှင် ရှေ့နောက်မဆင်ခြင်သော ကျွန်ုပ်၏မိုက်ပြစ်သာ ဖြစ်ပါတော့သတည်း။

## ဥပစာတန်းအောင်၍ဆေးကျောင်းတက်ခွင့်ရခြင်း

မိမိတွင် ကိုယ်ရေးကိုယ်တာ အခက်အခဲ များစွာ ရှိသော်ငြားလည်း ကျွန်ုပ်သည် ဥပစာသိပ္ပံ(ခ)တန်းကို အဆင့်မြင့်မြင့်အောင်၍ ဆေးကျောင်းတက်ခွင့်ရရှိရေးအတွက်မူကား အားသွန်ခွန်စိုက် ကြိုးစားခဲ့ပါ၏။ တစ်စစနှင့် စာမေးပွဲကြီး စစ်ဆေးချိန် ရောက်ရှိလာခဲ့သည်။ အင်္ဂလိပ်စာနှင့် မြန်မာစာတို့ကို အသင့်အတင့် ဖြေဆို နိုင်ပါသည်။ ဓါတုဗေဒနှင့် ရူပဗေဒ ဘာသာ(၂)ရပ်ကိုမူ အထူးပင်အားပါးတရ ဖြေနိုင်ခဲ့ပါ၏။ ရုက္ခဗေဒလက်တွေ့ ဖြေရာ၌ မိမိပိုင်သော 'ငုပန်း' အကြောင်း လက်တွေ့လုပ်ရ၍ ဝမ်းသာကျေနပ်နေမိသည်။



အောင်စာရင်း ထွက်သောအခါ ဓါတုဗေဒ ဂုဏ်ထူးရပြီး ဆေးကျောင်းတက်ခွင့်လည်း ရသောကြောင့် အတိုင်းထက်အလွန် ဝမ်းမြောက်ပီတိဖြစ်ရပါ၏။

ကျောင်းသူကျောင်းသား ၈၀၀ ခန့် ဖြေဆိုကြသည့်အနက် ကျွန်ုပ်နှင့်အတူ ၂၅ ယောက်ခန့်သာ ဆေးကျောင်းတက်ခွင့်ရခြင်းဖြစ်ပြီး ဂုဏ်ထူးဖြင့်အောင်မြင်သူ ၅ ယောက်သာ ရှိသည်။ ကျွန်ုပ်သည် ကိုကြည်စိန်နှင့် ဇနီးအား ကျောင်းပိတ်ရက်အတွင်း ထားဝယ်ပြန်ရန် ခွင့်တောင်းထားသည်။ အောင်စာရင်းများကို အသံလွှင့် ကြေညာသောအခါ ကျွန်ုပ် ထားဝယ်တွင် ရောက်ရှိနေခဲ့ပါ၏။

## ဆေးကျောင်းတက်သောနှစ်ကာလများ

၁၉၄၈ ခု၊ ဇွန်လတွင် ကျွန်ုပ်သည် ရန်ကုန်ဆေးကောလိပ်သို့ တက်ရောက်ခွင့်ရရှိခဲ့သည်။ ထိုစဉ်က ကျွန်ုပ်တို့၏ဆေးကျောင်းသည် အရှေ့တောင်အာရှတစ်ဝှမ်းတွင် အမှန်ပင် ကျော်စောကိတ္တိ ရှိလှပါပေသည်။ အိန္ဒိယနိုင်ငံတွင် စောစောပိုင်း အိန္ဒိယသား ဆရာဝန်အများစုသည် ရန်ကုန်ဆေးကျောင်းမှ ဘွဲ့ရသူများဖြစ်၏။ ရန်ကုန်ဆေးကျောင်း၏ရောဂါဗေဒဓါတ်ခွဲခန်းသည် ဗြိတိသျှအခြေစိုက်စခန်းများအနက် အထင်ရှားဆုံး၊ အကျော်ကြားဆုံးဖြစ်၏။ ရောက်ခါစတွင် ကျွန်ုပ်တို့သည် စာကြည့်တိုက်နေရာ၌အိပ်ရပြီး အမျိုးသမီး နားနေခန်းနေရာတွင် ထမင်းစားကြရသည်။ ထိုစဉ်က ကျောင်းသားဦးရေ အလွန်နည်းသဖြင့် ကျွန်ုပ်တို့သည် ဒုတိယနှစ်မှနောက်ဆုံးနှစ်အထိ အချင်းချင်း၏ နာမည်များကို ကိုယ်စီကိုယ်င သိကြသည့်အပြင် လက်ပွန်းတတီးလည်း ရှိကြပေ၏။

မတစ်ရာသားများ ဖြစ်ကြသည့်အလျောက် လူအမျိုးမျိုး စိတ် အထွေထွေ ရှိကြသည်ကိုလည်း ကြုံတွေ့ခဲ့ရပါ၏။ မျိုးချစ်စိတ်ပြင်းထန်သော မွန်ကျောင်းသားတစ်ယောက်က သူ၏သူငယ်ချင်းမွန်တစ်ယောက်ကို သူကဲ့သို့ မျိုးချစ်စိတ် မရှိရကောင်းလားဟု ကျောင်းပရဝုဏ်အတွင်း ဓါးမတစ်ချောင်းနှင့် လိုက်သည်ကို တွေ့ကြုံခဲ့ဖူးသည်။ သူ၏ခြင်ထောင်ကို မီးရှို့ပြီး ကျွန်ုပ်တို့ နေထိုင်ရာ လသာကျောင်းဆောင်ကို မီးရှို့ရန်ကြိုးစားသော ကျောင်းသား တစ်ယောက်ကိုလည်း တွေ့ဆုံခဲ့ဖူးသည်။ နှစ်ရှည်လများ ကျောင်းစာများကို လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ကျက်မှတ်ရသော ဒဏ်ကြောင့် စိတ်ဖိစီးမှုများပြီး စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ကြဟန်တူပါသည်။

ကျွန်ုပ်တို့ခေတ်က ဆေးကျောင်းတွင် မိန်းကလေးအလွန်နည်းသည်။ ရှိသမျှ ကျောင်းသူအားလုံးလိုလို ကွန်ဗင့်ကျောင်းထွက်များ ဖြစ်ကြ၏။ Con Bro (Convent and Brothers Missionary Schools) ဟုခေါ်သော သာသနာပြုကျောင်းများမှ အထက်တန်းစာမေးပွဲအောင်ခဲ့ကြသော ကျောင်းသူကျောင်းသားများသည် အုပ်စုတစ်စုသဖွယ်ဖြစ်နေပြီး သူတို့ကိုယ်သူတို့ အထက်တန်းလွှာဟု မှတ်ထင်ကြလေ့ရှိသည်။ သူတို့သည် ဗိုလ်ကျောင်းထွက်များ ပီပီ အင်္ဂလိပ်စကားကို မှတ်နေအောင် ပြောဆိုနိုင်ကြသော်လည်း ဘာသာရပ် ဆိုင်ရာများကို နက်နက်နဲနဲ လေ့လာရသောအခါ အင်္ဂလိပ်-မြန်မာ အထက်တန်းတောကျောင်းမှအောင်သော ကျွန်ုပ်တို့ကို လိုက်၍မမီကြသဖြင့် ဆေးကျောင်းရောက်သော အရေအတွက်မှာ ကျွန်ုပ်တို့အုပ်စုကပင် ပိုများပါသည်။ ဗိုလ်ကျောင်းထွက်နှင့်တောကျောင်းထွက်အုပ်စု ၂ စုသည် ဆေးကျောင်း တစ်လျှောက်လုံးလည်း ဆက်လက်၍ ယှဉ်ပြိုင်နေကြပါသည်။ ဥပစာတန်းကတည်းက သူငယ်ချင်းများဖြစ်သော ကိုဘိုနီနှင့် ကိုမြင့်အောင်တို့သည် ကျွန်ုပ်၏ ရင်းချာသော မိတ်ကောင်းဆွေကောင်းများအဖြစ် ဆက်လက် ရပ်တည်ခဲ့ကြသည်။ ဆေးကျောင်းတက်စဉ်ကာလအတွင်း မိတ်သစ်ဆွေသစ်.အသိုင်းအဝိုင်းများနှင့် တွေ့ကြုံကျင်လည်ခဲ့ရပါသတည်း။

## ဒုတိယနှစ်မောင်မယ်သစ်လွင်နှင့်ကျွန်ုပ်တို့၏ဆရာများ

ဆေးကျောင်းတက်ရသော ပထမဆုံးနေ့တွင် ကျွန်ုပ်တို့ မောင်မယ်သစ်လွင်များကို ဆရာများနှင့် မိတ်ဆက်ပေးပါသည်။ ထိုစဉ်က မဟာဌာနမှူးကား ဗြိတိသျှစစ်တပ်မှ IMS (India Medical Service) (အိန္ဒိယ ဆေးဘက်ဆိုင်ရာ ပင်ညာဉ်ဝန်ထမ်း) အဖြစ် အမှုထမ်းခဲ့သူ Col. မင်းစိန် ဖြစ်၏။ သူက ကျွန်ုပ်တို့ မောင်မယ်သစ်လွင်များကို ဆုံးမဩဝါဒနှင့် အားပေးစကားများ မြွက်ကြားပါသည်။



## ကျွန်ုပ်တို့၏ပါမောက္ခများ

အငြိမ်းစားခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခလူဝစ္စက ခန္ဓာဗေဒ ဘာသာရပ်ကိုလည်းကောင်း၊ ပါမောက္ခဦးအေးက ဇီဝကမ္မဗေဒ ဘာသာရပ်ကိုလည်းကောင်း သင်ကြားပို့ချပါသည်။

ပါမောက္ခလူဝစ္စက ကျွန်ုပ်တို့အား ဆေးကျောင်းတက်ရမည့် ၅ နှစ်တာကာလကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျသကဲ့သို့ မှတ်ယူကြရန် သတိပေးဆုံးမပါသည်။ ဆရာကြီးသည် အရပ်အမောင်း ပုပုပြတ်ပြတ်နှင့် စာသင်လျှင် သစ်သား Pointer ကြီးတစ်ချောင်းကို အမြဲတမ်းကိုင်ဆောင်လေ့ရှိသည်။ သူ ကျေနပ်နှစ်ခြိုက်သောအခါ မျက်လုံးများ လင်းလက်သွားပြီး စိတ်ဆိုးလျှင်မူ အလွန် ကြောက်မက်ဖွယ် ကောင်းပါ၏။

တစ်ခါက ကျွန်ုပ်တို့ ပါမောက္ခလူဝစ္စ၏ကျူတိုရီယယ်တစ်ခု ဖြေဆိုနေစဉ် ဆရာကြီးက ကျောင်းသား တစ်ယောက်ကို 'မျက်လုံး၏ အလွှာ ၃ ထပ်က ဘာတွေလဲ'ဟု နိမိတ်ပြမေးခွန်းမေးသောအခါ ထိုကျောင်းသားက ဒိုးဒိုးဒေါက်ဒေါက်ရွတ်ပြလိုက်ရာ ဆရာကြီးက ကျေနပ်သွားပြီး ကျွန်ုပ်တို့ဘက်သို့ လှည့်၍ 'ဒီကောင်ကတော့ မျက်စိ ပါရဂူဖြစ်မဲ့ကောင်ပဲ'ဟု ပြောလေသည်။ အမှန်အားဖြင့် ထိုသူသည် ကျွန်ုပ်တို့အတန်းထဲတွင် ခပ်ညံ့ညံ့ ခပ်ပျင်းပျင်း ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ နောက် ရက်သတ္တပတ်အတန်ကြာသောအခါ ဆရာကြီးသည် ထိုကျောင်းသားကိုပင် ဦးရေခွံ၏ပြန်ရည်ကြောများ သွားလာပုံအကြောင်းမေးရာ အထစ်အထစ်နှင့် မဖြေနိုင်တော့ပေ။ ထိုအခါ ဆရာကြီးက စိတ်ဆိုးမာန်ဆိုးနှင့် 'အသုံးမကျတဲ့ကောင်၊ မိဘပိုက်ဆံ ဖြုန်းတီးနေတဲ့ကောင်၊ ဆေးကျောင်းဆက်ပြီးတက်မနေနဲ့၊ တစ်ခြားဘာသာတွဲသာ ပြောင်းယူလိုက်တော့' စသည်ဖြင့် ဆူပူကြိမ်းမောင်းပြန်ပါလေတော့သည်။ ဆရာကြီး၏ ပို့ချချက်များမှာကား Gray's Anatony စာအုပ်ကြီးကို တစ်ရွက်ချင်း ဖတ်ပြနေသကဲ့သို့ပင်ဖြစ်၏။

ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခဦးအေးသည် အလွန် စိတ်ထား ကောင်းမွန်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဆရာကြီးသည် သူ တတ်သိနားလည်သမျှကို ကျွန်ုပ်တို့ကျောင်းသားများ သဘောပေါက် နားလည်အောင် ရှင်းလင်းပြောဆိုရာ၌ အခက်အခဲတွေ့တတ်သည်။ တစ်နေ့တွင် ဆရာကြီးသည် ကျွန်ုပ်တို့ကို Knee Jerk ခေါက်ပုံခေါက်နည်း သင်ပြရန် သူတပည့်ရုံးအကူ လူငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကိုခေါ်၍ စားပွဲပေါ် ခြေထောက် အတင်ခိုင်းသည်။ ထိုလူငယ်က သူ၏ဒူးကို လျှော့မထားဘဲ တောင့်တောင့်တင်းတင်းလုပ်ထား၍ ဆရာကြီးမှာ Knee Jerk ခေါက်၍ မရတော့ချေ။ ဆရာကြီးလည်း ထိုသူအား ဆူပူကြိမ်းမောင်း၍ ပြန်လွှတ်လိုက်ရ၏။ နောက်တစ်ကြိမ်မှာ ဆရာကြီးသည် သွေးနီဥ အနည်ထိုင်ပုံ အကြောင်း သင်ကြားပို့ချရာ ကျွန်ုပ်တို့သဘောပေါက်အောင်ရှင်းဖို့ စကားလုံးရှာမတွေ့ဘဲ အကြပ်ရိုက်နေသည်။ နောက်ဆုံးတွင် ဆရာကြီးက ပိုက်ဆံအကြွေစေ့များ တစ်ခုပေါ်တစ်ခု ဆင့်ဆင့်ပြီး ထပ်သကဲ့သို့ သွေးနီဥများ အနည်ထိုင်ပုံကို မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လွင်အောင် မြန်မာလိုပင် ရှင်းပြပါသည်။ မည်သို့ပင်ဖြစ်စေ တပည့်များ နားလည်သဘောပေါက်စေရန် ကြိုးစားပမ်းစား အားထုတ်သင်ပြသော ဆရာကြီး၏ဂုဏ်ကျေးဇူးကို မမေ့နိုင်ကြပါ။

## ကျွန်ုပ်တို့၏နည်းပြဆရာများ

ဒုတိယနှစ်(Second M.B) သည်ကား ဆေးကျောင်းတွင် ပညာသင်ကြားရသော ဓွေဆော်ဦး ပထမဆုံးနှစ်ဖြစ်သည့်အားလျော်စွာ တွေ့မြင်ကြားသိခဲ့သော အသစ်အဆန်းဟူသမျှ အမှတ်ထင်ထင် စွဲကျန် နေခဲ့ပါ၏။ ကျွန်ုပ် မှတ်မိသ၍ နည်းပြဆရာအများစုမှာ အိန္ဒိယလူမျိုးများ ဖြစ်ကြသည်။ ခန္ဓာဗေဒဌာနမှ ဒေါက်တာဆင်ဖိုးသည် အလွန်ရိုးဖြောင့်သူဖြစ်၏။ ကျွန်ုပ်တို့ Axilla အကြောင်း Tutorial ဖြေစဉ်က ' Axilla ပုံသဏ္ဌာန်က ဘယ်လိုလဲ'ဟု မေးပြီး ' Pyramid ပုံ မဟုတ်လား'ဟူ၍ နိမိတ်ပြမေးခွန်း ထပ်ဆင့် မေးခြင်းအားဖြင့် ကျောင်းသားကို ကူညီဖေးမတတ်ပုံကို သတိရ နေမိသည်။ ဆရာသည် ဤကဲ့သို့သော နည်းလမ်းများဖြင့် တပည့်များကို ကျဉ်းထဲကျပ်ထဲ မရောက်အောင် အမြဲကူညီလေ့ရှိ၏။

အခြားဆရာတစ်ဦးမှာ Dr. အေရှန်ဖြစ်၏။ သူသည်လည်း စာမေးပွဲဖြေလျှင် တပည့်များကို အခွင့်အရေးရလျှင် ရသကဲ့သို့ ကူညီ တတ်လွန်းသဖြင့် စာမေးပွဲကြီးတစ်ခု စစ်ဆေးချိန်တွင် ပါမောက္ခလူဝစ္စက ကြမ်းပြင်ပေါ်တွင် မြေဖြူနှင့် မျဉ်းတားကာ 'အေရှန် မင်း ဒီစည်းကို ကျော်ပြီးမလာနဲ့'ဟု တားမြစ်ခဲ့ရဖူးသည်။ ဆရာအေရှန်သည် အားကစားသမားစစ်စစ်ဖြစ်၍ အားကစားနည်းမျိုးစုံကို ခုံခုံမင်မင် ကစားလေ့ရှိ၏။ ထိုစဉ်က ကျွန်ုပ်သည် ဆေးကျောင်းတွင် အဆောင်လိုက် လက်ရွေးစင်ဘောလုံးအသင်း၏ ဒုတိယခေါင်းဆောင်ဖြစ်၏။ ကျွန်ုပ်တို့အသင်းတွင်ဝင်ရောက် ကစားလို၍ ဆရာအေရှန်က 'စိုးမြင့်



ငါလည်း ပါမယ်ဟေ့'ဟု ကျွန်ုပ်အား ထပ်တလဲလဲပြောသည်။ ကျွန်ုပ်လည်း အသင်းခေါင်းဆောင် ကိုမြင့်သိန်းနှင့် တိုင်ပင်ကြည့်ရာ ကျောင်းသား ဘောလုံးအသင်းဖြစ်၍ ဆရာတစ်ယောက်ဝင်ကစားရန် မသင့်လျော်ကြောင်း သဘောထားရရှိကြပါ၏။ တစ်နေ့သ၌ ဆရာအေရှန်သည် ကျွန်ုပ်တို့ဘောလုံး အသင်းတွင် ဝင်ကစားမည်ဟု အတင်းအကြပ် ပြောသောအခါ ကျွန်ုပ်လည်း ပျက်ကွက်သူရှိလျှင် ဆရာ့ကို ခေါ်ပါမည်ဟု အလျှော့ပေးပြောဆိုရသည်။ ထိုနေ့ နေ့လည်ခင်းတွင် ဆရာအေရှန်သည် ဘောလုံးကန်ဝတ်စုံ အပြည့်ဝတ်ဆင်၍ ကွင်းထဲရောက်လာလေတော့၏။ ဖြစ်ချင်တော့ ဘောလုံးသမားများကလည်း တစ်ယောက်တလေမျှ အပျက်အကွက်မရှိဘဲ လူစုံတက်စုံ လာကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆရာ့အား ဘောလုံးပွဲတွင် စည်းကြပ်ဒိုင်အဖြစ် ဆောင်ရွက်ပေးဖို့ မျက်နှာပူပူနှင့် မေတ္တာရပ်ခံရသည်။ ဆရာက ရောရောရှုရှုလက်ခံပြီး ကျွန်ုပ်တို့ ကစားစဉ် အလံကိုင်၍ ကွင်းဘေးတစ်လျှောက် ဆင်းလိုက်တက်လိုက် တစ်ချိန်လုံး ပြေးနေရရှာသည်။ သို့သော် ဆရာကမူ ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား ငြူစူခဲ့ခြင်း အလျဉ်းမရှိပေ။

Organic Chemistry အစမ်းစာမေးပွဲတွင် ကျွန်ုပ် ပထမရသည်။ ကထိက ဦးစိန်ဂွမ်က အတန်းထဲတွင် ကျွန်ုပ်၏အမည်ကို အကျယ်ကြီးခေါ်၍ ကြေညာပေးပါသည်။ ဆရာက ကျွန်ုပ်အား စာမေးပွဲကြီး၌ ထိုဘာသာရပ်တွင် ဂုဏ်ထူးရဖို့မျှော်မှန်းသော်လည်း ကျွန်ုပ်သည် ဆရာ၏ရည်မှန်းချက်ကို မဖြည့်စွမ်းနိုင်ခဲ့ပါ။

## ကိုကျော်စိန်မိန်းမခိုးရာတွင် ကူညီကြခြင်း

ဆေးကျောင်း ဒုတိယနှစ်တက်ရောက်စဉ်က ကျွန်ုပ်သည် နောင်တွင် ဆေးရုံအုပ်ကြီးဖြစ်လာမည့် ကိုကျော်စိန် မိန်းမခိုးရာ၌ ဝိုင်းဝန်းကူညီခဲ့သည်။ ကျွန်ုပ်နှင့်အတူ တစ်တပ်တစ်အား ပါဝင်ကူညီကြသူများမှာ ကိုမြင့်အောင် (နောင်တွင်မျက်စိပါရဂူ)၊ ကိုဘိုနီ (နောင်တွင်ခွဲစိတ်ပညာပါမောက္ခ)နှင့် နောင်တွင် ပညာရေးဒုတိယဝန်ကြီးဖြစ်မည့် ကိုမောင်မောင်အေးတို့ဖြစ်ကြ၏။ ကိုကျော်စိန်သည် ဗဟန်းတွင်နေသော သူ၏ ငယ်ကျွမ်းဆွေ အမာကို ခိုးယူခြင်းဖြစ်၏။ ကျွန်ုပ်သည် သူတို့နှစ်ယောက်အား ကိုဖေသက်၏အိမ်တွင် ခေတ္တ ခိုအောင်းနေနိုင်စေရန် ကူညီစီစဉ်ပေးရသည်။ ၆လခန့်ကြာသော် ဒုတိယနှစ်အငယ်တန်း စာမေးပွဲဖြေဆိုကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာဗေဒလက်တွေ့ခွဲစိတ်ကြရခြင်း

လူသေအလောင်းများကို ခွဲစိတ်လေ့လာရခြင်းသည် ကနဦး အစတွင် အတွေ့အကြုံ အသစ်အဆန်းဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းသော်ငြားလည်း ထိတ်လန့်ဖွယ်၊ စက်ဆုတ်ရွံရှာဖွယ်တော့ ကောင်းသည်။ ဤကဲ့သို့ လေ့ကျင့် ခွဲစိတ်မှုများမပြုလုပ်လျှင် ဆရာဝန်လုပ်ရန် မဖြစ်နိုင်သည်ကို နားလည် သဘောပေါက်သည့် အားလျော်စွာ ကျွန်ုပ်တို့သည် အစမှ အဆုံးတိုင် ဖွဲနဘဲ ကောင်းကောင်းဖြင့် ကြိုးစားလုပ်ဆောင်ကြရပေ၏။ ကျွန်ုပ်တို့သည် နှစ်ယောက် တစ်တွဲ တွဲ၍ စာဖတ်ပြသူက ဖတ်ပြ၊ ခွဲသူကခွဲ၊ တစ်ယောက်တစ်လှည့် လုပ်ကြ ရသည်။ ခန္ဓာဗေဒဘာသာရပ်ကို လေ့လာသင်ကြားခြင်းဖြင့် လူ၏ခန္ဓာကိုယ် ဖွဲ့စည်း တည်ဆောက်ပုံကို အကျွမ်းတဝင် သိနားလည်ခဲ့ကြပါသည်။

## ဇီဝကမ္မဗေဒ

ဇီဝကမ္မဗေဒလက်တွေ့ စမ်းသပ်ခန်းတွင် ဖားခွဲ၍ ဖား၏ နှလုံးခုန်ပုံ ကို လေ့လာကြရသည်။ ထိုလက်တွေ့ခန်းတွင် ကျွန်ုပ်တို့သည် သင်ခန်းစာနှင့် စပ်လျဉ်း၍ နှစ်စမှနှစ်ဆုံးအထိ ပြောဆိုဆွေးနွေး ငြင်းခုန်ကြမြဲဖြစ်၏။ တစ် ပတ်တစ်ကြိမ် လက်တွေ့စမ်းသပ် လေ့လာကြခြင်းအားဖြင့် ခန္ဓာကိုယ်အစိတ် အပိုင်းအသီးသီး၏ လုပ်ငန်းဆောင်တာ အဖြာဖြာကို သဘောပေါက် နားလည် လာကြပါသည်။

## တတိယအမ်ဘီ

ကျွန်ုပ်သည် ဒုတိယနှစ်အမ်ဘီအောင်မြင်၍ ဆေးပညာလက်တွေ့ သင်တန်းများကို စတင်၍ ဆည်းပူးလေ့လာရသော တတိယနှစ်အမ်ဘီတန်းသို့ ရောက်ရှိလာခဲ့ကြသည်။ ကျွန်ုပ်တို့သည် ယခုအခါ ဆရာဝန်တစ်ယောက်၏ အဆောင်အယောင်ဖြစ်သော နားကြပ် ကိုင်ဆောင်ခွင့်ရပြီး သက်ရှိ လူနာ များကိုလည်း ကြည့်ရှုစမ်းသပ်ခွင့်ရပါပြီ၊ ကျွန်ုပ်တို့သည် ဂျူတီကုတ် အိပ်ကပ် တွင် နားကြပ် တွဲလောင်းချိတ်ကာ ဖရေဇာလမ်းတလျှောက် ခေါင်းမော့ ရင် ကော့၍ ခပ်ကြွားကြွား လမ်းသလားခဲ့ကြသည်။ အမှန်အတိုင်း ဝန်ခံရပါမူ ရောဂါအမည် ထုတ်ဖော်နိုင်ဖို့ဝေးစွ၊ နားကြပ်ကိုပင် ကောင်းကောင်း နား မထောင်တတ်ကြသေးပါ။ တတိယနှစ်သင်တန်းတွင်လည်း ပထမတန်းစား ဆရာကောင်း၊ သမားကောင်းများနှင့် ကြုံဆုံခဲ့ရသည်မှာ ကုသိုလ်ကောင်းပေစွ။



## ငွေကြေးအထောက်အပံ့ရပ်စဲခံရခြင်း

တတိယနှစ်အမ်ဘီသင်တန်း နှစ်ဝက်ကျိုးချိန်တွင် ကျွန်ုပ်၏ ဦးခေါင်း ရှစ်စိတ်ကွဲအောင် မိုးကြိုးပစ်ခံရဘိသကဲ့သို့ သတင်းဆိုး ရောက်ရှိလာလေသည်။ ကိုကြည်စိန်သည် ကျွန်ုပ်အား ဆက်လက်၍ ငွေကြေးမထောက်ပံ့နိုင်တော့ ကြောင်း စာရှည်ကြီးတစ်စောင် ရေးသားရာ ကျွန်ုပ်လည်း အကြိမ်ကြိမ် ဖတ်ရှု ပြီးနောက် စာကို ဖျောက်ဖျက်ပစ်လိုက်ပါတော့သည်။ အမှန်အားဖြင့် ကျွန်ုပ် သည် ဤကဲ့သို့သော တုံ့ပြန်မှုကို အချိန်အတော်ကြာကပင် မျှော်လင့်ထားခဲ့ပြီး ဖြစ်ရကား အံ့အားမသင့်လှပေ။ ပျိုးထောင်သောကာလနှင့်အလားတူသည့် ဥပစာသိပ္ပံနှင့် ဆေးကျောင်းတက်စကာလတစ်လျှောက် ထောက်ပံ့ ကူညီခဲ့ သော သူတို့၏ကျေးဇူးကို မမေ့နိုင်ပါ။ သူတို့သာ ဤကဲ့သို့ ထောက်ပံ့ကူညီမှု မပြုခဲ့သော် ကျွန်ုပ်အနေဖြင့် ဆရာဝန်တစ်ယောက် ဖြစ်လာနိုင်ဖွယ်မရှိချေ။ ယခုမူ ကျွန်ုပ် သည် ဆေးကျောင်းတွင် ကြွင်းကျန်သောနှစ်အနည်းငယ်ကို ဆက်လက် သင် ကြားနိုင်ရန် ကိုယ့်အားကိုယ်ကိုးရပေတော့မည်။

## ကိုညွန့်လှိုင်၏စိတ်ဓါတ်ရေးရာအားပေးမှု

ထိုအချိန်တွင် ကျွန်ုပ်၏ယောက်ဖကိုညွန့်လှိုင်က ကျွန်ုပ်အား စိတ် အားမငယ်ရန်နှင့် သူ့အနေနှင့် တတ်အားသရွေ့ အမြန်ဆုံး ထောက်ပံ့ကူညီဖို့ အဆင်သင့်ရှိကြောင်း အားပေးစကား ပြောလာပါသည်။ မယ်မယ်နှင့် ကျွန်ုပ်၏ ညီများကလည်း စိတ်အားမငယ်ဖို့ မိမိအား ဝိုင်းဝန်း စိတ်ဓါတ်မြှင့်တင်ပေးကြ ပါသည်။

စိတ်ပျက်လက်ပျက်နှင့် ကမူးရှူးထိုးဖြစ်နေသော ကျွန်ုပ်သည် ရရာ အလုပ်လုပ်မည်ဟူသောစိတ်ဖြင့် မြင်းပြိုင်ကွင်းတွင်အလုပ်လျှောက်ရာ မြင်းပြိုင် ကွင်းတွင် ဘဏ္ဍာထိန်းဖြစ်နေသော အငြိမ်းစား အတွင်းဝန်ချုပ်ကြီး ဦးကာစိက ကျွန်ုပ်နှင့် ကျွန်ုပ်၏ညီများကို အလုပ်ရရှိအောင် အကူအညီပေးခဲ့ပါသည်။ ကျွန်ုပ်တို့ရသောအလုပ်မှာ မြင်းပွဲ လက်မှတ်စာရေးဖြစ်၏။ တစ်ပတ်လျှင် စနေ တစ်ရက်သာ အလုပ်လုပ်ရပြီး နေ့တွက် ၂၀/-ရသည်။ အလုပ်ဆင်းသောနေ့ တွင် နံနက် ၁ နာရီမှ ညနေ ၆ နာရီအထိ အလုပ်လုပ်ရသည်။ မြင်းပွဲလာ လောင်းသူများ၏ ထိုးကြေးငွေကို ဘောက်ချာဖြတ်၍ လက်ခံပြီး ညနေရောက် လျှင် ဘောက်ချာအရေအတွက်နှင့် ငွေအပ်ရသည်။ မြင်းပြိုင်ကွင်းတွင် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်စဉ်ကာလတစ်လျှောက်လုံး မြင်းပွဲကို ယောင်၍ပင် သွား၍မကြည့်ခဲ့ဘူးချေ။ အလုပ်မှထွက်မည့် နောက်ဆုံးနေ့တစ်ရက်သာ မြင်းပွဲကြည့်ခဲ့ဖူးသည်။ ကျောင်းမှာလည်း စတိုင်ပင် ရရှိသဖြင့် ကျွန်ုပ်အဖို့ ကြွင်းကျန်သော နှစ်များအတွက် များစွာအထောက်အကူဖြစ်ခဲ့ပါသည်။

## ဆေးပညာဌာန ပါမောက္ခမေကျာရွှေဇံ

နောင်တွင် ဒုပိုလ်မှူးကြီးဖြစ်လာမည့် မေကျာရွှေဇံ (IMS) သည် အီဒင်ဘာရာတက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သူဖြစ်ပြီး ထင်ပေါ်ကျော်ကြားသော သမားတော်ကြီးတစ်ဦးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့အား လူနာ စမ်းသပ်ပုံစမ်းသပ်နည်းများကို အခြေခံမှစ၍ ကြပ်ကြပ်မတ်မတ် သင်ကြားပေးခဲ့ပါ၏။ ဆရာကြီး၏လက်အောက်တွင် ၆လမျှ သင်တန်းဆင်းရသောကာလအတွင်း ကျွန်ုပ်တို့အား ဆရာဝန်ဖြစ်အောင် နည်းပေးလမ်းပြခဲ့သော ဆရာကြီး၏ ကျေးဇူးတရားတို့မှာ ကြီးမားပါဘိ။ ကျွန်ုပ်တို့သည် အသေးအမွှားကိစ္စလေးများကိုပင် ဆရာကြီးနှင့် အပြန်အလှန်ငြင်းခုံ ဆွေးနွေးတတ်ကြသော်လည်း ဆရာကြီးက ငွေမယူဘဲ လမ်းမှန်ရောက်အောင် ဖေးမခေါ်ဆောင်သွားမြဲဖြစ်သည်။

တစ်ကြိမ်တွင်မူ ကျွန်ုပ်တို့သည် ကာလဒေသကို မသုံးသပ် မဆင်ခြင်ဘဲ လူနာ၏ရှေ့တွင် ဆရာကြီးကို ငြင်းခုံမိရာ အရှိအသေ တန်ရာရောက်သော ကျွန်ုပ်တို့၏လုပ်ရပ်ကြောင့် ဆရာကြီး အတော်စိတ်ဆိုးသွားခဲ့ဖူးသည်။ ဆရာကြီးက ကျွန်ုပ်တို့အား '၁၅မိနစ် စာသင်ရပ်မယ်ဟေ့'ဟု ကြေငြာပြီး သူ၏ နာရီကြိုးကိုချ၍ တောင့်တောင့်ကြီး ရပ်နေပါတော့သည်။ ကျွန်ုပ်တို့လည်း လူနာခုတင်၏ ပတ်ပတ်လည်ဝိုင်း၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း လုံးလုံး အသံမထွက်ရဲဘဲ မလှုပ်မယှက်ရပ်နေကြသည်။ ဆရာကြီးက ကျွန်ုပ်တို့အား မျက်တောင် မခတ်ဘဲ စူးစူးရှရှကြည့်နေစဉ် ကျွန်ုပ်တို့ကမူ မဝံ့မရဲဖြင့် ဆရာကြီး၏ မျက်နှာကို အကဲခတ်နေသည်။ ကျွန်ုပ်တို့လည်း ဆရာကြီး ကြေညာထားသော ၁၅ မိနစ်ပြည့်အောင် မလှုပ်မယှက် ရပ်စောင့်နေရသည်။ ၁၅မိနစ် ပြည့်သည်နှင့် တစ်ပြိုင်နက် ဆရာကြီးသည် သူ၏နာရီကြိုးကို ကောက်ကိုင်ပြီး ဘာမျှမဖြစ်ခဲ့လေဟန်ဖြင့် စာ ဆက်သင်ခဲ့ပါသည်။

နောင်တွင် ရောဂါဗေဒပါမောက္ခနှင့် ဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသော ဒေါက်တာခင်မောင်ဝင်းနှင့် ဆေးပညာပါမောက္ခလောင်းလျာ Dr. ရော်နယ်လွင်တို့သည် ကျွန်ုပ်တို့၏ နည်းပြဆရာများ ဖြစ်ကြပြီး ကျွန်ုပ်တို့သည် လူနာဆောင်များ၏ အခြေခံလုပ်ထုံးလုပ်နည်းများကို ထိုဆရာ ၂ ဦးထံမှ သင်ယူခဲ့ရ ခြင်းဖြစ်၏။ သူတို့ ၂ ဦးလုံး စာသင်ကောင်းသော ဆရာများ ဖြစ်ကြပါသည်။



## ခွဲစိတ်ကုပညာ

ကျွန်ုပ်တို့၏ ခွဲစိတ်ပညာပါမောက္ခမှာ Dr. DM နန်ဒီဖြစ်၏။ဆရာကြီးသည် ရှေးရိုးသမားပီပီ အဖန်တလဲလဲ ကျက်မှတ် ရွတ်ဆိုလေ့ကျင့်သည့်နည်းစနစ်ကို နှစ်ခြိုက်သူဖြစ်၏။ ဆရာကြီး၏ လက်ထောက် Dr. Ni Kway သည်လည်း နောင်တွင် FRCS ဘွဲ့ရ၍ ခွဲစိတ်ဆရာဝန်ကြီးဖြစ်လာပါသည်။ Dr. Ni Kway သည် ကျွန်ုပ်တို့ကို ကြင်နာသနားစိတ်ရှိသည်။ သူ၏ခွင့်ပြုချက်အရ လူနာဆောင်ရှိ အနာအဆာအမျိုးမျိုးကို ဆေးထည့်ပေးခဲ့သည့် ကျေးဇူးကြောင့် ကျွန်ုပ်တို့သည် ခွဲစိတ်ဒဏ်ရာများကို စနစ်တကျ ကြည့်ရှုကုသပေးနိုင်ခြင်းဖြစ်ပေ၏။ Dr.နီကွေးကား တော်လှန်ရေးကာလတုံးက ထားဝယ်သို့လေထီးဖြင့်ဆင်းခဲ့သည့်ဆွန်ခါး၏ အစ်ကိုဖြစ်ပေသည်။

## ဆေးဝါးဗေဒနှင့်အနုဇီဝဗေဒ

တတိယနှစ်၌ Pharmacology (ဆေးဝါးဗေဒ)နှင့် Microbiology (အနုဇီဝဗေဒ)ဘာသာရပ်များ သင်ရသည်။ ပါမောက္ခ Sen နှင့် Dr. Law (နောင်တွင်ပါမောက္ခ)တို့က ဆေးဝါးဗေဒဘာသာရပ်ကို သင်ပြသည်။ Dr. Midra နှင့် Dr. Johny Aung တို့က အနုဇီဝဗေဒဘာသာရပ်ကို သင်ပြသည်။ Dr. Midra က စာသင်လျှင် မျက်စိမှိတ်ထားတတ်ရုံမက စကားပြောသောအသံကလည်း အနိမ့်အမြင့် အတက်အကျ လုံးလုံးမရှိ။ အမှောင်ချပြီး Slide များ ပြသောအချိန်၌ ကျောင်းသားများစွာတို့သည် တစ်ရေးရအောင် ငိုက်မြည်းလေ့ရှိသည်။ ဆေးကျောင်းတွင် တတိယနှစ်သည် သက်သောင့် သက်သာရှိသည့်အလျှောက် ကျောင်းသားတိုင်းလိုလို အထိကရ တိုက်ပွဲကြီးများနှင့် အလားတူသော နောက်ဆုံးနှစ်အပိုင်း(က)(ခ) မရောက်မီ စိတ်လက် ပေါ့ပါးစွာ နေကြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဆေးဝါးဗေဒလက်တွေ့စာမေးပွဲဖြေဆိုခြင်း**

ထိုနေ့က လက်တွေ့ဖြေရပုံမှာ မှတ်သားဖွယ်ကောင်းပါ၏။ ပြင်ပစာစစ်သူများမှာ ကာနယ်မင်းစိန်နှင့် Dr. ချောက်ဒူရီ (ရန်ကုန်ဆေးရုံကြီး)တို့ ဖြစ်ကြသည်။ Dr. ချောက်ဒရီသည် လူနာမြင်ရုံဖြင့် ရောဂါအမည်ကိုတန်းပြီး ဖော်ထုတ်ရာ၌ အထူးပင် နာမည်ရသူဖြစ်၏။ ကာနယ်မင်းစိန်က အမြဲတမ်း ပြုံးနေသောကြောင့် မိမိအဖြေ မှန်သလား၊ မှားသလား ခွဲခြား၍မသိနိုင်။ Dr. ချောက်ဒူရီကမူ ငိုက်မြည်းနေဟန်တူ၏။ ကာနယ်မင်းစိန်က သူ့အား တံတောင်ဖြင့်တွက်၍ မေးရန်အလှည့်ရောက်ကြောင်း ပြောရသည်။ ဆရာကြီးသည် သူ၏လက်ထဲတွင်ကိုင်ထားသော ပိုတက်စီယမ်ပါမင်္ဂနိတ်ပုလင်းကို ကျွန်ုပ်၏ ရှေ့သို့တိုးပေးပြီး 'ဒါဘာလဲ'ဟု မေးရာ ကျွန်ုပ်က 'ပိုတက်စီယမ် ပါမင်္ဂနိတ်'ဟု ဖြေလျှင် 'အချိန်အဆ ဘယ်လောက်လဲ'ဟု ဆက်ပြီး မေးသည်။ ကျွန်ုပ်က မှန်အောင်ပြန်ဖြေလိုက်သောအခါ ကျေနပ်သွားပါတော့၏။ တတိယနှစ်အမ်ဘီ စာမေးပွဲကို အခက်အခဲမရှိဘဲ အောင်မြင်ခဲ့ပါ၏။

**နောက်ဆုံးနှစ်အပိုင်း(က)**

ထိုနှစ်တွင် ရောဂါဗေဒ၊ မှုခင်းဆိုင်ရာဆေးပညာနှင့် ပြည်သူ့ ကျန်းမာရေးပညာများကို လေ့လာသင်ကြားရသည်။

ရောဂါဗေဒဘာသာ သင်ပြသူ Prof. Adams သည် အမေရိကန် Fulbright မှ ပညာရှင်တစ်ဦးဖြစ်ရကား သူ၏သင်ပြပုံနည်းစနစ်မှာ ထူးခြားပြောင်မြောက်လှပေသည်။ ရှေးယခင်ကမူ ကျွန်ုပ်တို့သည် ဗိတိုရိယခေတ် အင်္ဂလိပ်တို့၏နည်းနိဿယများအတိုင်း လေ့လာ သင်ကြားခဲ့ကြခြင်းဖြစ်သည်။ ပါမောက္ခ Adams က စာမေးပွဲစစ်သောအခါ Multiple Choice ပုံစံကို ပထမဆုံးအကြိမ် အသုံးပြု၍ စစ်ဆေးခဲ့သည်။ အများစု အောင်မှတ်ရကြပါ၏။ သူသည် ကြင်နာသနားတတ်၍ စိတ်ရှည်သည်းခံသူဖြစ်သောကြောင့် တော်ရုံတန်ရုံနှင့် ဒေါသဖြစ်လွယ်သူမျိုး မဟုတ်ချေ။

မှုခင်းဆိုင်ရာဆေးပညာကို သင်ကြားပို့ချပေးသူ Dr. ဦးစိန်မောင်သည် သူ FRCS ဘွဲ့ယူရန် အင်္ဂလန်သို့သွားစဉ်က အတွေ့အကြုံများကို ပြောပြလေ့ရှိ၏။ စစ်ကြီးဖြစ်၍ ဘွဲ့မရမီ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရ၏။ ဘာသာရေးကိုင်းရှိုင်းသော ခရစ်ယာန်တစ်ဦးဖြစ်ပြီး ဆက်ဆံရေး အလွန်ချိုဖြောင့် မှန်ကန်



သူဖြစ်သည်။ ဆရာကြီးသည် နောင်တွင် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်လာခဲ့ပါသည်။

လူမှုရေးဆေးပညာ ပါမောက္ခမှာ Dr. မောင်ကလေးဖြစ်သည်။ စာသင်လျှင် ဆရာ၏အသံက အလွန်တိုးညင်းသောကြောင့် မကြားရသလောက်ပင်။ ဆရာကြီးသည် စာသင်သည့်အခါ သူ၏လက်ဖျံကို ဆုပ်နယ်နေလေ့ရှိသည်။ အားကစားသမားတစ်ဦးဖြစ်၍ သူ၏လက်ဖျံကလည်း ကြီးမားတုတ်ခိုင်လှသည်။ ဆရာကြီးက ဟောပြောချက်များကို လက်နှိပ်စက်ဖြင့်ရိုက်ပြီး ပြင်ဆင်ထားလေ့ရှိပါသည်။

ကျွန်ုပ်သည် ထိုနှစ်တွင် ခြေလှမ်းမှားပြီး ပေါ့ပျက်ပျက် နေထိုင်ခဲ့မိသည်။ ထားဝယ်မှ သီပေါင်းကျွမ်းဟောင်း မိန်းကလေးတစ်ယောက်နှင့် တွဲမိကာ ကျောင်းစာကိုပစ်ပြီး သူမထံသို့ အကြောင်းမရှိအကြောင်းရှာ၍ သွားရောက်လည်ပတ် အချိန်ဖြုန်းခဲ့မိသည်။ အရည်မရ၊ အဖတ်မရ နေ့စဉ်ရက်ဆက် အချိန်ဖြုန်းသည့်အကျိုးကြောင့် ကျောင်းစာများ လစ်ဟင်းကုန်သည်။ စာမေးပွဲတွင် မှုခင်းဆိုင်ရာဆေးပညာနှင့် လူမှုရေးဆေးပညာဘာသာရပ်များ ကျရှုံးသည်။ မိမိ၏အမှားကို 'နိမ့်သောင်၊ နောင်မှသိ' ပြီး မိမိကိုယ်မိမိ ပြန်လည် ဆန်းစစ်ဝေဖန်ခဲ့ပါသတည်း။

မှုခင်းဆိုင်ရာဆေးပညာ နှုတ်မေးစစ်ဆေးသောအခါ ပြင်ပစာစစ်သူက ကျွန်ုပ်အား Rape ၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မေးပါသည်။ ကျွန်ုပ်က Rape၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုရွတ်ဆိုစဉ် အနည်းငယ် ထစ်သွားရာ အတိအကျ နှုတ်တိုက်အာဂုံမဆိုနိုင်သောကြောင့် စာမေးပွဲချလိုက်ခြင်း ဖြစ်၏။ ရေးဖြေတွင် ကျွန်ုပ်သည် ၇၆%ပင် ရရှိကြောင်း နောင်မှ Dr. ဦးစိန်မောင် ပြောပြ၍ သိရှိရပါသည်။

လူမှုရေးဆေးပညာဘာသာရပ်တွင် ကျရှုံးရသည့်အကြောင်းမှာကား အဖြေလွှာစာအုပ်တွင် ကျွန်ုပ်ရေးသားဖြေဆိုပုံ နည်းလမ်းမမှန်၍ ဖြစ်ပါ၏။ ကျွန်ုပ်သည် စာမေးပွဲဖြေလျှင် အဖြေစာအုပ်၏ ယာဘက်မျက်နှာကို ရေးသည်။ စာအုပ်ကုန်မှ ဘယ်ဘက်မျက်နှာတွင် စပြီးထပ်ရေးသည်။ ကျောင်းသားအများစုကမူ ကျွန်ုပ်ကဲ့သို့မဟုတ်။ စာမျက်နှာနှစ်ဘက်လုံး အစီအစဉ်အတိုင်း ရေးသားဖြေဆိုကြခြင်းဖြစ်၏။ ထို့ကြောင့် စာစစ်သူသည် ကျွန်ုပ်၏အဖြေလွှာ စစ်ဆေးသည့်အခါ စာမျက်နှာအစီအစဉ်များ ကမောက်ကမဖြစ်၍ ရှုပ်ထွေးနိုင်ဖွယ်ရှိသည်။ ထို့နောက်တွင်မူ ကျွန်ုပ်လည်း ကျွန်ုပ်၏ရေးသားဖြေဆိုပုံကို အများ

www.burmeseclassic.com

www.burmeseclassic.com



နည်းတူ ပြုပြင်ရသည်။ ၆ လအကြာ စာမေးပွဲပြန်လည်ဖြေဆိုရာ အောင်မြင်ခဲ့ပါသည်။ သို့ရာတွင် ထိုဖြစ်ရပ်ကြောင့် ကျွန်ုပ်သည် နောက် ၆လတွင် ဖြေဆိုရမည့် အရေးကြီးဆုံးအရည်အချင်းစစ်စာမေးပွဲဖြစ်သော နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲကြီးအတွက် လုံ့လဝီရိယ ပိုမိုစိုက်ထုတ်ကာ အိတ်သွန်ဖါမှောက် ကြိုးစားရပေတော့မည်တကား။

## နောက်ဆုံးနှစ်အပိုင်း(ခ)

နောက်ဆုံးနှစ်အပိုင်း(က)စာမေးပွဲ ပြန်ဖြေရသဖြင့် မတက်လိုက်ရသော သင်ခန်းစာများကို ပို၍ဖိဖိစီးစီး လေ့လာရပါသည်။ အဓိကဘာသာကြီး (၃)ခုဖြစ်သော ဆေးပညာ၊ ခွဲစိတ်ပညာနှင့် သားဖွား မီးယပ်ပညာဆိုင်ရာ သင်တန်းပို့ချချက်များကို မှန်မှန်တက်ရသည်။ ဆရာကြီး၊ ဆရာမကြီးများ လူနာဆောင်တွင် လှည့်လည်စစ်ဆေးချိန်နှင့် လူနာဘေးတွင် စမ်းသပ် စစ်ဆေးမှုများ လက်တွေ့ပြသချိန်မျိုးတွင်လည်း ပျက်ကွက်၍မဖြစ်ပေ။ ဤကဲ့သို့ ဆရာကြီး၊ ဆရာမကြီးများ မျက်မှန်းတန်းမိစေရန် ပြုလုပ်ကြခြင်းကို Face Presentation ဟူ၍ သားဖွားပညာမှ သုံးနှုန်းသောစကားလုံးဖြင့် ပြောဆိုကြလေ့ရှိ၏။

ပါမောက္ခများက နေ့ခင်းပိုင်းအချိန်တွင် အောက်ထပ် စာသင်ခန်းမကြီး၌ ဟောပြောပို့ချလေ့ရှိရာ နေ့လည်စာ အဝလွေးထားသော ကျွန်ုပ်တို့ ကျောင်းသားများသည် Lecture နားထောင်ရင်း မျက်တောင်စင်း နေတတ်ကြပါသည်။

သက်ဆိုင်ရာ လူနာဆောင်တာဝန်ခံများက အတွင်း လူနာ လှည့်လည်ကြည့်ရှုရခြင်းနှင့် အပြင်လူနာ စမ်းသပ်စစ်ဆေးခြင်းများကို သတ်မှတ်ရက်များအတိုင်း ဆောင်ရွက်ကြရာ ကျွန်ုပ်တို့သည် မည်သည့်နေရာကိုမျှ လက်မလွှတ်ရဲကြပေ။ အကြောင်းမူကား စာမေးပွဲကြီးရောက်သည့်အခါ ဤနည်းနှင်နှင် လူနာများကို လက်တွေ့စမ်းသပ်ပြသ ဖြေဆိုကြရမည်ဖြစ်သောကြောင့်ပင်တည်း။ ကာနယ်မင်းစိန်၊ ပါမောက္ခဦးဘသန်း၊ ပါမောက္ခ ဒေါ်ရင်မေ အစရှိသော ဆရာကြီး၊ ဆရာမကြီးများ၏နှုတ်မှ ထွက်သမျှကို စေ့စေ့စပ်စပ် မှတ်သားရသည်။ ရေးဖြေ၊ လက်တွေ့၊ နှုတ်ဖြေ ၃ မျိုးလုံးတွင် ဆရာကြီး၊ ဆရာမကြီးများ၏ အာဘော်တို့မှာ လွန်စွာအရေးပါ အရာရောက်လှပေ၏။



## ခွဲစိတ်ပညာ

ခွဲစိတ်ပညာဌာနတွင် ကျွန်ုပ်တို့အား ဆရာကြီး(၃)ဦး၏ အောက်တွင် အလှည့်ဖြင့် တာဝန် ချထားသည်။ ပါမောက္ခဌာနမှူး ဆရာကြီး ဦးဘသန်း၏ အဆောင်က ၁၃-၁၄၊ Clinical Professor Dr. DM နန္ဒီ (FRCS) က အဆောင် ၇-၈၊ ကထိကဦးကြည်ပေါ် (FRCS) က အဆောင် ၁၇-၁၈ အသီးသီး တာဝန်ယူ လုပ်ကိုင်ကြသည်။

ပါမောက္ခဦးဘသန်းက လူနာဆောင်အတွင်း လှည့်လည်၍ လူနာကြည့်ရှုရင်း ဆရာဝန်တစ်ယောက်ဖြစ်လာလျှင် ကြုံတွေ့ရလေ့ရှိသော အဖြစ်များသည့် ခွဲစိတ်ရောဂါတို့၏လက္ခဏာများ၊ ရောဂါဖော်ထုတ်ပုံနှင့် ကုသပုံကုသနည်းများကို သင်ကြားပေးလေ့ရှိသည်။ ဆရာကြီးက ကျွန်ုပ်တို့ ဆေးကျောင်းသားများနှင့် သက်ဆိုင်မည့် စိတ်ဝင်စားဖွယ် အကြောင်းအရာမျိုးစုံကိုလည်း အလျဉ်းသင့်သလို ပြောပြတတ်ပါသည်။

ဆရာကြီး ဦးဘသန်းသည် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် အတန်းများကို အောက်ထပ် စာသင်ခန်းမကြီး၌ နေ့ခင်းဘက်တွင် ရွေးချယ်ထားသော ခေါင်းစဉ်အလိုက် သင်ကြားပို့ချသည်။ Prof. နန္ဒီ ကလည်း ဆရာကြီးနှင့် တစ်လှည့်စီ သင်ကြားပို့ချပါသည်။

ဆရာဦးကြည်ပေါ်က အဆောင် ၁၇-၁၈တွင် အူကျရောဂါ အကြောင်း ရှုထောင့်စုံ ဆွေးနွေးပွဲတစ်ခု ကြီးမှူး ကျင်းပခဲ့သည်။ ကိုဘိုနီ၊ ကိုဦးမောင်၊ ကိုကိုကြီးနှင့် ကျွန်ုပ်အပါအဝင် သူငယ်ချင်း ၄ ယောက် Smart & Mookerdem အမည်ရှိ စာအုပ်ဆိုင်ကြီးသို့သွား၍ ' A Companion in Surgery ' စာအုပ်ဝယ်ယူခဲ့ကြသည်။ ကျွန်ုပ်တို့သည် အူကျရောဂါနှင့် စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ နက်နက်ရှိုင်းရှိုင်း ပြည့်ပြည့်စုံစုံ ဖတ်ရှုလေ့လာကြပြီး ဟင်ပြကြရာ ကျွန်ုပ်တို့၏ ကြိုးစားပမ်းစား ဆောင်ရွက်မှုအား ဆရာဦးကြည်ပေါ်က အထူး နှစ်ထောင်းအားရ ဖြစ်ခဲ့ပါသည်။

## ဆေးပညာ

ကျွန်ုပ်တို့ တာဝန်ချထားခံရသော ဆေးကုသဆောင်များမှာ ပါမောက္ခ/ဌာနမှူး ကာနယ်မင်းစိန် (FRCS) ၏ အဆောင် (၁)၊ Clinical Professor Maj. ရွှေဇံ (FRCS) ၏အဆောင် (၂) နှင့် ကထိက Dr. Sen (FRCS) ၏ အဆောင် (၁၅-၁၆) တို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်မင်းစိန်သည် လူနာများကို လှည့်လည်ကြည့်ရှုရင်း လက်တွေ့သင်ကြားပေးသည့်အပြင် အရေးကြီးသောခေါင်းစဉ်များကိုလည်း ဟောကြားပို့ချပါသည်။ ဆရာကြီးသည် ရယ်ရွှင်ဖွယ်များလည်း ပြောတတ်သည်။ မေကျာ ရွှေဇံသည်လည်း ဗြိတိသျှနည်းနိဿယဖြင့် လေ့ကျင့်သင်ကြားခဲ့သော အကျော်ဇေယျ သမားတော်ကြီးတစ်ဦး ဖြစ်ပါ၏။ သူသည် ကာနယ်မင်းစိန်၏ မျက်ကွယ်၌ ဘာမျှလုပ်ကိုင်လေ့မရှိဘဲ လူနာများကို ဆရာကြီးထံသို့သာ တလေးတစား လွှဲပေး လေ့ရှိသည်။ Dr. Sen သည်လည်း အရည်အချင်းပြည့်ဝသော ကထိက တစ်ဦးဖြစ်၍ ဆေးပညာနှင့်စပ်လျဉ်းသော ဗဟုသုတများ ကုံလုံကြွယ်ဝသူဖြစ်ပါ၏။

## သားဖွားနှင့်မီးယပ်ပညာ

ပါမောက္ခဒေါ်ရင်မေသည် FRCS, FRCP, FRC OG ဘွဲ့ (၃)ခု ပိုင်ရှင်ဖြစ်သည့်အလျောက် အရည်အချင်း မြင့်မားလှသော သားဖွား မီးယပ်ပညာဌာန၏ ပါမောက္ခ/ဌာနမှူးဖြစ်ပါသည်။ တစ်ဦးတည်းသော ကထိကမှာ Dr. D' Silver ဖြစ်၏။ ရန်ကုန် ဒတ်ဖရင် ဆေးရုံကြီး သားဖွားမီးယပ်ဆောင်၌ တာဝန်ချထားခံရလျှင် ဆရာမကြီး ဒေါ်ရင်မေ၏လက်အောက်မှ မလွတ်နိုင်ပေ။

ပါမောက္ခဒေါ်ရင်မေတစ်ဦးသာလျှင် ဘွဲ့လွန်အရည်အချင်းရှိသူ ဖြစ်၏။ C ဆောင်တွင် ခွဲစိတ်ခန်းဝင်နေသောနေ့များတွင် အချို့သော ကျောင်းသားများသည် ဆရာမကြီး မျက်မှန်းတန်းမိရန်အလို့ငှာ ဆရာမကြီး ခွဲစိတ်ခန်းဝတ်စုံဝတ်သောအခါ ကြိုးချည်ပေးဖို့ သူထက်ငါ အလုအယက်လုပ်ကြလေ့ရှိသည်။ လူနာစမ်းသပ်စစ်ဆေးပုံ ပြသခြင်း များကို RDH သင်တန်း ခန်းမတွင် ပြုလုပ်သော်လည်း ဆရာမကြီး၏ ဟောပြောပို့ချချက်များကိုမူ အခြားဘာသာရပ်များနည်းတူ ဆေးကျောင်း၏ အောက်ထပ်သင်တန်းခန်းမကြီး၌ ပို့ချလေ့ရှိသည်။

## နောက်ဆုံးနှစ် အပိုင်း(ခ)စာမေးပွဲ

ဆေးကျောင်းတွင် စာမေးပွဲအားလုံးမှာ တင်းကြပ်ပြင်းထန် ခက်ခဲလှပါသည်။ ဆေးကျောင်းမှဆရာများသည် ကျောင်းသူကျောင်းသားများအဖို့ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော်လည်း၊ သမာသမတ်ကျကျ ပြောရလျှင် ထိုဆရာများသည် သူတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်းသာဖြစ်၏။ စာမေးပွဲကျရှုံးသောကျောင်းသားသည် အရည်အချင်း မပြည့်မီ၍သာ ကျရှုံးခြင်းဖြစ်၍ 'မည်သူမပြု မိမိမှု'သာ ဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်သည်။ ထိုအခါမျိုးတွင် စစ်ဆေးမေးမြန်းသော ဆရာက 'နောက် ၆ လကြာမှ ထပ်တွေ့ကြသေးတာပေါ့'ဟု ပြောကာ စီရင်ချက်ချသည့်နှယ် အောင်စာရင်း ထုတ်ပြန် သွားလေ့ရှိ၏။ ကျောင်းသားတို့၏ အအောင်အရှုံးနှင့် စပ်လျဉ်း၍ စာစစ်သူ၏ဆုံးဖြတ်ချက်ကို စောဒက တက်ဝံ့သူမရှိ။ စာစစ်သူ ဆရာများသည် ကျောင်းသားအားလုံးကို သာတူညီမျှ သဘောထား၍ မရှုံးသင့်သောကျောင်းသားကို တမင်စာမေးပွဲချသည့် လုပ်ရပ်မျိုး မရှိနိုင်ကြောင်း လူတိုင်း သိရှိနားလည် ယုံကြည်လက်ခံထားကြသည်။ စာမေးပွဲရှုံးသော ကျောင်းသားကလည်း မိမိမဖြေနိုင်သောကြောင့် ရှုံးထိုက်၍ရှုံးရသည်ကို သဘောပေါက်သည့် အားလျော်စွာ နောက် ၆ လအကြာတွင် မိမိဘက်က စိတ်ချရအောင် ပြင်ဆင်ပြီး ပြန်လည် ရင်ဆိုင်ဖို့ ဆုံးဖြတ်မြဲ ဖြစ်ပါ၏။

နောက်ဆုံးနှစ်အပိုင်း(ခ)စာမေးပွဲသည် ဆေးကျောင်းသား အားလုံးအတွက် အားသွန် ခွန်စိုက် လုံးပန်းရသည့် အခက်ခဲဆုံး အပင်ပန်းဆုံး အတွေ့အကြုံကြီး ဖြစ်ပေတော့သည်။ ကျွန်ုပ်အဖို့မူ ၆ လ ကာလအတွင်း စာမေးပွဲ (၂) ခုဖြေဆိုရခြင်းဖြစ်သဖြင့် အထူးပင် ကြီးလေးသော အလုပ်တာဝန်ကြီးဖြစ်ပါတော့၏။ ကျွန်ုပ်သည် ပြီးခဲ့သောနှစ်က မိမိ၏အမှားများကို နောင်တကြီးစွာရလျက် အားသစ်မာန်သစ်မွေးကာ အစွမ်းကုန်ကြိုးစားခဲ့ပါ၏။ ဆေးပညာ၊ ခွဲစိတ်ပညာနှင့် သားဖွားမီးယပ်ပညာ အဓိကဘာသာရပ်(၃)ခုကို ဦးစားပေး၍ ကျက်မှတ်လေ့လာရသောကြောင့် မျက်စိရောဂါအကြောင်း၊ မေ့ဆေးအကြောင်းများကိုမူ ကြားဖူးနားဝရှိရုံ မတောက်တခေါက်မျှသာ သိနားလည်ခဲ့ပါသည်။

ကျွန်ုပ်သည် ရေးဖြေအားလုံး ကောင်းစွာဖြေဆိုနိုင်ပါသည်။ ဆရာကြီးများနှင့် ရင်ဆိုင်တွေ့ရသည့် Clinical ဖြေဆိုရသောအခါ အခက်အခဲ တွေ့ရလေပြီ။ ခွဲစိတ်ပညာ နှုတ်မေးစာမေးပွဲ၌ Dr. နန်ဒီက ကျူရက် တစ်ချောင်းကိုကိုင်၍ မေးပါလေတော့၏။ ကျွန်ုပ်သည် ကျူရက်ကို တွေ့မြင်ပါလျက် ခွဲစိတ်ဘာသာနှင့် မသက်ဆိုင်သောကြောင့် မမေးတန်ကောင်းဘူးထင်၍ Scoop ဟု ဖြေလိုက်မိသည်။ ကျွန်ုပ်ဖြေ ဖျန်းဖြေဆိုခြင်းကို ပါမောက္ခ ဦးအုန်းက စိတ်ဆိုးသည့် အရိပ်အယောင်မပြပေ။ Dr. နန်ဒီကမူ သူ့ဘက်က မည်ကဲ့သို့ သင်ပြပေးထားကြောင်း ဆရာကြီးကို ရှင်းလင်းပြောပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာလက်တွေ့ဖြေသောအခါ ကျွန်ုပ်သည် မေဂျာရွှေရုံနှင့် ဖြေရ၏။ ကျောက်ကပ်ရောင်ရောဂါ (Subacute Nephrits) ရှိသော လူနာကို စမ်းသပ်ဖြေဆိုရသည်။ ကျွန်ုပ် ပိုင်ပိုင်နိုင်နိုင်သိသော ရောဂါဖြစ်သဖြင့် အထစ်အငေါ့မရှိဘဲ ကောင်းစွာဖြေနိုင်ရာ စာစစ်သူလည်း လုံးဝကျေနပ်ဟန် တူပါသည်။

သားဖွားပညာလက်တွေ့ ဖြေဆိုသောအခါ ဆုံပိုင်းအနေအထား Breech Presentation ဖြစ်နေသော ကိုယ်ဝန်ဆောင်လူနာကို ရသည်။ ကောင်းမွန်စွာ စမ်းသပ်ပြသဖြေနိုင်ခဲ့ပါသည်။ ထိုလူနာစမ်းပြီး၍ မီးယပ်ရောဂါ လူနာရှိရာ ခုတင်သို့ ကူးသွားချိန်တွင် ကျွန်ုပ်၏သူငယ်ချင်းကျော်မြင့်က ဆုံပိုင်း (Breech Presentation) ဟု မိမိယူဆသော လူနာကို သူက ဦးခေါင်း (Vertex Presentation) ဟု လေသံတိုးတိုးဖြင့်ပြောပြရာ ကျွန်ုပ်မှာ ရုတ်ချည်း စိတ်ဓါတ်ကျသွားမိသည်။ 'ဒို့နှစ်ယောက် တစ်ယောက်ယောက်တော့မှားပြီ၊ မှားတဲ့သူ စာမေးပွဲကျတော့မှာပဲ'ဟု သာ သဘောပိုက်ရလေတော့၏။ နောက်ဆုံးတွင် ကျွန်ုပ်ကအောင်ပြီး ကျော်မြင့်က ရှုံးသောကြောင့် နောက်တစ်ကြိမ် ပြန်ဖြေရရှာသည်။

## အခန်း(၇)

## ဆရာဝန်ဖြစ်ပြီ ရည်မှန်းချက်ပေါက်မြောက်ပြီ

အောင်စာရင်းများ မကြေညာမီ ကျွန်ုပ်သည် မိမိ၏ မွေးရပ်ဇာတိ ထားဝယ်သို့ အလည်ခရီးထွက်ခဲ့သည်။ ထိုစဉ်အချိန်က ဆရာဝန်များ ရှားပါးလှသောကြောင့် ဆရာဝန်လောင်းဆိုလျှင် နေရာတကာတွင် လက်ကမ်းကြိုဆိုလျက်ရှိသည်။ ကျွန်ုပ်သည် ငယ်သူငယ်ချင်းနှင့် ပြန်တွေ့မိကာ ပျော်ရွှင်စွာ အချိန်ကုန်ခဲ့သည်။ ထားဝယ်၌ရှိစဉ် အသစ်ဆောက်ထားသောအိမ်တွင် အမေ၊ အစ်မများနှင့် အတူတကွ နေထိုင်ခဲ့ပါ၏။

အောင်စာရင်းထွက်၍ ဆရာဝန်ဘွဲ့ရကြောင်းသိရလျှင် မိသားစု မိတ်ဆွေတစ်ဦး အမေ့ကို လာတွေ့ပါသည်။ ထိုသူသည် ကျွန်ုပ်ကို တွေ့မြင်သောအခါ 'ဆရာဝန်ဖြစ်သွားပြီဆိုတဲ့ မစောခင်ရဲ့သားက မင်းလားကွ'ဟု လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လေသည်။ ကျွန်ုပ်က ဟုတ်မှန်ကြောင်းပြောကြားရာ အမေ့ကို ဝင်တွေ့သည်။ သူတို့နှစ်ဦး ပြောဆိုကြသော စကားများကို မသိနိုင်သော်လည်း အမေကမူ မြို့မျက်နှာဖုံး လူကြီးတစ်ယောက်က သူ့အား လာတွေ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိလေသည်။ အမေက ကျွန်ုပ်အား အိမ်ထောင်ပြုလိုစိတ် ရှိမရှိ သွေးတိုးစမ်း၍ တီးခေါက်မေးမြန်းရာ ကျွန်ုပ်က အိမ်ထောင်ပြုရန် ငယ်သေးကြောင်း ပြန်ပြောလိုက်သည်။ ထိုအခါ အမေသည် အိမ်ထောင်ရေးကိစ္စအကြောင်း လုံးဝစကားမဆက်တော့ပေ။ ချစ်ဖွယ်ကောင်းသောကျွန်ုပ်တို့၏မိခင်ကား သားသမီးများ၏ရှေ့ရေးကို မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုတတ်ချေ။

ကျွန်ုပ်သည် ထားဝယ်ခရီးစဉ်၌ မိသားစုများ၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် အပူအပင်အကြောင့်အကြ မရှိရဘဲ ပျော်ပျော်ပါးပါး နေထိုင်

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိစဉ် မမသန်းထံမှ 'အလုပ်သင် ဆရာဝန်အဖြစ် အလုပ်ဝင်ဖို့ နောက်ကျနေပြီ' ဟု ဆူပူကြိမ်းမောင်းသောစာ ရောက်ရှိလာသည်။ ကျွန်ုပ်လည်း ဗန္ဓုရသင်္ဘောဖြင့် ရန်ကုန်သို့ အဆောတလျင် ပြန်ခဲ့ရပါ၏။ ရန်ကုန်ဆေးရုံကြီး (RGH) တွင် အလုပ်သင် ဆရာဝန်နေရာအားလုံး ပြည့်နေပြီဖြစ်၍ ကျွန်ုပ်နှင့်အခြား ၃ ယောက်တို့သည် ရန်ကုန် ဒက်ဖရင်ဆေးရုံ (RDH) သို့ သွားရောက်သတင်းပို့ ကြရပါသည်။

## RDH တွင် အလုပ်သင်ဆရာဝန်ဘဝ

ကျွန်ုပ်သည် ဆရာဝန်ဘဝခရီးကို RDH တွင် အလုပ်သင် ဆရာဝန်အဖြစ် အမှုထမ်းခြင်းမှ စတင်ခဲ့ပေသည်။ A ဆောင်သည် ရိုးရိုး မွေးလူနာများအတွက်ဖြစ်၍ B ဆောင်သည် မသန့်မရှင်း၊ ပိုးမွှား မကင်းသော မွေးလူနာ၊ သားလျှောလူနာနှင့် ကိုယ်ဝန်အဆိပ်တက်လူနာများအတွက် ဖြစ်ပြီး C ဆောင်မှာ မီးယပ်ဝေဒနာရှင်များအတွက် ဖြစ်သည်။ သားဖွား မီးယပ်ပညာဘာသာရပ်ကား အမျိုးသမီးများ ကြီးစိုးရာဌာနဖြစ်၏။ ကျွန်ုပ်တို့ရိုးရာ ယဉ်ကျေးမှု လေ့ထုံးတမ်းအရလည်း အမျိုးသမီးလူနာအများစုသည် အမျိုးသမီးဆရာဝန်များနှင့်သာ ပြသ ကုသခံလိုကြပေသည်။

ပြောရန်တစ်ချက်ရှိသည်မှာ အမျိုးသားဆရာဝန်တို့သည် မိန်းမ လူနာတို့၏လိုအပ်ချက်ကို မိန်းမဆရာဝန်မများလောက် 'ချက်ဆို နားခွက်က မီးမတောက်'လွယ်ကြချေ။ အကြီးမားဆုံး အဟန့်အတားမှာ စမ်းသပ်စစ်ဆေးခြင်းပင်ဖြစ်၏။ အမျိုးသမီးလူနာများသည် သူတို့၏ လျှို့ဝှက်အပ်သော အင်္ဂါအစိတ်အပိုင်းကို အမျိုးသားမီးယပ်ပါရဂူတစ်ဦးအား ပြန်သရန် ရှက်ကြောက်ဝန်လေးရကား မလွှဲသာလွှန်းမှသာ ပြပေလိမ့်မည်။ မူဆလင်ဓလေ့ထုံးတမ်းအရဆိုလျှင် အမျိုးသားဆရာဝန်တို့သည် အမျိုးသမီးလူနာများကို စမ်းသပ်စစ်ဆေးခွင့် မရှိပေ။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုအရ ရှေးပဝေသဏီအချိန်များကပင် ဆေးလောကကို ယောက်ျားများသာ လွှမ်းမိုးထားကြ၍ ဆေးလောကသို့ ထိုးဖေါက်ဝင်ရောက်လိုသူ အမျိုးသမီးများမှာ လူအများ၏ ပြုံးခြင်း၊ အထင်မြင်သေးခြင်းပင် ခံကြရသည်။



အနောက်နိုင်ငံမှ အမျိုးသား သားဖွားမီးယပ်ဆရာဝန်ကြီး တစ်ဦးက 'သားဖွားမီးယပ်ပညာရဲ့ သမိုင်းမှာ လောက်လောက်လားလား ထင်ရှားတဲ့ မိန်းမ ပါရဂူရှိလျှင် ပြစမ်းပါ'ဟု စိန်ခေါ်စကားမျိုး မြွက်ကြားဖူးသည်။ ဤသည်မှာလည်း ပုရိသဝါဒီတစ်ဦး၏ တစ်ဖက်စောင်းနင်း အမြင်ဖြစ်ပေသည်။

အမှန်စင်စစ် ဝိဇ္ဇာသိပ္ပံဘာသာရပ်အသီးသီးကို လေ့လာလိုက်စားကြရာ၌ ကျားမ ခွဲခြားမှုမှာ မျှမျှတတရှိသင့်သည်။ ဆေးပညာ၏အကိုင်းအခက်များနှင့် အလားတူသော ဆေးကုသပညာ၊ ခွဲစိတ်ကုပညာ၊ ဓါတ်မှန်ပညာအစရှိသည့် ဘာသာရပ်အသီးသီး၌ ကျားမကို အဓိကထား၍ ခွဲခြားမှုမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ စိတ်ဝင်စားရာ၊ အားသန်ရာဘက်ကို စောက်ချကာ လေ့လာလိုက်စား သင်ကြားသင့်ကြပါသတည်း။

### သားဖွားမီးယပ်ပညာဘာသာရပ်တွင် အမျိုးသမီးများကြီးစိုးခြင်း

ဗြိတိသျှကိုလိုနီခေတ်က ဝါရင့်သားဖွားမီးယပ် ပါရဂူကြီးများသည် အမျိုးသားများသာ ဖြစ်ကြ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရ၍ ဗြိတိသျှများ ထွက်ခွာပြီးနောက် ပါမောက္ခဒေါ်ရင်မေ တာဝန်မယူမီ အချိန်ကမူ ဆရာဝန်မများသည် ထိုအချက်ကို မကျေမနပ် အောင့်သီးအောင့်သက်နှင့် လက်ခံခဲ့ကြရခြင်းဖြစ်၏။ ထို့နောက်တွင်ကား သားဖွား မီးယပ်ပညာဌာနကြီးကို ဆရာဝန်မများဖြင့်သာ ဖွဲ့စည်းတည်ထောင် လေတော့သည်။ သားဖွားမီးယပ်ဌာနသို့ အမျိုးသား ဆရာဝန်များ မလာရောက်လိုသည်မှာ အဓိကအကြောင်း ၂ ရပ်ရှိသည်။ ပထမအချက်ကား မိန်းမများကြီးစိုးရာ ဌာနဖြစ်၍ အမျိုးသားတစ်ဦး ရောက်လာလျှင် နယ်ကျော်သည်ဟု မှတ်ယူတတ်ကြခြင်းဖြစ်သည်။ ဒုတိယ အချက်ကား အခြားအာရှနိုင်ငံများတည်းတူ မြန်မာအမျိုးသမီးတို့၏ ဟိရိဩတ္တပ္ပဂုဏ်ရားကြောင့် ဖြစ်ဖွယ်ရှိသည်။ အမျိုးသမီးလူနာများကား ဖြစ်နိုင်လျှင် သူတို့၏ ရောဂါဝေဒနာနှင့်စပ်လျဉ်း၍ ယောက်ျားဆရာဝန် တစ်ဦးကို မပြလိုကြပေ။ စမ်းသပ်ခံဖို့ဆိုလျှင် ပို၍ပင် ဝန်လေးကြပေသည်။

### ထိုစဉ်အခါက RDH ၏လုပ်ထုံးလုပ်နည်းအချို့

RDH တွင် ဆင်းခဲ့ရသော အလုပ်သင်ဆရာဝန်ဘဝမှာ ပြောပြစရာ ထူးထူးခြားခြား ယင်ထင်မရှိလှချေ။ တိုးတက်ရန် အခွင့်အလမ်းမမြင်ဘဲ အမှန်ပင်ငြီးငွေ့ဖွယ်ကောင်းသည့် နုံချာသောဘဝသာ ဖြစ်ပေ၏။ တိကျပြတ်သားသော လမ်းညွှန်

www.burmeseclassic.com

www.burmeseclassic.com



ချက်များမရှိဘဲ မယောင်ရာဆီလူးသကဲ့သို့ အရေးမပါ အရာမရောက်သော အသေးအမွှား လုပ်ဆောင်ဖွယ်တို့က အနုတဂ္ဂမ များပြားလှ၏။ အတင်းအဖျင်းစကားများကို နားလျှံအောင် ကြားရသည်။ ဆရာဝန်၊ သူနာပြု စသော အမျိုးသမီးဝန်ထမ်း အားလုံးလိုလိုက သူတို့ထင်ရာမြင်ရာများကိုသာ ပြောတတ်ကြသောကြောင့် သိသင့်သိထိုက်သော အဖြစ်မှန်နှင့် ညွှန်ကြားချက် အတိအကျများမှာ ဖုံးလွှမ်း ကွယ်ပျောက်သွားလေ့ ရှိသည်၊ တာဝန်ပိုင်းနှင့်စပ်လျဉ်းပါက တာဝန်ယူမည့်သူမရှိ။ ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာလျှင် မိမိ အပြစ်လွတ်အောင် သူများအပေါ်သာ ပုံချမြဲဖြစ်သည်။ ဆရာဝန် ဆရာမနှင့် အောက်ခြေဝန်ထမ်းများအထိ လူတိုင်းကိုယ်စီ မိမိအပြစ် ဖြစ်မည်ကို ကြောက်နေကြသည်။ အကျိုးဆက်မှာကား မည်သည့်ကိစ္စမဆို တာဝန်ခံမည့်သူ မရှိတော့ချေ။ ထို့ကြောင့် ကိစ္စကြီးငယ်မရွေး အထက်သို့တင်ပြလိုက်၊ အောက်ကို တစ်ဆင့်ချင်း လွှဲပေးလိုက်နှင့် မလိုအပ်သော နှောင့်နှေး ကြန့်ကြာမှုများမှာ အစဉ်အလာတစ်ရပ်သဖွယ် ဖြစ်နေခဲ့ပါတော့သည်။

လူနာအကြောင်းကိစ္စပေါ်ပေါက်လာလျှင် စာရေးအစီရင်ခံပြီး သူနာပြုယာဉ်ဖြင့်လူလွှတ်ကာ စာပို့အကြောင်းကြားသောစနစ်ကို ခုံခုံမင်မင် ကျင့်သုံးကြ၏။ နှောင့်နှေးကြန့်ကြာမှုများမှာ စိတ်ပျက်ဖွယ် ကောင်းလှပါဘိ။ တယ်လီဖုန်း ဆက်ရုံမျှဖြင့် ပြေလည်သွားရမည့်ကိစ္စကို စာတတန်ပေတတန်ဖြင့် အကြောင်းကြား တင်ပြနေရသည်မှာ မလိုအပ်သော ဝတ္တရားတစ်ခုပင်။ နှုတ်တိုက်ချပေးသည့် သင်တန်းပို့ချမှုများ ရှိလင့်ကစား လက်တွေ့သရုပ်ပြခြင်း၊ ဆွေးနွေးခြင်း စသည့်အပိုင်းများ မရှိချေ။

မီးယပ်ရောဂါဘာသာရပ်ကား မျက်နှာသာအပေးခံရသောလူနည်းစုအတွက်ဖြစ်နေသည်။ သားဖွားမီးယပ်ဆောင်တွင် တာဝန်ချိန်ကို အဆိုင်း၃ဆိုင်းခွဲ၍ အလုပ်ဆင်းကြရသည်။ ခွဲစိတ်ခန်းဝင်ရသောနေ့ဆိုလျှင် အချိန်ရှည် ဂျူတီဝင်ရသဖြင့် နေ့သမားက နံနက် ၇ နာရီမှ ည ၇ နာရီအထိ အလုပ်ဆင်းရပြီး ညသမားက ည ၇ နာရီမှ နံနက် ၇ နာရီအထိ တာဝန်ယူကြရပါသည်။

အဆိုးဆုံးတစ်ချက်မှာ ဝန်ထမ်းကြီးငယ်မဟူ မည်သူ့အတွက်မျှ စနစ်တကျလေ့ကျင့် သင်ကြားပေးမည့် အစီအစဉ်မရှိခြင်းပင်ဖြစ်၏၊ လုပ်ငန်းခွင်အတွင်း စာတွေ့လက်တွေ့ သင်ပြပေးခြင်းအလျဉ်းမရှိပေ။ Chassar Moir ၏ Operative Obstetrics နှင့် Victor Bonney ၏ Operative Gynaecology စာအုပ် ၂ အုပ်မှာ ကျွန်ုပ်အတွက် ကိုယ်နှင့်မကွာ အမြဲဆောင်



ထားရသော သမ္မာကျမ်းစာဖြစ်ပါတော့၏။ လူနာဆောင်တွင် အရေးပေါ်ကိစ္စများ ကြုံကြိုက်သည့်အခါတိုင်း လှန်လှောရှာဖွေ ဖတ်ရှုခဲ့ရပါသတည်း။

## ငှက်မသိလျှင် ဇရက်ကို 'ချိုး'ဟု ထင်မှတ်နိုင်ခြင်း

တစ်ခါက အသက် ၆၀ ခန့်ရှိသော အဒေါ်ကြီးတစ်ယောက်ကို Large Ovarian Cyst (သားဥအိမ်တွင်ဖြစ်သော ရေအိတ်)ဟု ရောဂါအမည်တပ်၍ ဆေးရုံတင်ပေးလိုက်သည်။ ကျွန်ုပ်သည် လူနာ၏ ရောဂါရာဇဝင်ကို ပြည့်ပြည့်စုံစုံမေးပြီးနောက် လူနာအား စမ်းသပ်ကြည့်ရာ သားဥအိမ်တွင် ဖြစ်သောရေအိတ်နှင့် မတူသည်ကို သတိပြုလိုက်မိသည်။ မိမိကိုယ်မိမိ ယုံကြည်နေသော ကျွန်ုပ်သည် လူနာကို ချက်ချင်းပင် ဆီးချုပိုက်ထည့်ကြည့် လိုက်၏။ အလိုလေး..လေး၊ ဆီးချုပိုက် ထည့်ပြီး ဆီးများ လက်ဆွဲဘာလီပုံးနှင့် အပြည့်ထွက်သွားရာ အလုံးကြီးမှာ မျက်လှည့်ပြသကဲ့သို့ တစ်မုဟုတ်ချင်း ပျောက်သွားလေ၏။ ကျွန်ုပ်လည်း ဖြစ်ကြောင်းကုန်စင်ကို ကျွန်ုပ်၏အကြီးအကဲထံ ထုံးစံအတိုင်း အဆောတလျင် စာရေး၍ အစီရင်ခံလိုက်ပါသည်။ ဆရာဝန်မကြီးလည်း အပြေးအလွှားရောက်ရှိလာပြီး ကျွန်ုပ်အား သားဥအိမ်ရေအိတ်နှင့် ဆီးအင်းနေခြင်းကို မှားရကောင်းလားဟူ၍ မြည်တွန်တောက်တီး နေပါတော့သည်။ ကျွန်ုပ်က ဆီးချုပြီးနောက် ဘာလီပုံးနှင့်အပြည့် ဆီးများ ထွက်သွားပြီး ဗိုက်ချပ်သွားပုံကို ဆရာမကြီးအား ရှင်းလင်းပြောပြပါသည်၊ ထိုအခါ ဆရာမကြီးက လူနာအား ကိုယ်တိုင်ကိုယ်ကျ အောက်ပိုင်းမှ လက်ထည့်ပြီး အချိန်ယူ စမ်းသပ်စစ်ဆေးရာ အလုံး မတွေ့တော့မှသာ လက်ခံသွားပါတော့သည်။ ဤအတွေ့အကြုံကြောင့် 'ဆီးအိမ် အရမ်းတင်းလျှင် သားဥအိမ် ရေအိတ်နှင့်မှားနိုင်သည်'ဟု ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြလေ့ရှိသော သမားစဉ် ဆိုရိုးစကား မှန်ကန်ပုံကို ကိုယ်တွေ့မြင်မှ လက်တွေ့ မှတ်သားခဲ့ရပါသတည်း။

'ငှက် မသိတော့ ဇရက် ချိုး ထင်'ဟူသော မြန်မာ့ဆိုရိုးစကားနှင့် ကိုက်ညီလှပေ၏။

## စစ်ဆေးရန်-ဓါတ်ခွဲခန်းမရှိ

RDH တွင် ထိုအချိန်က ဓါတ်ခွဲခန်းမရှိ။ သွေးဘဏ်မရှိ။ ဓါတ်မှန်ဌာနမရှိချေ။ စစ်ဆေးလိုသမျှကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ပေးရသည်။ မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများကြောင့် လူနာများသည် ဆေးရုံတွင်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မကြာသင့်ဘဲ အကြာကြီးစောင့်ဆိုင်း နေကြရသည်မှာ အကျဉ်းချခံရသည့်အလား။ တစ်ချိန်က RDH တွင် တာဝန်ကျသော အလုပ်သင်ဆရာဝန်များကို အခကြေးငွေယူ၍ သွေးနီဥ၊ သွေးဖြူဥများ ခွဲခြားရေတွက် ပေးရသော CP ESR စစ်ဆေးခြင်းပြုလုပ်ရန် အားပေးခွင့်ပြုခဲ့ဘူးသည်။ ဤအလုပ်သည် ကျွန်ုပ်တို့ အလုပ်သင်ဆရာဝန်များ၏အလုပ် မဟုတ်။ ဆေးရုံ၌ အခကြေးငွေယူ၍လုပ်ခြင်းမှာ နည်းလမ်းမကျ။ ဤအချက်နှစ်ချက်ကြောင့် ကျွန်ုပ်သည် ထိုအလုပ်ကို ပြတ်ပြတ်သားသား ငြင်းဆန်ကာ မလုပ်ဘဲ နေခဲ့သည်။ သူငယ်ချင်းတစ်ယောက်ကမူ ဆရာဝန်ကြီးများ အားပေးအားမြှောက်လုပ်သည့်အတိုင်း အခကြေးငွေယူကာ သွေးဖေါက်စစ်ဆေးပေးနေသည်။ ထိုသူငယ်ချင်းက 'လွယ်ပါတယ်ကွာ၊ မှန်းပြီးရေးလိုက်တာပဲ'ဟု သူလုပ်ပုံ လုပ်နည်းကိုပင် ကျွန်ုပ်အား မကွယ်မဝှက် ပြောပြလိုက်သေးသည်။ ကျွန်ုပ်မှာ သူ့စကားကြောင့် အံ့သြတုန်လှုပ်သွားကာ ရိုးရိုးသားသားလုပ်ပေးသင့်ကြောင်း ပြောလျှင် သူက 'ဘယ်သူသိမှာလိုက်လို့ကွာ'ဟု ပြန်ပြောပါသည်။ ဆရာဝန်မကြီးကမူ ထိုသူငယ်ချင်းကို အလုပ်ကြိုးစားသည်ဟု သဘောကျပြီး အထူး မျက်နှာသာပေးခဲ့ပါသည်။ ကျွန်ုပ်ကိုမူ ဘာမျှမလုပ်တတ်သော လူပျင်းလူညံ့တစ်ယောက်ဟု သတ်မှတ်ထားခြင်းဖြစ်ရာ ကျွန်ုပ်မှာ ဆရာမကြီး မြည်တွန်တောက်တီးသမျှ အောင့်အီး၍ ခံခဲ့ရပါ၏။ အတော်အတန်ကြာ၍ အဖြစ်မှန် ပေါ်သောအခါ ကျွန်ုပ်သည် ယင်းကိစ္စတွင် လုံးဝပါဝင်ပတ်သက်ခြင်း မရှိသည့်အလျောက် အပြစ်တစ်စုံတစ်ရာ မခံရသည့်အပြင် အပြစ်တင်ခံရခြင်းမှလည်း ကင်းလွတ်ခဲ့ပါသည်။

## အုပ်ချုပ်ရေး

ဆေးရုံအုပ်ချုပ်ရေးသည် ဆေးရုံအုပ်၏လက်အောက်တွင် ရှိသည် ဆိုသော်ငြားလည်း ထိုဆေးရုံအုပ်သည်ပင် သားဖွားမီးယပ်ပညာ ပါမောက္ခဌာနမှူးဖြစ်နေပြန်ရာ သူမတစ်ဦးတည်းက သင်ကြားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍ ၂ ရပ်လုံးကို ပူးတွဲတာဝန်ယူထားခြင်းဖြစ်၏။ ကုလားကပြား ရုံးအုပ်စာရေးကြီးသည် ရုံးလုပ်ငန်းများကို နားလည် ကျွမ်းကျင်သူဖြစ်၍ ဆေးရုံအုပ်အနေဖြင့် အစစအရာရာ သူ့ကို အမှီပြုကာ လုပ်ကိုင်နေရခြင်းဖြစ်ပါသည်။

AMS I Dr. D' Silva သည် အင်္ဂလိပ်-ကုလားစပ်သော ကပြားတစ်ဦးဖြစ်၏။ ဘာသာရေးကိုင်းရှိုင်းသည့် ကက်သလစ်ခရစ်ယာန်တစ်ယောက်ဖြစ်သည်၊ သနားကြင်နာတတ်သူ ဖြစ်သော်လည်း စည်းကမ်း အလွန်ကြီးသည်။



ဆေးရုံပရဝုဏ်အတွင်း၌ သူ၏မီးခိုးရောင် အော်စတင် ကားလေးရပ်ထားလျှင် Dr. D' Silva တစ်ယောက် လူနာဆောင် တစ်နေရာတွင် ရှိနေသည်မှာ မြေကြီးလက်ခတ် မလွဲပေ။ အသည်းအသန်လူနာ၏ဘေးတွင် တစ်ညလုံး ငုတ်တုပ်ထိုင်ကာ ဘုရားဆုတောင်းပေးတတ်သည်။ သူမသည် ရုပ်ရည်ချောမော လှပ၍ ဆွဲဆောင်မှုရှိသော်လည်း အိမ်ယာမထောင်ဘဲ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့်သာ အရိုးထုတ်သွားခဲ့လေသည်။

## Diet Sheet (ရိက္ခာတောင်းခံလွှာ)များ ရေးသားရခြင်း

A အဆောင်တွင် တာဝန်ကျစဉ် ကျွန်ုပ်သည် လူနာအားလုံးအတွက် Diet Sheet များရေးသားရသည်။ တစ်နံနက်တွင် Dr. D' Silva က ကျွန်ုပ်အား သူ၏ရုံးခန်းသို့ခေါ်၍ သွားရောက်ရသည်။ ရုံးခန်းတွင် သူမသည် ကျွန်ုပ်အား အထိုင်မခိုင်းဘဲ Diet Sheet များကိုပြ၍ 'Dr. စိုးမြင့် Private လူနာအတွက် Diet Sheet တစ်ခု ပို ရေးထားတယ်၊ မင်းလစာထဲက ၁၀/-ဖြတ်မယ်'ဟု ပြောပါသည်။ လစာ ၁၂၆ ကျပ်သာရသော ကျွန်ုပ်မှာ ၁၀/- အဖြတ်ခံရလျှင် များစွာ နစ်နာလှပေ၏။ Diet Sheet တစ်ရွက် ပိုရေးမိသည်ကလည်း မငြင်းနိုင်သောကြောင့် ကျွန်ုပ်မှာ မိမိချို့ယွင်းချက်အတွက် တာဝန်ယူရပေမည်။ ထို့ကြောင့် ကျွန်ုပ်က 'ကိုယ့်အပြစ်ကိုယ် ခံမည့်အကြောင်း ပြောရာ သူမသည် ကျွန်ုပ်အား အချိန်အတော်ကြာ စိုက်ကြည့်နေပြီးမှ တဖြည်းဖြည်း သူ့မျက်နှာက ပြုံးလာပြီး 'မတော်တစ်ဆမှားတဲ့အမှားမို့ အရေးမယူပါဘူး၊ နောက်နောင် လက်မှတ်မထိုးခင် သေသေချာချာစစ်ဆေးဖို့ သတိပေးချင်တာပါ'ဟု ပြောလေသည်။ Dr. D' Silva ပေးသောသင်ခန်းစာမှာ အလွန် တန်ဖိုးရှိပေစွ။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် မည်သည့်စာရွက်စာတမ်းမဆို စိတ်တိုင်းကျ ပြည့်စုံအောင် မစစ်ဆေးရဘဲ လက်မှတ် မထိုးတော့ပေ။

၁၉၆၄ ခုနှစ်တွင်၊ မန္တလေးဆေးရုံကြီးသို့ သားဖွားမီးယပ်ဆရာဝန်ကြီးအဖြစ် ရောက်ရှိလာသောအခါ ကျွန်ုပ်သည် Dr. D' Silva ထံမှ တာဝန်လွှဲယူခဲ့ရသည်။ ထို့နောက် သူမသည် ပြင်ဦးလွင်ရှိ အမှတ်(၁)အခြေချ စစ်ဆေးရုံကြီး၌ သားဖွားမီးယပ်ဆရာဝန်ကြီးအဖြစ် လုပ်ကိုင်သွားခဲ့သည်၊ အငြိမ်းစားယူပြီးနောက် ပြင်ဦးလွင်မှာပင် အခြေချ နေထိုင်ရင်း အနိစ္စ ရောက်ခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်ထောက်ဆေးရုံအုပ်

AMS II Dr. ဒေါ်စိန်ရှင်သည် လုံးကြီးပေါက်လှ ကရင် အမျိုးသမီး တစ်ဦးဖြစ်၏။ အပြောမချိုသော်လည်း စိတ်ရင်းစေတနာ ကောင်းသူဖြစ်ပါ၏။ သူမသည် လူနာဆောင် တစ်ဆောင်မှ တစ်ဆောင်သို့ ကူးလိုက်သန်းလိုက်နှင့် အမြဲပင် အလုပ်ရှုပ်နေဟန်ရှိသည်။ အပြင်ပန်းကြည့်လျှင် နှုတ်ကြမ်းလျှာကြမ်း မိန်းမကြမ်းတစ်ဦးဟု မှတ်ထင်ရလင့်ကစား ကြင်နာသနားတတ်၍ စိတ်ထား မွန်မြတ်သူဖြစ်၏။ သူမသည် သားလျှောလူနာများ၊ ပိုးမွှားဝင်သော မွေးလူနာများ၊ ကိုယ်ဝန်အဆိပ်တက်လူနာများနှင့် သွေးဆင်းလူနာများထားသော B ဆောင်တွင် တာဝန်ကျသည်။ ဝန်ထမ်းအများစုသည် ရောဂါပိုး ကူးစက်ပျံ့နှံ့ မည်စိုးသဖြင့် B ဆောင်ဆိုလျှင် ဝေးဝေးက ရှောင်ကြသည်။

ကျွန်ုပ်သည် B ဆောင်တွင် တာဝန်ကျစဉ် သားလျှောလူနာ အမြောက်အမြားကို သားအိမ်ခြစ်ပေးခဲ့ရသည်။ ပိုးမွှားဝင်သော မွေးလူနာများစွာ ကို သားဖွားပေးခဲ့သည်။ ကိုယ်ဝန်အဆိပ်တက်လူနာများ ဆေးရုံသို့ ရောက်ရှိ လာလျှင် ရရာ ဆေးသုံးပြီး ကုသပေးခဲ့ရသည်။ အများဆုံး သုံးရသောဆေးမှာ မော်ဖင်းဖြစ်ပြီး ကလိုရိုဖေါင်းနှင့် အီသာစသည်တို့ကိုလည်း အသုံးပြု၍ အဆိပ် တက်လူနာများ သားဖွားနိုင်အောင် လုပ်ပေးရသည်။

## ညှပ်ဆွဲမွေးရာတွင် ကူညီခြင်း

တစ်ခါက ကျွန်ုပ်သည် ကံအားလျော်စွာ Dr. ဒေါ်စိန်ရှင် ညှပ်ဆွဲ၍ သားဖွားပေးရာတွင် ကူညီခဲ့ရဖူးသည်။ သူမက လက်ဖျံအားဖြင့် ကလေး မွေး ထုတ်ပေးစဉ် သူ့နောက်မှ တွန်းထားရန် ကျွန်ုပ်ကို မှာကြားပါသည်။ ထိုအခါ ကျွန်ုပ်သည် လက်စွဲတော် သားဖွားပညာ သမ္မာကျမ်းစာ၌ ရေးသားဖော်ပြထား သော ထိုအချက်၏ အရေးပါပုံကို နားလည်သဘောပေါက်သွားခဲ့၏။ အချို့ သောသူတို့သည် ညှပ်ဆွဲသောအခါ မွေးခုတင်ကို ခြေစုံကန်၍ အားစိုက် ခွန် စိုက် လုပ်ကိုင်ကြသည်ကို တွေ့မြင်ရသည်မှာ စိတ်မသက်သာဖွယ် ကောင်းလှပါ တော့သည်။



## Caesarian Section (CS) လုပ်ရာတွင် ပါဝင်ကူညီခြင်း

ကျွန်ုပ် ဂျူတီကျသော ညတစ်ညတွင် AMS II ဒေါ်စိန်ရှင်လည်း အရေးပေါ် တာဝန်ယူရသည့် AMS အဖြစ်အလှည့်ကျသောရက်နှင့် တိုက်ဆိုင် ခဲ့သည်။ သူမသည် ထိုညတွင် မွေးလူနာ ၃ ယောက်ကို တန်းစီ၍ CS လုပ်ပေး ရန်ရှိ၏။ မိမိကျွမ်းကျင်သောပညာဖြင့် အမှန်တကယ် လိုအပ်သော လူနာများ ၏အကျိုးကို ဆောင်ရွက်ရမည်ဟူသောအသိဖြင့် ဝမ်းမြောက် ကြည်နူးလျက် ရှိသည်။ ဒေါက်တာဒေါ်စိန်ရှင်သည် ခွဲစိတ်နေစဉ်အချိန်မှစ၍ ခွဲပြီးချိန်အထိ စိတ်လက်ပေါ့ပါးစွာဖြင့် အလုပ်လုပ်ရင်း ရယ်စရာမောစရာများ ပြောဆိုနေခဲ့ သည်။ အိမ်ပြန်ရောက်မှသာ ခြေကုန်လက်ပန်းကျပေလိမ့်မည်။ မည်သို့ပင်ဖြစ် စေကာမူ အကျိုးရှိသောအလုပ်ကို လုပ်ခဲ့ရသည့်အတွက် ကျွန်ုပ်တို့မှာ စိတ်ဓါတ် တက်ကြွနေခဲ့ပါ၏။

နောက်နေ့နေ့လည်ခင်း ကျွန်ုပ်၏ဂျူတီချိန်တွင် Dr. ဒေါ်စိန်ရှင်သည် B ဆောင်သို့ရောက်ရှိလာရာ သူမ သယ်ဆောင်လာသောခြင်းထဲတွင် လက်ဖက် ရည်နှင့် မုန့်များပါလာသည်။ 'စိုးမြင့် မင်း တစ်ညလုံး မအိပ်ရဘူး၊ ငါ လက်ဖက် ရည်နှင့်စမုံဆာတွေ ဝယ်လာတယ်။ စားပါဦး၊ သောက်ပါဦး'ဟု ပြောကာ ချကျွေး လေသည်။ ကျွန်ုပ်လည်း ကျွေးသမျှကို အဝပင် စားသောက်လိုက်ရာ ကျွေးသော သူလည်း ဝမ်းမြောက်ကျေနပ်ပြီး ပြန်သွားခဲ့လေ၏။

## CS တွေများလွန်း၍ အဆူခံရခြင်း

နောက်နေ့မနက်ရောက်သော် AMS II နှင့် ကျွန်ုပ်အား ဆေးရုံအုပ် ကြီးရုံးသို့သတင်းပို့ရန် အမိန့်စာ ရောက်ရှိလာလေတော့သည်။ ကျွန်ုပ်တို့ နှစ် ယောက်လည်း မည်သည့်အကြောင်းကိစ္စကြောင့်ခေါ်မှန်း မသိကြဘဲ ဆေးရုံအုပ် ရုံးသို့ သွားရောက်ခဲ့ကြသည်။ အခန်းထဲဝင်၍ ဆရာမကြီးရှေ့တွင် မတ်တတ်ရပ် နေကြရာ ဆရာမကြီးက ခေါင်းမော့ကာ ကျွန်ုပ်တစ်ယောက်တည်းကိုသာ စူးစူးဝါးဝါးကြည့်ပြီး 'တစ်ညတည်းမှာ ဘာကြောင့် CS သုံးယောက် ခွဲရတာ လဲ'ဟု ငေါက်ငန်းလျက် မေးမြန်းချက် တောင်းလေသည်။ သို့ရာတွင် သူမသည် ကျွန်ုပ်တို့ထံမှ အဖြေစကားကို နားထောင်ရန် စိတ်ကူးလုံးလုံးမရှိချေ။ AMS II ကို တစ်ချက်မျှ မကြည့်ဘဲ ကျွန်ုပ်ကိုသာ စေ့စေ့ကြည့်ပြီး မရပ်မနား ဆူပူ ကြိမ်းမောင်းအပြစ်ဆိုလေ၏။ အမှန်စင်စစ် ဆေးရုံအုပ်ကြီး၏ပစ်မှတ်မှာ ကျွန်ုပ် မဖြစ်နိုင်။ AMS II သာ ဖြစ်ရမည် ဆိုသည့်အချက်ကလည်း လယ်ပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်သွားသကဲ့သို့ ထင်ရှားဘိသည်။ အားရကျေနပ်အောင် ဆူပူကြိမ်းမောင်းပြီးမှ တုံးတိတိစကားဖြတ်ခါ ကျွန်ုပ်တို့အား မောင်းထုတ်လိုက်ပါတော့သည်။

ထူးခြားသည်မှာ AMS II ကလည်း ဆေးရုံအုပ်ကြီးအား တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောချေ။ နှစ်ယောက်သား ဆေးရုံအုပ်ကြီးရုံးခန်းမှ စိတ်ပျက်လက်ပျက်နှင့် ခပ်ကုပ်ကုပ်လေး ပြန်ထွက်လာကြရာ အပြင်ရောက်မှ AMS II က 'စိုးမြင့် မင်းက တကယ်အရေးပါတဲ့လူကြီးပဲ၊ ဆေးရုံအုပ်ကြီးက ငါ့ကိုတောင် ပြောဖော်မရဘူး၊ မင်းကိုပဲပြောတာ'ဟု ခနဲ့စကားဆိုသည်။ ကျွန်ုပ်လည်း စိတ်ကသိကအောက်ဖြစ်၍ ဘာမျှပြန်မပြောခဲ့ပေ။ RDH ၌ အလားတူကိစ္စများ ဖြစ်လေ့ဖြစ်ထရှိပါ၏။

Dr. ဒေါ်စိန်ရှင်သည် သားအိမ်ခေါင်းကင်ဆာလူနာများကို အပေါ်ထပ် ခွဲစိတ်ခန်းမတွင် Radium ထည့်သွင်းပေးသော အလုပ်ကိုလည်း အမြဲတာဝန်ယူ လုပ်ဆောင်ရသည်။ Radium Container ကို သူမ၏ ဂျူတီကုတ်တွင် ထည့်၍ သယ်ဆောင်လေ့ရှိသည်။ နောင်တွင် သူမသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိရပါသည်။

### ကုသမှုမရရှိသော သနားစဖွယ်လူနာများ

RDH တွင်ရှိစဉ် ကျွန်ုပ်၏နှားမျက်စိကို ပွင့်စေသည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ C ဆောင်တွင် ဆီးအိမ်နှင့် ယောနိ ဒိုးယိုပေါက်ဆက်သွားသော လူနာနှင့် သားအိမ်ခေါင်းကင်ဆာလူနာ အမြောက်အမြား ထားရှိသည်။ ထိုလူနာတို့ကိုထားသော တိုးချဲ့ဆောင်လေးမှာ အမြဲပင် မသတီဖွယ် အနံ့ဆိုးကြီးဖြင့် ဟောင်နေပါတော့သည်။ မခံမရပ်နိုင်အောင် ဝေဒနာခံစားရသူများကို အနာသက်သာရန် ပက်သဒင်း ထိုးပေးရ၏။ ထိုခေတ်ထိုအခါက ခွဲစိတ်ပုံနည်းနိဿယျ အသစ်အဆန်းများ မပေါ်သေးသည်ကတစ်ကြောင်း၊ မေ့ဆေးပိုင်းကလည်း မတိုးတက်သေးသည်က တစ်ကြောင်းတို့ကြောင့် ၎င်းလူနာများအား သက်သာပျောက်ကင်းစေရန် စွန့်စား၍ ခွဲစိတ်ကုသပေးမည့် ဆရာဝန် တစ်ဦးတလေမျှ မရှိချေ။ ထိုလူနာများအတွက် ကုရာနတ္ထိ ဆေးမရှိဟူ၍သာ အများက လက်ခံထားခဲ့ကြပေသတည်း။



### ကျွန်ုပ် OG ဖြစ်လာစေရန် စေ့ဆော်ပေးခြင်း

အထက်ဖော်ပြပါလူနာများကို ကရုဏာဖြစ်စဖွယ် ကြုံတွေ့ခဲ့ရခြင်းသည်ပင် ကျွန်ုပ်အား OG တစ်ယောက် ဖြစ်လာစေရန် စေ့ဆော် တိုက်တွန်းသည့် အကြောင်းတစ်ရပ်ဖြစ်ဖွယ်ရှိသည်ဟု ရံဖန်ရံခါ အတွေးဝင်မိပါသည်။ မိမိသည် မီးယပ်နှင့်ပတ်သက်သော ကင်ဆာဝေဒနာရှင်များကို ခွဲစိတ်ကုသ၍ တတ်နိုင်သမျှ အသက်ကယ်ပေးလိုခြင်း၊ အနည်းဆုံး သူတို့၏ သက်တမ်းပိုရှည်ပြီး ကြွင်းကျန်သောနှစ်ကာလအတွင်း လူတန်းစေ့နေထိုင်နိုင်အောင် ကုသပေးလိုခြင်း၊ မွန်မြတ်သော စိတ်စေတနာများကို အရင်းခံလျက် OG ကောင်းတယောက်ဖြစ်အောင် ကြိုးစားရန် သန္နိဋ္ဌာန် ချခဲ့မိခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### အစိုးရအမှုထမ်းအဖြစ် စတင်ခန့်အပ်ခံရခြင်း

၁၉၅၃ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျွန်ုပ်ကို မန္တလေး ပြည်သူ့ဆေးရုံကြီး၌ လ/ထဆရာဝန် အဖြစ် ခန့်ထားလိုက်ကြောင်း အမိန့်စာ ထွက်ရှိသည်။ ထိုအမိန့်ကြော်ငြာစာမှာ ပြန်တမ်းဝင်အရာရှိများနှင့် အစိုးရ အထက်တန်းအရာရှိကြီးအတွက် နိုင်ငံတော်အစိုးရက ထုတ်ဝေဖြန့်ချိသည့် ဘားမားဂေဇက်(မြန်မာနိုင်ငံပြန်တမ်း)၌ ထည့်သွင်းဖော်ပြခြင်းခံရ၏။ ကျွန်ုပ် သည် ဒေါက်တာလှဖေနှင့်အတူ မန္တလေးသို့ လေကြောင်းခရီးဖြင့် သွားခဲ့ကြ ပါ၏။ ကျွန်ုပ်တို့လာမည့်အကြောင်း မန္တလေးဆေးရုံအုပ်ကြီးထံ ကြေးနန်း ပို့ ထားသဖြင့် လေဆိပ်တွင် စာရေးကြီးတစ်ဦးက လာရောက်ကြိုဆိုပါသည်။ ကျွန်ုပ်တို့အား အစိုးရ ငှားရမ်းထားသည့် 'ရန်ကင်း' တိုက်တွင် နေရာချထား ပါသည်။

### သံယာဆောင်တာဝန်ခံဆရာဝန်

ကျွန်ုပ်သည် ဦးစွာပထမ သံယာဆောင်တွင် တာဝန်ချထားခံ ရပါ သည်။ ဘုန်းကြီးလူနာ အများစုမှာ ဆက်ဆံ၍အဆင်ပြေပါ၏။ ကျွန်ုပ်သည် ဆီးကျိတ်ရောဂါဖြစ်သော ဘုန်းကြီးအိုကြီးတစ်ပါးကို ညစဉ်ညတိုင်း ဆီးချုပေး ရသည်။ ၂ လ ကြာမျှ ကျွန်ုပ်ညစဉ် ဆီးချုပေးနေသည်ကို အခန်းကျဉ်းကလေး တွင်ထားသော တီဘီဝေဒနာရှင်ဆရာတော်ကြီးက အမြဲတွေ့မြင်နေဟန် တူပါ သည်။ တစ်နေ့တွင် ဆေးရုံအုပ်ကြီးလှည့်လည်ကြည့်ရှုစဉ် တီဘီဖြစ်သော ဆရာ တော်ကြီးက ဆေးရုံအုပ်ကြီးအား 'ဆီးကျိတ်ဖြစ်တဲ့လူနာကို ဘာကြောင့် မခွဲ



သေးတာလဲ၊ ဒီဆရာဝန်လေးခမျာ ညတိုင်းဆီးချုပေးနေရတယ်'ဟု ဆူပူကြိမ်း မောင်း အပြစ်တင်စကား မိန့်ကြားလေသည်။ ဤတွင် ဆေးရုံအုပ်ကြီးသည် သမ်တလင်းပေါ် ဒူးထောက်ရှိခိုးလျက် 'တပည့်တော် မည်ကဲ့သို့ ဆောင်ရွက်ရ မည်ကို အမိန့်ရှိပါဘုရား'ဟု လျှောက်တင်လေသည်။ ထိုဆေးရုံအုပ်ကြီးကား ပေါင်းထုပ်ချွတ်ပြီး ဘိုကေညှပ်ထားသော Dr. Giyan Singh ဖြစ်ပါသည်။ 'ပန်ချာပီ ပေါင်းထုပ်ဖြုတ်ပြီး ဆံပင်ဖြတ်ထားလျှင် ကြပ်ကြပ်သတိထားပေ ရော့'ဟု ပြောစမှတ်တွင်သည် မဟုတ်ပါလော။

ကျွန်ုပ်သည် သံယာဆောင်၌တာဝန်ကျနေစဉ်မှာပင် 'အလှည့်ကျ ဆရာဝန်' အဖြစ်လည်း တစ်ပြိုင်နက်တည်း တာဝန်ယူပေးရပါသည်။ ထိုစနစ် မှာ ဗြိတိသျှဆေးတပ်ဖွဲ့၏ အမွေအနှစ် ဖြစ်ဟန်တူသည်။ အပြင် လူနာဌာနတွင် တာဝန်ကျသော ဆရာဝန်မရှိဘဲ လစ်လပ်နေသော ကြားအချိန်များတွင် သွား ရောက်၍ ထိုင်ပေးရခြင်းဖြစ်၏။ ထို့ပြင် 'အလှည့်ကျဆရာဝန်'သည် ဝန်ထမ်း အင်အားနည်းသောကြောင့် ညဂျူတီလည်း ဆင်းရ၏။ လူနာဆောင်များမှ အရေးပေါ် လူနာကိစ္စ အကြောင်းကြားလျှင်လည်း သွားရောက်ကြည့်ရှုရပါ၏။

### ခွဲစိတ်ဆောင်တွင် တာဝန်ကျခြင်း

ဆေးပညာဘာသာရပ်များတွင် ကျွန်ုပ်သည် ခွဲစိတ်ဘာသာရပ်ကို အထူးစိတ်ဝင်စားရခြင်းမှာ လူနာတစ်ဦးမှာ ခွဲစိတ်ကုသပြီးသည့်အခါ သိသာ ထင်ရှားသော အကျိုးရလဒ်ကို တွေ့မြင်ရခြင်းသည် အားရ ကျေနပ်ဖွယ် ကောင်း သောကြောင့် ဖြစ်ပါ၏။ ကျွန်ုပ်သည် Dr. B. N. Biswis (HQA) ၏ အတည်ပြုထောက်ခံချက်ဖြင့် သံယာဆေးရုံမှ ခွဲစိတ်ဆောင်သို့ ပြောင်းရွှေ့ တာဝန်ချထားခြင်း ခံရသည်။ ခွဲစိတ်ဆောင်၌ တာဝန်ကျစဉ်ကာလအတွင်း ကျွန်ုပ်သည် ခွဲစိတ်ပုံနည်း နိဿယများကို ဆည်းပူးလေ့လာခွင့် ရရှိခဲ့ပါ၏။ ကျွန်ုပ်ထက် ဝါကြီးသော Dr. ဦးထွန်းမင်းနှင့် Dr. အောင်ထွန်းခိုင်တို့က ကျွန်ုပ် ကို အဘက်ဘက်မှ လေ့ကျင့်သင်ပြပေးခဲ့ကြပါသည်။ Hamilton Bailey ၏ 'The Emergency Surgery' စာအုပ်ကား ကျွန်ုပ်အတွက် ခွဲစိတ်ဘာသာ ရပ်နှင့်စပ်လျဉ်း၍ လက်စွဲတော်ကျမ်းကြီးဖြစ်ပေ၏။ ခွဲစိတ်ခန်းတာဝန်ခံဆရာမ ကြီး ဒေါ်သိန်းမေသည် ခွဲစိတ်ဆရာဝန်များစွာနှင့် လက်တွဲ လုပ်ကိုင်ခဲ့သူဖြစ် သည့်အားလျော်စွာ ကျွန်ုပ် ခွဲစိတ်မှုများပြုလုပ်နေစဉ် အကြံဉာဏ်ကောင်းများ

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းကောင်းများကို ညွှန်ပြပြောဆို၍ အကူအညီပေးခဲ့ပါသည်။ ထိုထိုသောပုဂ္ဂိုလ်တို့၏ နည်းပေးလမ်းညွှန်မှုများသည် မိမိအား အတိုင်းထက်အလွန် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

## လုပ်ဖော်ကိုင်ဖက်များထံမှ လက်တွေ့ပညာဆည်းပူးခြင်း

ပွင့်လင်းစွာ ဝန်ခံရပါမူ ခွဲစိတ်ပညာ၏ အခြေခံများနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့တွင်၊ ဆေးထည့်သမားများ၊ သူနာပြုများနှင့် မိမိထက်ဝါကြီးသော ဆရာဝန်များ ပါဝင်ကြပေသည်။ ကျွန်ုပ်သည် ခွဲစိတ်ဌာနတွင်ရောက်ရှိစဉ် အချိန်ရှိသမျှ လူနာဆောင်နှင့် ခွဲစိတ်ခန်းတွင်သာနေပြီး နေ့ရောညပါ အပတ်တကုတ်ကြိုးစား၍ ခွဲစိတ်ပညာ အတွေ့အကြုံတို့ကို အရယူခဲ့ပါသည်။ ရောဂါအမည်ဖော်ထုတ်ရေးအတွက် ဇဝေဇဝါဖြစ်နေလျှင် ကျွန်ုပ်သည် လူနာဆီသို့ အခေါက်ခေါက်အခါခါ ပြန်သွားခဲ့သည်။ လိုအပ်ပါက လူနာကို အပြန်ပြန်အလှန်လှန် စမ်းသပ်ခြင်းအားဖြင့် အရေးကြီးသော တွေ့ရှိချက်များနှင့် လက္ခဏာများ လွတ်မသွားစေရန် အပင်ပန်းခံကာ လေ့ကျင့်မှတ်သားခဲ့ပါသည်။ ကျွန်ုပ်သည် အူအတက်ရောင်ခြင်း၊ အစာအိမ်ပေါက်ခြင်း၊ ခါးဒဏ်ရာအမျိုးမျိုး၊ အရိုးကျိုးဒဏ်ရာအမျိုးမျိုး၊ ဦးခေါင်းခွံအတွင်း သွေးယိုခြင်း စသည့်အရေးပေါ်ရောဂါ ဝေဒနာ အမြောက်အမြားကို မိမိ၏ ဆရာများနှင့် ခွဲစိတ်ရာတွင် ကူညီရုံသာမက ကိုယ်တိုင်ကိုယ်ကျလည်း ခွဲစိတ်ခွင့်ရရှိခဲ့ပါ၏။ ကျွန်ုပ်သည် ဤနည်းအားဖြင့် အဖိုးမဖြတ်နိုင်သော ခွဲစိတ်မှု အတွေ့အကြုံများကို ဆည်းပူး ရရှိခဲ့ပေသည်။

## မေ့ဆေးပညာကို လေ့ကျင့်သင်ကြားခွင့်ရရှိခဲ့ခြင်း

အမျှော်အမြင်ကြီးမားသော Dr. Biswas က ကျွန်ုပ်အား ကူညီနိုင်မည့်သူနတ္ထိ၊ မိမိတစ်ယောက်တည်းသာရှိသော အရပ်ဒေသမျိုးတွင် ခွဲစိတ်ကုသရန် အရေးကြုံလျှင် သက်လုံကောင်းစေဘို့ ရည်မျှော်လျက် မေ့ဆေး၊ ထုံဆေး၊ ခါးရိုးထုံဆေး၊ အာရုံကြောပိတ်ဆို့ခြင်း စသော အခြေခံမေ့ဆေးပညာများကို သင်ပြလေ့ကျင့်ပေးခဲ့ပါသည်။ Dr. Biswas သည် မေ့ဆေးဆရာဝန်ဖြစ်ရုံသာမက အရေးပေါ်ခွဲစိတ် ဆရာဝန်လည်းဖြစ်သောကြောင့် ခွဲစိတ်မှုများ ပြုလုပ်လျှင် အမြဲရှိနေပြီး ခဲရာခဲဆစ်ပြဿနာများ တွေ့ကြုံသည့်အခါတိုင်း ကျွန်ုပ်



ကို အနီးကပ် လမ်းညွှန်ပြသ အကြံဉာဏ်ပေးခဲ့ပါသည်။ ဆရာကြီးကား ခွဲစိတ်ကုသရန်အလို့ငှာ သူ၏ဌာနသို့ ရောက်ရှိလာသော လူနာများအားလုံး စနစ်တကျကုသမှု ရရှိကြစေရန် ဒိုင်ခံ၍ မားမားမတ်မတ် ကြီးကြပ်ပေးနေသည့် တစ်ဦးတည်းသော အမိကပုဂ္ဂိုလ်ကြီး ဖြစ်ပါသတည်း။

## ဘွဲ့လွန်လျှောက်ထားခြင်းနှင့် Land Rover ကားလျှောက်ထားခြင်း

မန္တလေးတွင် ကျွန်ုပ်ရှိနေစဉ်အတောအတွင်း ဘွဲ့လွန်သင်တန်း အသီးသီး တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူခဲ့ပါသည်။ ကျွန်ုပ်သည် ခွဲစိတ်ပညာကို စိတ်အားထက်သန်နေသော အချိန်ဖြစ်သဖြင့် FRCS အတွက် လျှောက်လွှာတင်လိုက်သော်လည်း လုပ်သက်တစ်နှစ်သာရှိသေး၍ အပယ်ခံခဲ့ရသည်။ သို့ရာတွင် နောက်ပိုင်းမှ ကြားသိရသည်မှာကား အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏အမျိုးကို ထိုဘွဲ့အတွက် စေလွှတ်လိုက်သောဟူ၏။

အထက်ပါအဖြစ်အပျက်နှင့် မရှေးမနှောင်းမှာပင် အစိုးရအရာရှိများကို Land Rover ကားများ ရောင်းချပေးနေကြောင်း ကြားသိရ၍ ကျွန်ုပ်လည်း ဝယ်ယူရန် လျှောက်ထားလိုက်ပါသည်။ ကျွန်ုပ်၏ထိုလျှောက်လွှာမှာလည်း ကားများကို ခရီးလှည့်လည်ရသည့် အစိုးရအရာရှိများကိုသာ ရောင်းချခြင်း ဖြစ်ကြောင်းအကြောင်းပြကာ ပယ်ချခံခဲ့ရလေသည်။ ဝန်ထမ်းဘဝမှာ အထင်နှင့်အမြင် ပါစင်အောင် ကွာခြားလှပါတကား။ 'ဘုရားတောင် အမှီရှိမှ ပွင့်ရသလို လူ့ဘဝမှာ အဆင်ပြေဖို့ အချက်အချာနေရာမှ ဩဇာတိက္ကမ ရှိသူတွေရဲ့ အမှီသဟဲရဖို့လိုတယ်'ဟုယူဆပြောဆိုနေကြသည်မှာလည်း ဟုတ်သယောင်ယောင်။

## တင်းနစ်

အားလပ်ချိန်များတွင် ကျွန်ုပ်သည် MGH တွင်လည်းကောင်း၊ Union Club တွင်လည်းကောင်း၊ တင်းနစ်ကစားလေ့ရှိသည်။ အမိက ကစားသူများမှာ အိန္ဒိယနိုင်ငံမှ ငှားရမ်းထားသော ဆရာဝန်များ ဖြစ်ကြပါသည်။ Union Club တွင် တင်းနစ်ရိုက်ရန်သွားသောနေ့များတွင် ကျွန်ုပ်၏သူငယ်ချင်း မောင်မောင်တင်က သူ၏ကားဖြင့် လှည့်ခေါ်ပါသည်။ အရေးပိုင်ရုံးမှ အရာရှိအရာခံများလည်း Union Club တွင် ကစားကြသည်။ ထိုစဉ်က ကျွန်ုပ်တို့သည် ငယ်ရွယ်နုပျိုသူများဖြစ်၍ အတော်အသင့် ကောင်းကြပါသည်။ ရုပ်ရည်ချောမောလှပသော Miss June Rose Bellamy ဆိုသူ မိန်းမပျိုလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မောင်မောင်တင်ကပင် သူ၏ကားဖြင့် မကြာခဏ ကြိုပို့ လုပ်ပေးသည်။ ဘောင်းဘီတိုလေးဝတ်ဆင်ပြီး ပြေးကာလွှားကာနှင့် သူမ တင်းနစ်ကစားနေသော မြင်ကွင်းမှာ အလွန်ပင် ကြည့်ကောင်းလှသဖြင့် ပရိသတ်အားလုံး မျက်လုံးကျွတ်ကျခမန်း ငေးမောကြည့်ရှု အားပေးကြပါသည်။

## ဘိလိယက်

Dr. လှဖေ၊ Dr. အောင်ထွန်းခိုင်နှင့် ကျွန်ုပ်တို့သူငယ်ချင်းသုံးယောက်သည် Union Club ၌ အခြားသူများနှင့် Russian Pool ဘိလိယက် ထိုးကြလေ့ရှိသည်။ ကျွန်ုပ်မှာ အစိမ်းသက်သက် လက်သင်ဖြစ်၍ သူများ ကစားသည်ကို ရှေးဦးစွာ လေ့လာကြည့်ရှုရပါသည်။ အခြားသော ဘောလုံးအားကစားများနည်းတူ ဘိလိယက်ထိုးရာတွင်လည်း စည်းမျဉ်းစည်းကမ်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များကို လိုက်နာရန် လိုအပ်ပါသည်။ မကြာမြင့်မီကာလအတွင်း ကျွန်ုပ်သည် လူရိုသေရှင်ရိုသေအဆင့်မျှ ဘိလိယက်ထိုးတတ်လာခဲ့ပါ၏။ အစောပိုင်းတွင် ကျွန်ုပ်သည် အမြဲလိုလိုရှုံး၍ အမြဲလိုလို ဒါယကာခံရသည်။ တစ်စစနှင့် ကျွန်ုပ်၏လက်စွမ်းလက်စလည်း တိုးတက်လာခဲ့ပါ၏။ တစ်ခုသော ညနေတွင် ကျွန်ုပ်တို့ ဥပစာတန်းတွင် ဓါတုဗေဒနည်းပြဆရာ ဖြစ်ခဲ့သော ဆရာဦးကိုလေး (နောင်တွင် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဒုတိယ အဓိပတိဖြစ်လာသူ စာရေးဆရာဇေယျာမောင်)က ဖွတ်အတင်း အနိုင်ကျင့်သောကြောင့် သန်းခေါင်ကျော်သည်အထိ ဘိလိယက် ထိုးကြရသည်။ ကျွန်ုပ်မှာ မဟန်နိုင်တော့သည့် အဆုံး ခုံတန်းရှည်ပေါ်မှာ အိပ်ပျော်သွားခဲ့ဖူးပါသည်။

## မိတ်ဆွေသူငယ်ချင်းများ

ကျွန်ုပ်သည် Dr. အောင်ထွန်းခိုင်နှင့် တစ်နှစ်မျှ အတူနေခဲ့၏။ သူသည် အရက်မမူးသောအခါတွင် ပီဘိ လူအေးလူကောင်း၊ အရက်မူးလျှင်ကား ထိန်းမနိုင်သိမ်းမရ ဖြစ်တတ်သည်။ ကျွန်ုပ်အထင် သူ အရက်မူးသည်မှာလည်း သူငယ်ချင်းများကို အပြောင်အပြက် ကျီစယ်ရန် သက်သက်မျှသာ ဖြစ်ဟန်တူပါသည်။ အိမ်တံခါးများကို လုံလုံခြုံခြုံပိတ်ပြီး သူ့ကို အိပ်ရာပေါ် ရောက်အောင် တွဲပို့ပေးရသည်မှာ ကျွန်ုပ်၏ဝတ္တရားတစ်ခုပင်။ ဒေါက်တာ အောင်ထွန်းခိုင် အလုပ်ဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့သွားသောအခါ ကျွန်ုပ်သည် Dr.လှဖေနှင့် အတူနေရသည်။ တစ်ဖန် ဒေါက်တာလှဖေလည်း အိမ်ထောင်ကျသွားသဖြင့် အိမ်ပြောင်းသွားပြန်လေသည်။



## အိမ်ဖော်

ကျွန်ုပ်နှင့် အောင်ထွန်းခိုင် အတူနေစဉ်က ကျွန်ုပ်တို့သည် အောင်ဘုံအမည်ရှိ မှတ်သားစဖွယ် ကရင်လူငယ်တစ်ယောက်ကို အိမ်ဖော်အဖြစ် ခေါ်ထားခဲ့ကြဖူးသည်။ တစ်နေ့တွင် ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက်သည် ခွဲစိတ်ခန်းသို့ သူ လာပို့သော သဲတရှပ်ရှပ်နှင့် ထမင်းကို စားခဲ့ကြဖူးသည်။ အောင်ဘုံသည် ထမင်းချိုင့်လာပို့စဉ် လမ်းတွင် မှောက်ကျသွားသည်ကို လက်ဖြင့်ကျုံး၍ ပြန်ထည့်လာခဲ့ခြင်းဖြစ်သည်။ ဤကား ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏အကို ကိုကြည်စိန်အတွက် ခေါက်ဆွဲဝယ်ပို့ပေးစဉ် ထိုကဲ့သို့ပြုလုပ်ခဲ့ဖူးသဖြင့် ဝဋ်လည်ခြင်း ဖြစ်ပေချိမ့်မည်။ ထို့နောက် ကျွန်ုပ်၏တပည့် မောင်သောင်းတို့ လင်မယားကိုခေါ်ထားရာ သူ့ဇနီးက ချက်ပြုတ်ပေးပါသည်။ ကျွန်ုပ်သည် သူတို့လင်မယားကို ဈေးဆိုင်လေးတစ်ဆိုင် ဖွင့်နိုင်အောင် ထောက်ပံ့ ကူညီခဲ့ပါ၏။

## Dr. ဒေါ်ခင်စီ၊ ဒေါက်တာနေဝင်းနှင့် Dr. D' Silva

ထိုစဉ်က ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်များတွင် ထူးခြား၍ မှတ်သားဖွယ်ကောင်းသူ တစ်ဦးမှာကား သားဖွားမီးယပ်ဆောင်တွင် လ/ထဆရာဝန်အဖြစ် လုပ်ကိုင်နေသော Dr. ဒေါ်ခင်စီဖြစ်သည်။ MGH တွင် အတူတကွ အလုပ်လုပ်ခဲ့ကြစဉ် ကျွန်ုပ်တို့နှစ်ဦးမှာ အလွန် ရင်းနှီးကြပါ၏။ သူမသည် Dr. ဦးနေဝင်းနှင့် လက်ထပ်ပြီးသောအခါ လ/ထ ဆရာဝန်များအဆောင်သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ သူမ၏ နေရာကို အစားရောက်ရှိ လာသူမှာကား Dr. D' Silva ပင်တည်း။ ကျွန်ုပ်တို့သည် MGH တွင် ပြန်လည်ဆုံဆည်းရသော Dr. D' Silva ကို ဝမ်းပန်းတစ်သာ ကြိုဆိုခဲ့ကြသည်။ သူမကလည်း ကျောင်းသားဟောင်းများနှင့် တစ်မိုးအောက်တွင် အတူတကွလက်တွဲ၍ အလုပ်လုပ်ရမည်ဖြစ်သောကြောင့် ဝမ်းမြောက် ကြည်နူးလျက်ရှိသည်။ Dr. D' Silva ကား သူမ၏ထုံးစံအတိုင်း OG အဆောင်တွင် မီးခိုးရောင် အော်စတင် ကားလေးကို ရပ်ထားပြီး ညစဉ်ညတိုင်းလိုလိုပင် ဆေးရုံထဲတွင် တွေ့မြင်နေရလေ့ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## သူနာပြုများ

သူနာပြုအများစုသည် အင်္ဂလိပ်နှင့် ကုလားစပ်သော ဘိုကပြားများ ဖြစ်ကြသည်၊ မြန်မာ သူနာပြု အနည်းအကျဉ်းမျှသာ ရှိသည်။ သူတို့အားလုံး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျွမ်းကျင်ကျင်ရှိကြပြီး လူနာဆောင်များတွင် ပင်မကြောရိုးသဖွယ် အမှုထမ်းကြရပေသည်။ အငယ်တန်းဆရာဝန်များနှင့် အလုပ်သင်ဆရာဝန်များ မရှိသောကြောင့် ထိုသူတို့၏ လုပ်ငန်းဆောင်တာ များကိုလည်း သူနာပြုများကပင် ဆောင်ရွက် လုပ်ကိုင်နေကြရသည်။ အရည် အချင်းပြည့်ဝပြီး လုပ်ရည်ကိုင်ရည်ရှိသော လူနာကိုပြုစုတတ်သော သူနာပြု များမှာ ခွဲစိတ်ကုသမှုအမျိုးမျိုးတွင် ဝင်ရောက်ကူညီရန်အတွက် မရှိလျှင် မဖြစ် ချေ။ ဤခေတ် ဤအခါတွင် သူနာပြုများအနေဖြင့် ဤကဲ့သို့သော လုပ်ငန်း ဆောင်တာ အဖြာဖြာတို့ကို တာဝန်ယူ လုပ်ကိုင်နိုင်စွမ်း ရှိမရှိကို မတွေးတော မမျှော်လင့်ရဲပေ။

သူနာပြုဆရာမများအနက် Sister Kelly သည် အလွန်ပင် ကျွမ်း ကျွမ်းကျင်ကျင်ရှိသူ ဖြစ်ရုံသာမက သူ့ထက်ငယ်ရွယ်သူများကို နားလည် ခွင့် လွှတ်စိတ်ရှိသည်။ ဝါရင့်ဆရာမကြီးတစ်ဦးဖြစ်သည့် အားလျော်စွာ ဆရာဝန် မြောက်မြားစွာနှင့် ကြုံခဲ့ဆုံခဲ့ အတူတကွ အလုပ်လုပ်ကိုင်ခဲ့ဖူးသဖြင့် ကျွန်ုပ် တို့ကဲ့သို့သော ဆရာဝန်ပေါက်စလေးများကို သဘောထားကြီးစွာ ဆက်ဆံလေ့ ရှိ၏။ သန့်ရှင်းဖြူစင်သော ယူနီဖောင်း ကို ဝတ်ဆင်၍ ပြစ်မျိုးမှဲ့မတင်သော Sister Kelly သည် ဆရာဝန်၊ ဆရာမအားလုံး၏ အသည်းကျော်ဖြစ်ပေသည်။ မည်မျှပင်ဆိုးသော အခြေအနေမျိုးပင်ဖြစ်စေ တဒင်္ဂအတွင်း ပြေပြေလည်လည် ဖြစ်သွားအောင် ထိန်းသိမ်းပေးနိုင်စွမ်းရှိသည်။ အထက်တန်းသူနာပြု ဒေါ်သိန်း မေမှာ ကျွမ်းကျင်သော ခွဲစိတ်ခန်းတာဝန်ခံဆရာမကြီး ဖြစ်သည်။ စစ်တပ်မှလာ သော S/N ကြည်ကြည်ကြီးသည်လည်း လုပ်ရည်ကိုင်ရည် ရှိပါ၏။ S/N ဝင်နီသည် အလွန်ပင် စိတ်ချယုံကြည် အားကိုးရသူဖြစ်၏။ Sister ဒေါ်အေးစီ အပါအဝင် သူနာပြုအများစုမှာ သင်တန်းတက်နေသော အလုပ်သင်များ ဖြစ်ကြ၏။

တစ်နှစ်တစ်နှစ်တွင် ဆရာဝန်ဘွဲ့ရသူအရေအတွက် လွန်စွာ နည်းပါး သော ထိုအချိန်က ကျွန်ုပ်တို့ဆရာဝန်များအား အများပြည်သူတို့က အထင်ကြီး လေးစားကြသည်။ မိန်းမပျိုလေးများသည် ဆရာဝန်ဆိုလျှင် အကျွမ်းတဝင် ဖြစ်လို၍ မိတ်ဖွဲ့တတ်ကြသည်။ အရွယ်ရောက်သော သမီးပျိုလေးများ ရှိသည့်



မိဘများကလည်း ဆရာဝန်ဆိုလျှင် သားမက်ဖမ်းလိုကြ၏။ ထိုကဲ့သို့သော အ ခြေအနေ အချိန်အခါမျိုးတွင် ကျွန်ုပ်တို့နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော သူနာပြုဆရာမများကလည်း နှစ်လိုဖွယ်ကောင်းသော လူပျိုဆရာဝန်များကို ချဉ်းကပ်လေ့ရှိကြသည်မှာ မဆန်းပေ၊ ကျွန်ုပ်သည် အိမ်ထောင်ရေးနှင့် စပ် လျဉ်း၍ မိမိမြတ်နိုးစုံမက်ခြင်းမရှိသူ၊ မိမိနှင့် ဘာသာမတူသူများကို လက်ထပ် ထိမ်းမြားခြင်းမပြုရန် မှုချမှတ်ထားသူဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် အလုပ် သဘောအရ နီးစပ်စွာထိတွေ့နေရသော သူနာပြုဆရာမများနှင့် စပ်လျဉ်း၍ စည်းမကျော်အောင် ထာဝစဉ် ဆင်ဆင်ခြင်ခြင် ပြောဆို ဆက်ဆံနေထိုင်ခဲ့ ပါသည်။

### ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့သို့ ပြောင်းရွှေ့ခြင်း

၁၉၅၄ ခု၊ ဒီဇင်ဘာလအတွင်း ကျွန်ုပ်ကို MGH မှ မန္တလေးမြို့ရှိ ငှက်ဖျား ရောဂါတိုက်ဖျက်ရေးအဖွဲ့သို့ ပြောင်းရွှေ့ရန် အမိန့် ထွက်လာသည်။ ကျွန်ုပ်သည် ထိုသတင်းကြောင့်စိတ်ဓါတ်ကျဆင်းပြီး Dr. D' Silva ကို သွား ရောက်တွေ့ဆုံမိသည်။ ကျွန်ုပ်အား နှစ်သိမ့်အားပေးခဲ့သော သူမ၏စကားကို ယနေ့တိုင် သတိရလျက်ရှိဆဲ ဖြစ်ပါ၏။ 'Dr. စိုးမြင့် လူ့ဘဝမှာ ဖြစ်လာသမျှ ကောင်းဖို့ဖြစ်လာတယ်လို့ သဘောထားရမယ်၊ ဘာမှ စိတ်ပျက်အားလျော့တာ မျိုး မဖြစ်ရဘူး၊ အဲဒီလိုစိတ်မျိုးမွေးလျှင် အစစအရာရာ အကောင်းဘက်ကို ဦးတည်လာတာ တွေ့ရလိမ့်မယ်' သူမ၏စကားများ ဧကန်မှန်ကြောင်းကို နောင် ကြာသောအခါမှ သဘောပေါက် လက်ခံလာပါတော့၏။

ကျွန်ုပ်သည် ဝေဒနာခံစားနေရသော လူနာများကို သနားကြင်နာ တတ်သော ပင်ကိုယ်စိတ်ရင်းအရ ယောကျ်ားလူနာဆောင်နှင့် သံဃာဆောင်ရှိ ခွဲစိတ်လူနာတို့အား ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ အားပေးစကား ပြောလေ့ရှိ သည်။ ပြုစုကုသပေးလေ့ရှိသည်။ ကျွန်ုပ်အနေဖြင့် ဆရာဝန်လိုင်းကို ရွေးခဲ့ခြင်း မှာလည်း ဤကဲ့သို့ လူနာများ အကျိုးကို သယ်ပိုးလိုသောကြောင့်ပင် ဖြစ်သည်။ လူနာတစ်ယောက် ခွဲစိတ်ကုသရမည်ဆိုလျှင် ကာယကံရှင်လူနာသာမက သူ ၏မိသားစုဝင်အားလုံး မခွဲမီကာလ၊ ခွဲစဉ်ကာလ၊ ခွဲပြီးကာလတစ်လျှောက်လုံး သောက ခံစားကြရသည်။ ကျွန်ုပ်သည် သူတို့၏ ကိုယ်စိတ်ဆင်းရဲမှုများကို

www.burmeseclassic.com

www.burmeseclassic.com



သက်သာရာ သက်သာကြောင်း ကြိုးစား ဆောင်ရွက်ပေးလေ့ရှိပါ၏။

ကျွန်ုပ်ပြောင်းရွှေ့ရမည့် သတင်းကို ကြားသိရသည်နှင့် တစ်ပြိုင်နက် ခွဲစိတ်ဆောင်ရှိလူနာများက ဆန္ဒပြကြလေ၏။ ထိုလူနာများက ကျွန်ုပ်အား မပြောင်းရွှေ့ဘဲ MGH တွင် ဆက်၍ထားပေးရန် တောင်းဆိုကြသည်။ ဆေးရုံအုပ်ကြီး၊ ခရိုင်ဝန်နှင့် နောက်ပိုင်းတွင် တိုင်းမင်းကြီးပါ ဆေးရုံသို့ရောက်ရှိလာကြပြီး အကျိုးအကြောင်းစုံစမ်းကြရာ သံယာတော်များအပါအဝင်လူနာ အားလုံးက ကျွန်ုပ်ကို ပြောင်းရွှေ့ခြင်းမပြုရန် တစ်ခဲနက်တောင်းဆိုကြလေသည်။

ကျွန်ုပ်သည် ခေါင်းအေးအေးထားပြီး ထိုဖြစ်စဉ်ကြီးတစ်ခုလုံးကို ဆင်ခြင်သုံးသပ်ကြည့်ရာ မိမိမှာ လုပ်ငန်းခွင်သို့ဝင်ရောက်စ မနူးမနပ် ဆရာဝန်ငယ်လေးတစ်ယောက်မျှသာဖြစ်ပြီး မိမိနားလည်ကျွမ်းကျင်သော ကဏ္ဍမဟုတ်သည့် နိုင်ငံရေးယောင်ယောင်အလုပ်မျိုးတွင် ပါဝင် စွက်ဖက်ခြင်းမပြုရန် စဉ်းစားဆုံးဖြတ်လိုက်သည်။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အလျောက် ကျရာ တာဝန်ကို ထမ်းဆောင်ရမည်ဟု စိတ်ပိုင်းဖြတ်လျက် ရုံးသို့သွားကာ MGH ၏အလုပ်တာဝန်များကို စွန့်လွှတ်ကြောင်း အစီရင်ခံစာ တင်လိုက်ပါတော့သည်။

ထို့နောက် ကျွန်ုပ်လည်း ငှက်ဖျား ရောဂါ တိုက်ဖျက်ရေးရုံးသို့သွား၍ အလုပ်ဝင်ရောက်ကြောင်း သတင်းပို့လိုက်ပါသည်။

အခန်း(၉)

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်း

ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံကိန်းတွင် အလွန်ကြီးမားသော အပြောင်းအလဲများ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိပေသည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးသည် အိန္ဒိယ၊ ထိုင်း၊ မြန်မာ အိမ်နီးချင်းနိုင်ငံတို့ ပူးပေါင်းလက်တွဲကာ နိုင်ငံအသီးသီးတက်ကြွစွာ ပါဝင်ဆောင်ရွက်ရမည့် ငှက်ဖျားရောဂါ အမြစ်ဖြတ်ချေမှုန်းရေးစီမံကိန်းကြီးကို အားတက်သရော ရေးဆွဲထားခြင်းဖြစ်၏။ မြန်မာနိုင်ငံကို ဒေသများပိုင်းခြားပြီး လ/ထ ငှက်ဖျားရောဂါ ကျွမ်းကျင်သူများက ဒေသအလိုက် ဦးဆောင်၍ အကောင်အထည်ဖော်ကြရန်ဖြစ်သည်။

ဌာနချုပ်မှာ ရန်ကုန်တွင်တည်ရှိ၍ ဒုတိယညွှန်ကြားရေးမှူး Dr. ဦးလတ်က ဦးဆောင်လမ်းညွှန်မည် ဖြစ်သည်။ မန္တလေးတိုင်းကို မန္တလေးတွင် ရုံးစိုက်မည့် ဒေသ ၂(က)နှင့် မကွေးတွင် ရုံးစိုက်မည့် ဒေသ ၂(ခ) ဟူ၍ ဒေသနှစ်ခုခွဲခြားထားသည်။ အခြားတိုင်းများကိုလည်း ဤနည်းနှင်နှင် စီမံကိန်း ရေးဆွဲရပါသည်။ ထိုမဟာစီမံကိန်းကြီးနှင့် စပ်လျဉ်း၍ ဝမ်းနည်းဖွယ်ကောင်းသော အချက်မှာ ကျွန်ုပ်တို့နိုင်ငံတွင် စနစ်တကျလေ့ကျင့်သင်ကြားထားသော ငှက်ဖျားရောဂါကျွမ်းကျင်သူများ မရှိခြင်းပင်ဖြစ်သည်။ ဒေသအသီးသီးတွင် ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူအားလုံးမှာ အငြိမ်းစားယူခါနီး LMP ဘွဲ့ရ ဆရာဝန်များ ဖြစ်ကြသည်။ မန္တလေးတွင် ဦးဆောင်ဦးကျသော အဖွဲ့ခေါင်းဆောင်မှာ Dr. ဦးအုန်းဖေဆိုသူ LMP ဆရာဝန်ကြီးဖြစ်ပြီး လူကောင်းတစ်ယောက်ဖြစ်ပါ၏။ လအနည်းငယ်ကြာသော် Dr. ဦးအုန်းဖေအား ပြင်ဦးလွင်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့ကျင့်ရေးစခန်းသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။ သူ၏နေရာတွင် အစားရောက်ရှိလာသူမှာ Dr. ဦးဖိုးမြိုင်

www.burmeseclassic.com

www.burmeseclassic.com



(LMP)ဖြစ်၏။ ကျွန်ုပ်သည် ထိုဆရာနှင့် သီတင်းပတ်အနည်းငယ်မျှသာ အတူတကွ အလုပ်လုပ်ခဲ့ပါ၏။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးသင်တန်း (ပြင်ဦးလွင်)**

ကျွန်ုပ်နှင့်ကျွန်ုပ်၏ သူငယ်ချင်း Dr. လှမြင့်မြတ်တို့သည် ပြင်ဦးလွင်သို့ သွား၍ ရှစ်ပတ်ကြာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးသင်တန်း တက်ခဲ့ကြရသည်။ ကျွန်ုပ်တို့အား Land Rover ကားတစ်စီး ပေးလိုက်သည်။ ပြင်ဦးလွင်တွင် ကျွန်ုပ်တို့သည် ဥပစာတန်းတက်စဉ်က မိမိ၏အခန်းဖော်ဖြစ်သော ဝိုလ်ကြီးငွေကိုင်၏တပ်တွင် တည်းခိုခဲ့ကြသည်။ စနေ၊တနင်္ဂနွေဆိုလျှင် ကျွန်ုပ်တို့သည် မန္တလေးသို့ဆင်းကာ Dr.လှဖေထံ သွားရောက်ကြသည်။

သင်တန်းမှူးမှာ June Rose Bellamy နှင့် အိမ်ထောင်ကျသွားသော Dr. Postiliogn ဖြစ်သည်။ သူ၏ ဝတ်စားဆင်ယင်ပုံက အလွန်ထူး၏။ အောက်ပိုင်းတွင် ဘောင်းဘီရှည်ဝတ်၍ အပေါ်ပိုင်းတွင် တိုက်ပုံဝတ်ထားသည်။ အိမ်တော်ရာထီးကိုလည်း အမြဲဆောင်းသည်။ သူ၏သင်ကြားပို့ချမှုများမှာ စိတ်ဝင်စားဖွယ်မကောင်းလှသော်လည်း ဤသင်တန်းတက်ခဲ့ရသော အကျိုးကျေးဇူးကြောင့် ကိမိလဗေဒ (အင်းဆက် ပိုးမွှားဗေဒ)ကို လေ့လာတီးခေါက်ခွင့်ရရှိခဲ့ပါ၏။

**မကွေးသို့ပြောင်းရွှေ့တာဝန်ကျခြင်း**

သင်တန်းပြီးဆုံးသောအခါ Dr. လှမြင့်မြတ်က ပင်လယ်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသောကြောင့် မော်လမြိုင်တိုင်းသို့ သွားပါရစေဟု ကျွန်ုပ်အား မေတ္တာရပ်ခံသည်။ အမှန်စင်စစ် ပူပြင်းခြောက်သွေ့သော မကွေးကို ရှောင်လိုသောကြောင့် ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်သည် သူ၏လိုအင်ဆန္ဒကို ကြည်ကြည်ဖြူဖြူ လိုက်လျောခဲ့ပါ၏။ ကျွန်ုပ်တို့နှစ်ယောက်သား မိမိတို့၏ ဆုံးဖြတ်ချက်အသီးသီးကို ဦးစီးဌာနသို့ သွားရောက်သတင်းပို့ အစီရင်ခံလိုက်ကြသည်။ ဤနည်းအားဖြင့် ကျွန်ုပ်သည် မကွေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသတည်း။

**ငှက်ဖျားရောဂါတိုက်ဖျက်ရေး-ဒေသ(၂) မကွေးမြို့**

မကွေးတွင် စတင်ဖွင့်လှစ်သော ဌာနသစ်ဖြစ်ရကား လိုအပ်သောပစ္စည်းမှန်သမျှ မန္တလေးမှ တင်ပို့ပေးရ၏။ စီမံကိန်းအတွက် Land Rover



ကား ၅ စီး၊ ဂျစ်ကား ၁ စီး၊ ခြင်ဆေးဖျန်းကိရိယာများ၊ DDT ဆေးမှုန့်စည်များနှင့် ရုံးသုံးပစ္စည်းများကို ဝန်ထမ်းတစ်ဦးနှင့်အတူ 'မင်းနန်'ကူးတို့သင်္ဘောဖြင့် တင်ပို့ပေးလိုက်ကြသည်။

ကျွန်ုပ်၏ငှက်ဖျားလက်ထောက်မှာ Mr. Wade ဆိုသူ ကျန်းမာရေးဌာန၏ လူဟောင်း တစ်ယောက်ဖြစ်ပါသည်။ ကျန်းမာရေးမှူးမှ လက်ရှိနေရာသို့ ရာထူးတိုးပြီး ရောက်လာခြင်းဖြစ်၏။ ငှက်ဖျားအင်စပက်တော်များမှာ အခြားဌာနများမှ အရေးယူခံရ၍ဖြစ်စေ၊ အလုပ်ပြုတ်၍ဖြစ်စေ၊ အကြောင်းအမျိုးမျိုးဖြင့် ကျန်းမာရေးဌာနသို့ ရောက်ရှိလာကြသော လူပေါင်းစုံ ဖြစ်နေသည်ကို တွေ့ရ၏။ ကိုသန့်ဇင်ဆိုလျှင် ပြည်ထောင်စု ရဲတပ်ဖွဲ့မှပြုတ်လာသော ရဲအရာရှိတစ်ဦးဖြစ်၏။ ကိုခင်မောင်ကြီးကမူ စစ်တပ်မှ အထုတ်ခံရသော တပ်ကြပ်ကြီးတစ်ယောက် ဖြစ်သည်။ ကိုမောင်မောင်တင်ကား သာသနာ့ဘောင်ကို စွန့်ခွာလာခဲ့သော ကက်သလစ်ဘုန်းတော်ကြီးလူထွက်ဖြစ်၏။ စာရေးကြီးက ငွေ အလွဲသုံးစားမှုဖြင့် အရေးယူခြင်းခံရဖူးသော ကုလားကပြားတစ်ယောက် ဖြစ်သည်။ ထိုကဲ့သို့သောသူများကို မည်ကဲ့သို့ ပုဂ္ဂိုလ်မျိုးက အလုပ်ခန့်ပါလိမ့်ဟူ၍ အံ့သြမဆုံး ဖြစ်မိပါတော့သည်။ ကျွန်ုပ်သည် ဒီမိုးဒီလေ ဒီလူတွေနှင့် တွဲဖက်၍ အလုပ်ဖြစ်အောင် စခန်းသွားနိုင်ခဲ့သည်မှာကား ကုသိုလ်ကံထောက်မ၍သာ ဖြစ်ကြောင်း ပြန်ပြောင်း သုံးသပ်မိပါသတည်း။

**ရုံးခန်းဖွင့်လှစ်ခြင်း**

ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဒေသ(၂)ဟူသော ကျွန်ုပ်တို့၏ ရုံးအမည်က ဟိတ်ဟန်ကောင်းသလောက် ဌာန၏လက်ရှိအနေအထားမှာ အားရကျေနပ်ဖွယ် မရှိပါချေ။ Land Rover ကားများကို အိမ်ရှေ့ ကျောက်စရစ်လမ်းပေါ်တွင်သာ ရပ်ထားရ၏။ ယာယီရုံးခန်းဖြစ်၍ မြေကြီးပေါ်မှာ ငုတ်တိုင်လေးချောင်းစိုက်ကာ 6' x 5' ပျဉ်ပြားတစ်ချပ်ကို တင်၍ စားပွဲအဖြစ် ဖန်တီးအသုံးပြုခဲ့ကြရသည်။ ထိုစားပွဲပေါ်မှာပင် လက်နှိပ်စက်များနှင့် ရုံးသုံးကိရိယာများကို နေရာချရသည်။ ကျွန်ုပ်အပါအဝင် ငှက်ဖျားလက်ထောက် ရုံးစာရေးများအားလုံး ထိုစားပွဲတွင် ဝိုင်းဖွဲ့ထိုင်၍ နေ့စဉ်ရုံးလုပ်ငန်းများကို လုပ်ကိုင်ကြရခြင်းဖြစ်ပါ၏။

ကျွန်ုပ်သည် ရေနံချောင်းတွင်ရုံးထိုင်သော ခရိုင်ဝန်ထံသွားရောက်၍ အသစ်ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ဌာနအကြောင်းကို အစီရင်ခံတင်ပြရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူထံမှလည်း မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ချင်းပြည်နယ် အောက်ပိုင်းနှင့် မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၏ မြေပုံများ၊ သန်းခေါင်စာရင်းများကို တောင်းရသည်။ ကျွန်ုပ်သည် မိမိဌာန၏ ငွေထုတ်သူအရာရှိဖြစ်သဖြင့် ဝန်ထမ်းများလစာငွေ ထုတ်ယူရရှိရေးအတွက် ငွေတိုက်တွင် လက်မှတ်နမူနာ ပေးရသည်။

## ဒုတိယညွှန်ကြားရေးမှူးဦးလတ်လာရောက်ကြည့်ရှုခြင်း

ကျွန်ုပ်တို့ မကွေးသို့ ရောက်စအချိန်မှာပင် ဒု-ညွှန်ကြားရေးမှူး ဦးလတ်နှင့်အဖွဲ့သည် ကျွန်ုပ်တို့ မည်သို့မည်ပုံ နေထိုင်လုပ်ကိုင်လျက် ရှိကြသည်ကို တွေ့မြင်လို၍ လာရောက် စစ်ဆေးကြည့်ရှုခဲ့ကြပါသည်။ ကျွန်ုပ်တို့ရုံး၏ အနေအထားနှင့် လမ်းပေါ်တွင် မော်တော်ကားများကို ပစ်စလက်ခတ်ထားရသော အခြေအနေများကို တွေ့မြင်ကာ စိတ်ပျက်သွားပြီး ရုံးခန်းအား ယခုထက်ပို၍ သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ဖို့ အမိန့်ရှိပါသည်။ မကွေးတစ်မြို့လုံး စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီး ယိုယွင်းကာ တဲအိမ်များသာ ကြွင်းကျန်တော့သဖြင့် မည်သည့် နေရာကမျှ အကူအညီမရရှိခဲ့ပေ။

ကျွန်ုပ်က ဆရာကြီးအား ဒေသအသစ် (ဌာနအသစ်) ဖွင့်လှစ်လျှင် အတွေ့အကြုံရှိပြီးသား ဝန်ထမ်းများကို ခန့်သင့်ကြောင်း၊ ယခု ခန့်ထားသောသူများအားလုံး အစိမ်းသက်သက်ဖြစ်ကြောင်း တင်ပြသောအခါ သူက 'မောင်ရင်ကရော ငှက်ဖျားကို စိတ်ဝင်စားရဲ့လား'ဟု မေးခွန်းထုတ်ပါလေတော့သည်။ ထိုအခါကျွန်ုပ်က 'ဆရာကြီး အမှန်အတိုင်း ပြောရလျှင် ကျွန်တော်လုံးလုံး စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ဒီဌာနမှာရှိနေသ၍ ဆရာတို့ စိတ်တိုင်းကျအောင် ကျွန်တော့်ရဲ့ တာဝန်ဝတ္တရားကို ကျေပြွန်အောင်လုပ်မည်ဆိုတာ ကတိပေးပါတယ်။ ကျွန်တော်ပြောင်းရွှေ့ရမည့်အချိန်ရောက်တဲ့အခါကျလျှင်သာ ဆရာ့အနေနဲ့ ခွင့်ပြုဖို့ ကြိုတင်တောင်းပန်ပါတယ်'။ ဦးလတ်သည် ကျွန်ုပ်၏ အဖြေစကားကို ငွေမယူသည့်အပြင် နှစ်ခြိုက်သဘောကျသဖြင့် အခါအခွင့်ကြုံတိုင်း ထိုအကြောင်းကို ပြောလေ့ရှိကြောင်း သိရှိရပါသည်။



## စလင်းသို့သွား၍ ဆရာတော်ဦးကိတ္တိအားဖူးမြော်ခြင်း

ကျွန်ုပ်သည် Dr.ဦးလတ်နှင့်အတူ စလင်းသို့သွား၍ ဦးကိတ္တိဟု ဘွဲ့အမည်ရသောဆရာတော်ကြီးတစ်ပါးကို ဖူးမြော်ခဲ့ရသည်။ ထိုဆရာတော်ကြီးမှာ လောကီကောင်းကျိုးချမ်းသာအဖြာဖြာအတွက် လက်ဖွဲ့အဆောင်အယောင်များ ချီးမြှင့်တတ်သည်ဟု နာမည်ကျော်ကြား၏။ ဆရာတော်သည် ကျွန်ုပ်၏ ကိုယ်စား နံနက်စောစောအချိန်ကပင် တောင်ကုန်းပေါ်တွင် အစောင့် နတ်များကို ပူဇော်ပသထားသည်ဟုဆို၏။ ဆရာတော်က ကျွန်ုပ်အား ငါးပါးသီလထဲမှ ကြိုက်ရာတစ်ပါးကို စောင့်ထိန်းဖို့ သစ္စာဆိုပြီးလျှင် နှစ်သက်ရာဆုတစ်ခု တောင်းခိုင်းပါသည်။ ကျွန်ုပ်လည်း 'အဒိန္နာဒါနာ ဝေရာမဏီ' သူတစ်ပါး ဥစ္စာကို မခိုးပါဟု ရွေးချယ်မိဌာန်ပြုကာ 'နိုင်ငံကျော်ပါရဂူကြီးတစ်ယောက် ဖြစ်ရပါလို၏' ဟု ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။ ထို့နောက် Dr. ဦးလတ်လည်း ရန်ကုန်သို့ ပြန်သွားခဲ့ပါသည်။

နောင်အခါ စလင်းဆရာတော်ကြီးသည် နိုင်ငံတော် သြဝါဒ စရိယ အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့ပြီး ရန်ကုန်သို့ကြွရောက်လာစဉ် ဗဟန်းရှိ မိမိ၏နေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူခွင့် ရရှိခဲ့ပါ၏။ ဆွမ်းစား ကြွရောက်စဉ်က ဆရာတော်ကြီးသည် ရှေးဟောင်းနှောင်း ဖြစ်များကို ပြန်ပြောင်း အမိန့်ရှိတော်မူပါသည်။

## နေအိမ်သစ်နှင့်ရုံးသစ်

ကျွန်ုပ်သည် မြေပိုင်ရှင်တစ်ဦးနှင့် ညှိနှိုင်းပြီး ခြေတံရှည် အဆောက်အဦတစ်ခု ဆောက်လုပ်သည်။ အပေါ်ထပ်တွင် မိမိနေရန် ဖြစ်၍ အောက်ထပ်ကို ရုံးလုပ်ရန်ဖြစ်၏။ ရုံးသုံးပစ္စည်းများကို အခန်းတစ်ခန်းတွင် သိမ်းဆည်းသိုလှောင်ထားပြီး ကျန်နေရာများကိုလည်း သီးသန့်အခန်းများဖွဲ့ကာ ရုံးတစ်ရုံး၏ အသွင်အပြင်နှင့် တူအောင် ဖန်တီးပြုပြင်လိုက်သည်။

ဖိုးစိန်ကို ချက်ရေးပြုတ်ရေးသာမက တစ်အိမ်လုံးကို ကြည့်ရှုပေးဖို့ တာဝန်ပေးရ၏။ အိမ်နီးပါးချင်းမှ သန်းကြည်ဟုခေါ်သော သူငယ်တစ်ယောက်ကိုလည်း ထပ်ပြီးငှားထားရသည်။ သူတို့နှစ်ယောက်လုံး ညကျောင်းတက်ကြရာ ကျွန်ုပ်ကပင် ကျောင်းလခပေးပါသည်။ ကျွန်ုပ်တို့နေသောလမ်းထဲ၌ ထနောင်းရည်ဆိုင်များ တန်းစီနေသောကြောင့် ညနေစောင်းလျှင် အမူးသမားများ ခြေချင်း

www.burmeseclassic.com

www.burmeseclassic.com



လိမ်နေကြ၏။ ကျွန်ုပ် အိမ်မှာရှိနေလျှင် အိမ်နီးချင်းများက ထိုအမူးသမားတို့အား ဆရာ့အိမ်ရှေ့တွင် ဆူဆူညံညံမလုပ်ကြဖို့ လှမ်းပြီးသတိပေးတတ်သည်။ ထို့ကြောင့် သူတို့သည် ကျွန်ုပ်၏အိမ်ရှေ့တွင် အသံတိတ်သွားကြသော်လည်း ကျွန်ုပ်၏အိမ်ကို ကျော်ပြီးသောအခါ တစ်လမ်းလုံး အော်ဟစ်သွားကြပြန်ပါတော့သည်။

## ဒေသတွင်းခရီးလှည့်လည်ခြင်း

ကျွန်ုပ်သည် သူပုန်သူကန်များထူပြော၍ ၎င်းတို့ ထိန်းချုပ်ထားသော နေရာအချို့မှလွဲ၍ ဒေသအတွင်းရှိ နေရာအားလုံးလိုလို လှည့်လည်သွားရောက်ခဲ့ပါ၏။ ခရိုင်မြို့အသီးသီး၌ ငှက်ဖျားအင်စပက်တော်တိုင်းအား Land Rover တစ်စီး၊ ယာဉ်မောင်းတစ်ယောက်နှင့် ခါတ်ဆီပါမစ် အပြည့်အစုံ ပေးထားသည်။ အလွဲသုံးစားမှုများကား အနည်းနှင့်အများ မကင်းနိုင်ပေ။ အခြားဌာနများမှ ခရိုင်အရာရှိတို့သည် ငှက်ဖျားအင်စပက်တော်ကို မနာလိုတို့ရှုသည် ဖြစ်ကြကုန်လေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏လူများကို DDT ဆေးဖျန်းရန်အတွက် ကားပေးထားခြင်းဖြစ်ကြောင်း ထပ်ခါတလဲလဲ သတိပေးစကား ပြောရသည်။

## ဝန်ထမ်းများနှင့်ပြဿနာတက်ခြင်း

ကျွန်ုပ် မင်းဘူးသို့ သွားရောက်လည်ပတ်စဉ် ခရိုင်ဆရာဝန်ကြီး Dr. Dutta နှင့် တင်းနစ်ကွင်း၌ တွေ့ဆုံသောအခါ သူက 'ငှက်ဖျား အင်စပက်တော် မောင်မောင်တင်ဆိုတဲ့လူ ဆရာဝန်ယောင်ဆောင်ပြီး လုပ်စားနေတယ်' ဟု ကျွန်ုပ်ကို တိုင်တန်းပါသည်။ ကျွန်ုပ်လည်း မောင်မောင်တင်မှာ ငှက်ဖျားအင်စပက်တော်သာဖြစ်ကြောင်း ရှင်းပြရပါသည်။ ထိုနေ့မှစ၍ မောင်မောင်တင်ကို ထိန်းရသိမ်းရ ခက်လာတော့၏။ ကျွန်ုပ်၏နောက်ကွယ်၌ မောင်မောင်တင်က ကျွန်ုပ် မင်းဘူးဘက်ကမ်းကို ခြေချရဲလျှင် သေနတ်နှင့် ပစ်သတ်မည်ဟု ကြွားလုံးထုတ်သည်။ သန့်ဇင်ဆိုသူ အခြားငှက်ဖျားအင်စပက်တော်တစ်ယောက်ကလည်း သူ UMP တွင်လုပ်စဉ်က လူသတ်ခဲ့ပုံများကို ခြောက်လုံးလှန့်လုံးသုံးကာ ပြောတတ်သည်။ ခင်မောင်ကြီးကမူ အမြဲထာဝစဉ်မူးနေသူဖြစ်၏။



## စိန်ခေါ်ရခြင်း

တစ်နေ့တွင် ကျွန်ုပ်သည် ထိုသူအားလုံးကို တစ်စုတစ်စည်းတည်းခေါ်၍ မျက်နှာချင်းဆိုင် စကားပြောရတော့သည်။ ဗွေဆော်ဦး ကျွန်ုပ် စိန်ခေါ်လိုက်သူမှာကား မင်းဘူးမှ MI မောင်မောင်တင်ပေတည်း။ 'ကိုမောင်မောင်တင်. . ကျုပ် မင်းဘူးကို ရောက်လာခဲ့လျှင် ခင်ဗျားက သေနတ်နဲ့ ပစ်သတ်မယ်ဆိုတာ အမှန်ပဲလား'။ ထိုအခါ ကိုမောင်မောင်တင်သည် သတ္တိနည်းသူပီပီ မဟုတ်မှန်ကြောင်း၊ ဤကဲ့သို့စကားမျိုး သူ မပြောကြောင်း အကျောက်အကန် ငြင်းလေသည်။ တစ်ဖန် MI ကိုသန့်ဇင်ကို 'ခင်ဗျား UMP မှာ လုပ်တုံးက လူတွေ သတ်ခဲ့တယ်ဆိုတာ အမှန်ပဲလား'ဟု ဒဲ့ဒိုးပင်မေးရာ သူကလည်း ထိုကဲ့သို့ သူ မပြောကြောင်း ငြင်းပြန်ပါသည်။ ဤတွင် ကျွန်ုပ်လည်း 'နဂါးမှန်း သိအောင် အမောက်ထောင်' ပြရပါသည်။ 'ကျုပ်က ဗမာ့မျိုးချစ်တပ်မတော်မှာ လုပ်ခဲ့တဲ့ကောင်ပဲ၊ သေနတ်များ ကြောက်လိမ့်မယ်မထင်နဲ့၊ စိန်ခေါ်ချင်တဲ့သူရှိလျှင် လက်နက် မရွေးဘူး၊ နေရာမရွေးဘူး၊ အချိန် မရွေးဘူး'ဟု ခပ်မာမာ ခပ်ပြတ်ပြတ်ပြောသည့်အခါ သူတို့အားလုံး တစ်ယောက်ပြီး တစ်ယောက် အောက်ကျို့သော လေသံဖြင့် ပြောမှားဆိုမှားရှိလျှင် ခွင့်လွှတ်ရန် တောင်းပန်ကြလေသည်။ ထိုနေ့မှစ၍ ထိန်းမနိုင် သိမ်းမရသော ဝန်ထမ်းပြဿနာမရှိတော့ချေ။ အမြဲတမ်း အရက်မူး နေသော Mr. Wade နေရာတွင် သူ့ထက်ပိုတော်သည့် ဦးလှမြင့်နှင့် အစားထိုးလိုက်သည်။ ဦးလှမြင့်ကျပြန်တော့ အောက်ခြေဝန်ထမ်းများနှင့် ဆက်ဆံရာတွင် ဗျူရိုကရက်ဆန်ပြီး ရင့်သီးမောက်မာတတ်၏။ မောင်မောင်တင် အလုပ်ထွက်ပြီးနောက်တွင်ကား အစစအရာရာ အေးဆေး ငြိမ်သက်သွားပါတော့သည်။

## မိတ်ဆွေအပေါင်းအသင်းများ

မကွေးတွင် ကျွန်ုပ်နှင့်အတွဲများသော အပေါင်းအသင်းအချို့မှာ ESB မှ တိုင်းအင်ဂျင်နီယာ ကိုထွန်းအောင်ကျော်၊ ဆောက်လုပ်ရေးမှ လက်ထောက်အင်ဂျင်နီယာ ကိုအောင်ကြည်နှင့် သမဝါယမအရာရှိ ကိုခင်မောင်မြူတို့ဖြစ်ကြသည်။ ကျွန်ုပ်တို့အချင်းချင်း သူ့အိမ်ကိုယ့်အိမ် အပြန်အလှန် လည်ပတ်ကာ အတူတကွအချိန်ဖြုန်းကြလေ့ရှိသည်။ ကျွန်ုပ်တို့၏ အဓိကအားကစားမှာတင်းနစ်ဖြစ်၏။ Union Club တွင် ကျွန်ုပ်တို့နှင့်အတူ တင်းနစ် ရိုက်ဖော်များတွင် စက်ရှင်တရားသူကြီး Mr. Ghosh, မကွေးကောလိပ်ကျောင်းအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ညွန့်နှင့် တပ်ရင်း ၁၆ မှ ဗိုလ်ကြီးတင်ဦး စသော အခြားအစိုးရဌာနမှ အရာရှိများ ပါဝင်သည်။

ကျွန်ုပ်သည် မိမိနေအိမ်၌ ဆေးခန်းလေးဖွင့်လှစ်ထားသော်လည်း စီးပွားဖြစ်မဟုတ်ပါ။ စမ်းသပ်ခကိုလည်း အတင်းအကျပ် မတောင်းပါ။ လူပျို လူလွတ်ဖြစ်သောကြောင့် အကုန်အကျလည်း မများလှပေ။ လစာတစ်ခုတည်းနှင့် ကောင်းစွာ ရပ်တည်နိုင်သည်။ အမေ့ထံသို့ စာတိုက်မှ ငွေ ၁၀၀/- လစဉ် လွှဲပေးသည်။ ကုန်ပစ္စည်းအားလုံး ဈေးနှုန်းချိုသာသည်။ နို့ဆီတူးဝယ်လျှင် သေတ္တာလိုက် ဝယ်နိုင်သည်။ ဖိုးစိန်ကို ဈေးဖိုး ၁၀/-ပေးလျှင် မကုန်သည့် အပြင် ပိုလျှံသေးသည်။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှငှက်ဖျားပါရဂူမကွေးသို့လာရောက်ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ငှက်ဖျားပါရဂူ Dr. Sambasevan သည် ကျွန်ုပ်တို့ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့၏ ဒေသတွင်း လုပ်ကိုင်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရန် ရောက်ရှိလာခဲ့ပါသည်။ ကျွန်ုပ်သည် သူ့အား DDT ဆေးဖျန်းပြီးသောနေရာများသို့ လိုက်လံပြသရာ သူက မကျေနပ်သေးဘဲ သူပုန်နယ်မြေအထိ သွားရောက် ကြည့်ရှုလိုကြောင်း မရမက တောင်းဆိုလေ၏။ ငှက်ဖျားကြီးကြပ်သူ (Malaria Supervisor) သတိပေးဖူးသည့် အတိုင်း ထိုနယ်မြေဒေသထဲတွင် သူပုန်တို့က တိုက်ခိုက်နိုင်သော အန္တရာယ်ရှိကြောင်း ရှင်းပြသော်လည်း လက်မခံချေ။ ဤသို့ဖြင့် အမဲရောင်နယ်မြေအတွင်း ချဉ်းနင်း ရောက်ရှိသောအခါ လမ်းခရီးတွင် ကျွန်ုပ်တို့၏ကားကို ချောင်းမြောင်း ပစ်ခတ်ခြင်း ခံခဲ့ရပါသည်။

Dr. Sambasevan သည် ကျွန်ုပ်အား စစ်အတွင်းက သူ၏အတွေ့အကြုံများကို စားမြုံ့ပြန်ပြောဆိုပါသည်။ ဗြိတိသျှအမှတ် ၁၄ တပ်မတော်တွင် စစ်သေနာပတိ Sir William Slim လက်အောက်၌ အမှုထမ်းခဲ့စဉ်က ဗိုလ်ကြီး အဆင့်သာရှိသေးသော သူ၏အတွေ့အကြုံတစ်ခုမှာ မှတ်သားဖွယ်ကောင်း ပါသည်။ ထိုစဉ်က ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ညနေ ၆ နာရီကျော်လျှင် လူတိုင်း လက်ရှည်အင်္ကျီဝတ်ထားရန် ဆေးဘက်ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ထားသည်။ တစ်နေ့သောညနေတွင် ဗိုလ်ကြီးစလင်းသည် သူ၏ လက်အောက်မှ အရာရှိ အရာခံများနှင့် စစ်ရေးကိစ္စများကို ဆွေးနွေးနေစဉ် အပေါ် အင်္ကျီဝတ်မထားသည်ကို ဆေးမှူး ဗိုလ်ကြီး Sambasevan တွေ့မြင်သွားရာ



ရှေ့သို့တက်၍ သတိဆွဲအလေးပြုပြီး 'ဗိုလ်ကြီးခင်ဗျား ဆေးဘက်ဆိုင်ရာ ညွှန်ကြားချက်အရ အင်္ကျီလက်ရှည် ဝတ်ရပါမည် ခင်ဗျား'ဟု အတင့်ရဲစွာ ပြောပြသည်။ ထိုအခါ ဗိုလ်ချုပ်ကြီးဆလင်းက 'အရေးထဲ မင်းတို့ ဆေးဘက် ဆိုင်ရာ ညွှန်ကြားချက်ကလည်း တမျှော်'ဟု မြည်တွန်တောက်တီးကာ အင်္ကျီ လက်ရှည် ကောက် ဝတ်လိုက်သောဟူ၏။ ဗိုလ်ချုပ်ကြီးဆလင်းက ထိုသို့သော ပုဂ္ဂိုလ်မျိုးပေတည်း။

## ဖူးစာဘက်နှင့်တွေ့ဆုံခြင်း

၁၉၅၆ ခုနှစ်အတွင်း တစ်နေ့သောအခါ ကျွန်ုပ်၏အစ်မ မမသန်းက 'အုံး' မကွေးကောလိပ်သို့ ပြောင်းရွှေ့ရကြောင်း၊ သူ့အမေနှင့်အတူ မကွေးသို့ လာကြမည့်အကြောင်းနှင့် သူတို့သားအမိကို စောင့်ရှောက်ဖို့ ကျွန်ုပ်ထံ စာရေး အကြောင်းကြားလာပါသည်။ ကျွန်ုပ်သည် အုန်းတို့သားအမိကို သင်္ဘောဆိပ် သို့သွား၍ကြိုပြီး မိမိအိမ်၌ နေ့လည်စာ ကျွေးမွေးပါ၏။ မကွေးကောလိပ်မှ လ/ထ ကထိကတစ်ယောက်လည်း လာကြိုသည်ကို တွေ့ရပါ၏။ တနင်္ဂနွေ နေ့၌ ကျွန်ုပ်သည် သူတို့သားအမိနှစ်ယောက်ကို မကွေးကောလိပ်သို့သွား၍ ခေါ်ခဲ့ပြီး မြသလွန်ဘုရားသို့ ပို့ပေးခဲ့ပါသည်။

## အုံးနှင့်ပထမဆုံးအကြိမ်တွေ့ဆုံခြင်း

ကျွန်ုပ်သည် ယခင်က 'အုံး'ကို နီးနီးကပ်ကပ် မတွေ့ဆုံခဲ့ဖူးချေ။ သူမ၏ ရိုးရိုးယဉ်ယဉ်နှင့် နှစ်လိုဖွယ်ကောင်းသော ရုပ်ရည်ရူပကာယကို တွေ့မြင်လိုက်ရသည်တွင် မြင်မြင်ချင်းပင် စွဲလန်းချစ်ခင်စိတ် ဖြစ်ပေါ်ခဲ့မိပါ၏။ ကိုခင်မောင်ဖြူနှင့် သူ၏ဇနီး မမနုတို့သည် ကျွန်ုပ်နှင့်အုန်းတို့၏ တစ်ဦးအပေါ် တစ်ဦး ထားရှိသော သံယောဇဉ်ကို ရိပ်စားနားလည်ကြရုံမက အဆင်ပြေသွား စေရန် လိုလိုလားလားရှိကြသည်။ ကျွန်ုပ်သည် သူတို့ရှိရာ မကွေးကောလိပ်သို့ ချောင်းပေါက်လုနီးနီး မကြာခဏ သွားရောက်လည်ပတ်ခဲ့ပါ၏။

အုန်းသည် အငြိမ်းစား DSP ဦးလှအောင်နှင့် စာတိုက်ကြီးမှူးအုပ် ဒေါ်ညွန့်ညွန့်တို့၏ သားသမီး (၄)ယောက်အနက် အကြီးဆုံး ဖြစ်သည်။ သူမ သည် အနောက်တိုင်း သမိုင်းဘာသာရပ်တွင် ဂုဏ်ထူးတန်းအောက်ပြီး နောက်

www.burmeseclassic.com

www.burmeseclassic.com



MA ဘွဲ့ရရှိပြီးသူဖြစ်၏။ နည်းပြဆရာအလုပ် ရရှိပြီးနောက် မကွေးကောလိပ်တွင် စတင်ဖွင့်လှစ်သော သမိုင်းဌာနသို့ လ/ထကထိက ဌာနမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားခံရခြင်းဖြစ်၏။ သတ်မှတ်သောကာလ အပိုင်းအခြားတစ်ခု ထမ်းဆောင်ပေးရန် တာဝန်အရ မလွဲသာ မရှောင်သာ လာရောက်ခဲ့ရခြင်းဖြစ်၍ စိတ်ပါလက်ပါ မရှိ။ ရန်ကုန်သို့ ခပ်မြန်မြန် ပြန်ပြောင်းရန်သာ စောင့်စားမျှော်လင့်နေခြင်းဖြစ်သည်။ ထိုစဉ်အခါက မကွေးဟူသည် ဝေးလံ ခေါင်ပါးသော ဇနပုဒ်အရပ်ဟု မှတ်ယူထားကြသည့်အားလျော်စွာ ပေါက်ပေါက် ရောက်ရောက်ရှိသော ပုဂ္ဂိုလ်များက မလာလိုကြပေ။ Mrs. Lily သည်လည်း 'အုံး' နည်းတူ မကွေးကောလိပ် အင်္ဂလိပ်စာဌာနသို့ ရောက်ရှိလာခဲ့၏။ ဆရာမများမှာ အဆောင်တွင် နေထိုင်ခွင့်ရရှိကြပြီး မကွေးကောလိပ်ကျောင်းသူများက ဝိုင်းဝန်းစောင့်ရှောက်ကြသည်။ ထိုကျောင်းသူများတွင် ဝိုလ်ကြီးတစ်ဦး၏ဇနီး 'အန္တဲ့'နှင့် နောင်တွင် Dr. မတင်ဝင်းအမည်ဖြင့် ထင်ရှားလာသူ မတင်ဝင်းအပြင် အခြားကျောင်းသူအသစ်များ ပါဝင်ကြသည်။

## မင်းဘူးသို့အလည်သွားရာ မော်တော်ဘုတ်ပေါ်၌မီးလောင်ခြင်း

တစ်ရက်သော တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် မင်းဘူးဘက်သို့ ဘုရားဖူးပို့ပေးရန်အတွက် မကွေးကောလိပ်ရှိ အုံးတို့သားအမိကို ကားဖြင့် သွားကြိုခဲ့သည်။ ကိုခင်မောင်ဖြူ၏ နှမများနှင့်တကွ မိသားစုအားလုံးလည်း သင်္ဘောပေါ်၌ အတူပါလာကြသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးစဉ် သင်္ဘောအင်ဂျင်စက်ကြီး မီးစွဲလောင်လေ၏။ စက်မခုတ်နိုင်သဖြင့် ကျွန်ုပ်တို့၏သင်္ဘောသည် ရေစီးအတိုင်း မျောသွားလေတော့သည်။ သင်္ဘောပေါ်ရှိ ခရီးသည်အားလုံး ထိတ်ထိတ်ပြာပြာဖြစ်ကုန်ကြပြီ။ အမျိုးသမီးအချို့က အော်ဟစ်ငိုယိုနေကြပြီ။ ကမ်းပေါ်မှလူများ သတိပြုမိစေရန် ရဲအရာရှိတစ်ဦးက သူ၏သေနတ်ကို မိုးပေါ်ထောင်၍ ပစ်ဖေါက်ခဲ့သည်။

အုံးတို့သားအမိအပါအဝင် အခြားအမျိုးသမီးများ ငိုလုငိုခင်ဖြစ်နေချိန်မှာပင် ကံကောင်းထောက်မ၍ မီးလည်းငြိမ်း၊ အင်ဂျင်စက်လည်းနိုးကာ မင်းဘူးသို့ ခရီးဆက်နိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မင်းဘူးမှတစ်ဆင့် ကျောင်းတော်ရာအထိ အရောက်သွားခဲ့ပြီး နှစ်စဉ် ဘုရားဖူးလာသည်ဟု ကျော်ကြားသော ငါးကြီးများကို အစာကျွေးခဲ့ကြပါသည်။ အုန်း၏အမေကား မကွေးတွင် သီတင်းပတ် အနည်းငယ်မျှသာနေပြီး သမီးဖြစ်သူအား ကြည့်ရှု



စောင့်ရှောက်ရန် ကျွန်ုပ်ကို တစ်ဖွဖွမှာကြား၍ ရန်ကုန်သို့ ပြန်သွားလေ၏။ 'ကျွန်ုပ်သည် အုံးကို ဘဝထက်ဆုံး စောင့်ရှောက်သွားရလိမ့်မည်'ဟူ၍ကား ဒေါ်ဒေါ်အနေဖြင့် ထိုစဉ်အချိန်က ရိပ်စားနိုင်ခြင်း မရှိသေးပေ။

## ကျွန်ုပ်၏အချစ်ဇာတ်လမ်း

ကိုခင်မောင်ဖြူနှင့်သူ၏ဇနီးဒေါ်နုနုတို့ကား ကျွန်ုပ်နှင့်အုံးတို့၏ အချစ်ဇာတ်လမ်းတွင် အဓိကကျသည့် ဇာတ်ညွှန်းရေးဆရာများပင် ဖြစ်ကြပေသည်။

ကျွန်ုပ်တို့နှစ်ဦးလုံး အချိန်တန်အရွယ်ရောက် လူလားမြောက်နေကြပြီး ဖြစ်သည့်အလျောက် ရာသက်ပန်ပေါင်းဖက်ဖို့အရေး မိဘတို့ကိုယ်တိုင်ဆွေးနွေးဆုံးဖြတ်ရမည်မဟုတ်ပါလော။ ဒေါ်နုနုတို့လင်မယားနှစ်ဦးလုံးကမူ မိမိတို့အား လိုက်ဘက်မည့်ဖူးစာဘက်များ ဖြစ်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်စိတ်ချသည့်အလျောက် 'အုံး'ထံ စာရေးပြီးချစ်ရေးဆိုရန်နှင့် သူမကိုယ်တိုင်အကျိုးဆောင်ပေးမည့်အကြောင်း ဒေါ်နုနုက မိမိကို အားတက်သရော ပြောဆိုတိုက်တွန်းခဲ့ပါသည်။

မိမိအနေဖြင့် ဖြစ်စဉ်တစ်ခုလုံးအား နံဖူးပေါ်လက်တင်ကာ အကြေအလည် အနုလုံပဋိလုံ စဉ်းစား ဝေဖန်ရလေပြီ။ ကျွန်ုပ်၏အသက်အရွယ်အရလည်းကောင်း၊ ပညာအဆင့်အတန်းနှင့် အလုပ်အကိုင်အရလည်းကောင်း၊ မိမိ၏အိမ်ထောင်ဖက်ရွေးချယ်ရာတွင် စီးပွားဥစ္စာကိုလည်း ငဲ့ရန်အကြောင်းမရှိ။ ဂုဏ်ပကာသနနှင့် သြဇာအာဏာတို့ကိုလည်း ငဲ့ရန်အကြောင်းမရှိချေ။ ကျွန်ုပ်အနေဖြင့် 'အုံး' နှင့်အတူ အခြေတကျနေထိုင်ကာ ဘဝတိုက်ပွဲကို လက်တွဲဆင်နွှဲရန် အသင့်ရှိမရှိသာလျှင် မိမိကိုယ်မိမိ အလေးအနက် မေးခွန်းထုတ်ရလေပြီ။ အဘက်ဘက်မှ စဉ်းစားဆင်ခြင်ပြီးနောက် ကျွန်ုပ်သည် အုံးသာလျှင် မိမိနှင့်အသင့်လျော်ဆုံး ဖူးစာဖက်ဖြစ်သည်ဟု စိတ်နှလုံး ဒုံးဒုံးချလိုက်ပါတော့သည်။ အုံးသည် ရုပ်ရည် ရူပကာယ တင့်တယ် ပြေပြစ်ရုံသာမက စိတ်ရင်းသဘောရင်း ကောင်းသည်။ ပညာတတ်လည်းဖြစ်သည်။ မိမိနှင့်လည်း လုပ်ငန်းချင်းမတူ။ ကျွန်ုပ်တို့နှစ်ဦး အကြောင်းဆက် ပေါင်းဖက်ကြပြီးနောက် ပေါက်ဖွားလာမည့် သားသမီးများကိုလည်း သူမအနေနှင့် ကောင်းစွာ ကျွေးမွေး စောင့်ရှောက် ထိန်းသိမ်းနိုင်လိမ့်မည် စသည်ဖြင့် အနာဂတ်ရေးအထိ မျှော်တွေးကြည့်နူးမိသည်။ ထိုသို့ စဉ်းစားဆုံးဖြတ်ပြီးနောက် ကျွန်ုပ်သည် အုံးထံသို့ ရှည်လျားသော ချစ်သဝဏ်လွှာကို ရေးသားလိုက်ပါတော့၏။ ကျွန်ုပ်၏စာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ်ထားရှိသော မိမိ၏ မေတ္တာစေတနာတို့ကို ဦးစွာဖော်ပြပြီး အတည်တကျ လက်ထပ်ထိမ်းမြားရ၍ ဘဝကြင်ဖော်အဖြစ် ရာသက်ပန် ရိုးမြေကျပေါင်းသင်းလိုကြောင်း မိမိ၏ဆန္ဒကို အလေးအနက်တင်ပြကာ ချစ်ခွင့်ပန်ခဲ့ပါ၏။ ရက်အတော်ကြာသည်အထိ 'အုံး'ထံမှ အဖြေမရခဲ့ပါ။ သူမအတွက်လည်း ဘဝတစ်ခုလုံးအရေး ဖြစ်သောကြောင့် အချိန်ယူကာ ဘက်ပေါင်းစုံမှ တွေးတောဝေဖန်ချင့်ချိန် ဆုံးဖြတ်ရမည်ကို နားလည်စာနာသည့်အလျောက် ကျွန်ုပ်သည် အုံးထံမှ ချက်ချင်း အဖြေမရသည်ကို အပြစ်မမြင်ခဲ့ပါ။ ထိုအတောအတွင်း ဒေါ်နုနုနှင့်လီလီတို့နှစ်ဦးကမူ ကျွန်ုပ်ဘက်မှ ထောက်ခံမဲ အပြည့်ပေးကာ 'လော့ဘ်'နေကြဟန်တူပါသည်။

အချိန်အတန်ကြာ မျှော်တော်ဇောနှင့် မောခဲ့ပြီးနောက် ကျွန်ုပ်၏မေတ္တာကို လက်ခံကြောင်း အုံး၏ ပြန်စာကို လက်ခံရရှိခဲ့ပါသည်။ စာထဲတွင် အုံးသည် သူမ၏ အသေးစိတ် စဉ်းစားဆွေးနွေးချက်များကို ထည့်သွင်းရေးသားထားပြီး စာကို ရေမွှေးဆွတ်ဖျန်းထားပါသည်။ တစ်ခုသော တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် 'အုံး'ကို ကောလိပ်ကျောင်းမှ ကြိုခဲ့ပြီး ကိုဖြူ၏အိမ်သို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့အိမ် အရှေ့ဘက်ခြမ်းရှိ လွတ်လွတ်လပ်လပ် စကားပြော၍ရသောနေရာလေး၌ ကျွန်ုပ်တို့နှစ်ယောက် နာရီအတန်ကြာအောင် စကားလက်ဆုံ ပြောကြပါသည်။ ချစ်သူနှစ်ဦး လွတ်လပ်စွာ တွေ့ဆုံခွင့်ရသောအချိန်များကို ယနေ့ထက်တိုင် သတိရနေမိပါ၏။

## ကျောင်းသားများက ကန့်ကွက်ကြခြင်း

မကွေးကောလိပ်ရှိ ကျောင်းသားများသည် သူတို့ကျောင်းသို့ နယ်ကျော်ပြီး ကျွန်ုပ်လာရောက်နေခြင်းကို မလိုလားကြပေ။ 'ငှက်ဖျားဆရာဝန် မလာရ'ဟုပင် ကျောင်းပေါက်ဝ၌ ဆိုင်းဘုတ်ထောင်ခဲ့ကြသေးသည်။ အမှန်မှာ မကွေးကောလိပ်ရှိ ဆရာအချို့ကလည်း 'အုံး'ကို နှစ်သက်နေပုံရသဖြင့် အပြင်လူဖြစ်သော ကျွန်ုပ်အား ကျောင်းသားများက ဆန့်ကျင်နေကြခြင်းဖြစ်၏။ သူတို့တစ်တွေ ဆန့်ကျင်နေကြသော်လည်း ကျွန်ုပ်ကမူ အသွားအလာ မပျက်ခဲ့ပေ။ လူချင်း တွေ့ခွင့်မသာသောနေ့များဆိုလျှင် ဒေါ်နုနုမှတစ်ဆင့် ပုံမှန်စာရေးဆက်သွယ်နေကြသည်။ မိမိအပြင် 'အုံး'ကို စိတ်ဝင်စားကြသူ အများအပြားရှိကြောင်းလည်း သိရသည်၊ ကျွန်ုပ်၏ ဇွဲနဘဲနှင့် ခိုင်မြဲသော မေတ္တာ၊ သစ္စာအစွမ်းကြောင့် သူတို့လည်း တစ်စစ နောက်ဆုတ်သွားခဲ့ကြပါသည်။



## 'အုံး'နှင့်ကျောင်းသူလေးများလမ်းလျှောက်ထွက်ကြစဉ်

တစ်ရက်သော ညနေစောင်းအချိန်တွင် တင်းနစ်ကွင်း၌ ရောက်ရှိနေသော ဆရာကြီး ဦးခင်ညွန့်အား မကွေးကောလိပ်မှ ဆရာမများနှင့် ကျောင်းသူတစ်စု လမ်းလျှောက်စဉ် အမူးသမားများက အနှောက်အယှက်ပေးနေကြောင်း လူတစ်ယောက်က လာ၍ သတင်းပို့သည်။ ကိုခင်မောင်ဖြူနှင့် ကျွန်ုပ်သည် ကားဖြင့် ထိုနေရာသို့ ချက်ချင်းလိုက်သွားခဲ့ကြသည်။ ကိုခင်မောင်ဖြူက လမ်းခုလတ်တွင် သူ့အိမ်ဝင်၍ ပစ္စတိုသေနတ်ယူဆောင်လာခဲ့၏။ ထိုနေရာသို့ ကျွန်ုပ်တို့ ရောက်သွားသည့်အခါ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ချေ။ အမျိုးသမီးများလည်း အဆောင်သို့ ပြန်သွားကြပြီ။ ၎င်းဖြစ်ရပ်ကို နှစ်အတန်ကြာသည်အထိ ချဲ့ကား ပြောဆိုကြပုံမှာ 'ကျွန်ုပ်သည် သေနတ်ဆွဲ၍ အုံးကို သွားရောက် ကယ်ဆယ်ခဲ့ရသောဟူ၏'။ အမှန်စင်စစ် ထိုအချိန်က ကျွန်ုပ်တွင် သေနတ်လည်းမရှိ၊ သေနတ်လည်း မကိုင်ခဲ့ပါ။ ကိုခင်မောင်ဖြူထံမှာသာ သေနတ်ရှိခြင်းဖြစ်ပါ၏။

အခင်းဖြစ်သောနေရာတွင် မည်သူ့ကိုမျှ မတွေ့ရတော့သဖြင့် ကျွန်ုပ်တို့သည် တက္ကသိုလ်ပရဝုဏ်ဘက်သို့ ဆက်၍သွားကြရာ အမျိုးသမီးဆောင်၌ ပျက်ရတ်သဲသဲဖြစ်နေသည်ကို တွေ့ရပါ၏။ အုံးနှင့် ကျောင်းသူ ၄-၅ ယောက်တို့သည် ကောလိပ်ကျောင်းအရှေ့ဘက်ရှိ လမ်းကျဉ်းလေးတစ်ခုအတိုင်း လမ်းလျှောက်ထွက်ကြစဉ် အမူးသမားတစ်ယောက်နှင့် ပက်ပင်းတိုးကြသည်။ အမူးသမားက လုမည်ယက်မည်ဟု ခြိမ်းခြောက်ရာ မိန်းကလေးများက အော်ဟစ်အကူအညီ တောင်းသည်နှင့်တစ်ပြိုင်နက် ထိုသူသည် တစ်ချိုးတည်း လစ်ပြေးသွားခြင်းဖြစ်၏။ သို့သော် အဆောင်ပြန်ရောက်သည့်အခါ သူတို့အားလုံး ထိတ်လန့်တုန်လှုပ်နေကြသဖြင့် စမ်းသပ် စစ်ဆေးပေးရပါသည်။ အကြောက်လွန်နေသူတစ်ဦးမှအပ ကျန်သူများမှာ အတောင်းပကတိ။ ထို့ကြောင့် ကျွန်ုပ်သည် ထိုကျောင်းသူလေးအား သက်သာရာသက်သာကြောင်း ဂလူးကို့စ် အကြောဆေးတစ်လုံး ထိုးပေးခဲ့ပါ၏။ သူမကား ယခုအခါ နိုင်ငံကျော် စာရေးဆရာမတစ်ဦးဖြစ်နေသော ဒေါက်တာ မတင်ဝင်းပေတည်း။ ကျွန်ုပ်လည်း အခွင့်သာခိုက် သူတို့အားလုံးကို ထန်းတောဘက်သို့ လမ်းမလျှောက်ကြရန် သတိပေးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒေသအတွင်းလှည့်လည်စစ်ဆေးခြင်း

ပဏာမအားဖြင့် ဒေသတစ်ခု၏ ငှက်ဖျားရောဂါ ဖြစ်ပွားနှုန်းကို သရက်ရွက် စစ်တမ်းကောက် ချိန်ထိုးဆုံးဖြတ်ရန် လိုအပ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ သတ်မှတ်ချက်အရ သရက်ရွက်ကြီးသောရာနှုန်း ၇၅%ကျော်လျှင် ငှက်ဖျားရောဂါ အလွန်အမင်း ထူပြောသည်။ ၅၀%နှင့် ၇၅%ကြားတွင်ရှိပါက ငှက်ဖျားရောဂါ ထူပြောသည်။ ၂၅%အောက်ဆိုလျှင် ငှက်ဖျားရောဂါ ထူပြောသည်ဟု မဆိုနိုင်ပေ။ ကျွန်ုပ်သည် မိမိ တာဝန်ကျသော ဒေသအတွင်း ခရီးလှည့်လည်စဉ် ကားလမ်းတစ်လျှောက် ၄-၅-၁၀ မိုင်ခန့် ရောက်တိုင်း ရောက်တိုင်း ရွာနီးချုပ်စပ်ရှိ ၁၄ နှစ်အောက် ကလေးများကို သရက်ရွက် ကြီး မကြီး စမ်းသပ်ပေးသည်။ ထို့နောက် ကျွန်ုပ်၏တွေ့ရှိချက်များကို မြို့နယ်မြေပုံပေါ်ရှိ လမ်းကြောင်းအတိုင်း စီကာစဉ်ကာ မှတ်သား၍ တိကျသော စစ်တမ်းရရှိရန် လျာထားစီစဉ်ရသည်။ မင်းဘူးမြို့နယ်တွင် ရေကာတာနှင့်နီးသော ပွင့်ဖြူ၊ သရက်မြို့နယ်တွင် မင်းတုန်းနှင့် ငဖဲ၊ စေတုတ္တရာ စသော အရပ်များမှာ ငှက်ဖျားရောဂါ အလွန်အမင်း ထူပြောကြောင်း တွေ့ရှိခဲ့ရပါသည်။

### ကပ်ပါးပိုးတွေ့ရှိနှုန်းစစ်တမ်း

ထိုစစ်တမ်းပြုလုပ်ရန်အတွက် ၁ နှစ်အောက် ကလေးငယ်များ၏ လက်ချောင်းထိပ်ကို အပ်ဖြင့်ဖောက်၍ သွေးနမူနာယူရသည်။ ကျွန်ုပ်သည် ကလေးငယ်များကို သကြားလုံးပေး၍ လည်းကောင်း၊ ကျေးရွာလူထုများကို ဟောပြောစည်းရုံးခြင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ စစ်တမ်းရရှိရေးအတွက် ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။

တစ်စစနှင့် ဒေသအတွင်း အနှံ့အပြား ခရီးသွားသည့် အကျိုးရလဒ်ကြောင့် ကျွန်ုပ်သည် အရပ်ဒေသတစ်ခု၏ သဘာဝ၊ ဝန်းကျင် အနေအထားကို တွေ့မြင်ရုံဖြင့် ငှက်ဖျားရောဂါထူပြောနေရာ ဟုတ်မဟုတ် ကြိုတင်မှန်းဆနိုင်စွမ်းရှိလာသည်။ မင်းဘူးမြို့နယ်တွင် လယ်ယာမြေများကို ရေသွင်းသော ဆည်မြောင်းများတစ်လျှောက် သစ်ပင်ကြီးများအောက်ရှိ အရိပ်ကောင်း၍ အေးမြသောရေများမှာ အနိုဖိလိအမျိုးအစားခြင်တို့ ပေါက်ဖွား၍ အလွန်ကောင်းသော ဘူမိနက်သန်ပင်ဖြစ်၏။ မြန်မာနိုင်ငံအနောက်ဘက်ရှိ တောင်စဉ်တောင်တန်းများတွင် ရခိုင်ရိုးမတစ်ကြောလုံးသည် အလွန်ပင် ငှက်ဖျားထူပြော၏။ ထိုနည်းတူစွာ မင်းတုန်းမြို့နယ်နှင့် သရက်မြို့နယ်တဝိုက်မှာလည်း ကြောက်ခမန်းလိလိ ငှက်ဖျားရောဂါ အဖြစ်များပါ၏။



### DDT ဆေးဖျန်းခြင်း

ကျွန်ုပ်တို့သည် ပထမနှစ်တွင် ပွင့်ဖြူနှင့် စကုမြို့နယ်အတွင်းရှိ အိမ်များကို DDT ဆေးဖျန်းပြီး မှတ်သားထားခဲ့သည်။ ဆေးပက်ဖျန်းလျှင် ခြင်များနားတတ်သော နံရံများပေါ်တွင် DDT ဆေး လိုအပ်သောပမာဏ ရောက်ရှိဖို့ အရေးကြီးသည်။ ဒေသအချို့ကမူ ခြင်ကို မကြောက်ကြ။ အိပ်မရအောင် နှိပ်စက်သောကြမ်းပိုးကိုသာ ပို၍ ကြောက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နည်းဗျူဟာ အသစ်ပြောင်းကာ DDT ဆေးက ကြမ်းပိုးနှိမ်နှင်းနိုင်သည်ဟု ဝါဒဖြန့်ရပါသည်။

### ပခုက္ကူနှင့် တောင်ပိုင်းချင်းပြည်နယ်အတွင်းခရီးလှည့်လည်ခြင်း

ငှက်ဖျားတိုက်ဖျက်ရေးတွင် အမှုထမ်းစဉ် ကျွန်ုပ်ရောက်ရှိခဲ့သော အရပ်ဒေသတစ်ခုမှာ ပခုက္ကူခရိုင် အတွင်းပိုင်းရှိ 'ယော' နယ်မြေဖြစ်ပါ၏။ ယောနယ်သည် စုန်းပြူးတတ်သည်ဟု လူပြောများ၍ အချို့ကမူ ယောဘက်သို့ မသွားသင့်ကြောင်း ဟန့်တားကြပါသည်။ မရောက်ဖူးသော အရပ်ဒေသသို့ သွားရောက်ခွင့် ရရှိခြင်းသည်ပင် အစိုးရဝန်ထမ်းတစ်ဦး၏ မဟာအခွင့်အရေးပင် မဟုတ်ပါလော။ ကျွန်ုပ်အနေဖြင့် မိမိအသက်ငယ်ရွယ်စဉ်အချိန်၌ ထိုကဲ့သို့သော အရပ်ဒေသများသို့ သွားရောက်လိုသည်။ ထိုအချိန်မှာပင် မြန်မာ့လျှပ်စစ် (ESB) သည် တောင်ပိုင်းချင်းပြည်နယ်၏ မြို့တော် ကန်ပက်လက်၌ လျှပ်စစ်ဓါတ်အားပေးစက်ရုံတစ်ခု တည်ဆောက်မည့်အချိန်နှင့် အံဝင်ခွင်ကျ တိုက်ဆိုင်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အာဏာပိုင်အဖွဲ့အစည်းတို့အား ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ESB အဖွဲ့နှင့် ကျွန်ုပ်တို့ ကျန်းမာရေးဝန်ထမ်းများ အတူတကွ သွားရောက်သင့်ကြောင်း အကြံပြုတင်ပြရသည်။ ကျွန်ုပ်တို့သည် ပခုက္ကူမှ ကျောက်ထုသို့ ဒါကိုတာ လေယာဉ်ဖြင့်သွား၍ အိမ်တစ်အိမ်တွင် တည်းခိုကြပါသည်။

ထိုအရပ်၌ ငှက်ပျောသီးနှင့် သဘော်သီးစားလျှင် ငှက်ဖျားဝင်တတ်သည်ဟုအယူရှိ၍ ထိုအသီးများကို လူတို့မစားကြချေ။ ထို့ကြောင့် ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်ချေးပေါသော ငှက်ပျောသီးနှင့် သင်္ဘောသီးတို့ကို တစ်ဝ စားခဲ့ကြရသည်။

## ရှိုးရာဓလေ့

ကျောက်ထုလေဆိပ်တွင် ဆင်းသက်မိသည်နှင့်တစ်ပြိုင်နက် ဖွားဘက်တော်လိုရုံမျှသာ နံငယ်ပိုင်းလေးကိုဝတ်ဆင်ထားကြသည့် ချင်းအမျိုးသားအချို့ကို တွေ့မြင်ရလေ၏။ ချင်းမလေးတို့မှာလည်း ခါးတွင် အရှက်ဖုံးရုံ လုံချည်တိုတိုလေးသာ ဝတ်ဆင်ထားကြ၏။ ထိုမြင်ကွင်းများမှာ ကျွန်ုပ်တို့အတွက် အထူးအဆန်း ဖြစ်နေပါတော့ သည်။ ဒေသခံများကို မေးမြန်းကြည့်ရာ ဤကားသူတို့၏ရှိုးရာဓလေ့ထုံးစံဖြစ်ကြောင်း သိရပါသည်။ ယခုအချိန်တွင်မူ ဤကဲ့သို့သော ဓလေ့ထုံးစံများ မရှိတော့ဘဲ လုံချည်ဝတ်ဆင်နေကြပြီဖြစ်ကြောင်း ကြားသိရပါသည်။

ကျွန်ုပ်တို့ စခန်းချရာဌာနနှင့် တစ်ဖာလုံခရီးမျှ အကွာအဝေးတွင် ရေစီးသန်သော စမ်းချောင်းငယ်လေးတစ်ခုရှိ၏။ ထိုချောင်းကမ်းဘေး တစ်ဖက်တစ်ချက်၌ သစ်သားတိုင်များထောင်၍ ရေအားအသုံးပြုကာ ဆန်ဖွတ်သော ကျည်ပွေ့မောင်းတံကြီးများကို တွေ့ရှိနိုင်ပါသည်။

## သူပုန်တို့သိမ်းပိုက်ထားသောနယ်မြေများ

ထိုစဉ်က မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရောင်စုံသူပုန်များ အကြီးအကျယ် သောင်းကျန်းနေကြသော အခါသမယဖြစ်၏။ အထူးသဖြင့် အစိုးရအမှုထမ်းများအဖို့ ခရီးသွားလျှင် အန္တရာယ်များလှသည်။ ကျွန်ုပ်တို့၏ လုံခြုံရေးအတွက် ပြည်ထောင်စုစစ်ရဲ (UMP) မှ တပ်စိတ် တစ်စိတ်ကို Escort အဖြစ်ထည့်ပေးသည်။ ကျွန်ုပ်တို့ကမူ Escort များပါရှိလျှင် သူပုန်ဘက်က အရေးကြီးပုဂ္ဂိုလ်ပါသည်ဟုထင်ကာ မှားယွင်းပစ်ခတ်မည်ကို ကြောက်၍ လုံခြုံရေး မခေါ်ဘဲ မိမိတို့ဘာသာမိမိ ခရီးသွားလိုကြပါသည်။ သို့ရာတွင် အစိုးရဝန်ထမ်းများ ခရီးသွားလျှင် လုံခြုံရေးအဖွဲ့ လိုက်ပါရမည်ဟု ညွှန်ကြားချက်ထုတ်ပြန် ထားရှိပါသည်။

ယောနယ်အတွင်း ခရီးလှည့်လည်စဉ်က ညမိုးချုပ် ၈ နာရီခန့် ရွာတစ်ရွာသို့ ရောက်ရှိသွားခဲ့ဖူးသည်။ ထိုရွာကို သူပုန်ဝင်စီးပြီး သူကြီး အသတ်ခံရသည်မှာ နှစ်ပတ်ခန့်သာ ရှိသေးသဖြင့် ကြောက်ရွံ့နေသော ရွာသူ ရွာသား



များသည် ကျွန်ုပ်တို့ ညဉ့်အိပ်ညဉ့်နေ တည်းခိုမည်ကို လက်မခံလိုကြပေ။ သူတို့သည် ကျွန်ုပ်တို့အဖွဲ့အား ညစာမြန်မြန်ကျွေး၍ သူတို့ရွာမှ မြန်မြန်ပြန်သွားကြဖို့ မေတ္တာရပ်ခံကြသည်။ သိသာထင်ရှားသောအချက်မှာ ထိုအရပ်သည် သူပုန်တို့ အခိုင်အမာတပ်စွဲထားသော ခြေကုပ်စခန်း ဖြစ်ဖွယ်ရှိ၏။ သို့မဟုတ်လျှင် ရွာသူရွာသားများမှာ သောင်းကျန်းသူတို့ကို ထောက်ခံကြသူများ ဖြစ်ဖွယ်ရှိပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ညတွင်းချင်း ရွာမှ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့ကြရပါသည်။

## ဆောမြို့

ကျွန်ုပ်တို့သည် နံနက်၆နာရီခန့်တွင် ဆောမြို့သို့ ရောက်ရှိခဲ့ကြ၏။ ဒေသအုပ်စုခေါင်းဆောင် ဦးသိန်းညွန့်က ကျွန်ုပ်တို့အား နံနက်စာ၊ နေ့လည်စာများဖြင့် တည်ခင်းဧည့်ခံပါသည်။ 'ငှက်ခါးတောင်'ထန်းရည် တဝ သောက်ပြီး ကျွန်ုပ်တို့အားလုံး ယစ်မူးရီဝေ နေကြပါတော့သည်။ ၎င်းထန်းရည်၏ အရောင်အဆင်း၊ အနံ့အရသာတို့မှာ ဘီယာထက်ပင်သာသည်ဟု ထင်မိပါ၏။

## အနာနှင့်ဆေးတည့်အောင်ပေး

ဦးသိန်းညွန့်တို့အိမ်တွင် တည်းခိုစဉ် တစ်နေ့သ၌ သူ၏တူလေး တစ်ယောက် ချော့မရ ချောက်မရနိုင်ဘဲ အဆက်မပြတ်ငိုကြွေးနေသည်။ ကလေးအား ကျွန်ုပ်စမ်းသပ်ကြည့်ရာ တင်ပါးကွင် လောက်များအုံဖွဲ့နေသော အနာကြီးတစ်ခုကို တွေ့ရှိရသည်။ ကျွန်ုပ်သည် မီးဖိုချောင်ထဲမှ အိမ်သုံးဆားကို ရေနွေးတွင်ဖျော်ပြီး အနာပေါ်သို့ ဆားရည်ကို တစ်စက်ချင်း လောင်းချရာ လောက်များ ဆင်းပြေးကြသည်။ တစ်ခုကောင်းသည်မှာ အနာဖေးနှင့် အညစ်အကြေးများကို လောက်တို့က စားသုံးပစ်လိုက်သောကြောင့် ဆားရည်လောင်းချလိုက်သောအခါ အနာ၏အောက်ခြေသည် နီရဲပြီး သန့်စင်နေသည်ကို တွေ့ရ၏။ ထိုညတွင် ကလေး ကောင်းကောင်း အိပ်၍ရပါသည်။

## ကန်ပက်လက်မြို့

ကန်ပက်လက်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်မြင့်သော အရပ်ဖြစ်၍ ရာသီဥတု အလွန်အေးပါသည်။ သစ်ပင်များ၊ အိမ်များနှင့် အဆောက်အဦ အားလုံးမှာ အမြဲပင် မြူဆိုင်းလျက်ရှိသည်။ လမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျယ် လမ်းမကြီးများမရှိဘဲ လမ်းကျဉ်းလေးများကိုသာ တွေ့ရသည်။ ညဘက်ရောက်လျှင် ချောက်မြို့မှ မီးရောင်မှိန်မှိန်လေးများကို လှမ်း၍ တွေ့မြင်ရသည်။ ကောက်ညှင်းမှချက်သော ခေါင်ရေကို အရက်အဖြစ် နှစ်ခြိုက်စွာ မှိုင်ကြသည်။ ခေါင်ရေသည် ကြည့်လိုက်လျှင် ရေကဲ့သို့ပင်။ စောင်အထပ်ထပ် လွှမ်းခြုံသော်လည်း မနွေးထွေးနိုင်အောင် အေးလွန်းလှ၍ ကျွန်ုပ်သည် အချမ်းပြေစေရန် ခေါင်ရေကို မြည်းစမ်းကြည့်ခဲ့သည်။ လည်ချောင်းတလျှောက် ပူဆင်းသွားသော ခေါင်ရေကြောင့် ခဏချင်းပင် အချမ်းပြေသွားခဲ့ပါတော့သည်။ နို့စို့ကလေး ငိုလျှင်လည်း ခေါင်ရေပေးသောဓလေ့ကို အံ့ဩဖွယ်ရာ တွေ့ရှိမှတ်သားခဲ့ရသည်။

ကန်ပက်လက်သို့သွားသောလမ်းမှာ အံ့မခန်း သာယာလှပေသည်။ တောင်အတက် လူသွားလမ်းလေးသည် ထင်းရှူးပင်များအကြားတွင် ကွေ့ကွေ့ကောက်ကောက် ဖောက်လုပ်ထားပြီး လမ်းတစ်လျှောက်လုံး မွှေးပျံ့သော ရနံ့ကြောင့် လန်းဆန်းစေသည်။ ၁၀မိုင်ခန့် ရှည်သော လမ်းဆုံးလျှင် ESB အဆောက်အဦသို့ ရောက်လေ၏။ ကန်ပက်လက်၌ ခရိုင်ဆရာဝန်ကြီး Dr. ဒွတ္တားကို တွေ့ဆုံခဲ့သည်။ ကျွန်ုပ် တတိယနှစ်MB ဆေးကျောင်းသားဘဝတွင် ဆရာကြီးအား ကာလသားရောဂါဌာန၌ တာဝန်ကျနေသည်ကိုတွေ့ဖူး၍ ကောင်းစွာမှတ်မိနေသည်။ ကျွန်ုပ်သည် ဆရာကြီးအား ရိုသေစွာ မိတ်ဆက်ပြီးနောက် ငှက်ဖျားရောဂါအပါအဝင် သူ၏ နယ်မြေအတွင်း ကျန်းမာရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ဦးသိန်းညွန့်၏ တူလေးကိုခေါ်၍ ဆရာကြီးထံ အပ်ပေးခဲ့ပါသည်။

အမှန်အားဖြင့် ကန်ပက်လက်၌ ဈေးမရှိချေ။ မိမိဝမ်းစာအတွက် မိမိတို့ဘာသာ စိုက်ပျိုးမွေးမြူကြခြင်း ဖြစ်၏။ ဆေးရုံကို တောင်စောင်းတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဆေးရုံဝန်းထဲ၌ အဆောက်အဦငယ်လေးများ ဟိုတစ်ကွက် ဒီတစ်ကွက် ပျံ့နှံ့လျက်ရှိသည်။

### ကန်ပက်လက်မှ မင်းတပ်သို့ လားဖြင့်ခရီးသွားခြင်း

နောက်နေ့ မနက်စောစော ခရီးစထွက်ခဲ့ကြသည်။ အိုးခွက် ပန်းကန်များ၊ ရိက္ခာများနှင့် ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများကို သေတ္တာကြီးနှစ်လုံးတွင် ထည့်ကြရသည်။ ထိုသေတ္တာကြီးများကို ချင်းလူမျိုး အထမ်းသမားနှစ်ယောက် (ယောက်ျားတစ်ယောက်၊ မိန်းမ တစ်ယောက်) သယ်ဆောင်ကြပုံမှာလည်း မှတ်သားဖွယ် ကောင်းသည်။ သေတ္တာကို ကျကျနန ရက်ထားသော



ကြိမ်ဆိုင်းထဲတွင်ထည့်ပြီး ကြိမ်ဆိုင်း၏ အစွန်းတစ်ဘက်ကို နဖူးတွင် ချိတ်ကာ သေတ္တာကြီးအား လူ၏ကျောဘက်၌ တွဲလောင်းဆွဲလျက် သယ်ရခြင်းဖြစ်သည်။ ထိုသူတို့၏ခွန်အားမှာ အံ့ဖွယ်ကောင်းပေစွ။ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးဖြင့် တောင်တက်လမ်းကို ဣန္ဒြေမပျက် တက်သွားကြသည်ကို တွေ့မြင်ရသောအခါ အံ့ဩချီးကျူးမဆုံးဖြစ်မိပါတော့သည်။ သူတို့ရရှိသော သယ်ဆောင်ခမှာ တစ်မိုင်ကို တစ်မတ်နှုန်းဖြစ်၏။ ကျွန်ုပ်တို့ကမူကား လား၏ကျောကုန်းပေါ် တက်စီးပြီးနောက် လားထိန်းသမား ဦးဆောင် လမ်းပြသည့်အတိုင်း လိုက်သွားကြရုံသာဖြစ်သည်။

အချိန်ကား ဧပြီလဖြစ်၏။ ချင်းတောင်၌ မိုးဦးကျစောသည်မှာ ထုံးစံပင်။ ကျွန်ုပ်သည် လားတို့သွားသော လမ်းအတိုင်း ဆင်း၍ လှမ်းလျှောက်ရာ မြက်ပင်တို့၏အဖျားတွင် လှုပ်လှုပ်ရွရွဖြစ်နေသော အကောင်ငယ်လေးများကို သတိပြုမိသည်။ သေသေချာချာငုံ့ကြည့်ရာ သွေးစုပ်ရန် ချောင်းနေသည့် ရာဂဏန်းချီသော ကျွတ်များကို တွေ့ရပါသည်။ လားများ၏ ခြေထောက်တို့မှာ သွေးအလိမ်းလိမ်းဖြစ်နေပြီး ကျွန်ုပ်တို့၏ ခြေထောက်များတွင်လည်း ကျွတ်တွယ်ထား၍ သွေးများစီး ကျနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွတ် နှိမ်နင်းရန်အတွက် လက်နက်ကိရိယာ ဖန်တီးရလေသည်။ တုတ်ချောင်းထိပ်ဖျားတွင် ဆေးရွက်ကြီးနှင့်ဆားကိုထုပ်ပြီး ကျွတ်များကို တို့ရသည်။ ကျွတ်များ ကွာကျပြီး ချက်ချင်းသေသည်။ ကျွတ်များသည် သစ်ပင်ပေါ်မှလည်း ပြုတ်ကျကာ လည်ပင်းပေါ်၌ တွယ်ကြသေးသည်။ ကျွန်ုပ်၏အကျီအိတ်ထောင်ထဲမှလည်း ကျွတ်များ ရရှိခဲ့ဖူးသည်။

မင်းတပ်သို့သွားသော လမ်းခရီးတစ်ဝက်၌ ကွန်းခိုစခန်းတစ်ခုတွင် ခေတ္တရပ်နားခဲ့ရသည်။ ထိုအဆောက်အဦလေးမှာ ၁၅ ပေ ပတ်လည်ခန့် ကျယ်ဝန်း၏။ လေတဟူးဟူး တိုက်ခတ်နေသောကြောင့် အမိုးမှ သွပ်ပြားများ တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်နေသည်။ ကျွန်ုပ်နှင့်အတူ ပါလာသော စစ်ဆေးရေးမှူးက ကျွန်ုပ်တို့စားရန် ထမင်းဟင်း ချက်သည်။ ချင်းလူမျိုး အထမ်းသမားနှစ်ယောက်ကမူ တောထဲဝင်သွားပြီး အရွက်များခူးလာခဲ့၍ ညစာစားရန် ဟင်းရွက်များကို ပြုတ်နေကြသည်။ ကျွန်ုပ်က သူတို့ညစာအတွက် ငါးသေတ္တာတစ်ဗူး ထုတ်ပေးလိုက်ပါ၏။ နောက်နေ့ ခရီးဆက်ကြရာ အချို့ရွာများ၏ အနီးဝန်းကျင်၌ အသုဘ အခမ်းအနားလုပ်ထားသော အကြွင်းအကျန်များ တွေ့ရှိရသည်။ လူသေလျှင် အလောင်းကို ရွာအပြင် ထုတ်ထားလေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းမိသားစုများသည် အိမ်အကြီးကြီးတွင် စုပေါင်းပြီး နေထိုင်ကြလေ့ရှိသည်။ သစ်လုံးများဖြင့် ဆောက်ထားသော အိမ်ကြီးများမှာ ကြမ်းခင်း အကျယ်အဝန်း ပေ ၁၂၀ ပတ်လည် ခန့်ရှိ၏။ အိမ်၏ကြမ်းပြင်သည် မြေကြီးထက် ၄ ပေခန့်မြင့်၍ အမိုးက သက်ကယ်မိုး ဖြစ်ပါသည်။ အိမ်အလယ်ခေါင်တွင် မီးဖိုထားလေ့ရှိပြီး မီးဖို၏ ဘေးပတ်ပတ်လည်တွင် မိသားစုအားလုံး နွေးပါမကျန် စုပေါင်းအိပ်ကြခြင်း ဖြစ်သည်။ အလွန်နီးကပ်စွာ စုစည်းထားသော မိသားစုအဖွဲ့အစည်း ဖြစ်ပါ၏။

နောက်နေ့တွင် ကျွန်ုပ်တို့သည် မင်းတပ်သို့ ခရီးဆက်ခဲ့ကြပါသည်။ ထိုစဉ်က ကန်ပက်လက်ခရိုင်၏အောက်တွင် မင်းတပ်မြို့နယ်တစ်ခုသာ ရှိသည်။ ကျွန်ုပ်တို့သည် မင်းတပ်၌ ဆေးရုံနေရာတစ်ခုသာ သွားရောက်ခဲ့ပြီး အချိန်ကြာကြာမနေတော့ဘဲ ဒေါ့ဂျစ်ကားဖြင့် ကျောက်ထုသို့ ခရီးဆက်ခဲ့ကြပါသည်။ ယခုအခါတွင် ဆော၊ ကန်ပက်လက်နှင့် မင်းတပ်တို့ကို ကားလမ်းဖြင့် ဆက်သွယ်ထားရာ သွားလာရေး လွယ်ကူနေပြီဟု ကြားသိရပါ၏။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမြဲ ဖြစ်သောကြောင့် ကျွန်ုပ်ရေးသားဖော်ပြခဲ့သော အခြေအနေတို့မှာ မျက်မှောက်ခေတ်တွင် ဆက်လက်တည်ရှိတော့မည် မဟုတ်ပေ။

## ဂန့်ဂေါ၌သောင်တင်နေခဲ့ခြင်း

ကျွန်ုပ်တို့သည် မင်းတပ်မှ ဂန့်ဂေါသို့ ဒါကိုတာလေယာဉ်ဖြင့် သွားခဲ့ကြပါသည်။ ယောနယ်အတွင်း ကျေးရွာများသည် သစ်အမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသဖြင့် နေထိုင် လုပ်ကိုင်ကြသော အစိုးရဝန်ထမ်းအများစုမှာ သစ်လုပ်ငန်းဌာနနှင့် သစ်တောဌာနမှ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဦးထွန်းအောင်ကျော်၊ ဦးတင်ဖေ၊ ဦးတင်လှိုင်နှင့် ကျွန်ုပ်တို့သည် တောခေါင်းကြီး ဦးစိန်လှိုင်၏အိမ်တွင် တည်းခိုခဲ့ကြသည်။ ကျွန်ုပ်ကမူ ဂန့်ဂေါတွင်လည်း မြို့နယ်ဆေးရုံသို့ သွားရောက်၍ ၄က်ဖျားနှင့်စပ်လျဉ်းသော စာရင်းဇယားများကို လေ့လာ မှတ်သားခဲ့ပါသည်။

ကျွန်ုပ်တို့ ဂန့်ဂေါတွင်ရောက်ရှိနေစဉ် မိုးသည်းသည်းမဲမဲ ရွာသွန်းသော မိုးဦးကျနှင့် ကြုံကြိုက်ခဲ့သည်။ လေယာဉ်ဝဲသံကြားရသော်လည်း လေယာဉ်မဆင်းနိုင်သောကြောင့် ကျွန်ုပ်တို့သည် ဂန့်ဂေါတွင် တစ်လကျော်ကျော် သောင်တင်နေခဲ့သည်၊ သက်ဆိုင်ရာဌာန အသီးသီးက ကျွန်ုပ်တို့သည် မိမိရုံး



မှာ မရှိကြသဖြင့် ဘယ်ဆီဘယ်ဝယ် ရောက်နေကြသည်ကို စုံစမ်းနေကြကြောင်း နောင်တွင်ကြားသိရပါ၏။ ကျွန်ုပ်တို့အုပ်စုအား နေ့စဉ်ညစဉ် ချက်ပြုတ်ကျွေးမွေး ဧည့်ခံရရှာသော အိမ်ရှင် ဦးစိန်လှိုင်ကိုမူ အထူးပင် အားနာဖို့ ကောင်းလှပါ၏။ နာမည်ကျော် ချင်းပြုပ်သီးဟင်းမှာ ကျွန်ုပ်တို့၏ နေ့စဉ်ဟင်းလျာထဲတွင် မပါလျှင် မပြီးချေ။ တောခေါင်းကြီး ဦးစိန်လှိုင်သည် လူလတ်တန်းစားမှ ပေါက်ဖွားလာသော ပခုက္ကူသားဖြစ်၏၊ ကျွန်ုပ်သည် ဂန့်ဂေါရောက်ခဲ့စဉ်က သူနှင့်တွေ့ဆုံပြီး နောက်ပိုင်းတွင် တစ်ခါဖူးမျှ ပြန်လည်၍ ဆုံဆည်းခွင့် မရခဲ့ပေ။

ကျွန်ုပ် ဂန့်ဂေါတွင်ရှိနေခိုက် တိုက်နယ်ဆေးရုံလေးတစ်ခုသို့ ၄က်ဖျားရောဂါနှင့် စပ်လျဉ်းသော စာရင်းဇယားများရရှိရန် သွားခဲ့သည်။ ထိုဆေးရုံ၌ ပြည်ထောင်စုစစ်ရဲ UMP မှ ရဲသားလေးတစ်ဦး သေနတ်ထိမှန်၍ လက်ဖျံတစ်ခုလုံး ပုပ်နေသည်ကို တွေ့ရှိခဲ့ရာ အသက်ကယ်ဆယ်ရန် လက်မောင်းရင်းမှ ဖြတ်(Amputation)ပေးခဲ့ရသည်။ ထိုဖြစ်ရပ်ကို ၂၀၀၁ ဧပြီလထုတ် MJCMP တွင် အပြည့်အစုံ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါ၏။

## ယောသူများက မြူစားတတ်သလား

ယောနယ်အတွင်း ကျွန်ုပ်တို့ကို ကြည့်ရှုစောင့်ရှောက်ပေးသော ကျန်းမာရေးမှူး ကိုတိုးသည် ပျော်ပျော်နေတတ်သူဖြစ်၏။ သူက ကျွန်ုပ်တို့ကို မိန်းမချောလေးများရှိသော အိမ်များသို့ အလည်ခေါ်တတ်သည်။ မိန်းကလေးများကလည်း ကျွန်ုပ်တို့ကို ပျူငှာစွာဧည့်ခံကြပါသည်။ ခင်မင်ရင်းနှီးလာသောအခါ ကျွန်ုပ်တို့က ယောနယ်တွင် အိမ်လာသော ဧည့်သည်များ ပြန်လျှင် ဖင်မှာ မြူစားတတ်သည်ကို ကြားဖူး၍ ဟုတ်မှာကပ်ပါအောင် အောက်လမ်းပညာဖြင့် မြူစားတတ်သည်ကို ကြားဖူး၍ ဟုတ်မဟုတ် ယောသူလေးများကို မေးကြည့်ကြသည်။ သူတို့၏အဖြေစကားမှာ မှတ်သားဖွယ် ကောင်းလှပါ၏။ 'အကျွန်တို့ ယောသူယောသားတွေက ဧည့်သည်ကို စိတ်ကောင်း စေတနာကောင်းနဲ့ ပြုစုဧည့်ခံလို့ ဧည့်သည်ကိုယ်တိုင် ယောက မပြန်ချင်တော့တာ ဖြစ်ပါလိမ့်မယ်ရှင်'

သူတို့၏စကား မည်၍မည်မျှ မှန်သည်ကို မသိသော်လည်း ကျွန်ုပ်ကိုယ်တိုင် သတိပြုမိသောအချက်မှာ ယောသူလေးများသည် အားလုံးလိုလို ဖြူဖြူချောချောလေးများ ဖြစ်ကြပါသည်။ ယောနယ်၏ ရာသီဥတု၊ တည်နေရာ၊ နှီးစင်းသော နေပုံထိုင်ပုံစသည်တို့ကြောင့် ယောသူလေးများသည် ဘလှတွင် အယဉ်ဆင့်နေကြခြင်း ဖြစ်ဖွယ်ရှိပါ၏။ အပြောင်အပြက်လုပ်တတ်သော ကိုတိုး

www.burmeseclassic.com

www.burmeseclassic.com



သည် ရံဖန်ရံခါ၌ 'စုန်းတွေ၊ ကဝေတွေရှိလျှင် ဂန့်ဂေါမှာ လေယာဉ်ဆင်းလို့ ရအောင် ပညာနဲ့လုပ်ပေးကြစမ်းပါဗျို့'ဟု လမ်းလျှောက်ရင်း ဖျားဟစ်ကာ အကူအညီ တောင်းတတ်သည်။ ရွာခံလူများ စိတ်ဆိုးဒေါသထွက်ကြမည်စိုး၍ ကျွန်ုပ်က သူ့ကို အမြဲ ဟန့်တားရသည်။ တစ်နေ့သော် ကံအားလျော်စွာ ရာသီဥတု ကြည်ကြည်လင်လင်ဖြစ်လာပြီး လေယာဉ်ဆင်းသက်နိုင်သဖြင့် ကျွန်ုပ်တို့လည်း မကွေးသို့ ပြန်လာခဲ့ကြပါသည်။ ချင်းတောင် တောင်ပိုင်းသို့ရောက်ရှိခဲ့သော ကျွန်ုပ်တို့၏ ခရီးစဉ်ကို ဘဝတစ်သက်တာ မမေ့ပျောက်နိုင်ခဲ့ပေ။

**ရုံးအဖွဲ့ပြန်လည်ဖွဲ့စည်းခြင်းနှင့်အကျိုးရလဒ်များ**

၁။ ကျွန်ုပ်တို့၏ဝန်းထဲတွင် Land Rover ကားများထားရန် ကားရုံ ဆောက်လုပ်ခဲ့သည်။

၂။ ဆေးဖျန်းကိရိယာများကို 'ပြုပြင်မရ'၊ 'ပြုပြင်ပြီး'၊ 'အသစ်'ဟူ၍ အကန့်များခွဲခြားကာ သပ်သပ်ရပ်ရပ် သိမ်းဆည်းထားသည်။

၃။ ဒေသအတွင်းရှိ ခရိုင်နှင့်မြို့နယ်အသီးသီးတို့၏ မြေပုံများကို သက်ဆိုင်ရာလူဦးရေ၊ သရက်ရွက်စစ်တမ်း အစရှိသော သက်ဆိုင်ရာစာရင်းဇယားများနှင့် တွဲဖက်၍ နံရံပေါ်တွင် ရေးဆွဲထားသည်။ DDT ဆေးဖျန်းသော အရပ်များကိုလည်း မြေပုံပေါ်၌ ဆေးဖျန်းသော ခုနှစ်များ မှတ်တမ်းတင်ထားသည်။

၄။ ထိုအချိန်၌ ဇရိယာအားလုံး ၃ နှစ်ဆက်တိုက် DDT ဆေးဖျန်းခြင်း လုပ်ဆောင်ပြီးစီးခဲ့သည်။ ဒေသအသီးသီးတွင်လည်း အထူးသဖြင့် ကောက်ရိတ်သိမ်းချိန်၌ ငှက်ဖျားရောဂါဖြစ်ပွားမှု သိသိသာသာ နည်းသွားကြောင်း ဒေသခံပြည်သူလူထု၏ သတင်းပေးပို့ချက်အရ သိရှိရပါသည်။

**Dr. ဦးလတ် မကွေးသို့ ထပ်မံရောက်ရှိခြင်း**

ကျွန်ုပ် မကွေးသို့ရောက်ရှိသော တတိယနှစ်တွင် ဒုတိယ ညွှန်ကြားရေးမှူး Dr. ဦးလတ်သည် ကျွန်ုပ်၏ဒေသအတွင်းရှိ လုပ်ငန်းများကို၊ စစ်ဆေးရန် မကွေးသို့ ဒုတိယမှိုရောက်ရှိလာခဲ့ပါ၏။ သူ ပထမအကြိမ်လာစဉ်က တွေ့ခဲ့ရသော ဖရိုဖရဲအခြေအနေမှ ယခုအခေါက်တွင် သေသေသပ်သပ် ဖွဲ့စည်းထားသည်ကို တွေ့ရသဖြင့် သိသိသာသာ ထူးခြားတိုးတက်သည်ကို အံ့ဩချီးကျူးသွားခဲ့ပါသည်။ သူ၏ဇနီးအပါအဝင် ဦးလတ်နှင့်အဖွဲ့သည် စလင်း



ဆရာတော်ထံသို့လည်း သွားရောက်ဖူးမျှော်ခဲ့ကြသည်။ စလင်းအသွား လမ်းခရီးတွင် Dr. ဦးလတ်က ကျွန်ုပ်ကို ငှက်ဖျားတိုက်ဖျက်ရေးတွင် ဆက်လုပ်ပါက လ/ထညွှန်ကြားရေးမှူးရာထူးတိုးပေးမည်ဟု ကတိပေးလျက် ကျွန်ုပ်ကို သွေးဆောင်စည်းရုံးသည်။ ထိုအခါ ကျွန်ုပ်လည်း သူနှင့် ပထမဆုံးအကြိမ်တွေ့စဉ်က ပြောခဲ့သော မိမိ၏စကားကို မမေ့မသွားဖို့ သတိပေးရသည်။ 'ကျွန်တော် ဒီဌာနမှာ ရှိတုန်း ဆရာတို့ စိတ်တိုင်းကျဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီးလုပ်မှာပါ၊ ကျွန်တော် ထွက်ချင်တဲ့အခါကျရင်တော့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုပါဆရာ' ဆရာ့အနေဖြင့် ကျွန်ုပ်၏လုပ်ရပ်ကို ကျေနပ်အားရကြောင်းသိရလျှင် ကျွန်ုပ်လည်း ငှက်ဖျားတိုက်ဖျက်ရေးမှ ပြောင်းရွှေ့ခွင့်ပြုရန် မေတ္တာရပ်ခံလိုက်လေ၏။

ဆရာကြီးသည် ကျွန်ုပ်အား သူတို့အဖွဲ့နှင့် တပါတည်း ရန်ကုန်သို့ ခေါ်သွားခဲ့ပါသည်။ လမ်းခရီးတစ်လျှောက်လုံး ကျွန်ုပ်အား ငှက်ဖျားတိုက်ဖျက်ရေးတွင် ဆက်၍လုပ်ရန် အကြိမ်ကြိမ် နားချပြောဆိုရာ ကျွန်ုပ်လည်း အကြိမ်ကြိမ်တောင်းပန်၍ ငြင်းဆန်ရသည်။ နောက်ဆုံးတွင် ကျွန်ုပ်အား ငှက်ဖျားတိုက်ဖျက်ရေးမှ ပြောင်းရွှေ့ခွင့်ပြုပါမည်ဟု အာမခံချက်ရရှိမှုမက ရန်ကုန်ရောက်သောအခါ ကျွန်ုပ်ကို နာမည်ကြီး တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာကျွေးမွေး ဧည့်ခံလိုက်ပါသေးသည်။

ဒုတိယညွှန်ကြားရေးမှူး(ငှက်ဖျား)သည် မကွေးဒေသအတွက် ကျွန်ုပ်နေရာကို အစားဖြည့်ရန် ဆရာဝန် (၃)ဦးတိတိ ပြောင်းရွှေ့မိန့် ထုတ်ပြန်ရသည်။ နောက်ဆုံးတွင် ကျွန်ုပ်၏နေရာကို တာဝန်လွှဲပြောင်းယူရန် Dr. Barua ရောက်ရှိလာခဲ့ပါ၏။ ဆရာကြီးသည် သူ ကတိပြုထားသည့်အတိုင်း ကျွန်ုပ်အား ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ပေးခဲ့ပါသည်။ ထိုနှစ်ကား ၁၉၅၆ ခုနှစ်ဖြစ်သောကြောင့် ကျွန်ုပ်သည် မကွေး ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တွင် စုစုပေါင်း သုံးနှစ်နှစ်လ လုပ်ကိုင်ခဲ့ရပါသတည်း။

**မကွေးဆေးရုံ၌အရေးပေါ်ခွဲစိတ်ရခြင်း**

တစ်ရက်သော ညသန်းခေါင်ခန့်တွင် ကျွန်ုပ်၏တပည့် ဖိုးစိန်သည် သူ၏အူကျ လိမ်ခေါက်သွားကာ Strangulated Hernia ဖြစ်ပြီး မနေနိုင် မထိုင်နိုင်အောင် ထအော်ရလေသည်။ ကျွန်ုပ်သည် ဖိုးစိန်ကို ပြည်သူ့ဆေးရုံသို့ ခေါ်သွားပြီး တာဝန်ကျသော Dr. Pal (LMP, SAS) နှင့်ဆေးမှူးတို့အား ပြသပေးပါသည်။ လူနာ၏အခြေအနေမှာ ရေနံချောင်းသို့လွှဲပြောင်းရန် မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြောင်း သူတို့ကို ရှင်းပြရပါသည်။ အတိုချုပ်ပြောရလျှင် တာဝန်ကျ ဆရာဝန်များ၏ ခွင့်ပြုချက်အရ ဖိုးစိန်၏ Right Strangulated Herniaကို ကျွန်ုပ်ကိုယ်တိုင် ခွဲစိတ်ကုသပေးခဲ့ရပါသည်။ ရရာခုတင်တစ်လုံးကို ခွဲစိတ်စားပွဲအဖြစ် ဖြစ်သလို အသုံးပြုခဲ့ရပြီး အောက်လင်းဓါတ်မီးဖြင့် ခွဲစိတ်ရခြင်း ဖြစ်ပါ၏။ ယခင်ကမူ မကွေးဆေးရုံတွင် ဤကဲ့သို့သော ခွဲစိတ်မှုများ မပြုလုပ်ခဲ့ဖူးကြောင်း သိရပါ၏။ ကျွန်ုပ်တွင် ခွဲခန်းသုံးလက်အိတ်များ၊ ထုံဆေးများနှင့် Catgut ကြိုးများ အဆင်သင့်ပါရှိသဖြင့် ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။ ခွဲစိတ်သောအခါ ဖိုးစိန်၏ညာဘက်ဝှေးစေ့မှာ အောက်မဆင်းဘဲ ဝမ်းဗိုက်ထဲတွင် တည်ရှိနေသည်ကို တွေ့ခဲ့ရပါ၏။

ချင်းပြည်နယ်တောင်ပိုင်းတစ်ခွင် ခရီးလှည့်လည်ပြီး မကွေးသို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် အရေးပိုင်ကြီး၏အကူအညီဖြင့် တစ်ထပ် အဆောက်အဦတစ်ခု ငှားရမ်းခွင့်ပြုရန် အထက်သို့ တင်ပြ တောင်းခံရသည်။ ယခုအခါ ကျွန်ုပ်တို့၏ ဒေသရုံးသည် ကြည့်ပျော် ရှုပျော်ဖြစ်လာပေပြီ။ ကျွန်ုပ်သည် ငှက်ဖျားလက်ထောက်(MA)၊ ငှက်ဖျားအင်စပက်တော်(MI)၊ ငှက်ဖျားကြီးကြပ်သူ၊ လ/ထကပ်ပါး ပိုးစစ်ဆေးသူတို့နှင့် ရုံးအဖွဲ့သားများကို သင့်လျော်သလို နေရာချထားပေးပြီး အခန်းတစ်ခန်းကို ကျွန်ုပ်၏ ရုံးခန်းပြုလုပ်ရပါသည်။

## ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တွင် လုပ်ကိုင်ခဲ့ခြင်းအပေါ် မိမိ၏သဘောထား

ငှက်ဖျားရောဂါသည် ကျွန်ုပ်တို့၏ဘိုးဘွားဘီဘင်များ လက်ထက်မှစ၍ နှစ်ပရိစ္ဆေဒများစွာ လူသားတို့အား နှိပ်စက်ကလူပြုလျက်ရှိသော ရောဂါတစ်ခုဖြစ်သည်။ သုတေသီများအနေဖြင့် ယင်းရောဂါ နှိမ်နင်းရေးကို ထိရောက်အောင်မြင်စွာ မလုပ်ဆောင်နိုင်ကြသေးသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပေ၏။

ငှက်ဖျားရောဂါနှိမ်နင်းရေးနှင့် စပ်လျဉ်းသော နည်းပညာများ ထွန်းကားလာခဲ့သော်လည်း ကီမိလဗေဒပညာရှင်များဘက်က ခြင်နှင့်ခြင်၏ ဇီဝဝန်းကျင်များကို လေ့လာစမ်းသပ်ကြရာ၌ တိုးတက်မှုရှိရန် လိုအပ်နေသေးသည်။

လူနေမှုပုံစံပြောင်းလဲခြင်း၊ ဇီဝဆက်နွယ်မှု ဖေါက်ပြန် ပြောင်းလဲခြင်း၊ ရေကာတာဆောက်လုပ်ခြင်း၊ ဆည်မြောင်းများဖေါက်ခြင်း စသည့် အကြောင်းများစွာတို့ကို မှီတည်နေခြင်းကြောင့် ငှက်ဖျားရောဂါမူကား ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေမှ တော်ရုံနှင့် ပျောက်ကွယ်သွားနိုင်ဦးမည် မဟုတ်ချေ။



ဆည်မြောင်းဖေါက်ခြင်း၊ ခရီးသွားလူဦးရေ တိုးတက်များပြားလာခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းတို့ကြောင့် ခြင်ကောင်ရေသိပ်သည်းမှု ပိုမိုလာမည်ဖြစ်သကဲ့သို့ ခြင်မျိုးနွယ်ဗီဇ အမျိုးမျိုးအထွေထွေ ပေါက်ပွားလာနိုင်သဖြင့် ခြင်နှိမ်နင်းရေးမှာ ပိုမိုခက်ခဲလာနိုင်ပါသည်။

ပြန်ပြောင်းသုံးသပ်ရလျှင် လူငယ်တစ်ယောက်သာဖြစ်သော ကျွန်ုပ်သည် ငှက်ဖျားတိုက်ဖျက်ရေးဌာနတွင် လုပ်ကိုင်စဉ် ခက်ခဲရှုပ်ထွေး သိမ်မွေ့လှသော အမှုထမ်းများကို ကိုင်တွယ်ဆက်ဆံခဲ့ရခြင်းမှာ မိမိ၏ဝန်ထမ်းဘဝ တစ်လျှောက် အခက်ခဲဆုံးကာလပင် ဖြစ်ဖွယ်ရှိပါ၏။ အကျင့်ပျက်ဝန်ထမ်းအချို့၏ အားနည်းချက်၊ ချွတ်ယွင်းချက်မျိုးစုံတို့ကြောင့် အတွေ့အကြုံနုနယ်သော ကျွန်ုပ်မှာ မကြာခဏ အကွက်ဆင်လှည့်ဖျားမှုများကို ခံခဲ့ရသေးသည်။ ရေရှည်တွင် ကျွန်ုပ်သည် ထုသားပေသားကျလာပြီး ဆိုးရွားသောထိုအတွေ့အကြုံများကြောင့် အနာဂတ်အတွက် အကျိုးရှိသော သင်ခန်းစာများကို ရရှိခဲ့ပါသည်။

လူအင်အားပြည့်စုံခြင်း မရှိသည့်အပြင် ပစ္စည်းကိရိယာများလည်း လုံလုံလောက်လောက် မရှိသေးသော အခြေအနေ အချိန်အခါ၌ ရည်ရွယ်ချက်ကြီးမားလှသော စီမံကိန်းသစ်ကြီးတစ်ရပ်ကို စတင် အကောင်အထည် ဖော်ခြင်း ဖြစ်ရကား အားရကျေနပ်လောက်သော အကျိုးရလဒ်များ မပေါ်ထွက်ခဲ့ပေ။ သို့စေကာမူ ကျွန်ုပ်အတွက်မူ ပညာရခဲ့သည်ဟု ဆိုနိုင်ပါ၏။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနအတွက်ကား ကျွန်ုပ်ကဲ့သို့ ခြံခုန်ပြီး အခြားလိုင်းသို့ ပြောင်းရွှေ့မည့်သူမျိုးကို မရွေးချယ်ဘဲ ဝါသနာအရင်းခံကာ လုပ်ငန်းထဲတွင် ဘဝတစ်ခုလုံးနှစ်မြှုပ်ပြီး တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထား တာဝန်ပေးသင့်သည်ဟု နားလည်သဘောပေါက် အကြံပြုအပ်ပါ၏။

အရေးကြီးဆုံးအချက်မှာ မကွေးဒေသ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနသို့ အလုပ်တာဝန်အရ ရောက်ရှိခဲ့ခြင်းသည် ကျွန်ုပ်၏ဇနီးလောင်းနှင့် ဆုံတွေ့ရန် ဖူးစာဖက်အကြောင်း ဖန်လာခြင်းဖြစ်ပေတော့သည်။ ကျွန်ုပ်သာ မကွေးသို့ တာဝန်မကျခဲ့လျှင်၊ တဖန် အုံးအနေနှင့်လည်း မကွေးကောလိပ်သို့ ပြောင်းရွှေ့ရသော အခွင့်အရေးကို မရယူခဲ့လျှင် ကျွန်ုပ်တို့နှစ်ဦး ဆုံဆည်းကြရန် မလွယ်ပေ။ ကျွန်ုပ်တို့၏ ဖူးစာရေးနတ်များဟု ဆိုရမည့် ကိုခင်မောင်ဖြူနှင့် မမနုတို့၏ ကျေးဇူးကိုလည်း ခြွင်းချန်၍မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ တာဝန်ကျခြင်း

ကျွန်ုပ်သည် မကွေးမှ ရန်ကုန်သို့ စိမ်ပြေနပြေ သင်္ဘောဖြင့် စုန်ဆင်းလာခဲ့စဉ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆိပ်ကမ်းမြို့အချို့တွင် သင်္ဘောရပ်နားခိုက် ဝင်ရောက်လည်ပတ်ရာ တစ်ပတ်ခန့်ကြာမှ ရန်ကုန်သို့ ရောက်ပါသည်။ ရန်ကုန်ဆေးရုံကြီးတွင် Dr. ဦးအေးမောင်ထံ ဦးစွာ သတင်းပို့ရသည်။ လ/ထဆေးရုံအုပ်(AMS I) မှာကား မန္တလေးဆေးရုံတွင် ရှိစဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သူ Dr. ထွန်းမင်းဖြစ်၏။

### ပါမောက္ခဦးဘသန်းနှင့် အဆောင် ၁၃-၁၄ တွင်တာဝန်ကျခြင်း

လ/ထဆေးရုံအုပ် Dr. ဦးထွန်းမင်းသည် ခွဲစိတ်ပညာကို စိတ်ဝင်စားပြီး လက်စွမ်း လက်စရှိသော မိမိ၏ အကြောင်းကို သိထားသူ ဖြစ်သဖြင့် ကျွန်ုပ်ကို ခွဲစိတ်ပညာပါမောက္ခ ဦးဘသန်း၏ လက်ထောက်အဖြစ် အဆောင် ၁၃-၁၄ ၌ ဝင်ရောက်လုပ်ကိုင်ရန် တိုက်တွန်းခဲ့ပါသည်။ ထိုစဉ်က ဆရာကြီးသည် တက္ကသိုလ်များကို သွားရောက် လေ့လာရန် အမေရိကန်ပြည်ထောင်စု၌ ရောက်ရှိနေသည်။ စကားပြောလျှင် ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်ပြီး လူဖြောင့်စိတ်တို ဖြစ်သော ဆရာကြီးအား လူတိုင်းက ကြောက်လန့်ကြပါ၏။

ပါမောက္ခဦးဘသန်း၏သား Dr. ကျော်သန်းသည် အမေရိကန် ပြည်ထောင်စုတွင် ဆီးလမ်းကြောင်း ခွဲစိတ်ပညာနှင့်စပ်လျဉ်း၍ လက်တွေ့သင်တန်းဆင်းပြီး ပြန်ရောက်ခါစ အချိန်ဖြစ်၏။ ကျွန်ုပ်သည် ဆရာကြီး၏ လက်ထောက်



အဖြစ် ကာလရှည်ကြာစွာ လုပ်ကိုင်ခဲ့သော Dr. မောင်မောင်လေး၏နေရာ၌ ဝင်ရောက်လုပ်ကိုင် ရမည်ဖြစ်ပါသည်။ ဆရာကြီးများသည် နယ်မှဝင်လာသော ဆရာဝန်များကို တစ်ဖက်စောင်းနင်း အထင်အမြင်သေးကြလေ့ ရှိသောကြောင့် ကျွန်ုပ်အနေဖြင့် သူတို့နှင့် လက်တွဲလုပ်ကိုင်ရသောအခါ အထူးပင် သတိဝီရိယကြီးစွာထား၍ အမှားမရှိအောင် လုပ်ကိုင်ဖို့လိုပေလိမ့်မည်။ Dr. ဦးကျော်သန်းနှင့် အနီးကပ် နေထိုင် လုပ်ကိုင်ကြရာ တစ်ဦး၏စိတ်ရင်းကို တစ်ဦး နားလည်သဘောပေါက်လာကြရုံမျှမက ဆရာ ဦးကျော်သန်းကလည်း မိမိ ခွဲစိတ်ဘာသာရပ်ကို စိတ်အားထက်သန်မှုရှိကြောင်း ကောင်းစွာ ရိပ်စားသိရှိလာခဲ့ပါသည်။

ကျွန်ုပ်ကို အဆောင် ၁၃-၁၄ ၌ လုပ်ကိုင်ခွင့်ရရှိရန် အထောက်အကူပြုသော အခြားအကြောင်းတစ်ခုမှာ ဆရာဦးကျော်သန်းသည် ကျွန်ုပ်၏အစ်ကိုကိုဖေသက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့မိသားစုများကို သိကျွမ်းနေသောကြောင့်လည်း ဖြစ်နိုင်ဖွယ်ရှိပါသည်။ အစ်ကိုဖြစ်သူကလည်း သူ့အား ကြိုတင်နားသွင်းထားကောင်းထားပေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်သည် လူနာဆောင်များ၌ နေ့နေ့ညည မခိုမကပ် အလုပ်ကြိုးစားသည့်အကြောင်းကိုလည်း ဆရာကြီးက ကောင်းစွာ သိပေလိမ့်မည်။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် ပြဿနာ တစ်စုံတရာမရှိဘဲ အဆင်ပြေစွာ လက်တွဲလုပ်ကိုင်ကြစဉ် ဆရာက ကျွန်ုပ်ကို ဆီးရောဂါခွဲစိတ်ပညာ၏ အခြေခံ နည်းစနစ်များအား သင်ပြပေးခဲ့ပါ၏။ ဆရာသည် ကျွန်ုပ်ကို ခွဲစိတ်ခန်း၌ ရှားပါးပစ္စည်းများဖြစ်သော ဆီးရောဂါခွဲစိတ်ကိရိယာများအား ထိန်းသိမ်းရန် တာဝန်ပေးအပ်သည့်အပြင် သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို စိတ်ရှည်လက်ရှည် ပြောဆို သင်ကြားပေးခဲ့ပါ၏။

### ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်မှုလက်တွေ့သင်ယူရခြင်း

Brown Buerger Cystoscope ဟုခေါ်သော ဆီးအိမ်ကြည့် မှန်ပြောင်း၏ထိပ်တွင် မီးသီးတပ်ပြီး ဆီးအိမ်၏အတွင်းသားနံရံများ၊ ဆီးပြွန်ပေါက်များကို ရှာဖွေကြည့်ရှုစစ်ဆေးရသည်မှာ အလေ့အကျင့် မရှိသေးသော မိမိအဖို့ခက်ခဲပင်ပန်းလှပါ၏။ Fibre optic Instrument (မီးလုံးတပ် မှန်ပြောင်းပိုက်ပျော့)များ ပေါ်ပေါက်လာသောအခါ ကိုင်တွယ်ရသည်မှာ များစွာ လွယ်ကူသည့်အပြင် တွေ့ရသောမြင်ကွင်းမှာလည်း အဆပေါင်းများစွာ ကြည်လင်ပြတ်သားလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးကျော်သန်းသည် စိတ်တိုတတ်ပြီး သူစိတ်တိုင်းမကျသူများနှင့်ဆိုလျှင် ပေါင်းသင်းဖို့ ခက်ခဲသည်။ ဆရာသည် ကျွန်ုပ်ကိုမူ ခင်ခင်မင်မင် ရှိရုံမျှမက ကျွန်ုပ်ဆုံးဖြတ်သမျှကိုလည်း လေးလေးစားစား လက်ခံလေ့ရှိ၏။ ထိုခေတ်ထိုအခါက မည်သူမျှ မကြားဖူးကြသေးသော TURP ကို စတင်လုပ်ကိုင်ခဲ့သူဖြစ်၏။ TURP လုပ်စဉ် သွေးထွက်လျှင် Cautery လုပ်ရသည်မှာ ခဲရာခဲဆစ်လုပ်ရ၏။ မျက်မှောက်ခေတ်တွင် မှန်ပြောင်းပိုက်ပျော့ကို အသုံးပြုပြီး TV Monitor တွင်ကြည့်ကာ TURP ကို ပိုမို၍လွယ်ကူစွာ ပြုလုပ်နိုင်ကြပြီဖြစ်ပါသည်။

## ဆရာကြီးဦးဘသန်းနှင့်တွေ့ဆုံခြင်း

အဆောင် ၁၃-၁၄ သို့ရောက်ရှိပြီး ၂ လခန့်အကြာတွင် Dr. ကျော်သန်းက နောက်တစ်နေ့ သူ၏ဖခင် ဆရာကြီးဦးဘသန်းအား လေဆိပ်သို့ သွားကြိုမည်ဖြစ်၍ လိုက်ခဲ့ရန် ကျွန်ုပ်ကို ခေါ်ပါသည်။ ဆရာကြီး လေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် သူ၏သမီး ဒေါ်ခင်မေသန်းနှင့် သားဖြစ်သူ ဒေါက်တာ ကျော်သန်းတို့သည် ကလေးများကိုခေါ်ပြီး အရင်ဆုံးသွားရောက်တွေ့ဆုံ နှုတ်ဆက်ကြသည်။ ကျွန်ုပ်သည် မိသားစုများ ဝမ်းသာအယ်လဲ တွေ့ဆုံနေကြသည်ကို ခပ်လှမ်းလှမ်းမှ ကြည့်ကာ ပီတိဖြစ်နေမိပါသည်။ ထို့နောက် Dr. ကျော်သန်းသည် ကျွန်ုပ်ကို ဆရာကြီးထံခေါ်သွားပြီး 'ဒယ်ဒီ သူက ဒယ်ဒီ့ဆီမှာ အသစ်ရောက်နေတဲ့ ပထမ လ/ထ ဆရာဝန် Dr. စိုးမြင့်ပါ'ဟု မိတ်ဆက်ပေးပါသည်။ ဆရာကြီးက ခေါင်းညိမ့်၍ အသိအမှတ် ပြုပြီးနောက် အားလုံး အိမ်ပြန်သွားကြပါသည်။ Dr. ကျော်သန်းကမူ အစစအဆင်ပြေလိမ့်မည် ဟု မိမိကိုပြောပြပါ၏။

ကျွန်ုပ်သည် ဆရာကြီးဦးဘသန်းလက်အောက်တွင် အထူး လုံ့လဝီရိယစိုက်၍ အပင်ပန်းခံ အလုပ်လုပ်ခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်သည် လ/ထဆရာဝန်များအဆောင်တွင် နေထိုင်ခွင့်ရရာ ကျွန်ုပ်နှင့်အတူ အစ်မဖြစ်သူ ဒေါ်မေကြွေ၊ သူ၏ခင်ပွန်း ကိုညွန့်လှိုင်နှင့် သူတို့၏သားလေး အတူးတို့လာ၍ နေကြပါ၏။ တစ်နေ့တွင် အလုပ်ပြီးလျှင် ပင်ပန်းနွမ်းနယ်ပြီး ဧည့်ခန်းကုလားထိုင်ပေါ်၌ အိပ်ပျော်သွားလေ့ရှိသော ကျွန်ုပ်အား အစ်မကြီးက မကြာခဏပင် နှိုးပြီး အိပ်ရာထဲသွားအိပ်ရန် ပြောရပါ၏။



## အဆောင် ၁၃-၁၄ တွင် ကျွန်ုပ်၏တာဝန်ဝတ္တရားများ

ပထမ လ/ထဆရာဝန်ဖြစ်သော ကျွန်ုပ်သည် အဆောင် ၁၃-၁၄ ၌ အသစ်တင်လိုက်သော ယောကျ်ားလူနာများ၊ အဆောင် ၁၁-၁၂ ရှိ မိန်းမလူနာများ၊ အချုပ်ခန်းရှိ အကျဉ်းသားလူနာများ၊ သီးသန့်ခန်းတွင် ထားသော မေးခိုင်ရောဂါလူနာနှင့် ပိုးမွှားဝင်သော လူနာများ၊ တိုးချဲ့ဆောင်ရှိ နာတာရှည်လူနာများနှင့် ပိုက်ဆံခန်းတွင်တက်သော လူနာများ၊ ကလေးဆောင်ရှိ ခွဲစိတ်ရောဂါနှင့် ပတ်သက်သော ကလေးလူနာများကို တာဝန်ယူ ကြည့်ရှုရသည်။ သီတင်းတစ်ပတ်လျှင် ခွဲစိတ်ခန်းဝင်သောနေ့ ၃ ရက်၊ ဆေးရုံတင်သောနေ့ ၃ ရက် ရှိ၏၊ ၃ ပတ်တစ်ကြိမ် အလှည့်ကျသော ဆေးရုံတင်ရသည့် တနင်္ဂနွေနေ့များတွင် လူနာများသောကြောင့် အလွန် အလုပ်ရှုပ်လေ့ရှိပါသည်။

ခွဲစိတ်ခန်းမဝင်ရသော မိမိနှင့်သက်ဆိုင်သည့် ဆေးရုံတင်ထားသော လူနာသစ်များ၊ ခွဲစိတ်ပြီးလူနာများ၊ အသည်းအသန်လူနာများ အားလုံးကို မကြွင်းမကျန်ရအောင် လှည့်လည်ကြည့်ရှုစစ်ဆေးရပါသည်။ ခွဲစိတ်ရန် ဆေးရုံတက်လာသော လူနာတို့၏ရောဂါဖြစ်စဉ် မှတ်တမ်းများရေးသား၍ လိုအပ်သော ဆီး၊ သွေး၊ ဓါတ်မှန် စသည့် စစ်ဆေးမှုများပြုလုပ်ခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်း စသည်တို့ကို အဆင်သင့် ပြည့်စုံစွာ ဆောင်ရွက်ထားရပါသည်။

ခွဲစိတ်ခန်းဝင်သောနေ့မတိုင်မီ တစ်ရက် ကြိုတင်၍ ခွဲစိတ်ရန် သင့်လျော်မည့် လူနာများကို ရွေးချယ်ပြင်ဆင်ကာ စာရင်းပြုစု၍ ခွဲစိတ်ခန်းသို့ အကြောင်းကြားရသည်၊ ကျွန်ုပ်သည် ဆရာကြီးဦးဘသန်းအတွက် အထွေထွေခွဲစိတ်ရောဂါ လူနာများကိုလည်းကောင်း၊ Dr. ဦးကျော်သန်းအတွက် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ဝေဒနာရှင်များကိုလည်းကောင်း၊ Dr. ဦးအောင်သန်းအတွက် ပါးစောင်၊ မေးရိုးနှင့် မျက်နှာခွဲစိတ်ရမည့် လူနာများကိုလည်းကောင်း၊ စီစစ်ကာ အသီးသီး အသက ခွဲဝေစီစဉ်ပေးရ၏။ ကျွန်ုပ်ကား (၃)ပါးသော အာစရိများ၏ တစ်ယောက်တည်းသော တပည့်သာဝက ဖြစ်ခဲ့ရပါသတည်း။

## ခွဲစိတ်ပညာနည်းပြ

ကျွန်ုပ်နှင့် အခြားပထမလက်ထောက်ဆရာဝန် ၂ ဦးကို ရန်ကုန်တက္ကသိုလ်က ခွဲစိတ်ပညာနည်းပြများအဖြစ် ခန့်ထားလိုက်သည်။ ထိုစဉ်က ကောလိပ်သည် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံဖြစ်၏။ ခွဲစိတ်ပညာနည်းပြဖြစ်သောအခါ ဆေးရုံလုပ်ငန်းများအပြင် ဆေးကျောင်းမှ နောက်ဆုံးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများကို ခွဲစိတ်ပညာ လက်တွေ့ဘာသာရပ်ကိုလည်းကောင်း၊ တတိယနှစ်ဆေးကျောင်းသားများကို ဆေးထည့်နည်း၊ ပတ်တီးစည်းနည်း စသည်တို့ကိုလည်းကောင်း သင်ကြားပြသပေးရပါသည်။

## အလုပ်သင်ဆရာဝန်များကို သင်တန်းပေးခြင်း

ကျွန်ုပ်သည် အဆောင် ၁၃-၁၄ တွင် တာဝန်ကျသော အလုပ်သင်ဆရာဝန်များ လက်တွေ့သင်တန်း ဆင်းရန်အတွက် အလှည့်ကျ တာဝန်ကျဇယား ရေးဆွဲရသည်။ ကျွန်ုပ်သည် ညဘက်တွင် တာဝန်ကျသူများ မိမိ၏သက်ဆိုင်ရာအလုပ်ဌာနတွင် ရှိမရှိ စစ်ဆေးရသည်။ ပျက်ကွက်သူတွေ့ရှိလျှင် နောက်နေ့မနက်တွင် ထိုသူအား ခေါ်တွေ့ပြီးနောက် နောက်နောင် ဤကဲ့သို့ မပြုလုပ်ရန် ဖျောင်းဖျပြောဆို၍ ဆုံးမရသည်။ ခြုံကြည့်လျှင် ထိုစဉ်က အလုပ်သင်ဆရာဝန်အားလုံးမှာ ပြောလွယ်ဆိုလွယ်၍ ပညာလိုလားသူများဖြစ်ကြောင်း တွေ့ခဲ့ရပါသည်။ Dr. စံထွန်းအောင်(နောင်တွင် ခါတ်ရောင်ခြည်ပါရဂူ)၊ Dr. သောင်းမြင့် (နောင်သော်မှုခင်းဆရာဝန်ကြီး)တို့မှာ ကျွန်ုပ်နှင့်တွဲခဲ့ဖူးသော အလုပ်သင်ဆရာဝန်များဖြစ်ခဲ့ကြ ပါ၏။ Dr. Peter Randle က Dr. နန်ဒီ၏ လက်ထောက်ဖြစ်၍ Dr. သိန်းညွန့်က Dr. ဦးကြည်ပေါ်၏ လက်ထောက်ဖြစ်ပါသည်။

## ဆရာကြီးဦးဘသန်း၏လက်အောက်တွင် နေထိုင်လုပ်ကိုင်ခဲ့ရသောကာလ

အဆောင် ၁၃-၁၄ တွင် ကျွန်ုပ် တာဝန်ကျခဲ့ခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းသကဲ့သို့ ကျွန်ုပ်၏ ဘဝရည်မှန်းချက်နှင့် စပ်လျဉ်း၍ နိုးကြား တက်ကြွအောင် လှုံ့ဆော်မှုပေးခဲ့ပါသည်။ ကျွန်ုပ်တို့ကျောင်းသားဘဝတွင် လက်လှမ်းမမီသော စံပြပုဂ္ဂိုလ်ကြီးနှင့် ကျွန်ုပ်၏ဘဝ၌ ပထမဆုံးအကြိမ်အဖြစ် နီးနီးကပ်ကပ် နေထိုင်ခွင့်၊ အတူတကွ လုပ်ကိုင်ခွင့်ရရှိပေပြီ။ မိမိအနေဖြင့် ထိုအခွင့်အရေးရရှိခြင်းကို အထူးပင် ကြေနပ်အားရ ဝမ်းမြောက် ဂုဏ်ယူမဆုံး ဖြစ်ခဲ့မိပါသည်။ ဆရာကြီး၏အမည်မှာ ကျွန်ုပ် ဆေးကျောင်းသို့မရောက်မီကပင် လူပြောများ၍ အကျွမ်းတဝင်နားယဉ်နေခဲ့ပါသည်။ ဆရာဝန်ဖြစ်ပြီးမှသာ ဂုဏ်ထူးဝိသေသကြီးမားလှသော ခွဲစိတ် ဆရာဝန်ကြီးအဖြစ် မိဌမမွ တွေ့ကြုံ သိရှိလာခဲ့ခြင်းဖြစ်ပါ၏။ Dr. ဦးဘသန်း ဟုဆိုလျှင် မြန်မာနိုင်ငံ၏ ပထမဆုံး ခွဲစိတ်ဆရာဝန်ကြီးဟူ၍လည်းကောင်း၊ သူ မတူအောင်ထူးချွန်သော ဆရာတစ်ဦး



အဖြစ်လည်းကောင်း၊ လျှမ်းလျှမ်းတောက် ကျော်ကြားလှသဖြင့် ကျွန်ုပ်မှာ လူငယ်ဘာဝ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့နေခဲ့မိပါသည်။ ဆရာကြီး၏ လက်အောက်၌ လုပ်ကိုင်ရသောအခါတွင် ဆရာကြီး၏စည်းစနစ်ကြီးပုံနှင့် လက်ခံသဘောတူနိုင်ခြင်းမရှိသော အကြောင်းကိစ္စများကို ရဲဝံ့ပြတ်သားစွာ ရင်ဆိုင်တုံ့ပြန်လေ့ရှိပုံများကို ကိုယ်တိုင်ကိုယ်ကျ သိနားလည်လာခဲ့ပါတော့သည်။

## ဆရာကြီးဦးဘသန်း၏ဝါသနာများ

ကျွန်ုပ်၏ဆရာကြီး ပါမောက္ခ Dr. ဦးဘသန်းသည် ထိုစဉ်က အသက် ၆၀ ကျော်ကျော်ခန့်ရှိပြီ။ 'လူဖြစ်တာ အနှစ် ၂၀လောက် စောသွားတယ်ကွာ' ဟူ၍ မကြာခဏ အော်ဟစ်ပြီး ညည်းတွားလေ့ရှိသည်။ မျက်မှောက်ခေတ်တွင် အရှိန်အဟုန်ဖြင့် ထွန်းကားပေါ်ပေါက်လျက်ရှိသော ဆေးပညာတိုးတက်မှုများကို သိရှိသော်လည်း သူ၏အသက်အရွယ်အရ အချို့သောကဏ္ဍများတွင် တက်ကြွစွာ မလုပ်ဆောင်နိုင်တော့သဖြင့် စိတ်မကောင်းဖြစ်ဟန် တူပါသည်။ သို့သော် ဆရာကြီးသည် သူ၏အသိပညာ၊ အတတ်ပညာတို့ကို လူငယ်ဆရာဝန်များအား စိတ်အားထက်သန်စွာ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင်၊ တပည့်များနိုးကြားတက်ကြွစေဖို့ အမြဲလှုံ့ဆော်ပေးလေ့ရှိ၏။ လူငယ်လူရွယ်များ ဘဝတိုက်ပွဲ ရင်ဆိုင်ရာ၌ ကြံ့ကြံ့ခိုင်သော ဇွဲသတ္တိ ထားရှိကြစေရန် 'ဇွဲ'ဟူသော ဆောင်ပုဒ်ကို သူ၏ရုံးခန်းတွင် ရေးသားချိတ်ဆွဲထားပြီး 'ဇွဲ'သီချင်းကိုလည်း မကြာခဏ သီဆိုပြလေ့ရှိသည်။

တူရိယာဂီတသည် ပါမောက္ခဦးဘသန်း တစိုက်မတ်မတ် နှစ်သက်စွာ လိုက်စားသော ဝါသနာများစွာအနက် တစ်ခုဖြစ်ချေ၏။ ငယ်စဉ်က တယောထိုးခြင်းကို ခုံမင်မွေ့လျော်ခဲ့ပြီး နောက်ပိုင်း အသက်အရွယ်ကြီးလာသောအခါ မြန်မာ့ရိုးရာတူရိယာဖြစ်သော ပတ္တလားကို ပြောင်းလဲ လိုက်စားခဲ့ပြန်သည်။ အခမ်းအနားများတွင် အဆိုတော်များနှင့် တွဲဖက်ကာ ဆရာကြီးကိုယ်တိုင် ပတ္တလားတီး၍ဖျော်ဖြေခဲ့ပုံများကို ကျွန်ုပ်တို့ မကြာခဏ တွေ့မြင် နားဆင်ခဲ့ရပါသည်။

## လူနာဆောင်လှည့်လည်စဉ် သင်ကြားပို့ချခြင်း

ဆရာကြီးသည် မနက် ၉ နာရီခန့်တွင် ဆေးရုံသို့ရောက်၍ လူနာအားလုံးကို လှည့်လည်စစ်ဆေးကြည့်ရှုပါသည်။ လူနာဆောင်ထဲတွင် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်စဉ် ကျောင်းသားများရှိသောအချိန်နှင့် ကြုံကြိုက်ပါက စိတ်ဝင်စားဖွယ်ကောင်းသော ခေါင်းစဉ်အချို့ကို ရွေးနှုတ် သင်ပြပေးလေ့ရှိသည်။ ဆရာကြီးသည် ရံဖန်ရံခါ၌ ကျောင်းသားများကို ဆေးပညာနှင့်ပတ်သက်သော အကြောင်းအရာကိုသာမက အနုပညာ၊ ဂီတ၊ ရာဇဝင်သမိုင်း စသော ဗဟုသုတဖြစ်ဖွယ်ကဏ္ဍများကိုလည်း စူးစမ်းမေးမြန်းလေ့ရှိသည်။ ဆရာကြီးသည် အလွန်စာဖတ်နာသူတစ်ယောက်ဖြစ်ကြောင်း ရဲရဲကြီးပြောနိုင်ပါသည်။ ပြဿနာ ဖြေရှင်းရန်ခက်ခဲသော လူနာများကို တွေ့ကြုံလျှင် ပြဿနာဖြေရှင်းပုံ နည်းလမ်းကို ဦးစားပေး သင်ကြားပေးတတ်ပါသည်။

## မဖြစ်နိုင်သည်ကို မမျှော်လင့်ပါနှင့်

အစာအိမ်ကင်ဆာ ဖြစ်နေသော လူနာတစ်ယောက်ကို ဆရာကြီးက ခွဲစိတ်၍ အစာအိမ်တစ်ခုလုံး ခွဲထုတ်ပစ်လိုက်သည်။ ခွဲစိတ်ပြီး ရက်အနည်းငယ်ကြာသောအခါ လူနာ၏ အခြေအနေမှာ တစ်စတစ်စ ပိုဆိုးလာခဲ့သည်။ ကင်ဆာရောဂါ ပျံ့နှံ့မှုကြောင့်လည်းကောင်း၊ လူနာ၏ကိုယ်ခံအားကလည်း အလွန်အမင်း အားနည်းနေသောကြောင့်လည်းကောင်း၊ ခွဲစိတ်သောအနာက ကောင်းစွာမကျက်နိုင်ဘဲ ချုပ်ရိုးအတိုင်း ပွင့်ထွက်သွားလေသည်။ ကျွန်ုပ်သည် လူနာအတွက် စိုးရိမ်စိတ်လွန်ကဲကာ ဆရာကြီးအနေဖြင့် တစ်ခုခု လုပ်ပေးနိုင်လိုပေးနိုင်ငြား ဆရာကြီးထံသို့ ညတွင်းချင်း စာရေးအကြောင်းကြားလိုက် လေသည်။ မိမိကို ဆရာကြီးက ပြန်လည်ရေးသားလိုက်သော စကားမှာ ပြတ်သား၍ လက်တွေ့ကျလှပေ၏။ 'မောင်စိုးမြင့် လူဆိုတာ ကံစီမံရာ ခံကြရစမြဲပဲ၊ ဒီလူနာအတွက် တို့တစ်တွေ တတ်နိုင်သ၍ အကောင်းဆုံးလုပ်ပေးထားကြပြီပဲ။ ဒီထက် လုပ်ပေးစရာ မကျန်တော့ပါဘူးကွယ်'

## ကိုယ်လုပ်စရာရှိတာလုပ်

တစ်ကြိမ်တွင်မူ အစိုးရအထည်အလိပ်စက်ရုံမှ မန်နေဂျာတစ်ဦးသည် စက်ထဲတွင် လက်ညပ်ပြီး လက်ဖျံတစ်ခုလုံး ကျိုးကြေ၍ ဆေးရုံသို့ ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်လည်း ၎င်း၏ဒဏ်ရာကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးပြီးနောက် လက်ဖျံတစ်ခုလုံးကို ဖြတ် (Amputate) ပစ်ရန်မှတပါး အခြားနည်းလမ်း မရှိပြီဟု ယူဆသည်။ ထို့ကြောင့် လူနာအား မေ့ဖီယား တစ်လုံးထိုးပြီး သွေးယိုထွက်ထားသည်တို့ကို ကာမိစေရန် သွေးသွင်း၍ သွေးပေါင်ချိန်များ



တက်လာအောင် ပြုစုကုသပေးရပါသည်။ လူနာ၏ သွေးခုန်နှုန်း အားကောင်းပြီး သွေးပေါင်ချိန်တက်လာလျှင် လက်ဖျံကိုဖြတ်ရန် အစီအစဉ်ပြုထားလျက် ခွဲစိတ်ခန်းကိုလည်း အသင့်ပြင်ထားရန် တပ်လှန့်ထားလိုက်ပါသည်။

ထိုစဉ် လူနာ၏ဆွေမျိုးများက ကျွန်ုပ်သည် လုပ်သင့်သည်ကို မြန်မြန်ဆန်ဆန်မလုပ်ဘဲ အချိန်ဆွဲနေသည်ဟု အထင်မှား၍ ဆရာကြီးထံ သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်း တင်ပြကြလေသည်။ ဆရာကြီးသည် လူနာရှင်များရှေ့မှာပင် ကျွန်ုပ်ထံသို့ ချက်ချင်းဖုန်းဆက်၍ လူနာ၏အခြေအနေကို မေးမြန်းပါသည်။ ကျွန်ုပ်လည်း လူနာ၏ဒဏ်ရာအခြေအနေနှင့် သွေးခုန်နှုန်း၊ သွေးပေါင်ချိန်စသည့် အထွေထွေကြံ့ခိုင်မှုအခြေအနေများကို ပြည့်ပြည့်စုံစုံ ပြောပြပြီးနောက် မည်သည့် ဆေးများပေးထားကြောင်း၊ သွေးသွင်းလျက်ရှိကြောင်းနှင့် အခြေအနေကောင်းလျှင်ကောင်းချင်း ခွဲစိတ်မှုစတင်ရန်အသင့်ပြင်ထားကြောင်း ပြည့်စုံစွာ ပြောပြရပါသည်။ ထိုအခါ ဆရာကြီးသည် တယ်လီဖုန်းကို မချသေးဘဲ လူနာရှင်များဘက်သို့လှည့်၍ အော်ဟစ်ဆူပူနေသည်ကို တယ်လီဖုန်းမှ တစ်ဆင့် ကျွန်ုပ် အတိုင်းသား ကြားနေရပါတော့၏။ 'ကျုပ်တပည့်က လုပ်သင့် လုပ်ထိုက်တာတွေ လုပ်ထားတာပဲ ခင်ဗျားတို့က ဘာမှလည်း နားလည်တာ မဟုတ်ဘဲနဲ့၊ ကိုင်၊ ပြန်ကြ ပြန်ကြ' ဆရာကြီးသည် လူနာကိုသာ ကြည့်ရှု စစ်ဆေး၍ ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်အား ဝေဖန်ပြောဆိုခဲ့ခြင်း မရှိပါ။

## ဉာဏ်ပညာကြီးသကဲ့သို့ သဘောထားလည်း ကြီးသူဖြစ်ခြင်း

တစ်နေ့တွင် ဆရာကြီးသည် သူကြည့်ထားသော ရင်ခေါင်း၌ အလုံးတစ်လုံးရှိသည့် တရုတ်လူနာတစ်ယောက်ကို ဆေးရုံသို့ စေလွှတ်လိုက်သည်။ ကျွန်ုပ်သည် ထိုလူနာအား ရောဂါရာဇဝင် မေးမြန်းပြီးနောက် သေသေချာချာ ကြည့်ပါသည်။ လူနာက ဘိန်းစွဲနေသူဖြစ်ပြီး ဘိန်းကြောင့် နှစ်ကာလများစွာကတည်းက အမြဲတန်း ဝမ်းချုပ်ကြောင်း ပြောပြပါသည်။ ကျွန်ုပ်၏ အယူအဆအရ ဝမ်းတွင်းမှ မာကြောသောအလုံးဟု ထင်ရသောအရာသည် အခြားမဟုတ်၊ မျှဉ်းတုံးကြီးသာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုလူနာအား ဝမ်းချုပြီး အူမကြီးသန့်စင်အောင် ပြုလုပ်ပေးလိုက်ရာ ထိုအလုံးသည် ယူပစ်သကဲ့သို့ ပျောက်သွားလေတော့၏။ အလုံးပျောက်ကင်းသွား၍ ကျွန်ုပ်ကမူ ထိုလူနာ၏ အကြောင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ခန်းဝင်ရသောနေ့ရောက်လျှင် ဆရာကြီးက ကျွန်ုပ်အား သူ လွှတ်လိုက်သော အူမကြီးကင်ဆာနှင့် လူနာကို ကြည့်ရှုပြီးပြီလားဟု မေးပါလေတော့သည်။ ကျွန်ုပ်လည်း ထိုအခါကျမှ အဆိုပါ တရုတ်အမျိုးသားလူနာ အကြောင်းကို သတိရလာပြီး ထိုလူနာမှာ ဘိန်းစွဲ၍ ဝမ်းအမြဲချုပ်တတ်ကြောင်း၊ ထို့ကြောင့် စမျဉ်းတုံးဖြစ်မည်ဟု သံသယဖြစ်၍ ဝမ်းချုပေးလိုက်ရာ ထိုအလုံးကြီး ပျောက်သွားကြောင်း ဆရာကြီးကို ပြောပြပါသည်။ ဆရာကြီးက စိတ်ဆိုးပြီး 'မဖြစ်နိုင်ဘူးကွာ၊ အခုလူနာကို ခွဲခန်းထဲခေါ်ခဲ့စမ်း' ဟု အမိန့်ပေးပါသည်။ ထရော်လီနှင့်သယ်လာ၍ ခွဲစိတ်ခန်းထဲသို့ လူနာရောက်သောအခါ ဆရာကြီးသည် ထိုလူနာ၏ ဝမ်းဗိုက်ကို အပြန်ပြန်အလှန်လှန် စမ်းသပ်စစ်ဆေးပါသည်။ နောက်ဆုံး၌ အလုံးကို မည်သို့မျှ ရှာဖွေစမ်းသပ်၍ မတွေ့ရှိရတော့သဖြင့် လူနာကို အဆောင်သို့ ပြန်လွှတ်ပေးလိုက်မှသာ ကျွန်ုပ်မှာ သက်ပြင်းချနိုင်ပါတော့၏။ ဆရာကြီး စမ်းသပ်ကြည့်၍ အလုံးတွေ့ခဲ့လျှင် ဆူပူကြိမ်း မောင်းခံရမည်မှာ ကြိမ်းသေပေါက်ဖြစ်ပါ၏။

ဆရာကြီးဦးဘသန်းသည် သူ၏လူနာများကို ဆေးရုံတင်လိုလျှင် ကျွန်ုပ်ထံသို့ စာရေးပြီး လွှတ်လေ့ရှိသည်။ ကျွန်ုပ်ကို သူ၏လက်ထောက်အဖြစ် အကြွင်းမဲ့ ယုံကြည်ထားသည့်အားလျော်စွာ 'ဘာလုပ်ပေး၊ ညာလုပ်ပေး' စသည့် ညွှန်ကြားချက်များ ရှည်ရှည်ဝေးဝေးမှာကြားလေ့မရှိဘဲ ဆောင်ရွက်ဖွယ်မှန်သမျှ ကျွန်ုပ်၏လက်သို့ ဝကွက်၍ အပ်လေ့ရှိသည်။ ခွဲစိတ်ခန်းဝင်သော နေ့များတွင် ဆရာကြီးသည် ဆေးကျောင်းသားများနှင့် လူငယ်ဆရာဝန်များကို သရုပ်ပြရန်နှင့် သင်ကြားရန် သင့်လျော်သော လူနာများကိုသာ ရွေးချယ်၍ ခွဲစိတ်လေ့ရှိ၏။ ဥပမာ အစာအိမ် ခွဲစိတ်ခြင်း၊ လည်ပင်းကြီးနှင့် ရင်သားကင်ဆာတို့ ခွဲစိတ်ခြင်း၊ အူကျရောဂါခွဲစိတ်ခြင်း၊ အစရှိသည်တို့ပါဝင်၏။ ထိုသို့ စံနမူနာပြ ခွဲစိတ်သောအခါများတွင် ဆရာကြီး၏နည်းနိဿယျများမှာ အံ့သြ ချီးမွမ်းဖွယ် ကောင်းအောင် သေသပ်လှပေ၏။ ဆရာကြီး၏ ခွဲဟန် စိတ်ဟန်များကို လေ့လာ ဆည်းပူးခွင့် ရခဲ့ခြင်းသည် ကျွန်ုပ်အား ခွဲစိတ်မှုနိုင်နင်းသော OG တစ်ယောက်ဖြစ်အောင် များစွာအထောက်အကူ ပေးခဲ့ပါသည်။



## သုတေသနပြုရန် စိတ်အားထက်သန်ခြင်း

တစ်နေ့သောအခါ ဆရာကြီးဦးဘသန်းသည် သံဃာဆောင်တွင် လှည့်လည်၍ လူနာများကြည့်ရှုနေစဉ် ဘုန်းကြီးရဟန်းများမှာ ညစာမစားရသောကြောင့် သူတို့၏အစာအိမ်မှ Gastric Secretion များထုတ်လုပ်ပုံမှာ ကျွန်ုပ်တို့ လူသာမန်များနှင့်မတူဘဲ ကွဲပြားနိုင်သောကြောင့် ဆေးရုံတက်သော ဘုန်းတော်ကြီးများကို Gastric Analysis လုပ်လုပ်ကြည့်ဖို့ တိုက်တွန်းဖူးပါသည်။ ကျွန်ုပ်၏အတွေးမှာကား ဆေးရုံတက်ရသော ဘုန်းကြီးလူနာတို့မှာ ရောဂါဘယ အမျိုးမျိုးအထွေထွေကြောင့် တက်ကြရခြင်းဖြစ်သောကြောင့် မဆီဆိုင်သော စမ်းသပ်မှု ထပ်လုပ်ရလျှင် ဗူးလေးရာ ဖရုံဆင့်သကဲ့သို့ လူနာအဖို့ ပို၍ ပင်ပန်းလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆရာကြီးပြောသည့်အတိုင်း မလုပ်ဖြစ်ခဲ့ပါ။ ဆရာကြီးကလည်း မိမိ၏သဘောထားကို ရိပ်စားမိဟန်တူပါ၏။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်ကို တစ်ခွန်းတပါဒမျှ ထပ်မံမေးမြန်းခြင်း မပြုတော့ချေ။ ဆရာကြီးအဆိုပြုသော Gastric Analysis ကို ကျန်းမာသည့် ရဟန်းသံဃာများကို စမ်းသပ်လျှင်မူကား လက်ခံနိုင်ဖွယ်ရှိပါ၏။

ဆရာကြီးသည် အစာအိမ်လမ်းကြောင်း ခွဲစိတ်ခြင်းကို ဝါသနာပါသည့်အပြင် ကျွမ်းကျင်နိုင်နင်းသောကြောင့် ဆေးကုသမှုဖြင့် သက်သာရာမရဘဲ နောက်ဆက်တွဲဝေဒနာများ ခံစားနေကြသော Gastric and Duodenal Ulcer ရောဂါရှင် လူနာများကို အထူးဂရုပြုပြီး ရှာဖွေလေ့ရှိပါသည်။ အစာအိမ်လူနာများမှာ ဆေးဝါးဖြင့်ကုသလျှင် သက်သာသော်လည်း အများစုမှာ မကြာခဏ ရောဂါပြန်ပေါ်တတ်ကြသည်။ အူသိမ်ထိပ်တွင် အနာဖြစ်သူများမှာ အစာအိမ်ထွက်ပေါက် ပိတ်ပါက ခွဲစိတ်ရသည်။ ဆေးကု၍ မသက်သာလျှင်လည်း ခွဲစိတ်ရသည်။

## ဆေးကောလိပ်တွင်စာသင်ခြင်း

ဆရာကြီးသည် ဆေးကောလိပ်၌ တစ်ပါတ် ၂ ရက် စာသင်ရသည်။ ဆရာကြီးသည် သူ သင်ကြားပို့ချမည့် အကြောင်းအရာတို့ကို မှတ်စုထုတ်၍ ဆိုင်ကလိုစတိုင်လှည့်ပြီး ကျောင်းသားများကို ဝေငှပေးသည်။ ပြဋ္ဌာန်းစာအုပ်များအလွန်ရှားပါးရကား ဆရာကြီး၏မှတ်စုများသာမရလျှင် ကျွန်ုပ်တို့ ကျောင်းသားများ အခက်ကြုံကြမည် ဖြစ်၏။ တနည်းအားဖြင့် ထိုမှတ်စုများသည်ပင် စာမေးပွဲတွင်မေးမြန်းမည့် မေးခွန်းတို့၏ ကြိုတင်နိမိတ်ပင် ဖြစ်ချေ၏။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



အထိ ကျွန်ုပ်သည် အထွေထွေခွဲစိတ်ကုဆရာဝန်လုပ်ရန် စိတ်အားထက်သန်ခဲ့ဖြစ်ရကား ဆရာကြီး၏ပို့ချချက်များသည် ကျွန်ုပ်၏ အာသာဆန္ဒကို ပိုမိုကြီးထွားအောင် လှုံ့ဆော် အားပေးခဲ့ပါသည်။

## ဆေးပညာလက်တွေ့သင်တန်းများ

ဆရာကြီးဦးဘသန်းသည် စာသင်ခန်းမကြီး၌ အပတ်စဉ် ဆေးပညာလက်တွေ့သင်တန်း ပို့ချခဲ့ပါသည်။ ထိုနေ့တွင် အလှည့်ကျ တာဝန်ပေးခံရသော ကျောင်းသားသည် လူနာ၏ ရောဂါရာဇဝင်၊ စမ်းသပ်တွေ့ရှိချက်နှင့် ရောဂါအမည် ဖော်နိုင်ရေးအတွက် တွေ့ကြုံနေရသော အခက်အခဲပြဿနာများအပြင် မည်ကဲ့သို့ ကုသသင့်ကြောင်း ကုထုံးကုနည်းများပါမကျန် တင်ပြဆွေးနွေးရသည်။ ထိုအခါမျိုးတွင် ဆရာကြီးသည် ကျောင်းသား၏ တင်ပြဆွေးနွေးချက်များကို နားထောင်ရင်း ဗိုးခနဲ ဒေါက်ခနဲမေးခွန်းထုတ်လေ့ရှိသည်။ ဆရာကြီးသည် တစ်ခွန်းစနှစ်ခွန်းစ မေးကြည့်ရုံမျှနှင့် ကျောင်းသား မည်၍မည်မျှ တတ်သိနားလည်ထားသည်ကို ကောင်းစွာရိပ်စားမိသကဲ့သို့ ကျောင်းသား ကျက်မှတ်ထားသမျှ ထွက်လာအောင်လည်း နှိုက်ထုတ်ပေးနိုင်စွမ်းသူ ဖြစ်ပေသည်။ အာဝဇ္ဇန်းကောင်းသည့်အပြင် ဟာသဉာဏ်လည်းရှိသော ဆရာကြီးသည် ဆေးပညာလက်တွေ့ သင်တန်းပေးသည့်အခါ သူ၏အတွေ့အကြုံများကိုပါ ထည့်သွင်းသင်ပြလေ့ရှိသောကြောင့် ကျောင်းသူကျောင်းသားအားလုံး အထူးပင် နှစ်ခြိုက် သဘောကျကြပါသည်။ အပြန်အလှန် အမေးအဖြေပြုလုပ်၍ သင်ကြားပို့ချသောစနစ်ကြောင့် ကျောင်းသူကျောင်းသားများသာမက ကျွန်ုပ်တို့ဆရာအငယ်များအတွက်လည်း ဗဟုသုတ တိုးပွားစေပါသည်။ ထိုနေ့ထိုအချိန်ဆိုလျှင် အချိန်ကုန်မှန်းမသိ အချိန်ကုန်သွားလေ့ရှိရာ ဆရာကြီး၏ Clinic ပြီးသည့်အခါတိုင်း 'ဆက်ပြီး မဆွေးနွေးလိုက်ရတာနာတယ်ကွာ'ဟူသော ကိုယ်စီခံစားချက်များဖြင့် သင်တန်းခန်းမမှ ထွက်ခွာလာခဲ့ကြရမြဲဖြစ်ပါ၏။

## FRCS ဘွဲ့ရရှိလာသူများကို ဆူပူကြိမ်းမောင်းခြင်း

FRCS ဘွဲ့ရလာသော Dr. ဦးရွှေတင်၊ Dr. ဦးအောင်ညွန့်နှင့် အခြားဘွဲ့လွန်ရပြီးသူများသည် ဆရာကြီး ဦးဘသန်း၏ အောက်တွင်လာ၍ အလုပ် လုပ်ကြပါသည်။ ဆရာကြီးကား သူစိတ်တိုင်းမကျလျှင် မည်သူ့ကိုမျှ ချမ်းသာပေးလေ့မရှိချေ။ မျက်နှာကြီးငယ် မရွေး ဆူပူကြိမ်းမောင်းမြဲဖြစ်၏။



Dr. ဦးရွှေတင်သည် သူ ဘိလပ်မသွားမီက ပုံစံအတိုင်း ဆရာကြီး သဘောကျမည်ထင်၍ ခွဲစိတ်ခန်းဝင်လျှင် ဘောင်းဘီတိုဖြင့်ဝင်သည်။ တစ်နေ့တွင် ဆရာကြီးက ဦးရွှေတင်ကို ခွဲစိတ်ခန်းထဲတွင် ဘောင်းဘီတိုဝတ်သည့်အတွက် အပြစ်တင် ကြိမ်းမောင်းပါသည်။ ဆရာကြီးက ဤနည်းနှင့်နှင့် မည်သူ့ကိုမဆို သူစိတ်တိုင်းမကျပါက ပိဿာလေးနှင့် ဘေးပစ်သကဲ့သို့ ပြောဆိုလေ့ရှိ၏။

ဆရာကြီးနှင့်အတူ အလုပ်လုပ်ခဲ့စဉ်က ကျွန်ုပ်လည်း အဆူခံရဖူးသည်။ ကျွန်ုပ်၏ဝတ္တရားမှာ ခွဲစိတ်ခန်းဝင်သောနေ့များဆိုလျှင် ဆရာကြီး အတွက် Major Operation အကြီးစား ခွဲစိတ်မှုပြုလုပ်ရမည့် လူနာတစ်ယောက် ရှာဖွေရွေးချယ်၍ အမြဲတင်ထားရသည်။ တစ်နေ့တွင် အစာအိမ်ခွဲစိတ်ရမည့် လူနာမှာ သွေးတိုးထိန်း၍ မရသောကြောင့် ခွဲစိတ်ရန် မဖြစ်နိုင်သေးသဖြင့် ဆရာကြီးထံ တယ်လီဖုန်းဆက်၍ အကျိုးအကြောင်း တင်ပြရသည်။ ထိုအခါ ဆရာကြီးသည် ဒေါသူပုန်ထပြီး 'သွေးတိုးဆိုတာ ဘယ်တုန်းကများ ပျောက်အောင် ကုရလို့လဲကွ'ဟု အော်ဟစ်ပြောဆိုပြီး တယ်လီဖုန်းကို ဂွမ်ခနဲ ချသွားပါသည်။ ဤကား ကျွန်ုပ်အဖို့ ဆရာကြီး ဦးဘသန်း၏ ပထမဆုံးအကြိမ်အဖြစ် အော်ဟစ်ဆူပူခံခဲ့ရခြင်းပင် ဖြစ်ပါသတည်း။

Dr. ဦးအောင်ညွန့်သည်လည်း FRCS ဘွဲ့ရပြီး ဘိလပ်မှ ပြန်လာသူဖြစ်၏။ သူသည် ခွဲစိတ်မှုများနှင့် ကင်းကွာနေသဖြင့် ဆရာကြီးဦးဘသန်း အစာအိမ်ခွဲစိတ်သောအခါ ဝင်၍ ကူပါရစေဟု ကျွန်ုပ်ကို မေတ္တာရပ်ခံသည်။ ကျွန်ုပ်ကလည်း လိုက်လိုက်လှဲလှဲ ဝမ်းမြောက်စွာ ခွင့်ပြုခဲ့ပါသည်။ နောင်တွင် ဦးအောင်ညွန့်သည် မန္တလေးသို့ ခွဲစိတ်ပညာပါမောက္ခအဖြစ် ရောက်ရှိလာသောကြောင့် ကျွန်ုပ်တို့ နှစ်ဦး နှစ်ပေါင်းများစွာ အတူတကွ နေထိုင် လုပ်ကိုင်ခဲ့ကြရပါသည်။

## လူနာဆောင်လှည့်လည်ကြည့်ပြီးနောက် ကျွန်ုပ်၏နေ့စဉ်ဝတ္တရားများ

ဆရာကြီး လူနာဆောင်လှည့်လည်စစ်ဆေးပြီးလျှင် ကျွန်ုပ်၏ နေ့စဉ်ဝတ္တရားမှာ ခါတ်လှေခါးဆီရောက်သည်အထိ အဖော်ပြုလိုက်ပါရသည်။ မြေညီထပ်သို့ရောက်မှ ဆရာကြီး နှုတ်ဆက်ပြီး မိမိ၏ လူနာဆောင်သို့ပြန်ရသည်။ ဤကား အဆောင် ၁၃-၁၄ မှ မပြောင်းမချင်း ကျွန်ုပ်၏ နိစ္စဓူဝ အလုပ်ပေတည်း။ ဆရာကြီးသည် ကျွန်ုပ်အား တရင်းတနှီး အကျွမ်းတဝင် ဆက်ဆံခဲ့သည်ဟု ယုံကြည်မိပါသည်။ ဆရာကြီးလက်အောက်တွင် လုပ်ကိုင်စဉ် ရရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော စာတွေ့၊ လက်တွေ့ဗဟုသုတများသည် ကျွန်ုပ်အား ခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်လောက်အောင်ပင် အကျိုးထူးရရှိစေခဲ့ပါ၏။

**ဒေါက်တာဦးအောင်သန်း၏ မင်္ဂလာဆောင်တွင် သတို့သားအရံလုပ်ခဲ့ရခြင်း**

ဆရာကြီးဦးဘသန်း၏ သမီးငယ် ဒေါ်ခင်မေအေးနှင့် Oro-Facial Surgeon Dr. ဦးအောင်သန်းတို့ ထိမ်းမြားလက်ထပ်ကြသော မင်္ဂလာပွဲတွင် ကျွန်ုပ်နှင့် ဒေါက်တာအေးကြူတို့နှစ်ဦး သတိုးသားအရံအဖြစ် ဆောင်ရွက်ခဲ့ကြရသည်။ ကျွန်ုပ်သည် ထိုမင်္ဂလာပွဲ၌ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဇနီး ဒေါ်ခင်မေသန်းတို့အား ပထမဆုံးအကြိမ် တွေ့မြင်ဖူးခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ တရားသူကြီးချုပ်ဦးမြင့်သိန်း၊ ရှေ့နေချုပ် ဦးချစ်ထွန်း၊ စသူတို့ အပါအဝင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကြွရောက်ချီးမြှင့်ကြခြင်းမှာ ဆရာကြီးတို့မိသားစု၏ ဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေရှိသကဲ့သို့ မင်္ဂလာကျက်သရေဖြိုးဖြိုး ဝေသော မင်္ဂလာအခမ်းအနားဟု ဆိုအပ်ပါပေ၏။

**ရန်ကုန်ဆေးရုံကြီး၊ အဆောင်၁၃-၁၄တွင် ဆရာကြီးလက်ထောက် အဖြစ် လုပ်ကိုင်ခဲ့ရခြင်းအပေါ် မိမိ၏သဘောထားအမြင်**

ရန်ကုန်ဆေးရုံကြီး၊ အဆောင် ၁၃-၁၄တွင် အလုပ်လုပ်ခဲ့ရသော ကာလအပိုင်းအခြားမှာ ကြည်နူးဖွယ်ကောင်းလှပေသည်။ ကျွန်ုပ်သည် အစာအိမ်နှင့် အူလမ်းကြောင်းခွဲစိတ်ခြင်း၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ခွဲစိတ်ခြင်း၊ အတတ်ပညာများကို ဆရာသမားများထံမှ သင်ယူခွင့်ရရုံသာမက ကိုယ်တိုင်ကိုယ်ကျလည်း ခွဲစိတ်ခွင့်ရရှိခဲ့သည်။ လူ၏ကိုယ်ခန္ဓာတွင် အလွန်အန္တရာယ်များသည့် အစိတ်အပိုင်းများဖြစ်သော လည်ပင်း၊ အစာပြွန် စသည်တို့ကို ခွဲစိတ်ပုံနည်းနိဿယများနှင့်စပ်လျဉ်း၍ ဆရာကြီးထံမှ များစွာ ပညာရခဲ့သည်။ ထိုစဉ်က လုပ်ကိုင်ခဲ့သော ခွဲစိတ်မှုအမျိုးမျိုးသည် ကျွန်ုပ်အား နောင်အခါတွင် ခွဲစိတ်မှု ကျွမ်းကျင်နိုင်နင်းသည့် OG တစ်ယောက်ဖြစ်လာစေရန် အခြေခံအုတ်မြစ်ကောင်းအဖြစ် အကျိုးပြုခဲ့ပါ၏။ ထိုစဉ်က မိမိ၏ အတွေ့အကြုံများကြောင့်ပင် MSc (OG) သင်ရိုးညွှန်းတန်း၌ အထွေထွေ ခွဲစိတ်ကုသခြင်းနှင့် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ခွဲစိတ်ကုသခြင်းများကို ထည့်သွင်း လေ့ကျင့်သင်ကြားစေခြင်းဖြစ်ပါသည်။



ကျွန်ုပ်သည် ဆရာကြီးနှင့်အတူ လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းကြောင့် ဆေးပညာလက်တွေ့ သင်တန်းပို့ချခြင်း၏ အရေးပါပုံကို နားလည် သဘောပေါက်လာခဲ့ပါသည်။ ဝါသနာနှင့် စေတနာကို အရင်းခံ၍ အနစ်နာခံပြီး စောက်ချလုပ်ကိုင်နိုင်မည့်သူအချို့သာလျှင် သင်ကြားရေးဘက်တွင် ရွေးချယ်လုပ်ကိုင်နိုင်ကြပေလိမ့်မည်။

အဆောင် ၁၃-၁၄ ၌ အလုပ်လုပ်စဉ် ကာလအတွင်း ဆေးကျောင်းသားများမှ လည်းကောင်း၊ အလုပ်သင် ဆရာဝန်များမှလည်းကောင်း မိတ်သစ်ဆွေသစ်အချို့ ရရှိခဲ့သည်။ ထိုသူတို့အနက် အချို့မှာ ဘာသာရပ်အသီးသီးတွင် ပါရဂူဖြစ်သူများ ဖြစ်လာကြပြီး အချို့ကမူ အုပ်ချုပ်ရေးဘက်တွင် အရေးပါအရာရောက်သော ဌာနဆိုင်ရာ အကြီးအကဲဖြစ်လာကြလေသည်။

ဆရာကြီးထံမှ လက်ဆင့်ကမ်းရရှိခဲ့သော စိတ်ဓါတ်စွမ်းအင်မှာ ကားသူတပါး၏ ဝေဖန် တိုက်ခိုက်ခြင်းကို 'နကမ္ပတိ' မတုန်မလှုပ် ခံနိုင်စွမ်းရှိခြင်းပင်ဖြစ်၏။ မိမိ၏လုပ်ရပ် မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ပြစ်တင်ဝေဖန်မှုများကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ချေ။ အရေးကြီးဆုံးသော ဆရာကြီး၏ဩဝါဒမှာကား 'ကိုယ်လုပ်သမျှ ဓမ္မဓိဋ္ဌာန်ကျကျ ပြုလုပ်ရန်နှင့် သူများ၏ ဝေဖန်စကားကြောင့် ယိမ်းယိုင်သွေဖီမသွားရန်၊ သူများစကားကြောင့် ချီတုံချတုံဖြစ်နေလျှင် မိမိကိုယ်ပိုင် ရပ်တည်ချက်ထိနိုက်ပျက်ပြယ်သွား နိုင်သည်'။

ကျွန်ုပ်သည် ဆရာကြီး ဦးဘသန်းထံမှ ကြားနာမှတ်သားခဲ့ရသော ဆရာကြီး၏ အတွေး အခေါ်အယူအဆများနှင့် ဆရာကြီး၏ ဩဝါဒများ၊ လမ်းညွှန်မှုများကို မိမိတတ်စွမ်းသမျှ နောင်လာနောက်သား မိမိ၏တပည့်တပန်းများအား လက်ဆင့်ကမ်း ဖြန့်ဖြူးပေးခဲ့ပါသည်။ ကျွန်ုပ်သည် ဆရာကြီးအား အာစရိယဂိုဏ်းဝင် ဆရာသခင်အဖြစ်လည်းကောင်း၊ သမားကောင်းတစ်ဆူအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဆေးပညာလောက၏ မီးရှူးတန်ဆောင်အဖြစ်လည်းကောင်း၊ အမြဲထာဝစဉ် ကြည်ညိုလေးစားခဲ့ပါ၏။

ကျွန်ုပ်သည် ပါမောက္ခဦးကြည်ပေါ်၏လက်အောက်တွင် အလုပ်မလုပ်ခဲ့ဘူးသော်လည်း ဆရာ့ကိုလည်း ထင်ရှားကျော်ကြားသော ခွဲစိတ်ဆရာဝန်ကြီးအဖြစ်သာမက မျိုးဆက်သစ်ဆရာဝန်များကို ခွဲစိတ်ကုပညာနှင့်စပ်လျဉ်း၍ ပညာအမွေဖြန့်ဖြူးလျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အမြဲပင်လေးစားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၁)

## ပညာတော်သင် ခေါ်ခြင်း

ကျွန်ုပ် အဆောင် ၁၃-၁၄ တွင် အမှုထမ်းနေစဉ်ကာလအတွင်း ကိုလံဘို စီမံကိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ကမ ကထ ပြုလုပ်၍ MRCP, FRCS, DLO အပါအဝင် အခြား ဘွဲ့လွန်ဘာသာရပ်အချို့ကို ဗြိတိန်နိုင်ငံသို့ သွားရောက်ပညာဆည်းပူးရန် လျှောက်လွှာများ ခေါ်ယူခဲ့ပါသည်။ ကျွန်ုပ်သည် ခွဲစိတ်ပညာကို အဓိက စိတ်ဝင်စားသော်လည်း၊ FRCS ဘွဲ့အတွက် ဝင်ရောက်အရွေးချယ်ခံကြမည့် အခြားပုဂ္ဂိုလ်များကို ယှဉ်ပြိုင်ရန် ခက်ခဲမည်ဖြစ်သောကြောင့် DLO သို့မဟုတ် MRCOG တစ်ခုမဟုတ် တစ်ခု ယူမည်ဟူ၍ စိတ်ပျက်လက်ပျက်ဖြင့် လျှောက်လွှာတင်လိုက်ပါသည်။ လူတွေ့စစ်ဆေး ရွေးချယ်ခြင်းကို အတွင်းဝန်များရုံး (ဝန်ကြီးများရုံး) ၌ ပြုလုပ်၍ ဝန်ကြီးများ၊ အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးများပါဝင်သောအဖွဲ့က မေးမြန်းရွေးချယ်ကြမည် ဖြစ်ပါ၏။

### အတွင်းဝန်ရုံး၌လူတွေ့စစ်မေးခြင်း

ပညာတော်သင်ရွေးချယ်ရန် လူတွေ့စစ်မေးမည့်အဖွဲ့တွင် ထိုစဉ်က ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဦးစိန်ဘန်း၊ ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဦးလတ်၊ ကာနယ်မင်းစိန်နှင့် အခြားအရေးကြီးပုဂ္ဂိုလ်အချို့ ပါဝင်ကြ၏။ ကျွန်ုပ် အခန်းထဲဝင်သည်နှင့် ဒေါက်တာဦးလတ်က ကျွန်ုပ်ကို ကြည့်ပြီး 'ဘာလျှောက်ထားသလဲ'ဟု မေးရာ ကျွန်ုပ်လည်း မိမိ၏ လျှောက်လွှာတွင် ဖြည့်စွက်ထားသည့်အတိုင်း MRCOG သို့မဟုတ် DLO လျှောက်ထားကြောင်း ပြောပြပါသည်။ သားဖွားမီးယပ်ပညာ သို့မဟုတ် နား၊ နှာခေါင်း၊



လည်ချောင်းဟူသော ကျွန်ုပ်၏ရွေးချယ်မှုသည် လူ၏ခန္ဓာကိုယ်၌ အောက်ပိုင်းနှင့်အပေါ်ပိုင်းဖြစ်နေသောကြောင့် အဖွဲ့ဝင်များက ကျွန်ုပ်၏အဖြေကို သဘောကျ၍ ရယ်မောကြပါသည်။ ကျွန်ုပ်ကမူ မိမိအနေဖြင့် ခွဲစိတ်ပညာဘာသာရပ်ကို အဓိကစိတ်ဝင်စားခြင်းဖြစ်ကြောင်း ပြောပြရပါသည်။

### DLO သို့မဟုတ် MRCOG

ထိုအခါ ရွေးချယ်ရေးအဖွဲ့က မိမိလျှောက်ထားသော နှစ်မျိုးအနက် တစ်မျိုးကို ရွေးချယ်ရန်ပြောရာ ကျွန်ုပ်က DLO ယူပါမည်ဟု ဖြေလိုက်မိပါသည်။ ထိုစဉ် ဒေါက်တာ ဦးလတ်သည် ကျန်းမာရေးဝန်ကြီးအား အနီးကပ်တီးတိုးစကားပြောနေသည်ကို သတိပြုလိုက်မိပါ၏။ ဆရာကြီးသည် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် မိမိအမှုထမ်းခဲ့စဉ်က အကြောင်းများကို ဝန်ကြီးအား ပြောပြနေခြင်းဖြစ်ဖွယ်ရှိပါသည်။ ဝန်ကြီးက ကျွန်ုပ်အား အပြင်ထွက်ပြီး ပြန်လည်စဉ်းစားပြီးမှ အဖြေပေးရန် ကျွန်ုပ်ကို အခွင့်အရေးပေးလိုက်ပါသည်။ ကျွန်ုပ် အပြင်ရောက်သောအခါ DLO လျှောက်ထားကြသည့် ကျွန်ုပ်၏ မိတ်ဆွေ နှစ်ယောက်ကို တွေ့ရ သည်။ ရွေးချယ်ရေးအဖွဲ့က ကျွန်ုပ်ကို မေးမြန်းသောစကားများကို သိရလျှင် သူတို့နှစ်ယောက်လုံးက ကျွန်ုပ်အား MRCOG ယူဖို့ တိုက်တွန်းကြလေ၏။ DLO အတွက် နှစ်ယောက် စေလွှတ်ရန်ရှိသဖြင့် ကျွန်ုပ်သာ DLO ရွေးလိုက်လျှင် သူတို့နှစ်ယောက်အနက် တစ်ယောက် ကျန်ရစ်ခဲ့မည်မှာ သေချာသည်။ ကျွန်ုပ်သည် အခြေအနေအရပ်ရပ်ကို ဝေဖန်သုံးသပ်ပြီး သူတို့တိုက်တွန်းသည့်အတိုင်း MRCOG ကို ရွေးချယ်လိုက်ခြင်းအားဖြင့် မိမိဝါသနာပါသော ခွဲစိတ်မှုများကို ဆောင်ရွက်နိုင်မည့်အပြင် ဘဝတူသူငယ်ချင်းနှစ်ယောက်လုံးအတွက်လည်း အဆင်ပြေသွားလိမ့်မည်ဟု ဆင်ခြင်စဉ်းစားမိပါသည်။

ထို့ကြောင့် ကျွန်ုပ်လည်း MRCOG ယူရန် ဆုံးဖြတ်ချက် ချလိုက်ပြီး အခန်းထဲသို့ပြန်ဝင်ကာ လူကြီးများအား မိမိ၏ဆုံးဖြတ်ချက်ကို ပြောပြလိုက်သည်။ ထိုအခါ အဖွဲ့ဝင်တစ်ဦးက မိမိသည် DLO ကို ရွေးချယ်ထားပြီး ယခု စိတ်ပြောင်းခြင်းကို အပြင်းအထန်ကန့်ကွက်သော်လည်း ဝန်ကြီးက ထိုကိစ္စမှာ အရေးမကြီးပါဟူ၍ စကားစ ဖြတ်လိုက်ပါသည်။ ကျွန်ုပ်သည် အင်တာဗျူးတွင် ဤကဲ့သို့ အထစ်အငေါ့ဖြစ်သွားသည့်အတွက် စိတ်ပျက်အားငယ်၍ ပြန်လာခဲ့ပါသည်။ သို့သော် များမကြာမီ ကျွန်ုပ်အား MRCOG အတွက် ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ အကြောင်းကြားရာ ဒေါက်တာဦးလတ်က ကျွန်ုပ်အား ထောက်ခံပြောဆိုပေးခြင်းဖြစ်လိမ့်မည်ဟု ကိုရှိန်းသေတွက်လိုက်မိပါတော့၏။

**ပါမောက္ခဦးဘသန်း၏ထောက်ခံစာ**

ကျွန်ုပ် MRCOG သွားရန် ရွေးချယ်ခံရသည့်အကြောင်း ဆရာကြီးအား ပြောပြသောအခါ သူက ထောက်ခံစာတစ်စောင် ရေးပေးခဲ့ပါသည်။ ဆရာကြီး၏ ထောက်ခံစာတွင် မိမိ ထိုက်တန်သည်ထက်မက တော်ကြောင်း၊ ကောင်းကြောင်းများကို သာသာထိုးထိုး ရေးသားခဲ့ပါသည်။ ဆရာကြီးသည် ကျွန်ုပ်၏ရှေ့ရေး ကောင်းစားဖို့ မျှော်တွေး စဉ်းစားရှာပေသည်။ ကျွန်ုပ်သည် အုံးနှင့် လက်ထပ်ပြီးနောက် သီတင်းကျွတ်ရောက်တိုင်း ဆရာကြီးအား အိမ်တိုင်ယာရောက်သွား၍ ကန်တော့ကြပါသည်။ ဆရာကြီးက မိမိအား တပည့်ကောင်းတစ်ယောက် ဆရာဝန်ကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုကြောင်းကို နောင်အခါမှ အတွင်းကျကျ စကားများအရ မမျှော်လင့်ဘဲ သိရှိခဲ့ရပါသည်။

**ဆေးပညာဌာနတွင် လက်တွေ့သင်တန်းဆင်းခြင်း**

MRCOG အတွက် ရွေးချယ်ခံရပြီးနောက် ကျွန်ုပ်အား ရန်ကုန်ဆေးရုံကြီး၊ အဆောင် ၂ သို့ စေလွှတ်၍ ပါမောက္ခဦးအေး၏ လက်အောက်တွင် ၆ လကြာမျှ စာတွေ့ လက်တွေ့ ပညာဆည်းပူး စေခဲ့သည်။ ထိုစဉ်က ပါမောက္ခဒေါ်မြင့်မြင့်ခင်သည် MRCP ရပြီး ဘိလပ်မှ ပြန်ရောက်နေပြီ၊ ဒေါက်တာအောင်သန်းဘတူကမူ MRCP သွားအံ့ဆဲဆဲအချိန်ဖြစ်၏။ ဆေးပညာဌာနတွင် လက်တွေ့သင်တန်းဆင်းခြင်းအားဖြင့် သားဖွားမီးယပ်ရောဂါများကို ကုသရာတွင်လည်း အထောက်အကူပြုနိုင်ပါသည်။ ကျွန်ုပ်၏တာဝန်ဝတ္တရားတစ်ခုမှာ ကျောင်းသားများကို ဆေးလက်တွေ့သင်တန်းပေးရန်အလို့ငှာ ဆရာကြီးအတွက် သင့်လျော်မည့်လူနာရွေးချယ်၍ လိုအပ်သည်တို့ကို ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးလုပ်ငန်းများကို အတွေ့အကြုံရရှိစေရန် ဌာနတွင်း အစီအစဉ်ဖြင့် AMS II အဖြစ် ခေတ္တလုပ်ကိုင်ခဲ့ရပါသေးသည်။ထိုကဲ့သို့လုပ်ကိုင်စဉ်ကာလအတွင်း ဆရာကြီးအချို့၏ အရေးပေါ်မဟုတ်



သော လူနာများကို ညတွင်းချင်း ဆေးရုံတင်ပေးရန် ငြင်းဆိုခဲ့မိသော်လည်း ဆရာကြီးများက နားလည်မှုရှိစွာဖြင့် မိမိကို ဖွေမယူခဲ့ကြပါ။

**စေ့စပ်ပွဲ လက်ထပ်ပွဲနှင့် ကြင်စဦးဘဝ**

၁၉၅၈ ခုနှစ်တွင် RGH တွင် တာဝန်ထမ်းဆောင်ပြီး နောက် ပိုင်း ကျွန်ုပ်သည် အားလပ်သော တနင်္ဂနွေ နေ့တိုင်း 'အုံး'ထံသို့ မှန်မှန် သွားရောက်လည်ပတ်ခဲ့ပါသည်။ ကျွန်ုပ်သည် ဗဟန်းရှိ 'အုံး'တို့၏ နေအိမ်သို့သွားလျှင် အစ်မ ဒေါ်မေကြွေ ပေးထားသော Hillman ကားလေးဖြင့် သွားလေ့ရှိသည်။ ကျွန်ုပ်တို့သည် ဧည့်ခန်းထဲ၌ မိဘမောင်နှမများ၏ မျက်စိအောက်မှာပင် စကားပြောဆိုကြရခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှစ်ယောက်သည် နေ့စဉ်လိုလိုလည်း စာတိုက်မှတစ်ဆင့် စာရေးဆက်သွယ်ကြသေးသည်။ 'အုံး'၏ဖခင် ဦးလေး ဦးလှအောင်သည် ကျွန်ုပ်တို့စကားပြောနေစဉ် အနီးတွင် ပက်လက်ကုလားထိုင်တစ်လုံးတွင်ထိုင်၍ စောင့်ကြည့်နေတတ်၏။

တစ်ရက်သော တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် ထုံးစံအတိုင်း 'အုံး' ထံသို့ လာရောက်လည်ပတ်သောအခါ ဦးလေးဦးလှအောင်က ကျွန်ုပ်အား မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ အမြဲတမ်းလာနေရသည်ကို တဲ့တိုးမေးပါလေတော့၏။ ကျွန်ုပ်လည်း ကွေ့ပတ်သွယ်ဝိုက်၍ မနေတော့ဘဲ မိမိနှင့်အုံးတို့မှာ တစ်ဦးနှင့်တစ်ဦး မေတ္တာရှိနေကြပြီဖြစ်ကြောင်း မကွယ်မဝှက် ဖြေကြားလိုက်ပါသည်။ ထိုအခါ ဦးလေးဦးလှအောင်က ဤကဲ့သို့ လူငယ်ချင်း မေတ္တာရှိနေကြလျှင် ယောကျာ်းလေးဘက်မှ လူကြီးမိဘများ ခေါ်လာပြီး စေ့စပ်ကြောင်းလမ်းထားရန် ပြောပါသည်။ စေ့စပ်ကြောင်းလမ်းခြင်း မရှိသေးဘဲ သမီးထံသို့ ကျွန်ုပ်က အမြဲတမ်း လာရောက်နေခြင်းကို သမီးရှင်အနေဖြင့် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်ဟန်တူပါသည်။

နေ့ကောင်းရက်သာရွေးကြပြီးလျှင် အစ်မကြီး ဒေါ်မေကြွေနှင့် သူ၏ခင်ပွန်းကိုညွန့်လှိုင်၊ အစ်ကိုကိုဖေသက်နှင့် သူ၏ဇနီးမညွန့်တို့သည် ကျွန်ုပ်၏ မေတ္တာရပ်ခံချက်အရ သတို့သားလောင်း၏လူကြီးများအဖြစ် လိုက်ပါဆောင်ရွက်ပေးကြပါသည်။ သတို့သမီးလောင်း၏မိဘများနှင့် တွေ့ဆုံပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ကြောင်းလမ်းပြီးသောအခါတွင် ကျွန်ုပ်သည် အားလပ်သည့်အခါတိုင်း အုံးထံသို့ မှန်မှန်သွားရောက် လည်ပတ်ခဲ့ပါ၏။

ကျွန်ုပ်၏အကြောင်း ကောင်းစွာသိနားလည်သူများ ဖြစ်ကြသည့် အား လျော်စွာ ကျွန်ုပ်၏အမေနှင့်အစ်မများအား အိမ်ထောင်ပြုတော့မည့်အကြောင်း အသိပေးရာ အခက်အခဲ တစ်စုံတစ်ရာမရှိခဲ့ပါ။ ယောက်ျားလေးရှင်ပီပီ ကြား သိခါစတွင် မျက်ရည်ဝဲကြသော်လည်း နားလည်မှုရှိစွာဖြင့် ကျေကျေနပ်နပ် ခွင့်ပြုခဲ့ကြသည်။ သတို့သမီး သတို့သားတို့၏ဇာတာများကို စစ်ဆေးကြပြီး နောက် မင်္ဂလာရက်ကို ရွေးချယ် သတ်မှတ်ကြပါသည်။ မင်္ဂလာဧည့်ခံပွဲကို ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဆန်းကဖီး၌ ကျင်းပရန် ဆုံးဖြတ် စီစဉ်ကြပါသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် MRC OG မသွားမီ ရန်ကုန် ဆေးရုံကြီးတွင် လက်တွေ့သင်တန်း ပြီးဆုံး၍ ဩဂုတ်လမှ စတင်၍ ဒတ်ဖရင် ဆေးရုံ၌ တာဝန်ကျနေပြီဖြစ်ပါသည်။ ကျွန်ုပ်သည် RDH တွင် အဆောင်ရ ရှိရာ ကျွန်ုပ်နှင့်အတူ မယ်မယ်နှင့် မိသားစုတို့ ခေတ္တ လာရောက် နေထိုင်ကြပြီး နောက်မှ စမ်းချောင်းသို့ ပြောင်းရွှေ့သွားခဲ့ကြပါသည်။

ကျွန်ုပ်သည် RDH တွင် အခြေတကျ နေထိုင်လျက်ရှိပြီဖြစ်၍ နိုင်ငံခြားမသွားမီ သက်ထပ်ထိမ်းမြားရန် စိတ်ပိုင်းဖြတ်လိုက်သည်။ မင်္ဂလာရက် ကိုလည်း ၁၄-၁၁-၁၉၅၈ နေ့ဟု သတ်မှတ်ပြီးဖြစ်၍ မိတ်သင်္ဂဟများ၊ ရန်ကုန် တက္ကသိုလ်၊ သမိုင်းဌာနမှ အုံးနှင့် လုပ်ဖော်ကိုင်ဘက်များ၊ RDH နှင့် RGH မှ မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို ဖိတ်ကြားခဲ့ကြပါသည်။ ရန်ကုန် တရားရုံး ချုပ်တွင် ရုံးတက် လက်မှတ်ထိုးကြသောအခါ ကျွန်ုပ်၏သူငယ်ချင်းများ ဖြစ် သော ဦးတင်ထွန်းနှင့် ကိုကြည်လင်တို့က အသိသက်သေအဖြစ် လိုက်ပါ ဆောင် ရွက်ကြပါသည်။

ကျွန်ုပ်တို့၏ မင်္ဂလာဧည့်ခံပွဲသို့ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ စုံစုံ လင်လင် တက်ရောက်ကြသည့်အပြင် ကျွန်ုပ်၏ကျေးဇူးရှင် ဆရာကြီးဦးဘသန်း၊ ဒေါက်တာဦးလတ်နှင့် ဇနီးမောင်နှံတို့လည်း ကြွရောက် ချီးမြှင့်ခဲ့ကြပါသည်။ နှစ်နာရီကြာမျှကြာသော ပကာသနမဖက်သည့် ထိုအခမ်းအနားလေးမှာ ကျွန်ုပ် တို့သတို့သမီးသတို့သားနှစ်ဦးအတွက်မူ ကိုယ်စိတ် ပင်ပန်းလှပါ၏။ အစ်မကြီး မယ်မယ်က မင်္ဂလာအခမ်းအနားကုန်ကျစရိတ်အတွက် ကျွန်ုပ်အား ငွေ ၃၀၀၀ -၄၀၀၀ိ/-ကျပ်မျှ ချီးမြှင့်ခဲ့သဖြင့် ကျွန်ုပ်အတွက် များစွာ အသက်ရှုချောင်ခဲ့ရ ပါသည်။



မင်္ဂလာဧည့်ခံပွဲပြီးလျှင် ကျွန်ုပ်တို့ဇနီးမောင်နှံသည် ဗဟန်းရှိ အုံး၏ နေအိမ်သို့သွား၍ သူမ၏ပစ္စည်းများကို ကောက်သိမ်းပြီးမှ ဒတ်ဖရင်ရှိ တိုက် ခန်းသို့ သွားကြသည်။ ကျွန်ုပ်တို့နှစ်ယောက်လုံး ခွင့်.၃ ပတ်စီယူ၍ အဆောင်မှာ နေကြသည်။ ကျွန်ုပ်တို့နေသော တိုက်ခန်းမှာ ကလေးဆေးရုံဝင်း ဘောလုံးကွင်း ၏တောင်ဘက်တွင် တည်ရှိ၍ အစက အောက်ထပ်တွင်နေသော်လည်း နောင် တွင် ပထမထပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ မင်္ဂလာဆောင်ပြီး ခွင့် ၃ ပတ်ယူ၍ အနားယူစဉ် တစ်ပတ်ခန့် တုပ်ကွေးမိပြီး ဖျားနေခဲ့သေးသည်။ ဒေါက်တာဦးလှမြင့်ကိုပင့်၍ ကုသရသည်။ အုံးက လူနာဖြစ်နေသော ခင်ပွန်း သည် အသစ်စက်စက်ကို ပြုစုရသောအခါ ရှက်ကိုးရှက်ကန်းပင် ဖြစ်နေသေး သည်။ ကျွန်ုပ်၏ သူငယ်ချင်းများဖြစ်ကြသော ဒေါက်တာဘိုနီနှင့် ဒေါက်တာ မြင့်အောင်တို့နှစ်ယောက်လည်း ကျွန်ုပ် နေမကောင်းစဉ်က နေ့စဉ်လိုလို လာ ရောက်ကြည့်ရှု အားပေးရင်း နောက်ပြောင် ကျီစယ်ကြပါသည်။

ကျွန်ုပ်တို့ လက်ထပ်ပြီးချိန်တွင် နှစ်ယောက်လုံး လခ ၄၂၅/-စီ ရကြ သည်။ နှစ်ဖက်မိဘများကို ၁၀၀ိ/-စီ ကန်တော့ပြီး ကျန်ငွေနှင့် ချောင်လည် စွာ နေနိုင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် အိပ်ရာ၊ ဆက်တီ စသည့် လိုအပ်သော ပရိဘောဂပစ္စည်းများကို ဘုံဘေဘားမား ကုမ္ပဏီမှ ဝယ်ယူကြ၏။ ကျွန်ုပ်၏ သူငယ်ချင်းများက စာအုပ်ဘီဒိုတစ်ခု လက်ဖွဲ့ကြသည်။ ထိုအချိန်က ရွှေ တစ် ကျပ်သားလျှင် ၂၅၀ိ/-ဈေးမျှသာရှိ၍ ကျွန်ုပ်တို့သည် လိုအပ်သည့်အချိန် သုံး စွဲနိုင်ရန်အတွက် ရွှေလည်း မစုဖြစ်၊ ငွေလည်းမစုဖြစ်ခဲ့ကြပါ။ အာမခံ ကိုယ်စား လှယ်ကြီး ဦးဘတင်နှင့် ဆက်သွယ်၍ အသက်အာမခံကြေး ၅၀၀၀ိ/-စီ ထား လိုက်မိသည်။ သို့ရာတွင် ငွေတန်ဖိုးများ မတန်တဆ လျော့ကျဖေါင်းပွခြင်း ကြောင့် ရင်းနှီးရကျိုး မနပ်ပေ။

ကျွန်ုပ်တို့ ဇနီးမောင်နှံသည် ရုံဖန်ရံခါ ရုပ်ရှင်သွားကြည့်ကြသည်။ ကျွန်ုပ်တို့ တိုက်ခန်းသည် ဘုတာရုံနှင့်နီး၍ မြို့ထဲရုပ်ရှင်ရုံသို့ မြို့ပတ်ရထား စီး၍သွားရာ အသွားဖြစ်စေ၊ အပြန်ဖြစ်စေ အချိန်ရလျှင် ရသလို ဗိုလ်ချုပ်လမ်း နှင့် မောင်ထော်လေးလမ်းပေါ်ရှိ စာအုပ်ဆိုင်များကို မကြာခဏ ဝင်ရောက် ကြည့်ရှု၍ စာမြည်းလေ့ရှိသည်။ ထိုစဉ်က ဗိုလ်ချုပ်လမ်းပေါ်တွင် သမ်းဘော ဈေးသည်တစ်ဦးဖြစ်သော ကိုတင်သည် ယခုအခါ မော်တော်ကားတာယာများ ဖြန့်ဖြူးရောင်းချနေသော ကုန်သည်တစ်ယောက်ဖြစ်ကာ ကြီးပွားနေပြီ ဖြစ် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အုံးသည် ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာနတွင် အလုပ်လုပ်ခြင်း ဖြစ်ရာ ကျွန်ုပ်၏အဆောင်မှ ပြည်လမ်းမပေါ်သို့ရောက်အောင် ဆိုက်ကား စီးရသည်။ ပြည်လမ်းမပေါ်တွင် ဘတ်စ်ကားစီးပြီး ရန်ကုန်တက္ကသိုလ်သို့ သွားရခြင်းဖြစ်၏။ အုံးပြန်လာတတ်သော ညနေရုံးဆင်းချိန်ဆိုလျှင် ကျွန်ုပ်၏ တပည့်တစ်ယောက်က ဘတ်စ်ကား မှတ်တိုင်မှ စောင့်ကြိုသည်။ အိမ်ရောက်သည်နှင့် တစ်ပြိုင်နက် 'အုံး'မှာ ချက်ရေး ပြုတ်ရေးကို ဝင်ရောက် လုပ်ကိုင်ရရှာသည်။ ကျွန်ုပ်၏ဆေးရုံအလုပ်မှာလည်း ပုံမှန်အလုပ်၊ အရေးပေါ်အလုပ်များဖြင့် နားရသည်ဟူ၍ မရှိပေ။ ညတာဝန် တောက်လျှောက်ကျသော လ များဆိုလျှင် အုံးသည် အိမ်ဖော်များနှင့်သာ နေရရှာပေ၏။

ကျွန်ုပ်နှင့်အုံးသည် ဟင်းချက်စရာဝယ်ရန်အတွက် ဗိုလ်ချုပ်ဈေး တစ်လှည့်၊ မော်တင်ဈေး တစ်လှည့် နံနက်တိုင်း အတူသွားကြရာ မြို့ပတ်ရထား စီးသည့်အခါစီးသည်။ ဘတ်စ်ကားစီးသည့်အခါ စီးသည်။ နှစ်ယောက် အတူ တွဲ၍ သွားရလာရသည်မှာ ညားခါစ ဇနီးမောင်နှံတို့၏ထုံးစံအတိုင်း ပျော်ရွှင်မဆုံး တပြုံးပြုံးပေ။

## မိသားစုများထံ အပတ်စဉ်အလည်သွားခြင်း

ကိုဖေသက်နှင့် မကြီးတို့ ဇနီးမောင်နှံကမူ အတိုင်းထက်အလွန် သိတတ်ကြသည်။ ဝတ္တရား ကျေပွန်ကြသည်။ သူတို့သည် ကျွန်ုပ်တို့ ဇနီးမောင်နှံကို အကြောင်းပြုပြီး အပတ်စဉ်လိုလို သူတို့အိမ်တွင် အခြားဧည့်သည်များကိုပါ ဖိတ်ကြား၍ စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်း ဧည့်ခံလေ့ရှိသည်။ ကျွန်ုပ်နှင့်အုံးသည် ကိုဖေသက်တို့ ဇနီးမောင်နှံကို အမြဲထာဝစဉ် ကျေးဇူးတင်လျက်ရှိကြ၏။ အကြောင်းမူကား သူတို့သည် ကျွန်ုပ်တို့၏ အိမ်ထောင်ဦးကာလတွင် လိုလေသေးမရှိအောင် စောင်မကူညီကြရုံမျှမက ကျွန်ုပ်တို့၏ အိမ်ထောင်ဦးကာလ သာသာယာယာ ရှိစေရေးအတွက်ပင် အဖက်ဖက်မှ စဉ်းစားလုပ်ကိုင်ပေးတတ်ကြသောကြောင့် ဖြစ်ပါ၏။

ကျွန်ုပ်တို့သည် စမ်းချောင်းအိမ်သို့လည်း အလည်သွားကြပါသည်။ စမ်းချောင်းအိမ်၌ ကျွန်ုပ်၏မိသားစုများသည် ထားဝယ်လို ပြောကြဆိုကြရာ အုံးတစ်ယောက်မှာ စကားဝိုင်းထဲ ဝင်၍ မရတော့ချေ။ ကျွန်ုပ်၏ ညီအစ်ကိုမောင်နှမများသည် ထားဝယ်စကား မတတ်သော လူစိမ်းတစ်ဦးရှိနေသည်ကို



အမှုမဲ့ အမှတ်မဲ့ဖြင့် မိမိတို့အချင်းချင်း တွေ့ဆုံခိုက် မိမိတို့ လျှာတွေ့သော ထားဝယ်စကားကို ပြောဆိုနေကြခြင်းသာ ဖြစ်၏။ 'အုံး'သည် ရုံဖန်ရံခါ၌ ဤကဲ့သို့ပြောဆို ပြုမူကြခြင်းမျိုးကို သူ့အားမချစ်ခင်၍ ဝိုင်းပယ်ထားသကဲ့သို့ မှတ်ယူ၍ စိတ်မကောင်းဖြစ်တတ်သည်။ ကျွန်ုပ်က အကျိုးသင့်အကြောင်းသင့် ရှင်းပြသည့်တိုင်အောင် ဘဝင်ကျဟန် မတူပေ။

အုံး၏အဒေါ်များဖြစ်ကြသော ဖွားလေးမာနှင့် ဒေါ်ဒေါ်သန်းတို့သည် သူတို့၏ သားသမီးများကိုပါ ခေါ်လာပြီး ကျွန်ုပ်တို့အဆောင်သို့လာ၍ အိမ်မှုကိစ္စ တာဟီရများကို ကူညီလုပ်ကိုင်ပေးတတ်ကြပါသည်။ ကျွန်ုပ်တို့သည် ထို အဒေါ်နှစ်ဦးကိုလည်း သူတို့စွမ်းဆောင်နိုင်သည့်ဘက်မှ ကူညီဖော်ရသဖြင့် ကျေးဇူးတင်ကြရပါသည်။

## ကျွန်ုပ်တို့၏သားဦးရတနာ

ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးလုံး အသက်အရွယ်အားဖြင့် မငယ်ကြတော့ပေ။ ထို့ပြင် ကျွန်ုပ်ကလည်း မကြာမီအချိန်အတွင်း ဘိလပ်သို့ သွားရမည်ဖြစ်၍ ခရီးမသွားမီ ကလေး မြန်မြန်ရအောင် ယူထားဖို့ စဉ်စား ဆုံးဖြတ်ထားကြသည်။ မျှားမကြာမီ 'အုံး'မှာ ကိုယ်ဝန်ရလာခဲ့ပါတော့၏။ ကျွန်ုပ်တို့ နှစ်ယောက်မှာ အခြားသောမိဘများနည်းတူ ဖြူသလား၊ မဲသလား။ သားလား၊ သမီးလား မသိနိုင်သေးသော ဝမ်းထဲမှ ကလေးအတွက် မျှော်လင့်စိတ်စောရင်မော၍ နေခဲ့ကြပါသည်။

ကျွန်ုပ်၏အမေက ကလေးသိပ်မထွားစေရန် အုန်းစိမ်းရေ များများ သောက်ပေးရမည် ဟုပြောရာ ချွေးမဖြစ်သူကလည်း တသွေ မတိမ်း လိုက်နာရှာသည်။ ကိုယ်လက်လှုပ်ရှား မှုရစေရန်အတွက် 'အုံး'ကို ကျွန်ုပ်နှင့်အတူ လမ်းမှန်မှန်လျှောက်စေသည်။ အနေအထိုင် အစားအသောက်ကိုလည်း ကျွန်ုပ်ကပင် ဂရုစိုက်၍ ကြီးကြပ်ပေးနေရသည်။ ပတ်ဝန်းကျင်ကမူ ကျွန်ုပ်တို့အား သားဦးမို့ အကဲပိုကြသည်ဟု ပြောကောင်း ပြောကြပေလိမ့်မည်။

'အုံး'သည်သားဖွားခွင့်ရမှသာ ပို၍အနားရပြီး သူကိုယ်သူ ပို၍ဂရုစိုက်နိုင်ပါတော့သည်။ ကိုယ်ဝန်တစ်လျှောက်လုံး ပါမောက္ခဒေါ်ခင်စီက ကြည့်ရှုပေးသည်။ မမွေးမီအချိန်အထိ ပြဿနာတစ်စုံတစ်ရာ မရှိဘဲ ပကတိ ပုံမှန်အတိုင်းသာဖြစ်ပါ၏။ တစ်စစနှင့် မွေးရက်ကို (၂)ပတ်ခန့် ကျော်လာခဲ့သည်။ ကလေး

www.burmeseclassic.com

www.burmeseclassic.com



၏ဦးခေါင်းအနေအထားက OP (Occipito Posterior) အနေအထား ဖြစ်နေ၍ကြက်ဆူဆီတိုက်ကာဝမ်းချပေးပြီး သားဖွားရန် လှုံ့ဆော်ပေးရသည်။ တင်ပါးဆုံရိုးကွင်း ကျဉ်းမကျဉ်း သေချာစေရန် ဓါတ်မှန်ရိုက်ရသည်။ 'အုံး'သည် ၁၈နာရီမျှ အာဝေနိကဒုက္ခကို ခံစားရပြီးနောက် ၁၂-၉-၅၉ နေ့တွင် သားဦးရတနာကို ချောမောအောင်မြင်စွာ မီးရှူးသန့်စင် ဖွားမြင်နိုင်ခဲ့ပါ၏။ သားဦးလေးအား ဘိုဘို ခေါ် ချိုတူး ဟူ၍ အမည်ပေးကြသည်။ အုံးသည် ဆေးရုံတွင် ၅ ရက်မျှသာ နေခဲ့ပါ၏။

## ဘိုဘိုတစ်ယောက် မျက်စိအောက်တွင်ကြီးပြင်းလာပုံ

သားဦးလေးရပြီးနောက်တွင် ကျွန်ုပ်တို့သည် ဒုက္ခသုက္ခ အမျိုးမျိုး တွေ့ကြုံရင်ဆိုင် ကြရသော်လည်း အပြုံး မပျက်ခဲ့ကြပါ။ 'အုံး'၏ ညီမများနှင့် ဒေါ်လေး ဒေါ်အမာတို့က ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြပါသည်။

ကလေးငယ်တစ်ယောက် မိမိတို့၏မျက်စိအောက်မှာပင် ကိုယ်ကာယ ကြီးထွားလာသကဲ့သို့ အသိဉာဏ်လည်း နေ့စဉ်နှင့်အမျှပင် ဖွံ့ဖြိုးတိုးတက်လာပုံကို စောင့်ကြည့်ရသည်မှာ ကျွန်ုပ်တို့အတွက် အလွန် စိတ်ဝင်စားဖွယ်ကောင်းသော အထူးအဆန်း အတွေ့အကြုံတစ်ခု ဖြစ်ပါတော့၏။ ထိုစဉ်က ဒေါက်တာစိုးသန်းသည် ဒတ်ဖရင်ဆေးရုံ၌ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ကျနေရာ ကျွန်ုပ်တို့အိမ်တွင်လာ၍ ထမင်းအတူစားလေ့ ရှိပါသည်။ ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာထင်အောင်အား လေးစားဂုဏ်ပြုသောအားဖြင့် သားကို 'ထင်အောင်မြင့်'ဟု ကင်ပွန်းတပ်ပေးလိုက်ရာ ကျွန်ုပ်၏အမည်လည်း အဖျားဆွတ် ပါပြီးသား ဖြစ်သွားပါ၏။

'သားဦးစနေ မီးလိုမွှေ' ဟူသော ကျွန်ုပ်တို့ မြန်မာလူမျိုးများ၏ ဆိုရိုးရှိသော်လည်း ကျွန်ုပ်တို့သည် သားကိုချစ်သော မေတ္တာစိတ်ကြောင့် ထိုဆိုရိုးစကားကို လုံးလုံး အလေးဂရုမပြုခဲ့ကြပေ။ 'အုံး'ကမူ သူ့သားကို အချစ်ပိုလွန်းသဖြင့် ပျက်စီးမှာပင် စိုးရသည်။ ဘိုဘိုသည် ကျွန်ုပ်တို့ မျက်စိအောက်မှာပင် တစ်နေ့တခြား ထွားကျိုင်းသန်မာလာလေသည်။ ထိုင်သည် ဖြစ်စေ၊ မတ်တတ်ရပ်သည်ဖြစ်စေ၊ လမ်းလျှောက်သည်ဖြစ်စေ၊ သူ စတင်လုပ်ဆောင်နိုင်သမျှ လူကြီးများက ဝိုင်း၍ အံ့ဩချီးကျူး ထောပနာပြုကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏သားကို အတော်ဆုံး၊ အတတ်ဆုံးဖြစ်စေရန် မျှော်လင့်သင့်သည်ထက် ပို၍ မျှော်လင့်နေခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။



တစ်ညနေတွင် ကျွန်ုပ်နှင့် ကိုစိုးသန်းတို့ နှစ်ယောက်အတူ ရှိနေခိုက် ဘိုဘိုသည် သူ၏လက်ချောင်းလေးကို အပေါ်ထောင်၍ ကလေးအသံဖြင့် စူးစူးဝါးဝါး အော်ဟစ်နေသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် သူလုပ်သလို လိုက်လုပ်ကြရာ နာရီဝက်ကျော်သည့်တိုင် မရပ်မနား ဆက်လုပ်နေသဖြင့် ကျွန်ုပ်တို့လူကြီးများက ဆက်မလုပ်နိုင်တော့ဘဲ လက်မြှောက် အရှုံးပေးရလေ၏။

ဘိုဘို တစ်နှစ်ခွဲအရွယ်ခန့်က ကျွန်ုပ်တို့သည် အနီးအနားရှိ ဈေးသို့သွား၍ ဖရဲသီး ဝယ်ကြသည်။ ဘိုဘိုက ဖရဲသီးကို သူသယ်မည်ဟု ပြောမရဆိုမရဘဲ ငွတ်တရွတ်တောင်း၍ ပေးလိုက်ရသည်။ လက်တွေ့တွင် ဖရဲသီးကို မနိုင်ဘဲ လွတ်ကျသွားသဖြင့် အစိတ်စိတ်အမွှာမွှာ ကွဲသွားပါလေ၏။ ထိုအခါ ကလေးပင်ဖြစ်သော်လည်း သူ့ပယောဂကြောင့်ဖြစ်ရသည်ကို ဝမ်းနည်း ပက်လက်ဖြစ်နေသောကြောင့် ကျွန်ုပ်တို့ကပင် ချော့မော့ ဖျောင်းဖျရသည်။

တနင်္ဂနွေနေ့များတွင် ဦးလေးဦးလှအောင်သည် မြေးအကြီး လင်းအောင်ကို ရင်ခွင်ထဲမှာချီ၍ ဆိုက်ကားဖြင့် ကျွန်ုပ်တို့အိမ်သို့ ရောက်လာတတ်သည်။ ထို့နောက် ဦးလေးသည် သူ၏ ဒူးပေါ်တွင် မြေး နှစ်ယောက်အား တစ်ယောက်တစ်ဖက်စီတင်၍ တစ်ချိန်လုံး ဒူးလှုပ်လျက် သီချင်း တစ်ပုဒ်ပြီး တစ်ပုဒ်ဆိုကာ ကလေးချော့နေတတ်ပါသည်။ ကျွန်ုပ်စိတ်ထင် သမီးချည်းလေးဦး မွေးထားသော ဦးလေးသည် မြေးယောက်ျားလေးနှစ်ယောက် ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်နေဟန်တူပါ၏။

ကျွန်ုပ်တို့ သားအမိသားအဖ သုံးယောက်သည် စနေ၊ တနင်္ဂနွေပိတ်ရက်များဆိုလျှင် စမ်းချောင်းတစ်လှည့် ဗဟန်းတစ်လှည့် အလည်အပတ်သွားကာ မိသားစုများနှင့်အတူ အချိန်ကုန်ဆုံးလေ့ရှိပါ၏။ မျိုးအောင်၏ သားများက ဘိုဘိုနှင့်ကစားလျှင် မညှာဘဲ ကြမ်းကြမ်းတမ်းတမ်း ကစားသည်ကို အုံးက မနှစ်မြို့ချေ။ ထို့ကြောင့် အုံးသည် စမ်းချောင်းအိမ်ကို သိပ်ပြီး မသွားလိုလှပေ။ ဗဟန်းအိမ်တွင်မူ သူ့သားနှင့်ဝမ်းကွဲ ညီအစ်ကိုအချင်းချင်း သင့်သင့်မြတ်မြတ်ကစားကြသည့်အတွက် အုံးသည် ဗဟန်းအိမ်သွားသည့်အခါ အမြဲတမ်း စိတ်လိုလက်ရ ပျော်နေတတ်သည်။ ဗဟန်းအိမ်ဝိုင်းမှာ ကျယ်ကျယ် ဝန်းဝန်းရှိပြီး သစ်ပင်ကြီးများလည်း ရှိသောကြောင့် ကလေးများလည်း ဆော့ကစား၍ ကောင်းသည်။ ထိုအချိန်အတောအတွင်း အုန်းသည် ဒုတိယကိုယ်ဝန် ရရှိလာခဲ့ပါ၏။ ကျွန်ုပ် နိုင်ငံခြားသို့ ပညာသင်မသွားမီ ကလေး နှစ်ယောက် ယူရန် ကျွန်ုပ်တို့လည်း ရည်မှန်းထားခဲ့ကြပါသည်။ ကျွန်ုပ်မရှိ လျှင် အုံးသို့ သားအမိကို

www.burmeseclassic.com

www.burmeseclassic.com



ဇဟန်းအိမ်သို့ ပို့ထားမည်။ ဂိုဒေါင်တစ်လုံးဆောက်ကာ မိမိတို့၏ကိုယ်ပိုင်ပစ္စည်းများကို သိမ်းဆည်းထားမည် စသည်စသည်ဖြင့် ကျွန်ုပ်မရှိသော အချိန်အတွင်း အုံးနှင့်ကလေးများ သက်သောင့်သက်သာနေနိုင်ဖို့ စဉ်းစား စီစဉ်နေရပါ၏။

## RGH တွင် လက်တွေ့သင်တန်းဆင်းခြင်း

ကျွန်ုပ်သည် UK သို့ ပညာသင်မသွားမီ ဒတ်ဖရင်ဆေးရုံတွင် နှစ်နှစ် အလုပ်လုပ်ရမည်။ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နှင်းရီထံ သတင်းပို့သောအခါ ဆရာမကြီးက ကျွန်ုပ်အား မည်သည့်နေရာမှာ လုပ်ချင်သလဲဟု မေးပါသည်၊ ဒတ်ဖရင်၌ ရှိသောအကြီးအကဲ နှစ်ဦးမှာကား OG (1) ပါမောက္ခ ဒေါ်ရင်မေနှင့် OG (2) ဒေါက်တာ ဒေါ်ခင်စီတို့ ဖြစ်ကြပါ၏။

### ပါမောက္ခဒေါ်ရင်မေ

ဆရာဝန်များ၊ သူနာပြုများနှင့် ခွဲစိတ်ခန်းအမှုထမ်းများ အားလုံးသည် ပါမောက္ခဒေါ်ရင်မေ၏ လက်အောက်ဝယ် ပြားပြား ဝပ်ကာ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရသည်။ ဆရာမကြီးကား ဤမျှ သြဇာအရှိန်အဝါ ကြီးမားသူ ဖြစ်ပါ၏။

ဆရာမကြီးသည် သားဖွားမီးယပ်ပညာလောကထဲသို့ ကျွန်ုပ် ရောက်ရှိလာခဲ့ခြင်းကိုမူ ကုတ္တိယတို့၏ပိုင်နက်အတွင်းသို့ ပုရိသယောကျ်ားတစ်ဦး ကျူးကျော်နယ်ချဲ့သည်ဟု သဘောထားကာ နှစ်မြို့ဟန်မတူချေ။

မိမိကိုယ်မိမိ ပြန်လည်၍ ဆန်းစစ်ဝေဖန်ရလျှင်လည်း ကျွန်ုပ်သည် ထိုစဉ်က အသက်အရွယ် ငယ်သေးသဖြင့် စိတ်မြန်ကိုယ်မြန်နှင့် ရှေ့နောက်ဆင်ခြင်မှု နည်းပါးလှသေးသည်။ 'ငါပြောတာအမှန်၊ ငါလုပ်တာ အမှန်'ဟူ၍ အတ္တလွန်ကဲသော လူငယ်တစ်ယောက်ပီပီ ယဉ်ကျေးသိမ်မွေ့မှု မရှိသောကြောင့် ရံဖန်ရံခါ၌ ကျွန်ုပ်၏ကိုယ်နှုတ်အမူအရာများသည်လည်း မောက်မာ ရိုင်းပြသည်ဟု အထင်ခံရဖွယ်ရှိ နိုင်ပါ၏။ သားဖွားမီးယပ်ပညာတွင် ဘွဲ့ကြို ကျောင်းသားဘဝမှပင် စတင်၍ မိမိ၏လက်ဦးဆရာဖြစ်ခဲ့သော ပါမောက္ခဒေါ်ရင်မေအား ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးသို့ ရိုကျိုးစွာဂါရဝပြုကြောင်း မိမိ၏ဘဝမှတ်တမ်းတွင် ရေးသားဖော်ပြအပ်ပါသတည်း။



မိမိကိုယ်တိုင် သားဖွားမီးယပ်ပညာဌာန၏ အကြီးအကဲ နေရာသို့ ရောက်ရှိလာသောအချိန်တွင် ကျွန်ုပ်သည်လည်း သားဖွားမီးယပ် အထူးကုဘာသာရပ်ကို လျှောက်ထားသူများအား စိစစ်ရွေးချယ်ရာ၌ ဇီဇာကြောင်သူ တစ်ဦးဖြစ်လာခဲ့ရာ မိမိငယ်ရွယ်စဉ်က ဆရာမကြီး၏ ရင်ထဲတွင်ရှိမည့် စိတ်ရင်းသဘောရင်းကို ပိုမိုနားလည် ကိုယ်ချင်းစာမိပါတော့သည်။ ရံဖန်ရံခါ၌ အချို့သောကျောင်းသူကျောင်းသားများက မိမိကိုလည်း ပုဂ္ဂိုလ်စွဲရှိသည်၊ မျက်နှာလိုက်သည်ဟု အထင်မှားကောင်း မှားကြပေလိမ့်မည်။ ကျွန်ုပ်အနေဖြင့်မူ MSc (OG) များကို ရွေးချယ်သည့်အခါ သူတို့၏ လုပ်ရည်ကိုင်ရည်ကိုသာ ဦးစားပေး စဉ်းစား ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ရကား အခြေအမြစ် မရှိသော ထိုစွပ်စွဲချက်များမှာ လက်ခံနိုင်ဖွယ်မရှိပါချေ။

### ပါမောက္ခဒေါ်ခင်စီ

ကျွန်ုပ်သည် OG (2) ဒေါက်တာဒေါ်ခင်စီ၏ လက်အောက်တွင် အလုပ်လုပ်ရန် ရွေးချယ်ခဲ့ပါသည်။

ဒေါ်ခင်စီက ကျွန်ုပ်အား သူမ၏ဌာနတွင် ပထမလက်ထောက်၊ နည်းပြဆရာအဖြစ် လက်ခံထားရှိပါသည်။ ဆရာမကြီးသည် စိတ်သဘောထားပြည့်ဝသော အမျိုးသမီးကြီးတစ်ဦးဖြစ်သည့်အပြင် ခရစ်ယန်ဘာသာဝင်တစ်ဦးပီသစွာ လူတိုင်းအပေါ် မေတ္တာထားရှိသူဖြစ်၏။ သစ္စာတရားကို လက်ကိုင်ထား၍ မှန်ကန်ဖြောင့်မတ်သူ ဖြစ်သဖြင့် ပြောရဲဆိုရဲသည်။ ဝန်ထမ်းအားလုံးကို ကျောသားရင်သား ခွဲခြားခြင်းမရှိဘဲ ရိုးသားပွင့်လင်းစွာ ဆက်ဆံတတ်သောကြောင့် သူမအား အများက လေးစားကြည်ညိုကြသည်။ ဆရာမကြီးသည် အထွေထွေခွဲစိတ်ပညာရပ်တွင် အတွေ့အကြုံများစွာရှိသော မိမိအကြောင်းကို ကြားသိထား၍ သူမ၏ဌာနတွင် အသုံးတည့်မည်ဟု ကြိုတင် တွက်ဆထားဟန်တူပါ၏။ သို့ရာတွင် ကျွန်ုပ်ကမူ သားဖွားမီးယပ်ပညာဌာနတွင် လက်တွေ့သင်တန်းဆင်းရန်လာသူဖြစ်သောကြောင့် ဆရာမကြီးစိတ်တိုင်းမကျလျှင် မိမိအား သွန်သင်ဆုံးမဖို့ ကြိုတင်ပြောပြထားရပါသည်။

ကျွန်ုပ်သည် ဒေါက်တာဒေါ်ခင်စီ၏ လက်အောက်၌ အလုပ် လုပ်ခဲ့ရသည်ကို အတိုင်းထက်အလွန် မွေ့လျော် ပျော်ပိုက်ခဲ့ပါ၏။ ကျွန်ုပ်တို့သည် မန္တလေးဆေးရုံကြီးတွင် လ/ထ ဆရာဝန်များအဖြစ် အတူတူ အလုပ် လုပ်ခဲ့ကြသော်လည်း ထိုစဉ်က ခင်မင်ရင်းနှီးခဲ့ခြင်းကို အခွင့်အရေးယူခြင်းအလျဉ်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ဂုဏာဝုတ္တိဝယဝုတ္တိ ရှိသေလေးစားစွာပင် ဆက်ဆံခဲ့ပါသည်။ ဆရာမကြီးသည် ကျွန်ုပ်အပေါ် ယုံကြည်သည့်အားလျော်စွာ ကုသရေးကိစ္စအဝဝတွင် ဝင်ရောက် စွက်ဖက်ခြင်း မပြုဘဲ မိမိကို ဝကွက်၍ အပ်လေ့ရှိသည်။ သို့သော် ကျွန်ုပ်အနေဖြင့် လုပ်ပိုင်ခွင့်ကိုကျော်၍ မလုပ်မိရန် အမြဲသတိပြု ဆင်ခြင်ခဲ့ပါသည်။ VVF, Ca. Vulva စသော ကျွန်ုပ် စိတ်ဝင်စားသည့် လူနာများကို ခွဲစိတ်လိုလျှင်လည်း ဆရာမကြီးထံ ခွင့်တောင်းပြီးမှသာ လုပ်ကိုင်ပါသည်။ ဗိုက်ခွဲ မွေးခြင်း၊ သားအိမ်ထုတ်ခြင်း၊ စသောခွဲစိတ်မှုများနှင့် စပ်လျဉ်း၍ ဆရာမကြီးသည် ကျွန်ုပ်ကို အာဏာကုန် လွှဲထားဘိသကဲ့သို့ မိမိစိတ်တိုင်းကျ ရွေးချယ် ဆုံးဖြတ် ဆောင်ရွက်စေပါသည်။ ကျွန်ုပ်ကလည်း ဆရာမကြီး၏ ယုံကြည်ကိုးစားမှုကို တန်ဖိုးထားလျက် မိမိ၏ လုပ်ပိုင်ခွင့်၊ မိမိ၏ လုပ်နိုင်စွမ်းကို ကျော်လွန်၍ မည်သည့်အခါမျှ မလုပ်ခဲ့ဘူးပေ။

## သားဖွားမီးယပ်ပညာလက်တွေ့သင်တန်းကာလ

ကျွန်ုပ်သည် အထွေထွေခွဲစိတ်ကုသမှုနှင့် စပ်လျဉ်း၍ အတွေ့အကြုံအတော်အသင့်ရှိသော်လည်း သားဖွားမီးယပ်ပညာနယ်ပယ်၌ စာတွေ့ လက်တွေ့ ဗဟုသုတများ နည်းပါးလှသေးသဖြင့် လေ့ကျင့်သင်ယူရန် မြောက်မြားစွာ ရှိကြောင်း၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိခဲ့ပါ၏။ ဤဘာသာရပ်၏ ထူးခြားချက်မှာကား မိခင်နှင့်တကွ မိခင်၏ဝမ်းတွင်းရှိသန္ဓေသားအပါအဝင် အသက်နှစ်ချောင်းနှင့် ဆက်နွယ်နေခြင်းပင်ဖြစ်၏။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ အကြိတ်အနယ် အသက်လုရမည့်အခြေအနေမျိုး ကြုံကြိုက်ခဲ့သော် မိခင်ရော ကလေးပါ အသက်ချမ်းသာမှုရရှိရေး ဦးတည်ရမည်ဖြစ်သော်လည်း မည်သည့်ဘက်ကို အလေးပေးသင့်သည်၊ မည်သူ့အကျိုးကို ပို၍ဦးစားပေးသင့်သည် စသော ခက်ခဲသိမ်မွေ့လှသည့် ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် ရွေးချယ် ဆုံးဖြတ်နိုင်စေရန်အလို့ငှာ ဆရာသမားတို့၏ အတွေးအခေါ်၊ အဆိုအမိန့်နှင့် လုပ်ပုံကိုင်ပုံ နည်းနာများအား စံနမူနာယူဖို့ လိုသည်။ စာအုပ်စာတမ်းများကို လေ့လာ မှတ်သားရမည်၊ အတွေ့အကြုံများ စုဆောင်း ရှာမှီးရဦးမည် ဖြစ်ပါသည်။

ကျွန်ုပ်၏လက်တွေ့သင်တန်း၌ အကျုံးဝင်သောလုပ်ငန်းများမှာ လူနာဆောင်အတွင်း လှည့်လည်၍ လူနာများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပါမောက္ခဒေါ်ခင်စီ၏ပထမလက်ထောက်အဖြစ် လုပ်ဆောင်ရန် ဖြစ်သည်။ ခွဲစိတ်ပြီး လူနာများနှင့် မခွဲစိတ်ရသော လူနာများကို အရေးပေါ်ဖြစ်စေ၊ အရေးပေါ်



မဟုတ်သည့် သာမန်အခြေအနေ၌ဖြစ်စေ၊ ကြည့်ရှုပြီး လိုအပ်သလို ကုသမှုပေးရသည်မှာ နားချိန်ဟူ၍ပင်မရှိ။ အချိန်ပြည့် အလုပ်တာဝန် ပိနေပါတော့၏။ သားဖွား မီးယပ်နှင့် စပ်လျဉ်း၍ ကျယ်ဝန်းနက်ရှိုင်းသော စာတွေ့ပညာများကို ပြဋ္ဌာန်း ကျမ်းစာအုပ်များတွင် မွှေနှောက်ကာ ဖတ်ရှုမှတ်သားရ၏။ သားဖွားမီးယပ်နှင့်ဆက်နွယ်သော ရောဂါဗေဒကဏ္ဍများကိုလည်း အခေါက်ခေါက် အခါခါ လေ့လာကျက်မှတ်ခဲ့ရပါ၏။

ပါမောက္ခဒေါ်ခင်စီ၏ စိတ်ရှည်လက်ရှည် လမ်းညွှန်သင်ပြပေးမှုကြောင့် ကျွန်ုပ်သည် သားဖွားမီးယပ်ဆိုင်ရာ ပြဿနာအမျိုးမျိုးကို ကြည့်ရှုကိုင်တွယ်ရာတွင် တစ်စစ ပိုမို ယဉ်ပါး ကျွမ်းကျင်လာခဲ့ပါ၏။ သူမနှင့် အနီးကပ်နေခွင့်ရသောကျေးဇူးကြောင့် ရှားပါးဆန်းကြယ်၍ လျှို့ဝှက်ခက်ခဲသော ရောဂါဝေဒနာနှင့် ပြဿနာအထွေထွေတို့ကို တွေ့ကြုံမှတ်သားခွင့် ရရှိခဲ့ပါသည်။ ထို့ပြင် စိတ်ဝင်စားဖွယ်ကောင်းသောလူနာများကို မိမိကိုယ်တိုင် အစအဆုံး ကြည့်ရှုကုသခွင့်ပေးရန် ပန်ကြားလျှင်လည်း ကြည်ဖြူစွာ ခွင့်ပြုမြဲဖြစ်၏။ သူမ၏ လက်အောက်တွင် လုပ်ကိုင်ခဲ့စဉ် ကာလတစ်လျှောက်လုံး ကျွန်ုပ်အား ပြစ်တင်ကဲ့ရဲ့သော စကားမျိုး တစ်ခွန်း တပါဒမျှ မပြောဆိုခဲ့ဘူးချေ။ ဆရာမကြီး ဒေါ်ခင်စီထံတွင် တပည့်ခံခဲ့သော လက်တွေ့သင်တန်းကာလမှာ ပျော်ရွှင်ဖွယ်ကောင်းလှပါဘိ။

ကျွန်ုပ်သည် မိမိထက်ဝါနုသောဆရာဝန်များကို အမြဲပင် ဝမ်းမြောက်ဝမ်းသာ ကိုယ်ရောစိတ်ပါ အကူအညီ ပေးခဲ့ပါ၏။ ဒေါက်တာဒေါ်ခင်ညွှန့်၊ ဒေါ်နန်းဦး၊ ဒေါ်ဖလောရင့်၊ မောင်မောင်၊ ဒေါ်ခင်ခင်ဖြူ၊ ဒေါ်ခင်ကြည်၊ ဒေါက်တာမောင်မောင်၊ ဒေါက်တာဒေါ်ခင်မြင့်မြင့် စသော ထင်ရှားသည့် OG များအပြင် အခြားသူများစွာတို့ကို သူတို့၏ လက်တွေ့သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ ပညာပိုင်းနှင့် စပ်လျဉ်း၍ မိမိတတ်စွမ်းသမျှ ကူညီ ပံ့ပိုးခဲ့ပါသည်။ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီ ဖြစ်ရကား အချို့သော ပုဂ္ဂိုလ်တို့အနေဖြင့် ပမာဒလေခ၍ မေ့မေ့လျော့လျော့ ဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်။

ဒတ်ဖရင်ဆေးရုံတွင် ကျွန်ုပ်အမှုထမ်းခဲ့စဉ်အချိန်က သွေးလျှုဘဏ်၊ ရောဂါဗေဒပြတိုက်၊ မိတ်မှန်ဌာန၊ အစရှိသော အထောက်အကူပြုဌာနများကို စတင်ဖွင့်လှစ်ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုဌာနများ အကောင်အထည် ပေါ်လာစေရေးအတွက် ကျွန်ုပ်သည် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာ ပါဝင်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ကာလ ရွေ့လျောကာ အချိန်

www.burmeseclassic.com

www.burmeseclassic.com



ကြာညောင်းလာသည်နှင့်အမျှ ထိုဖြစ်စဉ်များကို ခရေစေ့တွင်းကျ သိမီသူများလည်း မရှိကြတော့ပြီ။ ကျန်ရစ်သူအချို့လည်း မှေးမှေးပျောက်ပျောက် ဖြစ်နေကြလောက်ပေပြီ။ မှတ်တမ်းမှတ်ရာအဖြစ် အထောက်အကူဖြစ်စေခြင်းငှာ ထိုဖြစ်စဉ်များကို ကြိုးစား၍ ရေးသား ဖော်ထုတ်ပါအံ့။

## သွေးလှူဘဏ်ပေါ်ထွန်းလာခြင်း

ရှေးယခင်က RDH တွင် သွေးလှူဘဏ် မရှိကြောင်းကို ရှေ့ပိုင်း၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အမှန်အားဖြင့် 'သွေး'ဆိုသည်မှာ သားဖွားမီးယပ်ဆေးရုံကြီးတစ်ခုတွင် အမြဲမပြတ် လိုအပ်သည့်အချိန်တွင် အဆင်သင့်ရရှိနိုင်ရမည့် အဓိက လိုအပ်ချက်ကြီး ဖြစ်ပေသည်။ သွေးမရ၍ ဆုံးရှုံးခဲ့ရသောအသက်ပေါင်းများစွာ ရှိခဲ့ဖူးပါသည်။

သွေးလှူဘဏ်ဖြစ်မြောက်ရေးလုပ်ငန်း စတင် အကောင်အထည်ဖော်ရန် မိမိကို စေ့ဆော်တိုက်တွန်းသောဖြစ်ရပ်မှာ မှတ်တမ်းတင်ထိုက်သည် ဟု ရိုးသားစွာ ယုံကြည်မိပါ၏။ ဒုတိယဖရင်ဆေးရုံ AB(2) လူနာဆောင်တွင် ကျွန်ုပ် တာဝန်ကျစဉ် တစ်နေ့သ၌ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် ရှေ့ရောက်အချင်း (Placenta Previa)ကြောင့် သားမဖွားမီသွေးသွန်၍ ဆေးရုံသို့ ရောက်ရှိလာခဲ့ပါ၏။ ကျွန်ုပ်လည်း သမရိုးကျလုပ်ထုံးလုပ်နည်းအတိုင်း (Major Type of Placenta Previa) ဖြစ်နိုင်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ ဆရာဝန်ကြီးထံ အကြောင်းကြား အစီရင်ခံထားလိုက်သည်။

စာပို့ဝန်ထမ်းသည် စက်ဘီးဖြင့် ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်၊ Seventh Day Adventist ဆေးရုံနှင့် ပုဂ္ဂလိကသွေးလှူဘဏ်များသို့ လှည့်ပတ် သွားရောက်၍ သွေးတောင်းခံရသည်။ ထို အတောအတွင်း သွေးများဒလဟောဆင်းနေသောလူနာအား သွေးပေါင်မကျစေရန် ဂလူးကို့စ်နှင့် ဆားရည်များကို တစ်လုံးပြီးတစ်လုံး အလျင်အမြန် အစားဖြည့် သွင်းပေးနေသော်လည်း အလျဉ်မမီပေ။ သွေးရှာထွက်သည့် ဝန်ထမ်း ပြန်ရောက်ချိန်တွင် အလာကောင်းသော်လည်း အခါနှောင်းခဲ့ပေပြီ။ သွေးဆုံးရှုံးမှုကြောင့် သွေးပေါင်ကျဆင်းသည်ကို မည်သို့မျှမတားဆီးနိုင်ရကား လူနာခမျာ ရေတိမ်နစ်ခဲ့ရရှာပေသည်။ ထိုလူနာ အသက်ဆုံးရှုံးရသည့်အတွက် ကျွန်ုပ်မှာ ဆောက်တည်ရာမရအောင် ယူကြုံးမရဖြစ်ပြီး အခြေအနေအရပ်ရပ်ကို မကျေမနပ်ဖြစ်ကာ အမျက်ဒေါသထွက်နေမိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် RDH ကဲ့သို့သော ဆေးရုံ



ကြီးတစ်ခုတွင် သွေးလှူဘဏ်မရှိခြင်း၊ သွေးမရ၍ မသေသင့်ဘဲ လူနာ သေဆုံးရခြင်း ဖြစ်ရပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုမိခဲ့မိပါ၏။

ကျွန်ုပ်သည် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နှင်းရီထံသို့ တိုက်ရိုက်သွားရောက်တွေ့ဆုံပြီး သွေးမရ၍ လူနာသေဆုံးရသည့် ဖြစ်စဉ်ကို တင်ပြပြီး အလျှင်အမြန် သွေးလှူဘဏ် တည်ထောင်ပေးရန် တောင်း ဆိုခဲ့သည်။ စင်စစ်အားဖြင့် ထိုအချိန်က ကျွန်ုပ်သည် အညတြ လ/ထ ဆရာဝန်လေးတစ်ယောက်မျှသာ ဖြစ်သည်ကို သတိချပ်စေလိုပါ၏။ ဆေးရုံအုပ်ကြီးက သွေးလှူဘဏ်ထူထောင်ရေးအတွက် အခက်အခဲများစွာ ရှိသေးကြောင်းပြော၍ လောလောဆယ် စိတ်လျှော့ထားရန် မိမိအား နှစ်သိမ့်ဖျောင်းဖျပါသည်။ ကျွန်ုပ်ကမူ ဆေးရုံအုပ်ကြီး၏စကားကို လက်မခံဘဲ သွေးလှူဘဏ် ထူထောင်ရန်အတွက် ရေခဲသေတ္တာတစ်လုံးသာရှိရန် လိုကြောင်း၊ Anti-A, Anti-B Sera များ ရှိလျှင် သွေးအုပ်စုခွဲခြားပြီး သိမ်းဆည်းထားရန်သာ လိုကြောင်း၊ သွေးမပေးမီ တည့်မတည့် ထပ်မံစစ်ဆေးရန်ကိုလည်း ရုံးချိန်ဆိုလျှင် ရောဂါဗေဒ ဆရာဝန်က တာဝန်ယူ၍ ရုံးချိန်ပြင်ပဆိုလျှင် အလှည့်ကျသော တာဝန်ကျဆရာဝန်က တာဝန်ယူ လုပ်ဆောင်ပေးနိုင်ကြောင်း ချေပ ပြောဆိုမိသည်။ သွေးလှူရှင်ရရန် နေ့စဉ်ထုတ်သတင်းစာများ၌ ကြော်ငြာလျှင် စေတနာရှင်များ လိုသည်ထက်ပင် ပို၍ရရှိနိုင်သောကြောင့် ပူရန်မလိုပေ။ ကျွန်ုပ်သည် ဆေးရုံအုပ်ကြီး စိတ်ပြောင်းကာ မိမိ၏အဆိုကို လက်မခံမချင်း မကြာခဏ သွားရောက် နားပူနားဆာ လုပ်ခဲ့ပါ၏။

များမကြာမီကာလတွင် A အဆောင် အပေါ်ထပ်၌ သွေးလှူဘဏ်ကို စတင်တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အရေးပေါ်လူနာများအတွက်လည်းကောင်း၊ လိုအပ်သော သားဖွားလူနာများအတွက် သိမ်းဆည်း သိုလှောင်ရမည့် သွေးများကိုလည်းကောင်း လှူဒါန်းကြရန် ဖိတ်ခေါ်ထားရာ စေတနာရှင်များ တဖွဲဖွဲလာရောက် သွေးလှူခဲ့ကြပါသည်။ ကျွန်ုပ်သည် မိမိစတင် အကြံပြုလိုက်သော ဤသွေးလှူဘဏ်လုပ်ငန်း ဆက်လက်၍ ချောမွေ့စွာ လည်ပတ်နိုင်စေရန် ရောဂါဗေဒဌာန ပါမောက္ခဒေါ်စောသာနှင့် ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သော အကြံဉာဏ်နှင့် အကူအညီများကို ဖြည့်ဆည်းပေးခဲ့ပါသည်။ အရည်အချင်းပြည့်ဝသောဆရာမကြီးကပင် သွေးလှူဘဏ် အစွန့်ရှည်စွာ တည်တံ့ရန် ဦးဆောင်လုပ်ကိုင်သွားခဲ့ပါ၏။ မျက်မှောက်ခေတ်၌ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် သွေးလှူဘဏ် မည်ကဲ့သို့ ဖြစ်ပေါ်လာခဲ့သည်၊ မည်သည့်အချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်ခဲ့သည်၊ ဖြစ်ပေါ်လာရေးအတွက် မည်ကဲ့သို့ ကြိုးစား လုံးပန်းခဲ့ရသည် အစရှိသော ရာဇဝင်ကြောင်းကို သိမီသူများ မရှိသလောက် ရှားလိမ့်မည်ဟု ယုံကြည်မိပါသတည်း။

## ရောဂါဗေဒပြတိုက်

ကျွန်ုပ် အစပျိုးခဲ့သော အခြားလုပ်ငန်းတစ်ခုကား ဒတ်ဖရင်ဆေးရုံတွင် ရောဂါဗေဒပြတိုက်တစ်ခု တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သားဖွားမီးယပ်ရောဂါများအနက် တွေ့မြင်ရခဲသော ရှားရှားပါးပါး ရောဂါ အလုံးအခဲများကို မပုပ်မသိုးအောင် သိမ်းဆည်းမထားနိုင်သဖြင့် နေ့စဉ်နှင့်အမျှ စွန့်ပစ်နေရသည်ကို ကျွန်ုပ်သည် နှမြောမဆုံးနိုင်ဘဲ ယူကြုံးမရ ဖြစ်နေခဲ့မိပါသည်။ ဆေးပညာရှုထောင့်မှကြည့်လျှင် အဖိုးမဖြတ်နိုင်သော ထို ရောဂါနမူနာပစ္စည်းများကို စံနစ်တကျ သိုမှီးသိမ်းဆည်းခြင်း မပြုနိုင်သောကြောင့် နောင်လာ နောက်သားတို့ ကြည့်ရှုလေ့လာခွင့်မရဘဲ အဟောသိက ဆုံးရှုံးနေခြင်းကို စိတ်မချမ်းမြေ့သည့်အတွက် ယင်းတို့အား စုဆောင်းကာ ပြတိုက်တစ်ခု ပေါ်ပေါက်လာသည်အထိ ကြိုးစားဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချခဲ့မိပါတော့သည်။

မည်သည့်အကြောင်းကိစ္စမဆို ကြိုတင်စီမံချက်ရှိရန် လိုအပ်သည်။ ကျွန်ုပ်သည် ဆေးကောလိပ် ရောဂါဗေဒဌာနမှ ဓါတ်ခွဲကျွမ်းကျင်သူတစ်ဦးနှင့် ခင်မင်အောင် ပေါင်းသင်းပြီးနောက် ကျွန်ုပ်၏ရည်ရွယ်ချက်ကို သူ့အား ရှင်းလင်းပြောပြကာ မရမက အကူအညီတောင်းခဲ့သည်။ ကျွန်ုပ်က တစ်ပတ်လျှင် Specimen တစ်ခု၊ နှစ်ခု ရအောင် ရှာဖွေပြီး သူ့ထံ အပ်နှံလိုက်လျှင် သူက မပုပ်သိုးရအောင် စံနစ်တကျ ဆေးစိမ်ပြီး ဖန်ဘူးထဲထည့်ပေးသည်။ ဖန်ဘူးများကို အစီအရီ သိမ်းဆည်းနိုင်ရန် စင်များ ပြုလုပ်ထားရသည်။ ဤနည်းအားဖြင့် တစ်နှစ်ခန့် ဖွဲ့ကောင်းစွာ မှန်မှန်စုဆောင်းခဲ့ရာ ဘွဲ့ကြိုနှင့်ဘွဲ့လွန်ကျောင်းသားများကို သင်ပြပေးရန် Specimen ၅၀ ကျော်ခန့် ရရှိခဲ့ပါသည်။ လိုအပ်သော ပစ္စည်းများဝယ်ရန်နှင့် ကူညီလုပ်ကိုင်ပေးသော ဓါတ်ခွဲခန်းကျွမ်းကျင်သူအား လက်ဖက်ရည်ဖိုးပေးခြင်း စသော ကုန်ကျငွေများကို မိမိအိတ်ထဲမှ စိုက်ထုတ် ကုန်ကျခဲ့ခြင်း ဖြစ်ပါသည်။ ပါမောက္ခဒေါ်စောသာ ရောက်ရှိလာသောအခါ ကျွန်ုပ် စတင်ပျိုးထောင်ခဲ့သော ရောဂါဗေဒပြတိုက်အား ဆရာမကြီးလက်သို့ လွှဲပြောင်းပေးလိုက်ပါ တော့သည်။



## ဓါတ်မှန်ဌာန

ထိုစဉ်အချိန်က ဒတ်ဖရင်ဆေးရုံ၌ ဓါတ်မှန်ဌာန သီးသန့် မရှိသောကြောင့် ဓါတ်မှန်ရိုက်ရမည့် လူနာများကို ရန်ကုန်ဆေးရုံကြီးသို့သာ ပို့ပေးရ၏။ ကျွန်ုပ်တို့သည် 200 MA ဓါတ်မှန်စက်တစ်လုံး ဝယ်ယူရရှိသောအခါ B ဆောင်အောက်ထပ်၌ အခန်းဖွဲ့ ပြင်ဆင်ပြီး ဓါတ်မှန်ဌာနကို စတင်တည်ထောင်ခဲ့ကြပါသည်။ ကျွန်ုပ်၏သူငယ်ချင်း ဓါတ်မှန်ဆရာဝန်ကြီးဒေါက်တာဦးကျော်အောင်၏ ကူညီစီစဉ်ပေးမှုဖြင့် ရန်ကုန်ဆေးရုံကြီးမှ ဓါတ်မှန်ဆရာဝန် ဒေါက်တာဒေါ်ငွေးမြင့်သည် ကျွန်ုပ်တို့ထံသို့ တစ်ပတ်လျှင်နှစ်ရက် လာရောက် လုပ်အားပေးခဲ့ပါသည်။ ဓါတ်မှန်စက် ရှိရုံသာမက ဓါတ်မှန်ဆရာဝန်ကိုယ်တိုင်လည်း လာရောက် ကြီးကြပ်ပေးနိုင်သဖြင့် ယခင်က မလုပ်နိုင်ခဲ့သော Hystero salpingo gram ကဲ့သို့ အထူးဆေးဓါတ်မှန်များကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဓါတ်မှန်ဆရာဝန်၏မှတ်ချက်နှင့်တကွ ဓါတ်မှန်ပုံများ၏ အထောက်အကူကြောင့် ကုသရေးသာမက သင်ကြားရေးအဆင့်အတန်းလည်း ပိုမို တိုးတက်လာခဲ့ပါသည်။

## ဆေးပညာဆွေးနွေးပွဲ

ကျွန်ုပ် တက်တက်ကြွကြွပါဝင်ခဲ့သည့် မှတ်သားဖွယ်ကောင်းသော အလုပ်ရှားမှုတစ်ရပ်မှာ ဆေးပညာ ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဆွေးနွေးပွဲများကို RDH တွင် တစ်လတစ်ကြိမ် ကျင်းပရာ American Seventh Day Adventis Hospital မှ ဆရာဝန်များ၊ တောင်ဥက္ကလာ အမျိုးသမီးဆေးရုံမှဆရာဝန်များနှင့် ကျွန်ုပ်တို့ RDH မှ ဆရာဝန်များ တက်ရောက်ကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ရောဂါများအကြောင်း တင်ပြ၍ ရှုထောင့်မျိုးစုံမှ ဝိုင်းဝန်း ဆွေးနွေးကြခြင်းဖြစ်၏။ ထိုဆေးပညာ ဆွေးနွေးပွဲများကြောင့် ဆရာဝန်အများစုသည် အသိအမြင် ကျယ်ပြန့်လာရုံသာမက ဆေးပညာဗဟုသုတများလည်း လက်ဆောင်ရရှိတတ်၍ လိုလိုလားလား မျှော်လင့်စောင့်စားနေကြလေ့ရှိသည်။ တောင်ဥက္ကလာဆေးရုံမှ သီလရှင်ဆရာဝန်များနှင့် Dr. Dunn တို့အဖွဲ့ကို လစဉ် ဆေးပညာဆွေးနွေးပွဲများတွင် အမြဲလိုလို တွေ့မြင်ရလေ့ရှိသည်။ ထိုဆေးရုံများ ပြည်သူပိုင်မသိမ်းမီအထိ လစဉ် ဆေးပညာ ဆွေးနွေးပွဲများကို မပျက်မကွက် ကျင်းပပြုလုပ်ခဲ့ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပါမောက္ခဒေါ်ခင်စီအား ဗိုက်ခွဲ၍သားဖွားပေးခြင်း

ဒေါက်တာဒေါ်ခင်စီသည် ထိုအချိန်က ဒုတိယကလေး ကိုယ်ဝန် ဆောင်ထားသောအချိန်ဖြစ်၏။ ကိုယ်ဝန်ကို ကြည့်ရှု၍ ပါမောက္ခဒေါ်ခင်စီက သူ့အား LSCS လုပ်ပေးဖို့ ကျွန်ုပ်ကို ပြောလာပါသည်။ အရည်အချင်း ပြည့်ဝ သော သားဖွားအထူးကု မဟုတ်သေးသဖြင့် မိမိ ပြုလုပ်ပေးရန် မသင့်လျော် ကြောင်း ငြင်းဆိုရပါသည်။ ဒေါက်တာဒေါ်ခင်စီ၏သားဦးကို ဆရာမကြီး ဒေါ် ရင်မေပင် မွေးဖွားပေးခြင်းဖြစ်၍ ယခုကိုယ်ဝန်ကိုလည်း ဆရာမကြီး ကိုယ်တိုင် ပင် LSCS လုပ်ပေးပါရန် ပန်ကြားသင့်ကြောင်း ကျွန်ုပ်က အကြံပြုပါသေး သည်။ သို့ရာတွင် ဒေါ်ခင်စီက ကျွန်ုပ်ကိုပင် LSCS လုပ်ပေးပါဟု မေတ္တာ ရပ်ခံပြန်ရာ မိမိမှာ အရည်အချင်း ပြည့်စုံသူမဟုတ်သောကြောင့် မလျော်ကန် ကြောင်း အားနာနာဖြင့် ထပ်မံ ပြောရပြန်ပါသည်။

ကြံရာမရတော့သည့်အဆုံး ပါမောက္ခဦးကြည်ပေါ်အား LSCS လုပ် ပေးရန် တောင်းပန်ကြသော်လည်း သူ့အနေနှင့် အထွေထွေခွဲစိတ်ရောဂါများ ကိုသာ ကိုင်တွယ်လုပ်ကိုင်နေသူဖြစ်၍ သားဖွားမီးယပ်ဆိုင်ရာခွဲစိတ်မှု မလုပ်လို တော့ကြောင်း ပြောလိုက်ပြန်ရာ ကျွန်ုပ်တို့အဖို့ ဘေးကြပ်နံကြပ် ဖြစ်ခဲ့ရပါသည်။

ကိုယ်ဝန် ၃၈ပတ်ပြည့်မြောက်သောအခါ ကျွန်ုပ်သည် AMS I ဒေါက်တာဒေါ်ခင်အေးစီ (DGO) အား LSCS လုပ်ရာတွင် ဦးဆောင်ခွဲစိတ် ပေးရန်နှင့် မိမိလည်း ဝင်ရောက် ကူညီမည့်အကြောင်း ပါမောက္ခဒေါ်ခင်စီမှ တစ်ဆင့် မေတ္တာရပ်ခံရပါသည်။ သတ်မှတ်သောနေ့ရက်တွင် ဒေါက်တာ ဒေါ်ခင်အေးစီ ဦးဆောင်၍ ခွဲစိတ်ပြီး ကျွန်ုပ်က လက်ထောက်အဖြစ် ကူညီပါ သည်။ ယခင်ခွဲစိတ်မှုကြောင့် ဖြစ်လာသော အမြှေးကပ်ခြင်း၊ အူကပ်ခြင်းတို့ကို ဂရုတစိုက်ရှင်းလင်း ဖယ်ရှားပေးပြီးနောက် ကလေးငယ်ကို အောင်မြင်စွာ မွေး ထုတ်ပေး နိုင်ခဲ့ပါသည်။

ခွဲစိတ်သူ ကျွန်ုပ်တို့ဆရာဝန်နှစ်ဦးလုံးမှာ လူနာအတွက် ရတက် မ အေး ဖြစ်ခဲ့ကြရပါသည်။ အကယ်၍တစ္ဆ ခွဲစိတ်မှုပြုလုပ်စဉ် ချွတ်ချော် တိမ်း စောင်းခဲ့သော် ကျွန်ုပ်တို့နှစ်ယောက်၏ ညံ့ဖျင်းမှုကြောင့် ဖြစ်ရသည်ဟု ဝိုင်းပြီး လက်ညှိုးထိုးကြမည်မှာ ဧကန်မုချပင်။ ခွဲစိတ်မှု ချောမော အဆင်ပြေ လျှင်ကား ပုံမှန်ဟုသာ သဘောထားလျက် မည်သူတစ်ဦးတစ်ယောက်ကမျှ ချီးမွမ်းဖော် မည်မဟုတ်ချေ။ လူနာနှင့်တကွ ခွဲစိတ်ပေးသူ ကျွန်ုပ်တို့ နှစ်ယောက်လုံးအတွက် ကံကောင်းထောက်မစွာဖြင့် အစစအဆင်ပြေပြေ အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။



မကြာမီ အချိန်အတွင်း မိခင်ရောကလေးပါ ကျန်းကျန်းမာမာ ဆေးရုံမှ ဆင်း သွားခဲ့ကြပါ၏။

## ပြည်ပခရီးအတွက်ပြင်ဆင်ရခြင်း

ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးဦးလတ်သည် ကျွန်ုပ် ဘီလပ် သို့ ပညာတော်သင်သွားရေးအတွက် လိုအပ်သော စာရွက်စာတမ်းများ အားလုံး ကို လက်မှတ်ထိုးထားပြီးဖြစ်ပါ၏။ ကျန်းမာရေးဝန်ကြီးဌာနတွင် လ/ထ အတွင်း ဝန်ဦးစံရှိန်မှာ ကျွန်ုပ် ငှက်ဖျားတိုက်ဖျက်ရေးဌာနနှင့် အမှုထမ်းစဉ်က ပခုက္ကူ နယ်ပိုင် ဖြစ်ခဲ့သဖြင့် သိကျွမ်းဖူးသူဖြစ်သည့်အားလျော်စွာ စကောလားရှစ် မြန်မြန်ဆန်ဆန်ရရှိရန် အင်တိုက်အားတိုက် ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။

သူငယ်ချင်းများဖြစ်ကြသော ကိုကြည်လင်နှင့်ဒေါက်တာဦးနေဝင်း တို့က သူတို့၏ဝတ်စုံများကို ပေးကြပါသည်။ လေယာဉ်လက်မှတ်ရရှိရန် ဗြိတိသျှ ကောင်စီနှင့် စီစဉ်ပြီးနောက် ပြည်ပသို့ထွက်ခွာရန် အသင့် ဖြစ်နေပြီဖြစ်ပါ၏။ ကျန်ရှိနေသော ရက်အနည်းငယ်ကာလအတွင်း ကိုယ်စိတ် ပင်ပန်းလှပါဘိ၊ ကျွန်ုပ်တို့သည် ဒတ်ဖရင်တိုက်ခန်းမှ ဗဟန်းအိမ်သို့ ပြောင်းရွှေ့ပြီးနောက် အုံးနှင့် သားသမီးများ သက်သောင့်သက်သာ နေနိုင်ကြစေရန် လုပ်ကိုင်ပေးသင့်သည် များကို စဉ်းစားလုပ်ကိုင် ပေးနေရသည်။ ကျွန်ုပ်က အမျိုးမျိုးတွေး၍ ပူပန် ကြောင့်ကြနေမိသော်လည်း သူတို့မှာ မိဘမောင်နှမများနှင့် ကျန်ရစ်ခဲ့ခြင်း ဖြစ်ကြောင်း အသိတရားဝင်မှ အပူအပင်လျော့ကာ စိတ်အေးနိုင်ပါတော့၏။

ယခုအခါ ဇနီးဖြစ်သူ 'အုံး'မှာ ဒုတိယကလေး သီတာကို ဝမ်းတွင် လွယ်ထားရသောအချိန်ဖြစ်ရကား ကျွန်ုပ်အနေဖြင့် မိမိ နိုင်ငံခြားသို့ မထွက်ခွာ မီ အုံးနှင့်ကလေးနှစ်ယောက် နေရေးထိုင်ရေးအတွက် အဖက်ဖက်မှ စဉ်းစား စီစဉ် နေရပါသည်။ ကျွန်ုပ် ဘီလပ်သို့ ရောက်ရှိနေစဉ် ကာလအတွင်း အုံးနှင့် ဘိုဘိုတို့ကို ဗဟန်းသို့ ပြောင်းရွှေ့ထားရန် စီစဉ်ပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ် ပိုင်ပစ္စည်းများ သိမ်းဆည်းထားရန် ဂိုဒေါင်တစ်လုံး ဆောက်ရသည်။ ကျွန်ုပ်တို့ မိသားစုအတွက် နေရာချထားသောအခန်းတွင်လည်း ပြတင်းပေါက်များ ဖောက် ရသည်။ ကျွန်ုပ်မရှိသောအချိန်ကာလအတွင်း သူတို့သားအမိများ သက်သောင့် သက်သာ နေနိုင်ကြစေရန် စီမံဆောင်ရွက်ပေးခဲ့ရပါသည်။

'အုံး'ကမူ ကာလရှည်ကြာစွာ ခွဲခွာသွားရမည် ဖြစ်သဖြင့် ငြိမ်ဆည် နိုင်အောင် ဖြစ်နေခဲ့ရှာသည်။ သူမသည် ခင်ပွန်းသည် မရှိသောအချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးလက်ဝန်နှင့် ကျန်ရစ်ခဲ့ရမည့်အဖြစ်ကို စိတ်အားငယ်နေခြင်းပင် ဖြစ်ပါ၏၊ ဤခရီးသည် ကျွန်ုပ်အတွက် အရေးကြီးသောလိုအပ်ချက် ဖြစ်သကဲ့သို့ မိသားစု အနာဂတ်ရေးအတွက် ကောင်းသောသွားခြင်းဖြစ်ကြောင်း နားဝင်အောင် ဖျောင်းဖျပြောဆိုမှသာ နောက်ဆုံးတွင် တဖြည်းဖြည်း လက်ခံလာခဲ့ပါတော့၏၊ ကျွန်ုပ်မရှိသော်လည်း 'အုံး'၏ ကိုယ်ဝန်ကို ပါမောက္ခဒေါ်ခင်စီကိုယ်တိုင် ကြည့်ရှုပေးမည်ဖြစ်၍ ပူပင်ရန် အကြောင်းမရှိပါချေ။

ထိုစဉ်အချိန်က ဂျက်လေယာဉ်များ စတင်ပျံသန်းခါစဖြစ်၏။ လွန်ခဲ့သော လအနည်းငယ်ခန့်ကပင် BOAC Comet လေယာဉ်နှစ်စီး (အရှေ့အလယ်ပိုင်းဒေသ၌တစ်စီး၊ ကာလကတ္တားမြို့အနီး၌တစ်စီး) ပျက်ကျ၍ ခရီးသည်များသေဆုံးရာ ပညာတော်သင်အများအပြား ပါဝင်ကြောင်း ကြားသိရသည်၊ ယခုလည်း ကျွန်ုပ်သည် ဗြိတိသျှကောင်စစ်ဝန်ရုံးမှ ခွင့်ပြုသော Comet လေယာဉ်ဖြင့်ပင် လန်ဒန်သို့ ခရီးနှင်ရမည်ဖြစ်၏။ အခြားရွေးချယ်ရန်လည်း နည်းလမ်းမရှိပေ။

ကျွန်ုပ် ခရီးမသွားမီညက 'အုံး'သည် တစ်ညလုံးလိုလို ငိုကြွေးနေခဲ့၏၊ ကျွန်ုပ်လည်း သူမအား ကိုယ်ဝန်မပေါ့မပါးနှင့် ချန်ထားခဲ့ရသဖြင့် အထူးပင် စိတ်မချမ်းမြေ့ပါ။ နောက်ဆုံးတွင် ကျွန်ုပ်သည် MRCOG ဘွဲ့ကို အမြန်ဆုံး ရရှိအောင် ကြိုးစားမည့်အကြောင်း ကတိပြုကာ သူမအနေဖြင့်လည်း မိမိကိုယ်မိမိ ကျန်းမာအောင်ဂရုစိုက်ဖို့နှင့် ကလေးများကို ကြည့်ရှုစောင့်ရှောက်ပေးဖို့ မှာကြားခဲ့ရပေသတည်း။

အခန်း(၁၂)

# UK ပညာတော်သင်ဘဝ

## ပညာတော်သင်ခရီးစတင်ခဲ့ပုံ

နိုင်ငံရပ်ခြားသို့ တစ်ခါတစ်ခေါက်မျှမရောက်ဘူးသော ကျွန်ုပ်သည် ကိုလံဘိုစီမံကိန်း ပညာတော်သင်တစ်ဦးအဖြစ် ဘိလပ်ခရီးစဉ်ကို စတင်ခဲ့ပြီး လေဆိပ်တွင် လာရောက်ကြိုဆိုရန် Dr သိန်းထွန်းထံ ကြေးနန်းပို့ အကြောင်းကြားပြီးဖြစ်ပါ၏။ ၂၄-၁၁-၁၉၆၂ နေ့တွင် Comet လေယာဉ်ဖြင့် စီးနင်းလိုက်ပါခဲ့ရာ မိမိအနေဖြင့် အမျိုးမျိုး တွေးတော ပူပင်ကြောင့်ကြနေခဲ့သော်လည်း ခရီးစဉ်တစ်လျှောက် ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်ဘဲ ချောချောမောမော ရောက်ရှိခဲ့ပါသည်။

နောက်တစ်နေ့နေ့လည် (၁)နာရီခန့်တွင် လန်ဒန်မြို့ဟီးသရိုးလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။ လေဆိပ်တွင် Dr ဦးသိန်းထွန်း လာရောက်ကြိုဆိုနေသည်ကို တွေ့ရပါ၏။ ဗြိတိသျှကောင်စီ၏ဧည့်လမ်းညွှန်က မိမိအား တည်းခိုရမည့် ဟော်တယ်အရောက် ပို့ဆောင်ပေးပြီးနောက် နေသဟာယအဖွဲ့ ဆေးဘက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ် Sir Mc. Robert နှင့် တွေ့ဆုံရန် နောက်နေ့မနက်သူ လာခေါ်မည်ဟုမှာကြားသွားပါသည်။ ကိုသိန်းထွန်းကမူ ဟော်တယ်၌ ကျွန်ုပ်နှင့်အတူ အချိန်အတန်ကြာနေပြီးမှ သူလည်း မကြာခဏလာတွေ့ပါမည်ဟု အားပေးစကားပြောပြီး ပြန်သွားပါသည်။ နိုင်ငံရပ်ခြား၌ မည်သို့မည်ပုံ ဆက်လက် စခန်းသွားရမည်ကို စိတ်လေးနေသဖြင့် ညစာကိုပင် မြိန်ရည်ရှက်ရည် စားနိုင်တော့ဘဲ မိမိအခန်းသို့ တန်းသွားခဲ့ပါသည်။ ညအိပ်ဝတ်စုံ မပါခဲ့၍

www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းသောအခါ မြန်မာလုံချည်ဖြင့်ပင် ကိုယ်လက်သန့်စင်ခန်းထဲ ဝင်ခဲ့ရပါသည်။

## လန်ဒန်ရှိမြန်မာသံရုံး

Dr သိန်းထွန်းကပင် ကျွန်ုပ်ကို Half moon လမ်းရှိ မြန်မာသံရုံးသို့ လိုက်ပို့ပေးခဲ့ပါသည်။ သံရုံးဝန်ထမ်းများသည် ကျွန်ုပ်တို့အား ဟက်ဟက် ပက်ပက်မရှိကြဘဲ အေးတိအေးစက် လက်ခံစကားပြောဆိုကြသည်ကို တွေ့ကြုံရသဖြင့် အံ့ဩမဆုံးဖြစ်ခဲ့ရပါ၏။ အမိနိုင်ငံအား ကိုယ်စားပြုရသော သံရုံးဝန်ထမ်းများအနေဖြင့် တိုင်းတပါးသို့ရောက်ရှိစဉ် သံရုံးသို့ လာရောက်ကြသည့် နိုင်ငံသားများကို လှိုက်လှဲပျူငှာစွာ ကြိုဆိုသင့်ကြသည်မဟုတ်ပါလော။

## ပင်းဇန့်တွေ့ဆုံပွဲ

MRCOG အောင်မြင်၍အမိနိုင်ငံသို့ ပြန်တော့မည့်အချိန် ဝေလပြည်နယ်ရှိ ပင်းဇန့်တွင် ပြည်တော်ပြန်မည့် ပညာတော်သင်များကို နှုတ်ဆက်ပွဲအခမ်းအနားအစီအစဉ်နှင့် တိုက်ဆိုင်နေသောကြောင့် ကျွန်ုပ်လည်း တက်ရောက်ခွင့်ရရှိခဲ့သည်။ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်တကွ အခြားသောအဆင့်မြင့်သံဝန်ထမ်းတို့ တက်ရောက်ကြသော ထိုနှုတ်ဆက်ပွဲအခမ်းအနားတွင် ကျွန်ုပ်သည် လန်ဒန်ရောက်စ သံရုံးမှာ သတင်းပို့စဉ်က မည်သို့မည်ပုံ ဆက်ဆံခဲ့ကြသည်ကို ဖွင့်ဟ ပြောဆိုခဲ့ပါသည်။ သံရုံးဝန်ထမ်းများအနေဖြင့် ပညာတော်သင်များအား အထိုက်အလျောက် လေးလေးစားစား ဆက်ဆံသင့်ကြပါကြောင်း ထပ်လောင်း ပြောဆိုခဲ့ပါသည်။

## မနသဟာယအဖွဲ့၌ ဝန်ကြီး၏ဆေးဘက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ်

နောက်နေ့မနက် ၉နာရီတိတိတွင် ခရီးသွားလမ်းညွှန် ရောက်ရှိလာပြီး မိမိအား Sir Mc. Robert ၏ရုံးသို့ ခေါ်ဆောင်သွားပါသည်။ Sir George ၏အတွင်းရေးမှူး Miss Lee က မိမိလာခဲ့သော ခရီးလမ်းပန်း အကြောင်းနှင့် နေရေးထိုင်ရေးပါမကျန် စိတ်ဝင်တစား မေးမြန်းစူးစမ်း ပါသည်။

Sir George Mc. Robert ကား အသက်အရွယ် ကြီးရင့်လှပေပြီ။ သူက ကျွန်ုပ်ကို 'စိုးမြင့်' ဟု တရင်းတနှီး နာမည်ခေါ် နှုတ်ဆက်ပြီးနောက် အလ္လာပသလ္လာပစကား အနည်းငယ်ပြောပါသည်။ ကျွန်ုပ်အား London East Hounslow အရပ်တွင် အင်္ဂလိပ်မိသားစုတစ်စု၏နေအိမ်၌ နေထိုင်ရန် စီစဉ်ထားကြောင်း၊ West Middlesex ဆေးရုံမှာ လက်တွေ့သင်တန်း ဆင်းရမည့်အကြောင်း၊ MRCOG စာမေးပွဲအတွက် စာအုပ်တစ်အုပ် ရေးသားရန် လိုအပ်ကြောင်း ပြည့်စုံစွာ စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြပါသည်။ သူသည် မြန်မာပြည်တွင် ဆေးကျောင်း၌ ဇီဝကမ္မဗေဒဌာနပါမောက္ခ အဖြစ်လည်းကောင်း၊ ရန်ကုန်ဆေးရုံကြီး၏ သမားတော်ကြီးအဖြစ်လည်းကောင်း အမှုထမ်းခဲ့ဘူးသည်။ ထို့ကြောင့် Sir George သည် မြန်မာ့ထုံးထမ်းစဉ်လာများကို သိကျွမ်းနားလည်ရုံမျှမက ပညာတော်သင်ကျောင်းသားများ၏ အခက်အခဲတို့ကိုလည်းရိပ်စားနားလည်သူ ဖြစ်သည့်အလျောက် အကူအညီလိုအပ်လျှင် အမြဲပင် ကူညီ စောင့်ရှောက်ခဲ့ပါသည်။



## အင်္ဂလိပ်မိသားစုအိမ်၌ နေထိုင်ခဲ့ခြင်း

နောက်နေ့တွင် ကျွန်ုပ်သည် လန်ဒန်လမ်းမကြီးပေါ်ရှိ West Hounslow အရပ်သို့ ပြောင်းရွှေ့ကာ Sir George တို့စီစဉ်ထားသည့် အတိုင်း အင်္ဂလိပ်မိသားစုတစ်စု၏အိမ်တွင် ဘော်ဒါဆောင်ကျောင်းသားတစ်ဦး သဖွယ် မိသားစုနှင့်အတူတကွ နေထိုင် စားသောက်ရန် ရောက်ရှိခဲ့သည်။ မိမိကဲ့သို့ လာရောက်နေထိုင်သူ ကင်ညာနိုင်ငံသားနှစ်ယောက်လည်း ရှိပါသည်။ Mrs. Jennings ဟုအမည်ရသော အိမ်ရှင်အဒေါ်ကြီးမှာ အရွယ်ရောက်နေကြပြီဖြစ်သောသားတစ်ယောက်နှင့် သမီးတစ်ယောက် ရှိသည်။ မိမိအား အိမ်ရှေ့ဘက် အခန်းတွင် နေရာချထားပေးပြီး အထူး ဂရုစိုက်ကြပါ၏။

သူတို့အိမ်၌ နေ့စဉ်နေ့တိုင်းနံက်စာကို အဝကျွေးသည်။ စေတနာကောင်းသောအိမ်ရှင်အဒေါ်ကြီးက ကျွန်ုပ်အား 'ဒေါက်တာ တစ်နေကုန် နေနိုင်အောင် အဝစားနော်' ဟု စေတနာဖြင့် တိုက်တွန်း ပြောဆိုလေ့ရှိသည်။ နံနက်စာတွင် ဝက်အူချောင်း၊ ငါးကင်၊ ပေါင်မုန့်မီးကင် အများအပြားနှင့် ကော်ဖီလည်း ပါဝင်သည်။ မိမိကို အင်္ဂလိပ်တို့နေထိုင် စားသောက်ပုံ နည်းစနစ်နှင့် ထုံးစလေ့များအား သင်ပြပေးသည့်အတွက် အမှန်ပင် ကျေးဇူးတင်ဘွယ်ကောင်းလှပါ၏။ ညနေ (၄) နာရီခန့် High Tea တိုက်ချိန်တွင် ဘီစကွတ် အနည်းငယ်သာ ... သည်။ ညစာကို(၈)နာရီထိုးမှကျွေးသဖြင့် ထိုအချိန်ရောက်လျှင် ကျွန်ုပ်မှာ ... လောင်မွတ်သိပ်နေပြီဖြစ်ပါ၏။ ထမင်းစားသည့်အခါ အိမ်ရှင်အ...ကြီးက အဝစားရန်အမြဲ ပြောပါသည်။ ကျွန်ုပ်သည် အမဲသားမှအပ ...အားလုံးစားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ Brussel Sprout ဟုခေါ်သော ဂေါ်ဖီထုပ်သေးသေးလေးများကို ထိုအိမ်မှာ စ၍ စားဖူးခြင်းဖြစ်ရာ စားကာစက အနံ့ရောအရသာပါ မနှစ်သက်သော်လည်း စားရင်းစားရင်း ခံတွင်းတွေ့သွားခဲ့သည်။ နောက်ပိုင်း၌ ထိုဟင်းမပါလျှင်ပင် တောင့်တနေမိပြန်ပါတော့သည်။ ကျွေးမွေးသောဟင်းလျာများမှာ အဆန်းတကျယ်မဟုတ်သော်လည်း အလျှံပယ် စားသုံးရသည်။ အချိုပွဲလည်း အမြဲပေးပါသည်။ ကျွန်ုပ်သည် ထမင်းစားပြီးလျှင် အိမ်သူအိမ်သားများနှင့် အချိန်အတန်ကြာမျှ စကားစမြည်ပြောရင်း ရုပ်မြင်သံကြား ကြည့်လေ့ရှိသည်။ ကင်ညာနိုင်ငံသား လူငယ်နှစ်ယောက်ကမူ ဘာသိဘာသာ နေလေ့ရှိသည်။

**West Middlesex ဆေးရုံလက်တွေ့သင်တန်းဆင်းရခြင်း**

ကျွန်ုပ်သည် West Middlesex ဆေးရုံ ပြင်ပလူနာဌာန၌ (၆)လကြာမျှ လက်တွေ့သင်တန်းဆင်းခဲ့ရသည်။ အတိုင်ပင်ခံ ဆရာဝန်ကြီးများမှာ Mr. Stern နှင့် Mr. Burnett တို့ ဖြစ်ကြပါ၏။ ကျွန်ုပ်သည် ပြင်ပလူနာဌာနတွင် ဆရာကြီးများ လူနာကြည့်ရှုစမ်းသပ် စစ်ဆေးသည်ကို ဘွဲ့ကြိုကျောင်းသားများနှင့်အတူ လေ့လာရခြင်းဖြစ်သည်။ မိမိအနေဖြင့် UK ၌ ဆေးပညာ သင်ကြားပုံနည်းစနစ်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခွင့်ရပေပြီ။ အတိုင်ပင်ခံ ဆရာဝန်ကြီးများသည် ကျောင်းသူကျောင်းသားတို့၏ အဖြေကို ဂရုတစိုက် နားထောင်ကြလေ့ရှိသည်ကို တွေ့ရပါ၏။ အပြင်လူနာဌာန၌ နံနက်ပိုင်း လူနာများ ကြည့်ရှုပြီးစီးသောအခါ ကျွန်ုပ်သည် ဆေးရုံတွင်းရှိစားသောက်ဆိုင်မှာပင် နေ့လည်စာစားပါသည်။ ဗိုလ်မှူးဒေါက်တာဒေါ်ခင်နု (ခေါ်) အေမီလှကြည် လည်း ကျွန်ုပ်နှင့်အတူ လက်တွေ့သင်တန်း ဆင်းရပါသည်။

**D Obs R COG စာမေးပွဲအောင်မြင်ခြင်း**

ကျွန်ုပ်သည် အင်္ဂလန်သို့ရောက်ရှိပြီး (၃)လခန့်အကြာတွင် D Obs RCOG စာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့သည်။ ရေးဖြေကို Royal College တွင် ဖြေဆိုရပြီး လက်တွေ့ကို St. Stephen's Hospital ၌ ဖြေရသည်။ ကျွန်ုပ် စာမေးပွဲအောင်မြင်ကြောင်း 'အုံး' ထံသို့ ကြေးနန်းဖြင့် အကြောင်းကြားလိုက်ရာ မိသားစုအားလုံး ဝမ်းမြောက် ဂုဏ်ယူ ပျော်ရွှင်နေခဲ့ကြပါသည်။



**ရက်ရှည် RCOG သင်တန်း**

Sir George Mc. Robert သည် ကျွန်ုပ်၏ ဆောင်ရွက်ချက်ကို အားရကျေနပ်သဖြင့် Hammersmith ဘွဲ့လွန် ဆေးကျောင်း၊ Queen Charlott ဆေးရုံနှင့် Chelsea အမျိုးသမီးဆေးရုံတို့၏ (၃) လကြာ သင်ကြားပို့ချပေးမည့် MRCOG ရက်ရှည်သင်တန်းကို တက်ရောက်စေခဲ့ပါသည်။ ထိုသင်တန်းကို ကမ္ဘာပေါ်ရှိ ဒေသပေါင်းစုံ၊ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ ဘွဲ့လွန်ကျောင်းသား (၁၀၀)ခန့် တက်ရောက်ခဲ့ကြရာ မြန်မာလူမျိုးနှစ်ယောက်မှာကား ဒေါက်တာအေမီလှကြည်နှင့် မိမိပင် ဖြစ်ပါတော့၏။ ကမ္ဘာ့နေရာအနှံ့အပြားမှ သင်တန်းတက်ရောက်လာကြသူများကို တွေ့ဆုံသိကျွမ်းခွင့် ရရှိခဲ့သည်မှာ အားရကျေနပ်ဘွယ် ကောင်းလှပေသည်။

သင်တန်းတလျှောက်ရရှိခဲ့သော မိတ်ဆွေများအနက် ကျွန်ုပ်နှင့် အရင်းနှီးဆုံးသူမှာ ဂါနာနိုင်ငံမှ Dr. Ben Obeng ဖြစ်၍ ကျွန်ုပ်တို့နှစ်ဦးအား နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် မိတ်ဆွေရင်းချာများ ဖြစ်ခဲ့ကြပါသည်။

သင်တန်းပို့ချပေးသူများမှာ အင်္ဂလန်နိုင်ငံတလွှားရှိ တက္ကသိုလ်နှင့် ဆေးရုံကြီးများမှပါမောက္ခများ၊ အတိုင်ပင်ခံဆရာဝန်ကြီးများ၊ ရံဖန်ရံခါ အမေရိကန်ပြည်ထောင်စု ဟားဗဒ်တက္ကသိုလ်မှ ဆရာများပင် ပါဝင်သော အကျော်အမော် ပုဂ္ဂိုလ်တို့ ဖြစ်ကြပါ၏။ သင်တန်းသားများသည် အချင်းချင်း ဗဟုသုတဖလှယ်ကြရင်း တစ်ဦးချင်းစီ၏ အားနည်းချက် အားသာချက်တို့ကို ရိပ်စားမိကြသည်။ သင်တန်းကာလရှည်ကြာလာသည်နှင့်အမျှ မည်သူက ထက်ထက်မြက်မြက်ရှိ၍ မည်သူက ရွက်ကြမ်းရေကျိုမျှ ရှိသည်ကို အကဲဖြတ်နိုင်ခဲ့ကြသည်။ မိမိအား ကျောင်းသားကောင်းတစ်ဦးအဖြစ် အများက အသိအမှတ်ပြုခဲ့ကြပါ၏။

**ပါမောက္ခမဂ္ဂနပ်စ်ဟိန်း**

Chelsea ဆေးရုံကြီး၏ရောဂါဗေဒပါမောက္ခ Dr. မဂ္ဂနပ်စ်ဟိန်း ပို့ချသော ရောဂါဗေဒဆိုင်ရာ သင်တန်းများတွင် ကျွန်ုပ်သည် ဆေးပညာ အတွေ့အကြုံကြွယ်ဝသူတစ်ဦးအဖြစ် သတင်းမွှေးခဲ့ပါသည်။ ဆရာကြီးသည် သူ မေးလိုသည့်ကျောင်းသားလက်ထဲသို့ Specimen ထိုးပေးတတ်သော အကျင့်ရှိခဲ့သည်။ တနေ့သ၌ ဆရာကြီးက ကျွန်ုပ်အား Specimen တစ်ခု ထိုးပေးပါသည်။ ကျွန်ုပ်လည်း ထို Specimen ကို အချိန်ယူ၍ စေ့စေ့စပ်စပ် ကြည့်ရှုပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် Adenomyosis မှန်းသိသည့်အလျောက် ပြည့်စုံစွာ အသေးစိတ် ဖော်ပြ ပြောဆိုနိုင်ခဲ့သည်။

ရောဂါဗေဒစာအုပ်ကို ကြေညက်အောင် ဖတ်ရှု လေ့လာခဲ့ရုံမျှမက မြန်မာနိုင်ငံ၌ ဆေးကျောင်းသားများကို သင်ကြားပို့ချဖူးသော အတွေ့အကြုံ ရှိခဲ့ခြင်းမှာ ယခုကဲ့သို့ လူအများရှေ့မှောက်တွင် Specimen အကြောင်း ကောင်းမွန်စွာ ဖော်ပြပြောဆိုနိုင်အောင် အထောက်အကူပြုခဲ့ပေသည်။ ဆရာကြီးသည် ကျွန်ုပ်၏ဖော်ပြချက် ပြီးဆုံးသည့်အခါ မိမိအား အချိန်အတော်ကြာမျှ ငေးကြည့်နေပြီး အချက်အလက်အနည်းငယ်သာ ဖြည့်စွက်ပေးခဲ့ပါသည်။ Specimen အကြောင်း ကျွန်ုပ် တင်ပြပြောဆို နေစဉ် ဘွဲ့လွန်ကျောင်းသားအားလုံးကလည်း ချီးကျူးသောအမူအယာများဖြင့် ငြိမ်သက်စွာ ကြည့်ရှု နားထောင်နေခဲ့ကြသည်။ ထိုနေ့မှစ၍ ဆရာကြီးသည် သူမေးလိုသော မေးခွန်းတစ်ခုတစ်ခုရှိလျှင် အခြားကျောင်းသားများထံမှ ကျေနပ်လောက်သောအဖြေ မရရှိမှသာ မိမိဘက်သို့လှည့်၍ မေးလေ့ရှိပါသည်။

သင်တန်းပို့ချသူများမှာ Queen Charlotte ဆေးရုံမှ ပါမောက္ခ Pinkerton, Hammersmith မှ Brown, Yale မှ Buxton, Liverpool မှ Jeffcoate စသည့် OG အကျော်အမော်များဖြစ်ရာ သူတို့၏ ဟောပြောချက်များမှာ ကျွန်ုပ်တို့အတွက် အလွန် အကျိုးများခဲ့ပါသည်။ အခြားထင်ရှားသော ပုဂ္ဂိုလ်များကလည်း Kielland's Forceps, Vaccum Extractor စသည့် ထိုအချိန်က ကိရိယာအသစ်အဆန်းများအကြောင်း ဟောပြောပို့ချခဲ့ကြသည်။ ထိုသင်တန်း တက်ရောက်ရသောကြောင့် မိမိအနေဖြင့် အမှန်ပင် အတွေးသစ်အမြင်သစ်များ ရရှိခဲ့ပါသတည်း။

## အမှတ် ၃၂ Bolton Garden

UK ၌ သင်တန်းအသီးသီး တက်ရောက်နေကြသော မြန်မာဘွဲ့လွန် ကျောင်းသားတို့၏အရေအတွက်မှာ အတော်များသည်။ Dr. ဘိုနီနှင့် Dr. ခင်မောင်သော်တို့က Royal Hammersmith တွင် ခွဲစိတ်ပညာ လက်တွေ့ သင်တန်း ဆင်းလျက် ရှိကြသည်။ DObs အောင်ပြီးနောက် ကျွန်ုပ်သည် DLO တက်နေသော Dr.သာလှိုင်နှင့် Dr.သိန်းထွန်းတို့ စံပျော်ရာ အမှတ်(၃၂) Bolton Garden သို့ ပြောင်းရွှေ့ ရောက်ရှိလာခဲ့သည်။ Dr.သိန်းထွန်း မြန်မာပြည်သို့ ပြန်သွားသောအခါ ကျွန်ုပ်တို့သည် အတူနေမည့်နောက်တစ်ဦး မျှော်



နေကြစဉ် FRCS ဘွဲ့ယူဖို့လာသည့် Dr.ဦးမောင် ရောက်ရှိလာပါသည်။ ကျွန်ုပ်တို့သည် အတူတကွ ချက်ပြုတ်စားသောက်ကြခြင်းဖြစ်၏။ ဟင်းချက်စရာ ဝယ်လျှင် စျေးချိုသော ကြက်မြစ်ကြက်သဲ အမြောက်အမြား ဝယ်လေ့ရှိသဖြင့် ကြက်သားရောင်းသူက အိမ်မှာကြောင်တွေ အများကြီးမွေးထားသလား ဟုပင် မေးယူရပါသည်။ ထို ကြက်မြစ်ကြက်သဲတို့မှာ 'ကြောင်စာ' မဟုတ်၊ 'လူစာ' ဖြစ်ကြောင်းကိုမူကား ကြက်သားသည်အနေဖြင့် သိနိုင်မည်မဟုတ်ချေ။

## တက္ကသိုလ်စာပေးစာယူသင်တန်း

ကျွန်ုပ်သည် **စာပေးစာယူသင်တန်း**တက်ရန် တက္ကသိုလ်၌ စာရင်း ပေးသွင်းလိုက်သည်။ ရှေ့အပတ်တွင် ဖြေဆိုရမည့် အကြောင်းအရာများကို ယခုအပတ်အတွင်း ကြိုတင်ကျက်မှတ်ထားရသည်။ ဖြေဆိုရမည့်နေ့၌ စာတိုက်မှ ရောက်ရှိလာသော မေးခွန်းများကိုဖေါက်၍ တစ်နာရီအချိန်ယူကာ ဖြေဆိုရသည်။ အဖြေလွှာ၏ ဝဲဘက်တွင် စာမျက်နှာ၏ သုံးပုံတစ်ပုံခန့် ချန်ပြီး ရေးသား ဖြေဆိုရသည်။ စာစစ်နည်းပြ မှတ်ချက်ရေးရန်အတွက် ဤကဲ့သို့ နေရာချန်ရခြင်းဖြစ်ပါ၏။ မိမိဖြေဆိုသောအချိန်ကိုလည်း အမှန်အတိုင်း နာရီမိနစ်တိကျစွာ မှတ်သားပြီး အဖြေလွှာ၌ ရေးသားဖော်ပြရပါသည်။

နောက်တစ်ပတ်အကြာ စာတိုက်မှ မိမိ၏အဖြေလွှာ ပြန်ရောက်သည့်အခါ အောင်မှတ်ရမရ သိနိုင်သည့်အပြင် နည်းပြ စာစစ်သူ၏ အသေးစိတ် မှတ်ချက် ပါရှိသောကြောင့် မိမိ၏လိုအပ်ချက်များကို သဘောပေါက်လာခဲ့သည်။ ကျွန်ုပ်သည် မိမိ၏ လုပ်ဆောင်ချက်များအား မိမိ ကိုယ်တိုင် စိတ်တိုင်းကျသည့်တိုင် စာပေးစာယူ စာမေးပွဲများကို ဆက်လက် ဖြေဆိုခဲ့ပါသည်။

## MRCOG ဖြေဆိုခွင့်ရရန် စာအုပ်ရေးသားရခြင်း

ကျွန်ုပ်သည် တော်ဝင်တက္ကသိုလ်သို့ တင်သွင်းရန် စာအုပ်ရေးသားရာ ... ကြီးကြပ်ရန်အလို့ငှာ ဗြိတိသျှကောင်စီက ခန့်အပ်ထားသည့် နည်းပြဆရာ ... သွားရောက် တွေ့ဆုံခဲ့ရသည်။ ရန်ကုန် ဒုတိယဖရင်ဆေးရုံ (RDH)တွင် လုပ် ... ခဲ့စဉ်က မိမိ၏မှတ်တမ်းမှတ်ရာများကို အပြည့်အစုံယူသွားခဲ့သည်။ သားဖွား ... ပတ်သက်သော Case (၂၀)၊ မီးယပ်ရောဂါနှင့်ပတ်သက်သော Case (၂၀) ... ကို Case တစ်ခုချင်းစီအတွက် သုံးသပ်ချက်အတိုများ ရေးသားပေးရသည်။ ... Rupture of Caeserean Section Scar နှင့် Vesico-Vaginal

www.burmeseclassic.com

www.burmeseclassic.com



Fistula case (၂)ခု ရွေးချယ်ပြီး သုံးသပ်ချက်အရှည် ရေးသားပြုစုကာ မိမိ၏စာအုပ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ ကျွန်ုပ်၏စာအုပ်ကို တော်ဝင်တက္ကသိုလ်မှ လက်ခံပြီးနောက် MRCOG စာမေးပွဲ ဆက်လက် ဖြေဆိုခွင့်ရရှိခဲ့ပါသတည်း။

### တက္ကသိုလ်ဆေးရုံကြီးတွင် တွဲဖက်၍ လက်တွေ့သင်တန်းဆင်းခြင်း

အချို့သောနေ့များတွင် လက်တွေ့သင်တန်းဆင်းရန် တွဲဖက်ထားသော လန်ဒန်တက္ကသိုလ်ဆေးရုံကြီး၌ ပါမောက္ခ W. Nixon နှင့်အတူ လူနာဆောင်အတွင်းသို့ လိုက်ပါခွင့်ရရှိသည်။ ပါမောက္ခ Nixon သည် ဟောင်ကောင်နှင့် ကာလကတ္တား တက္ကသိုလ်များ၌ အလုပ်လုပ်ခဲ့ဖူးသူ ဖြစ်၏။ ကျွန်ုပ်သည် ရုံးန်ရုံခါ၌ သူ၏ အတွေးအခေါ် အယူအဆအချို့ကို လက်မခံနိုင်သော်လည်း ပါမောက္ခ Nixon ကား လုပ်ဖော်ကိုင်ဖက်များအပေါ် စိတ်ရင်းစေတနာကောင်းသကဲ့သို့ စကားအပြောအဆိုလည်း ရည်ရည်မွန်မွန် ရှိလှပါသည်။

ကျွန်ုပ်သည် St. Mary ဆေးရုံကြီး၌ ဂုဏ်သတင်းကြီးလှသော Mr. Alec Boxrne ၏ ဟောပြောပို့ချချက်များကို တက်ရောက်နားထောင်ခွင့်လည်း ရရှိခဲ့ပါသည်။ ထိုဆရာကြီးကို လူသိများ ကျော်ကြားရခြင်းမှာ စစ်သားများမုဒိန်းကျင့်၍ ကိုယ်ဝန်ရရှိသွားသော အမျိုးသမီးငယ်တစ်ယောက်အား ဥပဒေအရတားမြစ်ထားသည့်ကြားမှ သားလျှောအောင် ပြုလုပ်ပေးသည့်အတွက် ထောင်ကျခဲ့ဖူးသောကြောင့်ဖြစ်ပါ၏။ ဤသို့ကျော်ကြားသော ပုဂ္ဂိုလ်မျိုးကို ဆုံဆည်းခွင့်ရခြင်းမှာ စိတ်ဝင်စားဖွယ် ကောင်းပေစွ။ Dr. Ian Fleming ကား ဤနေရာဤဌာန၌ ပင်နီစလင်ကို စတင်တွေ့ရှိပြီး ဆေးပညာသမိုင်းတွင် မော်ကွန်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သူ ဖြစ်ပေသည်။

### အင်္ဂလန်ရောက် မြန်မာပညာတော်သင်များ

ထိုစဉ်က ဘာသာရပ်အသီးသီးတွင် ဘွဲ့လွန်သင်တန်းတက်ရန် အင်္ဂလန်သို့ ရောက်ရှိနေသော ပညာတော်သင် အများအပြားရှိသည်။ Dr.တင်အောင်ဆွေ၊ Dr.ခင်မောင်တင်၊ Dr. မြင့်မြင့်အေးနှင့် Dr. ထွန်းသင်တို့က MRCP ယူရန်လာကြခြင်း ဖြစ်၏။ ဒေါက်တာခင်မောင်သော်၊ ဒေါက်တာဘိုနီနှင့် ဒေါက်တာသိန်းထွန်းတို့က FRCS ဘွဲ့အတွက် လက်တွေ့သင်တန်း ဆင်းနေကြ၏။ ဒေါက်တာစံထွန်းအောင်က DMRT နှင့် ဒေါက်တာ



တင်ထွန်းက FFARCS ဘွဲ့များရရှိရန် လေ့လာလိုက်စား နေကြသည်။ MRCOG တက်နေကြသောဆရာဝန်မများမှာ ဒေါက်တာဒေါ်မြမြ၊ ဒေါ်နန်းဦးဖလောရင့်မောင်မောင်၊ ဒေါ်ခင်ညွန့်၊ ဒေါ်ခင်ကြည်နှင့် ဒေါ်ခင်သန်းကြွယ်တို့ ဖြစ်ကြပါ၏။ ကျွန်ုပ်တို့သည် စနေ-တနင်္ဂနွေ ပိတ်ရက်များဆိုလျှင် အိမ်တစ်အိမ်မှာ စုရုံးချက်ပြုတ်စားသောက် ကြလေ့ရှိပါ၏။

တစ်ခုသော သောကြာနေ့ညနေတွင် ဒေါက်တာလှမြင့်မြတ်က သူ့အိမ်သို့ ညစာစားရန်ဖိတ်ကြားရာ (၈) ယောက်ခန့်ရှိသော ကျွန်ုပ်တို့ လူစုပျော်ပျော်ပါးပါး သွားရောက်ခဲ့ကြပါသည်။ သောကြာ ညလုံးပေါက်၊ စနေတစ်နေ့လုံး တစ်ညလုံးနှင့် တနင်္ဂနွေ တစ်နေကုန်အောင် ဖဲ့နပဲကောင်းစွာ ဖဲကစားကြသည်။ ဘီယာများ အလျှံပယ် သောက်ပြီး ယမကာရီဝေနေသော ဒေါက်တာခင်မောင်သော်နှင့်ဒေါက်တာဦးမောင်တို့နှစ်ယောက် ရန်ဖြစ်နေကြသည်ကို ကြည့်ကာ ဒေါက်တာသာလှိုင်က အူနှိပ်ပြီး ရယ်မောနေခဲ့သည်။ တနင်္လာနေ့မနက်တွင်မူ အိပ်ရေးပျက်သည့်ဒဏ်ကြောင့် ကျွန်ုပ်တို့အားလုံး သာခွေယိုင်ဖြစ်နေကြပါတော့သည်။

ဒေါက်တာလှမြင့်မြတ်သည် ရောဂါဗေဒတွင် Felloship ရရှိပြီး အတိုင်ပင်ခံ ရောဂါဗေဒဆရာဝန်ကြီး အလုပ်ရရှိခဲ့သည်။ သူသည် အင်္ဂလိပ်အမျိုးသမီးတစ်ဦးနှင့်အိမ်ထောင်ကျပြီး သမီး(၂)ယောက်ထွန်းကားရာ ယခုအခါထိုသမီးများပင် ဆရာဝန်ဖြစ်နေကြပြီ။ မကြာမီက ကျွန်ုပ်တို့ ဇနီးမောင်နှံ အင်္ဂလန်သို့ အလည်သွားစဉ် Midlands ရှိသူတို့၏ အိမ်ဂေဟာကြီးသို့ ရောက်ခဲ့ကြပါသည်။

### Hammersmith တင်းနစ်ကွင်း၌ တင်းနစ်ကစားခဲ့ခြင်း

လန်ဒန်မြို့ Hammersmith တင်းနစ်ကွင်း၌ တင်းနစ် ကစားနေကြသူတို့မှာ ကြော့ကြော့မော့မော့ ဝတ်စားဆင်ယင် ထားကြသော်လည်း အများစုကား လက်ရည်ညံ့လှပေသည်။ တစ်နေ့တွင် ကျွန်ုပ်နှင့် ဒေါက်တာဘိုနီ ဝင်၍ကစားကြရာ ကျွန်ုပ်တို့လည်း လက်တွေ့သောကြောင့် ရိုက်ချက်ပြင်းပြင်းနှင့် မြန်ဆန် သွက်လက်စွာ အပြန်အလှန် ကစားနိုင်ခဲ့ကြသည်။ မိမိတို့သည် အားကစားဝတ်စုံ ဝတ်ဆင်ထားခြင်း မရှိဘဲ နေ့စဉ်သွားလာသော ဖာဝတ်[illegible]ဘိနပ်များဖြင့်ကစားနေကြခြင်းဖြစ်၍ အပြင်ပန်းအားဖြင့် မတင့်တယ်[illegible] စိတ်ပါဝင်စားစွာ ကစားနေကြသော ကျွန်ုပ်တို့ သူငယ်ချင်း(၂)ယောက်သည်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို သတိမပြုမိခဲ့ကြပေ။ ပွဲပြီးမှသာ မိမိတို့ကစားပွဲကို ပရိသတ်များ ဝိုင်း၍ ကြည့်ရှုနေကြောင်း တွေ့ရပါသည်။ ပရိသတ်ထဲမှ အချို့က ကျွန်ုပ်တို့ အား ကိုရီးယားလူမျိုးလား ဟု မေးမြန်းနှုတ်ဆက်ခဲ့ကြသည်။

## ကျွန်ုပ်နှင့် Dr. B. Obeng

ဂါနာနိုင်ငံသား Dr. B. Obeng ကား ကျွန်ုပ်၏ မိတ်ဆွေကောင်း တစ်ဦးဖြစ်ပေသည်။ သူ၏မေတ္တာရပ်ခံချက်အရ ကျွန်ုပ်သည် လန်ဒန်ရှိ Oval Hospital တွင် Senior House Officer (SHO) အဖြစ် နှစ်ပတ်ကြာ အလုပ် လုပ်ခဲ့ဖူးသည်။ တာဝန်ဝတ္တရား မများပြားလှသော်လည်း ဝန်ထမ်းများ က အသားရောင်ခွဲခြားဆက်ဆံသည်ကို တွေ့ခဲ့ရသည်။

ကျွန်ုပ်တို့နှစ်ဦးသည် အားလပ်သည့်အချိန်တိုင်း စာဆွေးနွေးကြလေ့ ရှိသည်၊ Obeng ကား အလွန်ရိုးသားဖြောင့်စင်းသူဖြစ်၏။ တစ်နေ့သ၌ ကျွန်ုပ် တို့သည် သူ၏ Morris Minor ကားလေးဖြင့် လန်ဒန်မြို့တွင်း တစ်နေရာရှိ လူကူးမျဉ်းကြားတွင် အဖွားအိုတစ်ဦး ဖြေးဖြေးချင်း လမ်းဖြတ်ကူးနေသည်ကို ကားရပ်ပြီး စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေကြသည်။ ထိုအခိုက် ကျွန်ုပ်တို့ နောက်မှ ကားမောင်းသူက စိတ်မရှည်နိုင်ဘဲ အဆက်မပြတ် ဟွန်းတီးနေလေ သည်။ ဤတွင် Obeng က ကားပေါ်မှဆင်း၍ နောက်ကားဆီသို့ လျှောက် သွားပြီး 'အဖွားအိုတစ်ယောက် တုံ့ချိတုံ့ချိနဲ့ လမ်းကူးနေတယ်ဗျ၊ ကျုပ်ကတော့ ဒီအဖွားကြီးကို ကားနဲ့တိုက်မပစ်နိုင်ဘူး။ ခင်ဗျားက သတ္တိ သိပ်ကောင်းလို့ လုပ်ရဲလျှင်တော့ ကျုပ်ကားကိုကျော်ပြီး တက်ကြိတ်လိုက်ပေတော့' ဟု တည်ငြိမ် စွာပြောရာ နောက်ကားပေါ်မှယာဉ်မောင်းလည်း သူမသိ၍ ဟွန်းတီးမိကြောင်း ခွင့်လွှတ်ပါရန်အနူးအညွတ် တောင်းပန်ပါတော့၏။ အင်္ဂလန်၌ ဟွန်းတီးလျှင် စော်ကားသည်ဟု သဘောထားကြလေ့ရှိသဖြင့် လမ်းပေါ်မှာ ယာဉ်များ ပိတ်ဆို့ နေသည့်တိုင် ဟွန်းသံ ကြားရခဲလှပေသည်။

## MRCOG စာမေးပွဲ ပထမအကြိမ်ဝင်ရောက်ဖြေဆိုခြင်း

MRCOG အတွက် မိမိတင်သွင်းသောစာအုပ်ကို တော်ဝင် ကောလိပ်က လက်ခံကြောင်း သိရှိပြီးနောက် ကျွန်ုပ်သည် ၁၉၆၃ခု၊ ဇန်နဝါရီလ တွင် ကျင်းပမည့်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရန် စိတ်ဆုံးဖြတ်ခဲ့ပါသည်။ မိမိသည် ယခုထက်တိုင် အင်္ဂလန်ဆေးရုံများတွင် အလုပ်မလုပ်ဖူးသေးသဖြင့်



သူတို့နိုင်ငံရှိ ဆေးရုံများ၏ လုပ်ထုံးလုပ်နည်းများကိုငှင်း၊ လူနာနှင့်ဆက်ဆံပုံ ဆက်ဆံနည်းများကိုငှင်း အကျွမ်းမဝင်သေးချေ။ နောက်ကြောင်းပြန် ဝေဖန် သုံးသပ်ကြည့်ရာ မိမိသည် လူနာစမ်းသပ်စစ်ဆေးမှုအပိုင်းတွင် အမှတ်ကောင်း ရခဲ့သော်လည်း လူနာနှင့်ပြောဆိုဆက်သွယ်ခြင်း၊ စာစစ်သူနှင့် ပြောဆိုဆက် သွယ်ခြင်း ကဏ္ဍများ၌မူ အလွန်အားနည်းသေးသည့်အတွက် ကြိုးစားပြုပြင်ရန် လိုပါသေးသည်။

ရေးဖြေစာမေးပွဲကို တော်ဝင်ကောလိပ်၌ ဖြေဆိုရပြီး လက်တွေ့ကို Hammersmith ဘွဲ့လွန်ကျောင်း၌ ဖြေရသည်။ ရေးဖြေကို ကောင်းမွန်စွာ ဖြေနိုင်ရကား အောင်မှတ်ရမည်ဟု မိမိကိုယ်မိမိ ယုံကြည်ခဲ့ပါသည်။ နှုတ်ဖြေ စာမေးပွဲတွင် ဘွဲ့လွန်ကျောင်းသားတို့ ဖိန့်ဖိန့်တုန်အောင်ကြောက်ရသော သားဖွားမီးယပ်ပါရဂူ Mrs. J. Barnes နှင့် ရင်ဆိုင်တွေ့ခဲ့ရပါ၏။ သားအိမ် ခေါင်းကင်ဆာ ကုသမှတ်ရောင်ခြည်ရွေးချယ်မှုနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် စာစစ်သူအား အချိန်အတော်ကြာ အတိုက်အခံ ငြင်းခုန် ဆွေးနွေးခဲ့သည်။ သူမက ရေဒီယမ်အသုံးပြုရန် နှစ်ခြိုက်အားသန်သူဖြစ်ပြီး၊ မိမိကမူ ကိုဘော့ (Co 90) ကိုသာ အသုံးပြုလိုသည့်အကြောင်းမှာ ရေဒီယမ်က တန်ဖိုးကြီးမား သည်။ Co 90 က ဈေးနှုန်းသက်သာသည်။ နာရီဝက်မျှ အချေအတင် ငြင်းခုန် ပြီးနောက် အကျိုးမထူးတော့သည့်အဆုံး မိမိကပင် အလျှော့ပေးလိုက်သည့် အခါ ဆရာမကြီးက ကျေနပ်ဝမ်းမြောက်သောအမူအယာဖြင့် ကျွန်ုပ်ကို 'ရေဒီ ယမ်ဘက်သို့ ဘက်ပြောင်းလက်ခံလာသူ' ဟု ကင်ပွန်းတပ်ပေးလိုက်ပါသတည်း။

## လက်တွေ့စာမေးပွဲဖြေဆိုခြင်း

Hammersmith ဘွဲ့လွန်ဆေးကျောင်း၌ မိမိအား လက်တွေ့စစ်မေး ကြသူများမှာ ပါမောက္ခ JCM Browne နှင့် Liverpool အမျိုးသမီးဆေးရုံမှ ဆရာဝန်ကြီး John Hamilton တို့ဖြစ်ကြပါ၏။ မီးယပ်ရောဂါအတွက် ကျွန်ုပ် အားချထားသောလူနာမှာ ကလေးမရသည့် အာဖရိကန်အမျိုးသမီးတစ်ဦး ဖြစ်၏။ လူနာက အလွန်အမင်း စိတ်လှုပ်ရှားနေသည့်ပြင် ကျွန်ုပ်ကလည်း ဆိုအပ်သည်ထက်ပို၍ အချိန်ယူ စမ်းသပ်ခဲ့မိသည်။ သူမ၏အင်္ဂါအတွင်းသို့ Speculum ထည့်လိုက်သည်နှင့်တစ်ပြိုင်နက် မခံမရပ်နိုင်အောင် နာကျင် သည် ဟု အော်ဟစ်ညည်းညူရာ စောင့်ကြပ်နေသည့် စာစစ်သူများ မျက်နှာ ပျက်သွားကြလေသည်။ ထိုအခိုက်မှာပင် မိမိအနေဖြင့် စာမေးပွဲမအောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ရိပ်စားခဲ့မိပါ၏။ မမှားသင့်သောအမှားကို ပြုလုပ်မိသောကြောင့် မိမိ ကိုယ်မိမိ အပြစ်တင်မဆုံးနိုင်ဘဲ စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပေသည်။

## Sir Zachry Cope က မိမိအား စိတ်ဓါတ်မြှင့်တင်ပေးခဲ့ခြင်း

MRCOG စာမေးပွဲကို ပထမအကြိမ် ဝင်ရောက်ဖြေဆိုရာ မအောင် မြင်သည့်အတွက် စိတ်ဓါတ်ကျဆင်းနေသော ကျွန်ုပ်အား Sir George က ဗြိတိသျှဆရာဝန်အသင်းတိုက်တွင် ကျင်းပပြုလုပ်မည့် နေ့သဟာယနိုင်ငံတို့မှ ကျောင်းသားများတွေ့ဆုံပွဲကို မဖြစ်မနေ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ထိုတွေ့ဆုံပွဲတွင် Sir George သည် မိမိအား Sir Zachry Cop ဟု အမည်ရ သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် မိတ်ဆက်ပေးခဲ့ပါ၏။ ထိုသူမှာ Early Diagnosis of Acute Abdomen စာအုပ်ကို ပြုစုရေးသားသည့် အကျော်ဇေယျ ခွဲစိတ် ဆရာဝန်ကြီး ဖြစ်သည်။ 'Sir Zachry...ဒီလူငယ်လေးက မြန်မာပြည်ကလာပြီး MRCOG ဖြေတာဗျ။ သူတို့နိုင်ငံမှာ ပထမဆုံး အမျိုးသား OG လုပ်မလို့ ဟု၍ မိတ်ဖွဲ့ပေးပြီးနောက် MRCOG ပထမဆုံးအကြိမ် ဝင်ရောက်ဖြေဆိုရာ ကျရှုံး၍ စိတ်ဓါတ်ကျနေသော မိမိကို အားပေးစကားပြောဖို့ မှာကြားခဲ့ပါသည်။ Sir Zachry က ခင်မင်ရင်းနှီးစွာ ကျွန်ုပ်၏ပခုံးကိုဖက်ပြီး 'ဒီမှာမောင်ရင်ရဲ့ စာမေးပွဲဆိုတာ မရှိမဖြစ်တဲ့ မကောင်းဆိုးဝါးပါပဲဗျာ။ FRCS စာမေးပွဲ ကျွ ဘယ်နှစ်ခါကျခဲ့ဘူးတယ်ဆိုတာ မောင်ရင်တို့ မသိကြလို့၊ ပြောလျှင်လည်း ယုံ မှာမဟုတ်လို့ မပြောတော့ဘူး။ အောင်တာရှုံးတာကို အရေးမစိုက်ဘဲ အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် လက်ခံရင်ဆိုင်လိုက်စမ်းပါကွယ်'

သူရေးသားသောစာအုပ်ကို ကျက်မှတ်လေ့လာခဲ့သူ မိမိကဲ့သို့ အညာ တရာဘွဲ့လွန်ကျောင်းသား တစ်ယောက်အဖို့ ကျမ်းပြုအထင်ကရ ပုဂ္ဂိုလ်ကြီးအား လူကိုယ်တိုင် တွေ့ဆုံခွင့်ရရှိသည့်အပြင် ဆရာကြီးက သူ စာမေးပွဲ ကျရှုံးခဲ့ဖူးပုံကို ထုတ်ဖော်ဝန်ခံ ပြောဆိုလျက်ရှိသည်ကို မိမိနားဖြင့် ဆတ်ဆတ် ကြားလိုက်ရ သည်တွင် ကျွန်ုပ်အဖို့ အားဆေးတစ်ခွက် သောက်လိုက်ရဘိသကဲ့သို့ အား အတက်ကြီးတက်ခဲ့မိပါသတည်း။

## Liverpool တွင် လက်တွေ့သင်တန်းဆင်းခြင်း

ကျွန်ုပ်သည် လန်ဒန်၌ သင်ယူဖွယ်မှန်သမျှကို အားရကျေနပ် လောက်အောင် ဆည်းပူးလေ့လာပြီး ဖြစ်သဖြင့် Liverpool သို့ သွားကာ ဂုဏ်



သတင်းကြီးလှသော Prof. Jeffcoate ၏ လက်အောက်တွင် နည်းနာနိုသာ ခံယူလိုစိတ် ပြင်းပြလျက်ရှိပေသည်။ ထို့ကြောင့် Sir George ထံသွား၍ မိမိ၏ ဆန္ဒကို ဖွင့်ဟပြောဆိုရာ သူကလည်း Prof. Jeffcoate ထံသို့ မိတ်ဆက်စာ တစ်စောင် လိုလိုလားလား ရေးသားပေးလိုက်ပါသည်။ Liverpool ရောက်စက YMCA ၌ စတည်းချနေထိုင်ခဲ့သည်။ ဒေါက်တာဦးမောင် ရောက်လာသည့် အခါ ခရစ်ယာန်အဖွဲ့တစ်ဖွဲ့က ထူထောင်ထားသော နေရာတစ်ခုသို့ ပြောင်းရွှေ့ နေထိုင်ကြရာ မြေအောက်ခန်း၌ နေရာချထားပေးသဖြင့် ညဘက်တွင် အိပ်မရ နိုင်အောင် အေးလွန်းလှပေသည်။ ထို့နောက် ကျွန်ုပ်တို့သည် Methodist International House (MIH)သို့ ပြောင်းရွှေ့ကြပြန်သည်။ MIHတွင် အစာ စားမီ ဘုရားသခင်ကျေးဇူးတော်ကို ချီးမွမ်းရွတ်ဆိုရသောထုံးစံကမူ ဗုဒ္ဓဘာသာ ဝင်များ ဖြစ်ကြသော မိမိတို့အတွက် ဆီလျော်မှုမရှိချေ။ နောက်ဆုံး၌ ကျွန်ုပ်နှင့် ကိုဦးမောင်တို့သည် ကိုသာရင်နှင့် ကိုမြင့်ဆွေဟု အမည်ရသော သင်္ဘောသား (၂၀) ယောက်နေထိုင်သည့်အခန်းသို့ ထပ်မံ ပြောင်းရွှေ့ခဲ့ကြပါ၏။ သူတို့ (၂) ယောက်သည် ပျော်ပျော်ပါးပါးနေတတ်သော လူငယ်များ ဖြစ်ကြပါ၏။

## ပါမောက္ခ Jeffcoate နှင့်တွေ့ဆုံခြင်း

ကျွန်ုပ်သည် Sir George ၏မိတ်ဆက်စာကို ယူဆောင်ပြီး ပါမောက္ခ Jeffcoate အား သူ၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။ ပါမောက္ခကြီးမှာ ဦးခေါင်းကြီးကြီးနှင့် အရပ်အမောင်း ပုပုပြတ်ပြတ်ဖြစ်၏။ မိမိလာရောက်ရခြင်းနှင့် ရည်ရွယ်ချက်ကို ပြောပြရာ ဆရာကြီးက သူ့ အတွင်းရေးမှူးကို ခေါ်၍ Royal Infirmary နှင့် Mill Road သားဖွားဆေးရုံတို့တွင် သူ သင်ကြားပို့ချမည့် အချိန်ဇယားပေးဖို့ ညွှန်ကြားပါသည်။ ကျွန်ုပ်သည် ဆရာကြီး၏ အပြင် လူနာဌာန၊ Ward Round နှင့် Operating Session များ သင်ကြားပို့ချမှု အားလုံးကို မလွတ်တမ်းတက်ရောက်ခဲ့သည်။ မိမိအနေဖြင့် ဆရာကြီး၏ထူးခြား သော ကိုယ်ပိုင်ဟန်ဖြင့် စာသင်ပုံစာသင်နည်းများကို အခွင့်အရေးရခိုက် အနီး ကပ်လေ့လာဆည်းပူးနည်းယူရန် စိတ်အားထက်သန်နေခဲ့ပါသတည်း။

ဆရာကြီးသည်ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသားများကို ပြင်ပလူနာ ဌာနတွင် လူနာစမ်းသပ်ရင်း သင်ပြပေးသည်။ မခိုမကပ် အလုပ်ကြိုးစား ကြ ရန်လည်း အမြဲတိုက်တွန်းသည်။ ဆိုကရေးတီး၏ နည်းနိဿအတိုင်း သင်ပြသော ဆရာကြီး၏စာသင်ပုံစာသင်နည်းမှာ အလွန်ထိရောက်အကျိုးရှိလှသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတစ်ယောက်ကို စာမေးလျှင် အဖြေမထွက်ထွက်အောင် အမျိုးမျိုး လှည့်ပတ်ညစ်ထုတ်ပြီး မေးတတ်သည်။ နည်းအားဖြင့် စာမေးခံရသူ ကျောင်းသားထံမှ အဖြေထွက်လျှင်ထွက်။ အဖြေမထွက်လျှင်လည်း မသိသေး။ မတတ်သေးကြောင်း ဘူးပေါ်သလိုပေါ်ကာ ညပ်ပူးညပ်ပိတ် လမ်းဆုံးသို့ ရောက်သွားမြဲဖြစ်၏။ ပါမောက္ခJeffcoate ၏စာသင်ချိန်အတွင်း လေ့ကျင့်သင်ကြားပေးမှုကြောင့်။ ကျွန်ုပ်တို့သင်တန်းသားများအဖို့ အကြောင်းအရာတစ်ရပ်အား စဉ်းစားတွေးခေါ် သုံးသပ်ပုံနည်းလမ်းနှင့် အခြားတစ်ဖက်မှ လှည့်၍ရှုမြင်ပုံ ဖြင်းချက်ထုတ်ပုံ နည်းလမ်းများကို တစစ နားလည်သဘောပေါက်ကာ ဗဟုသုတတိုးပွားခဲ့ပါသည်၊

ရှေးယခင်ကမူ ကျွန်ုပ်သည် သိသင့်သိအပ်သော အကြောင်းအရာအချို့ကို နက်နက်ရှိုင်းရှိုင်း သဘောပေါက်နားလည်ခြင်းမရှိဘဲ အပေါ်ယံကြောအကြမ်းဖျင်းမျှသာ သိခဲ့တတ်ခဲ့ပါ၏။ ယခုအခါ ကျွန်ုပ်သည် ပြဿနာ တစ်စုံတစ်ခု ကြုံတွေ့လျှင်မည်သို့ ခြုံငုံစဉ်းစား တွေးတောရမည်ကို သဘောပေါက်နားလည်လာခဲ့ပေသည်။

ပါမောက္ခကြီးကား သူ၏ကိုယ်ပိုင်မူဟန် စံနစ်များနှင့် ပတ်သက်၍ အထိအပါး အတိမ်းအစောင်းမခံ သဘောထား တင်းမာပြတ်သားသူဖြစ်၏။ တစ်ခါက အမျိုးသမီးလူနာတစ်ဦးအား ဆရာကြီးပြောလိုက်သော စကားနှင့် သူ၏ဟန်ပန်မူယာကို ယခုတိုင် မြင်ယောင်သတိရလျက်ရှိပါသည်၊ ထိုစဉ်က အဆိုပါ အမျိုးသမီးလူနာကို ဆရာကြီးကြည့်ရှုနေခိုက် ထုံးစံအတိုင်း ကျွန်ုပ်တို့ ကျောင်းသားများ ဝိုင်းအုံလျက် ရှိပေသည်။ ဤကဲ့သို့ လူများ ဝိုင်းအုံကြည့်ရှုနေကြသည်ကို မနှစ်မြို့၍ လူနာအမျိုးသမီးက ကျောင်းသားများ ဝိုင်း၍ ကြည့်ရှုနေစဉ် အစမ်းသပ်မခံပါရစေနှင့်ဟု ဆရာကြီးအား ပြောလေသည်။ ထိုအခါ ဆရာကြီးက 'ဒီမှာ အမကြီး။ ကျုပ်ရဲ့ကျောင်းသားတွေနဲ့ တွဲပြီး သင်ပြပေးရတာ ကျုပ်ရဲ့ အဓိကအလုပ်ပဲ။ ကျောင်းသားတွေ ဝိုင်းကြည့်တာကို လက်မခံနိုင်ဘူး ဆိုလျှင်တော့ ခင်ဗျားကြိုက်တဲ့နေရာကိုသာ သွားကုပေတော့' ဤသို့ ယတိပြတ် ပြောကာ ထိုအမျိုးသမီးကြီးကို ဆေးရုံမှ ပြန်လွှတ်လိုက်ပါသတည်း။

Mill Road သားဖွားဆေးရုံ

ထိုဆေးရုံတွင် လူနာများကို ဆရာကြီး လှည့်လည်စစ်ဆေးသောအခါ အလှည့်ကျကျောင်းသားအားလုံး လိုက်ပါရသည်။ ကျောင်းသားတစ်ယောက်က လူနာ၏အကြောင်းတင်ပြပြီးနောက် အားလုံး ဝိုင်းဝန်း ဆွေးနွေးရသည်။



ဆရာကြီးက လူနာ၏ရောဂါရာဇဝင်နှင့် စမ်းသပ်တွေ့ရှိချက်များမှ အရေးပါသော အချက်အလက်များကို တချက်ချင်း မေးမြန်းကာ သူလိုချင်သော အချက်အလက်ပြည့်စုံစွာရသည့်တိုင်အောင် နှိုက်ထုတ်လေ့ရှိသည်။ သူ့မေးခွန်းများမှာ ကျောင်းသား၏ အသိဉာဏ်မည်ရွေ့မည်မျှရှိကြောင်း နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းနိုင်စွမ်းရှိပေသည်။ ဤကဲ့သို့ ကျောင်းသား၏အသိဉာဏ်ကို နည်းမျိုးစုံသုံးပြီး ဘူးဆွ ဆန်းစစ်ရာ၌ ကျွမ်းကျင်လိမ္မာလှသဖြင့် ဆရာကြီး မေးမြန်း စစ်ကြောနေသည်ကို စောင့်ကြည့်ရသည်ကပင် စိတ်လှုပ်ရှားဖွယ်။ ပျော်ရွှင်ဖွယ် ကောင်းလှပါတော့သည်။ စာမေးသည့်အခါတိုင်း မခံချင်စိတ်ဖြစ်ပေါ်အောင် ပြင်းပြင်းထန်ထန်ဝေဘန်လေ့ရှိသည်။ ကျောင်းသားဘက်က အချက်ကျကျ ပြန်ပြောလျှင်လည်း လက်ခံသည်။ တခါက Prof. Jeffcoate သည် မိမိကို မေးခွန်းတစ်ခုမေးရာ ကျွန်ုပ်လည်း ကိုယ်နားလည်သည့်အတိုင်း ပြန်ဖြေလိုက်သည်။ ဆရာကြီးက ထိုအဖြေကို သဘောမကျသဖြင့် ထပ်မေးသည့်အခါမှာလည်း ကျွန်ုပ်က ကိုယ့်အဖြေကိုယ် မှန်သည်ဟု ယုံကြည်သောကြောင့် မူလ အဖြေအတိုင်းပင် ထပ်ဖြေလိုက်ပါသည်။ ထိုအခါ ဆရာကြီးက မိမိအား 'မောင်ရင်က တစ်လမ်းသွားပဲ' ဟု မှတ်ချက်ပေးခဲ့သည်။ ကျွန်ုပ်ကလည်း 'ကိုယ့်အယူအဆ မှန်လျှင် မှန်တဲ့လမ်းကြောင်းအတိုင်း စွဲစွဲမြဲမြဲ ဆက်လျှောက်သင့်တယ် မဟုတ်ပါလား'ဟု ပြန်ပြောရာ ပါမောက္ခကြီးက 'ဟုတ်ပါတယ်ဗျာ'ဟု တခွန်းတည်း ပြော၍ စကား အဆုံးသတ်လိုက်ပါတော့သည်။

## Royal Infirmmary ဆေးရုံတွင် ခွဲစိတ်ခန်းထဲဝင်ခဲ့ရခြင်း

R.I ဆေးရုံတွင် ခွဲစိတ်ခန်းဝင်ရသောနေ့များဆိုလျှင် ကျွန်ုပ်သည် Prof. Jeffcoate ပြုလုပ်သော ခွဲစိတ်မှုမှန်သမျှ အလွတ်မခံဘဲ စောင့်ဆိုင်းကြည့်ရှုခဲ့ပါသည်။ ခွဲစိတ်မှုအကြီးစားများပြုလုပ်သည့်အခါ နေ့လည်စာ ထမင်းစားချိန်ကျော်သည်အထိ ထမင်းမစားဘဲ စောင့်ကြည့်လေ့ရှိသည်။ ဆရာကြီးကလည်း ဤကဲ့သို့ ဖွဲလုံ့လ ဝီရိယကောင်းစွာ ခွဲစိတ်ခန်းတွင် မပျက်မကွက်ရှိနေတတ်သော မိမိအား သတိပြုမိသည်။ တစ်ခါတွင် ဆရာကြီးသည် လူနာတစ်ယောက်အား EUA (မေ့ဆေးပေးစမ်းသပ်မှု) ပြုလုပ်မည့်ဆဲဆဲ မိမိကိုတွေ့၍ 'ထမင်းစားပြီးပြီလား'ဟုမေးသည်။ ကျွန်ုပ်ကလည်း အမှန်အတိုင်းပင် မစားရသေးကြောင်းပြောပြရာ 'ကိုင်းလက်အိပ်စွပ်ပြီး မင်းပဲ EUA လုပ်လိုက်ပါ၊ ပြီးတော့ တွေ့သမျှပြောပြစမ်းပါ'ဟု အမိန့်ရှိလေ၏။ ကျွန်ုပ်လည်း လူနာ

www.burmeseclassic.com

www.burmeseclassic.com



အားစမ်းသပ်ပြီးနောက် တွေ့ရှိချက်များကို အစီရင်ခံသည့်အခါ ဆရာကြီးက ခေါင်းတငြိမ့်ငြိမ့်ဖြင့် ဂရုတစိုက်နားထောင်၍ ဆက်လက်ကုသရမည့် အပိုင်းများကို ဆွေးနွေးသင်ပြပေးခဲ့ပါသည်။

တစ်ခါက Stress Incontinence ဖြစ်နေသော လူနာတယောက်ကို ဆရာကြီးကိုယ်တိုင် Sling Operation ပြုလုပ်နေခိုက် ကျွန်ုပ်က ခွဲစိတ်ပုံ ခွဲစိတ်နည်းစံနစ်နှင့် တိုက်ရိုက်သက်ဆိုင်သော မေးခွန်းအချို့ကို မေးမြန်းခဲ့ပါသည်။ ခွဲစိတ်ပုံ နည်းနိဿယဟူသည် ခွဲစိတ်သူကာယကံရှင်ကိုယ်တိုင်သာ ချင့်ချိန် ဆုံးဖြတ် လုပ်ကိုင်ရခြင်းဖြစ်ပါ၏။ မိမိမေးသောမေးခွန်း၏အတိမ်အနက်ကို ရိပ်စားမိသောဆရာကြီးက ကျွန်ုပ်အား နောက်ပိုင်းတွင် စာဖတ်နေမည့်အစား အလုပ်ဝင် လုပ်သင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း Liverpool ဒေသအတွင်းရှိ Broad Green ဆေးရုံ၏ Registrar ရာထူးအတွက် လျှောက်လွှာတင်လိုက်ပါတော့သည်။

## Broad Green General Hospital ၏ Registrar အလုပ်ရရှိခြင်း

လူတွေ့စစ်ဆေးသောနေ့က ထိုဆေးရုံ၏ Registrar လုပ်နေသော Mary Duckenfield က ကျွန်ုပ်ကို များစွာကူညီခဲ့ပါသည်။ သူမကိုယ်တိုင်လည်း မိမိကဲ့သို့ပင် MRCOG မပြီးသေးချေ။ Liverpool Regional Board ၏ ဥက္ကဋ္ဌဖြစ်သော Mr. Charlie Walsh က ကျွန်ုပ်၏သားဖွားမီးယပ် အတွေ့အကြုံကို မေးမြန်းခဲ့ပါသည်။ ' Kielland's Forceps ကို ဘယ်လိုသဘောရသလဲ' ဟု မေးသည့်အခါ မိမိက Kielland's Forceps ကို အကြိမ်ကြိမ်အခါခါ အသုံးပြုခဲ့ဘူး၍ နှစ်ခြိုက်ထောက်ခံကြောင်း ပြောပြပါသည်။ သူကမူ Kielland's Forceps အား မကြိုက်ကြောင်း ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုရာ ကျွန်ုပ်ကလည်း အယူအဆချင်းမတူလျှင် အကြိုက်ချင်းမတူဘဲကွဲလွဲနိုင်ကြောင်း တည်ငြိမ်စွာ ပြန်လည်ဖြေကြားခဲ့ပါသည်။ Dr. Charlie Walsh ကား နှယ်နှယ်ရရ မဟုတ်ချေ။ သူ ရေးသားသော 'သန္ဓေသား၏ Hydrocephalus အား မိခင်ဝမ်းဗိုက်ပေါ်မှ ဖေါက်၍ CSF ထုတ်ပစ်ပုံနည်းလမ်း' ဟူသောစာတန်းမှာ ဗြိတိသျှသားဖွား မီးယပ်ပညာဂျာနယ်တွင် ထည့်သွင်းဖေါ်ပြခြင်းခံခဲ့ရပါသည်။ သူပြုလုပ်သောကုသမှုတစ်ခုတွင် မိမိသည် သူ၏လက်ထောက်အဖြစ် ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိခဲ့ပါ၏။



ထိုဆေးရုံ၌ရှိသော ဆရာဝန်ကြီး(၂)ဦးမှာ Mr.Charlie Walsh နှင့် Mr.Pryor Jones တို့ဖြစ်ကြပါသည်။ မိမိအနေဖြင့် အလုပ်ဝင်စကမူ သူတို့၏ လုပ်ထုံးလုပ်နည်းများကို မသိသေးသည့်အတွက် အခက်အခဲ အနည်းငယ် တွေ့ကြုံခဲ့ပါသည်။ ညုပ်ဆွဲသည့် အတွေ့အကြုံလိုချင်သော SHO သည် ညဘက်တွင် ညှပ်ဆွဲရမည့်လူနာကြုံတိုင်း မိမိထံ ခွင့်တောင်းလေ့ရှိပါ၏။

သားဖွားဆောင်ရှိ သူနာပြုဆရာမကြီးများသည် အသစ်ရောက်သော ဆရာ၏လုပ်ရည်ကိုင်ရည်နှင့် စပ်လျဉ်း၍ သူတို့၏ အကြီးအကဲများဖြစ်ကြသော သူနာပြုချုပ်နှင့် ဆရာဝန်ကြီးထံ သတင်းပို့ကြလေ့ရှိဟန်တူပါသည်။ ညနေခင်းဘက် လူနာများကိုလှည့်လည်ကြည့်ရှုပြီးလျှင် ကျွန်ုပ်သည် ဆရာမကြီးများနှင့်အတူ ဝိုင်းဖွဲ့၍ လဘက်ရည်သောက်လေ့ရှိသည်။ ထိုလဘက်ရည်ဝိုင်းတွင် ဆရာမများသည် ပြဿနာပေါ်နိုင်သော အသည်းအသန်လူနာတို့၏ အခြေအနေ အကျိုးအကြောင်းများကို ပြောဆိုလေ့ရှိသောကြောင့် ကျွန်ုပ်သည် အရေးကြီးလူနာများနှင့်ပတ်သက်၍ သိသင့်သိထိုက်သော ကိစ္စများကို မျက်ခြည်မပြတ်တော့ပေ။ ညနေဘက်လဘက်ရည်ဝိုင်းသိမ်းပြီးလျှင် အိပ်စက် အနားယူရပေပြီ။ ကျွန်ုပ်သည် သားဖွားဆောင်ရှိ သူနာပြုများအားလုံးနှင့် အဆင်ပြေပါသည်၊ သို့သော် ခွဲစိတ်ခန်းမှဆရာမများနှင့်မူ ဆက်ဆံရေး အဆင်မပြေလှပါ။ မိမိမှာလူသစ် ဖြစ်သောကြောင့် သူတို့၏ လုပ်ထုံးလုပ်နည်းများကို အကျွမ်းတဝင်မရှိသေးချေ။ ကျွန်ုပ်နှင့် အလွမ်းမသင့်သော ခွဲစိတ်ခန်းဆရာမကြီးသည် ရံဖန်ရံခါ မိမိကို မလိုတမာ ဝေဖန် ပြစ်တင်လေ့ရှိ၏။

Broad Green General Hospital တွင် နေရေးထိုင်ရေး စားသောက်ရေးအတွက်မပူပန်ရဘဲ ဆေးရုံက အစစတာဝန်ယူခြင်းမှာကား အလွန်ကောင်းမွန်သော စံနစ်ဖြစ်ပါ၏။ ထမင်းစားချိန်ရောက်လျှင် ထမင်းစားခန်းသို့ ဆင်းကာ အရုံသင့်စားသုံးနိုင်ပါသည်။ နံနက်စာလဘက်ရည်ဆိုလျှင် အိပ်ရာထဲအရောက်ပင် ပို့ပေးပါသည်။ ဂျူတီကုတ်ကိုလည်း (၃)ရက်တစ်ကြိမ် လဲလှယ်ပေးပါသည်။ အခန်းဝ၌ ချွတ်ထားသောရှူးဖိနပ်ကိုပင် တောက်ပြောင်အောင် တိုက်ပေးထားသည်။

## MRCOG စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခြင်း

၁၉၆၄ခု ဇူလိုင်လ၌ ကျွန်ုပ်သည် MRCOG စာမေးပွဲကို ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ ယခုအခေါက်တွင်မူ မိမိအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ပိုင်းမှာလည်း အတွေ့အကြုံအတော်ပြည့်စုံနေပြီဖြစ်၍ ပြဋ္ဌာန်း စာအုပ်ကြီးများကိုသာ ဦးစားပေးမဖတ်တော့ဘဲ BMJ, Lancet, ဗြိတိသျှနှင့် အမေရိကန် သားဖွားမီးယပ်ဂျာနယ်စသည့် နောက်ဆုံးထုတ် ဆေးပညာဂျာနယ် မျိုးစုံကို မွှေနှောက်ရှာဖွေပြီး အသစ်အဆန်းမှန်သမျှ မျက်ခြည်မပြတ်ရအောင် ဖတ်ရှုမှတ်သား ပြင်ဆင်ထားခဲ့ပါသည်။ BMJ တွင် Prof. Jeffcoate ရေးသော Vulva Dystrophy အကြောင်း ခေါင်းစည်းဆောင်းပါးအား စေ့စေ့စပ်စပ်ဖတ်ထားမိသောကြောင့် စာမေးပွဲ၌ ထိုအကြောင်း မေးခွန်းတစ်ပုဒ် ပါလာသောအခါ ကောင်းစွာရေးသား ဖြေဆိုနိုင်ခဲ့ပါသည်။ ဆေးရုံတွင်အလုပ်လုပ်သည့် အတွေ့အကြုံကလည်း လက်တွေ့စာမေးပွဲဖြေဆိုရာတွင် မိမိအား များစွာ အကူအညီအထောက်အပံ့ ပေးခဲ့ပါသည်။

တော်ဝင်ကောလိပ်တွင် ရေးဖြေကို ဖြေဆိုရခြင်းဖြစ်ပြီး ကောင်းမွန်စွာ ဖြေနိုင်ခဲ့ပါ၏။ Lower Stein ဆေးရုံ၌ လက်တွေ့ဖြေသောအခါတွင်မူ ကျွန်ုပ်သည် စာစစ်သူများနှင့် အတိုက်အခံ ငြင်းခုန်မိပြန်ပါ၏၊ လက်တွေ့စာမေးပွဲတွင် သားဖွားရောဂါအတွက် မိမိအားချထားသော လူနာမှာ Mitral အဆို့ရှင် ကျဉ်းသည့် MS ရောဂါရှင် ကိုယ်ဝန်ဆောင်ဖြစ်၏။ စာစစ်သူကား ပထမအကြိမ် ဖြေစဉ်က ဆုံခဲ့ဖူးသော Liverpool ဆေးရုံမှ Hamilton ပင် ဖြစ်၏။ သူက မီးဖွားချိန်တွင် IV Ergometrine ကို ပုံမှန်ထိုးစေလိုသည်။ ကျွန်ုပ် ကိုယ်တိုင်လည်း ရှေးယခင်က ထိုစံနစ်ကို အမြဲကျင့်သုံးခဲ့သူဖြစ်ပါ၏။ သို့ရာတွင် ကျွန်ုပ်သည် နောက်ဆုံးထုတ် ဂျာနယ်များအား ကိုးကားလျက် IV Ergometrine ၏ဆိုးကျိုးများကို ပြောပြီး အမြဲတန်းဆေးထိုးသောစံနစ်ကို ဆန့်ကျင် ပြောဆိုခဲ့ပါသည်။ စာစစ်သူ သဘောမတူသည့်ကြားမှ Ergometrine ထိုးမည့်အစား အခြားကုသပုံ နည်းလမ်းများကို အလေးပေးဖြေဆိုခဲ့ပါသည်။

ကျွန်ုပ်သည် နှလုံးရောဂါရှိသော ထိုကိုယ်ဝန်ဆောင်လူနာအား မိမိမှာ မိုင်(၅၀၀၀)ခန့်ကွာဝေးသောအရပ်မှ မိသားစုကို ခွဲခွာ၍ လာခဲ့ရသူဖြစ်ကြောင်း မိမိကိုကူညီသောအားဖြင့် ရောဂါရာဇဝင်ကို မချွင်းမချန် ပြောပြဖို့ မေတ္တာရပ်ခံရသည်။ လူနာကလည်း သူသိနားလည်သမျှ ရောဂါရာဇဝင်နှင့်တကွ ရောဂါ ရှာဖွေစစ်ဆေးမှု၊ ကုသမှုအကြောင်းတို့ကို ပြည့်စုံစွာ ပြောပြရာ John Hamilton နှင့် ဆွေးနွေးသည့်အခါ မိမိအနေဖြင့် အချက်ကျကျ ပြန်လည် ဖြေဆိုနိုင်ခဲ့ပါ၏။



မီးယပ်ရောဂါအတွက် လက်တွေ့ဖြေဆိုရန် မိမိရရှိသော လူနာမှာ ဝမ်းဗိုက်တွင် အလုံးရှိသော လူနာတစ်ယောက် ဖြစ်၏။ ကျွန်ုပ်က ထိုအလုံးအား Subserous Fibroid with cystic Degeneration သို့မဟုတ် Ovarian cyst ဖြစ်နိုင်သည်ဟု ရောဂါနှစ်မျိုး ရွေးထုတ် ပြောပြပါသည်။ စာစစ်သူကမူ Ovarian cyst ဟု တထစ်ချ ယူဆယုံကြည်ထားသူဖြစ်ရကား စကား(၂)ခွန်း မပြောဘဲ Ovarian cyst ဟုသာ တန်းပြီး ပြောစေလိုဟန်တူသည်။ အရိပ်သုံး ပါးနားမလည်သောကျွန်ုပ်က မူလကပြောခဲ့သည့်အတိုင်း ဖြစ်နိုင်ချေ (၂)ခု ရှိသည်ဟု ခေါင်းမာစွာ ဇွတ်အတင်း ငြင်းခုံနေခဲ့မိသည်။ နောက်ဆုံး၌ စာစစ်သူက 'စာမေးပွဲစစ်ပြီးတာနဲ့ ငါက ဒီလူနာကိုခွဲတော့မှာကွ'ဟု ပြောရာ 'ကျွန်တော်ကလည်း ခွဲစေချင်ပါတယ်' ဟု တုံ့ပြန်ပြောဆိုလျက် မိမိ၏အဖြေကို မပြင်လိုက်တော့ချေ။ ထိုလူနာကို ခွဲစိတ်သည့်အခါ မည်သည့်ရောဂါဖြစ်သွားမှန်း ကျွန်ုပ်အနေဖြင့် သိရှိခွင့်မရလင့်ကစား MRCOG စာမေးပွဲအောင်မြင်ကြောင်း အသိပေးသောစာကို မကြာမီ လက်ခံ ရရှိခဲ့ပါ၏။ ထိုညနေမှာပင် ကျွန်ုပ်သည် Liverpool Broad Green ဆေးရုံသို့ ပြန်သွားကာ စာချုပ် ပြည့်သည်အထိ အလုပ်ဆက်လုပ်ခဲ့ပါသတည်း။

## MRCOG ရရှိခြင်းနှင့် ကျွန်ုပ်၏ထင်မြင်ချက်

ဟိုသစ္စာ၊ မှန်သောစကားကို ဆိုခြင်းဖြစ်ပါ၏။ ကျွန်ုပ်သည် MRCOG စာမေးပွဲအောင်မြင်သည့်အတွက် ခံစားချက်ထူးထူးထွေထွေ မဖြစ်ခဲ့ပါ။ အထိုက် အလျောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သော်လည်း အတိုင်းထက်အလွန် ဂုဏ်ယူ ဝင့်ကြွားသောစိတ်မျိုး အလျဉ်း မရှိခဲ့ပေ၊ စာမေးပွဲအောင်သူနှင့် ရှုံးသူနှစ်ဦးမှာ ကမ္ဘာဖွဲ့လောက်အောင် ကွဲပြားခြားနားမှုမရှိနိုင်။ တိုက်ဆိုင်မှုနှင့် ကံကြမ္မာကိုပင် ယုံးမယ်ဖွဲ့ရမည်ဟု ယူဆမိပါသတည်း။ စာမေးပွဲအောင်ပြီးနောက် ကျွန်ုပ်၏ ခေါင်းထဲသို့ ရောက်ရှိလာသော အတွေးမှာကား 'အခုငါဟာ တော်ဝင်ကောလိပ် အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ပြီ၊ သားဖွားမီးယပ်ပါရဂူတစ်ယောက်ရဲ့ဘဝကို စရတော့မယ်။ ဒါဟာ ငါ့ရဲ့ လမ်းဆုံးပန်းတိုင်မဟုတ်သေးဘူး။ ပန်းတိုင်ရောက်ဖို့ အကာမခြေလှမ်းမျှသာ ရှိသေးတယ်။ တော်ဝင်ဘွဲ့ရရုံနဲ့ ဘာသာရပ်ကို တစ်ပိုင် ကမ်းခတ်ကျွမ်းကျင်ပြီလို့ အထင်မရောက်သင့်ဘူး။ အလုပ်တွေ အများကြီး လုပ်ရဦးမယ်။ အတွေ့အကြုံတွေ အများကြီး ရှာမှီးရဦးမယ်။ လေ့လာစရာ တွေလည်း တပုံတပင် ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လက်ဦးဆရာ ပါမောက္ခဦးဘသန်းအား MRCOG အောင်မြင်သည့်အကြောင်း စာရေး အစီရင်ခံခဲ့ရာတွင် ဆရာကြီး၏လက်အောက်မှာလုပ်ကိုင်ခဲ့စဉ်က ဆရာကြီးနှင့် Dr. ဦးကျော်သန်းတို့ လေ့ကျင့် သင်ကြားပေးခြင်း၊ ဆရာကြီး၏ ဩဝါဒကိုခံယူလျက် ဆေးကျောင်းသားများကို စာသင်ခွင့်ရရှိခဲ့ခြင်းတို့မှာ MRCOG စာမေးပွဲအောင်မြင်ရေးအတွက် များစွာ အထောက်အကူပြုခဲ့ကြောင်း အမှန်အတိုင်းပင် ဝန်ခံဖော်ပြခဲ့ပါသည်။ မိမိ တတ်ကျွမ်းသော အသိပညာ အတတ်ပညာတို့ကို ဆရာကြီး၏ မူဝါဒနှင့်အညီ နောင်လာနောက်သားများကို လက်ဆင့်ကမ်း ဖြန့်ဖြူးပေးပါမည်ဟု ဆရာကြီးအား ကတိပြုခဲ့ပါ၏။

**ပါမောက္ခ Jeffcoate အား အသိပေးအကြောင်းကြားခြင်း**

MRCOG စာမေးပွဲအောင်မြင်ကြောင်းသိလျှင်သိချင်း ဦးဦးဖျားဖျား သတင်းပေးရန်အလို့ငှာ ပါမောက္ခ Jeffcoate ထံသို့သွားခဲ့သည်။ ဆရာကြီးက မိမိ စာမေးပွဲအောင်သည်ကို သိပြီးဖြစ်ကြောင်းပြောကာ ဘာဆက်လုပ်ရန် ရည်ရွယ်ထားကြောင်း ကျွန်ုပ်အားမေးမြန်းပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ သားဖွားခေါင်းကင်ဆာဝေဒနာရှင် အမြောက်အမြားရှိမည်ဖြစ်သောကြောင့် မိမိပြန်ရောက်သောအခါ ထိုလူနာများကို အကောင်းဆုံးဖြစ်အောင် ကုသပေးလိုကြောင်း ဆန္ဒမှန်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ဆရာကြီးက 'ဒီလိုရည်ရွယ်ချက်နဲ့ဆိုရင်တော့ အင်္ဂလန်မှာ မင်းတွေ့သင့်တဲ့ပုဂ္ဂိုလ် သုံးယောက်ရှိတယ်'ဟု အမိန့်ရှိပြီး Oxford တက္ကသိုလ်မှ Sir John Stallworthyi, Leeds တက္ကသိုလ် Royal Infirmary မှ Mr. Cury နှင့် Middle Sex ဆေးရုံမှ Mr. Winterton ဟူသော OG (၃)ဦးထံ မိတ်ဆက်စာများရေးပေးခဲ့ပါသည်။

Liverpool တက္ကသိုလ်တွင် ပါမောက္ခဂျက်ဖ်ကုတ် လက်အောက်၌ လေ့လာဆည်းပူးခွင့်ရရှိခြင်းကြောင့် မိမိအနေဖြင့် သားဖွားမီးယပ်ပညာလေ့ကျင့်သင်ကြား ပို့ချရေးနည်းနာနိသျှများ ပိုမိုထက်မြက် ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လိုသော အာသီသရှင်သန်ကြီးထွားလာခဲ့ပေသည်။ အမိ မြန်မာနိုင်ငံပြန်လည်ရောက်ရှိလျှင် Prof. Jeffcoate ကျင့်သုံးသည့် ဆိုကရက်တစ် ဟန်ဖြင့် သင်ကြားသောစနစ်ဖြင့် မိမိ၏တပည့်များကို သင်ကြားပို့ချမည်ဟုလည်း မိမိကိုယ်မိမိ ကတိပြုခဲ့မိပါသတည်း။



**သားဖွားမီးယပ်တော်ဝင်ကောလိပ်တွင်ကျင်းပသော ဘွဲ့နှင်းသဘင် အခမ်းအနား**

MRCOG ဘွဲ့နှင်းသဘင် အခမ်းအနားကို လန်ဒန်မြို့၊ သားဖွားမီးယပ်တော်ဝင်ကောလိပ်ကျောင်း၌ ကျင်းပခြင်းဖြစ်သည်။ ကောလိပ်မှ ငှားရမ်းသောဘွဲ့ဝတ်စုံများကို ဆင်မြန်းထားသည့် ဘွဲ့ရပုဂ္ဂိုလ် ၅၀ ခန့် ခန်းမကြီးထဲတွင် စုရုံး ရောက်ရှိနေကြသည်။ ဘွဲ့ရအမျိုးသမီးတစ်ဦးတစ်ယောက်မျှ လက်ဝတ်ရတနာ ဝတ်ဆင်ထားခြင်း မရှိသည်မှာကား ထူးခြားသောအချက်ဟု ဆိုသင့်ပါ၏။

သတ်မှတ်ချိန်ရောက်သည့်အခါ ကျိုင်းကိုင်ဆောင်ထားသော ပုဂ္ဂိုလ်သည် ခန်းမကြီးထဲသို့ ဝင်လာပြီး အပေါက်ဝ ရောက်လျှင် "ဂုဏ်သရေရှိ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၊ ဥက္ကဋ္ဌကြီးနှင့်ကောင်စီ"ဟု အောင်မြင်ခန့်ညားသောအသံဖြင့် ကြေညာ၍ ကြမ်းပြင်ကို ကျိုင်းဖြင့် အသံမြည်အောင် ဆောင့်ချလိုက်သည်။ ထို့နောက် ဥက္ကဋ္ဌကြီးသည် နောက်လိုက်နောက်ပါ ကောင်စီအဖွဲ့ဝင်များနှင့်အတူ ခန်းမကြီးအတွင်းသို့ ဝင်ရောက်လာကြရာ ကျွန်ုပ်တို့အားလုံး မတ်တတ်ရပ်ပေးကြရပါသည်။ ကောင်စီဝင်များ၏ ပိုးဝတ်ရုံများက တရွတ်ရွတ်မြည်သောအသံမှအပ အခြားမည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဘွဲ့နှင်းသဘင်အခမ်းအနား၏ မြင်ကွင်းသည် မိမိ၏နှလုံးအိမ်ဝယ် နက်ရှိုင်းစွာ စွဲငြိ ကျန်ရစ်ခဲ့ပါတော့၏။

တော်ဝင်ကောလိပ်ကောင်စီဝင်များ နေရာယူကြပြီးနောက် ဘွဲ့ရသူများကို အက္ခရာစဉ်အတိုင်းနာမည်ခေါ်၍ ဥက္ကဋ္ဌကြီး၏ရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးရသည်။ ဥက္ကဋ္ဌကြီးကား Sir Stanley Claydon ဖြစ်၏။ နာမည်ခေါ်ပြီး ပို့ဆောင်ပေးရသူကား တော်ဝင်ကောလိပ်ကောင်စီ၏ အတွင်းရေးမှူး အသစ် TLTL Lewis ဖြစ်သည်။ ဥက္ကဋ္ဌကြီးက ဘွဲ့ရရှိသူများအား တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်၍ ဝမ်းမြောက်ဂုဏ်ပြုစကား ပြောပြီး တော်ဝင် အသင်းသားအဖြစ် အသိအမှတ်ပြုကြောင်း ဘွဲ့လက်မှတ်ကို ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်တို့ တော်ဝင်အသင်းသားသစ်များကို ကောလိပ်၏ချိန်ဘာခန်းထဲ၌ ဥက္ကဋ္ဌကြီးနှင့် ကောင်စီအဖွဲ့က အစားအသောက်များဖြင့် တည်ခင်း ဧည့်ခံခဲ့ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့နေ့ခင်းပိုင်းတွင် ကျွန်ုပ်သည် ဒေါက်တာသိန်းညွန့်နှင့် အတူ Oxford လမ်းရှိ ဓါတ်ပုံဆိုင်သို့ သွား၍ MRCOG ဘွဲ့ဝတ်စုံဖြင့် ဓါတ်ပုံရိုက်ခဲ့ပါသည်။ ယခုတိုင် ထိုဓါတ်ပုံကို မိမိ၏ ဧည့်ခန်းတွင် ချိတ်ဆွဲထားပါသည်။

## FRCS (Gynae) ဘွဲ့ထပ်ယူရန်အကြံပြုခြင်း

ကျွန်ုပ်သည် လန်ဒန်သို့ပြန်သွားပြီး Sir George နှင့် တွေ့ဆုံခဲ့ပါ၏၊ သူသည် ကျွန်ုပ်၏ စွမ်းဆောင်ချက်ကို အားရကြေနပ်လျက်ရှိကာ မိမိအား FRCS (Gynae) ဘွဲ့ရအောင် ဆက်လုပ်ရန် တိုက်တွန်းအကြံပြုခဲ့ပါသည်၊ ကျွန်ုပ်က မိမိသည် အထွေထွေခွဲစိတ်မှုများနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်မှု တော်တော်များများ လုပ်ခဲ့ပြီးဖြစ်သည့်အပြင် မိမိနိုင်ငံသို့ ပြန်ရောက်လျှင်လည်း Pelvic Surgery ကို စောက်ချ လုပ်ကိုင်မည်ဖြစ်ကြောင်း။ ထို့ကြောင့် မိမိအဖို့ FRCS ဘွဲ့ရခြင်း၊ မရခြင်းမှာ များစွာ ထူးခြားပြောင်းလဲမည် မဟုတ်ကြောင်း ရှင်းလင်း ပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း မိမိဆန္ဒရှိလျှင် FRCS ဘွဲ့ယူရန် ထပ်ပြီးနေနိုင်ကြောင်း အကြောင်းကြားခဲ့ပါသည်။ ကျွန်ုပ်လည်း ဇနီးဖြစ်သူထံ အကျိုးအကြောင်း စာရေးတိုင်ပင်ရာ "အုံး"ကလည်း အိမ်သို့သာ ပြန်လာစေချင်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် အမှတ်-၃၂။ Bolton Gardens နေရာဟောင်းတွင် ကိုသိန်းညွန့်၊ ကိုခင်မောင်ညွန့်တို့နှင့်အတူ နေထိုင်လျက်ရှိပါ၏။

## ဒေါက်တာသိန်းညွန့် FRCS ဘွဲ့ရရှိခြင်း

ကျွန်ုပ်သည် ဒေါက်တာသိန်းညွန့်အား FRCS ဘွဲ့ကို မဖြစ်မနေ ရရှိအောင် ကြိုးစားဖို့ တိုက်တွန်း အားပေးလျက် မိမိတို့နှင့်အတူ လန်ဒန်သို့ လာရောက်နေထိုင်ရန် အကြောင်းကြားလိုက်ရာ သူကလည်း လိုလိုချင်ချင် ပြောင်းရွှေ့လာခဲ့သည်။ ကိုသိန်းညွန့် FRCS စာမေးပွဲဖြေသောနေ့က ကျွန်ုပ်သည် သူ့အား Russel Square ရောက်အောင် မြေအောက်ရထားဖြင့် လိုက်ပို့ဆောင်ရင်း လမ်းခရီးတလျှောက် အားပေးစကား ပြောခဲ့သည်။ အမှန်စင်စစ် ကျွန်ုပ်သည် ထိုနေ့က အအေးမိပြီး နေထိုင်မကောင်းချေ။ နေ့လည်ပိုင်းတွင် ဒေါက်တာသိန်းညွန့်က စာမေးပွဲအောင်မြင်ကြောင်း တယ်လီဖုန်းဆက် အကြောင်း ကြားပါသည်။



## Oxford တက္ကသိုလ်သို့သွားရောက်ခြင်း

ကျွန်ုပ်သည် Prof. Sir John Stallworthy ထံတွင် နည်းနာခံယူရန် ရည်ရွယ်ချက်ဖြင့် Oxford တက္ကသိုလ် Redcliff Royal Infirmary သို့ သွားရောက်ခဲ့သည်။ ဆရာကြီးထံ ရောက်သောအခါ Prof. Jeffcoate ၏ မိတ်ဆက်စာကို ပေးပြီးနောက် သားအိမ်ခေါင်းကင်ဆာလူနာများအား ဆရာကြီး Wertheim's Operation လုပ်သည်ကို ကြည့်ရှုလေ့လာလိုကြောင်း ပြောပြခဲ့ပါသည်။ ကျွန်ုပ်သည် ဆရာကြီး Wertheim's Operation ပြုလုပ်သည်ကို (၄) ကြိမ်တိတိ အနီးကပ် လေ့လာခွင့်ရရှိခဲ့ပါ၏။ Prof. John Stallworthy သည် သဘော သကာယ အလွန်ကောင်းသူဖြစ်ရကား မိမိအား လိုက်လျှောပျူငှာစွာ အစစကူညီခဲ့သည်။ ခွဲစိတ်နေရင်း နည်းနိဿယများကို တစ်ဆင့်ချင်း အနုစိတ် ရှင်းလင်းသင်ပြပေးသည်။ သူ ခွဲစိတ်ပုံမှာ အင်္ဂလန်တွင် ပထမဆုံး Wertheim's Operation ပြုလုပ်ခဲ့သော Sir Victor Bonney ၏ နည်းနိဿယ အတိုင်း အဆင့်(၂)ဆင့်ဖြင့် ခွဲစိတ်ခြင်းဖြစ်၏။ ပထမအဆင့်၌ TAH BSO ပြုလုပ်ကာ ဒုတိယအဆင့်ကျမှ Pelvis အရိုးကွင်းထဲရှိ အကျိတ်များကို ခွဲထုတ်ဖယ်ရှားပစ်သည်။ Sir John သည် အမြုံဖြစ်ရခြင်း အကြောင်းများကိုလည်း အထူး စိတ်ဝင်စားသူဖြစ်၍ Hysterosalpingogram လုပ်လျှင် သူ ကိုယ်တိုင် ဦးစီး ဆောင်ရွက်လေ့ရှိ၏။

## Leeds Royal Infirmary သို့သွားရောက်ခဲ့ခြင်း

ကျွန်ုပ်သည် Leeds Royal Infirmary သို့လည်း သွားရောက်ကာ အတိုင်ပင်ခံသားဖွားမီးယပ် ဆရာဝန်ကြီး Mr. Curry နှင့် တွေ့ဆုံပြီး သူ၏ Wertheim's Operation လုပ်နည်းလုပ်ဟန်များကို လေ့လာ မှတ်သားခဲ့ပါသေးသည်။ ခွဲစိတ်ပုံခွဲစိတ်နည်းမှာမူ Sir John နှင့်ထပ်တူထပ်မျှပင် ဖြစ်ပါ၏။

## ကျွန်ုပ်၏ကျန်းမာရေးပြဿနာ

ကျွန်ုပ်သည် ဘိလပ်မှမပြန်မီ အဓိကကျန်းမာရေး ပြဿနာနှစ်ခု ဖြစ်သော မျက်စိမှုန်ခြင်းနှင့် နှာခေါင်းပိတ်ခြင်းတို့ကို ကုသခဲ့ပါသည်။ ကျောင်းသားဘဝကတည်းကပင် Astigmatism ကြောင့်မှုန်သော ကျွန်ုပ်၏ ညာဘက်မျက်စိမှာ ရန်ကုန်ဆေးရုံကြီး၏ မျက်စိပါရဂူများနှင့် အကြိမ်ကြိမ် ပြသပြီး မျက်မှန်အမျိုးမျိုး လဲလှယ်တပ်ဆင်ခဲ့သော်လည်း အဆင်မပြေနိုင်

www.burmeseclassic.com



ခဲ့ပါ။ ကံအားလျော်စွာ Liverpool Royal Infirmary မှ Optimetrist များက အခက်အခဲမရှိလှဘဲ မိမိ၏အမြင်အာရုံကို ထူးထူးခြားခြား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပေးနိုင်ခဲ့ကြပါသည်။

Sir George ၏ဆက်သွယ်ပေးမှုဖြင့် Mr. Formby ဟုအမည်ရှိသော နားနှာခေါင်းလည်ချောင်း အထူးကု ဆရာဝန်ကြီးက တက္ကသိုလ်ဆေးရုံ၌ မိမိအား ခွဲစိတ်ကုသပေးခဲ့သည်။ Ethmoidectomy နှင့် Deviated Nasal Septum and Cald Well Luc တို့အား ပြုပြင်ခြင်းများ ပြုလုပ်ပေးပါသည်။ နှစ်ရက်မျှ နှာခေါင်းပေါက်များကို ပိတ်ဆို့ကာ ပါးစပ်ဖြင့်သာ အသက်ရှူရပါသည်။ ဆေးရုံတွင် တစ်ပတ်ခန့် နေခဲ့ရစဉ် Dr. သိန်းညွန့်တယောက် ပန်းများသယ်ဆောင်ကာ မိမိထံသို့ နေ့စဉ် လာရောက် ကြည့်ရှုခဲ့ပါသည်။

## အိမ်ပြန်ခရီး

ကျွန်ုပ်သည် အိမ်ပြန်ဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည့်အလျောက် မိသားစုအတွက်လက်ဆောင်ပစ္စည်းများ ဝယ်ယူစုဆောင်းနေခဲ့ပါသည်။ Broad Green ဆေးရုံ၌ အလုပ်လုပ်စဉ်က Volkswagon ကားတစ်စီး ဝယ်ရန် စိတ်ကူးဖြင့် ငွေသား ပေါင်(၅၀၀)ကျော်မျှ စုဆောင်း သိမ်းဆည်းထားခဲ့သော်လည်း ကားတင်သွင်းခွင့် မပြုတော့ကြောင်း အမိန့်ကြော်ငြာ ထွက်လာသောကြောင့် ကျွန်ုပ်သည်ရှိသမျှငွေ ကုန်အောင် အဝတ်အစားနှင့် စုံစီနဖါတို့ကို ဝယ်ခြမ်းခဲ့ရပါ၏။ များပြားလှသော ထိုလက်ဆောင် ပစ္စည်းတို့ကို Eastend တွင် ဝယ်ယူခဲ့သည့် သေတ္တာကြီး(၃)လုံးတွင်ထည့်ပြီး Thomas Cook ကုမ္ပဏီမှ တစ်ဆင့် သင်္ဘောဖြင့် ရန်ကုန်သို့ တင်ပို့ပေးခဲ့ပါသည်။

UK မှအပြန်ခရီးတွင် Frankfort၌နားသည့် BOAC လေယာဉ်လက်မှတ်ကို ဝယ်ထားသောကြောင့် Frankfort လေဆိပ် အကောက်ခွန်မဲ့ဆိုင်မှ ကင်မရာတစ်လုံးဝယ်ယူခဲ့သည်။ ရောက်တုံးရောက်ခိုက် ဖရန်ဖို့မြို့တွင်း လှည့်လည် ကြည့်ရှုခွင့်ရခဲ့သည်။ ယင်းမြို့ကား အမေရိကန်တို့၏ လေတပ်အခြေစိုက်စခန်းဖြစ်ပြီး ဇိမ်ခံလုပ်ငန်းအကြီးအကျယ်ထွန်းကားသည့် အရပ်ဒေသတစ်ခုဖြစ်ကြောင်း သတိပြုခဲ့ပါသည်။ ဂျီနီဗာတွင် မိမိနှင့် ဇနီးဖြစ်သူ အတွက် အိုမီဂါနာရီ (၂)လုံး ဝယ်ခဲ့ပြီး ဘီရွတ် လေဆိပ်၌ ဖိလစ်အမျိုးအစား Cassette Recorder တစ်လုံးဝယ်ယူခဲ့သည်၊



မင်္ဂလာဒုံလေဆိပ်တွင် 'အုံး'နှင့်အတူ သားကြီးဘိုဘို၊ သမီးငယ်သီတာတို့က ထိပ်ဆုံးမှ နေရာယူလျက် နှစ်ဖက်ဆွေမျိုးမောင်နှမ တော်တော် များများ သိုက်သိုက်ဝန်းဝန်း လာရောက်ကြိုဆိုခဲ့ကြသည်။ (၂)နှစ်မျှ ခွဲခွာနေရသဖြင့် မင်္ဂလာဒုံလေယာဉ်ကွင်းမှ အိမ်သို့အပြန် လမ်းတစ်လျှောက်လုံး ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ကြွက်ကြွက်ညံအောင် နှုတ်ဆက် မေးမြန်း ပြောဆိုနေကြပါတော့သည်။

## မိသားစုပြန်လည်ဆုံဆည်းခြင်း

ချစ်ဇနီး 'အုံး' မှာ အနည်းငယ် ကိုယ်ရေစစ်သွားသည်။ သားကြီးဘိုဘိုက နှစ်နှစ်အတွင်း တော်တော်ထွားလာပြီး လူချောလေးတစ်ယောက် ဖြစ်လာသည်။ ကျွန်ုပ် UK မှာရှိစဉ် မွေးသည့် သမီးငယ် သီတာကမူ ရက်အတော်ကြာသည်အထိ မိမိအား စိမ်းနေသည်။ ညဘက်ဆိုလျှင် ကျွန်ုပ်အား သူ့လက်ညှိုးလေးနှင့် ထိုးထိုးပြီး 'ဘယ်သူလဲ ဘယ်သူလဲ'ဟု သူ့အမေကို မေးနေတတ်သည်။ 'ဖေဖေပေါ့။ သမီးလေးရဲ့ ဖေဖေပေါ့'ဟု ကျွန်ုပ်က ပြောသော်လည်း လက်မခံနိုင်ဘဲ ရှုံးရှုံးဝါးဝါး အော်ဟစ်ငိုကြွေးတတ်သည်။ ထိုအခါ ကျွန်ုပ်က အငိုတိတ်စေရန် ဝေါက်ငမ်းမိပါက ပိုကြောက်ရွံ့သွားဟန်တူသည်။ သမီးလေးသည် မိမိအား တော်တော်နှင့်မကပ်ဘဲ ကိုယ့်အိုးကိုယ့်အိမ်နှင့်နေသည့်အခါကျမှ တစစရင်းနှီးကျွမ်းဝင်လာပါတော့သည်။ သားကြီး ဘိုဘိုသည် အိမ်သားအားလုံးက ညီမလေးကို ဝိုင်းပြီး သဲသဲလှုပ်နေကြလျှင် စိတ်မကောင်းဖြစ်နေဟန် တူသည်။ ခုံဖန်ရံခါ မနာလိုစိတ်ဖြင့် သူ့ညီမလေးကို မညှာမတာပြုမူဆက်ဆံတတ်ကြောင်း အိမ်သူအိမ်သားများပြော၍ သိရှိရပါသည်။

ယောက္ခမဖြစ်သူ ဦးလေးဦးလှအောင်ကား မိမိနိုင်ငံခြားမှာရှိစဉ် နှလုံးရောဂါဖြင့် အနိစ္စရောက်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၃)

## MRCOG ဘွဲ့ ရပြီး မြန်မာနိုင်ငံကွင်း ပြန်လည်အမှုထမ်းခြင်း

ကျွန်ုပ်သည် MRCOG ဘွဲ့ရရှိပြီး နိုင်ငံခြားမှ ပြန်လည်ရောက်ရှိခဲ့သော်လည်း မိမိ၏ရိုးရင်းစွဲ ကိုယ်ပိုင် စဉ်းစား တွေးခေါ်ပုံနည်းလမ်းမှာ ပြောင်းလွဲခြင်းမရှိချေ။ ဘွဲ့သည်ပမာနမကျ။ သမားကောင်းတစ်ဦးဖြစ်ရန် လူနာအမြောက်အမြား ကြည့်ရှုကုသပေးရင်း အတွေ့အကြုံများရှာမှီးဖို့ လိုသေးကြောင်း မိမိအနေဖြင့် နားလည်ခံယူထားပြီးဖြစ်ပါသည်။

UK တွင် သင်ကြားတတ်မြောက်ခဲ့သော ပညာအချို့မှာ မိမိနိုင်ငံ၌ အသုံးတည့်မတည့် စမ်းသပ်ရန် လိုပေလိမ့်ဦးမည်။ နိုင်ငံရပ်ခြားမှာ ဆည်းပူးလေ့လာခဲ့သည့် အတတ်ပညာအချို့မှာ ချက်ချင်းလက်ငင်း အကောင်အထည်ပေါ်၍ဖြစ်နိုင်လင့်ကစား အကျိုးရှိနိုင်သော်လည်း အကြောင်းကြောင်းကြောင့် အကောင်အထည်ပေါ်နိုင်စွမ်း မရှိသေးသော ကဏ္ဍများလည်း ရှိပေလိမ့်ဦးမည်။ လုံးလုံးလျားလျား အကောင်အထည်မပေါ်နိုင်သည့် အရာများလည်း ရှိနိုင်သေးသည်။ မိမိနိုင်ငံ၏အရင်းအမြစ်စွမ်းပကား၊ ကျန်းမာရေးမူဝါဒ စသည့် အကြောင်းအချက်များစွာတို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ ဒီပလိုမာဟူသည် သားဖွားမီးယပ် ဆရာဝန်တစ်ဦး ဖြစ်ကြောင်း အသိအမှတ်ပြုသည့် လက်မှတ်တစ်စောင်မျှသာဖြစ်၍ ထို့ထက်ပိုရန် အကြောင်းမရှိနိုင်ပေ။

'အခု ငါ့အနေနဲ့ သားဖွားမီးယပ်ဆရာဝန်တစ်ယောက် လို့တော့ အသိအမှတ်ပြုခံရပါပြီ စာတွေ့မဟုတ်ဘဲ နဖူးတွေ့ဒူးတွေ့ လက်တွေ့လုပ်ရမည့် အလုပ်များကို အခုမှ စလုံးရေ စရမှာ ပါကလား' ဟု တွေးတောနေမိပါသည်။



### ဒတ်ဖရင်ဆေးရုံ (RDH) သို့ နောက်တစ်ကြော့

နိုင်ငံခြားမှ ပြန်လည်ရောက်ရှိပြီးနောက် ဒတ်ဖရင်ဆေးရုံ(RDH)သို့ တစ်ကြော့ပြန်ရောက်ရှိချိန်တွင် ပါမောက္ခဒေါ်ခင်စီသည် သားဖွားမီးယပ်ပညာဌာန၏အကြီးအကဲဖြစ်နေပြီ။ ကျွန်ုပ်သည် ပါမောက္ခဒေါ်ခင်စီနှင့် လက်တွဲလုပ်ကိုင်ခဲ့ဖူးပြီဖြစ်ရကား အသည်းအသန် လူနာများထားရာ အသေအပျောက်များလှသော(B)ဆောင်၌ တာဝန်ထမ်းဆောင်လိုကြောင်း ဆန္ဒပြုခဲ့သည်။ ဆရာဝန်အများစုကမူ ရောဂါကူးမည် စိုးသောကြောင့် (B) ဆောင်ဆိုလျှင် ဝေးဝေးမှ ရှောင်ကြဉ်ကြလေ့ရှိ၏။ ကျွန်ုပ်ကမူ ထိုနေရာမှာလည်း လူနာများအကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သည်ပိုး ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်လျက် သိုနေရာတွင် လုပ်ကိုင်လိုခြင်းဖြစ်ပေသည်။

ထိုစဉ်အခါက ဒတ်ဖရင်ဆေးရုံ၌ ပိုးဝင်ပြီးအဖျားတက်နေသော လူနာများအား သွေးသွင်းပါက အဖျားပိုတက်စေနိုင်သည်ဟု ယူဆကာ Septic Abortion နှင့် Puerperial Sepsis လူနာများကို သွေးသွင်းမပေးကြချေ။ မိမိက အဆိုပါလူနာများသည် သွေးသွင်းပေးမှသာ သူတို့၏ဟေမိုဂလိုဘင် တိုးတက်လာပြီး ပကတိအခြေအနေ ကောင်းမွန်လာမည် ဖြစ်သည့်အပြင် ပိုးမွှားပျံ့နှံ့ခြင်း၊ သွေးဆိပ်တက်ခြင်းတို့ကို ခုခံနိုင်စွမ်း ရှိမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ B ဆောင်၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သွေးသွင်းခြင်းနှင့် ပတ်သက်၍ လွဲမှားနေကြသောအယူအဆကို တိုက်ဖျက်တော်လှန်ခဲ့ရသည်။ ထိုအဆောင်ရှိ အသည်းအသန်လူနာများကို မိမိကိုယ်ပိုင်အယူအဆဖြင့် မဆုတ်မနစ် တာဝန်ယူဆောင်ရွက်ခဲ့ရသည်မှာ ရေဆန်ကိုလှော်ခတ်ရသကဲ့သို့ ခက်ခဲပင်ပန်းလှပေ၏။ နောက်ဆုံးတွင်မူ ကျွန်ုပ်သည် သွေးကြောင့် အန္တရာယ်မဖြစ်စေသည့်ပြင် သွေးဖြင့် အသက်ကယ်နိုင်ကြောင်း အခိုင်အမာသက်သေထူနိုင်ခဲ့ပါသတည်း။

Bဆောင်၌အမှုထမ်းစဉ် မွေးလူနာများ နာကျင်မှုဝေဒနာ သက်သာစေရန် Pudental Block ကို စတင် ကျင့်သုံးခဲ့သည်။ ပက်သဒင်းနှင့် အခြားဆေးများကို သွေးကြောမှထိုးသောနည်းကိုလည်း ဦးစွာပထမ အသုံးပြုခဲ့ပါသည်။ သေစုပ်သားဖွားခြင်း၊ ညှပ်ဆွဲသားဖွားခြင်းနည်းနိဿယများကို ပိုမို စနစ်ကျနကောင်းမွန်အောင် ပြုပြင်ပေးခဲ့ပါသည်။ ထိုနည်းပညာအဝဝကို ဒေါက်တာဦးမောင်မောင် (နောင်တွင်ထင်ရှားသော သားဖွားမီးယပ် ဆရာဝန်ကြီးတစ်ဦးဖြစ်လာသူ) အပါအဝင် အခြား စိတ်ပါဝင်စားသူ များစွာတို့အား လက်ဆင့်ကမ်းပြပေးခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းသားများကို စာသင်ပေးခြင်း

ကျွန်ုပ်သည် ကျောင်းသားများအား စာသင်ရသောအလုပ်ကို ပျော်မွေ့သူဖြစ်၏။ မိမိတတ်သိ နားလည်သည့် အကြောင်းအရာတစ်ရပ်ရှိလျှင် စိတ်ဝင်စားသူရှိပါက သင်ပြပေးလိုသောဝါသနာမှာကား ကျွန်ုပ်၏ အားနည်းချက်လော အားသာချက်လော မပြောပြတတ်ပေ။ ပြဋ္ဌာန်းစာအုပ်တွင်ဖြစ်စေ၊ ဆေးပညာဂျာနယ်တွင်ဖြစ်စေ၊ အသစ်အဆန်း တစ်စုံတရာ ဖတ်ရှုပြီးသည့်အခါတိုင်း မိမိသိရှိထားသမျှ လက်ဆင့်ကမ်း ပေးရမည့်သူ တစ်စုံတစ်ယောက်အား မရမနေ ရှာဖွေမြဲဖြစ်သည်။ ကျွန်ုပ်သည် ကိုယ် တတ်ကျွမ်းနားလည်ထားသော အသိပညာအတတ်ပညာတို့ကို မချွင်းမချန် ဖြန့်ဖြူးမျှဝေလိုသည့် စိတ်စေတနာမျိုးရှိသည်။ UK မှ ပြန်ရောက်ပြီး B ဆောင်သို့ တာဝန်ကျစဉ် ကျွန်ုပ်သည် တပည့်တပန်းတို့အား မိမိစိတ်တိုင်းကျ စာတွေ့လက်တွေ့ သင်ကြား ပြသပေးခွင့် ရရှိခဲ့ပေသည်။

Bဆောင်၌ တာဝန်ကျစဉ်ကာလအတွင်း ကြုံဆုံခဲ့သော နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးကျောင်းသားများ အနက် Dr. မင်းညို၊ Dr. ခင်ဇော်၊ Dr. ကျော်လင်း၊ Dr. လှလှမြိုင် စသူတို့မှာ နောင်တွင် သားဖွားမီးယပ်ပညာ လိုက်စားကြသဖြင့် မိမိကပင်ဆက်လက် မြေတောင်မြှောက်ပေးခဲ့ရပေသည်။ အများစုမှာ သူတို့ အားသန်ကြသည့် ဘာသာရပ်များကို ရွေးချယ်လိုက်စားပြီး သက်ဆိုင်ရာပါရဂူများ ဖြစ်သွားကြပေသည်။ ကျွန်ုပ်သည် နောက်ဆုံးနှစ် ဆေးကျောင်းသားအားလုံးကို သားဖွားမီးယပ်ပညာနှင့်စပ်လျဉ်း၍ စမ်းသပ်စမ်းသပ်နည်း၊ စဉ်းစားတွေးခေါ်ပုံ၊ လူနာအကြောင်းတင်ပြဆွေးနွေးပုံ စသည်တို့ကို မိမိဝါသနာအလျောက် အပင်ပန်းခံကာ သင်ကြားပို့ချပေးခဲ့ပါသတည်း။

ထိုစဉ်က ကျွန်ုပ်အား အကိုဖြစ်သူ ဗိုလ်မှူးကြီးဖေသက်က ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းအဖြစ် ဂေါက်သီးရိုက်ရန် တိုက်တွန်းခဲ့သည်။ သူ ကိုယ်တိုင်ပင် ဂေါက်ရိုက်တံအစုံတဝက် ရှာဖွေ ဝယ်ယူပေးပြီးနောက် ဂေါက်သီးရိုက်နည်း အခြေခံများ သင်ပြပေးခဲ့သည်။ ထိုအချိန်က စိတ်ထိခိုက်ဖွယ် ဖြစ်ရပ်တစ်ခုမှာကား 'အုံး'၏ တတိယကိုယ်ဝန်သည် (၅)လခန့်တွင် သားလျှောခဲ့ခြင်း ဖြစ်ပေသည်။



## OG ဒေါက်တာဒေါ်ခင်နု၏လက်ထောက်အဖြစ်အမှုထမ်းခဲ့ခြင်း

B ဆောင်တွင် ကာလအတန်ကြာ လုပ်ကိုင်ပြီးနောက် မိမိအား C ဆောင်သို့ OG ဒေါ်ခင်နု၏ လက်ထောက်အဖြစ် တာဝန်ချထားခဲ့ပါသည်၊ ကျွန်ုပ်သည် ဆေးရုံတက်သောလူနာများကို ကြည့်ရှု ကုသခြင်းနှင့် ခွဲစိတ်ခန်းဝင်ခြင်းကဲ့သို့ ပုံမှန် တာဝန်ဝတ္တရားများအပြင် အရေးပေါ်တာဝန်လည်း ယူပေးရပါသည်။ မိမိထက် တစ်တန်းကြီးသော Dr. ဒေါ်ခင်နုသည် ဖေါ်ဖေါ်ရွေရွေရှိရုံသာမက ကျွန်ုပ်အား တတ်နိုင်သရွေ့ အကူအညီပေးလေ့ရှိပါ၏။

ကျွန်ုပ်သည် LSCS နှင့် TAH ကဲ့သို့သော ခွဲစိတ်မှုများကို လက်ထောက်ဆရာဝန်များအား လက်တွေ့ သင်ကြားပေးခဲ့ပါသည်။ Radical Wertheim's Hysterectomy နှင့် Radical Vulvectomy ကဲ့သို့ အကြီးစား ခွဲစိတ်မှုများရှိလျှင် Dr. ဒေါ်ခင်နုထံမှ ခွင့်တောင်းပြီး လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်က သမရိုးကျ ခွဲစိတ်နည်းမျိုးမဟုတ်ဘဲ ဝမ်းထဲရှိ အလုံးအကျိတ်များအား အပြီးတိုင်ဖယ်ရှားသော ခွဲစိတ်မှုကြီးများ လုပ်လေ့ရှိသဖြင့် ခွဲစိတ်ခန်းဆရာမများအဖို့လည်း ပို၍ပင်ပန်းကြသည်။ ရှေးရိုးစွဲဝါဒီ လူများစုသည် သမ်းဟောင်းပြင်၍ လမ်းသစ်ထွင်သူတို့ကို ကြိုဆိုကြလေ့မရှိချေ။ မိမိ၏အကြီးစား ခွဲစိတ်မှုများနှင့် စပ်လျဉ်း၍ တိုက်ခိုက်ဝေဖန် စွပ်စွဲချက်များ ပေါ်ထွက်လျှင် ကျွန်ုပ်အနေဖြင့် အချိန်ကုန်ခံ၍ ဖြေရှင်းမနေတော့ဘဲ ကိုယ်လုပ်ရမည့်အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ကြိုးစားစမ်းသပ်မှုနှင့် သုတေသနပြုလုပ်မှုများမရှိပါက တိုးတက်မှုအလျှင်းမရှိနိုင်ကြောင်း ဆေးပညာသမိုင်းတစ်လျှောက် သက်သေသာဓကအထောက်အထားများစွာ ရှိသည်မဟုတ်ပါလော။ ရှေးယခင်ကမူ RDH ၌ Radical Procedure တို့ကို ဝံ့ဝံ့စားစား ဆောင်ရွက်သူများ မရှိခဲ့ဖူးချေ။ မိမိမှာကား ခွဲစိတ်ဆရာဝန်ဘဝမှ OG ဘဝသို့ ဘဖြစ်လဲ ကူးပြောင်းလာသူဖြစ်သည်။ ဆရာကြီးဦးဘသန်းနှင့် ဆရာဦးကျော်သန်းတို့ လက်အောက်၌ အထွေထွေခွဲစိတ်မှုများစွာနှင့် ဆီးရောဂါခွဲစိတ်မှု များစွာတို့ကို ဆည်းပူးလေ့လာခဲ့ရုံမျှမက လက်တွေ့လေ့ကျင့် လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံများ ရရှိခဲ့ခြင်းသည် သားဖွားမီးယပ်ဆိုင်ရာ ခွဲစိတ်မှုများ ပြုလုပ်ရာတွင်ကျွန်ုပ်အား များစွာ အထောက်အကူ ပြုခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဆေးပညာဆွေးနွေးပွဲများ**

UK မသွားမီကမိမိစတင်ခဲ့သော ဆေးပညာဆွေးနွေးပွဲများ၏ အဓိကရည်ရွယ်ချက်မှာ လူငယ်ဆရာဝန်တို့အား ဆေးပညာနှင့်ပတ်သက်၍ လေ့ကျင့်ပျိုးထောင်ပေးရန်ဖြစ်ပါ၏။ သို့သော် ယခုအခါတွင် ယင်းဆွေးနွေးပွဲများသည် မူလရည်ရွယ်ချက်မှသွေဖီကာ တစ်ဦးကိုတစ်ဦး တဖက်စောင်းနင်း အပြစ်ရှာအပုပ်ချရာ တိုက်ခိုက်ရေးစင်မြင့်အဖြစ်သို့ အသွင်ပြောင်းသွားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပေ၏။ ထိုစဉ်ကအခြေအနေတို့အား စာရှုသူများ ဝေဖန်ဆင်ခြင်နိုင်ရန် တစ်ခုသော ဆေးပညာဆွေးနွေးပွဲ၏ ဖြစ်စဉ်ကို မှတ်သားမိသမျှ အမှန်အတိုင်း တင်ပြပါအံ့။

ထိုဆေးပညာဆွေးနွေးပွဲ၌ လက်ထောက်ဆရာဝန်တစ်ဦးက မီးဖွားပြီးကိုယ်ဝန်ဆိပ်တက်၍ အရေးပေါ်လူနာအဖြစ် ရောက်ရှိကာ အချိန်တိုအတွင်းသေဆုံးသွားသော လူနာတစ်ယောက်၏အကြောင်းကို တင်ပြပါသည်။ ရောဂါအခင်းကို ဖတ်ကြားတင်ပြနေစဉ်မှာပင် ဝါရင့်ဆရာဝန်ကြီးများအပါအဝင် ပရိသတ်ထဲမှပုဂ္ဂိုလ်တချို့က အပြစ်ရှာသည့် မေးခွန်းများ မေးနေကြသည်။ Case တင်သောဆရာဝန်မလေးမှာ တစ်ယောက်တစ်ခွန်း အများက ဝိုင်း၍ထိုးနှက်တိုက်ခိုက်နေကြသည်ကို ခုခံနိုင်စွမ်း မရှိသည့်အလျောက် မျက်စိမျက်နှာပျက်နေရှာပြီ။ သူ့ကြောင့် လူနာသေရသကဲ့သို့ တရားခံဖြစ်အောင် ပြောဆိုနေကြခြင်းမှာ မျှတမှု အလျှင်းမရှိချေ။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ အလားတူကိစ္စမျိုး နောက်နောင်မပေါ်ပေါက်စေရန်သာ လူနာသေဆုံးရသည့် အကြောင်းရင်းနှင့် ကုထုံးများအား အပြုသဘော အကြံပေး ဆွေးနွေးသင့်ကြသည်မဟုတ်ပါလော။

ကျွန်ုပ်သည် တဖက်စောင်းနင်း ဖြစ်နေသော အခြေအနေကို စိတ်မချမ်းမြေ့လှသဖြင့် ဇစ်မြစ်အကြောင်းရင်း ဖေါ်ထုတ်နိုင်ရန်အလို့ငှာ အောက်ပါအတိုင်း အမေးအဖြေ ဝင်ရောက်ပြုလုပ်ခဲ့ရပါ၏။ ထိုမေးခွန်းများမှာ ယခုခေတ်အသုံးအနှုန်းအရ စာရင်းစစ် (Audit) ဝင်သည်ဟု ဆိုနိုင်မည် ထင်ပါ၏။

ကျွန်ုပ် -လူနာရောက်တဲ့အချိန်မှာ တာဝန်ကျဆရာဝန်က ဘယ်သူလဲ။

Case တင်သောဆရာဝန် -ကျွန်မပါ။

ကျွန်ုပ် -လူနာအခြေအနေဆိုးလာတော့ ပထမလက်ထောက်ဆရာဝန်ကို အကြောင်းကြားရဲ့လား။



Case တင်သောဆရာဝန် -အကြောင်းကြားပါတယ်ရှင်။

ကျွန်ုပ် -ပထမလက်ထောက်ဆရာဝန်က ဘယ်သူလဲ။

(ဤတွင် ပထမလက်ထောက်ဆရာဝန်ဖြစ်သူက မတ်တပ်ရပ်၍ သူမဖြစ်ကြောင်းပြောသည်။)

ကျွန်ုပ် -ပထမလက်ထောက်ဆရာဝန်ကရော လူနာကိုကြည့်လိုက်ရသေးသလား။

ပထမလက်ထောက် -ကျွန်မ လူနာကို သွားကြည့်ခဲ့ပါတယ်။ ကျွန်မကြည့်တဲ့အချိန်မှာလူနာရဲ့ အခြေအနေက တော်တော်ဆိုးနေပါပြီ။ ကျွန်မလည်းပေးသင့်ပေးထိုက်တဲ့ ဆေးဝါးများကို ညွှန်ကြားခဲ့ပါတယ်။

ကျွန်ုပ် - တာဝန်ကျသားဖွားမီးယပ်ဆရာဝန်ကြီးကို ဒီလူနာရဲ့ အခြေအနေနဲ့ ကုထုံးများအကြောင်းသတင်းပို့သေးသလား။

ပထမလက်ထောက် -ဟုတ်ကဲ့။ မမ OGကို အပြည့်အစုံ အကြောင်းကြားခဲ့ပါတယ်။

ကျွန်ုပ် -တာဝန်ကျ သားဖွားမီးယပ်ဆရာဝန်ကြီး လာကြည့်သေးသလား။

ပထမလက်ထောက် - မမ OG လာမကြည့်တော့ပါဘူး။

ကျွန်ုပ် -တာဝန်ကျသားဖွားမီးယပ်ဆရာဝန်ကြီး လာမကြည့်ဘူးဆိုလျှင် ဒီလူနာသေဆုံးရတဲ့ ကိစ္စမှာ လက်ထောက်ဆရာဝန်အပေါ်မှာပဲ အပြစ်ပုံချမနေသင့်ပါဘူး။ ဒီလူနာလိုမျိုး ကြိုတင် အပ်နှံထားခြင်းမရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ အသေအပျောက်နှုန်းများလေ့ရှိတာကို OGတိုင်း လက်ခံနားလည်ထားကြပြီး ဖြစ်ပါတယ်။

ဤကဲ့သို့ ကျွန်ုပ်က မှတ်ချက်ပေး နိဂုံးချုပ်လိုက်ရာ ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားပြီး ပရိသတ်ထဲမှလည်း တစ်ဦးတစ်ယောက်မျှ ဝင်ရောက်ဆွေးနွေးခြင်းမပြုကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



## Dr. မောင်မောင်နှင့် VVF

ကျွန်ုပ်သည် ဒေါက်တာမောင်မောင်အား Kielland's Forceps ဖြင့် ညှပ်ဆွဲနည်းကို စနစ်တကျသင်ပြပေးပြီးဖြစ်ပါ၏။ မလိုသူတို့က ဝေဖန် ပြစ်တင်ကြမည်စိုးသဖြင့် မိမိရှိသောအချိန်မှသာ ညှပ်ဆွဲမွေးခြင်းကို ပြုလုပ်ရန် ကျွန်ုပ်က သူ့အား သေသေချာချာ မှာကြားထားသည်။ အမှန်စင်စစ် ဒေါက်တာ မောင်မောင်ကား RGH ၌ လက်တွေ့များစွာ လုပ်ကိုင်ခဲ့ဖူးသော ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်သည့်အပြင် မိမိအနေဖြင့် သူ၏အရည်အချင်းကို အပြည့်အဝ ယုံကြည်မှုရှိပါသည်၊

တနေ့သ၌ ဒေါက်တာမောင်မောင်သည် မွေးချိန်ကြာနေသော လူနာတစ်ယောက်အား Kielland's Forceps သုံး၍ မီးဖွားပေးရာ ထိုလူနာသည် VVF ရသွားပြီး ဆီးယိုရောဂါဖြစ်သွားလေသည်။ Kielland's Forceps ကို ထောက်ခံအသုံးပြုလျက်ရှိသောကျွန်ုပ်နှင့် ယခုလူနာအား ညှပ်ဆွဲ မွေးဖွားပေးသူ ဒေါက်တာ မောင်မောင်တို့အား ခေါင်းမဖော်နိုင်အောင် ရှုံ့ချ ဝေဖန်ကြရန် ရည်ရွယ်ချက်ဖြင့် ဆေးပညာဆွေးနွေးပွဲ၌ ထို Case အား တင်ပြခဲ့ကြလေသည်။ ထိုဆွေးနွေးပွဲ၌ မိမိကို မလိုလားသူအချို့က ဦးဆောင်ပြီး Kielland's Forceps အသုံးပြုသူတို့အား ရစရာမရှိအောင် နှိမ့်ချဝေဖန်သွားခဲ့ကြပါသည်၊ သူတို့နှစ်ဦး အာဘောင်အာရင်းသန်စွာ စကားစစ်ထိုးအပြီးတွင် တိုးတိုး တိုးတိုး သဖန်းပိုး အသံများမှအပ ဆွေးနွေးပွဲခန်းမတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားပါတော့သည်။

## ကျွန်ုပ်၏ခုခံချေပချက်

'ဆိုရေးရှိက ဆိုအပ်လှ'ဟူသော စကားနှင့်အညီ ကျွန်ုပ်သည် မလွဲရှောင်သာတော့ဘဲ ဝင်ရောက် ဆွေးနွေးခဲ့ရပါတော့၏။ 'ဒီလူနာမီးဖွားဖို့ ဝမ်းနာနေတာဘယ်လောက်ကြာပြီလဲ'ဟု မိမိက ရောဂါရာဇဝင်ကို ပြန်လှန် မေးမြန်းရာ မီးဖွားရန်ဝမ်းနာနေသည်မှာ (၂၄)နာရီကျော်ပြီဟုဆိုသည်။ ဤတွင် ပုံမှန်မီးဖွားလျှင် ကြာသင့်သောအချိန်ထက် သိသိသာသာပိုနေကြောင်း အဖြေထွက်လာသည်။ ထို့ကြောင့် ကျွန်ုပ်က ယခုလူနာ VVF ရခြင်းမှာ Killand's Forceps ကြောင့်ဟူ၍ တပ်အပ်မစွပ်စွဲနိုင်ကြောင်း အောက်ပါအတိုင်း ငြင်းချက်ထုတ် ဆွေးနွေးခဲ့ပါသည်။



ပထမအချက်အနေနဲ့ ကလေးမထွက်နိုင်ဘဲ မွေးချိန်ကြာလွန်းလို့ ကလေးရဲ့ဦးခေါင်းက Anterior Vaginal Wall ကို ဖိထားလို့ ဆီးအိမ် အောက်ခြေမှာ Pressure Necrosis ဖြစ်ပြီး VVF ရနိုင်ပါတယ်၊

ဒုတိယအချက်ကတော့. ဒီလူနာ VVF ရတဲ့အကြောင်းရင်းကို Kielland's Forceps ကြောင့်ပါလို့ ဘယ်သူတွေကဘာကြောင့် တစ်ထစ်ချ ဆုံးဖြတ်ရတာလဲ။ Kielland's Forceps အသုံးပြုဖူးတဲ့ အတွေ့အကြုံရှိလို့ မကောင်းပြောလျှင် လက်ခံနိုင်စရာရှိပါသေးတယ်။ Kielland's Forceps ကို တစ်ကြိမ်တစ်ခါမျှ မသုံးဖူးဘဲ မျက်စိမှိတ်ပြီး အပြစ်တွေကိုသာ လျှောက်ပြောနေကြတာဆိုလျှင်တော့ အခြေအမြစ်လည်းမရှိ၊ သိပ္ပံနည်းလည်း မကျတဲ့ အတွက် လက်ခံလို့မရပါဘူး။ ကျွန်တော်ကတော့ Kielland's Forceps ကြောင့် VVF ရတာမဟုတ်ဘူးလို့ ပြောချင်ပါတယ်။

## ဆေးပညာဆွေးနွေးပွဲများနှင့် အကျိုးသက်ရောက်မှု

ဆေးပညာဆွေးနွေးပွဲများတွင် လူနာမှတ်တမ်းများကို တင်ပြဆွေးနွေးကြခြင်းမှာ တက်ရောက်သူလူငယ်ဆရာဝန်များအကျိုးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားရေးလုပ်ငန်းတွင် အရေးပါသည့်ခြေလှမ်းတစ်ရပ် ဖြစ်ပါ၏၊ 'မမှားသောရှေ့နေ၊ မသေသောဆေးသမား'ဟူသော ဆိုရိုးနှင့်အညီ ချွတ်ချော်တိမ်းပါးမှု တစ်စုံတရာဖြစ်ပြီးနောက် ထိုလူနာ၏ဖြစ်စဉ်အား ဆေးပညာ ဆွေးနွေးပွဲ၌ တင်ပြဆွေးနွေးကြလျှင်လည်း အလားတူကိစ္စမျိုး နောက်ထပ် မပေါ်ပေါက်စေရန် စိတ်ကောင်းစေတနာကောင်းဖြင့်သာလျှင် ဆွေးနွေးသင့်ကြပေသည်။ လူ့သဘာဝအရ မှားနိုင်သည်ကို ပုံကြီးချဲ့ရန်မလိုသကဲ့သို့ ဖုံးဖိ ဖျောက်ဖျက်ရန်လည်း မလိုအပ်ချေ။ ထိုအမှားကို မီးမောင်းထိုးပြလျက် အတွေ့အကြုံများသူ ဆရာသမားနှင့် ဝါရင့်ပုဂ္ဂိုလ်တို့က ဆွေးနွေး အကြံပြုခြင်းဖြင့် 'အနှုံထဲမှအမြှတ်ထုတ်' ကြရန်သာဖြစ်ပါ၏။ တစ်စုံတစ်ယောက်အပေါ် အပြစ်ပုံချမည့် စိတ်စေတနာမျိုး လုံးဝမထားဘဲ ထိုဖြစ်ရပ်ကိုမှီ၍ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အပြုသဘောဖြင့် ဆွေးနွေးတိုင်ပင် အတွေ့အကြုံ ဖလှယ်သင့်ကြပါသတည်း၊

www.burmeseclassic.com

www.burmeseclassic.com



## Dr. ဦးရွှေတင် MRCOG ဘွဲ့ယူရန်သွားခြင်း

အထွေထွေခွဲစိတ်ကုဆရာဝန်ကြီးတစ်ဦးဖြစ်သော Dr. ဦးရွှေတင်သည် Dr. ဒေါ်ခင်နုနေရာတွင် အစားထိုးရန် သားဖွားမီးယပ် ဆရာဝန်အဖြစ် RDH သို့ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်သည် သူ RDH သို့ ရောက်လျှင်ရောက်ချင်း သွားရောက်တွေ့ဆုံပြီး OG လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားပါက မဖြစ်မနေ MRCOG ဘွဲ့ရအောင်သွားယူဖို့ တိုက်တွန်း ပြောဆိုခဲ့ပါသည်။ Dr. ဦးရွှေတင် နိုင်ငံခြားသို့ မသွားမီ မိမိအနေဖြင့် သူ၏လက်ထောက်အဖြစ် လုပ်ကိုင်ရင်း သူ့အား အကြံကောင်း ဉာဏ်ကောင်းများ ပေးခဲ့ပါ၏။

## ဆေးဝါးအကြံပေးကော်မီတီ

Dr. ရွှေတင်သည် ထိုစဉ်က ဆေးဝါးအကြံပေးဘုတ်ကော်မီတီ၌ အဖွဲ့ဝင်တစ်ဦးဖြစ်သည့်ပြင် အသစ်ဆောက်လုပ်ပြီးစ အလုပ်သမားဆေးရုံကြီးတွင်လည်း သားဖွားမီးယပ်ဆရာဝန်ကြီးအဖြစ် တာဝန်ယူလုပ်ကိုင်လျက်ရှိ၏။ သူ နိုင်ငံခြားသို့ ပညာတော်သင်သွားစဉ် ထိုလုပ်ငန်းတာဝန်နှစ်ရပ်လုံးကို သူ့ကိုယ်စား လုပ်ကိုင်ပေးရန် Dr. ရွှေတင်က မိမိအား မေတ္တာရပ်ခံ အကြံပြုခဲ့သည်။

ဆေးဝါးအကြံပေးကော်မီတီသည် ဗဟိုဆေးသိုလှောင်ရေးဌာန၌ တစ်လတစ်ကြိမ် ပုံမှန် အစည်းအဝေးထိုင်သည်။ ကျန်းမာရေးဝန်ကြီး ဗိုလ်မှူးကြီး လှဟန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်များမှာ ဗိုလ်မှူးကြီးလွင်၊ အတွင်းရေးမှူး ဗိုလ်မှူးချာနီးယား၊ ခွဲစိတ်ဆရာဝန်ကြီး ဦးကျော်မောင်၊ သမားတော်ကြီးဦးလှမြင့်နှင့် မိမိတို့ ဖြစ်ကြပါ၏။ နိုင်ငံတဝှမ်းလုံးရှိ ဆေးရုံများအတွက် ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူရန် နိုင်ငံခြားသို့ မှာကြားခြင်း မပြုမီ ဤကော်မီတီက စီစစ်ပေးရခြင်းဖြစ်သည်။ ဤကော်မီတီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးခြင်းကြောင့် လူတို့၏အကြောင်းများ ပိုမို သိရှိရသကဲ့သို့ ရောင်းဝယ်တာ ကိစ္စများနှင့်စပ်လျဉ်း၍ ဗဟုသုတ တိုးပွားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကျိုးကြောင်းမခိုင်လုံသည့် မှာကြားလွှာအချို့မှလွဲ၍ ဆေးရုံများမှ တင်ပြသည့် မှာကြားလွှာအများစုကို ခွင့်ပြုခဲ့ကြပါ၏။



## အလုပ်သမားဆေးရုံကြီး

အလုပ်သမားဆေးရုံကြီးကား ထိုစဉ်ထိုအခါက နိုင်ငံတော်အစိုးရအဖို့ ဂုဏ်ယူဝံ့ကြွားဖွယ်ရာ မှတ်တိုင်ကြီးတစ်ခု ဖြစ်ပေသည်။ မိမိအမြင်အရမူ ထိုဆေးရုံကြီးသည် ရုပ်ပြကောင်းသလောက် ဆေးရုံကောင်းတစ်ခု၏ အခြေခံအင်္ဂါရပ်များ ပြည့်စုံမှုမရှိချေ။ မည်သို့ပင်ဖြစ်စေကာမူ လက်ရှိဆေးရုံများ ဆောက်လုပ်ရေးအတွက် အရေးပါသည့် ပဏာမခြေလှမ်းတစ်ရပ် ဖြစ်ပါ၏။ ကျွန်ုပ်သည် ခွဲစိတ်ခန်းနှင့်လူနာခန်းများကို ပြုပြင် မွမ်းမံမှု ပြုလုပ်ပေးခဲ့သည်။ ကျွန်ုပ်သည် မေ့ဆေးဆရာဝန် ဒေါက်တာဒေါ်ကြည်စိန်နှင့်တွဲ၍ LSCS အချို့ ခွဲစိတ်ပေးခဲ့ဖူးပါသည်။ နောက်ပိုင်းတွင်ကား ဝန်ထမ်းအင်အား မပြည့်စုံသောကြောင့် ခွဲစိတ်မှုများကို ဆက်လက် မဆောင်ရွက်တော့ဘဲ ဆိုင်းငံ့ထားခဲ့ရပါသတည်း။

## သမီးငယ် နီတာမွေးဖွားခြင်း

ထိုစဉ်က 'အုံး'မှာ စတုတ္ထကိုယ်ဝန် လွယ်ထားရသည်။ တတိယကိုယ်ဝန်ပျက်ခဲ့ဖူးသောကြောင့် ယခုကိုယ်ဝန်အား အထူးဂရုစိုက်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ပါမောက္ခ ဒေါ်ခင်စီက ကြည့်ရှုပေးပါ၏။ 'အုံး'၏ ကျန်းမာရေးကလည်း အထူးကောင်းမွန်၍ အထစ်အငေါ့ တစ်စုံတရာမရှိဘဲ (၁၂-၃-၁၉၆၂) နေ့တွင် သမီးငယ်လေးကို လွယ်ကူချောမောစွာပင် မွေးဖွားနိုင်ခဲ့ပါသည်။ ထိုစဉ်က မန္တလေးသို့ စာမေးပွဲစစ်ရန်သွားဖို့ရှိသော်လည်း 'အုံး'တို့ သားအမိကို အနီးကပ်ကြည့်ရှုစောင့်ရှောက်လိုသဖြင့် မသွားရောက်နိုင်ခဲ့ပါ။

သမီးငယ်နီတာသည် မွေးစကတည်းက ဝဝဖိုင့်ဖိုင့်လေးဖြစ်၏။ တစစကြီးပြင်းလာသည့်အခါ ဝဝတုတ်တုတ် မျက်စိမှေးမှေး ပါးဖောင်းဖောင်းလေးနှင့် ချစ်ဖွယ်ကောင်းသောကြောင့် သူ့အား အများက 'သာဂေါင်'ဟု ချစ်စနိုး အမည်ပေးခဲ့ကြသည်။ သူကလေးကလည်း ကိုယ်အမူအရာ နှုတ်အမူအရာ အမျိုးမျိုးဖြင့် လူချစ်အောင်လုပ်တတ်သည်။ ဥပမာ အိမ်သို့လာရောက်သော ဧည့်သည်များကို 'စားပါဦး၊ သောက်ပါဦး' စသည့်လောကွတ်ပျူငှာစကားများကို လူကြီးများက သင်မပေးရဘဲ ပြောဆိုတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

## မန္တလေးသို့ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခြင်း

၁၉၆၄ခု၊ စက်တင်ဘာလတွင် ကျွန်ုပ်အား အငြိမ်းစားယူမည့် ဆရာမကြီး Dr. D. Silver ၏နေရာတွင် အစားထိုးရန် ပြောင်းရွှေ့ခန့်ထားသော အမိန့်စာထွက်လာခဲ့သည်။ တိုးမြှင့်ပေးလိုက်သော မိမိ၏ရာထူးနှင့် အလုပ်တာဝန်တို့မှာကား မန္တလေးပြည်သူ့ဆေးရုံကြီး၊ သားဖွားမီးယပ်ပညာဌာန၏ သားဖွားမီးယပ်ဆရာဝန်ကြီးနှင့် မန္တလေးဆေးတက္ကသိုလ် သားဖွားမီးယပ်ပညာဌာန၊ ပါမောက္ခ ဌာနမှူးပင်ဖြစ်သည်။ ကျွန်ုပ် မန္တလေးသို့ ရောက်ရှိသောအခါ မန္တလေးပြည်သူ့ဆေးရုံကြီး (MGH) ၏ ဆေးရုံအုပ်ကြီး ဒေါက်တာဦးထွန်းမင်းနှင့် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် မိမိ၏လက်ဦးဆရာ ဒေါက်တာဦးဘသန်းတို့က ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။ ယခုကဲ့သို့ ရာထူး တိုးတက်ခြင်းမှာ မိမိ၏ကိုယ်ပိုင်အရည်အချင်းနှင့် အခြေအနေ အချိန်အခါတို့အပြင် ဆရာကြီးဦးဘသန်းနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာလှဟန်တို့နှစ်ဦးကလည်း ထောက်ခံချက်ပေးသောကြောင့် ဖြစ်ဖွယ်ရှိပါ၏။ ဇီဝကမ္မဗေဒပါမောက္ခ ဒေါက်တာဖေသိန်း၏ဇနီး ဒေါက်တာဒေါ်ကြူကြူဆွေလည်း သားဖွားမီးယပ်ပညာဌာန ကထိကရာထူးဖြင့် မန္တလေးသို့ ရောက်ရှိလျက် ရှိသည်။

ကျွန်ုပ်သည် အပြောင်းရွှေ့ကိစ္စအား မိမိ၏ဇနီးနှင့် အကြေအလည် တိုင်ပင်ဆွေးနွေးရသည်။ 'အုံး'သာ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ ပြောင်းရွှေ့ခွင့် မရပါက မိမိအနေဖြင့် မန္တလေးတွင်ရေရှည်နေဖို့ လုံးဝမဖြစ်နိုင်ပါ။ ကလေးများ၏ပညာရေးအတွက်လည်း မန္တလေးတွင် ရန်ကုန်ကျောင်းများနှင့် အဆင့်ချင်းတူသော သာသနာ့ပြုကျောင်းများရှိခြင်းကြောင့် ပူရန်မလိုပေ။ ကျွန်ုပ်တို့



ဇနီးမောင်နှံ(၂)ဦးသည် ဘက်ပေါင်းစုံမှ ချင့်ချိန်စဉ်းစားကြပြီးနောက် မန္တလေးသို့ ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါ၏။

### အလုပ်ဝင်ရောက်ကြောင်းသတင်းပို့ခြင်း

ကျွန်ုပ်သည် ဆေးရုံအုပ်ကြီး ဒေါက်တာဦးထွန်းမင်းထံ အလုပ်ဝင်ရောက်ကြောင်း အစီရင်ခံစာ ရေးသားတင်သွင်းပြီး MGH၏ သားဖွားမီးယပ်ဆရာဝန်ကြီးတာဝန်ကို လက်ခံရယူခဲ့ပါသည်။ ဆေးရုံအုပ်ကြီးရုံးခန်းမှ သားဖွားမီးယပ်လူနာဆောင်သို့ တစ်ဆက်တည်း သွားရောက်ကာ ဌာနရှိ ဆရာဝန် ဆရာမများကို တွေ့ဆုံ မိတ်ဖွဲ့ခဲ့ပါသည်။

ပါမောက္ခချုပ် ဒေါက်တာဦးဘသန်း၏ ရုံးခန်းသို့လည်း ဝင်ရောက်သတင်းပို့ပြီးနောက် သားဖွားမီးယပ်ပညာဌာန ဒု-ပါမောက္ခနှင့် ဌာနမှူးတာဝန်ကိုလက်ခံခဲ့ပါသည်။ ဆရာကြီးက မိမိအားကြိုဆိုပြီးနောက် Dr. H. Aronနှင့်တွဲ၍ သားအိမ်ခန္ဓာဗေဒအကြောင်း သင်တန်းပို့ချရန် စီစဉ်ပေးခဲ့ပါသည်။

### ဒေါက်တာဦးထွန်းမင်းနှင့် အတူနေထိုင်ခဲ့ခြင်း

ကျွန်ုပ်သည် မိသားစုမရောက်မီ ဒေါက်တာဦးထွန်းမင်း၏နေအိမ်၌ နေထိုင်စားသောက်ခဲ့ပါသည်။ ထိုအတောအတွင်း 'အုံး'ကလည်း မန္တလေးသို့ ပြောင်းရွှေ့ခွင့်ရရေး (မိမိအကို) ဗိုလ်မှူးကြီးဖေသက်၏ အကူအညီဖြင့် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်သည် ဒေါက်တာထွန်းမင်း၏ အိမ်မှာနေထိုင်စဉ် သူတို့သားအဖနှင့်အတူ ညနေတိုင်းဂေါက်သီးရိုက်သည်။ အညာတွင် နေဝင်ချိန်နောက်ကျလေ့ရှိသောကြောင့် 'အုံး'က ရန်ကုန်မှနေ၍ ညနေဘက် တယ်လီဖုန်းဆက်သည့်အခါတိုင်းလိုလို ကျွန်ုပ်တို့က ဂေါက်ကွင်းမှာ ရှိနေတတ်ကြပါသည်။ ကျွန်ုပ်သည် အိန္ဒိယလူမျိုး ကြေးစားဂေါက်သီးသမားတစ်ဦးထံမှ ဂေါက်သီးရိုက်နည်း လေ့ကျင့်ခန်းများ သင်ယူခွင့်ရရှိခဲ့ပါ၏။

### 'အုံး' မန္တလေးသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်း

ကျွန်ုပ်မန္တလေးသို့ ရောက်ပြီး(၃)လခန့် အကြာတွင် ဇနီးဖြစ်သူ 'အုံး'လည်း လ/ထ ကထိက ရာထူးဖြင့် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ သမိုင်းဌာနသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပါသည်။ 'အုံး' မန္တလေးသို့ ရောက်သည့် အချိန်မှာ သမီးငယ်နီတာကို ဖွားမြင်ပြီးစအချိန်ဖြစ်သည်။ အိမ်ရှာနေစဉ် အတောအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မိသားစု ဒေါက်တာဦးထွန်းမင်းအိမ်တွင် တပတ်ခန့် နေထိုင်ခဲ့ရသေးသည်၊ ထိုစဉ်အခါကလည်း သင့်လျော်သောအဖိုးသားနားဖြင့် အိမ်ကောင်းကောင်းတစ်လုံး ငှားရမ်းရရှိရေး မလွယ်ကူလှပေ၊

ကျွန်ုပ်တို့သည် ပါမောက္ခဦးနက်၏ အိပ်ခန်း(၃)ခန်းပါသော တစ်ထပ်တိုက်ကို တလ(၃၀၀/-)နှုန်းဖြင့် ငှားရမ်းခဲ့ကြသည်။ သူ့ခေတ်သူ့အခါနှင့် စေ့ကောင်းပေးပြီး ငှားရခြင်းပင်ဖြစ်၏။ နွေရောက်လျှင် ပူလွန်းသောကြောင့် အိမ်ထဲမှာမနေနိုင်၊ အိမ်ပြင်ထွက်၍ ခြံထဲတွင်လေညင်းခံရသည်။ ခြံကျယ်သဖြင့် အဆင်ပြေပါသည်။

ဇနီးဖြစ်သူအား အိမ်မှုတာဟီရကိစ္စများကူညီလုပ်ကိုင်ပေးရန် အိမ်ဖော်တစ်ယောက်ခေါ် ရသည်။ အလုပ်သွားအလုပ်ပြန်ကြိုပို့ရန်အတွက် ယာဉ်မောင်းတစ်ယောက် ခေါ် ထားရသည်။ မောင်နီထွေးတို့လင်မယားမှာ ထမင်းချက် ဟင်းချက် အတော်ကောင်းပါသည်။ ကျွန်ုပ်တို့ စီဗွီလိုင်းပြောင်းသည်အထိ မောင်နီထွေးက အိမ်လာပြီး ထမင်းဟင်းချက်ပြုတ်ပေးပါသည်။ ကျွန်ုပ်ဝယ်ပေးထားသောစက်ဘီးတစ်စီးကို ရောင်းပြီး ဖဲကစားပစ်သောကြောင့် စိတ်ဆိုး၍ အလုပ်မှထုတ်ပစ်ခဲ့သည်။ နောက်ပိုင်းတွင် မိမိကပင် သူ့ကို မိုးကုတ် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးတွင် အလုပ်သွင်းပေးခဲ့ရပါသည်။ 'မသ'ဟုခေါ်သော အိမ်ဖော်တစ်ဦးက ယာဉ်မောင်းဦးအုန်းနှင့် လိုက်ပြေးသည်။ ကျွန်ုပ်၏ VVF လူနာတစ်ဦးဖြစ်သော မကောင်းကို 'အောင်အောင်'အား ကြည့်ရှု စောင့်ရှောက်ရန် ခေါ်ထားခဲ့ဖူးသည်။ မကောင်းထံမှ သားလေး မျက်ခမ်းစပ်ရောဂါ ကူးသွားသဖြင့် တော်တော်ကုယူခဲ့ရသည်။

ယာဉ်မောင်းအများစုမှာ ဆက်ဆံ၍မလွယ်ချေ။ မသ နှင့်ညားသော ဦးအုန်းအပြင် အခြားသူတို့မှာ စကိုဒါမောင်းသည့် ဦးဘကျော်၊ မဆင်မခြင်လုပ်တတ်သည့် ကျော်အေး၊ မည်သည့်အခါမျှ စိတ်မချရသည့် Mazda-၁၃၀၀ မောင်းသူ ဦးနိုင် စသည်တို့ ဖြစ်ပါ၏။ မိမိထံတွင် အချိန်ပိုင်း လာမောင်းပေးသော ရဲတပ်ဖွဲ့မှုကိုသန်းတစ်ယောက်သာလျှင် ရှားရှားပါးပါး လူရိုးတစ်ဦး ဖြစ်ပါသည်၊



**မန္တလေးပြည်သူ့ဆေးရုံကြီး၏ ပကတိအခြေအနေ**

MGH ရှိအဆောက်အဦတို့မှာ ၁၉၅၄ခုနှစ် ကျွန်ုပ် မန္တလေးမှ ထွက်ခွာလာခဲ့စဉ် အချိန်နှင့် မယိုးမစွ။ တိုးတက်ပြောင်းလဲမှု မရှိသလောက်ပင် ဖြစ်ပါ၏။ စစ်ကြိုခေတ် (၃)ထပ်အဆောက်အဦကြီးတွင် မြေညီထပ်၌ ခွဲစိတ်ကုသဆောင်တစ်ခုထားလျက် ပထမထပ်နှင့်ဒုတိယထပ်တို့တွင် သားဖွားမီးယပ်ဌာန ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ပင်မ(၃)ထပ် အဆောက်အဦ၏ တစ်ဖက်တစ်ချက်တွင် (၂)ထပ်အဆောက်အဦတစ်လုံးစီကို ၁၉၅၃ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို(၂)ထပ်အဆောက်အဦး၏အပေါ်ထပ်များတွင် ခွဲစိတ်ကုသဆောင်(၂)ခုနှင့် အောက်ထပ်များတွင် ဆေးကုသဆောင် (၂)ခု ရှိသည်။ သားဖွားမီးယပ်နှင့် ကလေးကျန်းမာရေးဌာနများအတွက် ယူနစ်တစ်ခုစီသာ ရှိသည်။

မြင်ပလူနာဌာနတွင် ၁၉၅၃ခုနှစ်ကတည်းက ရှိရင်းစွဲ အုတ်ညပ်အဆောက်အဦအပြင် ထပ်မံဆောက်လုပ်ထားသော ကာလသားရောဂါဌာန၊ အမျိုးသမီးပြင်ပလူနာဌာနစသည်တို့ ပါဝင်သည်။ ဆေးရုံဝိုင်းထဲတွင် ရေတိုစီမံကိန်းဖြင့် ဆောက်လုပ်သည့် အုတ်ညပ်အဆောက်အဦများစွာတို့ကို မှိုပေါက်သည့်နှယ် နေရာအနှံ့အပြားတွင် မြင်ရလင့်ကစား စီမံကိန်းချမှတ်၍ စနစ်တကျဆောက်လုပ်ခြင်းမျိုး မဟုတ်ချေ။

စစ်ကြိုခေတ်က မူလခွဲစိတ်ခန်းကြီးအပြင် ခွဲစိတ်ခန်းအသစ်တစ်ခု ထပ်မံဖွင့်လှစ်ထားရှိပါသည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဗိသုကာများသည် ဆေးရုံတစ်ရုံ၌ ရှိသင့်ရှိထိုက်သော အခြေခံအင်္ဂါရပ်များကို နားမလည်ကြသည့်အပြင် ခွဲစိတ်ခန်း၏သဘောသဘာဝနှင့် လိုအပ်ချက်များ မည်ကဲ့သို့ ရှိသည်ကို ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများတို့ကဲ့သို့ နားလည် တတ်ကျွမ်းသည့် ပုဂ္ဂိုလ်များနှင့် ကြိုတင်မေးမြန်း နှီးနှော တိုင်ပင်ခြင်းမရှိဘဲ သူတို့ စိတ်ကူးနှင့်သူတို့ ဆောက်လုပ်ကြခြင်းဖြစ်၏။ ပိုးသန့်စင်ဇုံနယ်မြေ ပိုင်းခြားခြင်း၊ မေ့ဆေးပြေစလူနာများနှင့် နလံထ လူနာများထားရန်အခန်း စသော အဓိက လိုအပ်ချက်များ လစ်ဟင်းလျက်ရှိသည်။ အများသွားလာသော စင်္ကြန်လမ်းမှ ခွဲစိတ်ခန်းကြီး(၂)ခု၏ဝင်ပေါက်သို့ တိုက်ရိုက် ရောက်နိုင်ခြင်းမှာ ကြီးမားသော ပြစ်မှုတစ်ရပ်ဟုပင် ဆိုသင့်ပါ၏။ ခွဲစိတ်ဆရာဝန်များအနေဖြင့် လက်ရှိအခြေအနေအတိုင်း ကြံဖန်ကြိုးစား သည်းညည်းခံလျက် အသုံးပြုနေကြရခြင်း ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



**မန္တလေးဆေးရုံကြီး၊ သားဖွားမီးယပ်ဌာန လူနာဆောင်**

လူနာဆောင်ထဲတွင် နေရာထိုင်ခင်း မပြည့်စုံသကဲ့သို့ မွေးခန်းမှာလည်း မွေးလူနာများအတွက် လုံလောက်မှုမရှိချေ။ လူအင်အားအရ လောလောဆယ် လ/ထဆရာဝန်ဒေါက်တာဒေါ်ခင်မာအေးတစ်ဦးသာ အားကိုးရန် ရှိပါသည်၊ သားဖွားမီးယပ်ပညာကို စောက်ချလေ့ကျင့်ထားသူများမရှိသေးပေ။

သားဖွားမီးယပ်ဆောင်တစ်ခုတည်းသာရှိသဖြင့် ဆေးရုံတက်လူနာများကို နေ့စဉ်လက်ခံရသည်။ အပြင်လူနာ ကြည့်သောနေ့(၂)ရက်၊ ခွဲစိတ်ခန်းဝင်သောနေ့ (၂)ရက်ထားပြီး လူနာပြုစုကုသရေးကို(၂၄)နာရီ တာဝန်ယူရသည်။ သီတင်းတစ်ပတ်လုံး နေ့စဉ်လုပ်ငန်းအဖြာဖြာ ထောင့်စေ့အောင် ဆောင်ရွက်နိုင်ရေးအတွက် ယူနစ်(၃)ခုထားရှိမှသာ လိပ်ပတ်လည်ပေလိမ့်မည်။ ယူနစ်(၃)ခုရှိလျှင် လူနာပြုစုကုသရေး အရည်အသွေး ပိုမို ကောင်းမွန်လာရုံသာမက သင်ကြားရေးတာဝန်များကိုလည်း ဆတက်ပိုး ထမ်းဆောင်နိုင်ကြပေမည်။ ထို့ပြင် ယူနစ်(၃)ခုထားရှိခြင်းကြောင့် ဝန်ထမ်းအလွှာအသီးသီးတွင် ရာထူး တိုးတက်ဖို့ အခွင့်အလမ်း ပိုမိုရရှိကြမည် ဖြစ်ပါ၏။ လူနာများဘက်မှ ကြည့်လျှင်လည်း သူတို့နှစ်သက်ရာဆရာဝန်ကို ရွေးချယ်ကုသနိုင်ကြမည် မဟုတ်ပါလော။

**မန္တလေးဆေးတက္ကသိုလ်၊ သားဖွားမီးယပ်ပညာဌာန**

သင်ကြားရေးအတွက် ဆရာအင်အားဟူ၍ ပါမောက္ခဌာနမှူးဖြစ်သော ကျွန်ုပ်နှင့် ကထိက ဒေါ်ကြူကြူဆွေ (၂)ဦးသာ ရှိပါသည်။ ဘွဲ့ကြိုကျောင်းသားများကို သင်ကြားပို့ချရန် ဆရာအင်အားလည်း မပြည့်စုံ။ သင်ကြားရေး အထောက်အကူပစ္စည်းများလည်း ချို့ငဲ့ကာ အစီအစဉ်မကျ ကမောက်ကမဖြစ်လျက် ရှိပေသည်။ မိမိတို့ဌာနအနေဖြင့် လတ်တလော ဘွဲ့ကြိုကျောင်းသားများသင်ကြားရေးအတွက်သာမက မကြာမီပေါ်ပေါက်လာမည့် ဘွဲ့လွန် ကျောင်းသားများ လေ့ကျင့်သင်ကြားရေးအတွက်ပါ အရည်အသွေးမီသော ဆရာများ အင်အားဖြည့်တင်းထားဖို့ လိုအပ်ပါသည်။ လက်ရှိသင်ပြပေးနေသော ပုဂ္ဂိုလ်အားလုံးလိုလို သင်ကြားရေး နည်းစနစ်နှင့်စပ်လျဉ်း၍ စနစ်တကျ ဆည်းပူးလေ့လာခွင့်ရသူများမဟုတ်ကြသည့်အလျောက် တင်းပြည့်ကျပ်ပြည့် ထိရောက်မှုရှိအောင် သင်ပြနိုင်စွမ်းမရှိကြပေ။ သင်ကြားရေးကဏ္ဍရှိ ဆရာ ဆရာမများအား ခေတ်အလိုက် တိုးတက်ပြောင်းလဲနေသည့် သင်ကြားရေးနည်းစနစ်များကို လေ့ကျင့်ပို့ချသောသင်တန်းများ တက်ရောက်ရန် စေလွှတ်ပေးဖို့လိုသည်။



လောလောဆယ်တွင်မူ ခေါင်းသူကြီးဖြစ်သော ကျွန်ုပ်မှာ ရှိသမျှ အင်အားဖြင့်ပင် သင်ကြားရေးတာဝန်များကို မနိုင်မနင်း ထမ်းဆောင်ခဲ့ရပါသတည်း။

**အရေးပေါ်တာဝန်များ**

ရုံးချိန်ပြင်ပတာဝန်ကျသော ဆရာဝန်သည် သူ့ဖာသာဆုံးဖြတ်၍ ကုသမပေးနိုင်၊ အရေးပေါ်သားဖွားလူနာများနှင့်ကြုံကြိုက်လျှင် OG ထံ တင်ပြအကြံဉာဏ် တောင်းခံရမြဲ ဖြစ်သည်။ ထိုအချိန်က ဤသို့ ဆရာဝန်ကြီးအား အကြောင်းကြားသောစာများကို လူနာတင်ယာဉ်ဖြင့် ပို့ပေးလေ့ရှိသည်။ ဆေးရုံ၌ လူအင်အား မလုံလောက်သည့်အားလျော်စွာ ပထမလက်ထောက် မရှိသော မိမိအနေဖြင့် အရေးပေါ်လူနာများ ကြည့်ရှုကုသရန်အတွက် ညအချိန်မတော် မကြာခဏဆေးရုံသို့ သွားရောက်ခဲ့ရသည်။ နောင်သော် မိမိ၏ မေတ္တာရပ်ခံချက်အရ ကထိကဒေါ်ကြူကြူဆွေကလည်း လိုလိုလားလားပင် အရေးပေါ်တာဝန်ကို ယူပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ဒေါ်ခင်သန်းကြွယ်၊ ဒေါ်ခင်ညွန့်၊ ဒေါ်ခင်ဖြူဖြူစသည့် OG အသစ်များ ထပ်မံရောက်ရှိလာရာ သူတို့ကိုလည်း အလှည့်ကျအရေးပေါ်တာဝန် ယူစေခဲ့ပါသည်။ ထိုအစီအစဉ်ကြောင့် သူတို့အနေဖြင့် အရေးပေါ်ရောက်ရှိတတ်သော ရောဂါလက္ခဏာများကို အကျွမ်းတဝင်ဖြစ်ခြင်း၊ အရေးပေါ်ကုသမှုနှင့် ခွဲစိတ်မှုအတွေ့အကြုံများရရှိခြင်း၊ ဆေးရုံလုပ်ထုံး လုပ်နည်းများကို ပိုမိုနားလည် တတ်ကျွမ်းလာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ကြပါသည်။

**မိမိ၏တွေ့ရှိချက်များကိုအခြေခံ၍ ဌာနပြန်လည်ဖွဲ့စည်းရန် အကြံပြုချက်များ**

မန္တလေးဆေးရုံကြီး သားဖွားမီးယပ်ဌာန၏ ပကတိအခြေအနေများကို လေ့လာဆန်းစစ်ပြီးနောက် အောက်ပါအတိုင်း အဆင့်(၃)ဆင့်ချမှတ်ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် အကြံပြုခဲ့ပါသည်။

ပထမအဆင့်အနေဖြင့် ဆေးရုံတွင်းဌာနဖွဲ့စည်းပုံကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရမည်ဖြစ်ရာ အဓိကအားဖြင့် လူနာပြုစုကုသရေးအတွက် လိုအပ်သောနေရာထိုင်ခင်း၊ အသုံးအဆောင်ပစ္စည်းကိရိယာ စသည်တို့ကို အသစ်တောင်းခံခြင်း၊ လက်ရှိအဆောက်အဦနှင့် အခန်းတို့ကို ပြုပြင်မွမ်းမံခြင်း ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းစသည်တို့အပြင် မွေးခန်းကိုလည်း အဆင့်မြင့်ပေးဖို့ လိုအပ်သည်။

ဒုတိယအဆင့်၌ လုပ်ငန်းကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ လုံလုံလောက်လောက် ရရှိအောင် လူအင်အား စုဆောင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းပင်ဖြစ်သည်။ သူနာပြုနှင့် ဝမ်းဆွဲဆရာမများသာမက ဆရာဝန်များကိုလည်း လေ့ကျင့်သင်ကြားပေးဖို့လိုသည်။

တတိယအဆင့်တွင် ဘွဲ့ကြိုသင်ကြားရေးကို အဆင့်မြင့်သည်ထက်မြင့်အောင်ဆောင်ရွက်နိုင်ရန် သင်ကြားရေးကဏ္ဍ၌ ဆရာများ၏ အရေအတွက်သာမက အရည်အချင်းကိုပါ မြှင့်တင်ကြရပေမည်။ တစ်ဆင့်တက်ပြီး မကြာမီအနာဂတ်ကာလ၌ ဘွဲ့လွန်ကျောင်းသားများ မွေးထုတ်နိုင်ဖို့ အသင့်စီမံပြင်ဆင်ထားဖို့ လိုသည်၊

## MGH တွင် သားဖွားမီးယပ်ဆောင်အား ပြန်လည်ထူထောင်ခြင်း

MGHသို့ရောက်လျှင်ရောက်ချင်း ဌာန၏ပကတိအခြေအနေများကို လေ့လာသုံးသပ်ကြည့်ရာ မိမိအနေဖြင့် အဆောတလျင်ဖြေရှင်းရမည့် ပြဿနာ (၂)ရပ်ကို တွေ့ရှိခဲ့ရပါသည်။

ပထမဦးစားပေးဆောင်ရွက်သင့်သော လုပ်ငန်းမှာ ပြင်ပလူနာဌာန၊ လူနာဆောင်၊ မွေးခန်း၊ ခွဲစိတ်ခန်း စသည့် အဆောက်အဦများကို အဆင့်မြင့်အောင် မွမ်းမံပြုပြင်ရေးနှင့် ပစ္စည်းကိရိယာများကိုလည်း ပယ်ဖျက်သင့်သည်တို့ကို ပယ်ဖျက်၊ မွမ်းမံသင့်သည်တို့ကို ပြုပြင်မွမ်းမံပြီး အသစ်တောင်းခံသင့်သည်များကို ရရှိအောင် တောင်းခံဖို့ ဖြစ်၏။

အထက်ပါလုပ်ငန်းနှင့် တပြိုင်နက်တည်း ဦးစားပေးဆောင်ရွက်ရမည့် အခြားတာဝန်တစ်ရပ်မှာကား ကုသရေးနှင့်သင်ကြားရေး ကဏ္ဍ (၂)ရပ်လုံးအတွက် အမှုထမ်းအင်အားဖြည့်တင်းဖို့ပင် ဖြစ်ပါသတည်း။

ကျွန်ုပ်သည် ဌာနအတွင်း၌နေရာယူလျက်ရှိသော ဟောင်းနွမ်းပျက်စီးကာ လုံးဝအသုံးမပြုနိုင်သည့် ခုတင်များ၊ ထရော်လီများနှင့် ဗူလိနတ်စ အသေးအမွှားပစ္စည်းများအားလုံးကို ဆေးရုံအုပ်ကြီး၏အမိန့်အာဏာဖြင့် ပယ်ဖျက်ပစ်ခဲ့သည်၊ ထို့နောက် ဦးခေါင်းနှိမ့်၍ရသော ခုတင်များကိုငှင်း၊ ရေနွေးငွေ့ ပေါင်းအိုးကြီးတစ်လုံးကိုငှင်း၊ လူနာခုတင်အသစ်များကိုငှင်း တောင်းခံ၍ ချက်ချင်းတပ်ဆင်အသုံးပြုခဲ့သည်။ ပြုပြင်ပြီး အသုံးပြုနိုင်သည့် ခုတင်နှင့် ထရော်လီများ



ကိုမူ ပြုပြင်မွမ်းမံ၍ ဆေးသုတ်ပြီး ပြန်လည်အသုံးပြုစေသည်။ ပုံမှန်မွေးလူနာနှင့် ညှပ်ဆွဲ၊ လေစုပ်ရသည့် မွေးလူနာများ မီးဖွားလျှင် လိုအပ်မည့် ပစ္စည်းကိရိယာများကို ကြိုကြိုတင်တင် ပိုးသန့်ပေါင်းတင်ထားပြီး ထရော်လီများပေါ်၌ အရံသင့်ထားရှိပေးသည်။ သားဖွားမီးယပ်ဆောင်အတွက် လိုအပ်သော ဆေးဝါးများကို စီစစ်တောင်းခံသည်။ ဆေးပစ္စည်းတောင်းခံခြင်း၊ လက်ခံရယူခြင်း၊ ပြန်လည်ထုတ်ပေးခြင်း အဆင့်တိုင်းအဆင့်တိုင်းတွင် တာဝန်ရှိသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ အချိန်မရွေး စစ်ဆေးနိုင်အောင်လည်း စီစစ် ဆောင်ရွက်ခဲ့ပါသည်။

## အဆောက်အဦနှင့်အခန်းဖွဲ့စည်းပုံများကို မွမ်းမံပြင်ဆင်ခြင်း

မန္တလေးပြည်သူ့ဆေးရုံကြီးကို ဗြိတိသျှကိုလိုနီခေတ်တွင် ခရိုင်ဆေးရုံတစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ သင်ကြားရေးဆေးရုံ၏အင်္ဂါရပ်များနှင့် မပြည့်စုံချေ။ ယခုအခါ ထိုဆေးရုံကိုပင် သင်ကြားရေးဆေးရုံကြီးအဖြစ် အဆင့်မြှင့်ရမည်ဖြစ်ရာ စီမံကိန်းရေးဆွဲသူအချို့နှင့် အင်ဂျင်နီယာအချို့အပါအဝင် မသိနားမလည်သူများက လက်ရှိအဆောက်အဦကို ဆိုင်းဘုတ်ပြောင်းတပ်ရုံမျှသာ ပေါ့ပေါ့တန်တန်သဘောထားကြသည်။ စင်စစ်မူ ခရိုင်ဆေးရုံကြီးတစ်ခုနှင့် သင်ကြားရေးဆေးရုံကြီးတို့တွင် ကွဲပြားခြားနားချက် အမြောက်အမြား ရှိပေသည်။

သားဖွားမီးယပ်ရောဂါ ပြင်ပလူနာဌာနကိုလည်း အဆင်အပြေဆုံးဖြစ်အောင် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ အတိုင်ပင်ခံဆရာဝန်ကြီးအတွက်သာမက လက်ထောက်ဆရာဝန်နှင့် အလုပ်သင်ဆရာဝန်များအတွက်ပါ သီးခြားအခန်းဖွဲ့ပေးထားသည်။ အခန်းတိုင်း၌ လူနာစမ်းသပ်ရန် ခုတင်ထားပေးသည်။ အလင်းရောင် ကောင်းစွာရအောင် လျှပ်စစ်မီးများ ပြည့်ပြည့်စုံစုံ ထွန်းပေးသည်။ တာဝန်ခံဆရာဝန်ကြီး၏အခန်းမှာမူ ဆေးကျောင်းသားများကို လူနာနှင့်တကွ သင်ကြားပြသပေးရမည်ဖြစ်သောကြောင့် ကျယ်ကျယ်ဝန်းဝန်းနေရာပေးထားရပါသည်။ ပြင်ပလူနာဌာနသည် လူနာများကို ရှေးဦးစွာ တွေ့ရှိမေးမြန်းစစ်ဆေးစမ်းသပ် ကြည့်ရှုရသောနေရာဖြစ်သည့်အလျောက် ထိုဌာနတွင် လူနာနှင့်တကွ လက်တွေ့သင်ပြပေးခြင်းမှာ ဆေးကျောင်းသားများနှင့် အလုပ်သင်ဆရာဝန်များအတွက် အလွန်အကျိုးများသောကြောင့် အရေးကြီးလှပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



## သားဖွားမီးယပ်လူနာဆောင်များနှင့် မွေးခန်းကို ပြုပြင်မွမ်းမံခြင်း

မိမိအဆိုပြုထားသော ယူနစ်(၃)ခုမပေါ်ပေါက်မီ သားဖွားမီးယပ်ဌာနအား လက်ရှိအခြေအနေမှာပင် မဖြစ်မနေ မွမ်းမံပြင်ဆင်ပြီး ပြန်လည်ဖွဲ့စည်းရလိမ့်မည်။ MGHရှိ အင်ဂျင်နီယာဌာနမှ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများမှာ ပူးပေါင်းကူညီလိုစိတ်ရှိကြသဖြင့် လုပ်ငန်းများ အဆင်ပြေ ချောမွေ့ပါသည်၊ ဒုလ/ထ အင်ဂျင်နီယာဦးကြည်မောင်ဆိုလျှင် အထူးအားကိုးရသောပုဂ္ဂိုလ်ဖြစ်သဖြင့် သူ့ကျေးဇူးကို ယနေ့ထက်တိုင် မမေ့နိုင်ပါ။

မွေးခန်းကိုမူ အဝမှအဆုံးတိုင် လုံးဝဥဿုံ ပြောင်းလဲ ပြုပြင်လိုက်ပါသည်၊ မွေးခန်းနံရံများကို ကွဲပြားကပ်ပြီး ကြမ်းပြင်ကို တာရာဇို ခင်းသည်၊ ဟောင်းနွမ်းအိုမင်းနေသော မွေးခုတင်များကို ပြုပြင်ပြီး ဆေးပြန်သုတ်သည်၊ မွေ့ရာများကို အသစ်လဲလှယ်ပေးသည်။

မူလမွေးခန်းတွင် ခုတင်(၃)လုံးသာရှိသောကြောင့် ဆေးရုံရောက်လာသမျှ မွေးလူနာတို့ကို ရောနှောထားရသည်။ ကနဦး ဗိုက်နာချိန်အတွင်း စောင့်ကြည့်ရမည့် ကိုယ်ဝန်ဆောင်များကိုထားရန် အခန်းသီးသန့် မရှိချေ၊ ခုတင်ပေါ်သို့မရောက်မီ ထရော်လီပေါ်မှာပင် ဒရောသောပါး မီးဖွားလိုက်ရသူများလည်း ရှိသည်။ ပုံမှန်မွေးခန်းတစ်ခုအတွက်ပင် ပြွတ်သိပ်လှသော ထိုနေရာ၌ ကြုံသလို ဖြစ်သလို လုပ်ကိုင်နေကြရခြင်းဖြစ်ပါသည်။

လက်ရှိမွေးခန်း၏ဘေးတွင် လူနာသုံးယောက်စာ အခန်းတစ်ခန်း ဖွဲ့ပြီးအခန်း(၂)ခု ဆက်ပေးလိုက်ရာ လူနာ(၆)ယောက် ထားနိုင်သဖြင့် အနည်းငယ်နေရာချောင်သွားသည်။ ထို့ကြောင့် သွေးဆင်းသူများ၊ ဗိုက်နာသူများနှင့်ကိုယ်ဝန်ဆိပ်တက်သောလူနာများကဲ့သို့ အနီးကပ်စောင့်ကြည့်ရန်လိုအပ်သူတို့အား နေရာချထားပေးနိုင်သည်။ မန္တလေး၏ ပူပြင်းသောရာသီဥတုဒဏ်ကိုငှင်း၊ မီးဖွားချိန်နှင့် ခွဲစိတ်ပြီးစအချိန်များတွင် ဖြစ်လာတတ်သောအဖျားဒဏ်ကိုငှင်း၊ ကာကွယ်နိုင်ရန်အလို့ငှာ လေအေးစက်တစ်လုံးတပ်ဆင်ထားလိုက်သည်။

မွေးခန်းနှင့်ကပ်လျက် စကြံန်လမ်းကို ကာရံပြီး အခန်းဖွဲ့လိုက်ရာ ကလေးမထွက်မီ အနီးကပ်စောင့်ကြည့်ရမည့် ဗိုက်နာနေသူ ကိုယ်ဝန်ဆောင်(၃)ယောက် ထားနိုင်သည်။ ထိုအစီအစဉ်ကြောင့် မွေးခန်းတာဝန်ကျဆရာမများမှာလည်း အထိုက်အလျောက် တာဝန်လျော့သွားသည်။ ကလေးထွက်တော့မည်ဆိုလျှင် ထိုစောင့်ကြည့်ခန်းနှင့်ကပ်လျက် မွေးခန်းဆီသို့ လက်တွန်းလှည်းဖြင့် ချက်ချင်းပို့ဆောင်ပေးနိုင်ပါသည်။



## စနစ်တကျ ပိုးသန့်စင်အောင် ပြုလုပ်စေခြင်း

ကျွန်ုပ်သည် သားဖွားမှု ကိရိယာအဝဝကို ပိုးမဝင်အောင် အထူးဂရုစိုက်ဆောင်ရွက်ကြဖို့ ညွှန်ကြားခဲ့ပါသည်။ ဆေးရုံဝန်ထမ်းများသာမက အရပ်လက်သည်များကိုပါ ပညာပေးပြီးနောက် ပိုးသန့်စင်အောင်ပြုလုပ်ပုံ အခြေခံနည်းစနစ်များကို သင်ပြပေးစေခဲ့သည်။ သားဖွားပြီးတိုင်း ကြမ်းပြင်ကို ဆပ်ပြာရည်သာမက အဆက်ပ်တော ဆေးရည်နိုင်နိုင်ဖြင့် သန့်ရှင်းရေးလုပ်ပေးမှသာ ဒဏ်ရာများ ပိုးမဝင်အောင် ကာကွယ်နိုင်ပေမည်။ မွေးခုတင်နှင့် ကိရိယာအသုံးအဆောင်များသာမက ထရော်လီ၊ မီးအိမ်နှင့် ပန်ကာပါမကျန် မွေးခန်းထဲရှိ ပစ္စည်းပစ္စယအားလုံး ပိုးမွှားကင်းနိုင်မည်မဟုတ်ချေ။ သားဖွားသည့်အခါ ရောဂါပိုးမဝင်အောင် ကာကွယ်ဖို့ အရေးကြီးလှသောကြောင့် ဤသို့ စီမံကိန်းချကာ ကြပ်ကြပ်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသတည်း။

သားဖွားမီးယပ်ဌာနမှ ဆရာဝန် ဆရာမများ နေထိုင်မကောင်း၍ ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျှင် ထားရှိနိုင်ရန် သီးသန့်အခန်း တစ်ခန်းကိုလည်း ရှာကြံဖန်တီးခဲ့ပါသည်။

## ပြည်သူလူထုက ဝိုင်းဝန်းကူညီကြခြင်း

ဤကဲ့သို့ အဆောက်အဦနှင့် အခန်းများကို ပြုပြင်မွမ်းမံရသည်မှာ ငွေကုန်ကြေးကျ အလွန်များသည့်အလျောက် နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုသော အသုံးစရိတ်နှင့် မလုံလောက်နိုင်ပေ။ ကျွန်ုပ်တို့သည် ပြည်သူလူထုထံမှ အကူအညီများကို မဖြစ်မနေ တောင်းခံခဲ့ကြရပါသည်။ မိမိတို့ဘက်မှ ခွဲစိတ်မှု အပါအဝင် ပြုစုကုသမှုအရပ်ရပ်ကို အခကြေးငွေ မမျှော်ဘဲ မေတ္တာ စေတနာဖြင့် လုပ်ကိုင်ပေးသည်ကို နားလည်သိရှိသော ပြည်သူများကလည်း စေတနာ ထက်သန်စွာဖြင့် တုန့်ပြန်လှူဒါန်းခဲ့ကြပါသည်။ ပန်ကာ၊ လေအေးစက်နှင့် ဆေးဝါးအထည်အလိပ်ပါမကျန် လိုလေသေးမရှိအောင် လှူဒါန်းခဲ့ကြသည်မှာ အထူးပင်အားရကြေနပ်ဖွယ် ကောင်းလှပါ၏။

## ယူနစ်အင်အားတိုးချဲ့ခြင်း

လူသားရင်းမြစ်များ အင်အားတိုးပွားအောင် ပျိုးထောင်နေစဉ်အချိန်မှာပင် ဌာန၏အဆောက်အဦသစ် တည်ဆောက်ရေးနှင့် စီမံကိန်းရေးဆွဲရေး ဖွဲ့စည်းပုံပြင်ဆင်ရေးစသော လုပ်ငန်းများကိုလည်း တပြိုင်နက်တည်း အကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ဖေါ် လုပ်ဆောင်နေခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ သဘောတူခွင့်ပြုချက်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် သားဖွားမီးယပ် ယူနစ်(၃)ခု ထားရှိရန်အတွက် ဆရာဝန်ကြီးရာထူးများ တီထွင်ဆောင်ကိုက်သည်။ ဆေးရုံအုပ်ကြီးဦးထွန်းမင်း၏အကူအညီဖြင့် ပထမဦးစွာ MU3 တ ဖယ်ရှားပေးသဖြင့် လွတ်နေသော အုတ်ညှပ်အဆောက်အဉီတွင် နေရာရရှိပြီး နောင်သော် EENT ဌာန ဖယ်ရှားသောအခါ ထိုအဆောက်အဦနှင့် နေရာများကိုလည်း ရရှိခဲ့ပါသည်။

မကြာမီ ကထိကဒေါ်ကြူကြူဆွေကို ဆေးလက်တွေ့ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ပေးခဲ့သည်။ သို့ဖြင့် ကျွန်ုပ်၏ကြီးကြပ်မှုအောက်တွင် Unit (1) ဒေါ်ကြူကြူဆွေ၏ကြီးကြပ်မှုအောက်တွင် Unit (2) ဟူ၍ ယူနစ်နှစ်ခု ပေါ်ပေါက်လာခဲ့သည်။ ကျွန်ုပ်လက်အောက်ရှိ အရာခပ်သိမ်းကို ညီတူမျှတူ ခွဲဝေပေးလိုက်ခြင်း ဖြစ်ပါသည်။ မီးယပ်လူနာဆောင်တွင် အရှေ့ခြမ်းကို ကျွန်ုပ် အနောက်ခြမ်းကို ဒေါ်ကြူကြူဆွေ Unit (II) ။ သားဖွားလူနာဆောင်မှာလည်း အရှေ့ခြမ်းကို ကျွန်ုပ်၊ အနောက်ခြမ်းကို ဒေါ်ကြူကြူဆွေ Unit (II) ဟု ခွဲခြားသတ်မှတ်ခဲ့ပါသည်။

ဆေးရုံအုပ်ကြီးနှင့် မေ့ဆေးဆရာဝန်ကြီး Dr. Biswas တို့အား ညှိနှိုင်းတိုင်ပင်ပြီးနောက် ခွဲစိတ်ခန်းဝင်သောနေ့ကို Unit (1) နှင့် Unit (2) တစ်ပတ်လျှင်(၂)ရက်ကျစီ သတ်မှတ်လိုက်ပါသည်။ ဆေးရုံတင်သောနေ့ကိုလည်း တစ်ရက်ခြား တစ်ပတ်လျှင် (၃)ရက်ကျ ခွဲဝေလိုက်ပြီးနောက် တနင်္ဂနွေနှင့် ရုံးပိတ်ရက်များအတွက် တစ်ပတ်ခြားစီ တာဝန်ယူကြရသည်။ ယူနစ်(၂)ခုလုံး တစ်ပတ်လျှင်(၂)ရက်စီ အပြင်လူနာများကြည့်ရှုပေးကြသဖြင့် လူနာများအတွက်လည်း ရှေးယခင်ကထက် ပို၍အဆင်ပြေပါသည်။

ကျွန်ုပ် မန္တလေးသို့ ရောက်စကတည်းက သားဖွားမီးယပ်ဌာန၏ လုပ်ငန်းဆောင်တာများကို တင်းပြည့် ကျပ်ပြည့်ထမ်းဆောင်နိုင်ရေးအတွက် ယူနစ်(၃)ခု ထားရှိသင့်ကြောင်း အဆိုပြုထားပြီးဖြစ်ပါသည်။ မိမိ၏အဆိုပြုချက်အား လက်ခံအတည်ပြုသည်နှင့် တပြိုင်နက် ယူနစ်(၂)မှ (၃)ခု တိုးတက်ထူထောင်နိုင်ခဲ့ပါ၏။ ကထိက ဒေါက်တာဒေါ်ခင်ခင်ဖြူအား Unit (3) ကို ဦးဆောင်ရန် တာဝန်ပေးခဲ့ပါသည်။ နေရာထိုင်ခင်း၊ ခုတင်၊ ဆေးရုံတင်သောနေ့၊ ခွဲစိတ်ခန်းဝင်သောနေ့၊ အပြင်လူနာကြည့်သောနေ့များကို Unit (2) ထူထောင်ခဲ့စဉ်က ခွဲဝေသောမူအတိုင်း အညီအမျှ ခွဲဝေပေးပါ၏။ သားဖွားလူနာများ



အတွက်ကား အစီအစဉ်တစ်မျိုး ပြုလုပ်ရသည်။ လူနာခုတင်များကို Unit 1, 2, 3 အစီအစဉ်အတိုင်းထား၍ လူနာသစ်တက်လျှင် သက်ဆိုင်ရာခုတင်မှာ နေရာချထားပေးရပါသည်။ ENT ဌာနက နေရာသစ်သို့ ပြောင်းရွှေ့သွားသောကြောင့် လစ်လပ်သွားသော ထိုနေရာတွင် Unit (3) မီးယပ်လူနာဆောင်အဖြစ် အသုံးပြုခဲ့ရပါသည်။ ဆရာဝန် ဆရာမနှင့် ဝန်ထမ်းများကို Unit (1) နှင့် Unit (2) တို့ကဲ့သို့ပင် အင်အားညီမျှစွာ ခန့်ထားခဲ့ပါသည်။

ယူနစ်(၃)ခုဖြစ်လာသောအခါ ယူနစ်တိုင်းတွင် ဆရာမအင်အား လုံလောက်ရေး၊ လူနာဆောင်များနှင့် မွေးခန်းတို့၌ လစ်ဟင်းမှုမရှိစေရေး စီမံဆောင်ရွက်ရသည်မှာ ကြီးလေးလှသော တာဝန်တရပ်ဖြစ်ပေသည်။ ကံကောင်းထောက်မသဖြင့် MGH တွင် သူနာပြုသင်တန်းကျောင်း တွဲဖက်ထားရှိခြင်းကြောင့်သာလျှင် မိမိတို့ အားလုံး အသက်ရှုချောင်ခဲ့ခြင်းဖြစ်ပါသတည်း။

## လူအင်အားဖြည့်တင်းခြင်း

ဌာန၏ သင်ကြားရေးအတွက် ခန့်ထားသူဟူ၍ အပြေးအလွှားရေမှ ကျွန်ုပ်နှင့် ကထိကဒေါ်ကြူကြူဆွေနှစ်ဦးသာ ရှိသည်။ မိမိ၏ မူလရာထူးမှာ Reader ခေါ် ဒုတိယပါမောက္ခ ဖြစ်ပါသည်။ နောက်မှ ပါမောက္ခ၊ ဌာနမှူး၊ ဆေးလက်တွေ့ပါမောက္ခ၊ ကထိကစသည့် ရာထူးများ တစစ ဖန်တီးပေါ်ပေါက်လာခြင်းဖြစ်သည်။

ကျွန်ုပ်တို့ဌာနတွင် လူအင်အားနည်းသည်ကို နားလည်စာနာသောကြောင့် ဆေးရုံအုပ်ကြီးများဖြစ်ကြသော ဒေါက်တာ ဦးထွန်းမင်းနှင့် ဒေါက်တာ ခင်မောင်ငြိမ်းတို့ (၂)ဦးလုံးက ဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများ ပိုမိုရရှိရေး ကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။ မိမိထံရောက်လာသော လ/ထ ဆရာဝန်များကို နယ်သို့ပြောင်းရွှေ့မည့်သူနှင့် သားဖွားမီးယပ်ပညာကို စောက်ချ လုပ်ကိုင်မည့်သူ ဟူ၍ ခွဲခြားသတ်မှတ်ကာ လေ့ကျင့်ပေးရပါသည်။ နယ်သွားမည့်သူများဆိုလျှင် ရိုးရိုးမမွေးနိုင်သည့် ကိုယ်ဝန်ဆောင်လူနာများကို ညှပ်ဆွဲ၍ ငင်း ဗိုက်ခွဲ၍ငင်း မွေးဖွားပေးတတ်စေရန် အဓိကထား လေ့ကျင့်ပေးခဲ့ပါသည်။ အတွေ့အကြုံမရှိစေကာမူ သားဖွားမီးယပ်ပညာကို စောက်ချ၍ လေ့လာ လိုက်စားလိုသူများအား အနည်းငယ် အချိန်ပိုပေးပြီး စံနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါသည်။ ထိုသူများထဲမှပင် ကာယကံရှင်တို့၏ ကံဉာဏ် ဝီရိယအားလျော်စွာ နောင်တွင် ပါရဂူများဖြစ်လာခဲ့ကြပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



**ဆေးတက္ကသိုလ်မှ လူအင်အားရရှိအောင် စုဆောင်းခဲ့ပုံ**

ကျွန်ုပ်သည် ဆေးတက္ကသိုလ်ရှိ ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ရောဂါဗေဒ ဌာနစသော ဌာနများရှိ နည်းပြဆရာများကို သားဖွားမီးယပ်ပညာဌာနတွင် အချိန်ပိုင်း လက်တွေ့သင်တန်းတက်ရောက်ရန် ဖိတ်ခေါ်၍ လူအင်အား တိုးတက်ရရှိရေး ကြံဆောင်ခဲ့ရသေးသည်။ အချိန်ပိုင်း လက်တွေ့သင်တန်း တက်ရောက်ကြပြီးနောက် သားဖွားမီးယပ်ဘာသာရပ်ကို စိတ်ဝင်စားသူတို့အား မိမိဌာနတွင် အငှားသဘော လာရောက် လုပ်ကိုင်ပေးရန်နှင့် ဌာနတွင် လစ်လပ်သော နေရာပေါ် ပေါက်သည်နှင့်တပြိုင်နက် အမြဲတမ်းရာထူး ရမည်ဖြစ်ကြောင်း မက်လုံးပေး စည်းရုံးခဲ့ရသည်။ Dr. ခိုင်စံဝေ၊ Dr. ဒေါ်တင်ရီ၊ Dr. မြင့်မြင့်မွန်၊ Dr. သန်းဝင်း၊ Dr. စိုးအောင် စသူတို့မှာ ဤနည်းအားဖြင့် ရောက်ရှိလာခဲ့ကြပြီးနောက် ပင်ကိုယ်အရည်အချင်းရှိသူများပီပီ ရရှိသောအခွင့်အရေးကို အရယူနိုင်ခဲ့ကြလေသည်။

**သူနာပြုများနှင့် သားဖွားဆရာမများ၏ အင်အားဖြည့်တင်းခြင်း**

သားဖွားမီးယပ်ပညာဌာနသို့ လုပ်ရည်ကိုင်ရည်ရှိသော သူနာပြုနှင့် သားဖွားဆရာမများ ပို့ပေးဖို့ သူနာပြုချုပ်အား မေတ္တာရပ်ခံရသည်။ သားဖွားမီးယပ်လူနာဆောင်ရှိ သူနာပြုများ၊ သားဖွားဆရာမများနှင့် အလုပ်သမားများကို စီမံကွပ်ကဲရန်အတွက် လုပ်ငန်းကျွမ်းကျင်ပြီး အုပ်ချုပ်ရေးပါ နိုင်နင်းသော Sister ဒေါ်အေးစီအား တာဝန်ပေးခဲ့သည်။ သူနာပြုများနှင့် သားဖွားဆရာမများ ရွေးချယ်ရာတွင် လူနာပြုစု ကုသရေးကို အမှန်တကယ် စိတ်ဝင်စားမှုရှိရုံသာမက စိတ်စေတနာဖြူစင်စွာဖြင့် ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်နိုင်စွမ်းရှိသူများကို စိစစ်ခေါ်ယူခဲ့ပါသည်။

အခန်း(၁၅)

## သင်ကြားရေးနှင့်စပ်လျဉ်းသောဆောင်ရွက်ချက်များ

**သားဖွားမီးယပ်ပညာဌာနကို ပြောင်းရွှေ့ရန် အကြံပြုကြခြင်း**

သားဖွားမီးယပ်ပညာဌာနကို မန္တလေးပြည်သူ့ဆေးရုံကြီး ပရဝုဏ်မှ ပြောင်းရွှေ့ဖယ်ရှားရန် (၂)ကြိမ်တိုင် ညွှန်ကြားခံခဲ့ရပါသည်။ ပထမအကြိမ် ပြောင်းရွှေ့ရန်အဆိုပြုသောနေရာကား ယခုအခါ အလုပ်သမားဆေးရုံကြီး တည်ဆောက်ထားသော မန္တလေးတောင်ခြေဖြစ်၏။ ဒုတိယမြောက် အဆိုပြုသောနေရာမှာ ယခု EENT ဆေးရုံဖြစ်နေသည့် ပြည်သူ့ပိုင် အသိမ်းခံထားရသော အဆောက်အဦးဖြစ်သည်။ သားဖွားမီးယပ်ဆောင်တစ်ခုအနေဖြင့် အထွေထွေရောဂါကုဆေးရုံကြီး၏ ပရဝုဏ်အတွင်း အတူတကွ တည်ရှိခြင်းအားဖြင့် အရေးပေါ်ကိစ္စတစ်စုံတခုကြုံလျှင် လူနာများကို သက်ဆိုင်ရာပါရဂူတို့က အချိန်မရွေးလွယ်လင့်တကူ အပြန်အလှန် ပြသကြည့်ရှုပေးနိုင်မည် ဖြစ်ကြောင်း ခိုင်လုံစွာ အကျိုးသင့်အကြောင်းသင့် တင်ပြကာ ဌာနပြောင်းရွှေ့ရေးကိစ္စအား (၂)ကြိမ်(၂)ခါလုံး အပြင်းအထန် ကန့်ကွက်ပယ်ချခဲ့ရပါ၏။ ရန်ကုန်၌ RDH ကို တသီးတသန့်ထားရှိခြင်းကြောင့် သမားတော်နှင့်ဖြစ်စေ၊ ခွဲစိတ်အထူးကုနှင့်ဖြစ်စေ ပြသ အကြံဉာဏ်တောင်းခံရမည့် အရေးကြီးလူနာများနှင့် ပြဿနာများပေါ်ပေါက်သည့်အခါ မြန်မြန်ဆန်ဆန် ထိထိမိမိ ကုသနိုင်ခြင်းမရှိဘဲ ဒုက္ခပင်လယ်ဝေရသော သာဓကများ ရှိခဲ့ဖူးပေသည်။ လျော်ကန်မျှတမှု မရှိသော ထိုအဖြစ်မျိုး ရှောင်ရှားနိုင်ရန် ကျွန်ုပ်အနေဖြင့် မည်သည့်အခါမျှ ထိုအများမျိုး မဖြစ်စေရဟု မိမိကိုယ် မိမိကတိပြုခဲ့မိပါသတည်း။

မန္တလေးပြည်သူ့ဆေးရုံကြီးကို တည်ဆောက်ခဲ့စဉ်က ခရိုင်ဆေးရုံကြီး တစ်ခုအဖြစ် အသုံးပြုရန်သာ ရည်ရွယ်ချက်ထားရှိခဲ့ပေသည်။ ယခုအခါ ထို

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးကိုပင် သင်ကြားရေးဆေးရုံကြီးအဖြစ် အဆင့်မြှင့်ရန် လိုအပ်လာပြီ ဖြစ်ရာ အချို့သော စီမံကိန်းရေးဆွဲသူများနှင့် အင်ဂျင်နီယာတို့က လက်ရှိ အဆောက်အဦအား ဆိုင်းဘုတ်ပြောင်းတပ်လိုက်ရုံမျှ ခပ်လွယ်လွယ် ပေါ့ပေါ့ ဆဆ သဘောထားကြသည်ကို အံ့ဩဖွယ်ရာ တွေ့ကြုံရပေသည်။ အမှန်စင်စစ် ခန့်ငံဆေးရုံကြီးတစ်ခုနှင့် သင်ကြားရေးဆေးရုံတို့တွင် ကွဲပြားခြားနားသော အချက် မြောက်များစွာ ရှိပေ၏။

## ဘွဲ့ကြိုကျောင်းသားများကို လေ့ကျင့်ပျိုးထောင်ပေးခြင်း

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးကျောင်းသားများကို သင်ကြားပို့ချရာစာသင်ခန်းမှာ ဖြစ်သလိုဆောက်ထားရသော တဲအိမ်ကြီးတစ်လုံး ဖြစ်သည်။ ဓါတ်ရောင်ခြည်ဌာန၏နောက်ဘက်တွင် တည်ရှိသော အမိုးအကာ မလုံမလဲနှင့် ဝါးကပ်မိုးထရံကာ တဲအိုကြီးကို ယနေ့ခေတ်လူငယ်များ တွေ့မြင်ကြလျှင် ဆရာဝန်လောင်းများကို စာသင်သည့် စာသင်ခန်းဟူ၍ ယုံကြည် လက်ခံနိုင်ကြမည်မဟုတ်ချေ။ လေဝင်လေထွက် မကောင်းသောကြောင့် စာသင်ခန်းထဲတွင် ပိတ်လှောင် ပူအိုက်နေသော်လည်း ကျွန်ုပ်တို့ ဆရာတပည့်အားလုံး သည်းညည်းခံကာ အသုံးပြုခဲ့ကြပါသည်။ ဆေးကျောင်းရှိ တစ်ခုတည်းသော စာသင်ခန်းမကြီးသို့ သွားရောက် စာသင်ရသောအခါမျိုးတွင် ကျွန်ုပ်မှာ စိတ်ကြီးဝင်သလိုပင် ခံစားခဲ့မိပါသတည်း။

ဆရာအချို့က မိရိုးဖလာ သမားရိုးကျနည်းအတိုင်း နှုတ်တိုက်ချ၍ စာသင်သောနည်းကို အားသန်သကဲ့သို့ ကျောင်းသားအချို့ကလည်း အကြောင်းအရာတခုကို နားလည်သဘောပေါက်အောင်မကြိုးစားဘဲ ကြက်တူရွေးသဖွယ် အလွတ်ရအောင် ကျက်မှတ်ကြသည်။ စာမေးပွဲဖြေလျှင်လည်း ထိုကျောင်းသားများက ကိုယ်ပိုင်အတွေးအခေါ် အယူအဆလုံးဝမပါရှိဘဲ ကျက်မှတ် ထားသမျှကိုသာ ၏ သည် ၍ မလွဲ ပြန်လည်ရေးချကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။ ကျွန်ုပ်၏ခံယူချက်မှာ ပြဌာန်းစာအုပ်တွင် ပါသမျှ စကားလုံး အတိအကျအတိုင်း ပြန်ရေးနိုင်ဖို့ထက် ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို သဘောပေါက်မှုပင်ဖြစ်သည်။



## ဆရာဝန်များကို လက်တွေ့သင်တန်းပေးခြင်း

အစပိုင်းတွင်မူ နေ့စဉ်နှင့်အမျှ တက်ရောက်နေကြသော လူနာတို့ကို ကြည့်ရှုကုသနိုင်ရန်နှင့် အရေးပေါ်ပြဿနာများကို ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးနိုင်ရန် မိမိ၏ဝန်ထမ်းများအား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြုံသလို လက်တွေ့သင်တန်းပေးရခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဌာနတွင် ပုံသေ လ/ထ ဆရာဝန် မရှိသဖြင့် အလှည့်ကျဆရာဝန်များကိုသာ အားထားနေခဲ့ရသောအချိန် ဖြစ်ပါ၏။ Dr. ခင်မာအေး၊ Dr. အောင်သန်း၊ Dr. ဦးကိုကြည်စသော လ/ထ ဆရာဝန်များ ဌာနသို့ (၄)လစီ အလှည့်ကျရောက်ရှိစဉ် လုပ်ငန်းခွင် အတွင်းမှာပင် လက်တွေ့ သင်တန်းပေးရသည်။

ဤသို့ ကြုံသလို လေ့ကျင့်သင်ကြားပေးထားသည့် ဆရာဝန်များမှာ အချိန်တန်လျှင် နယ်သို့ပြောင်းရွှေ့ခန့်ထားခြင်း ခံကြရပြန်သည်။ ထို့ကြောင့် ကျွန်ုပ်သည် MGH ရှိ ကျန်းမာရေးဦးစီးဌာန လက်အောက်မှ လ/ထဆရာဝန်များအနက် သားဖွားမီးယပ်ဘာသာရပ်ကို စိတ်ဝင်စားမည့်သူတို့ကို ထပ်ဆင့်သင်တန်းပေးရန် အကြောင်းပြပြီး ညှိနှိုင်းတောင်းခံခဲ့ရသည်။ ဤနည်းဖြင့် မိမိဌာနတွင်အမာခံကျောရိုးပမာ ဖြစ်လာခဲ့သူ (၃)ဦးမှာကား နောင်တွင် ကျန်းမာရေးဦးစီးဌာနညွှန်/ချုပ်ဖြစ်လာမည့် Dr. ကျော်ဝင်းနှင့် CWH တွင် AMS1 ဖြစ်လာသူ Dr. S. Kaur နှင့် Dr. Vicky တို့ ဖြစ်ကြပါ၏။ သူတို့(၃)ဦးလုံးသည် အထူးအားကိုးရသောအုပ်ချုပ်ရေးသမားကောင်းများဖြစ်ကြပြီး မိမိလက်အောက်တွင် နှစ်အတော်ကြာ သစ္စာရှိစွာ လုပ်ကိုင် အမှုထမ်းခဲ့ကြပေသည်။ ယနေ့ခေတ်စံနှုန်းများအရ MSc စသည့် ဘွဲ့လွန်တစ်စုံတရာ မရှိကြသော်ငြားလည်း သူတို့၏လုပ်ရည်ကိုင်ရည်နှင့် တာဝန်သိတတ်မှုတို့မှာ ချီးကျူးစံပြုထိုက်ပေ၏။

ကာလအတန်ကြာသော် အမာခံကျောရိုးဖြစ်သော လ/ထဆရာဝန်များလည်း နယ်သို့ပြောင်းရွှေ့ကြရပြန်ရာ တစ်နေ့တခြား အလုပ်တာဝန် များ သထက်များလာသော ကျွန်ုပ်တို့အဖို့မှာလည်း အလှည့်ကျ ဆရာဝန်များဖြင့်သာ စခန်းသွား၍ လုံးဝမဖြစ်နိုင်ချေ။ သားဖွားမီးယပ်ဘာသာရပ်ကို စောက်ချ လုပ်ကိုင်လိုသော ပုဂ္ဂိုလ်များကို အမြဲတမ်း လ/ထအဖြစ် ခန့်ထားပေးမှသာလျှင် အဆင်ပြေမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဆေးရုံအုပ်ကြီး၏ သဘောတူ ခွင့်ပြု ချက်တောင်းခံပြီး Dr. ကျော်လင်း၊ Dr. လှလှမြိုင်နှင့် Dr. ဒေါ်ကြည်ကြည်တို့ (၃)ဦးအား မိမိဌာနသို့ လ/ထများအဖြစ် တာဝန်ချထားပေးရန် ညှိနှိုင်း စီစဉ် ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



Dr. ကျော်လင်းနှင့် Dr. လှလှမြိုင်တို့သည် နောင်တွင် ဘွဲ့လွန်များ ရရှိကာ အောင်မြင်ကျော်ကြားသော OG များ ဖြစ်လာကြသော်လည်း ဒေါ်ကြည်ကြည်ကမူ OG တယောက်ဖြစ်မလာခဲ့ချေ။ မည်သို့ပင်ဖြစ်စေ သူမသည် နိုးသားကြိုးစား၍ စိတ်ရင်းစေတနာဖြူစင်သော ဆရာဝန်ကောင်းတစ်ဦးဖြစ်လေသည်။ ကျွန်ုပ်၏ကိုယ်ပိုင်အယူအဆအရ လူတစ်ယောက်၏ အရည်အသွေးကို ဘွဲ့ဒီဂရီ မည်၍မည်မျှရှိသည်ဟူသော အချက်တစ်ချက်တည်းဖြင့် မဆုံးဖြတ်သင့်ပေ။ ကျွန်ုပ်သည် မိမိ၏လက်ထောက်များကိုသာမက ဆေးကျောင်းသားများကိုလည်း အပြင်လူနာဌာန၌၄င်း၊ လူနာဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်၌၄င်း၊ ခွဲစိတ်ခန်း၌၄င်း အချိန်ယူသင်ပြပေးလေ့ရှိပါသည်။ မိမိကျင့်သုံးသည့် စာသင်နည်းမှာ ဘီလပ်တွင် ပညာဆည်းပူးစဉ်ကာလအတွင်း အနီးကပ် လေ့လာမှတ်သားခဲ့သော Prof. Jeffcoate ၏နိဿယအတိုင်းပင် ဖြစ်ပါ၏၊ ထိုနည်းဖြင့်စာသင်ရသည်မှာ အချိန်ပိုကုန်သော်လည်း ကျောင်းသားများအတွက် များစွာ အကျိုးထူးလှသည်။ အပြင်လူနာဌာနနှင့် လူနာဆောင်အတွင်း၌ ကျောင်းသားများကို စာသင်သည့်အခါ အုပ်စုငယ်လေးများဖွဲ့ပေးပြီး အပြန်အလှန် စကားပြော ဆွေးနွေးစေပါသည်။ ကျွန်ုပ်သည် ဤကဲ့သို့သော ဆိုကရက်တစ်ဟန်ဖြင့် ချဉ်းကပ်လျက် သင်ကြားပို့ချသောနည်းကို တွင်ကျယ်စွာ ကျင့်သုံးခဲ့ပါသတည်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိသည် ဘွဲ့ကြိုကျောင်းသားများကို စာသင်သည့်အခါ Physical Examination နှင့် Diagnosis ကို ဦးစားပေး၍ သင်ကြားပို့ချခဲ့သည်။ ခေတ်အလိုက် တိုးတက်ပြောင်းလဲနိုင်သော Investigation (ရောဂါရှာဖွေစုံစမ်း စစ်ဆေးမှုများ) နှင့် Prognosis (ရောဂါသက်သာပျောက်ကင်းနိုင်မှု အလားအလာ) Therapy (ကုထုံး) စသည့် အခန်းကဏ္ဍများကိုမူ အကြမ်းဖျဉ်းမျှသာပြောပြပြီး အကျယ်တဝင့် ဟောပြောပို့ချလေ့မရှိပါ။ နှစ်စဉ်နှင့်အမျှ တိုးပွားလာလေ့ရှိသော Investigation နှင့် Therapy တို့၏ ရေတိုရေရှည်အကျိုးရလဒ်များမှာ မှတ်ကျောက်တင်ခံဖို့ လိုအပ်သေး သည်မဟုတ်ပါလော။

မိမိသင်ကြားသောဘာသာရပ်ကို ပိုမိုနားလည်ကြစေရန် ကျောင်းသားများအား အဆင့်ဆင့် စဉ်းစားတွေးခေါ်နည်းကို စိတ်ရှည်လက်ရှည် နားသွင်းပေးခဲ့ပါသည်။ မည်သည့်အကြောင်းအရာမဆို ခြေခြေမြစ်မြစ် နားလည်သဘောပေါက်ကြစေရန် ကျောင်းသားတိုင်း ကိုယ်စီကိုယ်င တက်ကြွစွာ ပါဝင်



ဆွေးနွေးကြခြင်းဖြင့် မိမိ၏အမှားကို မိမိသိနားလည်ခြင်း၊ သူတစ်ပါး၏ အမှားကို ဝေဖန်သုံးသပ် သင်ခန်းစာယူနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်မှုရှိသည့် ကောက်ချက် ဆွဲယူနိုင်ခြင်းစသော အကျိုးကျေးဇူးများရနိုင်မည့် အခြေအနေမျိုး စာသင်ခန်းထဲတွင်ဖြစ်ပေါ်စေရန် ကျွန်ုပ်အနေဖြင့် အားထုတ် ကြိုးပမ်းခဲ့ပါ၏။ စင်စစ်မူကား သားဖွားမီးယပ်ပညာဌာန၏ အဓိကဦးတည်ချက်မှာ ဆေးပညာဘွဲ့ရရှိသူတစ်ဦးအနေဖြင့် ရောဂါဖော်ထုတ်မှု အတတ်ပညာ၏ အခြေခံဖြစ်သော စနစ်တကျ ရောဂါရာဇဝင်မေးမြန်းခြင်းနှင့် စနစ်တကျ လူနာကိုစမ်းသပ်ခြင်းတို့အား ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်ကြစေရန် ဖြစ်သည်။

## လေ့ကျင့်သင်တန်းပေးမှုအစီအစဉ်

ထိုအစီအစဉ်အရ အလုပ်သင်ဆရာဝန်များနှင့် လ/ထဆရာဝန်အားလုံး သားအိမ်ခြစ်ခြင်း၊ လေစုတ် သားဖွားခြင်းနှင့် ညှပ်ဆွဲသားဖွားခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်လေ့ကျင့်ပေးခဲ့ပါသည်။ Kielland's Forcep ဖြင့် သားဖွားခြင်း၊ ဗိုက်ခွဲသားဖွားခြင်း (LSCS) တို့ကိုမူ သင့်လျော်၍ အရည်အချင်းရှိသူ ဆရာဝန်အချို့ကိုသာ ရွေးချယ်လေ့ကျင့်ပေးခဲ့ပါ၏။

သင်တန်းသားများရွေးချယ်သည့်အခါ အများပြည်သူတို့အား ဆေးပညာဖြင့် အလုပ်အကျွေးပြုရန် စေတနာထက်ထက် သန်သန်ရှိမည့်သူများကို စီစစ်ရွေးချယ်ဖြစ်ပါသည်။ ဗိုက်ခွဲမွေးခြင်း (LSCS) နှင့် သားအိမ်ထုတ်ခြင်း (Hysterectomy) စသော ခွဲစိတ်မှုများ ပြုလုပ်ရာတွင် သင်တန်းသားများကို တစ်ဆင့်ပြီးတစ်ဆင့် အသေးစိတ် ကိုယ်တိုင်ကြီးကြပ်ကာ လက်တွေ့ပြသ သင်ကြားပေးခြင်းဖြစ်ပါသည်။

ဆရာဝန်တစ်ယောက်အနေဖြင့် ခွဲစိတ်ကုသမှုတစ်ခု ပြုလုပ်ရတော့မည်ဆိုလျှင် 'အမှန်တကယ်ခွဲရန် လို မလို'ဟူသော မေးခွန်းကို ဓမ္မဓိဋ္ဌာန်ကျကျ အဖြေပေးနိုင်ဖို့လိုသည်။ ခွဲစိတ်မည့်ဆရာဝန်ကိုယ်တိုင် ဆန်းစစ်ဝေဖန်ဖို့ လိုသည်။ ထို့ကြောင့် ကျွန်ုပ်သည် သင်တန်းသားများအား ခွဲစိတ်ရသည့်အကြောင်းရင်းများနှင့် စပ်လျဉ်း၍ အမြဲတမ်း အချိန်ယူကာ ပြည့်ပြည့်စုံစုံ ဆွေးနွေး သင်ပြပေးခဲ့ပါသည်။

ထို့ပြင် သင်တန်းသားတစ်ယောက်အား လက်တွေ့လေ့ကျင့်ပေးသင်တန်းတစ်လျှောက် သတ်မှတ်ထားသည့်အဆင့်များကို အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်နိုင်မှသာ သူ့လက်သူ့ခြေဖြင့် လူနာတစ်ယောက်ကို ခွဲစိတ်ကုသရန် ခွင့်ပြုခြင်း ဖြစ်သည်။ ပထမအဆင့်တွင် တာဝန်ခံဆရာဝန်ကြီး သို့မဟုတ် ပထမလက်ထောက် ခွဲစိတ်သည်ကို ဘေးမှရပ်၍ကြည့်ရသည်။ ဒုတိယအဆင့် ၌ နောက်ပိုင်းတွင် ဒုတိယလက်ထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ရသည်။ ဒုတိယ အဆင့်၏နောက်ပိုင်းရောက်မှ ပထမလက်ထောက်အဖြစ် ဝင်ရောက် လုပ်ကိုင် ရသည်။ ဒုတိယအဆင့်၌ ဦးဆောင်ခွဲစိတ်သူ ကြေနပ်အောင် စွမ်းဆောင်နိုင် မှသာ တတိယအဆင့်သို့ တက်လှမ်းခွင့်ရရှိပါသည်။ ထိုအဆင့်မှာလည်း သင်တန်းသားခွဲစိတ်သည့်အခါ ပါမောက္ခ သို့မဟုတ် ပထမ လ/ထ ဖြစ်သူက လက်ထောက်နေရာတွင်ဝင်၍ ကူညီပေးရင်း သင်တန်းသား၏လက်စွမ်းလက်စ ကို အကဲဖြတ်ပြီးမှသာ ခွဲစိတ်မှုများကို သူ့လက်သူ့ခြေနှင့် ဆောင်ရွက်ခွင့် ရရှိကြခြင်းဖြစ်ပါ၏။

## ဘွဲ့လွန် M. Med Sc (OG) များ မွေးထုတ်ပေးခဲ့ခြင်း

ကျွန်ုပ်အနေဖြင့် ၁၉၆၄ခုနှစ်တွင် မန္တလေးပြည်သူ့ ဆေးရုံကြီးနှင့် မန္တလေးဆေးတက္ကသိုလ်သို့ရောက်ရှိစ အချိန်မှပင် သားဖွားမီးယပ်ဘွဲ့လွန် သင်တန်းများ စတင်ရန်လိုအပ်ကြောင်း အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါ၏။ မိမိက ထိုရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေးအတွက် အစီအမံအခင်းအကျင်း တို့ကို အခြေခံမှစ၍တစ်ဆင့်ပြီးတစ်ဆင့် ကြိုတင်ပြင်ဆင်ခဲ့သဖြင့် နိုင်ငံတော်မှ မူဝါဒများ ချမှတ်လမ်းညွှန်သည့်အခါ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ M. Med. Sc ပထမအသုတ်ကို ၁၉၇၄ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ရကား မန္တလေးသို့ရောက်ရှိသောအချိန်မှ ရေတွက်လျှင် ကျွန်ုပ် ၏စိတ်ကူးယဉ် အိပ်မက်မှာ ဆယ်စုနှစ်တစ်ခုခန့်ကြာမှ အသက်ဝင် အကောင် အထည်ပေါ်လာခဲ့ခြင်း ဖြစ်ပါသတည်း။

M.Med.Sc.(OG) ပထမဆုံးအသုတ်တွင် ဒေါက်တာဒေါ်ခင်သင်း ၊ ဒေါက်တာကျော်လင်းနှင့် ဒေါက်တာခင်မာလေးတို့(၃)ဦး တက်ရောက် ခဲ့ကြသည်။ နောက်ပိုင်းတက်ရောက်သူတို့မှာ ဒေါက်တာ စိုးအောင်၊ ဒေါက် တာမေခင်၊ လွင်လွင်သန်း၊ မတင်ရီ၊ ခင်မျိုးကြူ၊ မြင့်မြင့်မွန်၊ ဝင်းကို၊ မရင်မေ ကိုကိုလေး၊ သန်းဝင်း၊ ခင်ထားရီ၊ စောလွင်တို့အပြင် အခြားသူ အမြောက် အမြားပါဝင်ကြ၏။ ထိုစဉ်က သင်တန်းသား တော်တော်များများသည် ဆေး ဥသာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သော်လည်း



ဒေါက်တာကျော်စိုး၊ အောင်ထွန်း၊ ထွန်းကြည်၊ ခင်စောနွယ်တို့ကဲ့သို့ ကျန်းမာ ရေးဦးစီးဌာနမှလာ၍ တက်ရောက်သူ အချို့လည်း ရှိပါသည်။ M.Med.Sc. (OG) ပထမအသုတ်သင်တန်းသား(၃)ဦး၏ ကျမ်းပြုစုရေးသားခြင်းကို မိမိ ကိုယ်တိုင် အပင်ပန်းခံ၍ အစမှအဆုံးတိုင် ကြီးကြပ်ပေးခဲ့ပါသည်။ နောက် အသုတ်များတွင်မူ ပါမောက္ခဒေါ်ကြူကြူဆွေနှင့် ဒေါက်တာဒေါ်ခင်ခင်မြ တို့ ကိုပါ ကျမ်းပြုစုရေးသားခြင်းကို ကြီးကြပ်ရန် တာဝန်ခွဲဝေပေးခဲ့ပြီး အကဲဖြတ် တာဝန်များကိုလည်း ယူစေခဲ့ပါသည်။

ကျွန်ုပ်သည် သားဖွားမီးယပ် ဘွဲ့လွန်သင်တန်းသားများကို သင်တန်း တက်စဉ်ကာလနှင့် အောင်မြင်စွာ သင်တန်းပြီးဆုံးပြီးနောက် သားဖွားမီးယပ် ပညာဌာနတွင် လ/ထများအဖြစ် အမှုထမ်းဆောင်ကြစဉ် ကာလများအတွင်း စာတွေ့လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်အောင် ဖိအားပေးကာ လေ့ကျင့်ပျိုးထောင် ပေးခဲ့ပါသည်။ မိမိ၏အရင်းခံစေတနာမှာ တပည့်အားလုံးအနေဖြင့် သားဖွား မီးယပ်ဝေဒနာ အမျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ဖြေရှင်းကုသ ပေးနိုင်ကြရုံ မျှမက မျိုးဆက်သစ်ဆရာဝန်များကိုလည်း သူတို့အလှည့် တာဝန်ကြေပွန်စွာ လက်ဆင့်ကမ်း ပညာဖြန့်ဖြူးပေးနိုင်ကြစေရန် ဖြစ်ပါသည်။

ကျွန်ုပ်၏အချို့သော တပည့်ရင်းတို့မှာ မိမိရည်မှန်းသကဲ့သို့ လူနာများ အကျိုးကို သယ်ပိုး ရွက်ဆောင်ရင်း သားဖွား မီးယပ်ပညာဘာသာရပ် ဖွံ့ဖြိုးတိုး တက်အောင် ကြိုးဆောင်လုပ်ကိုင်လျက်ရှိကြသည်ကို တွေ့မြင် ကြားသိရသော အခါ အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူမိပါသတည်း။

များပြားလှသော ကျွန်ုပ်၏တပည့်သားမြေးတို့အကြောင်းအား ပြည့်စုံ စွာရေးသားဖော်ပြဖို့ မဖြစ်နိုင်ပေ။ ကျွန်ုပ်အနေဖြင့် ဆရာစားမချန်ဘဲ ကိုယ် တတ်ကျွမ်းနားလည်သမျှ အိပ်သွန်ဖာမှောက် သင်ပြပေးခဲ့သည်ကို တပည့်များ အသိဆုံးပင် ဖြစ်သည်။ ကျွန်ုပ်သည် ကတိလေးပါးလိုက်စားခြင်း မရှိဘဲ တပည့် များ၏အကျိုးအတွက် မားမားမတ်မတ် ရပ်တည်ပေးရန်လိုအပ်သော အခြေ အနေအချိန်အခါမျိုးပေါ်ပေါက်လျှင် ကိုယ်ကျိုးထိခိုက်မည်ကိုပင် အလေးမထား ဘဲ တပည့်တို့ဘက်မှ ရဲဝံ့ပြတ်သားစွာ ပြောဆိုခဲ့ရသော သာဓကများလည်း ရှိခဲ့ဖူးပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက နောက်ဆုံးနှစ်အပိုင်း(ခ) စာမေး ပွဲတစ်ခုတွင် စာတော်သော ကျွန်ုပ်၏တပည့်မလေးတစ်ဦးသည် မေးပြီး ထူးထူး ချွန်ချွန် ဖြေဆိုနိုင်သဖြင့် အငြင်းပွားစရာမရှိအောင် ဂုဏ်ထူးမှတ်ရရှိ ထားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကလေးမလေး ဗိုက်ဗာ (Viva) ဝင်သောအခါ မိမိ၏တပည့်ဆိုလျှင် ဂုဏ်ထူးမပေးဖို့ စိတ်ပိုင်းဖြတ်ထားဟန်တူသော ပြင်ပစာစစ်သူတစ်ဦးက ဘွဲ့ကြိုအဆင့်နှင့်မအပ်စပ်သော မေးခွန်းများကို မညှာမတာ မေးမြန်းပါတော့သည်။ မိမိမျက်စိရှေ့တွင် မမျှမတ ပြုမူဆောင်ရွက်နေသည်ကို မရှုစိမ့်သောကြောင့် ကျွန်ုပ်အနေဖြင့် ထိုပြင်ပစာစစ်သူနှင့် အပြင်းအထန် အကြိတ်အနယ် စကားစစ်ထိုးခဲ့ရပါ၏။ ထိုအခါ အဆိုပါစာစစ်သူက မိမိအား အကျိုးသင့် အကြောင်းသင့် ချေပပြောဆိုခြင်းမပြုဘဲ အသားလွတ် ပုဂ္ဂိုလ်ရေးထိုးနှက် တိုက်ခိုက်ခဲ့သည်။ မိမိကမူ ကိုယ့်အားစော်ကားပြောဆိုနေသည်ကိုပင် အရေးမစိုက်ဘဲ ထူးချွန်သောကျောင်းသားတစ်ဦးကို ထူးချွန်သည့်အလျောက် ချီးမြှောက်ဂုဏ်ပြုထိုက်သည်ဟု ရိုးသားစွာ ယုံကြည်သည့်အတိုင်း တပည့်ငယ်လေးတစ်ဦးအတွက် အမုန်းခံ ငြင်းခုန်ခဲ့ပါသတည်း။

ကျွန်ုပ်၏တပည့်များအနက် Dr. မြသွင်လင်း၏ ဘဝဖြစ်စဉ်မှာလည်း ဦးဘဲဝင်စားဖွယ်ကောင်းလှသည်။ သူသည် ကျောင်းဆရာအဖြစ်အမှုထမ်းပြီးမှ ဆေးကျောင်းသို့ ရောက်ရှိလာသူဖြစ်၏။ အခြားကျောင်းသားများထက် အသက်ကြီးရုံသာမက အတွေ့အကြုံများသူလည်းဖြစ်၍ ဟန်ပန်မူယာ တည်ငြိမ် လေးနက်သည်။ အတွေးခေါ် အယူအဆ ရင့်ကျက် ပြည့်ဝသည်။ ဉာဏ်ပညာ ထက်မြက်သည့်ပြင် ရည်ရွယ်ချက်မြင့်မားစွာ ကြိုးစားအားထုတ်သူ ဖြစ်ရကား ဆေးကျောင်းတစ်လျှောက် တန်းစဉ် ဂုဏ်ထူးများစွာ ဆွတ်ခူး ရရှိခဲ့ပါ၏။

ဆေးတက္ကသိုလ်(၂)သို့ မိမိရောက်ရှိပြီးနောက် MRCOG Part I စာမေးပွဲကို ရန်ကုန်တွင် ပထမဆုံးအကြိမ် ကျင်းပမည့်အကြောင်း ကြေညာချက် ထွက်ပေါ်လာခဲ့သည်။ ထိုစာမေးပွဲတွင် ဖြေဆိုမည့်သူများအား အသက်(၄၀)မကျော်ရဟု ကန့်သတ်ထားသည်။ မိမိကမူ မြသွင်လင်းအပါအဝင် အသက်(၄၀)ကျော်ပြီးခါစ အချို့စာတော်သူများအဘို့ "အလာကောင်းသော်လည်း အခါနှောင်းသည်" ဟူသော စကားကဲ့သို့ အခွင့်အရေးလက်လွတ် ဆုံးရှုံးမှုမဖြစ်စေလိုပေ။ ထို့ကြောင့် ကျွန်ုပ်သည် MRCOG Part I စာမေးပွဲ ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်သူများကို တွေ့ဆုံပြီး မြန်မာပြည်တွင် ပထမဆုံးအကြိမ် ကျင်းပသော စာမေးပွဲဖြစ်ခြင်းကြောင့် အသက်ကန့်သတ်ချက် မထားဘဲ့ စိတ်အားထက်သန်စွာ အတိုက်အခံ တင်ပြ တောင်းဆိုခဲ့ပါသည်။ မိမိ၏ တင်ပြချက် မအောင်မြင်ခဲ့စေကာမူ နီးစပ်သော လုပ်ဖော်ကိုင်ဘက်များနှင့် တပည့်တို့က မိမိ၏စိတ်ရင်းစေတနာကို နားလည်သဘောပေါက်ခဲ့ကြပါသည်။



## စာရင်းဇယား

ကျွန်ုပ်သည် သားဖွားမီးယပ်ပညာဌာနတွင် လုပ်ကိုင်ဆောင်ရွက်သမျှ လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်တို့ကို သက်ဆိုင်ရာ အမှုထမ်းအရာထမ်းတို့အား တိတိကျကျ စာရင်းသွင်း မှတ်တမ်းပြုစုထားရန် ညွှန်ကြားခဲ့ပါသည်။ မီးယပ်ဆောင်တွင် ပထမလ/ထဆရာဝန်အား အဆောင်တာဝန်ခံအဖြစ် တာဝန်ယူစေပြီး လူနာများ ဆေးရုံဆင်းသောအခါ လူနာ၏ အသေးစိတ်အကြောင်းချင်းရာ အချက်အလက်များကို မှတ်တမ်းတင်စေပါသည်။ လကုန်လျှင် အဆိုပါမှတ်တမ်းများကို စုပေါင်း၍ လချုပ်ပြုလုပ်ပြီး မိမိထံ တင်ပြစေရာ ကျွန်ုပ်ကလည်း ကြည့်ရှုစစ်ဆေးပြီး လက်မှတ်ရေးထိုးပေးပါသည်။ သားဖွားဆောင်၌မူ စာရင်းဇယားထားရှိပုံမှာ ပုံစံတစ်မျိုး ပြုလုပ်ရပါသည်။ သားဖွားဆောင်တွင် လ/ထဆရာဝန်များက အဆောင်တာဝန်ခံဖြင့် တစ်လတစ်ယောက် အလှည့်ကျ တာဝန်ယူရခြင်းဖြစ်သောကြောင့် အလှည့်ကျတာဝန်ခံဆရာဝန်ကို လူနာမှတ်တမ်းပြုစုရန်မှာကြားရသည်။ လကုန်သောအခါ သားဖွားဆောင် အသီးသီးမှရောက်ရှိလာသော လချုပ်မှတ်တမ်းများကို မိမိကိုယ်တိုင် ကြည့်ရှု စစ်ဆေးပြီး လက်မှတ်ရေးထိုးပေးပါသည်။

လူငယ် အများစုအနေဖြင့် ဤကဲ့သို့ စာရင်းဇယားများ စတင်ကောက်ယူပြုစုခြင်းကို အချိန်ကုန်လူပန်းပြီး အကျိုးမရှိသောအလုပ်ဟု ထင်မှတ်ကြသည့်အလျောက် စိတ်ဝင်စားမှုမရှိကြချေ။ နှစ်အတန်ကြာမှ ထိုလချုပ်စာရင်းဇယားများကို ပြန်လည်ကြည့်ရှုသောအခါ မိမိတို့လုပ်ကိုင်ဆောင်ရွက်သမျှ လုပ်ငန်းပမာဏ၊ ဆေးရုံတက်ရသော လူနာတို့၏ရောဂါအမျိုးအစား ခွဲစိတ်မှုရလဒ်စသည်တို့ကို လွယ်လင့်တကူ သိရှိနိုင်ကြောင်း သဘောပေါက်လာကြပါသည်။ ဘွဲ့လွန်ကျောင်းသူကျောင်းသားများ စာတမ်းပြုစုရာတွင်လည်း ထိုမှတ်တမ်းများသည် လွန်စွာအဖိုးတန်လှပါ၏။ တိကျသောစာရင်းဇယားနှင့် မှတ်တမ်းများ မထားရှိလျှင် ကျန်းမာရေးဌာနတစ်ခုအနေဖြင့် မိမိဌာန၏ လုပ်ငန်းဆောင်တာများကို သိပ္ပံနည်းကျ ဆန်းစစ်ဝေဖန် သုံးသပ်ရန် လုံးဝဖြစ်နိုင်မည်မဟုတ်ချေ။

## မိမိကိုယ်မိမိ တိုးတက်အောင်ပြုလုပ်ခြင်း

ကျွန်ုပ်သည် ပါမောက္ခရာထူး ရရှိထားလင့်ကစား မိမိ၏အသိပညာ အတတ်ပညာတို့ကို ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးစားလုပ်ကိုင်ရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခံယူထားသူဖြစ်ပေသည်။ တိုးတက်နေသော ခေတ်နှင့်အညီ ရင်ဘောင်တန်းနိုင်ရေးအတွက် ဗဟုသုတ အသစ်အဆန်းများကို နေ့စဉ်ရှာဖွေလေ့လာ မှတ်သားရသည်၊ ဤအချက်နှင့်စပ်လျဉ်း၍ ဂျာနယ်များရရှိဖို့ အလွန် အရေးကြီးလှပါသည်၊ ဗဟုသုတအသစ်အဆန်းများ မှတ်သားသိရှိရမှသာ တပည့်တပန်းဘွဲ့လွန် ကျောင်းသားတို့ကိုလည်း လက်ဆင့်ကမ်း ဖြန့်ဖြူးပေးနိုင်မည်မဟုတ်ပါလော၊

တဖန် ကျွန်ုပ်သည် ခွဲစိတ်ပုံနည်းနိဿယများနှင့် စပ်လျဉ်း၍ ကောင်းသည်ထက်ကောင်းအောင် အမြဲတမ်း ကြိုးစား ကြံဆနေသူဖြစ်ပါသည်။ သားသမီး မထွန်းကားခြင်း (မြုံခြင်း) ကို ခွဲစိတ်ကုသမှု၊ ဆီးယိုရောဂါ (Urinary Fistula) ကို ခွဲစိတ်ကုသမှုနှင့် Radical Wertheim's Hystercetomy, Radical Vulvectomy စသော အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်းရသော အကြီးစားခွဲစိတ်မှုများ ဆောင်ရွက်သည့်အခါ လက်ရာနှင့် ရလဒ်ကောင်းမွန် တိုးတက်စေဖို့ လေ့ကျင့်အားထုတ်ခဲ့ပါသည်။ ဌာနအကြီးအကဲဟူသည် မိမိဘာသာရပ်အား ချေးခါးအူမ မကျန် ပိုင်နိုင်စွာ တတ်ကျွမ်း နားလည်ရမည့်အပြင် တပည့်များကိုလည်း သင်ပြပေးနိုင်စွမ်း ရှိရမည် မဟုတ်ပါလော၊ ထို့ကြောင့် ကျွန်ုပ်သည် ရံဖန်ရံခါ၌ ခန္ဓာဗေဒဌာနမှူးထံ ခွင့်တောင်း၍ အလောင်းများကို ခွဲစိတ်၍လေ့လာခြင်း၊ စမ်းသပ်လေ့ကျင့်ခြင်းစသော အလုပ်မျိုးအထိ အပင်ပန်းခံလျက် ကြိုးစားပန်းစား သုတေသနပြုလုပ်ခဲ့ပါသည်။

## သင်ကြားရေးနည်းစနစ်

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း သင်ကြားရေးကဏ္ဍ၌ သင်ကြားရေးနည်းစနစ်များနှင့် စပ်လျဉ်း၍ အကြီးအကျယ် တိုးတက်ပြောင်းလဲမှုများ ထူးခြားစွာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပေသည်။ ကျွန်ုပ်အပါအဝင် ဆေးပညာသင်ကြားရေး တာဝန်ထမ်းဆောင်နေကြသူ အများစုမှာ ခေတ်ပေါ်သင်ကြားရေးနည်းစနစ်များကို အကျွမ်းမဝင်ကြသေးဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ သင်ကြားပို့ချနေသူများ ဖြစ်ကြပါ၏။

ပြင်ပလူနာဌာနတွင်ဖြစ်စေ လူနာဆောင်အတွင်း၌ဖြစ်စေ ခွဲစိတ်ခန်း၌ဖြစ်စေ စာသင်ခန်းမ၌ဖြစ်စေ မည်သည့်နေရာ၌ မည်သည့် အကြောင်းအရာကိုမဆို ဟောပြောပို့ချခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ ဆွေးနွေးခြင်း စသည်တို့



မပြုလုပ်မီ ဆရာတစ်ယောက်အနေဖြင့် မိမိ၏ မျှော်မှန်းချက်နှင့်ရည်ရွယ်ချက်များကို ပြဋ္ဌာန်းထားရှိရန် အရေးတကြီး လိုအပ်သည်။

ဆရာတစ်ဦး၏ ပထမဆုံးနှင့် အရေးအကြီးဆုံး တာဝန်ဝတ္တရားမှာ တပည့်များ သဘောပေါက် နားလည်အောင် ရှင်းလင်း ပြောဆိုသင်ပြပေးရန်ဖြစ်ပါ၏။ မိမိသိစေလိုသော အကြောင်းအရာ အချက်အလက်များကို သူတစ်ပါး ရေလည်စွာသဘောပေါက် နားလည်သည်အထိ လိပ်ပတ်လည်အောင် ရှင်းလင်းသင်ပြနိုင်စွမ်းရှိမှသာ ဆရာကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရမည် မဟုတ်ပါလော။ တစ်ဦးချင်းစီ၏ ပင်ကိုယ်ဉာဏ်ရည် ဉာဏ်သွေးများ မတူညီသည့်အပြင် ဇွဲလုံ့လဝီရိယ စိုက်ထုတ်ရာ၌လည်း တစ်ယောက်နှင့် တစ်ယောက် ကွဲပြားခြားနားကြသော ကျောင်းသူကျောင်းသားအားလုံး ကွက်ကွက်ကွင်းကွင်း သဘောပေါက် နားလည်စေဖို့ ရှုဒေါင့်ပေါင်းစုံမှ ဟောပြောပို့ချပေးရခြင်းမှာ ကျောင်းဆရာတစ်ဦး၏လက်တွေ့ဘဝတွင် အခက်ခဲဆုံးနှင့် အပင်ပန်းဆုံး မဟာတာဝန်ကြီးပင် ဖြစ်ပါတော့သတည်း။

ဆရာတစ်ဦးအဖို့ တာဝန်အကြီးဆုံးဟု ဆိုနိုင်သော ဝတ္တရားတစ်ရပ်မှာကား မိမိကျောင်းသား၏အရည်အချင်းကို မှန်မှန်ကန်ကန် အကဲဖြတ်ပြီးနောက် စာမေးပွဲ အအောင်ပေးသင့် မပေးသင့် ဆုံးဖြတ်ပေးရန်ပင်ဖြစ်၏။ ဆေးပညာသင်ကြားသူ ဆရာအချို့က ထိုကိစ္စနှင့်စပ်လျဉ်း၍အလေးအနက်သဘောမထားဘဲ ပေါ့ပေါ့ဆဆ စဉ်းစားဆောင်ရွက်တတ်ကြသည်ကို တွေ့ကြုံရသည်။ အထူးသဖြင့် ဘွဲ့လွန်သင်တန်းများ၌ ကျောင်းသားများကို အချက်အလက် တစ်ခုမကျန် သိရှိမှတ်မိရုံမျှသာ မျှော်မှန်း၍မဖြစ်နိုင်ချေ။ သိရှိသော အချက်အလက်များကို အခြေပြုပြီး ကောက်ချက်ဆွဲနိုင်စွမ်း၊ ကိုယ်ပိုင်တင်ပြချက်ပေးနိုင်စွမ်း ရှိမှသာလျှင် ကျောင်းသားကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုရပေလိမ့်မည်။ အခြေခံသဘောတရားများပိုင်နိုင်ရေးမှာမူ ဘွဲ့ကြိုဘွဲ့လွန် ကျောင်းသားအားလုံးအဖို့ အဓိကလိုအပ်ချက်ဖြစ်ပါသတည်း။

## ဆေးပညာသင်ကြားရေးအတွေ့အကြုံ

ရန်ကုန်ဆေးကျောင်း၌ နည်းပြဆရာလေးတစ်ယောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံမျှသာရှိသည့်ကျွန်ုပ်အဖို့ ဘွဲ့ကြိုဘွဲ့လွန် သင်ကြားရေးအတွက် လုံးလုံးလျားလျား တာဝန်ယူရသည့်အခါ သင်ကြားရေးကဏ္ဍအရေးပါပုံ၊ အကောင်အထည်ဖော်ရာတွင် ခက်ခဲသိမ်မွေ့ပုံများကို ပို၍သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက် နားလည်လာခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက မိမိသည် သင်ကြားရေးနည်းစနစ်များကို လေ့ကျင့် တတ်မြောက်ခဲ့ခြင်းမရှိဘဲ သင်ဆရာမြင့်ဆရာ၊ ကြားဆရာ အပေါင်းတို့၏ သင်နည်း သင်ဟန်များကို အတုယူလျက် မိမိကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် တပည့်များကို သင်ပြပေးနေရခြင်း ဖြစ်ပါ၏။ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်၌ ဆေးပညာသင်ကြားရေးသင်တန်း တက်ရောက်ခွင့်ရရှိခြင်းမှာ မိမိအဖို့ ဆေးပညာသင်ကြားမှု နည်းစနစ်များအား ပထမဆုံးအကြိမ် လေ့လာဆည်းပူးခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ သင်တန်းတက်ရောက်ပြီးမှသာ မိမိအပါအဝင် သင်ကြားရေးကဏ္ဍတွင် လုပ်ကိုင်နေကြသူ အများစု၏ အားနည်းချက်၊ ပစ္စည်းပစ္စယ မပြည့်စုံမှု၊ အစစအရာရာ ခေတ်နောက်ကျနေမှုသည်တို့ကို သိမြင်လာခဲ့ကြပါသည်။

များမကြာမီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အစီအစဉ်ဖြင့် အနောက်နိုင်ငံများသို့ ဆေးပညာသင်ကြားရေး မစ်ရှင်အဖွဲ့ဝင်အဖြစ် သွားရောက်ခွင့်ရခဲ့ပါသည်။ ကျွန်ုပ်တို့အား အမြင်ကျယ်အောင် မျက်စေ့နားဖွင့်ပေးခဲ့သည့် ထိုခရီးစဉ်အကြောင်းကို အကျဉ်းမျှ သီးခြားရေးသားဖော်ပြပါအံ့။

တဖန် ၁၉၇၄ခုနှစ်တွင် ကျွန်ုပ်သည် ဆေးပညာပါမောက္ခ ဒေါ်မြင့်မြင့်ခင်နှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ချူလာလောင်ကောင်း တက္ကသိုလ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြီးမှူးပြုလုပ်သော ဆေးပညာသင်ကြားသူဆရာများလေ့ကျင့်ရေး နှစ်ပတ်ကြာ သင်တန်းတစ်ခု တက်ရောက်ခွင့် ရရှိခဲ့ပါသေးသည်။ ထိုသင်တန်း၌ သင်ကြားရေးနည်းပညာနှင့်စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ ဟောပြောပို့ချကြရာ များစွာအကျိုးရှိသော သင်တန်းတစ်ခုဖြစ်ပါ၏။ သင်တန်းတက်ရောက်သူများမှာ ထိုင်း၊ အင်ဒိုနီးရှား၊ လာအို စသော အရှေ့တောင်အာရှနိုင်ငံများမှ ဖြစ်ပါ၏။ သင်တန်းနည်းပြများကား ဩစတြေးလျ၊ သီရိလင်္ကာနှင့် ရှမေးနီးယားနိုင်ငံများမှ ဖြစ်ကြ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ထိုသင်တန်းတွင် အတက်ကြွဆုံး ပါဝင်ဆွေးနွေးသူများဖြစ်ရာ သင်တန်းဆရာများကပင် မိမိတို့အား အံ့ဩချီးကျူးခဲ့ကြပါ၏။

အခန်း(၁၆)

## နိုင်ငံရပ်ခြား ဆေးပညာသင်ကြားမှုလေ့လာရေးခရီးစဉ်

မန္တလေးတွင် ကျွန်ုပ်အမှုထမ်းစဉ်ကာလအတွင်း နိုင်ငံရပ်ခြားသို့ ဆေးပညာသင်ကြားမှု လေ့လာရေးခရီးသွားရောက်ခြင်း အပါအဝင် အခြား မှတ်သားဖွယ်ဖြစ်စဉ်အချို့ကို ဤအခန်းတွင် ရေးသားဖော်ပြပါမည်။

၁၉၆၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ စတင်ပို့ချကာ အထူးကုဆရာဝန်များ မွေးထုတ်ပေးရန် အစီအစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ဆေးတက္ကသိုလ်(၃)ခုမှ ဌာနမှူးများကို အဖွဲ့(၃)ဖွဲ့ခွဲပြီး ယူဂိုစလားဗီးယား၊ ယူကေနှင့် အိန္ဒိယနိုင်ငံများသို့ ကျန်းမာရေးစီမံကိန်း ဆောင်ရွက်လုပ်ကိုင်ကြပုံများ လေ့လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် စေလွှတ်ခဲ့ပါသည်။ ကျွန်ုပ်လိုက်ပါသောအဖွဲ့၏ခေါင်းဆောင်မှာ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်ကြီးဖြစ်၏။ ကျန်အဖွဲ့ဝင်များကား ဆေးပညာပါမောက္ခ ဒေါ်မြင့်မြင့်ခင်၊ ခွဲစိတ်ပါမောက္ခ ဦးကြည်ပေါ်၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ ဒေါက်တာဦးသက်ဖေနှင့် ဒေါက်တာဦးဘမြင့်၊ ပါမောက္ခချုပ် ဦးအေးနှင့် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ ဒုတိယဗိုလ်မှူးကြီး မြင့်အောင် (ခွဲစိတ်) တို့ ဖြစ်ကြပါ၏။

### ယူဂိုစလားဗီးယား

ကျွန်ုပ်တို့ ပထမဆုံးရောက်ရှိသော နိုင်ငံမှာ ယူဂိုစလားဗီးယားဖြစ်သည်။ ဘဲ(လ်)ဂရိတ်လေဆိပ်တွင် နှင်းမုန်တိုင်းများကျပြီး ရာသီဥတုဆိုးနေသောကြောင့် ဇာဂရက်မြို့တွင် သောင်တင်နေခဲ့သေးသည်။ မာရှယ်တီးတိုးနိုင်ငံခေါင်းဆောင်ဖြစ်လာသည့်အခါ ဆိုရှယ်လစ်နိုင်ငံအဖြစ် မကြာသာ

www.burmeseclassic.com

www.burmeseclassic.com



အစဝအရာရာ ဆိုရှယ်လစ်ပုံစံ ဖြစ်လာခဲ့ဟန်တူသည်။ နေရာတကာ တန်းစီနေရသည်မှာ သမားရိုးကျဖြစ်နေပေပြီ။ ပြည်သူ့ကျန်းမာရေးအရာရှိများက မိမိတို့အား သူတို့ကျင့်သုံးလျက်ရှိသော ဆိုရှယ်လစ် ကျန်းမာရေးမူဝါဒများ အကြောင်း ဟောပြောပြီးနောက် သမဝါယမဆေးခန်းအချို့ကို လိုက်လံပြသခဲ့ကြသည်။ နောက်နေ့ညတွင် ဇာဂရက်မှ ဘဲ(လ်)ဂရိတ်သို့ ရထားဖြင့် ခရီးဆက်ရသည်။ မြို့တော်ဘဲ(လ်)ဂရိတ်သို့ ရောက်သည့်အခါမှာလည်း ကျွန်ုပ်တို့အား ဝန်ကြီးဌာနသို့ဖိတ်ကြား၍ ဆိုရှယ်လစ်စနစ် အောင်မြင်မှုများအကြောင်း ဟောပြောကြပြန်သည်။ အထွေထွေရောဂါကု ဆေးခန်းများသို့ ပို့ဆောင်ပေးခဲ့ကြသော်လည်း မိမိတို့မစ်ရှင်အဖွဲ့က စိတ်ဝင်စားသည့် ဘွဲ့လွန်သင်ကြားရေးကိစ္စရပ်များနှင့်မူ လုံးဝသက်ဆိုင်ခြင်းမရှိချေ။

## အင်္ဂလန်သို့

ယူဂိုစလားဗီးယားမှ အင်္ဂလန်သို့ ခရီးဆက်ကြသောအခါ ကျွန်ုပ်တို့ မစ်ရှင်အဖွဲ့ဝင်အားလုံးမှာ ဘိလပ်တွင်နှစ်ရှည်လများနေထိုင်ကာပညာဆည်းပူးခဲ့ကြသူများဖြစ်သည့်အလျောက် အိမ်ပြန်သကဲ့သို့ စိတ်ထဲတွင်ခံစားကြရပါသည်။ ကျွန်ုပ်တို့မှာ အင်္ဂလန်ရောက်လျှင် မည်သို့သောအပြောင်းအလဲနှင့် အသစ်အဆန်းတို့ တွေ့မြင်ကြားသိရဦးမည်ကို စိတ်စောလျက် ရှိကြပါတော့သည်။

ကျွန်ုပ်တို့ မစ်ရှင်အဖွဲ့သည် College of Physicians, College of Surgeons. College of Obstetricians and Gynaecologists စသည့် လန်ဒန်ရှိ တော်ဝင်ကောလိပ်များသို့ သွားရောက်ခဲ့ကြသည်။ ကောလိပ်တစ်ခုသို့ ရောက်လျှင် သက်ဆိုင်ရာဥက္ကဋ္ဌနှင့်ကောင်စီအဖွဲ့တို့က မိမိတို့အား ကြိုဆိုကြပြီး ကောလိပ်၏သမိုင်းကြောင်း၊ စာမေးပွဲစစ်ဆေးပုံနှင့် အဖွဲ့ဝင်အဖြစ် ရွေးချယ်ပုံ လုပ်ထုံးလုပ်နည်းများအပြင် သိမှတ်ဖွယ်ရာအဖြာဖြာတို့ကို ရှင်းလင်း ပြောပြပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ သမားတော်နှင့် ခွဲစိတ်ဆရာဝန် အများစုသည် အင်္ဂလန်တွင် စာမေးပွဲမဖြေဆိုကြဘဲ စကော့တလန်ကောလိပ်မှ ဖြေဆို အောင်မြင်သူ ပိုများသည်။ သားဖွားမီးယပ်ဆရာဝန်များကမူ လန်ဒန် RCOGမှ အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်း ခံရသူများဖြစ်ကြပေ၏။ ထိုစဉ်က ROG ၏ ဥက္ကဋ္ဌမှာ ၁၉၆၂ ခုနှစ်က Liverpool တက္ကသိုလ်တွင် MRCOG တက်ရောက်စဉ်က မိမိ၏ဆရာရင်းဖြစ်သော Prof. TNA Jeffcoate ဖြစ်၏။ ကျန်းမာရေးဌာနဝန်ကြီး ဗိုလ်မှူးကြီးလှဟန်၏ မှာကြားချက်အရ Prof. Jeffcoate နှင့်



ကောင်စီတို့အား ဗြိတိသျှဆေးကောင်စီက ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့် မန္တလေးဆေးတက္ကသိုလ်တို့အား စစ်ဆေးနိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ဖို့ မစ်ရှင်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မိမိကပင် ဖိတ်မန္တက ပြုခဲ့ပါသည်။ ကျွန်ုပ်တို့သည် အင်္ဂလန်မှာရှိစဉ် Middlesex ဆေးရုံ ရောဂါဗေဒဌာန၊ ကင်းဘရစ်တက္ကသိုလ်၊ Liverpool တက္ကသိုလ်၊ မန်ချက်စတာတက္ကသိုလ်၊ စကော့တလန်ရှိ အီဒင်ဘာရာတက္ကသိုလ်၊ ဂလပ်စဂို တော်ဝင်ကောလိပ် စသည်ဖြင့် နေရာဌာနစုံလင်စွာ သွားရောက်ခဲ့ကြပြီး၊ ဘွဲ့သင်ကြားပို့ချမှု နည်းစနစ်များကို လေ့လာကြည့်ရှုခဲ့ကြပါသည်။ ဂလပ်စဂို၌ MRCP ယူရန်လာပြီး မြန်မာပြည်သို့ ပြန်မလာတော့သည့် ပုသိမ်သား ဆရာဝန်ကြီးတစ်ဦးနှင့် မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရသေးသည်။

## အိန္ဒိယ

ကျွန်ုပ်တို့အဖွဲ့သည် ဥရောပမှအပြန် အိန္ဒိယ၌ခရီးတစ်ထောက်နားပြီး နယူးဒေလီရှိ All India ဘွဲ့လွန်ဆေးတက္ကသိုလ်၊ ချင်ဒီဂါနှင့် ကာလကတ္တားတို့မှ ဆေးကျောင်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရပါသေးသည်။ All India ဆေးတက္ကသိုလ်၌ အိန္ဒိယနယ်စွန်နယ်ဖျားတောင်တန်းဒေသတို့မှဘွဲ့ကြိုကျောင်းသားများရရှိအောင် မည်ကဲ့သို့ရွေးချယ်ကြောင်း စုံစမ်းမေးမြန်းကြည့်ရာ ထိုကဲ့သို့ဝေးလံခေါင်ဖျားအရပ်များမှ အထက်တန်းစာမေးပွဲအောင်မြင်သူများအနက် အမှတ်ကောင်းရရှိပြီး မိမိ၏နေရပ်ဒေသတွင် သတ်မှတ်ထားသောအချိန်ကာလပြည့်သည်အထိအမှုထမ်းပေးရန် ကတိစာချုပ်ရေးထိုးစေပြီး ရွေးချယ်ခြင်းဖြစ်ကြောင်းပြောပြပါသည်။ ဤကဲ့သို့ရွေးချယ်သောစနစ်ကြောင့် ထိုသူတို့သည် မြို့ကြီးပြကြီးမှ အမှတ်များသောကျောင်းသားနှင့် ယှဉ်ပြိုင်ရန် မလိုတော့ချေ။

အိန္ဒိယတွင် ဆေးပညာသင်ကြားအဆင့်အတန်းမှာ အတော်အသင့်မြင့်ပါသည်။ ဆေးပညာ၊ ခွဲစိတ်ကုပညာနှင့် သားဖွားမီးယပ်ပညာ ဘာသာရပ်တို့အတွက် ဘွဲ့လွန်သင်တန်းများ ခေါ် ယူလျက်ရှိသည်။ လူမှုရေးဆေးပညာဌာနမှာ အထူးပင် တက်ကြွကြွ ရှိသည်ကို တွေ့ခဲ့ရပါ၏။ နယူးဒေလီမှ မိုင်(၂၀) ခန့်ဝေးသော ကျေးလက်ကျန်းမာရေးဌာနတစ်ခုတွင် ကျေးရွာလူထုအသုံးပြုခြင်း မရှိသော အိမ်သာများကို မိမိတို့အား လိုက်လံပြသခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာဟာသ ။ အိန္ဒိယကျေးလက်ဒေသတစ်နေရာတွင် စုပေါင်း မစင်စွန့်ကြသော ဓလေ့ဆန်းတစ်ခုရှိသောဟူ၏။ ရွာသူ ရွာသားများသည် ထိုအချိန်ရောက်လျှင် ရေခရားကိုယ်စီသယ်ဆောင်ကာ လူစုလူဝေးဖြင့် ရွာအပြင်ဘက်ကွင်းပြင်သို့သွားရောက်ပြီး မစင်စွန့်ကြမြဲဖြစ်သည်။ သတ်မှတ်ထားသောနေရာ၌ အမျိုးသမီးများသည် ဦးခေါင်းနှင့်မျက်နှာကို အဝတ်ဖြင့်ဖုံးအုပ်လျက် ဆောင့်ကြောင့် ထိုင်ပြီး အတင်းအဖျင်းစကားများ ဝိုင်းဖွဲ့ပြောဆိုနေရင်း အပေါ့အလေးသွားကြခြင်းဖြစ်၏။ ဟာသဖြစ်ရပ်တစ်ခုတွင် ယောကျ်ားတစ်ဦးသည် အပေါင်းအဖေါ်မပါဘဲ သူတစ်ယောက်တည်း ခေါင်းမြီးခြုံကာ ဝမ်းပြဿနာဖြေရှင်းနေခိုက် မိန်းမအုပ်စုတစ်စု မစင်စွန့်ရန် ရောက်ရှိလာကြသည်။ မိန်းမတွေကြားတစ်ယောက်တည်းဖြစ်နေသော သူကောင့်သားခမျာ အသံလည်း မထွက်ရဲ အသက်ပင် မျှင်းမျှင်းမရှူရဲဘဲ မိန်းမများအားလုံး ကိစ္စပြီးသည်အထိ ငြိမ်ငြိမ်လေး ကုပ်နေခဲ့ရသောဟူ၏။

ကွန်ဒုံးဟာသ ။ ထိုစဉ်အချိန်ကပင် အိန္ဒိယ၌ မိသားစုကန့်သတ်ရေးစီမံချက်ကို အမျိုး သားရေးပြဿနာတစ်ရပ်အဖြစ်သတ်မှတ်ကာ အကောင်အထည်ဖေါ် လျက် ရှိကြသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကျွမ်းကျင်သော ပါရဂူများဦးဆောင်ကာ နည်းဗျူဟာအမျိုးမျိုးဖြင့်ဆောင် ရွက်လုပ်ကိုင်ကြသည်။ ကွန်ဒုံးများ ခေတ်မစားသေးသဖြင့် လူသိနည်းလှသည်။ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားတစ်ဦးသည် ကျေးလက် အမျိုးသမီးတစ်စုအား ကွန်ဒုံးအသုံးပြုနည်း ရှင်းလင်းပြသရာတွင် အမြင်မရိုင်းစေရန်ဝါးလုံးထိပ်တွင် ကွန်ဒုံးစွပ်ပြီး ပညာပေးသောဟူ၏။ ကျေးလက်တောသူများကသူ၏ဆိုလိုရင်းကို သဘောမပေါက်ဘဲ အစီပွါယ်တလွဲကောက်ကာ ကွန်ဒုံးစွပ်ထားသောဝါးလုံးများကို အိမ်ရှေ့မှာ ထောင်ထားကြလေသည်။ များမကြာမီထိုမိန်းမများ ကိုယ်ဝန်ရလာကြပြီး ကျန်းမာရေးလုပ်သားထံသို့လာ၍ "ဆရာ့နည်းက ဘယ်မှာ စွမ်းလို့လဲ"ဟု စိတ်ဆိုးမာန်ဆိုး ရန်တွေ့ကြသတတ်။

ကျွန်ုပ်တို့သည် ချန်ဒီဂါရှိ ဘွဲ့လွန်ဆေးကျောင်းသို့၎င်း၊ တရာဏသီရှိ ဟိန္ဒူတက္ကသိုလ်သို့၎င်း သွားရောက်လေ့လာခွင့် ရရှိခဲ့ကြပါသည်။ တရာဏသီမှတစ်ဆင့် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ ရောက်ရှိခဲ့ခြင်းမှာ ကျွန်ုပ်အဘို့ အဖိုးမဖြတ်နိုင်သော အခွင့်အရေးပင်ဖြစ်ပါသည်။ အိန္ဒိယတွင် ကျွန်ုပ်တို့ နောက်ဆုံးဝင်ရောက်ခဲ့သောမြို့မှာ ကာလကတ္တားဖြစ်သည်။ ကာလကတ္တား



မြို့ အေဒင်လမ်းမကြီးပေါ်ရှိ ဆေးကောလိပ်သည် ငှက်ဖျားနှင့် ချလာဇာရောဂါကို စတင်ဖေါ် ထုတ်နိုင်ခဲ့သော အပူပိုင်းဒေသဆိုင်ရာ ဆေးပညာဌာနကြောင့်ထင်ရှားကျော်ကြားသည်။ ရန်ကုန်ဆေးကျောင်းမှ ကျွန်ုပ်တို့ ဆရာအများစု၏ M.B.(Cal)ဟူသောဘွဲ့မှာ ကာလကတ္တားတက္ကသိုလ်မှ အပ်နှင်းခြင်းဖြစ်သည်။

**အစီရင်ခံစာရေးသားခြင်း**

ကျွန်ုပ်တို့၏ လေ့လာရေးခရီးစဉ်မှာ(၂)လခန့် ကြာမြင့်၏။ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပြီးနောက် မစ်ရှင်အဖွဲ့၏အစီရင်ခံစာ တင်သွင်းရမည်ဖြစ်ရာ အဖွဲ့သားအားလုံးက ပါမောက္ခဒေါ်မြင့်မြင့်ခင်နှင့်မိမိတို့အား တာဝန်ပေးခဲ့ကြပါသည်။ ကျွန်ုပ်တို့နှစ်ဦးသည် ကျန်အဖွဲ့သားများအားလုံး၏ အကြံဉာဏ်များကိုပါ စုပေါင်းလျက် ပြည့်ပြည့်စုံစုံဖြစ်အောင် အပင်ပန်းခံ အချိန်ယူ ရေးသားခဲ့ကြခြင်းဖြစ်သော်လည်း ထိုအစီရင်ခံစာအား စေ့စေ့စပ်စပ် ဖတ်ရှုမည့်သူ ရှိပါလေစ ဟု သံသယဝင်မိပါသည်။ မိမိတို့၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနမှ၎င်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ၎င်း တစ်စွန်းတစ်စ၊ တစ်ခွန်းတစ်ပါဒမျှ ပြောဆိုဝေဖန်သံမကြားခဲ့ရပေ။ မိမိမှာ မန္တလေးသို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် (၂)လကြာမျှပစ်ထားခဲ့ရသော ဆေးရုံမှ ကုသရေးလုပ်ငန်းများနှင့် ဆေးကျောင်းမှသင်ကြားရေးအလုပ်များတွင် ခေါင်းမဖေါ် နိုင်အောင် နစ်မြုပ်နေရပြန်ပါတော့သည်။ ကျွန်ုပ်သည် မစ်ရှင်ခရီးမှရခဲ့သမျှ ဗဟုသုတတို့ကို လုပ်ဖေါ်ကိုင်ဖက်များနှင့်တကွ တပည့်တပန်းများကိုပါ လက်ဆင့်ကမ်း ဖြန့်ဖြူးပေးခဲ့ပါသတည်း။

## ကျူးမားကလင်းနစ်

မြောက်မြားလှသော သားအိမ်ခေါင်းကင်ဆာဝေဒနာတို့ကို စနစ်တကျကုသမှုပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်သည် ဓါတ်ရောင်ခြည်ဌာနတာဝန်ခံဆရာဝန်ကြီး Dr. ဦးမျိုးတင့်နှင့် ပူးပေါင်းကာ "ကျူးမား ကလင်းနစ်" ကို စတင်အကောင်အထည် ဖေါ်ခဲ့ပါသည်။ Dr. ဦးမျိုးတင့် ရန်ကုန်သို့ ပြောင်းရွှေ့သွားသောအခါ Dr. ဦးစံထွန်းအောင် ရောက်ရှိလာပါသည်။ ကျူးမားကလင်းနစ်ဖွင့်လှစ်ပြီးနောက် စာရင်းဇယားများ စနစ်တကျထွက်ပေါ် လာသော သားအိမ်ခေါင်းကင်ဆာသည် ကျန်းမာရေးစောင့်ရှောက်မှု ဗဟုသုတခေါင်းပါးသော

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားလူတန်းစားတွင် အဖြစ်များကြောင်း သတိပြုမိခဲ့ပါတော့သည်။ ထိုလူနာအများစုမှာ နယ်မှလာကြသူများဖြစ်သည့်အပြင် ကလေးများသူများ ဖြစ်ကြပါ၏။

ကျူးမားကလင်းနစ်သို့ လာရောက်ပြသသော သားအိမ်ခေါင်းကင်ဆာလူနာများကို သားဖွားမီးယပ်ဆရာဝန်နှင့် ဓါတ်မှန်ရောင်ခြည်အထူးကုဆရာဝန်တို့ ပူးတွဲ၍ ကြည့်ရှုစမ်းသပ်ကြသည်။ လူနာတစ်ဦးချင်းစီကို အသေးစိတ် စမ်းသပ်ကြပြီး မခွဲစိတ်မီ ဓါတ်ရောင်ခြည် ကင်ရမည့်သူနှင့် ခွဲစိတ်ပြီးမှ ဓါတ်ရောင်ခြည်ကင်ရမည့်သူတို့ကို စီစစ်ရွေးချယ် ခွဲခြားကြသည်။ အဆင့်(၁)နှင့် အဆင့်(၂)လူနာများကို ရောင်ခြည်ပမာဏ ၆၀၀၀ ဝပ်ရရှိသည်အထိ ဓါတ်ရောင်ခြည်ကင်ပြီး ၃-၆ပတ်ခန့်ကြာကာ Wertheim's Hysterectomy ပြုလုပ်သည့် စနစ်ကို ကျင့်သုံးခဲ့ပါသည်။ အဆင့်(၃)လူနာမျိုးကိုမူ (၃)ပတ် ဓါတ်ရောင်ခြည်ဖြင့် ကုသပေးပြီး အလုံးအရွယ်အစား လျော့သွားခြင်းရှိမရှိ ပြန်လည်စမ်းသပ်သည်။ အလုံးအရွယ်အစားကြီး လျော့သွားသော လူနာများကိုသာ ခွဲစိတ်ကုသပါသည်။ အလုံးအရွယ်အစား ကြီး လျော့ခြင်းမရှိသော လူနာများကို ဓါတ်ရောင်ခြည်ကုသမှု ဆက်လက်ခံယူစေပါသည်။

ဆီးအိမ်နှင့်အစာဟောင်းအိမ်တို့ကိုပျံ့နှံ့လျက်ရှိသော အဆင့်(၄)လူနာများအား ထပ်မံစစ်ဆေးကာ အထွေထွေ ကျန်းမာရေးအခြေအနေကောင်း၍ ခွဲစိတ်မှုခံနိုင်စွမ်းရှိမည့်သူတို့အား စီစစ်ရွေးထုတ်ရသည်။ တဖန် အဆိုပါလူနာတို့၏မိသားစုဝင်များကိုပါ ခေါ်ယူတွေ့ဆုံပြီး ခွဲစိတ်ကုသမှု၏အလားအလာကောင်းကျိုးဆိုးပြစ်နှင့် အန္တရာယ်များအကြောင်း ရှင်းလင်းပြောပြ ဆွေးနွေးရပါသည်။ ထိုခေတ်ထိုအခါကမူ ဤကဲ့သို့သော လူနာများအဖို့ ဆီးဝမ်းယိုစိမ့်နေသောဝဋ်ဒုက္ခကို တစ်သက်လုံးခံမည်လော။ ခွဲစိတ်ကုသမှု ခံယူမည်လော။ ထိုလမ်း(၂)သွယ်သာ ရွေးချယ်ဆုံးဖြတ်ကြရန်သာ ရှိသည်။ ခွဲစိတ်ကုသပေးခြင်းအားဖြင့် အချို့လူနာများမှာ သက်တမ်းပိုမရှည်သည့်တိုင်အောင် ကြွင်းကျန်သမျှအသက်အပိုင်းအခြားကာလအတွင်း ဆီးဝမ်းယိုစိမ့်သော ဝဋ်ဒုက္ခမှ ကျွတ်ပြီး သန့်သန့်ရှင်းရှင်းသက်သောင့်သက်သာ နေထိုင်သွားနိုင်မည်ဖြစ်ပါသတည်း။



မေ့ဆေးဆရာဝန်ကြီး Dr. Biswas

တာဝန်ခံမေ့ဆေးဆရာဝန်ကြီး Dr. Biswas ကား အတွေ့အကြုံကြွယ်ဝသည့်အပြင် သူ၏ တာဝန်သိသောစိတ်ဓါတ်မှာ ချီးကျူး ဖွယ်ကောင်းလှသည်။ စီမံအုပ်ချုပ်ရေးလည်း ကျွမ်းကျင်ပိုင်နိုင်သည်။ ပျင်းရိဖင့်နွဲ့ခြင်းအလျှင်းမရှိဘဲ ကြိုးစားပန်းစား အလုပ်လုပ်တတ်သူ ဖြစ်၏။ စိတ်ရင်းသဘောရင်းကလည်း ရိုးသားဖြူစင်လှပေသည်။ ခွဲစိတ်ကုသဌာန(၃)ခု၊ သားဖွားမီးယပ်ဌာန(၃)ခု၊ အရိုးရောဂါဌာနတစ်ခု၊ ဆီး ကျောက်ကပ် ခွဲစိတ်ကုဌာနတစ်ခု ရှိရာ ဌာနအားလုံး၏ခွဲစိတ်မှုများ ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်စေရေး ကြီးကြပ်ပေးနေသူဖြစ်၏။ သူ၏ရုံးခန်းထဲမှာထိုင်နေရင်း ခွဲစိတ်ဆရာဝန်များကိုလည်းကောင်း၊ သူနာပြုများကိုလည်းကောင်း၊ ခွဲစိတ်ခန်း၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြစေရန် ဆော်ဩထိန်းကျောင်းပေးတတ်ပါသည်။ အန္တရာယ်ရှိနိုင်သောလူနာများ၊ ရောဂါသည်း၍ အားနည်းပြီး အခြေအနေမလှသောလူနာများကို ခွဲစိတ်ရမည်ဆိုလျှင် ဝါနုသောသူတို့ကို ထောက်ထား ငဲ့ညှာလျက် သူကိုယ်တိုင် တာဝန်ယူ မေ့ဆေးပေးလေ့ရှိသည်။

ကျွန်ုပ်သည် အမြစ်ဖြတ်သုတ်သင်ရှင်းလင်းရေး အကြီးစားခွဲစိတ်မှုကြီးများပြုလုပ်သည့်အခါတိုင်း စိတ်ရှည်သည်းခံ၍ဖွဲ့နဲဘဲကောင်းသည့် Dr.Biswas ၏ပူးပေါင်းကူညီမှုကို အမြဲရရှိခဲ့ပါသည်။ တာဝန်ခံမေ့ဆေးဆရာဝန်ကြီးဖြစ်သည့်အလျောက် ခွဲစိတ်မှုတိုင်းတွင် အမှန်တကယ်ခွဲစိတ်ရန် လိုအပ်ခြင်းရှိမရှိကို မေးမြန်းစူးစမ်းလေ့ရှိသည့်သူ့အနေဖြင့် ခွဲစိတ်ရန် အမှန်တကယ် လိုအပ်သည်ဟု လက်ခံယုံကြည်သည်နှင့် တပြိုင်နက် မည်မျှပင် ခက်ခဲပင်ပန်းသော အလုပ်ဖြစ်စေ၊ အချိန်နာရီမည်မျှပင်ကြာစေ မညည်းမညူ အစမှအဆုံးတိုင် မလျော့သော ဇွဲသတ္တိဖြင့် ကူညီလုပ်ကိုင်ပေးမြဲ ဖြစ်ပါသည်။

ခဲရာခဲဆစ်ပြဿနာများ ရင်ဆိုင်ရလျှင်လည်း Dr. Biswas သည် ခွဲစိတ်ဆရာဝန်၏ဘေးတွင် မားမားမတ်မတ် ရပ်တည်ကာ လူနာ သတိပြန်မလည်မချင်း လုပ်ဆောင်ဖွယ်ရှိသမျှ စိတ်အားထက်သန်စွာ လုပ်ကိုင်ပေးလေ့ရှိသည်။ သေရေးရှင်ရေးကိစ္စကြုံ၍ သူ့အား အကူအညီတောင်းခံသည့်အခါတိုင်း ဘစ်ရုံတစ်ခါမျှပင် ငြင်းဆန်ခဲ့ဘူးခြင်းမရှိပေ။

ခွဲစိတ်ခန်းတွင် ပိုးမွှားသန့်စင်ပြီးနယ်နိမိတ်နှင့် မသန့်စင်သော နယ်နိမိတ် ပိုင်းခြားပြီး ဆရာဝန်၊ ဆရာမအပါအဝင် ခွဲစိတ်ခန်းတွင် ဝင်ရောက်သူ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပိုးမွှားသန့်စင်ရေးအတွက် စနစ်တကျ လိုက်နာဆောင်ရွက်ဖို့ တင်းကြပ်ပြတ်သားစွာ စည်းကမ်းချမှတ်ခြင်းများကို ဦးစီးလုပ်ဆောင်ခဲ့သည်။ အရေးပေါ်အတွက် ထရော်လီများ အရံသင့်ထားရှိသည်။ ပြင်ဆင်ရန်လိုအပ်သည့် ထရော်လီများကို ပြင်ဆင်သုံးစွဲသည်။ တီထွင်ဉာဏ်ရှိသောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ခွဲစိတ်ခန်းသုံး ပစ္စည်းများစွာကို ကြံဆတီထွင်ခဲ့သည်။ ဗဟို သွေးပြန်ကြောဖိအား CVP တိုင်းတာရန် ကိရိယာကို သူ၏ကိုယ်ပိုင်စိတ်ကူးဖြင့် တီထွင်ဖန်တီးခဲ့ရာ ကျွန်ုပ်ပြုလုပ်သော Radical Operation များတွင် အလွန်အသုံးဝင်ခဲ့ပါသည်။ နိုက်တြပ်အောက်ဆိုက်နှင့် အောက်ဆီဂျင်များကို သမားရိုးကျအိုးများနှင့် သယ်ဆောင်မည့်အစား ဗဟိုသိုလှောင်ရေးမှ ပိုက်ဖြင့် ဖြန့်ဖြူးသော စနစ်ကိုလည်း Dr. Biswas ကပင် ဦးဆောင်လျက် စတင် အကောင်အထည် ဖော်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်မြန်မာနိုင်ငံဆရာဝန်အသင်းသည် ရန်ကုန်ရှိ မိခင်အသင်းကြီးနှင့် ယှဉ်တွဲရပ်တည်နေခြင်းဖြစ်သော်လည်း အမှုဆောင်များ ရွေးချယ် တင်မြှောက်သော နှစ်ပတ်လည်အစည်းဝေး ပြုလုပ်ခြင်းမှလွဲ၍ အခြားလှုပ်ရှားမှု တစ်စုံတစ်ရာမရှိချေ။ လူငယ်ဆရာဝန်အချို့က မိမိတို့ဆရာဝန်အသင်း အနေဖြင့် ဤကဲ့သို့ လှုပ်ရှားဆောင်ရွက်မှု အလျှင်းမရှိသည်ကို မချင့်မရဲ မကျေမနပ်ဖြစ်နေကြပြီး မိမိထံချဉ်းကပ်ကာ ဥက္ကဋ္ဌတာဝန် ယူပေးဖို့ ပန်ကြားခဲ့ကြသည်။ ကျွန်ုပ်က ဆရာဝန်အသင်းဥက္ကဋ္ဌရာထူးဆိုသည်မှာ ဝါစဉ်အလိုက် တင်မြှောက်သင့်ကြောင်း လူငယ်ဆရာဝန်များကို ရှင်းလင်းပြောဆို ချေးသိပ်ရပါသည်။ မန္တလေး၌ ထိုအချိန်ကဝါစဉ်အရတန်းစီလျှင် ထိပ်ဆုံးနေရာတွင်ရှိသူမှာ မေ့ဆေးဆရာဝန်ကြီး Dr. Biswas ဖြစ်၏။ မိမိကပင် ဆရာကြီးအား ဆရာဝန်အသင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံရာ သူက လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်ခဲ့ပါသည်။ "ဆရာ ဥက္ကဋ္ဌဖြစ်လျှင် လိုအပ်တဲ့အကူအညီများ အချိန်မရွေးပေးပါမယ်"ဟု ကျွန်ုပ်အနေဖြင့် ကတိပေး၍ အနူးအညွတ် တောင်းပန်သည့်အပြင် လူငယ်ဆရာဝန်အများအပြား၏ဆန္ဒကိုလည်း မလွန်ဆန်နိုင်သောကြောင့် နောက်ဆုံးတွင် လိုက်လျော လက်ခံခဲ့ခြင်း ဖြစ်ပါ၏။ ဆရာဝန်အသင်း အမှုဆောင်အဖွဲ့အပြောင်းအလဲနှင့်စပ်လျဉ်း၍ လူငယ်ဆရာဝန်များကို ကျွန်ုပ်က မြှောက်ထိုးပင့်ကော်လုပ်ပေးသည်ဟု ထိုစဉ်က ဥက္ကဋ္ဌဟောင်းဖြစ်သူသည် မိမိအားအထင်လွဲပြီး ရန်ငြိုးအာဃာတပင် ထားခဲ့ဟန်တူပါသည်။ ကျွန်ုပ်ကမူ ဆရာဝန်အသင်း၌ ရာထူးတစ်စုံတစ်ရာရရန် စိတ်ဝင်စားခြင်း မရှိသော်လည်း



Dr. Biswas ဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း မိမိကတိပြုထားသည့်အတိုင်း အစွမ်းကုန် ကူညီပံ့ပိုးခဲ့ပါ၏။ မိမိတို့အမှုဆောင် အဖွဲ့သစ်လက်ထက်တွင် ရံပုံငွေများတိုးတက်လာရုံမက နယ်မှအသင်းသားဆရာဝန်များ မန္တလေး ရောက်လျှင် တည်းခိုနိုင်ရန် ဧည့်ဂေဟာတစ်ခု တည်ဆောက်နိုင်ခဲ့ပါသည်။

## မော်ကွန်းဝင်တတိယအဆင့်ဆုတံဆိပ် ချီးမြှင့်ခံရခြင်း

ကျွန်ုပ် မန္တလေးဆေးရုံကြီးတွင် အမှုထမ်းနေစဉ် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအတွင်း အမှတ်(၅)တိုင်းမှူးဖြစ်ခဲ့သော ဗိုလ်မှူးတင်ထွန်းသည် ဆိုင်းမဆင့်ဗုံမဆင့် မိမိအိမ်သို့ ရောက်ရှိလာခဲ့ပါသည်။ သူသည် ထိုစဉ်က တနင်္သာရီတိုင်းရှိ ဗမာမျိုးချစ်အင်အားစုအားလုံး၏ စစ်ဘက်ဆိုင်ရာအကြီးအကဲဖြစ်သောကြောင့် တော်လှန်ရေးတွင် မိမိ ပါဝင်ပတ်သက်သမျှ ကောင်းကောင်းသိရှိထားသူဖြစ်၏။ နိုင်ငံတော်အစိုးရက လွတ်လပ်ရေးမော်ကွန်းဝင် ဆုတံဆိပ်များ ချီးမြှင့်မည့်အစီအစဉ် ကြေငြာထားပြီးဖြစ်သည့်အပြင် မိမိထံ ဗိုလ်မှူးတင်ထွန်း ရောက်ရှိသောအချိန်မှာ မော်ကွန်းဝင် ဆုတံဆိပ်ချီးမြှင့်ရေး စီစစ်မည့်အဖွဲ့ မန္တလေးသို့ရောက်ရှိနေသောအချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။ ထို့ကြောင့် ဗိုလ်မှူးတင်ထွန်းက မိမိအား မော်ကွန်းဝင်တံဆိပ်အတွက် လျှောက်လွှာတင်ရန် တကူးတက လာရောက်တိုက်တွန်း ပြောဆိုခြင်းဖြစ်သည်။ တော်လှန်ရေးကာလ၌ လုပ်ကိုင်ခဲ့ကြခြင်းမှာ တိုင်းပြည်နှင့်လူမျိုးအတွက် အခြေအနေနှင့် အချိန်အခါ တောင်းဆိုချက်အရ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်အရ လုပ်ကိုင်ခဲ့ကြခြင်းသာဖြစ်ကြောင်း၊ ထိုလုပ်ရပ်ကြောင့် အခွင့်အရေး တစ်စုံတစ်ရာကိုငှင်း၊ ဆုတံဆိပ်စသည်တို့ကိုငှင်း၊ မျှော်ကိုးခြင်းမရှိသဖြင့် မိမိအနေဖြင့် လျှောက်လွှာမတင်လိုကြောင်း အရိုးခံစိတ်အတိုင်း သူ့အား ပြောပြမိပါသည်။ ဗိုလ်မှူးတင်ထွန်းက ကျွန်ုပ်အား အချိန်အတော်ကြာ ပြုံးတင်ကြိမ်းမောင်းပြီးနောက် "မင်းအတွက်မဟုတ်တောင်မှ သားသမီးတွေအတွက် လျှောက်လွှာတော့ တင်လိုက်ပါကွာ"ဟု အတင်းအကြပ်ပြောကာ မိမိထံမှ မရမကကတိတောင်းသွားခဲ့လေသည်။ ကျွန်ုပ်လည်း ဗမာ့မျိုးချစ်တပ်မတော်တွင်ပါဝင်ခဲ့သော မိမိ၏ကဏ္ဍအတွက် မော်ကွန်းဝင် တတိယအဆင့်ကို လျှောက်ထားခဲ့ရာ ဆုတံဆိပ်ချီးမြှင့်ခြင်း ခံခဲ့ရပါ[illegible]

နှစ်စဉ် မတ်လ(၂၇)ရက်နေ့ရောက်တိုင်း မန္တလေးရှိ မျိုးချစ်[illegible]ဟောင်းများကကြီးမှူး၍ တော်လှန်ရေးရဲဘော်များ စုရုံး တွေ့ဆုံ[illegible] သည်။ ဗိုလ်ကြီးလှဖေ၊ ကိုကျော်စိန်၊ ကိုကျော်သိန်း (အရိုးတောင်း)နှင့် အခြား

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ရဲဘက်များ စုဝေးကာ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့သော တော်လှန်ရေးအထိမ်းအမှတ် ကျင်းပကြခြင်းပင်ဖြစ်သည်။ တစ်ခါကမူ ကျွန်ုပ်တို့ ရဲဘော်ဟောင်းတစ်စုအား မန္တလေးနန်းတွင်း၌ ပြုလုပ်သော တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရပါသည်။

## ရန်ကုန်သို့ပြောင်းရွှေ့နေရန်ဆုံးဖြတ်ခြင်း

မန္တလေးတွင် အမှုထမ်းစဉ်ကာလအတွင်း ဆုံဆည်းခဲ့သော ပါမောက္ခချုပ်များမှာ ဒေါက်တာဦးဘသန်း၊ ဦးမောင်ကလေး၊ ဦးမောင်မောင်ကြီး၊ ဦးခင်မောင်ငြိမ်းနှင့် ဦးဖေသိန်းတို့ဖြစ်ကြပါ၏။ မန္တလေးပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးများမှာ ဒေါက်တာဦးထွန်းမင်း၊ ဦးခင်မောင်ငြိမ်းနှင့် ဦးခင်မောင်ကြီးတို့ဖြစ်ကြသည်။ ကျွန်ုပ်ထမ်းရွက်ရသည့် ကြီးမားခက်ခဲသောအလုပ်တာဝန် ဟူသမျှတွင် အုပ်ချုပ်ရေးကဏ္ဍမှ ပုဂ္ဂိုလ်အားလုံးက အမြဲပင် နောက်မတွန့်တမ်း ပူးပေါင်းကူညီပံ့ပိုးခဲ့ကြ၍သာ ချောမောအောင်မြင်ခြင်း ဖြစ်ပေသည်။ ထိုဆရာကြီး အားလုံး၏ ကျေးဇူးမှာ ကြီးမားပေစွ။

၁၉၆၄-၁၉၈၃ ခုနှစ်ကာလအတွင်း မိမိနှင့်အတူ လက်တွဲကာ ဟန်ချက် ညီညီ လုပ်ကိုင်ခဲ့ကြသော ဘာသာရပ်အသီးသီးမှ ဆရာဝန်ကြီးတို့၏ ဌာန်းဆောင်မှုများကလည်း ချီးမွမ်းဂုဏ်ပြုထိုက်ပါပေသည်။ ဆေးပညာဌာနရှိ ပါမောက္ခဒေါ်မြင့်မြင့်ခင်၊ ပါမောက္ခဦးတင်အောင်ဆွေ၊ ပါမောက္ခ ဦးထွန်းသင်နှင့် ပါမောက္ခ ဒေါ်မြင့်မြင့်အေး၊ ခွဲစိတ်ပညာဌာနမှ ပါမောက္ခဦးအောင်ညွန့်၊ ပါမောက္ခ Peter Randle၊ ပါမောက္ခဦးဘိုနီ၊ ကလေးကျန်းမာရေး ပညာဌာနမှ ဒေါက်တာဒေါ်မမတင်၊ ဒေါက်တာဦးခင်မောင်လတ် စသည့် ဆရာဆရာမ အားလုံးကလည်း မိမိနည်းတူပင် ကုသရေး၊ သင်ကြားရေး ကဏ္ဍနှစ်ရပ်လုံး အဆင့်အတန်း မြင့်မားအောင် ကြိုးဆောင်အားထုတ်ခဲ့ကြသည်။ ထို့ကြောင့် ဘက်ပေါင်းစုံ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သော ထိုခေတ် ထိုအချိန်ကို မန္တလေးဆေးတက္ကသိုလ်နှင့်မန္တလေးဆေးရုံကြီးတို့၏ ရွှေရောင်လွှမ်းသောကာလ အဖြစ် ယနေ့တိုင် အသိအမှတ်ပြုနေရဆဲ ဖြစ်ပါတော့သတည်း။

အမှန်စင်စစ် ကျွန်ုပ်သည် မိမိဘဝသက်တမ်းတွင် ကိုယ်စွမ်းဉာဏ်စွမ်း အမြင့်မားဆုံး နှစ်ကာလများကို မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မန္တလေး ဆေးတက္ကသိုလ်တို့၌နှစ်မြုပ်၍ တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့ပြီးပေပြီ။ မြန်မာနိုင်ငံ



နေရာအနှံ့အပြားမှ မြောက်များစွာသောသားဖွားမီးယပ်ဝေဒနာရှင်တို့အား ဆင်းရဲချမ်းသာမရွေး ကုသမှုပေးခဲ့ပြီ၊ ဘွဲ့ကြို ဘွဲ့လွန် မျိုးဆက်များစွာကိုလည်း ကိုယ်တိုင်ကြီးကြပ်၍ လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့ပြီ၊ မိမိ ပြောင်းရွှေ့သောအခါကျန်ရစ်ခဲ့မည့်ပုဂ္ဂိုလ်တို့၏လုပ်ရည်ကိုင်ရည်နှင့်စပ်လျဉ်း၍စိုးစဉ်းမျှသံသယဝင်ဖွယ်မရှိချေ။ ကျွန်ုပ်နှင့်အတူတကွ စတင်ခဲ့ကြသော လုပ်ငန်းဆောင်တာအဖြာဖြာကို သူတို့ကိုယ်တိုင် အရှိန်အဟုန်မပျက် နိုင်နိုင်နင်းနင်း ဆက်လက်ဦးဆောင်လုပ်ကိုင်နိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ကျွန်ုပ်အနေဖြင့် သူတို့အား ပခုံးပြောင်း အလှည့်ပေးရန် အချိန်ဆိုက်ရောက်လာပြီ မဟုတ်ပါလော၊

မန္တလေး၌နေထိုင်စဉ် မူးယစ်ဆေးကိုလက်တည့်စမ်းမိသော သားကြီးဘိုဘိုတစ်ယောက် ရေတိမ်နစ်ခဲ့ခြင်းကား ကျွန်ုပ်တို့မိသားစုအဖို့ ကြီးမားသော ဆုံးရှုံးမှုဖြစ်ပါတော့၏။ ကိုးလလွယ်ဆယ်လမွေးရသည့် မိခင်ဖြစ်သူ အုံးခမျာ သောကဗျာပါဒဖိစီးမှုကြောင့် အချိန်အတော်ကြာသည်အထိ ဆောက်တည်ရာမရ ဖြစ်နေခဲ့ရှာသည်။ ယောက်ျားရင့်မာကြီးဖြစ်သော မိမိကိုယ်တိုင်လည်း စိတ်မချမ်းမြေ့လှသောကြောင့် ဇနီးမောင်နှံနှစ်ဦးလုံး ဤပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဆက်လက်နေထိုင်လိုစိတ် မရှိကြတော့ချေ။ ထို့ပြင် ရန်ကုန်ရှိကျွန်ုပ်တို့နှစ်ဦးလုံး၏မိခင်များမှာ အတော်ပင် အသက်အရွယ်ထောက်နေကြပြီဖြစ်သောကြောင့် မိမိတို့အနေဖြင့် သူတို့အနီးအနားတွင်ရှိသင့်ကြောင်း အုံးက ထောက်ပြခဲ့ပါသည်။ ဇနီးဖြစ်သူက မကြာခဏနားပူနားဆာလုပ်နေရာ ကျွန်ုပ်လည်း မနေသာတော့ဘဲ ကျန်းမာရေးဒုတိယဝန်ကြီးထံလိပ်မူလျက် ရန်ကုန်သို့ ပြောင်းရွှေ့အမှုထမ်းလိုကြောင်း တရားဝင်လျှောက်လွှာ ပေးပို့လိုက်ပါတော့သည်။ လုပ်သက်တစ်လျှောက် အစွန်းအထင်းတစ်စုံတစ်ရာ မရှိခဲ့ဖူးသည်က တစ်ကြောင်း မန္တလေးတွင် အနှစ် ၂၀ မျှ တာဝန်ကျေပွန်စွာထမ်းရွက်ခဲ့ပြီးဖြစ်သည်က တစ်ကြောင်းတို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်တို့အနေဖြင့် မိမိ၏တင်ပြချက်အား အလေးအနက် စဉ်းစားလိုက်လျောကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပါသည်၊

ရန်ကုန်သို့ပြောင်းရွှေ့ရန် လျှောက်လွှာတင်သောသတင်းကို ကြားသိကြသော မန္တလေးရှိ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသူ မိတ်ဆွေများက စိတ်မကောင်းဖြစ်ကြပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ မိမိ စိတ်ပြောင်းလို စိတ်ပြောင်းငြား အမျိုးမျိုး ဝိုင်းဝန်း ဖျောင်းဖျ ပြောဆိုကြသေးသည်။ ကျွန်ုပ်တို့ ဇနီးမောင်နှံ အမေအိုကြီးများရှိရာသို့ ခြေဦးပြန်လှည့်ကြဖို့ သန္နိဋ္ဌာန်ချထားကြပြီးဖြစ်သည့် အလျောက် မိမိတို့အပေါ် သံယောဇဉ်ကြီးမားသော မိတ်သင်္ဂဟများ၏ လုပ်ပေါ် ကိုင်ဘက်တို့အား ခွင့်လွှတ်ကြရန်သာ မေတ္တာရပ်ခံ တောင်းပန်ခဲ့ပါတော့သတည်း၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

## မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၂)တွင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်း

### မြောက်ဥက္ကလာပဆေးရုံကြီးသို့ရောက်ရှိခြင်း

မြောက်ဥက္ကလာပဆေးရုံကြီးမှ ပါမောက္ခဌာနမှူးအား ဆေးတက္ကသိုလ်(၁)သို့ ပြောင်းရွှေ့စေပြီး မိမိအား ထိုနေရာတွင် အစားထိုးဝင်ရောက်ရန် အမိန့်ထွက်လာခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် ဝန်ထမ်းကောင်းပီသစွာ ပေးအပ်သောတာဝန်ကို လက်ခံဆောင်ရွက်ခဲ့ပါ၏။

မြောက်ဥက္ကလာပဆေးရုံကြီး၏ပကတိမြင်ကွင်းမှာ ဤသို့ ဖြစ်ပါသည်။ ဆေးရုံတည်ဆောက်ဖွဲ့စည်းပုံမှာ တစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ်ဆေးရုံကြီးများ၏ပုံစံအတိုင်း ဖြစ်သည်။ ဆေးရုံပုံစံထုတ်သူများသည် ဆေးရုံ ဆေးခန်းဆောက်လုပ်ဖူးသောအတွေ့အကြုံ ရှိကြဟန်မတူချေ။ ဆေးရုံအဆောက်အဦ၏အလဟဿဖြစ်နေသောနေရာများစွာ တွေ့ရှိရသည်။ အဆောက်အဦတစ်ခုနှင့်တစ်ခုဆက်သွယ်သောစင်္ကြံလမ်းများဆိုလျှင် လိုအပ်သည်ထက်ပို၍ ရှည်လွန်းကျယ်လွန်းလှသောကြောင့် နေရာပုပ်ကုန်သည်။ ထိုစင်္ကြံနေရာများကို အကျိုးရှိရှိ အသုံးပြုသင့်ပါ၏။ အဆောက်အဦတစ်ခု မတည်ဆောက်မီ ပထဝီဝင်အနေအထားအရ မည်သည့်ဘက်မှနေထိုးသည်။ မည်သည့်ဘက်မှ လေတိုက်သည်။ မည်သည့်ဘက်မှ မိုးပက်သည်။ မိုးရေချိန် မည်၍မည်မျှ ရွာသွန်းတတ်သည်။ စိုထိုင်းဆ မည်မျှရှိသည် စသော မိုးလေဝသဆိုင်ရာ အချက်အလက်များကို လေ့လာစုဆောင်းခြင်း မရှိကြချေ။ ဆေးရုံအဆောက်အဦ၏ခုံတုံးက နိမ့်လွန်းလှသဖြင့် ရေစီးမကောင်းဘဲ မိုးသဲသည့်အခါ ဆေးရုံပတ်ပတ်လည် အမြဲရေဝပ်နေတတ်ပါသည်။



### တက္ကသိုလ်နယ်မြေ အဓိပတိလမ်းမပေါ်တွင်နေထိုင်ခဲ့ခြင်း

မိတ်ဆွေဖြစ်သူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီ၏ ကျေးဇူးကြောင့် ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာခါစက ကျွန်ုပ်တို့သည် တက္ကသိုလ်နယ်မြေ အဓိပတိလမ်းမပေါ်ရှိ အိမ်အမှတ် (၃၂) တွင် နေထိုင်ခွင့်ရရှိခဲ့ပါသည်။ ကျွန်ုပ်သည် နေ့စဉ် နံနက်စောစော အိမ်မှထွက်၍ မြောက်ဥက္ကလာပဆေးရုံသို့ လာရသည်။ ညနေ(၄)နာရီ ထိုးသည်အထိ ဆေးရုံတွင် ကျောက်ချလျက် တစ်နေကုန် အလုပ်လုပ်သည်။ မန္တလေး၌အနှစ်(၂၀)မျှ နေထိုင်လုပ်ကိုင်ခဲ့သော မိမိအဖို့ ရန်ကုန် ရောက်သောအခါ နေ့စဉ်နှင့်အမျှ အလုပ်သွား အလုပ်ပြန်ရသည့်ဒုက္ခ၊ ဌာနတွင်လည်း လူသစ်များနှင့် ဆက်ဆံရသည့်အပြင် မိမိဖြစ်စေလိုသောပုံစံရရှိအောင် အစမှအဆုံးတိုင်း ပြန်လည်တူထောင်ရသော အလုပ်တို့ကြောင့် ရန်ကုန်ရောက်စ အသားမကျမီ ထိုကာလအတွင်း စိတ်ရောကိုယ်ပါ ပင်ပန်းလှပါ၏။

### လုပ်ငန်းခွင်အခြေအနေ

မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်လူနာဆောင်၊ ကလေးလူနာဆောင် တစ်ခုစီသာရှိသဖြင့် ဌာနတိုင်း ဌာနတိုင်းက ဆေးရုံတက်လူနာများကို နေ့စဉ် လက်ခံကြရသည်။ တာဝန်ချိန်များကို လက်ရှိအနေအထားနှင့် လိုက်လျောညီထွေစွာ သတ်မှတ်ရေးဆွဲရသည်။ လက်ထောက်ဆရာဝန်များကို တာဝန်ချထားသည့်အခါ ဝါရင့်သူနှင့် ဝါနုသူတို့ တွဲပြီး တာဝန်ချထားစေပါသည်။ သို့မှသာ အကြီးဖြစ်သူက အငယ်ဖြစ်သူအား အတွေ့အကြုံ ဝေမျှ သင်ကြားပေးနိုင်မည် မဟုတ်ပါလော။ အကြီးစားခွဲစိတ်မှုများပြုလုပ်ရန် တစ်ပတ်လျှင်(၂)ရက် ခွဲစိတ်ခန်းအသုံးပြုခွင့်ရရှိပါသည်။

မိမိလက်အောက်၌ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ဆေးပညာဦးစီးဌာနမှဆရာဝန်များ ရောပြွမ်း ခန့်ထားပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းတို့၏အဓိကဝတ္တရားမှာ သင်ကြားရေး ဟူ၍ ကာယကံရှင်ဆရာဝန်များနှင့်တကွအများစုက လက်ခံနားလည် ကျင့်သုံးလျက်ရှိသည်ကို တွေ့ရပါ၏။ ကျွန်ုပ်၏အယူအဆအရမူ သင်ကြားရေးဆေးရုံကြီးတစ်ခုတွင် လုပ်ကိုင်လျက်ရှိသော ဆရာဝန်များအားလုံး ကုသရေးနှင့်သင်ကြားရေး တာဝန်နှစ်ရပ်လုံးကို ဟန်ချက်ညီစွာ လုပ်ဆောင်နိုင်ကြဖို့ လိုအပ်ပါသည်။ ကျန်းမာရေးဦးစီးဌာန၏

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံဆရာဝန်များက ကြုံလျှင်ကြုံသလို သင်ကြားရေးတာဝန် ယူရမည်ဖြစ်သကဲ့သို့ ဆေးပညာဦးစီးဌာနမှ ဆရာဝန်များကလည်း လူနာကြည့်ရှုကုသရေးတွင် ကျွမ်းကျွမ်းကျင်ကျင် ဝင်ရောက်လုပ်ကိုင်နိုင်စွမ်းရှိဖို့ လိုသည်။ သို့မဟုတ်ပါက ကုသရေး သင်ကြားရေး ကဏ္ဍနှစ်ရပ်လုံးတွင် အားကိုး အားထားရမည့် အမာခံကင်းမဲ့ပြီး အင်အားချိနဲ့သွားမည်မှာ ဧကံမလွဲပေ။

## ကုသရေးလုပ်ငန်းတာဝန်များ

ကျွန်ုပ်သည် အစပိုင်း၌ မိမိလက်အောက်ရှိ လက်ထောက်ဆရာဝန်တို့၏ အရည်အချင်းနှင့် လက်စွမ်းလက်စကို မသိသေးရကား ဗိုက်ခွဲမွေးခြင်း၊ သားအိမ်ထုတ်ခြင်း၊ သားအိမ်အလုံးထုတ်ခြင်း၊ ကင်ဆာဝေဒနာများကို အမြစ်ပြတ် သုတ်သင်ဖယ်ရှားခြင်း အစရှိသော ခွဲစိတ်မှုများအား မည်သူ့ကိုမျှ တာဝန်မပေးခဲ့သေးဘဲ မိမိကိုယ်တိုင်သာ အပင်ပန်းခံ ပြုလုပ်ခဲ့ရပါ၏။ ပထမလက်ထောက် ဒေါက်တာဒေါ်ခင်ခင်ဝင်းမှ အစပြု၍ ကျွန်ုပ်ခွဲစိတ်ရာတွင် ကူညီခွင့်ရရှိသူအားလုံးမှာ လုပ်ခွင့်မပျက်သင်တန်းတက်ကြရသည့်အလား များစွာအကျိုးကျေးဇူး ရရှိခဲ့ကြသည်။ မိမိအဖို့မူ အလုပ်လုပ်ရင်း သင်ကြားပြသနေရသဖြင့် အချိန်ပိုကုန်သည့်အပြင် လူလည်း ပိုပင်ပန်းလှပါသည်။ အကြောင်းမသိသေးသူတို့၏လက်သို့ လူနာများအား ဝကွက်၍မအပ်ခြင်းမှာ လူနာများအပေါ်မှုထားသော စိတ်စေတနာ ထားရှိခြင်းကြောင့် ဖြစ်ပါသည်။ ဆရာဖြစ်သူက ဖိဖိစီးစီး အသေးစိတ် လက်ထပ်သင်ပြပေးသကဲ့သို့ တပည့်များကလည်း ဖွဲကောင်းကောင်းဖြင့် ကြိုးစားလေ့ကျင့်ကြရာ ကျွန်ုပ်၏လက်ထောက်များသည် တစ်စစလက်ရည်တက်လာကြသည်ကို တွေ့ရပါ၏။ သူတို့ကိုယ်သူတို့လည်း ယုံကြည်မှုရှိလာကြသည်။ လူနာများကလည်း သူတို့အား တစ်နေ့တစ်ခြား ယုံကြည်စိတ်ချအားကိုး နားလည်လာခဲ့ကြပါသတည်း။

ဆေးပညာဘွဲ့သာမက ဘွဲ့လွန်အောင်မြင်ပြီးစေကာမူ စနစ်တကျလေ့ကျင့်သင်ကြားမှုမရှိလျှင် လူနာများကို ကုသရာတွင် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်စွမ်းရှိဦးမည်မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်သည် မိမိ၏ဌာနတွင် "အရည်အချင်းမပြည့်ဝသော ဆရာဝန်တစ်ဦးကြောင့် လူနာဒုက္ခမရောက်ပါစေနှင့်" ဟု တင်းတင်းကြပ်ကြပ် စည်းမျဉ်း ချမှတ်ထားခဲ့ပါသည်။ လူနာများအဖို့ မည်သည့်ဆရာဝန်ကို အားကိုးယုံကြည်ရမည်ဟု သိနိုင်ဖွယ်မရှိပါ။ ကျွန်ုပ်တို့ကဲ့သို့ လေ့ကျင့်မွေးထုတ်နေသော သင်တန်းနည်းပြဆရာများအနေဖြင့်သာ



ဆေးတက္ကသိုလ်မှ ယုံကြည်စွာအပ်နှင်းထားသော ကျင့်ဝတ်သိက္ခာနှင့် သမားတို့၏ကတိသစ္စာများကို ထာဝစဉ်ထိန်းသိမ်းလျက် လူနာများအကျိုး မထိခိုက်အောင် ကာကွယ်ကြရန်ရှိသည် မဟုတ်ပါလော။

## မြောက်ဥက္ကလာပဆေးရုံကြီး သားဖွားမီးယပ်ပညာဌာနကို ပြန်လည်မွမ်းမံဖွဲ့စည်းခြင်း

နဂိုမူလကပင် မွေးခန်းနှစ်ခန်းရှိရာ တစ်ခန်းကို မွေးခန်းအဖြစ်သုံး၍ ကျန်သောအခန်းအား သားလျှောလူနာများအတွက် အသုံးပြုပါသည်။ သက်တမ်းရှည်ကြာစွာ အသုံးပြုခဲ့ပြီးဖြစ်သဖြင့် သံချေးတက် ဆွေးမြေ့ပေါက်ပြဲနေသော မွေးခုတင်များအား ပြုပြင်ကာ ဆေးပြန်သုတ်ပါသည်။ ပူပြင်းသောနွေရာသီတွင် မွေးလူနာများနှင့်တကွ အခန်းထဲတွင် အလုပ်လုပ်နေကြသော ဆရာဝန် ဆရာမများအားလုံး အပူဒဏ် သက်သာစေရန် မွေးခန်းထဲ၌ လေအေးစက်များတပ်ဆင်ပေးခဲ့သည်။ မွေးခန်းကိုလည်း ခွဲစိတ်ခန်းကဲ့သို့ပင် သန့်သန့်ရှင်းရှင်းနှင့် ပိုးမွှားသန့်စင်အောင် ဂရုစိုက်ကြဖို့၊ မွေးခန်းထဲဝင်သည့်အခါ ပိုးသန့်စင်ပြီးဝတ်စုံများ ဝတ်ဆင်ကြဖို့ တိကျစွာ ညွှန်ကြားချက်ထုတ်ခဲ့ပါသည်။

## Observation Room(စောင့်ကြည့်ခန်း)နှင့် Isolation Room (သီးသန့်ခန်း)

အချို့သော ကိုယ်ဝန်အဆိပ်တက်သည့်လူနာများ၊ မမွေးမီသွေးသွန်သောလူနာများနှင့် သားလျှောလူနာများသည် လူနာဆောင်သို့ ဖြစ်စေ၊ မွေးခန်းသို့ဖြစ်စေ တန်းပို့၍ မဖြစ်နိုင်ပေ။ သူတို့အား လိုအပ်သော ဆေးဝါးများပေးပြီး အနီးကပ်စောင့်ကြည့်ဖို့ လိုအပ်ပါသည်။ ရှေးယခင်က ဤကဲ့သို့ အနီးကပ်စောင့်ကြည့်ရမည့် လူနာများထားရန်အခန်း (Observation Room) ဟူ၍ သပ်သပ်မရှိခဲ့ပါ။ ကျွန်ုပ် ရေးဆွဲသောပုံစံအတိုင်း မွေးခန်း၏ ရှေ့တည့်တည့်တွင် ကုတင်တစ်လုံးစာ အခန်းတစ်ခန်းဖွဲ့ပြီး အကဲခတ် စောင့်ကြည့်ခန်းဖြစ်အောင် ဖန်တီးလိုက်ပါသည်။ မွေးခန်းမှ ဆရာများကိုပင် ထိုအခန်းအား တွဲဖက်ကြည့်ရှုပေးဖို့ တာဝန်ပေးရပါ၏။

သားဖွားလူနာဆောင်ရှိ လူနာများအနက် လေးပုံတစ်ပုံခန့်မှာ မီးဖွားပြီး သို့မဟုတ် သားလျှောပြီးနောက် ပိုးမွှားဝင်ကာ အဆိပ်တက်သောလူနာများဖြစ်ကြသည်။ ထိုကဲ့သို့ ပိုးမွှားဝင်ရောက်၍ အဆိပ်ဝင်သော လူနာများ (Septic

www.burmeseclassic.com

www.burmeseclassic.com



Cases) ထားရန်အတွက် ခုတင်(၈) လုံးစာ အခန်းတစ်ခန်း ကြဲဖန်ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။ ဤနည်းအားဖြင့် လူနာဆောင်အတွင်း ရောဂါပိုးမွှားပြန့်နှံ့ခြင်းကို တားဆီးကာကွယ်ရန် စီမံဆောင်ရွက်ပေးခဲ့သည်။

## သားဖွားဆောင်အတွင်း ပြုပြင်ရေးနှင့်သန့်ရှင်းရေး

လူနာများအသုံးပြုသည့် ပျက်စီးယိုယွင်းနေသော အိမ်သာ၊ ရေချိုးခန်းများကို မိလ္လာနှင့်ရေသန့်ဌာန အကူအညီဖြင့် အသုံးပြု၍ရအောင် ပြုပြင်ပေးခဲ့ပါသည်။ တံခါးအသစ်လဲလှယ်ခြင်း၊ ပိုက်များလဲလှယ်တပ်ဆင်ခြင်း စသည်တို့ ပြုလုပ်ရပါ၏။ လူနာဆောင်အတွင်း အပူရှိန်သက်သာစေရန် ပန်ကာများ တပ်ဆင်ပေးခဲ့သည်။ ပန်ကာရွက်များအပေါ်တွင် အလှူရှင်အမည်များ ကမ္ဗည်းရေးထိုးပေးရာ အလှူရှင်တို့ ပီတိဖြစ်သကဲ့သို့ နောက်ထပ်အလှူရှင်များ ပေါ်ပေါက်လာအောင် ဆွဲဆောင်နိုင်ခဲ့ပါသည်။

လူနာများကိုလည်း လူနာဆောင်အတွင်းနှင့် လူနာဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေး အထူးဂရုပြုဖို့ ပညာပေးညွှန်ကြားရသည်။ လူနာဆောင်အတွင်းအပြင် သန့်ရှင်းရေးနှင့် စပ်လျဉ်း၍ သူနာပြုဆရာမကြီးများအား တာဝန်ယူစေသည်။ သားဖွားမီးယပ်ဆောင်တွင် ဆေးရုံတက်သော ကျွန်ုပ်တို့၏ လူနာအများစုမှာ မိသားစုတွင် အရေးပါသော မိခင်များဖြစ်သဖြင့် ဆေးရုံသို့ရောက်ရှိလာစဉ် သူတို့အား တစ်ကိုယ်ရည်သန့်ရှင်းရေး ပတ်ဝန်းကျင်သန့်ရှင်းရေး စသည်တို့ ပညာပေးလိုက်ခြင်းမှာ အလွန်အကျိုးရှိပါ၏။ ဆေးရုံဆင်းပြီး အိမ်ပြန်ရောက်သောအခါ သူတို့ တတ်သိနားလည်လာခဲ့သည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို မိသားစုဝင်များအားငှင်း၊ နီးစပ်ရာ အိမ်နီးချင်းပါးချင်းများကိုငှင်း ဝေမျှဖြန့်ဖြူးပေးနိုင်ပါသည်။

## မီးယပ်ရောဂါလူနာဆောင်

မီးယပ်ရောဂါလူနာများကို ထားသောအခန်းမှာ သားဖွားလူနာဆောင်နှင့်ကပ်လျက်ဖြစ်၏။ သားဖွားလူနာဆောင်နှင့်မတူဘဲ ကွဲပြားသောအချက်မှာ မီးယပ်လူနာဆောင်သို့ ဆေးရုံတင်သည့်အခါ ထိန်းချုပ်စီစဉ်ပြီးမှ ဆေးရုံတက်ရခြင်းဖြစ်၏။ မီးယပ်ဝေဒနာရှင်များကို ပြင်ပလူနာဌာန၌ တစ်ပတ်နှစ်ရက် သတ်မှတ်ပြီး ကြည့်ရှုပေးသည်။ ညအချိန်မတော်အရေးပေါ် ဆေးရုံတက်ရသော မီးယပ်ရောဂါလူနာများကို သားဖွားဆောင်၌ ယာယီလက်ခံပြီး အမှန်တကယ်



ဆေးရုံတက်ရမည်ဆိုပါက နောက်နေ့ကျမှ မီးယပ်ရောဂါလူနာဆောင်သို့ ပြောင်းရွှေ့ပေးပါသည်။

ထိုအဆောင်တွင် ခုတင်(၃၀)ရှိရာ ခွဲစိတ်ဖို့ ဆေးရုံတက်ရမည့် လူနာများအတွက် ခုတင်(၁၂)လုံး ခွဲတမ်း သတ်မှတ်ပေးထားသည်။ အကြီးစား ခွဲစိတ်မှုများပြုလုပ်သည့်လူနာများကို ခွဲစိတ်ပြီးစ အချိန်တွင် အနီးကပ် ကြည့်ရှု ကုသနိုင်ရန် ခုတင်တစ်လုံးစာ အထူးကြပ်မတ်ကုသခန်း (ICU) တစ်ခု စီမံ ပေးထားခဲ့ပါသည်။ ကျန်ခုတင်(၁၈)လုံးမှာ လူနာသစ်များနှင့် ခွဲစိတ်ပြီး အခြေအနေကောင်းသော လူနာများအတွက် ဖြစ်ပါသည်။

မီးယပ်လူနာဆောင်၏အဆုံး၌ လူသိပ်မများသော ဆေးကျောင်းသားအုပ်စုကို စာသင်ရန်နှင့် လက်တွေ့ပြသရန် ကျူတိုရီယယ်လ်စစ်ရန် အသုံးပြုဖို့ အခန်းငယ်လေးတစ်ခု ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်သည် မန္တလေးဆေးရုံကြီး၌ ကျင့်သုံးခဲ့သောမူအတိုင်း မိမိ၏လက်ထောက်များနှင့် ဘွဲ့ကြိုဘွဲ့လွန် ကျောင်းသားများကို လူနာဆောင်တွင်း လှည့်လည်ကြည့်ရှုရင်း ဆွေးနွေးသင်ကြားမှုများပြုလုပ်ပေးပါသည်။

## ပါမောက္ခ၏ရုံးခန်း

ကျွန်ုပ်၏ရုံးခန်းမှာကား သူနာပြုဆရာမများ၊ အလုပ်လုပ်ကြသည့်နေရာ၏ဘေးတွင် ဖြစ်သလို ဖွဲ့စည်းထားသော အခန်းငယ်လေးတစ်ခုသာ ဖြစ်ပါ၏။ မိမိအနေဖြင့် ထိုအခန်းထဲမှနေ၍ လူနာဆောင်ရှိ လူနာအားလုံးကို အလွယ်တကူ အတိုင်းသား တွေ့မြင်နိုင်သည်။ ကျွန်ုပ်အနေဖြင့် နံနက်စောစောနှင့် နေ့လည်ခင်းအချိန်များတွင် အခြေအနေမကောင်းသော လူနာများနှင့် ခွဲစိတ်ပြီးစ လူနာများကို ကြည့်ရှုလိုလျှင် ဟန်တစ်လုံးပန်တစ်လုံးနှင့် နောက်လိုက်နောက်ပါအခြွေအရံများ ခေါ်မနေတော့ဘဲ မိမိဘာသာ လှည့်လည် ကြည့်ရှုတတ်ပါ၏။ ကျွန်ုပ်သည် လူနာများ အဆင်ပြေမပြေ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိလိုသူ ဖြစ်ပါ၏။

## ကျွန်ုပ်၏နိစ္စဓူဝအလုပ်များ

ကျွန်ုပ်သည် နံနက်(၉)နာရီမှ (၁၁)နာရီအတွင်း လူနာဆောင်ရှိ လူနာများကို တစ်ယောက်ပြီးတစ်ယောက် လှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။ ထိုကဲ့သို့ လှည့်လည်ကြည့်ရှုရင်း မိမိ၏လက်ထောက်များနှင့်တကွ ဘွဲ့ကြို ဘွဲ့လွန်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတို့ကို စာသင်ပေးပါသည်။ ဘွဲ့ကြိုကျောင်းသားများဆိုလျှင် ဆေးရုံတက်လာသော လူနာပေါင်းစုံတို့၏ ရောဂါများကိုငှင်း၊ ရောဂါလက္ခဏာ များကိုငှင်း ၊ မျက်စိ နား ယဉ်ပါးကာ အကျွမ်းတဝင်ဖြစ်စေဖို့ အဓိကထား ပြောဆိုသင်ပြပေးပါသည်။ မီးယပ်ဝေဒနာများနှင့် ပတ်သက်လျှင် ဘွဲ့ကြို ကျောင်းသားများအနေဖြင့် အကျယ်တဝင့် သင်ပေးဖို့ မလိုအပ်ပေ။ သူတို့အား Vaginal Examination စနစ်တကျ ပြုလုပ်တတ်စေဖို့ ကျကျနန သင်ပြပေးရပါသည်။ ဆရာဝန်ဖြစ်သောအခါ အဓိကရင်ဆိုင်ဖြေရှင်းရမည့် သားဖွားပြဿနာများကိုမူ လူတိုင်းနောကျေအောင် တတ်ကျွမ်းနားလည်ကြဖို့ အရေးကြီးလှပါသည်။

ဘွဲ့လွန်ကျောင်းသားများကို စာသင်သောအခါ ဘွဲ့ကြိုကျောင်းသားများကိုလည်း အတူတက်ရောက်စေပါသည်။ ကျွန်ုပ်သည် မန္တလေးမှာကဲ့သို့ပင် ပါမောက္ခ Jeffcoat ၏ ဆိုကရက်တစ်ဟန် စာသင်နည်းအတိုင်း အမေးအဖြေပုံစံဖြင့် စာသင်လေ့ရှိပါသည်။ နောက်ဆုံးနှစ်အပိုင်း(ခ) ကျောင်းသူကျောင်းသားများ သိသင့်သိထိုက်သည့် အကြောင်းအရာများဖြစ်ပါက သူတို့အား ရှေးဦးစွာ တင်ဦးချင်းမေးပါသည်။ နောက်ဆုံးနှစ်ကျောင်းသားများထံမှ အဖြေမှန်မရခဲ့သော် ဘွဲ့လွန်သင်တန်းသားတို့ကို ဆက်မေးပါသည်။ ဘွဲ့လွန်ကျောင်းသားတစ်ယောက်အနေဖြင့် ချေးခါးအူမ မကျန် သိသင့်သည် မဟုတ်ပါလော။ ဤကဲ့သို့ ဘွဲ့လွန်ကျောင်းသားများနှင့် မေးမြန်းဖြေကြားသည်တို့ကို အနီးကပ် လေ့လာမှတ်သားရသောကြောင့် ကျောင်းသားငယ်များအဖို့ မျက်စိ နား ပွင့်ပြီး ဗဟုသုတ တိုးပွားခဲ့ကြပါသည်။

## ခွဲစိတ်မှုများ

ကျွန်ုပ်မရောက်မီအချိန်က မြောက်ဥက္ကလာပဆေးရုံကြီးတွင် Radical Wertheim's Hysterectomy အပါအဝင် အခြားသော အမြစ်ပြတ်သုတ်သင်ဖယ်ရှားရေး အကြီးစားခွဲစိတ်မှုများကို ပြုလုပ်ခဲ့ကြဖူးခြင်းမရှိသေးကြောင်း သိရှိရပါ၏။ ကျွန်ုပ်သည် အလုပ်ဝင်ရောက်ပြီးမကြာမီကာလအတွင်းမှာပင် အဆိုပါ အကြီးစားခွဲစိတ်မှုများကို စတင်ဆောင်ရွက်ခဲ့ရာ အငြိမ်းစားယူသည်အထိ ပုံမှန်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ဆိုးယိုသော ဝေဒနာရှင်အမျိုးမျိုးတို့ကို ခွဲစိတ်မြှင့်ကုသပေးခဲ့ပါသည်။ တစ်စစဖြင့် ကျွန်ုပ်တို့ဌာန၏ ခွဲစိတ်မှု ရလဒ်များကို ကြားသိလာကြသောအခါ ဗဟိုအမျိုးသမီးဆေးရုံကြီးအပါအဝင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၊ ရန်ကုန်ဆေးရုံကြီး စသည်တို့မှ Ca.Cervix, Ca.Vulva ,



Urinary Fistula အစရှိသည့် ခဲရာခဲဆစ်ခွဲစိတ်ရမည့် လူနာများအား ကျွန်ုပ်တို့ထံသို့ လွှဲပြောင်းပေးခဲ့ကြပါသည်။

အကြီးစားကင်ဆာရောဂါ ခွဲစိတ်ကုသမှုများကို ပြုလုပ်နေသောအချိန်တွင် သမားရိုးကျ လုပ်ငန်းအဝဝကို ပစ်ထား၍မရချေ။ မြောက်ဥက္ကလာသည် ကလေးဖျက်ချမှု အလွန်များသည်ဟု နာမည်ဆိုးနှင့် ကျော်ကြားသည့်အတိုင်း ကလေးပျက်ပြီးနောက် ပိုးမွှားဝင် အဆိပ်တက်သည့် လူနာအမြောက်အမြား ကျွန်ုပ်တို့ ဌာနသို့ ရောက်လာလေ့ရှိသည်။ အချို့လူနာများကို အရေးပေါ် ခွဲစိတ်ကုသ၍ အသက်ကယ်တင်နိုင်ခဲ့သော်လည်း သားအိမ်နံရံတစ်လျှောက် ပြည်များခိုအောင်းနေသဖြင့် သားအိမ်ထုတ်ရသူ လူနာအချို့လည်း ကြုံခဲ့ရပါ၏။ ဆေးရုံအရောက်နောက်ကျသောကြောင့် ကျွန်ုပ်တို့ အစွမ်းကုန် ကုသပေးသော်လည်း အသက်ဆုံးရှုံးရသူများလည်း ရှိခဲ့ပေ၏။

မေ့ဆေးဆရာဝန်ကြီး ဦးစိန်လှိုင်နှင့် ခွဲစိတ်ခန်းတာဝန်ခံ ဆရာမကြီးတို့၏ အကူအညီဖြင့် ခွဲစိတ်ခန်းကို ပြုပြင်မွမ်းမံပြီး ပုံမှန်ခွဲစိတ်မှုများ အရေးပေါ်ခွဲစိတ်မှုများ ဆောင်ရွက်သည့်အခါ အထစ်အငေါ့မရှိဘဲ ချောချောမွေ့မွေ့ဖြစ်စေဖို့ ကြိုတင်စီမံမှုများ ပြုလုပ်ထားရှိစေကာမူ နောက်နေ့ ခွဲစိတ်မှု လူနာစာရင်းကို တစ်ရက် ကြိုတင်ကာ ခွဲစိတ်ခန်းသို့ ပို့ပေးစေသည်။ ကျွန်ုပ်၏တပည့်များကိုလည်း သူတို့အရည်အချင်းနှင့် အတွေ့အကြုံပေါ်မူတည်၍ ကိုယ်တိုင်ခွဲစိတ်ရန်နှင့် လက်ထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ရန် အလှည့်ကျ ခွင့်ပြုခဲ့ပါသည်။

## မီးယပ်ဆိုင်ရာ ကင်ဆာဌာနတည်ထောင်ရန် အကြံပြုချက်

ကျွန်ုပ်သည် မန္တလေးဆေးရုံကြီးတွင်စတင်ခဲ့သော ကျူးမားကလင်းနစ်ကို မြောက်ဥက္ကလာဆေးရုံ၌လည်း အကောင်အထည်ဖော်ဖို့ လှုံ့ဆော်ပေးလိုက်ရာ ရန်ကုန်ဆေးရုံကြီး ဓါတ်ရောင်ခြည်ကုသဌာန၌ မိတ်ဟောင်းဆွေဟောင်းဖြစ်သူဒေါက်တာဦးမျိုးတင့် ရောက်ရှိနေသောကြောင့် အခက်အခဲမရှိဘဲ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြပါသည်။ မီးယပ်ရောဂါနှင့်ပတ်သက်သည့် အမျိုးသမီးကင်ဆာဝေဒနာရှင်တို့ကို သားဖွားမီးယပ်ဆရာဝန်နှင့် ဓါတ်ရောင်ခြည်ပါရဂူတို့ ဝိုင်းဝန်းကြည့်ရှု တိုင်ပင်ညှိနှိုင်းကြပြီး အကောင်းဆုံး ကုသမှုပေးနိုင်အောင် အားထုတ်ကြရာ ကျူးမားကလင်းနစ်ကြောင့် လူနာများအတွက် အကျိုးရှိခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



မကာ လက်ထောက်ဆရာဝန်နှင့် ဘွဲ့လွန်ကျောင်းသားတို့အတွက်လည်း အမှန်ပင် အသုံးဝင်သော ဘိုးပွားစေခဲ့ပါသည်။

မီးယပ်နှင့်ပတ်သက်သည့် အချို့ကင်ဆာရောဂါများမှာ ဖြစ်နိုင်ခြေမြင့်မားသော အမျိုးသမီးများကို Cytology ယူပြီး မှန်မှန်စစ်ဆေးပေးနိုင်လျှင် ပျံ့နှံ့မှုမရှိမီ စောစီးစွာ ရောဂါသိရှိနိုင်သောကြောင့် ထိထိရောက်ရောက် ကုသမှုပေးနိုင်မည်ဖြစ်ပါသည်၊ ကျွန်ုပ်တို့နိုင်ငံ၌ အမျိုးသမီးများအား ဤကဲ့သို့ကြိုတင်ကာကွယ်စစ်ဆေးကုသမှုများ ပြုလုပ်နိုင်ရန် ပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာပြုလုပ်နိုင်ခြင်းမရှိသေးချေ။ ပညာပေးရမည့် ကင်ဆာဖြစ်ပွားနှုန်းများသည့် လူနာများမှာ ဝေးလံခေါင်ဖျားဒေသ မြို့နယ်ကျေးရွာတို့တွင် နေထိုင်သော ဆင်းရဲနွမ်းပါးသူတို့ ဖြစ်ကြပေသည်၊ စီမံချက်တစ်ရပ်အဖြစ် အကောင်အထည်ဖော်မည်ဆိုပါက သံသယရှိသောလူနာများမှ စံနစ်တကျ Smear ယူတတ်အောင် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေ့ကျင့်သင်တန်းပေးဖို့ လိုသည်။ ထို့ပြင် ရောဂါဗေဒဆရာဝန်များဘက်ကလည်း Cytology ကို အထူးတလည် လေ့လာလိုက်စားမှုရှိရန်နှင့် ထပ်ဆင့်သင်တန်းများ တက်ရောက်ကြရန် လိုအပ်ပေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ အာဏာပိုင်အဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများသာမက ဌာနပေါင်းစုံ လူထုအဖွဲ့အစည်းပေါင်းစုံ ပူးပေါင်း ကူညီဆောင်ရွက်ကြဖို့ လိုသည်။ ငွေကြေးအကုန်အကျ စရိတ်စကလည်း အလွန်ကြီးမားမည့် စီမံကိန်း ဖြစ်ပါ၏။

သို့ဖြစ်ရကား ကျွန်ုပ်တို့မြန်မာနိုင်ငံ၏မီးယပ်ပိုင်းဆိုင်ရာ ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အချိန်အတော်ကြာသည့်တိုင် ကျဆင်းနိုင်ဦးမည်မဟုတ်ပေ။ မီးယပ်ပညာကို လေ့လာလိုက်စားသူများအား ကင်ဆာရောဂါ ခွဲစိတ်ကုသမှုနှင့်စပ်လျဉ်း၍ အရေးကြုံလျှင် သက်လုံကောင်းစေဖို့ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ပါသည်။ ခွဲစိတ်ကုသမှုဆိုရာတွင် ကင်ဆာမဟုတ်သော အလုံးအကြိတ်များကို ခွဲစိတ်ခြင်းမျိုးသာမက ကြီးမားပြင်းထန်သော ကင်ဆာအလုံးအကြိတ်ကြီးများကို ကျူပင်ခုတ် ကျူငုတ်မကျန် အပြီးတိုင် သုတ်သင်ဖယ်ရှားသည့် အကြီးစားခွဲစိတ်မှုများလည်း တတ်ကျွမ်းကြရန်လိုပါသည်။

Radical Wertheim's Hysterectomy နှင့် Radical Vulvectomy စသည့် ခွဲစိတ်မှုများမှာ အလွန်ခက်ခဲနက်နဲသည့်အပြင် ညောသားပါသော အနုစိတ်လက်ရာများပါဝင်သောကြောင့် အထူးလေ့လာ



လိုက်စားသူများသာလျှင် ဆောင်ရွက်နိုင်စွမ်းရှိပေသည်။ ထို့ကြောင့် မီးယပ်ဆိုင်ရာကင်ဆာဝေဒနာများကို ထိထိရောက်ရောက် ကာကွယ်ကုသနိုင်စေရန်နှင့် သားဖွားမီးယပ်ဆရာဝန်များကို လေ့ကျင့်ပျိုးထောင်ပေးနိုင်စေရန် ရည်ရွယ်လျက် မီးယပ်ဆိုင်ရာကင်ဆာရောဂါ အထူးကုဌာန ထူထောင် ဖွင့်လှစ်သင့်ကြောင်း ကျွန်ုပ်အနေဖြင့် အကြံပြုတင်ပြရခြင်းဖြစ်ပါသတည်း။

## သားဖွားမီးယပ်ဆရာဝန်များ ညီလာခံ

ကျွန်ုပ် ရန်ကုန်သို့ရောက်ရှိပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့က မိမိအား ၁၉၈၃ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရန် အဆိုပြုမေတ္တာရပ်ခံခဲ့ကြပါသည်။ မိမိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်ကာလအတွင်း မြန်မာနိုင်ငံနေရာအနှံ့အပြားမှ သားဖွားမီးယပ်ဆရာဝန်အားလုံးနီးပါး တက်ကြွစွာပါဝင်သော သားဖွားမီးယပ် ဆရာဝန်များညီလာခံကို ကျင်းပနိုင်ခဲ့ပါသည်၊ ညီလာခံ၌ ကျွန်ုပ်တို့နိုင်ငံတွင် မိခင်အသေအပျောက်နှုန်းမြင့်မားရသည့် အဓိကအကြောင်းရင်းဖြစ်သော သားလျှောပြဿနာအကြောင်းကို ရှုဒေါင့်အဖုံဖုံမှ စာတမ်းပြုစု တင်ပြလျက် အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါသည်။ တရားမဝင် ကလေးဖျက်ချမှုများ အထူး များပြားနေသော်လည်း ထိုသို့ ကလေးပျက်၍မိခင်သေဆုံးမှု အရေအတွက်ကိုမူ ပြည့်စုံတိကျစွာမသိရှိနိုင်ပေ၊ သေဆုံးမှုများတွင် တရားခံအစစ်အမှန်များမှာ ရာဇဝတ်ဘေးမှ ကင်းလွတ်နေကြသည်ကိုလည်း စက်ဆုပ် ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေရပါသည်၊ ကျွန်ုပ်တို့ သားဖွားမီးယပ် ဆရာဝန်များအနေဖြင့် အဆိုပါ ရာဇဝတ်ကောင်တို့၏အန္တရာယ်ကို မီးမောင်းထိုးပြခဲ့ကြသော်လည်း တရားဥပဒေ အရ အရေးယူဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမြဲ ကြန့်ကြာနေသဖြင့် မိမိတို့ကြိုးပမ်းသမျှ သဲထဲရေသွန်သကဲ့သို့ အချည်းနှီးသာ ဖြစ်ခဲ့ရပါသည်။

တိုင်းနှင့်ပြည်နယ်အသီးသီးမှ သားဖွားမီးယပ်ဆရာဝန်တို့၏ စာတမ်းများကိုစုစည်း၍ စာအုပ်ငယ်လေးတစ်အုပ် ထုတ်ဝေ ဖြန့်ချိနိုင်ခဲ့ပါသည်။ ထိုစာတမ်းများတွင်လည်း သားလျှောဖြစ်ပွားနှုန်းမြင့်မားခြင်းကို တညီတညွတ်တွေ့ရှိရပြီး မြို့နယ်ဆေးရုံများ၌ကျင့်သုံးနိုင်သည့် ကုသမှုနည်းလမ်းများကို ပြည့်စုံစွာ လမ်းညွှန်မှုပေးခဲ့ကြပါသည်။ သားဖွားမီးယပ်ဆရာဝန်အဖွဲ့အနေဖြင့် မိမိတို့နိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော မိခင်အသေအပျောက်နှုန်းမြင့်မား

www.burmeseclassic.com

www.burmeseclassic.com



မှုပြဿနာအား အုပ်ချုပ်ရေးနှင့် အာဏာပိုင်အဖွဲ့အစည်းတို့ သတိပြုမိစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသော်လည်း အရာမထင်ခဲ့ချေ။

**မင်္ဂလာဒုံစစ်ဆေးရုံကြီးအား MRCOG သင်တန်းပေးရန် ဌာနတစ်ခုအဖြစ် အသိအမှတ်ပြုရေး**

ကျွန်ုပ် မြောက်ဥက္ကလာပဆေးရုံကြီးတွင်ရှိစဉ် ၁၉၈၅ ခုနှစ်အတွင်းက Dr. Pfiffer အမည်ရှိ အရေးပါသည့် ဧည့်သည်တော်ကြီးတစ်ဦး ရောက်ရှိလာခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကား ဗြိတိသျှသားဖွားမီးယပ်ပညာဂျာနယ်၏ ထင်ပေါ်ကျော်ကြားသော အယ်ဒီတာတစ်ဦးဖြစ်၏။ ကျွန်ုပ်က ဧည့်သည်တော်ကြီးအား ခွဲစိတ်ထားသော လူနာများအပါအဝင် လူနာဆောင်အတွင်းရှိ ဝေဒနာရှင်များကို လှည့်လည်ပြသကာ မိမိတို့ဆောင်ရွက်လျက်ရှိသော ခွဲစိတ်မှုများအကြောင်းကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံခြားဧည့်သည်တော်နောက်တစ်ဦးမှာကား Prof.Fairweather ဖြစ်သည်။ မြန်မာနိုင်ငံသို့ သူ လာရောက်ခြင်းမှာ ရန်ကုန်တွင် MRCOG Part I စာမေးပွဲ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ရေးနှင့် မင်္ဂလာဒုံ စစ်ဆေးရုံကြီးအား MRCOG သင်တန်းသားများ လေ့ကျင့်ပျိုးထောင်ပေးရာ ဌာနအဖြစ် လန်ဒန်ရှိ တော်ဝင်ကောလိပ်က အသိအမှတ်ပြုနိုင်ဖို့ စစ်ဆေးကြည့်ရှုရန် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နေသောပါမောက္ခကြီးတစ်ဦးက အဆိုပါကိစ္စများ အောင်မြင်ရေးအတွက် လုံးပန်းလျက်ရှိသည်။

အကြံပေးပုဂ္ဂိုလ် ပါမောက္ခကြီး၏ အကြံပြုချက်အရ မင်္ဂလာဒုံ စစ်ဆေးရုံကြီး၌ Ultrasound စက်နှင့် Colposcope တို့ ဝယ်ယူတပ်ဆင်ထားရှိသည်။ စလယ်ဆုံး အစီအစဉ်အားလုံးမှာ ထိုပါမောက္ခကြီး၏ စိတ်ကူးစိတ်သန်းနှင့် လက်ရာများသာ ဖြစ်သည်။ မိမိအနေဖြင့် ဆေးတက္ကသိုလ်(၂)၏ ပါမောက္ခဌာနမှူးဖြစ်သော်လည်း ထိုကိစ္စရပ်များတွင် ဝင်ရောက် စွက်ဖက်မှုမရှိဘဲ ပါမောက္ခ ဒေါ်ခင်ညွန့်နှင့် ကထိက ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်တို့၏ လက်တွင်သာ ဝကွက်အပ်နှံထားခြင်းဖြစ်ပါသည်။

ဧည့်သည်ပါမောက္ခကြီးသည် ဌာနဆိုင်ရာစာရင်းဇယားများနှင့် စပ်လျဉ်း၍ စေ့စေ့စပ်စပ် စူးစမ်း မေးမြန်းကြည့်ရှုတတ်သူ ဖြစ်၏။ မိမိအကြံပေးဖူးသောကြောင့် မင်္ဂလာဒုံစစ်ဆေးရုံကြီး၏ သားဖွားမီးယပ်ဌာနတွင် အသေးစား



အကြီးစားခွဲစိတ်မှု အားလုံးကို မှတ်တမ်းတင်ပြုစုထားသည့် နှစ်ချုပ် စာအုပ်ရှိသဖြင့် ဧည့်သည်ပါမောက္ခအား ပြသကြပါသည်။ ဧည့်သည် ပါမောက္ခကြီးသည် ထိုစာအုပ်ကို ကြည့်ရှုစစ်ဆေးပြီး ကျေနပ်မှုမရှိသောအခါ ပါမောက္ခ ဒေါ်ခင်ညွန့်နှင့် ဒုဗိုလ်မှူးကြီး မြင့်မောင်မောင်တို့ ကျွန်ုပ်ထံ ရောက်လာကြပြီး အကူအညီ တောင်းကြပါတော့သည်။

ကျွန်ုပ်လည်း မိမိတပည့်များဘက်မှ ရပ်တည်ပြောဆိုပေးရန် ဧည့်သည် ပါမောက္ခကြီးထံသို့ သွားရောက် တွေ့ဆုံရပါသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေဟန်တူသော ဧည့်ပါမောက္ခကြီးအား မိမိက 'ပါမောက္ခကြီး ဘာတွေဖြစ်နေလို့လဲ'ဟု မေးမြန်းရာ 'ကြည့်စမ်းပါဦးဗျာ မင်္ဂလာဒုံဆေးရုံကြီးရဲ့ နှစ်ချုပ်ခွဲစိတ်စာရင်းမှာ LSCS နဲ့ Sterilization နှစ်မျိုးပဲတွေ့ရတယ်။ ဒီခွဲစိတ်မှုနှစ်မျိုးလောက်ပဲ လုပ်တဲ့ဌာနတစ်ခုမှာ MRCOG သင်တန်းပေးဖို့ ကျုပ် အနေနဲ့ ဘယ်လိုလုပ် ထောက်ခံလို့ဖြစ်ပါ့မလဲ' နှစ်ချုပ်စာရင်းကို ယူကြည့်ရာ သူပြောသည့်အတိုင်းဖြစ်နေသည်ကို တွေ့ရသဖြင့် မိမိဝင်ရောက်ကူညီမှ ဖြစ်တော့မည့် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိပေသည်။ ကျွန်ုပ် ဝင်မပြောလျှင် မင်္ဂလာဒုံစစ်ဆေးရုံ ကြီး၏ဂုဏ်သိက္ခာကျဆင်းမည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ခဲလေသမျှ သဲရေကျ ဖြစ်ရပေတော့အံ့။ တော်ဝင် ကောလိပ်မှ ကိုယ်စားလှယ်တစ်ဦး နောက်တစ်ခေါက်ထပ်လာဖို့ ဆိုသည်မှာလည်း လွန်စွာခက်ခဲမည့်ကိစ္စဖြစ်သည်။ အရေးကြီးလျှင် သွေးနီးရမည် ဟူသော စကားအတိုင်း မိမိအနေဖြင့် ဝင်ရောက်ကူညီပြောဆိုပေးရန်သာ ရှိပေတော့သည်။ ကျွန်ုပ်သည် အဆင်သင့် ယူဆောင်လာခဲ့သော မြောက်ဥက္ကလာဆေးရုံကြီး သားဖွားမီးယပ်ပညာဌာန၏ (၂)နှစ်စာ ခွဲစိတ်မှု စာရင်းများကို Prof. Fairweather အား ထုတ်ပြပြီး 'မင်္ဂလာဒုံဆေးရုံကြီးက ဘွဲ့လွန် သင်တန်းသားတွေဟာ ကျွန်တော့်ထံလည်း လာကြရမှာဖြစ်တဲ့အတွက် ခွဲစိတ်မှုအတွေ့အကြုံရဖို့ စိတ်ပူစရာမရှိပါဘူး'ဟု ပြောပြလိုက်ပါသည်။ နှစ်ချုပ်စာရင်းထဲတွင် ပါသော Radical Vulvectomy, Wertheim's Hysterectomy, Operation for MOT, Repair of Urinary Fistula, Operation for Genital Prolapse စသည့် ကျွန်ုပ်၏လက်ရာ အကြီးစားခွဲစိတ်မှုအများအပြားကို အချိန်အတန်ကြာ လေ့လာကြည့်ရှုပြီးမှ ပါမောက္ခကြီး၏မျက်နှာမှာ ဝင်းလက် သွားပါတော့၏။ 'ပါမောက္ခ စိုးမြင့်ရဲ့အောက်မှာ လက်တွေ့သင်တန်းဆင်းမယ် ဆိုရင်တော့ လက်ခံပါတယ်ဗျာ' ဟု ပြောလျက် လိုအပ်သည့် ထောက်ခံချက်များ

www.burmeseclassic.com

www.burmeseclassic.com



နေးပေးလိုက်မှသာလျှင် ပါမောက္ခဒေါ်ခင်ညွန့်နှင့် ဒုဗိုလ်မှူးကြီး မြင့်မောင်မောင်တို့ နှစ်ဦးသား ဟင်းခနဲ သက်ပြင်းချပြီး ပြုံးနိုင်ကြပါတော့သည်။

## Med Sc (OG) သင်တန်း

ရန်ကုန်ဆေးတက္ကသိုလ်(၂)တွင် ဆေးပညာဌာနနှင့် ခွဲစိတ်ပညာဌာနတို့က မဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများ ပေးနေကြပြီ ဖြစ်သော်လည်း သားဖွားမီးယပ်ပညာဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဘွဲ့လွန်သင်တန်း တောင်ခေါ်ယူနိုင်ခြင်း မရှိခဲ့သေးပေ။ ကျွန်ုပ်သည် ဆေးတက္ကသိုလ်(၂)သို့ ၁၉၈၃ ခုနှစ်၌ ရောက်ရှိလာပြီး လအနည်းငယ်အတွင်းမှာပင် နှစ်စဉ် ဘွဲ့လွန် ကျောင်းသားနှစ်ဦး ခေါ်ယူမည့်အစီအစဉ်အား ပါမောက္ခချုပ်မှတစ်ဆင့် တက္ကသိုလ်ကောင်စီသို့ အဆိုပြုလွှာတင်သွင်းခဲ့ပါသည်။ သင်ရိုးညွှန်းတန်းနှင့် သင်တန်းအစီအစဉ်များကို သင်ကြားရေးဘုတ်အဖွဲ့မှတစ်ဆင့် တင်သွင်းရာ သင်တန်းသားခေါ်ယူရန် (၂)နှစ်မျှ ထပ်မံစောင့်ဆိုင်းခဲ့ရသေးသည်။

၁၉၈၆ခုနှစ်တွင် ဆေးတက္ကသိုလ်(၂)၏ ပထမဆုံးအကြိမ် M.Med Sc.(OG) သင်တန်း တက်ရောက်သူ (၂)ဦးကား ဒေါက်တာမြသီတာနှင့် ဒေါက်တာသီဟတို့ဖြစ်ကြပါ၏။ သင်တန်းသားရွေးချယ်မှုကို ဆေးသိပ္ပံ ဦးစီးဌာနရှိ ဘုတ်အဖွဲ့က ပြုလုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်အနေဖြင့် မန္တလေးတွင်တာဝန်ထမ်းဆောင်စဉ်ကလည်း ဘွဲ့လွန်သင်တန်းပေးသော အတွေ့အကြုံ ရှိခဲ့ပြီးဖြစ်သောကြောင့် သင်ကြားရေးအစီအစဉ်များကို ထိုစဉ်က ကျင့်သုံးသောမူအတိုင်း တသွေမတိမ်း ဆောင်ရွက်ပါသည်။ ပထမအသုတ် သင်တန်းသားနှစ်ဦးလုံးမှာ စာတော်ပြီး အလုပ်ကြိုးစားသူများဖြစ်သဖြင့် ဌာနတွင် ဝိုင်းဝန်းကူညီ လုပ်အားပေးမည့်သူနှစ်ဦး ပိုလာသကဲ့သို့ အားကိုးခဲ့ရပါသတည်း။

## ဂရင်းရောင်း (Grande Round )

မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဌာနပေါင်းစုံပါဝင်သော ဆေးပညာဆွေးနွေးပွဲမျိုး မရှိသောကြောင့် ဘွဲ့ကြို ဘွဲ့လွန် ကျောင်းသားများနှင့် လ/ထ ဆရာဝန်များအဖို့ နစ်နာလှပေသည်။ Grande Round ဟုခေါ်သော ဌာနပေါင်းစုံဆွေးနွေးပွဲ ပြုလုပ်နိုင်လျှင် လူငယ်ဆရာဝန်များအနေဖြင့် ရောဂါရှာဖွေဖော်ထုတ်ရေး၊ ကုသရေးနှင့် စပ်လျဉ်း၍ အတွေ့အမြင် ဗဟုသုတ တိုးပွားကာ သူတို့၏အနာဂတ်ဘဝတွင် အကျိုး ဖြစ်ထွန်းမည်မှာ ဧကန်မုချပင်ဖြစ်၏။



ကျွန်ုပ်သည် ထိုရည်မှန်းချက်များကို ရင်ဝယ်ပိုက်လျက် ခွဲစိတ် ပညာပါမောက္ခ ဒေါက်တာဦးမောင်မောင်စိန်၊ ဆေးပညာပါမောက္ခ ဒေါက်တာဦးမျိုးသွယ်၊ ကလေးကျန်းမာရေးပညာ ပါမောက္ခ ဒေါက်တာဦးသိန်းအောင်၊ မိတ်မှန် ဆရာဝန်ကြီး ဒေါက်တာစောကျော်အောင်၊ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာဦးရွှေဘန်းစသည့် ဌာနမှူးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ သူတို့အားလုံးကလည်း မိမိ၏အဆိုပြုတင်ပြချက်ကို နှစ်ခြိုက်သဘောတူကြသဖြင့် နှစ်ပတ်တစ်ကြိမ်၊ ဌာနတစ်ခုစီက အလှည့်ကျ ကမကထပြုလုပ်၍ ဆွေးနွေးပွဲကျင်းပရန်နှင့် အလှည့်ကျသောဌာနက အကျွေးအမွေးဖြင့် ဧည့်ခံရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ကျွန်ုပ်သည် ထိုအစီအစဉ်အား စတင်အဆိုပြုသူဖြစ်သည့်အလျောက် ပွဲဦးထွက်ဆေးပညာဆွေးနွေးပွဲကို မိမိ၏ဌာနတွင် လက်ခံဆောင်ရွက်ခဲ့ပါသည်။ ဆေးပညာဆွေးနွေးပွဲရက်မတိုင်မီ ကြိုတင်၍ ဌာနအသီးသီးသို့ ဖိတ်စာများဖြန့်ဝေရသည်။ စိတ်ဝင်စားဖွယ်ကောင်းသော Case များတင်ပြရန်နှင့် မပျက်မကွက် တက်ရောက်ပါဝင်ဆွေးနွေးကြရန် ဆော်သြရပါသည်။ ထိုနေ့နံနက် (၁၁)နာရီနှင့် (၁၂)နာရီအတွင်း ပြုလုပ်ခဲ့သော ထိုဆွေးနွေးပွဲမှာ သမားရိုးကျ Clinic ပုံသဏ္ဍာန်မဟုတ်ဘဲ ဌာနပေါင်းစုံ တက်တက်ကြွကြွပါဝင် ဆွေးနွေးကြသည့် Grande Round ပုံစံဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဌာနတစ်ခုမှ ဆရာဝန်တစ်ယောက်က သူတို့ ဌာနအနေဖြင့် ရွေးချယ်ထားသော Case ကို လူနာနှင့်တကွ ရောဂါရာဇဝင်၊ စမ်းသပ်တွေ့ရှိချက်၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ထားသမျှတို့အား ပြည့်စုံစွာ တင်ပြရသည်။ ထုံးစံအတိုင်း ရောဂါအမည်ဖော်ထုတ်ရေးတွင် အခက်အခဲရှိနိုင်သကဲ့သို့ အယူအဆ အမျိုးမျိုး ဝိဝါဒကွဲပြားနိုင်သည်။ ထိုအခါ ဆရာဝန်ကြီးများက သူတို့၏အတွေ့အကြုံကို အရင်းခံလျက် ကိုယ်ပိုင်ထင်မြင်ချက်များ ထုတ်ဖော်ပြောဆိုပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။ မည်သည့် စမ်းသပ်မှုများ ဆက်လက်ပြုလုပ်သင့်သည်ကိုလည်း သက်ဆိုင်ရာပါရဂူများက အကြံပြုကြသည်။ ဆက်လက်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်ပင်နှီးနှောကြရာ ဌာနတစ်ခုမှ အခြား ဌာနတစ်ခုသို့ လွှဲပြောင်းရမည့် လူနာများ တွေ့ကြုံနိုင်သည်။ ယခုအစည်းအဝေး၌ ဌာနပေါင်းစုံမှ တာဝန်ခံအကြီးအကဲအားလုံး ရောက်ရှိနေကြသောကြောင့် လူနာလွှဲပြောင်းရေးကိစ္စများမှာ 'ကျွန်တော်တို့ဆီ ပို့ပေးလိုက်ပါ' ဆိုသော စကားတစ်ခွန်းမျှဖြင့် ချောမောလွယ်ကူစွာ ပြီးဆုံးသွားမြဲဖြစ်သည်။ Grande Round

www.burmeseclassic.com

www.burmeseclassic.com



ရ၏ကျေးဇူးကြောင့် အခြားဌာနမှ လုပ်ငန်းဆောင်တာများကို ပိုမိုနားလည်သဘောပေါက်ပြီး ဌာနအချင်းချင်း လက်ပွန်းတတီး ပူးပေါင်း ဆောင်ရွက်မှု တိုးပွားလာသည်။ ဘွဲ့ကြို ဘွဲ့လွန်ကျောင်းသားများနှင့် လူငယ် လက်ထောက်ဆရာများအဖို့မှု ရှားရှားပါးပါး ထူးထူးခြားခြားရောဂါများကို တွေ့ရှိရသည့်အပြင် ဆရာသမားတို့၏ အာဘော်များကို ကြားနာ မှတ်သားရသည့်အတွက် အကြားအမြင်ဗဟုသုတပိုမို ကျယ်ပြန့်လာခဲ့ကြပါသတည်း။

ဆေးပညာသင်ကြားရေးလေ့ကျင့်ခန်းနှင့်အလားတူသော ထို Grande Round အစီအစဉ်ကို မိမိအငြိမ်းစားမယူမီ အချိန်အထိ (၃)နှစ်တိုင် ကျင်းပပြုလုပ်ရာ အခြားတက္ကသိုလ်နှင့် ဆေးရုံကြီးများမှ စိတ်ဝင်စားသူတို့ပင် ကျွန်ုပ်တို့ မြောက်ဥက္ကလာဆေးရုံသို့ တကူးတကလာ၍ တက်ရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့လူသိုက် အလုပ်မှ ထွက်သွားကြပြီး နောက်ပိုင်း Grande Round လည်း တစ်စစတိမ်မြုပ် ပျောက်ကွယ်သွားသည်ဟု ကြားသိရသဖြင့် စိတ်မကောင်းဖြစ်မိရပါသည်။

## ဗဟိုအမျိုးသမီးဆေးရုံကြီးတွင်ဒေါက်တာမမင်းဖြူသေဆုံးခြင်းနှင့် စပ်လျဉ်း၍ ခုံရုံးဖွဲ့စစ်ဆေးရာတွင်ပါဝင်ခဲ့ရခြင်း

၁၉၈၅ခုနှစ်အတွင်းက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မေမေရီက မိမိအား ကျန်းမာရေးပညာဦးစီးဌာနတွင် ခေါ်ယူ တွေ့ဆုံပြီးနောက် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ဒေါက်တာမမင်းဖြူသေဆုံးသော အမှုအား ခုံရုံးဖွဲ့စစ်ဆေးရာတွင် ကျွန်ုပ်အား ဥက္ကဋ္ဌနေရာတွင် ဆောင်ရွက်ပေးဖို့ ဝန်ကြီးကတာဝန်ပေးလိုက်ကြောင်း ပြောပြခဲ့ပါသည်။ စုံစမ်းရေးကော်မီတီ၌ အိုဂျီ ဒေါက်တာဒေါ်တင်မြင့်မြင့်နှင့် အခြားတစ်ဦးတို့ ပါဝင်သည်။ ကျွန်ုပ်က စုံစမ်းရေးကော်မရှင်၌ မပါဝင်လိုကြောင်း ခပ်ပြတ်ပြတ် ငြင်းဆန်လိုက်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်မေမေရီသည် အကြီးအကျယ် အံ့အားသင့်သွားပြီး 'ဒါက ဝန်ကြီးအမိန့်နော်'ဟု မိမိအား ထပ်မံသတိပေးပြောဆိုပါသည်။ 'စုံစမ်းရေး ခုံရုံးတွေ ဖွဲ့ပေါင်းများလှပါပြီ။ စုံစမ်းမှုကိစ္စပြီးတဲ့အခါ ကျွန်တော်ရဲ့ တွေ့ရှိ ချက်၊ ထောက်ခံအကြံပြုချက်တွေကို အလေးဂရုပြုပြီး ဖြည့်ဆည်းပေးဖို့ ခင်ဗျားတို့က ဝန်ကြီးကို ပြောပေးပါ။ အဲဒီလို ဖြည့်ဆည်းမပေးနိုင်ဘဲ လျစ်လျူရှု ထားမယ်ဆိုလျှင်တော့ စုံစမ်းရေးကော်မရှင်မှာ မလုပ်ပါရစေနဲ့'ဟု မိမိက ပြန်ပြောသည်။ ဒေါက်တာဒေါ်မေမေရီကလည်း ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးတို့အား



မိမိစကားအတိုင်း ပြန်လည်တင်ပြရာ သူတို့ဘက်မှ ကျွန်ုပ်၏ထောက်ခံ အကြံပြုချက်များကို လိုက်လျောပါမည်ဟု ကတိပေးခဲ့ကြပါသည်။

ထိုလူနာအား သားဖွားမီးယပ်ဆရာဝန်ကြီးတစ်ဦးက ကြည့်ရှုပေးလျက်ရှိသည်။ ကျွန်ုပ်သည် ဆေးရုံလုပ်ထုံးလုပ်နည်းများကို သိရှိနိုင်ရန် လူနာမသေဆုံးမီ တွေ့ဆုံခဲ့သော ဆရာဝန်အားလုံးကို မိမိ၏ခုံရုံး၌ ခေါ်ယူစစ်ဆေးခဲ့ပါသည်။ သားဖွားမီးယပ် ဆရာဝန်အနေဖြင့် ထိုလူနာအား ရန်ကုန် ဆေးရုံကြီးရှိ သမားတော်တစ်ဦးထံသို့ ညွှန်ကြားပြသပေးခဲ့ဖူးကြောင်းနှင့် ဗဟိုအမျိုးသမီးဆေးရုံတွင်လည်း စောင့်ကြည့်အကဲခတ်ရန် ဆေးရုံတင်ပေးခဲ့ဖူးကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ကံခေသော ထိုလူနာသည် စောင့်ကြည့်နေခိုက်မှာပင် ရုတ်ချည်းရေမွှာပေါက်ကာ မွေးဖွားဖို့ ဗိုက်နာလာခဲ့ခြင်းဖြစ်၏။ ဤတွင် လူနာကို A ဆောင်မှ B ဆောင်သို့ တွန်းလှည်းဖြင့်ပို့ပေးရာ ထုံးစံအတိုင်း အများသူငါ သွားလာသော ကတ္တရာလမ်းအတိုင်း သွားရခြင်းဖြစ်ပေသည်။ 'ကံဆိုးမ သွားလေရာ မိုးလိုက်၍ရွာ' ဟူသောစကားအတိုင်းပင် B ရုံ၏ တစ်ခုတည်းသော ခွဲစိတ်ခန်း၌ ဗိုက်ခွဲမွေးသော လူနာတစ်ယောက်ရှိနေသောကြောင့် ကျွန်ုပ်တို့၏ လူနာမှာ ခွဲစိတ်ခန်းအပြင်ဘက် စင်္ကြံတွင် စောင့်ဆိုင်းနေရပြန်သည်။ ထိုအခိုက် သားအိမ်က ပြင်းထန်စွာ Contract လုပ်သည့်အခါ Acute Pulmonary Oedema လက္ခဏာများပေါ်ပေါက်ပြီး ချက်ချင်းပြာနှမ်းသွားကာ မိနစ်ပိုင်းအတွင်း လူနာ သေဆုံးသွားခဲ့ခြင်း ဖြစ်ပါ၏။ ထိုတွေ့ရှိချက်အားလုံးအရ Amniotic Embolism ကြောင့် လူနာသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ထင်ရှား သိသာသည့်အပြင် ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဦးစောလွင်ကိုယ်တိုင် အလောင်းကို ခွဲစိတ်စစ်ဆေးရာတွင်လည်း မိခင်၏အဆုပ်ထဲ၌ Epithelial Squames များ တွေ့ရှိသောကြောင့် Amniotic Embolism ကြောင့် သေဆုံးခြင်းဖြစ်သည်ကို အခိုင်အမာ တညီတညွတ် တွေ့ရှိခဲ့ရသည်၊

ကျွန်ုပ်တို့စုံစမ်းရေးအဖွဲ့၏တွေ့ရှိချက်များကြောင့် တိမ်းပါး ကွယ်လွန်ခဲ့ပြီးသူ ဒေါက်တာမမင်းဖြူတစ်ယောက်အသက်ပြန်ရှင်နိုင်မည် မဟုတ်သော်လည်း အလားတူအဖြစ်အပျက်မျိုး နောင်တွင် မဖြစ်ပေါ်စေရန်အတွက်မူ အကြံကောင်း ဉာဏ်ကောင်းများ ပေးနိုင်ခဲ့ပါသည်။

စုံစမ်းရေးအဖွဲ့ဝင်အားလုံး ညှိနှိုင်းတိုင်ပင်ပြီးနောက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့အနေဖြင့် အရေးယူဆောင်ရွက်နိုင်ရန် အောက်ပါအချက်များကို အဆိုပြုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ A ဆောင်ရှိလူနာများ မွေးဖွားရန် ဗိုက်နာလာသောအချိန်တွင် ဗိုက်ခွဲ၍မွေးရန် (LSCS လုပ်ရန်) လိုအပ်လာလျှင် B ဆောင်သို့ ပြောင်းရွှေ့မနေတော့ဘဲ A ဆောင်မှာပင် ခွဲစိတ်မွေးဖွားပေးနိုင်အောင်စီစဉ်ထားရှိသင့်ပါသည်။

၂။ A ဆောင်မှ B ဆောင်သို့ ထရော်လီဖြင့် တွန်း၍ လူနာများ ပြောင်းရွှေ့သောအခါ A ဆောင်နှင့် B ဆောင်ကြားရှိ အများသူငါ သွားသောလမ်းကို လုံးဝအသုံးမပြုရန်။

၃။ A ဆောင်တွင် LSCS များ သီးသန့်ပြုလုပ်နိုင်အောင် ခွဲစိတ်ခန်းအသစ်တည်ဆောက်ရန်နှင့် စီမံကိန်းများအဆောတလျင် ရေးဆွဲရန်၊

၄။ လောလောဆယ်အားဖြင့် B ဆောင်၏ခွဲစိတ်ခန်း၌ ခွဲစိတ်ခုတင်တစ်လုံး ပိုမိုထားရှိရန် သို့မဟုတ် C ဆောင်တွင် LSCS ပြုလုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရန်။

ကျန်းမာရေးဝန်ကြီးဌာနသည် မွေးလူနာများ ရင်ဆိုင်တွေ့ကြုံနေရသော ပြဿနာများနှင့် ဆေးရုံဘက်မှ လစ်ဟင်းနေသောလိုအပ်ချက်များကို နားလည်သဘောပေါက်ကာ A ဆောင်တွင် ခွဲစိတ်ခန်းကြီးများကို တိုးချဲ့ဆောက်လုပ်ခဲ့ကြပါသည်။ မည်သည့်အကြောင်းကြောင့်၊ မည်သို့မည်ပုံ လက်ရှိခွဲစိတ်ခန်းများ ပေါ်ပေါက်လာခဲ့ခြင်းကို နှောင်းလူအများစုတို့အနေဖြင့် သိရှိနိုင်ကြလိမ့်မည်မဟုတ်ချေ။

## အသည်းရောင်အသားဝါ (Viral Hepatitis) အကြောင်း စုပေါင်းစာတန်းဖတ်ဆွေးနွေးပွဲ

ထို စုပေါင်းစာတန်းဖတ် ဆွေးနွေးပွဲကို ဆေးတက္ကသိုလ်(၁) စာသင်ခန်းမကြီးထဲတွင်ပြုလုပ်ရာ ဆေးပညာလောက၌ ထင်ရှားသော သမားတော်ကြီးများ၊ ခွဲစိတ်ကုဆရာဝန်ကြီးများနှင့် သားဖွားမီးယပ်ဆရာဝန်များ စုံစုံညီညီ တက်ရောက်ခဲ့ကြပါသည်။ ထိုစဉ်က ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ကိုယ်ဝန်ဆောင်များ အသည်းရောင်အသားဝါဖြစ်လျှင် ရိုးရိုးမမွေးဘဲ ပုံမှန်ခွဲစိတ်၍ LSCS ဖြင့် မွေးဖွားပေးသောစနစ်ကို ကျင့်သုံးလျက်ရှိပြီး ထိုအကြောင်းကို စာတန်းဖတ်ကြားရာ အများစုက တညီတညွတ် လက်ခံသဘောတူလျက် ရှိနေကြသည်ကို တွေ့ရပါ၏။ ကျွန်ုပ်အနေဖြင့် မန္တလေးဆေးရုံကြီးတွင် အမှုထမ်းစဉ်က ကိုယ်ဝန်ဆောင်အမျိုးသမီးအမြောက်အမြား အသည်းရောင် အသားဝါ



ဖြစ်ပွားခဲ့သည်ကို တွေ့ကြုံခဲ့ရသည့်အပြင် မိမိ၏တပည့်တစ်ဦးကိုလည်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ အသည်းရောင်အသားဝါဖြစ်ပွားခြင်းအကြောင်းကို လေ့လာပြီး သုတေသန စာတန်းတင်စေခဲ့ဖူးပါသည်။ ပရိသတ်အား မေးခွန်းများမေးရန် ဖိတ်ခေါ်သည့်အချိန်၌ အသည်းရောင် အသားဝါဖြစ်သော ကိုယ်ဝန်ဆောင်တိုင်းက LSCS ဖြင့် ပုံမှန်ခွဲစိတ်ခြင်း မပြုလုပ်သင့်ကြောင်း၊ ပုံမှန် ခွဲစိတ်မွေးဖွားခြင်းကြောင့် ကောင်းကျိုးထက် ဆိုးကျိုးပင်ရရှိနိုင်ပုံကို အထောက်အထားခိုင်လုံစွာ တင်ပြ ဆွေးနွေးခဲ့ပါသည်။ မိမိအနေဖြင့် တစ်ပါးသူတို့၏လုပ်ရပ်ကို မှားယွင်းကြောင်း ထောက်ပြရခြင်းကို များစွာ ဝန်လေးလှသော်လည်း နောက်နောင်တွင် မလိုအပ်ဘဲ ခွဲစိတ်ခံရမည့်လူနာများအကျိုးငှာ အားနာနာဖြင့် ပြောဆိုရခြင်းသာဖြစ်ပါ၏။

ကျွန်ုပ်၏ဆွေးနွေးချက်ကို တုန့်ပြန်သူ တစ်စုံတယောက်မျှ မရှိသော်လည်း အဆိုပါစာတန်းဖတ်ပွဲ ကျင်းပပြီး နောက်ပိုင်းတွင် အသည်းရောင် အသားဝါဖြစ်သော ကိုယ်ဝန်ဆောင်တို့အား ပုံမှန် LSCS မလုပ်ကြတော့ဘဲ LSCS လုပ်ရန်လိုအပ်သည့် ခိုင်လုံသောအကြောင်းရှိမှသာ ခွဲစိတ် မွေးဖွားပေးကြကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမိရပါသတည်း။

## Infection အကြောင်း စုပေါင်းစာတန်းဖတ်ဆွေးနွေးပွဲ

ပိုးမွှားဝင်ခြင်း (Infection) နှင့်စပ်လျဉ်း၍ ဆေးပညာကဏ္ဍ အသီးသီးမှ ပညာရှင်များပါဝင်၍ စုပေါင်းစာတန်းဖတ် ဆွေးနွေးပွဲတစ်ခုပြုလုပ်ရာ ဥက္ကဋ္ဌ ဒေါက်တာဦးကြည်ပေါက မိမိအား သားဖွားမီးယပ် လူနာများတွင် ပိုးမွှားဝင်ခြင်းအကြောင်း ဖတ်ကြားပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ သားဖွားလူနာများတွင် အချင်းတွယ်သောနေရာ၌ ပိုးမွှားဝင်ပြီး မီးနေကာလအတွင်း အဆိပ်တက်ခြင်း၊ မီးယပ်ဝေဒနာရှင်များမှာမူ ခွဲစိတ်ရာမှ ပိုးမွှားဝင်ပြီး နီးစပ်ရာအင်္ဂါအစိတ်အပိုင်းများနှင့် ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားတတ်ပုံ အကြောင်းတို့ကို ပြည့်စုံစွာ လေ့လာတင်ပြခဲ့ပါသည်။ ပိုးမွှားဝင်၍ အဆိပ်တက်လျှင် တွေ့ရှိရသောလက္ခဏာတို့နှင့် ကုသပုံကုသနည်းများကိုလည်း အကျယ်တဝင့် ဖတ်ကြား ဆွေးနွေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံဆရာဝန်အသင်း၌ Repair of Urinary Fistula အကြောင်း စာတမ်းဖတ်ကြားခဲ့ခြင်း

ကျွန်ုပ်သည် အငြိမ်းစားမယူမီ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ The Repair of Urinary Fistala in MGH and NOGH ဟူသော စာတမ်းတစ်စောင်ဖတ်ကြားခဲ့ပါသည်။ အမှန်စင်စစ် ထိုစာတမ်းမှာ အမေရိကန်ပြည်ထောင်စု Texas ပြည်နယ် UTMB နှင့် အင်္ဂလန်နိုင်ငံ JPH တို့တွင် တင်သွင်းမည့် စာတမ်း၏ ရှေ့ပြေးပင်ဖြစ်ပါ၏။ ထိုစာတမ်းအား သားဖွားမီးယပ်ဆရာဝန်တစ်ဦးအဖြစ် လုပ်ကိုင်စဉ် ကျွန်ုပ်တို့နိုင်ငံ၌ အများဆုံးတွေ့ကြုံရသည့် ဆီးယိုသော ဝေဒနာရှင်(၁၄၃)ခန့်အား ခွဲစိတ် ပြုပြင်ကုသပေးခဲ့သော အတွေ့အကြုံများကို အခြေခံလျက် ရေးသားပြုစုထားခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်၏လူနာအများအပြားမှာ မြန်မာနိုင်ငံ ဝေလံခေါင်ဖျားဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှု နိမ့်ကျညံ့ဖျင်းသော အရပ်ဒေသများမှ မွေးလူနာများ ပါဝင်ပေသည်။ ယခုအချိန်တွင်မူ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာပြီဖြစ်သဖြင့် မွေးလူနာများ၌ ဆီးယိုသောပြဿနာ ဖြစ်ပွားခြင်း နည်းပါးလာသော်လည်း မီးယပ်ရောဂါနှင့် မီးယပ်ဆိုင်ရာ ခွဲစိတ်မှုများကြောင့် ဆီးယိုသောပြဿနာဖြစ်ပွားမှု တိုးတက်လာသည်ကို တွေ့ရှိနေရ ပါ၏။ အမျိုးသမီးတစ်ယောက်၏ မျိုးပွားအင်္ဂါနှင့် မွေးလမ်းကြောင်းတစ်လျှောက် ခွဲစိတ်ပြုပြင်ရသော လုပ်ငန်းမှာ ခရာခဲဆစ်ရှုံရှုံမှုမကာ အနုစိတ်လုပ်ရသော အစိတ်အပိုင်းများ ပါဝင်ခြင်းကြောင့် ဦးဆောင် ခွဲစိတ်သော သားဖွားမီးယပ် ဆရာဝန်ကြီးအနေဖြင့် အတွေ့အကြုံကြွယ်ဝပြီး လက်ရာ အထူး ကောင်းရန် လိုအပ်ပေသည်။ ကူညီသောလက်ထောက်ဆရာဝန်နှင့် သူနာပြုအားလုံးကလည်း အသားကျအောင် လေ့ကျင့်မှုသင်တန်းရှိပြီးသူများ ဖြစ်ရန် လိုအပ်ပါသည်။ မန္တလေးဆေးရုံကြီးနှင့် မြောက်ဥက္ကလာဆေးရုံကြီးတို့တွင် ကျွန်ုပ် ဆောင်ရွက်ခဲ့သော ခွဲစိတ်မှုအရေအတွက်မှာ ထူးထူးခြားခြား များပြားလှသဖြင့် ထိုအရေအတွက်မျှလောက် ခွဲစိတ်လုပ်ကိုင်ခဲ့ဖူးသောသူမျိုးမှာ ဆီးလမ်းကြောင်း ခွဲစိတ်ဆရာဝန်များထဲ၌၄င်း၊ သားဖွားမီးယပ်ဆရာဝန်များထဲ၌၄င်း၊ အတော်ပင် ရှားပါးလှပေမည်။



မြောက်ဥက္ကလာပဆေးရုံကြီး၌တွေ့ဆုံခဲ့သောတပည့်အချို့

ဆေးတက္ကသိုလ်(၂)မှာ M.Med.Sc (OG) ဘွဲ့ရှိထားသူ ဒေါက်တာဒေါ်ခင်ခင်ဝင်းအား ကျွန်ုပ်၏ပထမလက်ထောက်အဖြစ် ခန့်အပ်ပေးပို့ခဲ့သည်၊ ဘွဲ့ရရှိထားလင့်ကစား အတွေ့အကြုံနုနယ်သေးသဖြင့် ဆုံးဖြတ်ချက်ချရာတွင်၄င်း၊ ခွဲစိတ်ရာတွင်၄င်း၊ တိကျမှန်ကန်ကျွမ်းကျင်ဖို့ လိုနေသေးသည်ကို တွေ့ရပါ၏။ သို့ရာတွင် အသိဉာဏ်ပြည့်ဝပြီး ဇွဲလုံ့လဝီရိယကောင်းသူ ဖြစ်သည့်အလျှောက် မိမိ လေ့ကျင့်သင်ပြပေးသောအခါ တိုတောင်းသောအချိန်ကာလအတွင်း အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်လာခဲ့ပါသည်။ ဖြူစင်ရိုးသားသော သူမသည် နေထိုင်မကောင်းဖြစ်သောအခါမျိုးမှာပင် အနားယူလေ့မရှိဘဲ မခိုမကပ် ကြိုးစားအလုပ်လုပ်လေ့ရှိသည်။ သူမသည် ယခုအခါ အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ မီးယပ်ပိုင်းဆိုင်ရာ ရောဂါဗေဒပါရဂူအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း ကြားသိရပါသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ကျွန်ုပ်၏ဌာနသို့ ပို့လိုက်သော အခြားလက်ထောက်ဆရာဝန်တစ်ဦးမှာ ဒေါက်တာဒေါ်ခင်ဝင်းရီဖြစ်သည်။ သူမအား ရောက်လျှင်ရောက်ချင်း သားဖွားဆောင်၌ တာဝန်ချထားသော်လည်း လက်တွေ့လေ့ကျင့်မှုရရှိစေရန် ခွဲစိတ်သောနေ့များ၌ ခွဲစိတ်ခန်းဝင်၍ ကူညီလုပ်ကိုင်စေပါသည်။ သူမ ဘွဲ့လွန်စာမေးပွဲ လက်တွေ့ဖြေဆိုစဉ်က Ca. Vulva case ရပြီး ကျွန်ုပ်နှင့်ဖြေဆိုရာ ကျရှုံးခဲ့ကြောင်း ပြောပြပါသည်။ မိမိကမူ လုံးဝမမှတ်မိတော့ပါ။ ကျွန်ုပ်ကိုယ်တိုင် **Radical Vulvectomy** ပြုလုပ်နေသည်ကို အနီးကပ် မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အခါ သူမ စာမေးပွဲဖြေစဉ်က သိသင့်သိထိုက်သည်ကို မသိ၍ ကျရှုံးရခြင်းဖြစ်ကြောင်း စိတ်လိုလက်ရ ဝန်ခံပြောဆိုရှာသည်။ မလိုမုန်းထား အာယာတတရားဖြင့် စာမေးပွဲချခြင်းမဟုတ်ကြောင်း ကာယကံရှင်ကိုယ်တိုင် လက်ခံ နားလည်သွားခြင်းကြောင့် ကျွန်ုပ်အနေဖြင့် အတိုင်းမသိ ပီတိ ဖြစ်ရပါသေးသည်။

ကျွန်ုပ်ထံသို့ လက်ထောက်ကထိကနှစ်ဦး ထပ်မံရောက်ရှိလာခဲ့ကြရာ သူတို့သည် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ပြောင်းရွှေ့လာရသဖြင့် စိတ်ဓါတ် ကျဆင်းနေကြပါ၏။ မိမိက သူတို့အား ဤကဲ့သို့ စိတ်ပျက်နေမည့်အစား ကိုယ်ပိုင်အရည်အချင်းပြည့်ဝအောင် ကြိုးစားကြဖို့နှင့် အခွင့်သာလျှင် နိုင်ငံခြားကို ထပ်ယူဖို့ တိုက်တွန်း ဆုံးမခဲ့ပါသည်။ စိတ်ဓါတ်မြှင့်တင်ပေးရုံသာမက သားဖွားမီးယပ်ပညာနှင့်စပ်လျဉ်း၍ စာတွေ့လက်တွေ့အပါအဝင် စဉ်းစားတွေးခေါ်နည်း၊ ဆုံးဖြတ်ချက်ချပုံချနည်း၊ စသည်တို့အပြင် အုပ်ချုပ်ရေးဆိုင်ရာ သိကောင်း

www.burmeseclassic.com

www.burmeseclassic.com



စရာများကိုလည်း သူတို့အား သင်ပြလမ်းညွှန် ပေးခဲ့ပါသည်။ အချုပ်အားဖြင့် ဆိုလျှင် ကျွန်ုပ်သည် မန္တလေးတွင်ကျင့်သုံးခဲ့သော မူဝါဒအတိုင်း တပည့်များအား ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှဆက်ဆံ၍ 'အတတ်လည်း သင် ပုံပြင်နိစ္စ သိပ္ပမချန် ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ' ဟုသော ဆရာ့ဝတ္တရားများနှင့်အညီ ပြုမူ ဆောင်ရွက်ခဲ့ပါသတည်း။

## ဆေးတက္ကသိုလ်(၂)နှင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကျွန်ုပ်၏လုပ်ဖေါ်ကိုင်ဘက်များ

ရန်ကုန်ဆေးတက္ကသိုလ်(၂)၌ ပါမောက္ခချုပ်ကား သမားတော်ကြီး ဒေါက်တာ ဦးတင်အောင်ဆွေ ဖြစ်၏။ ဆေးပညာပါမောက္ခမှာ ဒေါက်တာ ဦးမျိုးသွယ်၊ ခွဲစိတ်ကုသဌာနပါမောက္ခ ဒေါက်တာဦးမောင်မောင်စိန်ဖြစ်၍ ကလေးကျန်းမာရေးဌာန ပါမောက္ခမှာ ဒေါက်တာဦးသိန်းအောင်ဖြစ်သည်။ ပါမောက္ခဌာနမှူးအားလုံး မြန်မာနိုင်ငံ ဆေးပညာလောကတွင် ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သားဖွားမီးယပ်ပညာဘာသာရပ်အတွက် မင်္ဂလာဒုံ စစ်ဆေးရုံကြီး၌ အခြေချလုပ်ကိုင်သူများမှာ ဆေးလက်တွေ့ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ညွန့်နှင့် ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်တို့ဖြစ်ကြ၏။ သူတို့ နှစ်ဦးလုံးသည် မိမိ လေ့ကျင့်ပျိုးထောင်ပေးခဲ့သော တပည့်ကောင်းများ ဖြစ်ကြသည့် အလျောက် သူတို့လက်အောက်ရှိ ဘွဲ့ကြိုဘွဲ့လွန် ကျောင်းသားများသင်ကြားရေး နှင့်စပ်လျဉ်း၍ ကျွန်ုပ်အနေဖြင့် ပူပင်ရန်မလိုတော့ချေ။

တာဝန်ခံမေ့ဆေးဆရာဝန်ကြီး ဦးစိန်လှိုင်သည် မြောက်ဥက္ကလာပ ဆေးရုံ စတင်ဖွင့်လှစ်ချိန်မှ ယနေ့တိုင် လုပ်ကိုင်လျက်ရှိသော ဝါရင့်သမ္မာရင့် မေ့ဆေးဆရာဝန်ကြီးဖြစ်သည်။ သူသည် စိတ်ရင်းသဘောထားမှအစ အပြောအဆို အလုပ်အကိုင် ဖြောင့်မှန်တည်ကြည်သူဖြစ်၏။ ကျွန်ုပ်နှင့်လည်း ဆက်ဆံရေး အထူးကောင်းမွန်သည်။ မြောက်ဥက္ကလာပဆေးရုံတွင် အမှုထမ်းစဉ်ကာလ အတွင်း မိမိဆောင်ရွက်ခဲ့သော ခဲရာခဲဆစ်ခွဲစိတ်မှုအားလုံး ဒေါက်တာ ဦးစိန်လှိုင်၏ စိတ်ရှည်သည်းခံလိုက်လျောမှု၊ လုပ်ငန်းကျွမ်းကျင်မှု စသည့် အချက်များ ကြောင့်အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဦးရွှေဘန်းနှင့် ဓါတ်မှန် ဆရာဝန်ကြီး ဒေါက်တာစောကျော်အောင်တို့ကလည်း မိမိအပါအဝင် ဌာနအသီးသီး၏လုပ်ငန်းများ ချောမွေ့စေရန် အမြဲပံ့ပိုး ကူညီခဲ့ကြပါသည်။ သူတို့သည် သူတို့



လေ့လာလိုက်စားသော ဘာသာရပ် တိုးတက်ရာတိုးတက်ကြောင်း ကြံဆောင်ကြိုးစားရင်း ကျွန်ုပ်တို့ Clinicians များနှင့် လက်တွဲ၍ လူနာများအကျိုး သည်ပိုး ထမ်းဆောင်ခဲ့ကြပါသည်။

## အငြိမ်းစားယူခြင်းနှင့် မိမိ၏ခံစားချက်

ကျွန်ုပ်သည် ၁၉၈၆ခုနှစ် ဧပြီလတွင် ဝန်ထမ်းဘိုင်း ချောင်းလှဲ၍မရ သည့် သက်ပြည့်ပင်စင်ယူရမည့် အသက်(၆၀) အရွယ်သို့ ရောက်ရှိလာခဲ့ပါ တော့၏။ ကျွန်ုပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးပီပီ ရောက်ရာအရပ်၌ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက် မိမိတိုင်းပြည်နှင့် မိမိဌာနအကျိုး ကို သည်ပိုးထမ်းရွက်ခဲ့ပေပြီ။ မိမိအား အပ်နှင်းသော အလုပ်တာဝန်ဆိုလျှင် နှစ်မြို့က်သည်ဖြစ်စေ မနှစ်မြို့က်သည်ဖြစ်စေ၊ ခေါင်းမရှောင်ဘဲ လက်ခံကာ တွေ့ကြုံသမျှ အခက်အခဲ ပြဿနာအဝဝကို ကြံ့ကြံ့ခံ၍ ရင်ဆိုင်ခဲ့ရသည်သာ။

၁၉၈၆ခုနှစ် ဧပြီလတွင် အသက်(၆၀) ပြည့်မည်ဖြစ်သဖြင့် ကျွန်ုပ် သည် ၁၉၈၅ခုနှစ် ဒီဇင်ဘာလ၌ LPR ခေါ် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင် ခွင့်(၄)လကို စတင်ခံစားရပါသည်။ လုပ်သက်တစ်လျှောက် အပြစ်အနာ ကင်း ရှင်းပြီး တစ်စုံတရာ အရေးယူခြင်းမခံရသော ဝန်ထမ်းများသာ ခံစားရသည့် အခွင့်အရေးဖြစ်သည့်အလျောက် ကျွန်ုပ်အနေဖြင့် ထို ခွင့်(၄)လကို အပြည့် အဝခံစားရန် စိတ်ဆန္ဒရှိပါသည်။

မိမိသည် LPR ကို ဆိုင်းငံ့ရန် သို့မဟုတ် အမှုထမ်းသက်ကို ပိုမို တောင်းခံရန် ရည်ရွယ်ချက် လုံးဝမရှိချေ။ မိမိ၏နေရာတွင် သင့်လျော်သော ပုဂ္ဂိုလ်ဖြင့် အစားထိုးပေးရန်မှာ အာဏာပိုင်အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးကဏ္ဍ မှ တာဝန်ရှိသူများ စဉ်းစားဆုံးဖြတ်ရမည့် ကိစ္စသာဖြစ်ပါ၏။ ဝန်ထမ်းစည်းမျဉ်း ဥပဒေအရ အသက်(၆၀)တွင် အငြိမ်းစားယူရန် သတ်မှတ်ထားပြီး ဖြစ်ရကား မည်သူ့ကိုမျှ ချွင်းချက်မထားသင့်ပေ။

ကျွန်ုပ်သည် အငြိမ်းစားယူရန်အတွက် လိုအပ်သည်များကို ကြိုတင် ပြင်ဆင်ထားခဲ့ပါ၏။ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဦးမောင်အား အကြောင်း ကြားထားပြီးဖြစ်သည်။ မိမိ၏လက်ထောက် ဒေါက်တာဒေါ်ခင်ဝင်းအား ဌာန တွင်းရှိ ပစ္စည်းပစ္စယ အားလုံး တိတိကျကျ လက်ကျန်စာရင်း ကောက်ခံစေပြီး သူရောကျွန်ုပ်ပါ လက်မှတ်ရေးထိုးကာ ဆေးရုံအုပ်ကြီးထံ ဆက်လက်ပေးပို့ထား ခဲ့သည်။ ထို့နောက် ကျန်းမာရေးညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဦးထံ

www.burmeseclassic.com

www.burmeseclassic.com



သို့လည်း ဆေးရုံအုပ်ကြီးမှတစ်ဆင့် သက်ပြည့်အငြိမ်းစားယူမည့်အကြောင်း အစီရင်ခံစာ ရေးသားပေးပို့ခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်ကလည်း တစ်စုံတရာ ပြောဆိုခြင်းမရှိဘဲ မိမိဆန္ဒအတိုင်း ခွင့်ပြုခဲ့ပါသည်။ ကျွန်ုပ်၏ယုံကြည်ချက်ကား '၍လောကတွင် မရှိမဖြစ်သောသူဟူ၍ မရှိနိုင်ချေ'

**မြောက်ဥက္ကလာပဆေးရုံကြီးရှိ လုပ်ဖော်ကိုင်ဖက်များက မိမိအား နှုတ်ဆက်ပွဲအခမ်းအနားပြုလုပ်ကြခြင်း**

ကျွန်ုပ်အငြိမ်းစားယူမည့်နေ့ မရောက်မီ ရက်အနည်းငယ်ခန့် အလိုတွင် ဆေးရုံအုပ်ကြီး၏ရုံးခန်း၌ ဆေးရုံအုပ်ကြီးဦးဆောင်သော လုပ်ဖော်ကိုင်ဖက်များက နှုတ်ဆက်ပွဲကျင်းပရာ ဌာနပေါင်းစုံ အလွှာအသီးသီးမှ ဆရာဝန် ဆရာမများ ခန်းမတစ်ခုလုံး ပြည့်လျှံအောင် လာရောက်ချီးမြှင့်ခဲ့ကြပါသည်။

မိမိအား ချီးကျူးနှုတ်ဆက် မိန့်ခွန်းစကားများ ပြောကြားကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဦးမောင်က ဘိလပ်ပညာတော်သင်ဘဝ အပါအဝင် ရှေးဟောင်း နှောင်းဖြစ်များကို ပြောပြခဲ့ပါသည်။ ခွဲစိတ်ပါမောက္ခ ဒေါက်တာ ဦးမောင်မောင်စိန်ကမူ သူဆရာဝန်ဖြစ်စက ရန်ကုန်ဆေးရုံကြီး၌ တွေ့ဆုံစဉ်အခါကပင် မိမိအား အကိုကြီးတစ်ယောက်သဖွယ် သဘောထားခဲ့ကြောင်း၊ မြောက်ဥက္ကလာပဆေးရုံကြီးသို့ မိမိရောက်ရှိလာပြီးမှ Grande Roun အစီအစဉ်ကို မိမိအကြံပြုချက်အရ စတင်လုပ်ဆောင်နိုင်ခဲ့သဖြင့် စုပေါင်းသင်ကြားရေး တိုးတက်အောင်မြင်လာခဲ့ကြောင်း၊ မိမိအနားယူသွားခြင်းမှာ မြန်မာနိုင်ငံ ဆေးပညာလောကအတွက် ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ကြောင်း အလေးအနက် ပြောကြားရင်း မျက်ရည်ဝဲရုံမျှသာမက အသံများပင် ဆို့နင့်သွားခဲ့ရှာသည်။ ထို့နောက် ဆရာကြီးဦးမျိုးသွယ်က မိမိအား ကုသရေး၊ သင်ကြားရေး၊ အုပ်ချုပ်ရေး ကဏ္ဍသုံးရပ်လုံးတွင် ထူးချွန်သော လုပ်ဖော်ကိုင်ဖက်ကောင်း တစ်ဦးအဖြစ် မှတ်ချက်ပြုခဲ့ပါ၏။ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဦးစိန်လှိုင်၊ ရောဂါဗေဒ ဆရာဝန်ကြီး ဦးရွှေဘန်း၊ ဓါတ်မှန်ဆရာဝန်ကြီး ဦးစောကျော်အောင် တို့ကလည်း အသီးသီး နှုတ်ဆက်စကား ပြောကြားခဲ့ကြပါသည်။ နောက်ဆုံး၌ လက်ထောက်ဆရာဝန်များက မိမိအား ပန်းချီကားကြီးနှစ်ချပ် လက်ဆောင်ပေးခဲ့ကြပါသည်။ ပန်းချီကားတစ်ချပ်မှာ ပုဂံဘုရားပုထိုးများ၏ မြင်ကွင်းကျယ် ရှုမျှော်ခင်းပုံ ဖြစ်သည်။ နောက်တစ်ကားမှာ မြန်မာအဘိုးအို ပန်းပုဆရာတစ်ယောက် အမျိုးသမီးငယ်လေး၏ပုံကို ထုဆစ်နေဟန် ပန်းချီကားဖြစ်ပါသည်။ ကျွန်ုပ်က



ပန်းချီကား၏အဓိပ္ပါယ်ကို မေးမြန်းရာ သားဖွားမီးယပ်ပညာနှင့် စပ်လျဉ်း၍ တပည့်များအား မိမိလေ့ကျင့်သင်ကြားပေးပုံမှာ ပန်းပုဆရာကြီး ပန်းပုထုနေသကဲ့သို့ထင်မှတ်ရခြင်းကြောင့် ဤပန်းချီကားကို လက်ဆောင်အဖြစ် ကန်တော့ခြင်းဖြစ်ပါသည်ဟု တပည့်တစ်ဦးက အချက်ကျကျ ပြန်လည် ဖြေဆိုခဲ့ပါသည်။ ၄င်းလက်ဆောင်ပန်းချီကားနှစ်ချပ်ကို ကျွန်ုပ်၏နေအိမ် ဧည့်ခန်းတွင် ယခုတိုင် ချိတ်ဆွဲထားရှိပါ၏။

နိဂုံး

ကျွန်ုပ်၏ 'ဘဝမှတ်တမ်း'အား နိုင်ငံ့ဝန်ထမ်းဘဝမှ အနားယူသည့်အချိန်တွင် ရပ်နားပါတော့အံ့။ မိမိသည် ယခုအခါ အသက်(၈၀)ကျော်ပြီ ဖြစ်သည့်အလျောက် ပမာဒလေခ၍ ကြွင်းကျန်ခဲ့သော ဖြစ်စဉ်အချို့လည်း ရှိနိုင်ပါ၏။ အကြောင်းအရာ အချက်အလက် တိမ်းစောင်း လွဲချော်နေသော ဖြစ်စဉ်အချို့လည်း အမှတ်မထင် ပါရှိနိုင်ကြောင်း ရိုးသားစွာဝန်ခံရမည်ဖြစ်ပေသည်။ ဥယျောဇဉ်စကားဆိုခဲ့သည့်အတိုင်း ကျွန်ုပ်အနေဖြင့် မိမိ၏အားနည်းချက်များကိုဖုံးကွယ်လျက် ကောင်းကွက်များကိုသာ ထုတ်နှုတ်ရေးသားခြင်း မဟုတ်သကဲ့သို့ သူတပါးဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် ဖေါ်ပြချက်မျိုးကိုလည်း အထူးဂရုပြုကာ ရှောင်ရှား ရေးသားခဲ့ခြင်း ဖြစ်ပါ၏။

ကျွန်ုပ်သည် ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းတို့တွင် ကိုယ်ရောစိတ်ပါ မြှုပ်နှံလျက် နှစ်ကာလကြာမြင့်စွာ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့ပြီးဖြစ်ပေသည်။ 'ရွှေအကြောင်း ဖယောင်းသိ၊ လူအကြောင်း ပေါင်းမှသိ' ဟူသော ဆိုရိုးစကားနှင့်အညီ လူနာနှင့်တပည့်များအပေါ် ထားရှိသော မိမိ၏ စိတ်ရင်းစေတနာအား အတွင်းကျကျအသိဆုံးသူတို့မှာ ကျွန်ုပ်၏ လုပ်ဖေါ်ကိုင်ဘက်များနှင့် တပည့်သားမြေးများသာ ဖြစ်ပေလိမ့်မည်။ ပညာနှင့်ပတ်သက်ပါက တပည့်များကို မချွင်းမချန် အိပ်သွန်ဖါမှောက် သင်ပြပေးတတ်ခြင်းမှာ ကျွန်ုပ်၏ပင်ကိုယ်သဘောထားနှင့် ဇီဇဝါသနာပင်ဖြစ်ပါ၏။ တပည့်လက်သားတို့၏ အောင်မြင်မှုနှင့် ကောင်းသတင်းများ ကြားသိရသောအခါမျိုးတွင် ကျွန်ုပ်မှာ အတိုင်းထက်အလွန် ပီတိသောမနဿ ဖြစ်နေမိပါတော့သတည်း။

ဒေါက်တာ ဦးစိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်၌ ကျွန်ုပ်၏ များပြားလှသော ဆေးပညာအတွေ့အကြုံတို့ကို ထည့်သွင်းရေးသားရန် မရည်ရွယ်သော်လည်း MJCMP တွင် ရေးသားခဲ့သည့် Dire Emergency နှင့် Foreign Body စာတန်း(၂)ပုဒ်၏ သာသာမြန်ဆိုချက်ကို နောက်ဆက်တွဲအဖြစ် အမြွက်သဘောမျှ ဖေါ်ပြလိုက်ရပါ၏။

ယခုအချိန်တွင်မူ ကျွန်ုပ်သည် လောကီအမှုကိစ္စများကို အတတ်နိုင်ဆုံးရှောင်ရှားကာ ဒါန သီလ ဘာဝနာစသော ကောင်းမှုကုသိုလ်များကိုသာ ကြိုးစားအားထုတ်လျက်ရှိပေသည်။ စာရှုသူတို့အနေဖြင့် မိမိဘဝဇာတ်ကြောင်းအား တစေ့တစောင်းမြင်တွေ့သိရှိရာမှ မှတ်သားဖွယ်၊ ဆင်ခြင်ဖွယ် တစ်စုံတရာ ရရှိကြမည်ဆိုလျှင် ကျွန်ုပ်၏ရေးသားတင်ပြမှုမှာ အချည်းနှီးမဖြစ် ဟူ၍ မှတ်ယူနိုင်သည်မဟုတ်ပါလော။

## ထိတ်လန့်ကြောက်မက်ဖွယ်အရေးပေါ် ( သို့ ) ကျွန်ုပ်လှုခဲ့သော ဝိပိတ်ံန

ကျွန်ုပ်သည် မန္တလေးပြည်သူ့ ဆေးရုံကြီးရှိ ဆေးကုသဆောင် အသီးသီး၌ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်ုပ်အား ပြည်သူ့ ကျန်းမာရေးဌာနတွင် အသစ်ဖွင့်လှစ်သည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့သို့ ခန့်အပ်လိုက်ရာ မိမိ၏ဆန္ဒနှင့် မကိုက်ညီသော်လည်း အစိုးရဝန်ထမ်းအဖြစ် ကျရာတာဝန်ထမ်းဆောင်ရန် အခိုင်အမာ သန္နိဋ္ဌာန်ချထားသည့်အားလျော်စွာ အမိန့်ကျ မငြင်းမဆန် လက်ခံ ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်၏ တာဝန်မှာ ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံနှင့် ဒေသန္တရဆေးခန်းများသို့ သွားရောက်၍ ငှက်ဖျားရောဂါနှင့် ပတ်သက်သော စာရင်းဇယားများကို စုစည်းရသည်။ ၄င်းဒေသများတွင် ဆောင်ရွက်နေသည့် ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ကြပ်မတ်ရသည်။

ထိုခေတ်ထိုအခါက ဆေးရုံဆေးခန်းများမှာ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ဝန်ထမ်းအင်အား နည်းလှပေသည်။ ဆရာဝန်မလုံလောက်၍ အိန္ဒိယနိုင်ငံမှ ဆရာဝန်များကို ငှားရမ်းအသုံးပြုခဲ့ရသည်။ အိန္ဒိယမှလာသော ဆရာဝန်များမှာ ဌာနပေါင်းစုံမှ ပုဂ္ဂိုလ်အမျိုးမျိုးဖြစ်ပြီး အရည်အချင်းမပြည့်မီသောသူအချို့ပင် ရောနှောပါဝင်လာသည်ကို တွေ့ရှိခဲ့ရသည်။

ကျွန်ုပ်၏တစ်ခုသော ခရီးစဉ်အတွင်း ချင်းပြည်နယ် ကန်ပက်လက် ဆေးရုံသို့အသွား ကျေးလက်ကျန်းမာရေးဌာနတစ်ခုသို့ ရောက်ရှိခဲ့သည်။ ဆေးခန်းမှာ ဝါးကြမ်းခင်း သက်ကယ်မိုး ခြေတံရှည်တဲတစ်ခုဖြစ်သည်။ တည်နေရာကလည်း ကျွန်းသစ်ထုတ်သော သီးသန့်ကြိုးဝိုင်းသစ်တော၏အလယ်ဗဟို လူသူမနီးသည့် တောကြီးမြိုင်လယ်ဖြစ်ချေ၏။ တာဝန်ကျဆေးမှူးမှာ အိန္ဒိယမှ LMP ဘွဲ့ရလူငယ်တစ်ဦးဖြစ်ပြီး ဝေးလံ၍ခေါင်းပါးလှသော ဒေသသို့ ရောက်နေသဖြင့် စိတ်ဓါတ်ကျကာ အလုပ်ကို စိတ်ဝင်စားဟန်မတူပေ။ ကျွန်ုပ်သည်း မိမိကိုယ်မိမိ မိတ်ဆက်ပြီး လာရောက်သည့် အကြောင်းကိစ္စကို ပြောဆို၍ ယင်းနယ်မြေတစ်ဝိုက် ငှက်ဖျားရောဂါနှင့် စပ်လျဉ်းသော စာရင်းဇယားများကို တောင်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာဝန်က ကျွန်ုပ်အား ငှက်ဖျားဆိုင်ရာစာရင်းဇယားများကို ပြသပေးသည့်အပြင် သူ၏လူနာဆောင်ကိုလည်း လှည့်လည်ပြသပါသည်။ လူနာဆောင်ရှိ အမျိုးမျိုးသော ဝေဒနာသည်တို့ကို လှည့်လည်ကြည့်ရှုနေစဉ် အိပ်ရာတွင်လဲနေသော အသက်(၂၅)နှစ်ခန့် လူရွယ်တစ်ဦးမှာ အတော်အနေဆိုးဟန်ရှိပြီး ကယောင်ကတမ်း ညည်းညူအော်ဟစ်နေသည်ကို သတိပြုလိုက်မိသည်။ ထိုလူနာ၏ ခုတင်အနီးသို့ ကျွန်ုပ်တို့ချဉ်းကပ်မိသောအခါ ကယောင်ကတမ်းဖြစ်နေသော ထိုလူနာသည် အိပ်ရာထဲတွင် ငါးဖယ်ပျံသလို လူးလိမ့်နေ ရှာ၏။ လူနာထံမှ စူးရှသော အပုပ်နံ့ ထွက်ပေါ်လျက်ရှိသည်။ "ဘာဖြစ်တာလဲ" ဟုမေးရာ ထိုလူနာမှာ စစ်ရဲတပ်သားတစ်ဦးဖြစ်ကြောင်း၊ လွန်ခဲ့သော တစ်ပတ်ခန့်က သောင်းကျန်းသူများနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်၍ လက်တွင် သေနတ်ထိမှန်ထားခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် ဆေးရုံအရောက်နောက်ကျပြီး ဆိုးရွားလှသည့် အနာပုပ်ရောဂါ (Gangrene) ဖြစ်နေပြီဟု တာဝန်ခံဆရာဝန်က ရှင်းလင်းပြောပြပါသည်။

ကျွန်ုပ်လည်း စိတ်ဝင်စားလှသဖြင့် ဆရာဝန်ကို ခွင့်ပန်၍ ထိုလူနာအား သေသေချာချာ စမ်းသပ်စစ်ဆေးကြည့်ပါသည်။ သေနတ်ဒဏ်ရာက ဘယ်ဘက်လက်ဖျံမှာဖြစ်ပြီး ကနဦးပြုစုမှု မရခဲ့သည့်အပြင် ခရီးလမ်းပန်း နှောင့်နှေးကြန့်ကြာမှုကြောင့် တံတောင်ဆစ်ရောက်လုအောင် ပုပ်စပြုနေပြီကို တွေ့ရသည်။ လူနာ၏အခြေအနေက အလွန်ဆိုးဝါးသည်။ အဖျားသွေး (၁၀၄) ဒီဂရီဖာရင်ဟိုက်အထိတက်ပြီး ကယောင်ချောက်ချားနှင့် သတိလက်လွတ်ဖြစ်နေပြီ။

အဆိုပါလူနာမှာ အချိန်မီမကုသရလျှင် အသက်အန္တရာယ် အလွန်နီးကပ်နေပြီဟု ပွင့်ပွင့်လင်းလင်းပြောပြမိသည်။ အနီးဆုံး အဆင့်မြင့်ဆေးရုံဖြစ်သော ပခုက္ကူဆေးရုံကို ပို့မည်ဟု ဆုံးဖြတ်လျှင်လည်း အမြန်ဆုံးပို့နိုင်အောင်စီစဉ်ဖို့လိုသည်။ သယ်ယူပို့ဆောင်ရန်ကလည်း နွားလှည်းတစ်မျိုးသာ ရှိသောကြောင့် ပခုက္ကူရောက်ရန် (၃)ရက်မှ (၅)ရက်ခန့်ကြာမည်။ အခြေအနေ ဆိုးလှသော ထိုလူနာမှာ ခရီးဒဏ်ခံနိုင်ဖို့ လုံးဝမလွယ်ပေ။ လမ်းခုလတ်တွင် သေဖွယ်ရာရှိပါသည်။ တစ်ဖက်တွင်လည်း ပခုက္ကူဆေးရုံမပို့ဘဲ ပစ္စည်းကိရိယာပြည့်စုံသော ဤဆေးခန်း၌ ခွဲစိတ်ကုသမည်ဆိုပါက အန္တရာယ်ကြီးလွန်းလှသည်၊ ခွဲစိတ်မှုရလဒ်ကလည်း မရေမရာမသေမချာမို့ တာဝန်ကျဆရာဝန်အနေနှင့် အသေအချာ ဆုံးဖြတ်ရမည့်ကိစ္စပင် ဖြစ်ပါ၏။



ဆေးကုသသည်ဖြစ်စေ မကုသသည်ဖြစ်စေ၊ သေနိုင်သည့် အခြေအနေမျိုးပင်တည်း။ ပစ္စည်းကိရိယာပြည့်စုံခြင်းမရှိသော ဤဆေးခန်းကဲ့သို့ နေရာမျိုးတွင် ခွဲစိတ်ကုသ၍ အသက်ကယ်ရမည်ဆိုပြန်လျှင်လည်း အလေးအနက် ချင့်ချိန်စဉ်းစားသင့်ပါ၏။ သေသည်ရှင်သည်မှာ လူနာ၏ကံကြမ္မာအတိုင်းသာဖြစ်ပေမည်။ လူနာကို မကယ်တင်နိုင်သည့်အတွက် မည်သူကမျှ ဆရာဝန်ကို အပြစ်တင်နိုင်မည်မဟုတ်ချေ။ ကျွန်ုပ်လည်း ထိုအကြောင်းကို မေ့ပျောက်လိုက်ရန် ဆုံးဖြတ်ပြီးနောက် စိတ်ညစ်ညူးစွာဖြင့် မိမိအခန်းရှိရာသို့ ပြန်လာခဲ့ပါတော့သည်။

ထိုနေ့ညနေပိုင်းတွင် ဆေးရုံမှတ်တမ်းများကို မွှေနှောက်ကြည့်ရှုနေစဉ် တာဝန်ကျဆရာဝန်သည် မမျှော်လင့်ဘဲ ကျွန်ုပ်ထံ ရောက်လာခဲ့ပါသည်၊ နှုတ်ခွန်းဆက်စကား အနည်းငယ်ပြောပြီး ထိုလူနာအကြောင်းကို ပြန်လည်ဆွေးနွေးပါသည်။ ယခုတစ်ခေါက်တွင်ကား သူက ဒိုင်ခံပြော၍ ကျွန်ုပ်က နားထောင်သူသာဖြစ်နေတော့သည်။ ဆွေးနွေးပြီးအချက်အလက်များကိုပင် တစ်ကျော့ပြန် သုံးသပ်ဝေဖန်ကြည့်ကြပါ၏။

ဆရာဝန်။ ။လူနာကို ဒီအခြေအနေအတိုင်း နွားလှည်းနဲ့ ပခုက္ကူ ပို့လိုက်ရင်တော့ လမ်းမှာ သေမှာမုချပဲ၊ ကျွန်တော်တော့ မပို့ရဲဘူး။ ပို့လည်း မပို့ရက်ဘူး။

ကျွန်ုပ်။ ။အဲဒီလို မပို့ဖို့ဆုံးဖြတ်ရင်လည်း အသက်ကယ်နိုင်ဖို့ တခြားနည်းလမ်းအနေနဲ့ အမြန်ဆုံး ခွဲစိတ်ကုသပေးရလိမ့်မယ်။

ဆရာဝန်။ ။ကျွန်တော့်ဆေးခန်းမှာ အရေးပေါ် ခွဲစိတ်ကိရိယာဆိုလို့ ဘာမှရှိတာမဟုတ်ဘူး။ ချုပ်ဖို့ ကြောင်အူတောင်မရှိဘူး။

ကျွန်ုပ်။ ။ရွာထဲကဈေးဆိုင်မှာ နံပါတ်(၂၀)နဲ့ နံပါတ်(၄၀) အပ်ချည်ကြိုးတွေရရင် ကြောင်အူအစား သုံးနိုင်ပါတယ်။

ဆရာဝန်။ ။အရိုးဖြတ်ဖို့ ခွဲစိတ်ခန်းသုံးလွှလည်း မရှိဘူး

ဟု ညည်းညူ ပြန်သည်။

ကျွန်ုပ်က "ခင်ဗျားတပည့်ထဲက သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိမည့်သူ တစ်ယောက်ယောက် လိုချင်တယ်" ဟု ပြောလိုက်သောအခါ သူ၏ဆေးခန်းမှ ရုံးလုလင်ကို ခေါ်ပေးပါသည်။ ကျွန်ုပ်က ထိုလုလင်အား "ရွာထဲမှာ လက်သမားမရှိဘူးလား" ဟု မေးရာ သူက ရှိကြောင်းပြောပါသည်၊ ကျွန်ုပ်လည်း လုလင်အား လက်သမားဆရာထံသွား၍ လွှအသစ်တစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ရလျှင် တောင်းပြီးဝယ်ခဲ့ဖို့၊ ရောင်းစရာလွှအသစ်မရှိရင်လည်း လွှကောင်း တစ်လက်ငှားခဲ့ဖို့ မှာကြားလိုက်သည်။ နာရီဝက်ခန့်အတွင်း လွှအသစ်တစ်လက်ကို ယူဆောင်၍ ထိုလူငယ် ပြန်ရောက်လာလေ၏။

"ဒီလွှကို အိုးကြီးကြီးထဲမှာ ပွက်ပွက်ဆူအောင် အကြိမ်ကြိမ်ပြုတ်ပြီးတော့ ခွဲစိတ်ခန်းမှာအရိုးဖြတ်ဖို့ အသုံးပြုနိုင်ပါသည်။ ခင်ဗျားဆီမှာ အသေးစားခွဲစိတ်မှုဘွဲ့လုပ်ဖို့ ထုံဆေးတော့ရှိမှာပေါ့"ဟု ကျွန်ုပ်က ပြောသည့်အခါ သူကရှိကြောင်းဝန်ခံပါသည်။

"ဒီလိုဆိုရင်တော့ ဘရေခီရယ် အာရုံကြောကြီးကို ထုံဆေးနဲ့ပိတ်ပြီး ခွဲစိတ်လို့ရပါတယ်"

မှန်ပါသည်။ လည်ပင်းအောက်ခြေတွင် ထုံဆေးများထိုး၍ ဘရေခီရယ် အာရုံကြောကြီးကို ပိတ်ဆို့ထားပါက လက်တစ်ချောင်းလုံးကို တစ်နာရီကျော်ကြာသည်အထိ ကြိုက်သလိုခွဲစိတ်နိုင်သည်။

တာဝန်ကျဆရာဝန်မှာ ခေတ္တနှုတ်ဆက်သွားပြီးနောက် သူ၏ထိုင်ခုံပေါ်တွင် နေမထိထိုင်သာ လှုပ်လှုပ်ရွရွဖြစ်လာပြီး ရှက်ပြုံးကလေးပြုံးကာ

"လက်မောင်းကိုဖြတ်ရတဲ့ ခွဲစိတ်မှုအတွေ့အကြုံမျိုး ကျွန်တော့်မှာမရှိလို့ ကျွန်တော် မလုပ်တတ်ဘူး။ ကျွန်တော့်ကိုယ်စား ဆရာ ခွဲစိတ်ပေးပါလား။ သူ့ အသက်ကို ကယ်ပါဗျာ၊ လက်မောင်းကို ခွဲစိတ်ဖြတ်တောက် မပေးနိုင်ရင် ဒီလူနာ သေတော့မှာပဲ" ဟု ဝန်ခံ ပြောဆိုရှာလေသည်။

သို့နှင့် ကျွန်ုပ်လည်း လက်မောင်းကို ခွဲစိတ် ဖြတ်တောက်ရန် ဆုံးဖြတ်ပြီး ကာယကံရှင်လူနာနှင့်တကွ သူ၏ဆွေမျိုးများကိုပါ တွေ့ဆုံ စကားပြောရသည်။ လူနာမှာ အသည်းအသန်ဖြစ်နေသော်လည်း သတိကောင်းသေးသောကြောင့် ရောဂါအခြေအနေနှင့် ခွဲစိတ်မည့်အစီအစဉ်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြရသည်။ လက်မောင်းကို မဖြတ်လျှင် အသက်ရှင်ဖို့ လမ်းက အလွန်နည်းလှသည်။ လိုအပ်သလို ခွဲစိတ်ကုသမှုကို ခံယူရန်သဘောတူကြောင်း လူနာနှင့်တကွ မိသားစုများက လက်မှတ်ရေးထိုးပေးဖို့ လိုအပ်သည်။ မိသားစုများတိုင်ပင်ကြသည်မှာ ၁၅မိနစ်ခန့်သာ ကြာပါသည်။ သူတို့ဘက်ကမူ ခွဲစိတ်ပြီးလျှင် သူတို့လူနာ မသေစေရဘူးဟု အာမခံစကားမျိုး ကြားလိုကြသည်။ မသေစေရဘူးလို့ ရာနှုန်းပြည့် အာမမခံနိုင်ပေမယ့် ပုပ်တဲ့ အစိတ်အပိုင်းကို ဖယ်ရှားပြီးတာနဲ့ အလားအလာ အလွန်ကောင်းသွားနိုင်ပါတယ် ဟုသာ အဖြေပေးနိုင်ပါသည်။



အခန်းငယ်တစ်ခန်းကို သန့်ရှင်းရေးလုပ်ပြီး ခွဲစိတ်ခန်းဖြစ်အောင် ဖန်တီးရသည်။ စားပွဲရှည်တစ်လုံးကို ယူပြီး ခွဲစိတ်ခုံအဖြစ် အသွင်ပြောင်းရသည်၊ ပစ္စည်းကိရိယာများကို ပိုးသန့်စင်အောင်လုပ်ရန် ပေါင်းအိုးမရှိသည့်အလျောက် ဇာဂနာ၊ ကတ်ကြေး၊ ခါးစသော ခွဲစိတ်ကိရိယာများနှင့် အပ်ချည်ကြိုးများ မကျန် ပစ္စည်းအားလုံးကို အချိန်ယူပြီး ရေနွေးနှင့် ပြုတ်ရသည်၊ ဆေးထိုးပြွန်နှင့် အပ်များကိုလည်း ပိုးသန့်အောင် ပြုတ်ရသည်။

ခွဲစိတ်ခန်းသုံး လွှနှင့်ဖြတ်ရသကဲ့သို့ မြန်မြန်ဆန်ဆန် မရှိသော်လည်း ချောမောအောင်မြင်စွာ ဖြတ်၍ရပါသည်။ ကြွင်းကျန်ရစ်သော လက်မောင်းအရင်းပိုင်း အရိုးငုတ်တိုအား ကြွက်သားတစ်ထပ်၊ အရေပြားတစ်ထပ် သပ်သပ်ရပ်ရပ် ဖုံးအုပ်၍ ပြန်ချုပ်ပေးပြီး ပတ်တီးစည်းရသည်။

ဇာတ်လမ်းကို အတိုချုပ်၍ပြောရလျှင် တံတောင်ဆစ်အထက်မှ လက်မောင်းကို ဖြတ်တောက်သည့် ခွဲစိတ်မှုကြီးကို အထစ်အငေါ့မရှိဘဲ ချောမော အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူနာ၏အခြေအနေက ကျေနပ်အားရဖွယ်ကောင်းလှပါ၏။ သွေးပေါင်ချိန်နှင့် သွေးခုန်နှုန်းများကလည်း ပုံမှန်အတိုင်းပင်။ ကျွန်ုပ်တို့မှာလား ဖိစီးနေသော ဝန်ထုပ်ကြီးကျသွားသည့်အလား ပေါ့ပါးသွားသဖြင့် ယခုမှပင် သက်မ ချနိုင်ပါတော့၏။ မိမိတို့အား ဖေးကူမ ပေးသော ကုသိုလ်ကံကိုလည်း ကျေးဇူးတင်ရပါသေးသည်။ ဤသို့ ခွဲစိတ်မှုပြုပြီးနောက် ၎င်းရွာမှ ထွက်ခွာ၍ ငှက်ဖျားနှိမ်နင်းရေးတာဝန်နှင့် ခရီးသွားနေရလင့်ကစား စိတ်ကမူ ဆေးခန်းတွင် ကျန်ရစ်ခဲ့သော လက်မောင်းဖြတ်ထားသည့် လူနာထံသို့သာ လွင့်ပျံနေတော့သည်။

"ငါ ခရီးသွားနေတုန်း အဆိပ်တက်ပြီး သေနေပြီလား"

"ပြန်ရောက်လျှင် ဒီလူနာကိုတွေ့မှ တွေ့ရပါဦးမလား"

စသည်ဖြင့် အဆိုးဆုံးထိ တွေးပြီး စိတ်ထင့်နေမိသည်။

"ဘာမှလုပ်လို့မဖြစ်နိုင်တဲ့ အနေအထားမှာ အကောင်းဆုံး လုပ်ပေးခဲ့တာပဲ" ဟု မိမိကိုယ်မိမိ ဖြေသိမ့်ရပါသည်။

အိပ်ကောင်းခြင်းမအိပ်နိုင်၊ စားကောင်းခြင်းမစားနိုင်ဖြစ်နေသော ကျွန်ုပ်၏သောကကို ခရီးဖော်များလည်း ရိပ်စားမိကြလေသည်။ ကျွန်ုပ်သည် အလုပ်တာဝန်ပြီးဆုံးသည်နှင့်တပြိုင်နက် ဆေးခန်းဆီသို့ တစ်ဖန်ပြန်၍ ခြေဦးလှည့်ခဲ့ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏လူနာကို အသက်နှင့်ခန္ဓာမြဲရုံမက ထူထူထောင်ထောင်နှင့် လူကောင်းပကတိသဖွယ် တွေ့ရပြီး သူက ကျွန်ုပ်အား ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါခါပြောကာ သူ၏လက်မောင်းငုတ်တိုကို မြှောက်ပြသည်။

ပြန်လည်သုံးသပ်ရာတွင် ထိုစဉ်က ကျွန်ုပ်သည် ဆရာဝန်သစ်လွင် တစ်ယောက်မျှသာ ဖြစ်၏။ ဆရာသမားများ၏ဩဝါဒကို လိုက်နာ၍ လုပ်ခဲ့ခြင်း သာဖြစ်သော်လည်း လက်မောင်းမဖြတ်ဘဲထားလျှင် ဤလူနာ အသက်ရှင်နိုင် ခြေရှိမရှိနှင့် အသည်းအသန်ဖြစ်နေသော လူနာ၏ အခြေအနေနှင့် လက်နက် ကိရိယာမပြည့်စုံဖြစ်နေသော ဆေးခန်း၏အနေအထားတို့ကို ထည့်သွင်းစဉ်းစား ချင့်ချိန်လျက် အရဲစွန့်၍ ခွဲစိတ်ကုသခြင်းသာဖြစ်သည်။

ခြေလက်အင်္ဂါအစိတ်အပိုင်းနှင့် အသက်ကို ရွေးရမည့်အကြောင်း ကိစ္စမျိုး ပေါ်ပေါက်ခဲ့သော် ခြေလက်အင်္ဂါကို မငဲ့ဘဲ လူ့အသက်ကိုသာ ကယ်ရ မည် ဟူ၍ ကျွန်ုပ်၏ဆရာသမားတို့က သင်ကြားလေ့ကျင့်ပေးခဲ့သဖြင့် ထိုသို့ လုပ်ခဲ့ခြင်းဖြစ်ရာ မည်သည့်ရလဒ်မျိုးမဆို ကျွန်ုပ်အား နောင်တရစေမည် မဟုတ်ပေ။ ပညာအမြော်အမြင်ကြီးမားရုံသာမက မေတ္တာစေတနာကြီးမားလှ သော ဆရာသမားတို့၏ကောင်းမွန်စွာ သင်ကြားလေ့ကျင့်ပေးခြင်းကို ခံယူခဲ့ရ သည့်အတွက် အရေးကြုံသည့်အခါ သက်လုံကောင်းခဲ့သော ကျွန်ုပ်မှာ ကုသိုလ် ကံ ကောင်းပေစွတကား။

ချင်းပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနတစ်ခုတွင် ရရာ ပစ္စည်းများသုံး၍ အသက်တစ်ချောင်းကို ကယ်တင်နိုင်ခဲ့သော ဤခွဲစိတ်မှုသည် ကျွန်ုပ်အဖို့ သက်ဆုံးတိုင် နှစ်သိမ့်ကြည်နူးစေမည့် ဇီဝိတဒါနတစ်ခု ဖြစ်ပါ တော့သတည်း။

မြန်မာတိုင်း(မ်)
ဖေဖော်ဝါရီ ၂၂-၂၈၊ ၂၀၀၂

ဤဆောင်းပါးသည် ၂၀၀၁ ခုနှစ်၊ ဧပြီလထုတ် Myanmar Journal of Current Medical Practice (MJCMP Vol:15 No.3) တွင်ပါရှိသော သားဖွားနှင့် မီးယပ်ပညာ ပါမောက္ခ ဒေါက်တာစိုးမြင့် MBBS, FRCOG (Landon) ၏ ဆောင်းပါးကို ဒေါက်တာကျော်မြင့်(ဓါတ်မှန်) က ဘာသာပြန်ဆို ထားခြင်း ဖြစ်သည်။

## "ခန္ဓာကိုယ်တွင်း ချဉ်းနင်းဝင်ရောက်သော ပြင်ပပစ္စည်းများ"

လူ၏ခန္ဓာကိုယ်အတွက် သူစိမ်းတစ်ရံဆံဖြစ်သော သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းအမျိုးမျိုးသည် မတော်တဆဖြစ်စေ၊ တမင်သက်သက် လုပ်ဆောင် ချက်ကြောင့်ဖြစ်စေ၊ ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားနိုင်ပါသည်၊ ထိုအခြင်း အရာမျိုးဖြစ်ပွားလျှင် နုနယ်သောလူ၏ကိုယ်ခန္ဓာက အနည်းနည်းအဖုံဖုံ တုန့် ပြန်ဘိသကဲ့သို့ ယင်းလူနာမျိုးကို ဆရာဝန်တို့ ကိုင်တွယ် ဖြေရှင်းကြပုံမှာလည်း တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားပေအံ့။ အတွေ့အကြုံရှိဖူးသော ဆရာဝန်က တည်ငြိမ်အေးဆေးစွာ ပြုစုကုသပေးနိုင်မည်ဖြစ်သော်လည်း အတွေ့အကြုံမရှိ သူဖြစ်ခဲ့လျှင် ခြေမကိုင်မိ လက်မကိုင်မိ ပျာယီးပျာယာ ဖြစ်ရှာပေလိမ့်မည်။

သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းအမျိုးမျိုးသည် ရှိရှိသမျှ ဒွါရပေါက်တို့ကို ဖြတ်သန်း၍ ခန္ဓာကိုယ်တွင်း ချဉ်းနင်းဝင်ရောက်သွားသော ဖြစ်ရပ်တို့မှာ အနမတဂ္ဂ များပြားလှပေစွ။ စားရင်းသောက်ရင်း ငါးရိုးစူးခြင်းမှာ အဖြစ်များသင့် ကစား အရိုးနုလေးများဖြစ်သောကြောင့် အချိန်တန်လျှင် အလိုအလျောက် ထွက်သွားနိုင်သည်ဟု နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူတစ်ဦးက ပြောခဲ့ဖူး သည်။ ကလေးငယ်တို့မျိုချတတ်သော တွယ်ချိတ်များသည် အစာအိမ်နှင့် အူ လမ်းကြောင်းတစ်လျှောက် ဘေးမသီရန်မခ စုန်ဆင်းသွားပြီး စအိုမှ ပြန်ထွက် လာတတ်သည်မှာလည်း အံ့ဖွယ်ကောင်းပါဘိ။ အစာပြွန်နှင့် အသက်ရှူ လမ်း ကြောင်းထဲဝင်သွားသော ပိုက်ဆံအကြွေစေ့များကို ကျွန်ုပ်၏ဆရာသမားနှင့် လုပ်ဖော်ကိုင်ဖက်အချို့က ဘရွန်ခိုစကုတ် (လေရှူပြွန်ထဲထည့်၍စစ်ဆေး သော မှန်ပြောင်း) အသုံးပြု၍ ထုတ်ယူကြသည်ကို လေ့လာကြည့်ရှုဖူးပါသည်၊

### နားထဲဝင်သောပိုးဟပ်

၁၉၅၃ ခုနှစ်က မန္တလေးပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနတွင် အလှည့်ကျ တာဝန်ခံဆရာဝန်ဖြစ်သော ကျွန်ုပ်မှာ ထိုနေ့ညအဖို့ ဆေးရုံတစ်ရုံ လုံး၏ ပြဿနာပေါင်းစုံကို ဒိုင်ခံဖြေရှင်းရမည့်သူပေတည်း။ လူနာဆောင်များမှ လူနာတစ်ဦးဦး ဖောက်၍အရေးပေါ်ခေါ် လျှင် လိုက်ကြည့်ရသည်။ ပြုစုကုသမှု

www.burmeseclassic.com

www.burmeseclassic.com



ပေးရသည်၊ ညအချိန်မတော်ဖြစ်လေ့ရှိသော ရာဇဝတ်မှုများ၊ မတော်တဆထိခိုက်မှုများနှင့် အရေးပေါ်မျိုးစုံတို့ကိုလည်း ကြည့်ရှုကုသပေးရသည်။

ညဦးပိုင်တွင် ကျွန်ုပ်သည် ဂျူတီခန်း၌ စာဖတ်နေစဉ် အရေးပေါ်ဌာန၏ ပုံမှန်အသံဗလံများကို ထိုးဖေါက်၍ အမျိုးသမီးတစ်ယောက်၏ စူးစူးရှရှ အဆက်မပြတ် အော်ဟစ်သံကို ကြားလိုက်ရသည်။ ညပိုင်းတာဝန်ကျသော ဆေးထည့်သမားသည် ကျွန်ုပ်၏အခန်းထဲသို့ ဒရောသောပါး ဝင်လာပြီး "ဖော်ရိန်းဘော်ဒီ" လူနာရောက်ကြောင်းသတင်းပို့သည်။ စမ်းသပ်ခန်းထဲတွင် အသက်ကြီးကြီးမိန်းမဖော်တစ်ဦးနှင့်အတူ ဘယ်ဘက်နားရွက်ကို လက်ဖြင့်အုပ်ပြီး အော်ဟစ်နေသော အသက်(၁၈)နှစ်အရွယ်ခန့် မိန်းမပျိုလေးတစ်ဦးကို တွေ့ရပါသည်၊ သူတို့၏ပြောပြချက်အရ လူနာမိန်းကလေးသည် ဆေးရုံကြီးအနီး လမ်း(၃၀)အတိုင်း စက်ဘီးစီးလာစဉ် ပျံသန်းလာသော အကောင်တစ်ကောင် နားထဲဝင်သွားခြင်းဖြစ်ကြောင်း သိရပါ၏။ နားထဲသို့ အကောင်ဝင်သည်နှင့် တစ်ပြိုင်နက် မခံမရပ်နိုင်အောင် နာကြောင်း ပြောပြရှာသည်။ ကျွန်ုပ်၏မျက်စိအောက်တွင် လူနာမိန်းကလေးမှာ နာလွန်းလှသဖြင့် ထွန့်ထွန့်လူးနေပါတော့သည်။ ကျွန်ုပ်လည်း ယောက်ယက်ခတ်နေသော သူမကို ဖျောင်းဖျောင်းဖျဖျဖြင့် အိပ်ယာမှာ အလှဲခိုင်းကာ ခေါင်းကို ညာဘက်စောင်းစေပြီး ဘယ်ဘက်နားကို လက်နှိပ်မီးဖြင့် ထိုး၍စစ်ဆေးသောကြည့်ရှုရပါ၏။

တွေ့မြင်ရသောမြင်ကွင်းမှာ အတောင်နှစ်ဖက်ကုပ်၍ နားပေါက်ထဲတွင် ပြည့်ကျပ်နေသော အကောင်တစ်ကောင်၏ဖင်ပိုင်းကို တွေ့နေရခြင်း ဖြစ်ပေသည်။ ပိုးဟပ်နှင့်တူပါ၏။ နားပေါက်ထဲတွင် အပြည့်အကျပ် နေရာယူထားသော ပိုးဟပ်မှာ အသက်ရှိနေသောကြောင့် ရှေ့ကို တိုးဝင်ရန် ကြိုးစားရာ သူ၏ခြေလက်တို့ရှိ ဆူးချွန်လေးများက နားစည်ကို ထိုးမိ၍ မခံမရပ်နိုင်အောင် နာခြင်းဖြစ်တန်ရာသည်။ ပိုးဟပ်က တိုးလေ၊ နားစည်ကိုထိုးမိလေဖြစ်သဖြင့် မခံနိုင်အောင်နာသောကြောင့် အော်ဟစ်နေရခြင်းပင် ဖြစ်သည်။ ကျွန်ုပ်က ပိုးဟပ်ကို ဇာဂနာဖြင့်ဆွဲထုတ်ရန် စမ်းသပ်ကြိုးစားကြည့်ရာ ထိရုံမျှနှင့်ပင် ပိုးဟပ်က ရှေ့ကို နည်းနည်းရုန်းပြီး တိုးသောကြောင့် လူနာမိန်းကလေးမှာ မခံနိုင်အောင် နာ၍ အသံကုန်အော်ဟစ် ရာလေသည်။

'ဇာဂနာနှင့် ဆွဲထုတ်လို့မရတော့ဘူး၊ တစ်ဦးတည်းသော နား၊ နှာခေါင်း လည်ချောင်းပါရဂူကလည်း အနီးအနားမှာမရှိ ငါဘယ်လိုလုပ်ရမလဲ၊ ဘာလုပ်ပေးရမလဲ။'



လူနာကို စမ်းသပ်ကုတင်မှာ လှဲနေစေပြီး ကျွန်ုပ်၏ ဂျူတီခန်းထဲပြန်ဝင်ကာ ပိုးဟပ်ထုတ်ဖို့ အကြံဉာဏ်ထုတ်ရသည်။ ပိုးဟပ်ကို မလှုပ်နိုင်အောင် လုပ်ပြီးမှသာ ထုတ်၍ရနိုင်မည်။

မလှုပ်နိုင်အောင် ဘယ်လိုလုပ်ရမလဲ။ မိနစ် အတန်ကြာအောင် ကျွန်ုပ်၏ဦးနှောက်ကို ခြစ်ချုပ်ပြီး အကြံဉာဏ်ထုတ်ရသည်၊ လူနာမိန်းကလေးမှာ ဝေဒနာ အပြင်းအထန်ခံစားနေရသဖြင့် အမြန်ဆုံးသက်သာအောင် လုပ်ပေးဖို့လိုသည်။ လူနာကို နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူထံ ပို့မည်ဆိုလျှင်လည်း အချိန်က ပိုကြာဦးမည်။ ဆရာဝန်ကြီး ရှိ မရှိ ချက်ချင်း ကြည့်ပေးနိုင် မပေးနိုင် စသည့် အချက်များကလည်း ကံသေကံမ ပြော၍မရ၊ လူနာခမျာ တစ်ချိန်လုံး ဝေဒနာခံနေရပေလိမ့်မည်။ ထိုအခိုက် အကြံကောင်းတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ "ပိုးဟပ်ကို ထုံဆေးနှင့် မလှုပ်နိုင်အောင် လုပ်ပြီးမှ ထုတ်မည်။" ကျွန်ုပ်သည် ဆေးထည့်သမားထံမှ "အီသာ"တစ်ပုလင်း အော်၍တောင်းလိုက်သည်။ ဤဌာနတွင် အီသာဆိုသည်မှာ အလျှံပယ်ပေါပါ၏၊ ကျွန်ုပ်သည်လူနာနှင့် သူ၏အဖော်အား ပြဿနာ၏ သဘောသဘာဝကို ရှင်းပြရသည်။ ပိုးဟပ်အသက်ရှင်နေသ၍ တိုးဝင်လှုပ်ရှားနေမည် ဖြစ်သောကြောင့် အပြင်းအထန်နာရုံသာမက နားစည်ထိခိုက်ပြီး သောတအာရုံပင် ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ပိုးဟပ်ကို ထုံဆေးနှင့် မလှုပ်နိုင်အောင်လုပ်ပြီးမှ ထုတ်ယူမည့်မိမိ၏စိတ်ကူးကို ပြောပြရာ သူတို့က လက်ခံသဘောတူကြပါသည်၊

ကျွန်ုပ်သည် အီသာဆေးရည်ကို နားရွက်ပေါ် လျှံကျလာသည်အထိ တစ်စက်ချင်းနားပေါက်ထဲသို့ လောင်းချပါသည်။ လောင်းစ ကနဦးတွင် အီသာ၏ အအေးဓါတ်ကြောင့် ပိုးဟပ်က လှုပ်သွားသဖြင့် မခံနိုင်အောင်နာ၍ လူနာထံမှ အော်သံတစ်ချက် ထွက်လာသော်လည်း အချိန်အနည်းငယ်အတွင်း နားတစ်ဝိုက် ကောင်းကောင်းထုံသွားပါသည်။ နားတစ်ခုလုံး ထုံသွားရုံသာမက ပိုးဟပ်ပါသေသွားသည်အထိ အီသာ၏အာနိသင်ပြည့်ပြည့်ဝဝရရှိစေရန် (၁၀) မိနစ်ခန့်စောင့်ကြည့်ပြီးမှ နားထဲကို လက်နှိပ်မီးဖြင့် ထိုးကြည့်သောအခါ ပိုးဟပ်မှာ တုတ်တုတ်မျှပင် မလှုပ်တော့ချေ။ နားပေါက်ထဲတွင် ပြည့်ကျပ်နေသော ဂြိုဟ်မွှေသည့် ပိုးဟပ်ကို အကောင်လိုက်ထုတ်ရန် မဖြစ်နိုင်သောကြောင့် စိတ်ရှည်လက်ရှည် တစ်စချင်းထုတ်ယူရသည်မှာ လက်ဝင်ရုံမျှမက ပင်ပန်းလှပါ၏။

အားလုံးပြီးစီး၍ ပြန်လည်စစ်ဆေးကြည့်ရှုသောအခါ ပိုးဟပ်၏

www.burmeseclassic.com

www.burmeseclassic.com



မြေခြောင်းကလေးများကစူးသောကြောင့် ပေါက်သည့် သေးသေးမွှားမွှား ဒဏ်ရာကလေးများမှအပ နားတစ်ခုလုံး အကောင်းပကတိ။ ထိုအချိန်၌ ကျွန်ုပ်၏ လူနာမိန်းကလေးမှာ နာကျင်မှု လုံးဝမရှိတော့ဘဲ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်သွားပြီ။ သူမ၏သောတအာရုံမထိခိုက်ကြောင်း သေချာသည်ထက် သေချာစေရန် နောက်နေ့တွင် နား၊ နှာခေါင်း၊ လည်ချောင်း ပါရဂူထံ သွားရောက်ပြသဖို့ညွှန်ကြား၍ လွှဲစာထဲတွင် ရောဂါဖြစ်စဉ်နှင့်တကွ ကျွန်ုပ်၏ကုသပုံ ကုသနည်းကို ရေးသားပေးလိုက်ရပေမည်။

နားထဲဝင်သောပိုးဟပ်ကိုမူကား ကျွန်ုပ်အနေဖြင့် တစ်ရံတစ်ခါမျှ ကြုံလည်းမကြုံဖူး ကြားလည်းမကြားဖူးခဲ့ချေ။ တွေ့လျှင်တွေ့ချင်း အံ့အားသင့်လွန်းလှသဖြင့် မည်သို့မည်ပုံဖြေရှင်းရမည်ကိုပင် ရုတ်တရက် အကြံမရဖြစ်ခဲ့ရသည်။ လျှပ်တစ်ပြက်ပေါ် ထွက်လာသော တခ်နုပ္ပတ္တိဉာဏ်စွမ်းကြောင့်သာ ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်အဖို့ ထိုနေ့ထိုအချိန်က ထိုနေရာတွင်ရှိနေသည့် တစ်ဦးတည်းသော ဆရာဝန်ဖြစ်သည့်အလျောက် ပြန်ပြောင်းသုံးသပ်သည့်အခါ မိမိ၏ မြတ်ထိုးဉာဏ်ကြောင့်သာ ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်ပါသတည်း။

မတ် ၂၈-ဧပြီ ၃၊ ၂၀၀၃

ကျွန်ုပ်၏ဆရာ သားဖွားနှင့်မီးယပ်ပညာ ပါမောက္ခဒေါက်တာဦးစိုးမြင့်၏ Foreign Bodies ဆောင်းပါးကို ဘာသာပြန်ဆိုခြင်း ဖြစ်ပါသည်။

ဒေါက်တာကျော်မြင့်

BURMESE CLASSIC .com

ဖုက်ခွံကိုစိုက်သော ငါးများချိတ်

ဤလူနာဆေးရုံသို့ ရောက်ရှိလာပုံမှာ ပို၍ပင် ရောက်ခုနှုယ်ကောင်းလှသေးသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းနေခြင်းဖြစ်ရာ ပုံမှန်ညဂျူတီအပြင် နံနက်၊ နေ့ခင်းနှင့် ညနေပိုင်းဂျူတီချိန် စသည့် ဂျူတီချိန်တစ်ခုနှင့်တစ်ခုကြားချိန်များတွင် အရေးပေါ် ပြင်ပ လူနာဌာန၌ တာဝန်ယူပေးရသည်။ တစ်ခုသော ညနေဗ်နာရီခန့်တွင် ရောက်ရှိလာသော အသက်၃၀ခန့် အမျိုးသားလူနာတစ်ဦး၏ဖြစ်အင်မှာ ထူးခြားလှပါ၏။

လူနာသည် မန္တလေးမြို့ပြင်ထွက်ပြီး လမ်းဘေးရှိ အင်းအိုင်များတွင် ငါးများလေ့ရှိသူဖြစ်၏။ အချင်းဖြစ်သောနေ့ကလည်း ညနေရုံးဆင်းချိန်မှာ ငါးများတံကိုဆွဲ၍ဝါသနာတူ သူငယ်ချင်းတစ်ယောက်နှင့်အတူ ထုံးစံအတိုင်း ငါးများတံထုတ်ပြီး ပြင်ဆင်ဖွယ်တို့ကို ပြင်ဆင်ကြသည်။ သူတို့နှစ်ဦးက တစ်ယောက်တစ်လှည့် ငါးများနေကျ။ အလှည့်ကျသော သူ့သူငယ်ချင်းသည် ငါးစာကို ကျကျနနချိတ်ပြီး ငါးများချိတ်နှင့်ဖော့အား ရေလယ်ရောက်အောင် ပစ်လိုက်သည်။ ငါးတွယ်အောင်စောင့်ရင်း နှစ်ဦးသား ထွေရာလေးပါး စကားပြောနေကြသည်။ ရုတ်တရက် ငါးတွယ်၍ ဖော့လုပ်သွားသည့်အပြင် ငါးများကြိုး တင်းသွားသည်ကို သတိပြုလိုက်မိကြသည်။ သူငယ်ချင်းဖြစ်သူက ဖော့ကို အချိန် အတော်ကြာ စောင့်ကြည့် အကဲခတ်ပြီးမှ သေချာပေါက် ငါးဆွဲပြီထင်၍ ငါးများတံကို အားစိုက်ပြီး ဆွဲတင်လိုက်သည်။ ကံခေသည်မှာ ငါးများချိတ်တွင် ဘာမှ ပါမလာချေ။ ကျောဘက်သို့ရောက်သွားသော ငါးမပါသည့် ငါးများချိတ်နှင့် ကြိုးကို ရှေ့သို့ ပြန်ဆွဲမည်ပြုရာ ကြိုးက အလွယ်တကူ ဆွဲ၍မရ ဖြစ်နေဖိုက် နောက် ကျောဘက်ရှိ သူငယ်ချင်းဖြစ်သူ၏ စူးစူးရှရှအော်သံကို ကြားရသည်။ နောက်သို့ လှည့်ကြည့်လိုက်ရာ ငါးများချိတ်က သူ့ သူငယ်ချင်း၏ မျက်လုံးမှာ စိုက်ဝင်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရလေသည်။ ငါးများကြိုးကို ဆွဲလိုက်မိသောကြောင့် တစ်ဖက်လူမှာ မခံနိုင်အောင် နာကျင်လွန်းလှ၍ အော်ဟစ်နေရခြင်းပင်ဖြစ်၏။ အနီးကပ်၍ ကြည့်သောအခါ ငါးများချိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်မျက်လုံးမှာ စိုက်နေပြီး ကြိုးကလည်း တိုးလို့တန်းလန်းနှင့်မို့ မျက်စိမှိတ်သွားသည်အထိ တွေးပူမိသည်မှာ အမှန်ပင်၊ ကြောက်လန့်တုန်လှုပ်နေသည့်အားလျော်စွာ စေ့စေ့စပ်စပ်ပင် မကြည့်ရဲတော့ဘဲ ကြိုးရော ငါးမျှားချိတ်ပါ မျက်စိမှာ တန်းလန်းတန်းလန်းနှင့် ငါးမျှားတံကို လက်တစ်ဖက်က ကိုင်ကာ ဆေးရုံကြီးသို့ ကမန်းကတန်း လာခဲ့ခြင်းဖြစ်ပေသည်။

လူနာကို စမ်းသပ်ခန်းထဲသို့ ခေါ်လာသည့်အချိန်တွင် ကြိုးကို တင်းနေအောင်မဆွဲမိစေရန် သတိထားကိုင်တွယ်လာခဲ့သဖြင့် အလွန်အမင်း နာဟန်မတူချေ။ ငြိမ်သက်စွာ ထိုင်နေနိုင်ပါသည်။ "မျက်လုံးပျက်မှာလား၊ မျက်စိပြန်မြင်ရပါ့မလား" ဟူသော သူက ကျွန်ုပ်အား တတွတ်တွတ် မေးနေရှာတော့သည်။ သေသေချာချာစစ်ဆေးကြည့်သောအခါ ငါးမျှားချိတ်က ဘယ်ဘက်မျက်လုံး၏ အပေါ်မျက်ခွံကို မျက်တောင်အရင်းနားမှ ကပ်၍ဖောက်သွားခြင်းဖြစ်ကြောင်း တွေ့ရပါ၏။ ကြိုးတန်းလန်းနှင့် အပေါက်ပါသော ငါးမျှားချိတ်၏ အရင်းပိုင်းမှာ မျက်ခွံ၏အပေါ်ဘက်တွင် ရှိနေသည်။ ကံကောင်းထောက်မ၍သာ မျက်လုံးနှင့် နီးတစ်ပြားစာခန့် လွဲသွားခြင်းဖြစ်သည်။ သို့မဟုတ်လျှင် အကန်းဘဝ ရောက်ရမည့်သူ၏ ကံကြမ္မာကို တွေးပင်မတွေးရဲပါ။

စက္ကူအာရုံ ထိမထိက လတ်တလောပြဿနာ မဟုတ်ချေ။ မျက်လုံးမထိအောင် ယင်းငါးမျှားချိတ်ကို မည်ကဲ့သို့ ထုတ်ရမည်ဆိုသည့် အချက်သာလျှင် လက်ငင်းဖြေရှင်းရမည့် ပြဿနာဖြစ်ပေသည်။ ငါးမျှားတံမှ ကြိုးကြီးကလည်း ဘာတာပါဘိသနဲ့၊ ကြိုးတန်းလန်းနှင့် ဆွဲထုတ်ဖို့ လုံးဝမဖြစ်နိုင်ပါ။ ငါးမျှားချိတ်ဝင်သည့် လမ်းကြောင်းအတိုင်း ဆွဲထုတ်၍လည်းမဖြစ်နိုင်။ နောက်ပြန်ဆွဲထုတ်လိုက်လျှင်မူ ငါးမျှားချိတ်အချွန်ကြောင့် မျက်လုံးတစ်ဝိုက် စုတ်ပြတ်သွားပေလိမ့်မည်။

ကျွန်ုပ်လည်း တစ်ဖက်ခန်းသို့ ကူး၍ အကြံဉာဏ်ထုတ်ပါတော့၏။ မျက်လုံးမထိအောင် မည်သို့ဆွဲထုတ်ရမည်ကို အနုလုံပဋိလုံ အပြန်ပြန် အလှန်လှန်စဉ်းစားနေရင်း ဖျတ်ခနဲ အကြံရသည်။ ကျွန်ုပ်သည် တပည့်ဖြစ်သူ ဆေးထည့်သမားအား ဆေးရုံအနီးရှိ စက်ဘီးပြင်ဆိုင်တစ်ခုမှ ပလာယာ အသေးနှစ်ချောင်းကို ငှားပေးဖို့ ပြောလိုက်သည်။ လူနာကို စမ်းသပ်ခုတင်မှာ အိပ်နိုင်းပြီး မျက်စိမှိတ်၍ ငြိမ်ငြိမ်နေရန် ညွှန်ကြားပြောဆိုရသည်။ ဦးစွာပထမ ကြိုးကို အဆုံးနားကပ်ပြီး ဖြတ်ပစ်လိုက်ရသည်။ ငါးမျှားချိတ်၏ ကောက်သော အချွန်ဘက်ကို ပလာယာနှင့် ညှပ်၍ ထိန်းလိုက်သောအခါ ဖြောင့်သော အရင်းပိုင်းက



ထောင်လာသည်။ ၎င်းအရင်းပိုင်းကို အခြားပလာယာတစ်ချောင်း၏ညှပ်သွားထဲတွင် သေသေချာချာထည့်၍ အားဖြင့် ဖြတ်ချရသည်။ ပလာယာညှပ်သည့်အခါ ငါးမျှားချိတ်ပြတ်အောင် ခွန်အားစိုက်ရသော်လည်း လက်နှစ်ဖက်လုံးကမှ မလှုပ်ရအောင် အထူးဂရုစိုက်ပြီး ထိန်းထားပေးရသည်။ ငါးမျှားချိတ်၏ အရင်းပိုင်းပြတ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် ငါးမျှားချိတ်ကို လွယ်လင့်တကူ ထုတ်၍ရပါသည်။ လုပ်ရသည်မှာ အချိန်များစွာ မကြာသော်လည်း သည်းထိတ်ရင်ဖိုလုပ်ရခြင်းဖြစ်သောကြောင့် ချောချောမောမော ပြီးဆုံးသွားကာမှ ဟင်းခနဲသက်ပြင်းချနိုင်ပါတော့သည်။ လူနာနှင့်တကွ ဆွေမျိုးသားချင်းက ကျေးဇူးတင်စကားထပ်တလဲလဲ ပြောရှာပါသည်။ ကျွန်ုပ်ကမူ ထိုလူနာကို နောက်ဘစ်နေ့တွင် မျက်စိပါရဂူနှင့် ပြသစစ်ဆေးရန် လွှဲစာရေးပေးရပါသည်။

ဤအဖြစ်အပျက်ကား မည်သည့်ဆေးရုံတွင်မဆို အရေးပေါ်ဌာနရှိ အမှုထမ်းသော ဆရာဝန်တို့ ကြုံတွေ့ရလေ့ရှိသော ဖြစ်ရပ်များအနက် သာဓကတစ်ခုမျှသာ ဖြစ်ဖွယ်ရှိပါသည်။ ကျွန်ုပ်ကား မှတ်တမ်းတင်ထိုက်သည့် စိတ်ဝင်စားဖွယ် ဤဇာတ်လမ်းတွင် ကံအားလျော်စွာ နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကပြသူ ဖြစ်ခဲ့ရပါ၏။ ဤလူနာမျိုးကို မျက်စိပါရဂူထံ တန်းပြီးစေလွှတ်ပါက ပို၍မသင့်လျော်ပေဘူးလား ဟု စောဒကတက်ဖွယ် ရှိသည်။ ထိုခေတ် ထိုအခါက ပါရဂူများ ရှားပါးလှသဖြင့် ပါရဂူနှင့် မတွေ့မီအောက်ခြေသိမ်းလုပ်ဆောင်ရမည့် ကိစ္စအဝဝကိုမူ ကျွန်ုပ်တို့ အထွေထွေရောဂါကုဆရာဝန်များကသာ ဒိုင်ခံ၍ သိမ်းကြုံးလုပ်ကိုင်ခဲ့ကြရစမြဲ ဖြစ်ပါသတည်း။

မေ ၁၁-၁၇၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတို့ ဇနီးမောင်နှံ



ဆရာကြီးတို့
မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ Charles Perwell မန္တလေးဆေးရုံကြီးသို့
ရောက်ရှိစဉ် ခွဲစိတ်ခန်း အဖွဲ့သားများနှင့်



(ဝဲမှ ယာ) ဆရာကြီး၊ နလုံးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်သော
နှင့် ပါမောက္ခ ဦးဘိုနီ (အင်္ဂလန်၌ ရှိစဉ်)




ဆရာကြီးနှင့်
ဒေါက်တာဦးဦးမောင်
အင်္ဂလန်၌ ရှိစဉ်



ထိုင်းနိုင်ငံ
ချူလာလောင်ကောင်း
တက္ကသိုလ်တွင်
Medical Education
Seminar (ဆေးပညာ
သင်ကြားရေးဆွေးနွေးပွဲ)
တက်ရောက်စဉ်က
ဆရာကြီးနှင့်
ဒေါက်တာဒေါ်မြင့်မြင့်စင်

www.burmeseclassic.com

www.burmeseclassic.com



Royal College OG ဂျာနယ်၏ အယ်ဒီတာ
မြောက်ဥက္ကလာဆေးရုံကြီး၌ လှည့်လည်ကြည့်ရှုစဉ်

ဆရာကြီး ဦးစိုးမြင့်
ဂုဏ်ပြုနှုတ်ဆက်ပွဲ



BURMESE CLASSIC .com



ဆရာကြီး ဦးစိုးမြင့်
ဂုဏ်ပြုနှုတ်ဆက်ပွဲ

www.burmeseclassic.com